
www.burmeseclassic.com

တက္ကသိုလ်

# ငွေလင်းဆောင်

# နဂါးရိုင်းမြား



၄)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် (၆၁၃ / ၉၇) (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၀၉ / ၉၇) (၁၅)

ထုတ်ဝေသူ — ဦးမိုးကြည်
မိုးကြည်စာပေတိုက်
အမှတ် (၃၈၇)၊ (၇)ရပ်ကွက်၊ ဈာပုံလမ်း။

အတွင်းပုံနှိပ်သူ — ဒေါ်တင်တင်ဌေး
သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁ / ဗိုလ်ရာညွှန့်လမ်း၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်သူ — ဦးမောင်လှိုင် (၀၃၈၅၄)
လှိုင်အော့ဖ်ဆက်
၁၃၄ / လမ်း (၄၀)၊ ရန်ကုန်။

အုပ်ရေ — (၅၀၀) အုပ်
တန်ဖိုး — (၁၀၀)ကျပ်
ဖြန့်ချိရေး — ဗိုခေတ်စာပေ

တက္ကသိုလ်

# နေလင်းအောင်

# နဂါးနိုင်စား

စာစဉ် (၉)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄၄ )

www.burmeseclassic.com

www.burmeseclassic.com



# အတိတ်သစ္စာ

"ညီမလေးရဲ့ ခွေးတွေကို ပြပါဦး၊ အခု ဒီကောင်တွေ တော်တော်လေး တိုးတက်လာပြီထင်တယ်"

ကျူးကျင်း ဝမ်းသာသွားပြီး . . .

"ဟုတ်သားပဲ၊ ကဲ . . . လာ . . . လာ"

ကျန်းဟူကျင်းသည် သူတို့၏နောက်မှ တစ်ချိန်လုံး လိုက်နေလေ၏။ သူတို့ သုံးယောက်မှ ရယ်လိုက်မောလိုက်နှင့် ဘာတွေများ သဘောကျ ပြောဆိုနေမှန်းပင် သူ မသိ။ ထို့ပြင့် သူတို့သည် ခွေးများအား လေ့ကျင့်ပေးသော အခန်းသို့ ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျင်းက အိမ်ဖော်တစ်ယောက်ကို ခေါ်၍ လှောင်အိမ်ထဲမှ ခွေးများကို လွှတ်ခိုင်းပြီး သူမ သင်ပေးသော လေ့ကျင့်ခန်းများကို ခွေးများအား ပြန်၍ လုပ်ပြစေလေ၏။ သူမသည် ခွေးများအား လေ့ကျင့်ခန်းတွင် တော်လျှင် တော်သလို အခွင့်အရေး ပေးထားသေး၏။ လူငယ်သည် ခွေးများအား ကြည့်ရင်း အဆက်မပြတ် ချီးကျူးနေ၏။ မိန်းကလေးမှာမူ ရယ်၍ လူငယ်အား ဆိုလေ၏။

"အစ်ကိုက နောက်တစ်ခါကျရင် အခွင့်အရေး များများ ရနိုင်မှာလား"

လူငယ်က ကြောင်သွားပြီး...

"ဘာပြောတယ်"ဟု ပြန်မေးလေ၏။

"ဒီလိုလေ၊ အစ်ကိုက ကျူးကျင်းရဲ့ စကားကို မြေဝယ်မကျ နားထောင်တယ်ဆိုတော့ကာ သူက အစ်ကို့ကို နေရာကောင်းကောင်း ခန့်မှာပေါ့၊ ဒါပေမယ့် သူ့လက်ထဲက ကျာပွတ်ကိုတော့ သတိထားနော် အစ်ကို"

ထိုစကားကြောင့် လူငယ်၏မျက်နှာ နီရဲသွား၏။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါ့ကို မင်းက ခွေးနဲ့နှိုင်းတယ်ပေါ့လေ၊ ဟုတ်လား"

မိန်းကလေးက ပြုံး၍...



"ဒီခွေးတွေက မိန်းမချော မိန်းမလှလေးရဲ့ ခြေဖဝါးအောက်မှာ အမြီးလေး တနံ့နံ့နဲ့ အတော့်ကို ဇိမ်ကျနေတာပဲ၊ ဘာမကောင်းစရာ ရှိလို့လဲ"

ကျူးကျင်းက မျက်နှာထားတင်းတင်းပြု၍...

"ညီမလေး၊ မင်းကို ငါက ဘာမှ ထိခိုက်အောင် မပြုခဲ့ဘဲနဲ့ ဘယ့်နှယ့်ကြောင့် ဒီနှစ်ကူးနေ့ကြီးမှာ ငါ့ကိုလာပြီး လှောင်သလို ပြောင်သလို လုပ်ရတာလဲ"

မိန်းကလေးက အံ့ဩသော အမူအရာဆောင်၍...

"ဟင်... မင်း မှားနေပြီ၊ ငါက ဒီနှစ်ကူးနေ့မှာ မင်းအတွက် သက်သက်လာပြီး ဆုမွန်ကောင်း တောင်းပေးတာပါ၊ ဘယ့်နှယ့်လုပ် မင်းကိုလာပြီး လှောင်ပြောင်တယ်လို့ ပြောနေရတာလဲကွယ့်"

ကျူးကျင်းက လူငယ်ဘက်သို့ လှည့်၍...

"ကဲ... အစ်ကိုပဲ ဆုံးဖြတ်ပေတော့၊ ဘယ်သူ့အလွန်လဲ ဆိုတာ"

လူငယ်မှာ ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားလေ၏။ စင်စစ် လူငယ်သည် တစ်ဝမ်းကွဲ ညီမကို မထိပါးရဲသလို ဂိုဏ်းတူ ညီမကိုလည်း မထိရဲချေ။ ထို့ကြောင့် လူငယ်က နှစ်ယောက်စလုံးကို မျက်နှာချိုသွေး၍...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ အချင်းချင်း မတွေ့ရတာလဲ ကြာပါပြီ၊ အခုလို တွေ့ကြ ဆုံကြခိုက်မှာ အချင်းများစရာ စကားတွေ မပြောပါနဲ့တော့ကွယ်၊ ဒြော်… ဒါနဲ့ ကျူးကျင်းရေ၊ အခု တလော ဦးလေးနဲ့ ဒေါ်လေးက မင်းကို ဘာသိုင်းပညာ အသစ် တွေ သင်ပေးလဲကွယ်၊ အစ်ကိုတို့ကို တစ်ကွက်နှစ်ကွက် လောက် ပြပါဦး"

ကျူးကျင်းက စဉ်းစားဟန်ပြုပြီး…

"လွန်ခဲ့တဲ့ အပတ်တုန်းက ဖေဖေက ကျွန်မကို စုတ်တံ သိုင်းကွက်ထဲက လက်ကွက်တစ်ပိုဒ် သင်ပေးလိုက်တယ်၊ ဒါပေမယ့် ကျွန်မ ကောင်းကောင်း မရသေးပါဘူး၊ အစ်ကိုတို့က ကျွန်မ အမှားရှိရင် ပြင်ပေးနော် ဟုတ်လား"

လူငယ်နှင့် မိန်းကလေးက ကျူးကျင်း၏ စကားအဆုံး တွင် လက်ခုပ်တီးလိုက်ကြလေ၏။ ကျူးကျင်းသည် ခွေးများကို လှောင်အိမ်ထဲ ပြန်သွင်းပြီး နံရံပေါ်တွင် ချိတ်ထားသော သံမဏိစုတ်တံ တစ်စုံကို ယူလိုက်၏။ ထိုနံရံတွင် လက်နက် မျိုးစုံ ချိတ်ထား၏။ သို့သော် အများစုမှာ စုတ်တံများပင် ဖြစ်၏။ ဤသည်ကို ကြည့်ခြင်းဖြင့် ကျူးကျင်းသည် စုတ်တံ သိုင်းပညာကို အများဆုံး သင်ကြားလေ့ကျင့်နေဟန် ရှိပါ၏။



ကျန်းဟူကျင်းသည် သူ့ဖခင်ထံမှ ဤလို စုတ်တံ လက်နက်အကြောင်းကို ကောင်းစွာ ကြားဖူးခဲ့၏။ ထို့စဉ် မှာပင် ကျူးကျင်းသည် ညာဘက်လက်တွင် စုတ်တံကို ကိုင်၍ ဘယ်လက်ဖြင့် မိန်းကလေးအား လက်ယပ်ခေါ်လေ၏။

"ညီမလေး၊ မင်း ငါနဲ့ လာကစားလေ၊ ဒီ စုတ်တံ သိုင်းကွက်က တစ်ယောက်တည်း လေ့ကျင့်လို့ မရဘူးကွယ်"

ထိုမိန်းကလေးကမူ ကျူးကျင်းက မိမိအား တစ်စုံ တစ်ရာ ပြုလုပ်လိမ့်မည်မှန်းသိ၍ ခေါင်းခါယမ်းပြရင်း ဆို လေ၏။

"ဟင့်အင်း၊ ငါက မင်းလောက်မှ သိုင်းမတတ်တာ၊ ဘယ်ကစားနိုင်မှာလဲ"

လူငယ်က မတတ်သာ၍ ကြားဝင်ပြောရ၏။

"ညီမလေး ကျူးကျင်း၊ အစ်ကိုနဲ့ပဲ ကစားကြတာပေါ့၊ ဒါပေမယ့် အစ်ကို့ကိုတော့ ညှာရလိမ့်မယ်နော်၊ ညီမလေးရဲ့ စုတ်တံချွန်ကြီးနဲ့ အစ်ကို့ရင်ဘတ်က ထန်ကျူး၊ ခေါင်းကပေစေ့ အကြောမကြီးကိုသာ ထိုးလိုက်ရင် အစ်ကိုတော့ ဒီနှစ်သစ်ကူး မင်္ဂလာမှာတောင် အရက်ကလေးတောင် သောက်ရမှာ မဟုတ် တော့ဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မှန်သည့် လှငယ်ပြောသော အကြောင်းမနှစ်ခုမှာ သကြော ကြီးများဖြစ်၍ ထိုးမိလျှင် မုချသေရပေမည်။ ကျူးကျင်းသည် လှငယ်၏ ချိုးကျူးမြောက်ပင့်သော စကားကိုကြားသော် လွန်စွာ သဘောကျသွား၏။ သူမက ရယ်၍...

"ဟင်း၊ အစ်ကိုနော်၊ တော်တော်စကားတတ်၊ ကိုင်း လာပြီ အစ်ကိုရေ"

သူမသည် ပြောပြောဆိုဆို ဘယ်ညာ နှစ်ဖက်လှံုးဖြင့် လှငယ့်အား စတင် တိုက်ခိုက်လိုက်လေ၏။ သူမ၏ ဘယ်ညာ စုတ်တံများက တကယ်ပင် လှငယ်၏ ထန်ကျူးခေါ် ရင်ဘတ်ကြောနှင့် ပေစေခေါ် ဦးခေါင်းကြောကို တိုက်ခိုက်လာ၏။

လှငယ်က ယားခနဲ တစ်ချက် အော်သံပေးရင်း ရယ်မော၍...

"ညီမလေးက အစ်ကိုဇေ့ပိကို တကယ် အသေတိုက်တော့မှာလားကွယ့်"ဟု မေးလိုက်၏။

ထိုအချိန်တွင် ကျူးကျင်း၏ စုတ်တံများက လှငယ်၏ သကြောဆီသို့ နီးကပ်သည်ထက် နီးကပ်လာရာ လှငယ်သည် ဓားကို ထန်းခနဲ ဆွဲထုတ်ပြီး ကျူးကျင်း၏ စုတ်တံများကို ကာလိုက်ရ၏။ ထိုအခါ ကျူးကျင်းက စုတ်တံနှစ်ချောင်းကို အဖြူရောင်တန်း နှစ်ခု ဖြစ်အောင် လျင်မြန်စွာ ဇေ့ယမ်းပြီး



လှငယ်အား ဆက်လက် တိုက်ခိုက်နေလေ၏။ ကျန်းဟူကျင်းသည် ကျူးကျင်း၏ လျင်မြန်သမျှ အားပါလွန်းသော တိုက်ကွက်များကို မှင်သက်မိသူလို ငေးမော၍ ကြည့်နေမိ၏။

ဇေ့ပိဆိုသူ လှငယ်၏ ဓားသိုင်းမှာလည်း လွန်စွာ ကျော်ကြားသွန်သည်ကို တွေ့ရ၏။ သို့သော် အချိန်အနည်းငယ်ကြာသည်နှင့်အမျှ လှငယ် ဇေ့ပိသည် ကျူးကျင်း၏ စုတ်တံသိုင်းကွက်များကို မခုခံနိုင်ဘဲ ရှောင်တိမ်း၍သာ နေရသည်ကို တွေ့ရလေ၏။ တစ်ခါတစ်ရံ အထိတ်တလန့် အော်ဟစ်၍ အသည်းအသန် ခုန်ပျံ နောက်ဆုတ်နေရသည်ကိုလည်း ကြုံရလေ၏။ ကျူးကျင်းမှ အထက်စီးရနေသော်လည်း လုံးဝ အလျှော့မပေးဘဲ ဆက်လက် တိုက်ခိုက်မြဲ တိုက်ခိုက်နေလေသည်။ နောက်ဆုံးတွင် ဇေ့ပိသည် ဓားကို လက်နှစ်ဖက်ဖြင့် မြှောက်၍ ဒူးထောက်တော့မည့်ပုံပြု၍ လျှာထုတ်ကာ...

"ကျွန်တော်မျိုး အရှုံးပေးပါပြီ သခင်မလေးရယ်၊ ကျွန်တော်မျိုးအသက်ကို ချမ်းသာပေးပါ"ဟု ဆိုလေ၏။

ကျူးကျင်းမှာ လွန်စွာ အားရကျေနပ်ပြီး ရယ်၍...

"အစ်ကိုက ကျွန်မကို တမင် အလျှော့ပေးတာပါ"ဟု ပြောပြီး လက်နှစ်ဘက်ကို တစ်ပြိုင်နက် လှုပ်ရှားလိုက်ရာ "တတင်းတင်း" အသံနှင့်အတူ သူမ လက်ထဲမှ သံမဏိ

www.burmeseclassic.com

www.burmeseclassic.com



စုတ်တံ နှစ်ချောင်းသည် မူလရှိ နံရံထဲသို့ ပြန်လည် ထိုးစိုက်ဝင်ရောက်သွားလေတော့သည်။

ကျူးကျင်းသည် အားနွဲ့သော မိန်းကလေးပင် ဖြစ်လင့်ကစား သူမ၏ အတွင်းအားမှာ ပြည့်ဝလှ၏။ ကျန်းဟုကျင်းသည် ကြည့်နေရင်းမှ "ကောင်းလိုက်တာ"ဟု ပါးစပ်မှ လွှတ်ခနဲ အော်လိုက်မိလေ၏။

ထိုအခါ သူတို့ သုံးယောက်စလုံး နောက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်၊ သို့သော် အိမ်စေတစ်ယောက်သာ ဖြစ်နေကြောင်း သိ၍ သူတို့ အရေးမစိုက်တော့ချေ။ ကျူးကျင်း၏ အမူအရာကလည်း ကျန်းဟုကျင်းအား လုံးဝ သတိပင် မရသည့်ပုံ။ သူမသည် ဇော့ပီဘက်သို့သာ လှည့်၍...

"အစ်ကို၊ ကျွန်မရဲ့ ဒီ သံမဏိစုတ်တံ သိုင်းကွက်က ဘယ်လိုနေလဲဟင်၊ အမှားရှိရင် ထောက်ပြပါဦး"

လူငယ်က ရယ်မော၍...

"အစ်ကိုက ညီမလေးရဲ့ သိုင်းကွက်ကို ထောက်ပြနိုင်တဲ့နောက်တော့ အခုလို ညီမလေးကို ရှုံးဦးမှာလားကွယ့်၊ ကောင်းတယ်၊ သိပ်ကောင်းပါတယ်"

စင်စစ် ကျူးကျင်း၏ ဖခင်မှာ ကျူးချန်လင်ဖြစ်ပြီး အခြားမိန်းကလေး၏ အမည်မှာမူ ဟူချင်းပင် ဖြစ်၏။ သူမ



ဖခင်မှာ ကျူးချန်လင်နှင့် ငယ်ပေါင်းဖြစ်သည်။ ဇော့ပီမှာ ကျူးကျင်း၏ တစ်ဝမ်းကွဲအစ်ကိုဖြစ်ပြီး ဟူချင်း၏ ဖခင်ထံတွင် သိုင်းတပည့်ခံနေသူဖြစ်၏။ ဇော့ပီသည် ရုပ်ရည်ချောမောခံ့ညားသမျှ အပြောလည်းကောင်းသူဖြစ်၍ ကျူးကျင်းနှင့် ဟူချင်းတို့ နှစ်ဦးစလုံးက သူ့ကို တိတ်တခိုး ချစ်နေကြလေ၏။

ကျူးကျင်းနှင့် ဟူချင်းတို့ နှစ်ယောက်စလုံးမှာလည်း ရုပ်ရည်ချောမောလှပရုံမက သိုင်းပညာတွင်လည်း ထူးချွန်ကြ၍ ဤခွန်းလွန်တောင်တန်းတစ်ကြောရှိ သိုင်းလောကသားများက သူတို့အား နှင်းတောင်ဒေဝီဟု တင်စားခေါ်ဝေါ်ခဲ့ကြ၏။ သို့သော် သူတို့ နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကျိတ်၍ ပြိုင်နေကြ၏။ ခက်သည်မှာ ဇော့ပီမှာလည်း မပြတ်သား၊ သူက ငါးနှစ်ကောင်စလုံး အရွယ်ပမာဏချင်း တူနေ၍ ဘယ်အကောင်ကိုမှ လက်မလွှတ်ချင်။ ထို့ကြောင့် သူတို့ သုံးယောက်သာ အတူတကွ ရှိနေလျှင် မိန်းကလေးနှစ်ယောက်သည် တစ်နည်းမဟုတ် တစ်နည်း စကားနာထိုးမြဲပင်ဖြစ်၏။ ယခုလည်း ကျူးကျင်းက ရယ်၍...

"ဒီလိုဆိုရင် ကျွန်မ မေးမယ်၊ ဒီ စုတ်တံသိုင်းကွက်က ဘယ်ကဗျာစာပိုဒ်ကနေ ပြောင်းလဲပြီး ထွင်လိုက်တာလဲဆိုတာ ပြောနိုင်သလား"

www.burmeseclassic.com



ကျန်းဟူကျင်းသည် ကျူးကျင်း၏ စုတ်တံသိုင်းကွက်များကို ကြည့်ကတည်းကပင် ဤသိုင်းကွက်မှာ ကဗျာစာပိုဒ်တစ်ခုမှ ပြောင်းလဲ တီထွင်လိုက်ကြောင်း သိလေ၏။ သူ့ဖခင်၏ စုတ်တံသိုင်းကွက်မှာလည်း ကဗျာစာပိုဒ် တစ်ခုမှပင် ပြောင်းလဲ တီထွင်ခဲ့သည် မဟုတ်ပါလား။ ကျန်းဟူကျင်းသည် ငယ်စဉ်ကပင် သူ့ဖခင်က စာပေပညာ သင်ကြားပေးသဖြင့် ဤလို ကဗျာမျိုးကို ကောင်းစွာ တီးခေါက်မိပြီး ဖြစ်နေခဲ့၏။ ဝေ့ပိမှာမူ ကျူးကျင်း၏ အမေးကို မဖြေနိုင်သကဲ့သို့ ခေါင်းကုတ်ဟန် ပြု၍...

"ညီမလေးကလဲကွာ၊ အစ်ကို့ကို ဦးနှောက်ခြောက်အောင်လုပ်နေပြန်ပြီ၊ အစ်ကို မသိဘူး"

ကျန်းဟူကျင်းသည် ဝေ့ပိအား ကျူးကျင်းက လွန်စွာအရေးပေးလျက်ရှိသည်ကို တွေ့ရသဖြင့် စိတ်ထဲမှ ကျိတ်၍ ဒေါသထွက်လျက်ရှိ၏။ ယခု ဝေ့ပိက ဤကဗျာ၏ ခေါင်းစဉ်ကို မသိကြောင်း တွေ့ရသောအခါ သူ့နှုတ်မှ...

"ဒီကဗျာက 'မြစ်ရေသွင်သွင်စီး' ဆိုတဲ့ ကဗျာပဲ"ဟု လွှတ်ခနဲ အော်ပြောလိုက်မိလေ၏။

စင်စစ် ဝေ့ပိနှင့် ဟူချင်းတို့မှာ စာပေလိုက်စားသူများဖြစ်၍ ဤကဗျာခေါင်းစဉ်ကို သိနေနှင့်ပြီး ဖြစ်ပါ၏။ သို့သော်



ကျူးကျင်း၏ အကြိုက်ကို လိုက်၍ တမင် မသိချင်ဟန် ပြုနေကြခြင်းပင် ဖြစ်သည်။ သို့ရာတွင် ယခုမူ ဤဘာမှမဟုတ်သော အိမ်စေကလေးထံမှ ဤသိုင်းကွက်သည် အဘယ်သော ကဗျာမှ တီထွင်လိုက်ကြောင်း သိရသောအခါ အံ့သြသွားကြလေ၏။

ကျူးကျင်းလည်း သူ့ဖခင်က ဤသိုင်းကွက်ကို သင်ပေးစဉ်က လွန်စွာ လျှို့ဝှက်၍ သင်ကြားပေးခဲ့သဖြင့် ဤသိုင်းကွက်၏ ကဗျာအမည်ကို အပြင်လူ မသိနိုင်ဟု ထင်မှတ်ခဲ့၏။ ယခု ဤအိမ်စေကလေးက သိနေခြင်းမှာ သူတို့လေ့ကျင့်သင်မေးစဉ် တိတ်တဆိတ် ချောင်းချောင်းကြည့်၍သာ သိမည်ဟု ထင်လိုက်လေ၏။ သို့ဖြင့် ကျူးကျင်းက ကျန်းဟူကျင်းအား...

"မင်းနာမည် ဘယ်လို ခေါ်သလဲ၊ ဘယ်နှယ့်လုပ်ပြီး ဒီသိုင်းကွက်နာမည်ကို သိရတာလဲ"ဟု မေးလာလေ၏။

ကျန်းဟူကျင်းသည် ကျူးကျင်းက သူ့အမည်ကို မေးသံကြားသော် ရင်နာသွားရလေ၏။ စိတ်ထဲတွင်လည်း...

"ငါ့နာမည်ကို ဘယ်နှစ်ခါ ပြောရမှာလဲ၊ ဪ... ...တ်စသတ်တော့ ငါ့ကို သူ လုံးဝ အရေးမစိုက်ဘူးကိုး"ဟု ...တ်လိုက်မိ၏။ သို့သော် နှုတ်မှာမူ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်က ကျန်းဟူကျင်းပါ၊ ကျွန်တော်က စိတ်ထင်ရာ လျှောက်ပြောတာပါ၊ မှန်သလား၊ မှားသလား ဆိုတာလဲ မသိပါဘူး ခင်ဗျာ"

ထိုအခါကျမှပင် ကျူးကျင်းက ကျန်းဟူကျင်း၏ အမည်ကို ပြန်သတိရကာ...

"ဩော်၊ မင်းက ဟို ခွေးကိုက်ခံရတဲ့ ကောင်လေးကိုး" ဟု ဆိုလေ၏။ ကျူးကျင်း၏ စိတ်ထဲတွင်လည်း...

"ဒီကောင်လေးက ငါ့ခွေးကို တစ်ချက်တည်းနဲ့ သေအောင် ရိုက်သတ်တဲ့ ကောင်လေးပဲ၊ ငါ သူ့ကို မယုံဘူး၊ ဒီကောင့်ကို ငါ သေသေချာချာ စစ်ဆေးမှပဲ"

သို့ဖြင့် ကျူးကျင်းက ကျန်းဟူကျင်းအား စစ်မေးရန် ပြုလေ၏။ ထိုစဉ် ဝေ့ပီနှင့် ဟူချင်းတို့ နှစ်ယောက်မှာ တီးတိုး တီးတိုးဖြင့် တစ်စုံတစ်ခုကို ပြောပြီး လွန်စွာ သဘောကျနေသည်ကို တွေ့သော် သူမသည် မကျေမနပ်ဖြစ်ပြီး ကျန်းဟူကျင်းအား စစ်မေးရန်ပင် မေ့သွားလေ၏။ သူမက ဟူချင်းအား...

"ဟူချင်း၊ ငါနဲ့ အစ်ကိုတော့ ကစားပြီးပြီ၊ အခု မင်းအလှည့်ပဲ"



ဟူချင်းသည် ဝေ့ပီနှင့် စိတ်ဝင်စားစွာ စကားပြောနေစဉ် ဖြစ်၍ပင်လား၊ သို့မဟုတ် တမင်သက်သက် မသိဟန်ပြုနေသည်လား မပြောတတ်။ ကျူးကျင်းအား လုံးဝ အရေးမစိုက်ပါချေ။ ကျူးကျင်းမှာ လွန်စွာ ဒေါသထွက်လျက် ခနဲ့ပြုံး ပြုံး၍ ထပ်ဆိုလေ၏။

"ငါ့ရဲ့ ဒီစုတ်တံသိုင်းကွက်က ဘာမှ မဖြစ်လောက်ပေမယ့် မင်းတို့ ဟူမျိုးရိုးရဲ့ သိုင်းပညာကိုတော့ ယှဉ်နိုင်ပါသေးတယ်"

ထိုစကားကြောင့် ဟူချင်းက ခေါင်းမော့၍ ခနဲ့ပြုံး တစ်ချက်ပြုံးပြီး...

"ငါနဲ့ အစ်ကိုက မင်းကို တမင်ညာနေတာကိုများ၊ မင်းကိုယ်မင်း အဟုတ် မှတ်နေရသလား၊ မင်းရဲ့ ဒီစုတ်တံသိုင်းကွက်က 'မြစ်ရေသွင်သွင်စီး' ဆိုတဲ့ ကဗျာစာပိုဒ်ကမှန်း ငါတို့ကို တစ်ရေးနိုးပြီး မေးတာတောင် ဖြေနိုင်ပါတယ်ကွယ်၊ ဒါများ မင်းကိုယ်မင်း အဟုတ်ကြီးမှတ်နေသေးတယ်"

ကျူးကျင်းမှာ လွန်စွာ ရှက်သွား၏။ ရှက်ရမ်းရမ်း၍လည်း ဆိုလေ၏။

"အစ်ကိုက ငါ့ကို ညာလို့ အသာပေးတာပဲ ထားပါတော့၊ ညည်းကတော့ ငါ့ကို ဘယ်နည်းနဲ့မှ ညာမှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒီမယ်ဟော့၊ ပါးစပ်နဲ့ပြောလို့ ဘာမှ အထင်ကြီးစရာ မရှိဘူး၊ ငါ့အိမ်က အိမ်စေလေးတောင် နင်ပြောသလို ပြောတတ်တာပဲ၊ ဘာဆန်းလို့လဲ"

ဟူချင်းမျက်နှာ ရုတ်ခြည်း တင်းမာသွားပြီး...

"အစ်ကို၊ ကျွန်မ ပြန်တော့မယ်၊ ဒင်းက ကျွန်မကို အောက်တန်းကျတဲ့ အိမ်စေတစ်ယောက်နဲ့ နိုင်းနှိုင်းပြီး ပြောနေပြီ အစ်ကို"

ဝေ့ပိက ဟူချင်းအား မျက်နှာချိုသွေးလျက်...

"ဟူချင်းကလဲကွယ်၊ ညီမကို ကျူးကျင်းက ရယ်စရာ ပြောနေတာပါကွယ့်၊ ညီမကလဲ ဘာမဟုတ်တဲ့ အိမ်စေလေး တစ်ယောက်ကို ဘာလို့ အရေးလုပ်ပြီး ပြောနေရတာလဲ ကွယ်"

ကျန်းဟူကျင်းကလည်း ထိုစကားကြောင့် ရင်ထဲ နင့်သွားပြီး ဒေါသလည်း ထွက်လာလေ၏။ ဆိုစဉ်မှာပင် ကျူးကျင်းက...

"ဒီမှာ ဟူချင်း၊ နင်က ငါ့ အိမ်စေလေးကို အထင် သေးတယ်ပေါ့လေ ဟုတ်လား၊ ကဲ... ဟူချင်း၊ မင်းက သူ့ကို သုံးကွက်နဲ့ အနိုင်မချနိုင်ပါဘူး၊ ငါ သူ့ဘက်က လောင်းရဲ တယ်"



ထိုအခါ ဟူချင်းက...

"ဟင့်၊ ဒီလိုလူစားမျိုးနဲ့ ငါ့လက်နဲ့ တန်လို့လား၊ ဒီမယ် ကျူးကျင်း၊ နင့်က ငါ့ကို ဒီလောက် အထင်မသေး ပါနဲ့"

ကျန်းဟူကျင်း၏ နှုတ်မှ ရုတ်တရက်...

"ဟူချင်း၊ ကျူပ်လဲ ခင်ဗျားလို မိနဲ့ ဖနဲ့ လူလိုသူလို မွေးဖွားလာတဲ့ လူပါဗျ၊ ခင်ဗျားက ဘယ်လောက်များ ကျူပ်ထက် မြင့်မြတ်နေလို့လဲ ပြောစမ်းပါဦး"

ဟူချင်းကား ကျန်းဟူကျင်းအား လှည့်၍မျှပင် မကြည့် ချေ။ ဝေ့ပိကိုသာ...

"အစ်ကို၊ အောက်တန်းစား အိမ်စေလေးတစ်ယောက်က အခုလို ကျွန်မကို ပြန်ပြီး အာခံနေတာကို အစ်ကို ဒီလိုပဲ ကြည့်နေမှာလား"

ဝေ့ပိသည် ဟူချင်း၏ အမူအရာကိုမြင်သော် ကျူးကျင်း အား ပြုံး၍ဆို၏။

"ကျူးကျင်း၊ ညီမလေးရဲ့ အိမ်စေလေးက သိုင်းပညာ မဆိုးဘူးပေါ့ ဟုတ်လား၊ ဒါဖြင့် သူ့ကို အစ်ကို စမ်းကြည့် မယ်လေ၊ ဟုတ်လား"

ကျူးကျင်း၏ စိတ်ထဲတွင်လည်း...

www.burmeseclassic.com

www.burmeseclassic.com



"ဒီ ကျန်းဟူကျင်းဆိုတဲ့ ကောင်က ဘယ်ကလာလို့ လာမှန်း မသိဘူး၊ အခု အစ်ကို ဝေ့ပိကတစ်ဆင့် သူ့ရဲ့ သိုင်းပညာကို ခန့်မှန်းလို့ ရမှာပဲ"ဟု စဉ်းစားနေ၏။

"ကောင်းသားပဲ အစ်ကို၊ ကျွန်မတော့ ဒီကောင်လေးရဲ့ သိုင်းပညာက ဘာဂိုဏ်းရဲ့ သိုင်းပညာမှန်းတောင် မသိပါဘူး"

ဝေ့ပိက အံ့ဩလျက်...

"ဟင်၊ သူက ညီမလေးတို့အိမ်ရဲ့ သိုင်းပညာကို သင်တာ မဟုတ်ဘူးလား"

ကျူးကျင်းက ဝေ့ပိ၏ အမေးကို မဖြေဘဲ ကျန်းဟူကျင်းဘက်သို့ လှည့်ပြောလေ၏။

"ဟဲ့ ပြောလိုက်လေ၊ မင်း ဘယ်သူ့ဆီက သိုင်းပညာ သင်ခဲ့တာလဲဆိုတာ"

ကျန်းဟူကျင်းသည် သူတို့အားလုံးက မိမိအား အထင်သေးစွာ ပြောဆို ဆက်ဆံနေသည်ကို မြင်သော် မိမိ၏ မိဘ အမည်မှန်ကို ပြောပြရန် စိတ်မကူးတော့ချေ။ သူက...

"ကျွန်တော့် မိဘတွေတော့ မရှိတော့ဘူးဗျ၊ ကျွန်တော် က ကျွန်တော့် မွေးစား အဖေဆီက သင်လာတာပါ၊ သူက မျက်စိကန်းနေတော့ မှန်သလား၊ မှားသလားဆိုတာ မပြော နိုင်ဘူး"



"မင်းရဲ့ မွေးစားအဖေက ဘယ်သူလဲ"

ကျန်းဟူကျင်းက ခေါင်းခါ၍...

"ကျွန်တော် ပြောမပြနိုင်ဘူး"

ဝေ့ပိက ရယ်မောပြီး...

"ငါတို့ သုံးယောက်ရဲ့ မျက်စိနဲ့ အကဲခတ်ရင် အဖြေမှန် ထွက်လာမှာပါ"ဟု ဆို၏။

သူက စကားအဆုံးတွင် အလယ်သို့ လျှောက်သွားပြီး ကျန်းဟူကျင်းအား...

"ကိုင်း၊ ချာတိတ် လာစမ်း၊ ငါ့ရဲ့ သိုင်းကွက် သုံးကွက် ကို မင်း ခုခံကာကွယ်ကြည့်စမ်း"ဟု ပြောပြီး တစ်ဆက်တည်း တွင်ပင် ဟူချင်းဘက်သို့ လှည့်၍ မျက်ရိပ်တစ်ချက် ပြလိုက် လေ၏။

သဘောမှာ သူမကိုယ်စား ကျန်းဟူကျင်းအား သူ ကောင်းစွာ ဆုံးမပေးမည်ဟူသော သဘောပင် ဖြစ်ပါ၏။

ယင်းကို ကျူးကျင်းက တွေ့၍ ပိုမို ဒေါသထွက်သွား လေ၏။ ထိုအခါ ကျူးကျင်းက ကျန်းဟူကျင်းအား လက်ယပ် ခေါ်ပြီး နားနားကပ်၍ အသံတိုးတိုးဖြင့်...

"ငါ့ တစ်ဝမ်းကွဲ အစ်ကိုရဲ့ သိုင်းပညာက သိပ်[illegible] တယ်နော်၊ သူ့ကို နိုင်ဖို့ မကြိုးစားလေနဲ့၊ သူ့သိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



သုံးကွက်ကိုသာ ကာကွယ်နိုင်အောင် လုပ်ပါ၊ ဒါဆို ငါ မျက်နှာပန်းလှပြီ"ဟု ပြောပြီးလျှင် ကျန်းဟူကျင်း၏ ပခုံးကို တစ်ချက်ပုတ်၍ အားပေးလိုက်လေ၏။

ကျန်းဟူကျင်းသည် ဝေ့ပီအား သူ ဘယ်နည်းနှင့်မျှ မယှဉ်ပြိုင်နိုင်မှန်း သိ၏။ သို့သော် ကျူးကျင်း၏ စကားကြောင့် သူ့စိတ်ထဲတွင် . . .

"ငါ သူ့ မျက်နှာပန်းလှအောင် လုပ်ပေးရမယ်"ဟု ဆုံးဖြတ်ပြီး အလယ်သို့ လျှောက်ထွက်သွားလေ၏။ ထိုစဉ် ဝေ့ပီက . . .

"ချာတိတ်၊ လာပြီ၊ ဟိတ်"ဟု ပြောပြီး ကျန်းဟူကျင်း၏ ပါးနှစ်ဖက်ကို တဖြန်းဖြန်း ရိုက်လိုက်လေ၏။ ကျန်းဟူကျင်းမှာ ဘာမှန်း မသိမိမှာပင် ပါးနှစ်ဖက် မှုခနဲ ရှိန်းခနဲ ခံစားလိုက်ရပြီး ကြောင်အမ်းအမ်း ဖြစ်သွားရှာ၏။ ထိုစဉ် ကျူးကျင်းက . . .

"ကျန်းဟူကျင်း ပြန်ချလေ"ဟု အော်ဟစ် သတိပေးလေ၏။ သို့ဖြင့် ကျန်းဟူကျင်းသည် ရုတ်ခြင်း အားတက်လာပြီး ဝေ့ပီဆီသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်၏။

ဝေ့ပီက ရှောင်ရင်း "ဘယ်ဆိုးလို့လဲ"ဟု ပြောပြီး ရုတ်တရက် ကျန်းဟူကျင်း၏ နောက်ကျောကို ဆွဲယူ၍ ရှေ့သို့ ပစ်ပေါက်ချလိုက်၏။



ကျန်းဟူကျင်းမှာ လက်ဖြင့်ထောက်ရန် ကြိုးစားသေး၏။ သို့သော် မမီချေ။ သူ၏နှာခေါင်းနှင့် နဖူးတွင် သွေးများ ထွက်လာလေ၏။ ဟူချင်းသည် နံဘေးမှနေ၍ လက်ခုပ်တီးကာ ဩဘာပေးလိုက်၏။ ရယ်မောရှုလည်း . . .

"ကျူးကျင်း၊ ငါတို့ ဟူမျိုးရိုးရဲ့ သိုင်းပညာက သုံးလို့ ရပါသေးတယ်နော်"ဟု ခနဲ့လိုက်၏။

ကျူးကျင်းမှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသဖြင့် ဟူချင်းအား ဘာပြန်ပြောရမည်ပင် မသိတော့ချေ။ ထိုစဉ် ကျန်းဟူကျင်းက အားတင်း၍ မတ်တတ်ရပ်လိုက်၏။ ကျူးကျင်းကိုလည်း ကြောက်ရွံ့သော အမူအရာဖြင့် တစ်ချက် ကြည့်လိုက်၏။ ကျူးကျင်းကမူ သူ့အား ဒေါသမျက်လုံးဖြင့် ကြည့်နေဆဲပင်။ ထိုအခိုက် ဝေ့ပီက ရယ်၍ . . .

"ဒီကောင်လေး ဘာမှလဲ မတတ်ပါလား၊ ဘယ်ကလာ သူ့မှာ ဂိုဏ်းအဖွဲ့ ရှိနိုင်မှာလဲ"

ထိုအခါ ကျူးကျင်းက ကျန်းဟူကျင်းအား လုံးဝ အရေးမစိုက်တော့ဘဲ ဝေ့ပီကိုသာ . . .

"လာ အစ်ကို၊ ကျွန်မတို့ ပန်းခြံထဲ သွားကြရအောင်"ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျင်း၏ စကားသံတွင် ကျန်းဟူကျင်းအား လွန်စွာ စိတ်ကုန်သွားသော လေသံမျိုး ပါနေလေ၏။

ထိုစဉ် ကျန်းဟူကျင်းသည် ဘယ်ကဘယ်လို အားအင်ထွက်လာသည် မသိ၊ ရုတ်တရက် ခုန်ထွက်ပြီး ဝေ့ပီအား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေ၏။ ကျန်းဟူကျင်း လက်ဝါးစောင်း ရိုက်ချက်မှာ တကယ်တော့ နဂါးနိုင် လက်ဝါးစောင်း သိုင်းကွက်ထဲမှ တစ်ကွက်ပင် ဖြစ်ပါ၏။ ဤ နဂါးနိုင် လက်ဝါးစောင်း သိုင်းကွက်မှာ လက်ဝါးစောင်း သိုင်းပညာတွင် အပြင်းထန်ဆုံး၊ အစွမ်းအထက်ဆုံးသော သိုင်းပညာဖြစ်၏။

သို့သော် ရှက်စွန်းကိုယ်၌ပင်လျှင် စုံစုံလင်လင် မတတ်မြောက်ဘဲ သုံးကွက်မျှသာ တတ်မြောက်ခဲ့၏။ ထို့ကြောင့် ကျန်းဟူကျင်းအား သင်ပေးသောအခါ ကျန်းဟူကျင်းအတွက် ပို၍ မပြည့်စုံတော့ချေ။

သို့ရာတွင် ယခု ကျန်းဟူကျင်းက ထိုလက်ဝါးစောင်း သိုင်းကွက်ကို ထုတ်သုံးသောအခါ လေသံတဟူးဟူး ထွက်ပေါ်လာ၏။ ဝေ့ပီသည် ရုတ်တရက် လေသံကိုကြား၍ ကမန်းကတန်းပင် သူ့လက်ဝါးစောင်းဖြင့် ခုခံလိုက်၏။ သို့သော် ဘုန်းခနဲ ကျယ်လောင်သော အသံတစ်ချက် ကြားရပြီး ဝေ့ပီ လက်မှာ ကျိုးသွားလေ၏။



ထိုအခါ ကျူးကျင်းနှင့် ဟူချင်းတို့ အလန့်တကြားအော်ပြီး ဝေ့ပီအနားသို့ ပြေးသွားလေ၏။ ဝေ့ပီမှ မချိပြုံးပြုံး၍...

"အရေးမကြီးပါဘူး၊ အစ်ကို ပေါ့ဆသွားလို့ပါ"ဟု ဆို၏။

ကျူးကျင်းနှင့် ဟူချင်းတို့ နှစ်ဦးမှာမူ သူတို့ တိတ်တခိုး ချစ်နေသူ ဒဏ်ရာ အနာတရ ရရှိသွားသည်ကို တွေ့သော် ကျန်းဟူကျင်းဘက်သို့ ပြိုင်တူလှည့်၍ ရိုက်လိုက်ကြလေ၏။

ကျန်းဟူကျင်းမှာ ဝေ့ပီလက်ကို ရိုက်ချိုးလိုက်မိစဉ်တပင် လန့်ဖျပ်ပြီး ငေးကြောင်နေမိလေရာ ယခု ကျူးကျင်းနှင့် ဟူချင်းတို့၏ ရိုက်ချက်ကို ရှောင်တိမ်းရန် သတိမရလိုက်ချေ။

ထို့ကြောင့် သူ့ရင်ဘတ်တွင်လည်းကောင်း၊ ပခုံးတွင်လည်းကောင်း တစ်ချက်စီ အရိုက်ခံရပြီး ပါးစပ်မှ သွေးများပင် အန်ကျလာလေ၏။ သူ့ခေါင်းတစ်ခုလုံး မူးနောက် ရီဝေနေ၏။ ထိုအချိန်တွင် တစ်ခုသော အတွေးသည် သူ့ခေါင်းထဲ ရစ်ဝဲနေလေ၏။

"သူ့အတွက် မျက်နှာပန်းလှအောင်လည်း ငါ လုပ်ပေးရသေးတယ်၊ သူကပဲ ငါ့ကို ပြန်ရိုက်သေးတယ်"

www.burmeseclassic.com



ထိုစဉ် ဝေ့ပိသည် အားယူမတ်တတ်ရပ်ပြီး ကျန်းဟူကျင်းအား စားတော့မည့် ဝါးတော့မည်ကဲ့သို့ စိမ့်းစိမ်းစူးစူး ကြည့်လျက် သူ၏ ဘယ်ဘက် လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။ ဤတစ်ကြိမ်တွင် ဝေ့ပိသည် ကျန်းဟူကျင်းအား အသေသတ်ရန် ကြံရွယ်ထားသဖြင့် သူက အားကုန်ထုတ်၍ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပါ၏။

ကျန်းဟူကျင်းလည်း နောက်သို့ဆုတ်ရန် ကြံလိုက်၏။ သို့သော် ကျူးကျင်းသည် သူမအတွက် သူမချစ်သူ၏ လက်တစ်ဖက် ကျိုးသွားသောကြောင့် စိတ်မကောင်းဖြစ်ကာ ချစ်သူ စိတ်ကျေနပ်စေရန် သူမက ကျန်းဟူကျင်းကို နောက်ကျောမှ ဆောင့်တွန်းပြီး ဝေ့ပိ၏ လက်ဝါးစောင်း အောက်သို့ ပို့လိုက်လေ၏။ ကျန်းဟူကျင်းသည် ဤ တစ်ကြိမ် တွင်တော့ မိမိ သေပြီဟု တွက်လိုက်၏။

ယင်းအချိန်တွင်ပင် ရုတ်တရက် လူတစ်ယောက်၏ "ရပ်လိုက်" ဟူသော အမိန့်ပေးသံကြားရပြီး တစ်ပြိုင်တည်း တွင်ပင် လက်တစ်ဖက်က ဝေ့ပိ၏ လက်ဝါးစောင်းကို အသာ အယာ ကိုင်မ,၍ နောက်သို့ ပို့လိုက်လေ၏။ ဝေ့ပိလည်း ကိုယ်ဟန် မထိန်းနိုင်ဖြစ်ကာ နောက်သို့ ယိမ်းတိုင် ဆုတ်ကျွာ သွား၏။



ထိုစဉ် ကျူးကျင်း၏ နှုတ်မှ "ဖေဖေ"ဟု အော်လိုက်မိသကဲ့သို့ ဟူချင်းနှင့် ဝေ့ပိ၏ နှုတ်မှလည်း "ဦးလေး"ဟု အာမေဍိတ် ပြုလိုက်မိကြလေ၏။

မှန်ပါသည်။ ရုတ်တရက် သူ့နောက်မှ ရောက်ရှိလာသူမှာ အခြားသူမဟုတ်။ ကျူးကျင်း၏ဖခင် ကျူးချန်လင်ပင် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျူးချန်လင်သည် တစ်ကိုယ်လုံး သွေးများ ပေကျံနေသော်လည်း မြေပေါ်သို့ လဲကျမသွားသော ကျန်းဟူကျင်းအား မြင်သော် စိတ်လှုပ်ရှားသွား၏။ သူသည် သူ့သမီး ကျူးကျင်း၊ ဝေ့ပီနှင့် ဟူချင်းတို့အား မီးတောက်မတတ် မျက်လုံးဖြင့် စိုက်ကြည့်ပြီး ရုတ်တရက် သူ့သမီး ကျူးကျင်း၏ ပါးကို လက်ဝါးဖြင့် တဖြန်းဖြန်း ရိုက်လိုက်လေ၏။ နှုတ်မှလည်း ဒေါသသံဖြင့် ဆို၏။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ငါတို့ ကျူးမျိုးရိုးရဲ့ နောက်မျိုးဆက်တွေဟာ ကြာလေ အသုံးမကျလေဘဲ ဟော့၊ ဟင်း... ငါ့မှာ ဒီလောက် လိမ္မာတဲ့ သမီးလေးတစ်ယောက် ရှိမှန်း အခုမှပဲ သိရတော့တယ်"



ကျူးကျင်းမှာ ငယ်စဉ်ကပင် သူ့ဖခင်၏ အလိုလိုက်ခြင်းကို ခံခဲ့ရရာ လက်ဖြင့် မဆိုထားဘိ ခက်ထန်သော အသံဖြင့်ပင် ပြောဆိုခြင်း မခံခဲ့ရဖူးချေ။ ယခုမူ မမျှော်လင့်ဘဲ သူ့ဖခင်က သူ့ပါးကို လာရိုက်သောအခါ လွန်စွာ ဝမ်းနည်းလျက် ရှိုက်ငင် ငိုကြွေးလေတော့၏။ ထိုအခါ ကျူးချန်လင်က...

"တိတ်စမ်း၊ မငိုရဘူး" ဟု ကျယ်လောင်သော အသံဖြင့် ဟန့်လိုက်လေ၏။

ကျူးချန်လင်၏ အသံမှာ အမှန်တကယ် ခက်ထန်နေသဖြင့် ကျူးကျင်းမှာ ကြောက်ရွံ့ပြီး ငိုသံပင် မထွက်ဝံ့တော့ချေ။ ကျူးချန်လင်က ဆက်၍...

"ငါတို့ မျိုးရိုးက သိုင်းလောကမှာ နာမည်ပျက် မရှိခဲ့ဘူး၊ လူတိုင်း လူတိုင်းကို ကူညီခဲ့တယ်၊ မတရားတာကို နည်းနည်းမှ မကြိုက်ဘူး၊ မလုပ်ဘူး၊ အခုတော့ မင်းတို့ သုံးယောက်က ကလေးတစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်ကြရုံမကဘူး၊ အသေသတ်ဖို့တောင် ကြိုးစားနေသေးပါလား၊ ကဲ... မင်းတို့ ပြောကြစမ်း၊ မင်းတို့ မရှက်ဘူးလား"

ယင်းစကားကြောင့် ဝေ့ပီနှင့် ဟူချင်းတို့ ရှက်ရွံ့လျက် ခေါင်းငုံ့သွားကြလေ၏။ ကျန်းဟူကျင်းမှ ကျူးချန်လင်၏

www.burmeseclassic.com

www.burmeseclassic.com



စကားကို ကြားသော် "ဒါမှ သိုင်းသမားအစစ်ကွ" ဟု စိတ်ထဲမှ ချီးကျူးလိုက်မိ၏။

ကျူးချန်လင်သည် ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိပြီး အသက်ရှူသံပင် ပြင်းပြနေလေ၏။ ထေ့ပိတို့ သုံးယောက်မှာမူ ခေါင်းငုံ့ထားကြလေ၏။

သူတို့သည် ကျူးချန်လင်နှင့် မျက်နှာချင်း မဆိုင်ဝံ့ကြတော့ချေ။

* * *

ကျန်းဟူကျင်းသည် ကျူးကျင်းတစ်ယောက် အရိုက်အနှက် စံရရှိမှုမက အအော်အငေါက်ပါ ခံနေရသည်ကို မြင်သော် ရင်ထဲတွင် ဆို့နင့်သွား၏။ ထို့ကြောင့် သူက...

"သခင်ကြီး ဒီကိစ္စမှာ မမနဲ့ မဆိုင်ပါဘူး" ဟု ဝင်ရောက်ပြောဆိုလေ၏။ သူ့အသံမှာ အမှန်ပင် အက်ကွဲနေ၏။ ကျူးချန်လင်က...

"ငါ့တူလေးက နဂါးနိုင် လက်ဝါးစောင်း သိုင်းကွက်ကို အတတ်တယ်ဆိုတော့ သူတောင်းစားဂိုဏ်းကများလားကွယ့်"

ဟု မေးလေ၏။

ကျန်းဟူကျင်းသည် မိမိ၏ ကိုယ်ရေးရာဇဝင်ကို မသိစေချင်သဖြင့် သူတောင်းစားဂိုဏ်းကပဲဟုပင် အဖြေပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျူးချန်လင်က သမီးဖြစ်သူ ကျူးကျင်းဘက်သို့ လှည့်၍...

"သူများက ဂိုဏ်းကြီးကလူ၊ မင်းတို့ လူကြီးသုံးယောက်က ကလေးတစ်ယောက်ကို ဒီလို အနိုင်ကျင့်တာကို သိုင်းလောကသားတွေ ကြားသွားရင် ဘယ်လောက် ရှက်ဖို့ကောင်းသလဲ"ဟု ဆူနေပြန်၏။

ထို့နောက်တွင်မှ ကျူးချန်လင်သည် ကျူးကျင်းအား ကျန်းဟူကျင်း ဤနေရာသို့ ဘယ်ပုံဘယ်နည်း ရောက်လာသည်ကို အသေအချာ မေးလေတော့၏။

ကျူးကျင်းလည်း ကျန်းဟူကျင်းနှင့် ဆုံတွေ့ရပုံမှ စပြီး အမှန်အတိုင်း အစမှ အဆုံးတိုင် ဖွင့်ဟ ပြောပြလိုက်လေသည်။

ထိုအခါ ကျူးချန်လင်သည် ကျူးကျင်းအား ခွေးများကို လှောင်အိမ်မှ ထုတ်ခိုင်းပြီး သူတို့ရှေ့တွင်ပင် တစ်ကောင်ပြီး တစ်ကောင် ရိုက်သတ်လိုက်၏။

ဝေ့ပိ၊ ဟူချင်းနှင့် ကျူးကျင်းတို့ သုံးယောက်မှ ထိုအချင်းအရာကို ကြည့်၍ တစ်ကိုယ်လုံး တုန်ယင်သွားကြ၏။ ထိုအခိုက် ကျူးချန်လင်က ကျန်းဟူကျင်းအား ပွေ့ချီပြီး သူ့အခန်းသို့ ခေါ်ကာ ဆေးဝါးများ ကုသပေးလေ၏။



ဤတစ်ကြိမ်တွင် ကျန်းဟူကျင်းသည် အတွင်းဒဏ်ရာ ရရှိသွားသဖြင့် ရက်အတန်ကြာ မေ့မျောနေလေ၏။

သူ သတိရ၍ မျက်လုံးအစုံ ဖွင့်ကြည့်လိုက်သောအခါတွင်မှ သူ့ ခုတင်ဘေးတွင် ထိုင်၍ သူ့အား ဂရုတစိုက် ပြုစုနေသော ကျူးကျင်းအား တွေ့ရလေ၏။

မှန်သည်။ ကျူးကျင်းသည် ကျန်းဟူကျင်း၏ ဒဏ်ရာများ ကုသနေစဉ် ရက်များအတွင်း တစ်ချိန်လုံးလိုလိုပင် ကျန်းဟူကျင်း နံဘေးတွင် ရှိနေပြီး အစ်မကြီးတစ်ယောက်က မောင်လေးတစ်ယောက်အား ပြုစုသကဲ့သို့ ကြင်နာယုယစွာ ပြုစုပေးလေ၏။

သို့ဖြင့် ကျန်းဟူကျင်း ဒဏ်ရာပျောက်၍ အိပ်ရာမှ ထနိုင်သော အချိန်တွင်လည်း ကျူးကျင်းသည် တစ်နေ့လျှင် နေ့ဝက်နီးပါးမျှ ကျန်းဟူကျင်းအနီးတွင် အတူတကွ ရှိနေလေ၏။

ဤတွင်မက ကျူးကျင်းသည် ကျန်းဟူကျင်းအား အခန်းထဲတွင် စာပေ သင်ကြားပေးပြီး အရေးအသားလည်း လေ့ကျင့်ခိုင်း၏။ သိုင်းပညာ လေ့ကျင့်သော အချိန်တွင်လည်း ကျူးကျင်းနှင့် ကျူးချန်လင်တို့ သားအဖသည် ကျန်းဟူကျင်း၏ ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ပင် လှေကျင့်လေ၏။ တစ်ခါတစ်ရံ ကျန်းဟူကျင်းကိုပါ အတူ ဝင်ရောက်ကစားစေ၏။ သူတို့သည် ကျန်းဟူကျင်းအား သူတို့ မိသားစုထဲမှ လူတစ်ယောက်အဖြစ် သတ်မှတ်လိုက်ဟန် တူပါ၏။

* * *

တစ်နေ့ ထိုနေ့တွင် ကျန်းဟူကျင်းသည် ကျူးကျင်းနှင့် အတူ အခန်းထဲတွင် စာပေ ဖတ်ရှုလေ့လာနေစဉ် အိမ်စေ တစ်ယောက်က ဝင်ပြီး ဆိုလေ၏။

"မမလေး ဦးလေးထောင်ချင်း ပြန်ရောက်လာပြီ"

"ဟင်၊ ဟုတ်လား"

ကျူးကျင်း ဝမ်းသာသွားပြီး ကျန်းမှူကျင်းအား . . .

"လာ မောင်လေး၊ ငါတို့ သွားကြည့်ကြစို့၊ ဦးလေး ထောင်ချင်းက မြေပြန့်က ပြန်လာတာကွယ့်၊ ဒီတစ်ခါ မမ အတွက် ဘာပစ္စည်းတွေ ပါလာသလဲ မသိဘူး"ဟု ဆို၏။

မရှေးမနှောင်းမှာပင် သူတို့သည် ခန်းမဆီသို့ သွားလိုက် ကြ၏။ ထိုအခါ ခန်းမထဲမှ ငိုရှိုက်သံများ ကြားရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားကြ၏။ ခန်းမဆောင်ထဲသို့ လှမ်းကြည့်လိုက်သော အခါတွင်မူ ကျူးကျင်း၏ဖခင် ကျူးချန်လင်သည် ပိန်ပိန်ပါးပါး ယောကျ်ားတစ်ယောက်အား ဖက်လျက် ငိုကြွေးနေသည်ကို တွေ့ရလေ၏။

ထိုယောကျ်ားမှာ အင်္ကျီဖြူဝတ်ထား၏။ အသုဘ အဝတ်အစားပင် ဖြစ်ပါ၏။ ကျူးကျင်းတို့ အနားသို့ ရောက်သော် ကျူးချန်လင်က ငိုလက်စဖြင့်...

"သမီး၊ ဖေဖေတို့ရဲ့ ကျေးရွာရှင်ကြီး ကျန်းချွေးဆန်း ကွယ်လွန်သွားပြီတဲ့"ဟု ဆိုလေ၏။

ကျူးကျင်းလည်း တုန်လှုပ်သော အမူအရာဖြင့်...

"ဘယ်... ဘယ်လိုဖြစ်တာလဲ ဖေဖေ၊ သူ ဆယ်နှစ်လောက် ပျောက်သွားရာက မြေပြန့်ကို ပြန်ရောက်လာတာကြာပြီ မဟုတ်လား ဖေဖေ"

ထောင်ချင်းဆိုသူလည်း ငိုယိုရင်းမှ...

"ငါတို့က အနောက်ဘက် အစွန်ဆုံးကနယ်မှာ နေကြတော့ မြေပြန့်က သတင်းကို မကြားရဘူးပေါ့၊ ဒါကြောင့် ကျေးရွာရှင်ကြီး ကျန်းချွေးဆန်းဟာ သူ့ဇနီးနဲ့အတူ လွန်ခဲ့တဲ့ လေးနှစ်ကတည်းက သေကုန်ကြပြီဆိုတာ နောက်ကျပြီးမှ သိရတာပဲ"



ကျန်းဟွကျင်းသည် သူတို့စကားကို နားတောင်ရင်း ဆို့နင့်နေ၏။ တစ်ကိုယ်လုံးလည်း ကြေကွဲခြင်းဖြင့် တုန်ယင်နေရှာ၏။ မှန်ပါသည်။

သူတို့ပြောသော သူတို့၏ ကျေးရွာရှင်ကြီး ဆိုသူမှာ မိမိ၏ ဖခင်နှင့် မိခင်ပင် ဖြစ်နေသည် မဟုတ်ပါလား။ ကျန်းဟွကျင်းသည် ဝမ်းပန်းတနည်း ရှိုက်ငင် ငိုကြွေးနေသော သူတို့ကို ကြည့်ရင်း မိမိ၏ ဇာတိမှန်ကိုဖွင့်ဟပြောရန် စိတ်ကူးလိုက်၏။

သို့သော် မိမိသည် မိမိကိုယ် မိမိ သူတောင်းစားဂိုဏ်းကပါ ကြိမ်ဖန်များစွာ ပြောထားခဲ့ရာ ယခုမှတစ်ဖန် မိမိသည် ဟူတန်းဂိုဏ်းကဟု ပြောလျှင် ကျေးရွာအတင်ခံချင်၍ တမင်လီဆယ်ပြောခြင်း ဖြစ်မည်ဟု ထင်မှာ စိုးလေသည်။

ထို့ကြောင့် သူက သူ့ဇာတိမှန်ကို မပြောဘဲ အောင့်အည်းနေလိုက်ရလေ၏။ မရှေးမနှောင်းမှာပင် ကျူးချန်လင်၏ ဇနီးလည်း ခန်းမထဲသို့ ရောက်လာ၏။

သူမလည်း ထိုသတင်းကိုကြားသော် ဝမ်းနည်းကြေကွဲစွာ ရှိုက်ငင် ငိုကြွေးနေပြန်၏။ ကျန်းဟွကျင်းကလည်း သူတို့အား ကြည့်ရင်း အလိုအလျောက် မျက်ရည်များ စီးကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျူးချန်လင်သည် စားပွဲတစ်ခုကို လက်ဝါးစောင်းဖြင့် ဝုန်းခနဲ ရိုက်ချပြီး...

"ထောင်ချင်း၊ ငါတို့ရဲ့ ကျေးဇူးရှင်ကိုသတ်တာ ဘယ်သူတွေလဲ"

သို့ဖြင့် ထောင်ချင်းက ရှောင်လင်ဂိုဏ်း၊ ခုံးတုံဂိုဏ်း၊ ခွန်းလွန်ဂိုဏ်း၊ ဝါမေဂိုဏ်း စသည်ဖြင့် ထိုစဉ်က ဟူတန်းတောင်ပေါ်သို့ ရောက်ခဲ့သော ဂိုဏ်းအားလုံးကို ပြောပြလိုက်၏။ ကျူးချန်လင်က အံကြိတ်၍...

"ဒီလူတွေ အားလုံးဟာ သိုင်းလောကမှာ တကယ့်ထိပ်သီး သိုင်းသမားတွေပဲ၊ ဒါပေမယ့် ငါတို့ ကျေးဇူးရှင် ကျန်းချွေးဆန်းက ငါတို့အပေါ်မှာ သိပ်ပြီး ကျေးဇူးကြီးမားခဲ့တယ်၊ ဒီနေရာမှာ ငါတို့အသက် သေချင် သေပါစေ၊ ငါတို့ ကျေးဇူးရှင် ကျန်းချွေးဆန်းအတွက် ကျေးဇူးဆပ်ပေးရမှာပဲ"

ထောင်ချင်းကလည်း...

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့ရဲ့ အသက်ကို ကျေးဇူးရှင်ကြီးက ကယ်ခဲ့တယ်၊ အခု ကျွန်တော်တို့ရဲ့ အသက်နဲ့ ကျေးဇူးပြန်ဆပ်ရမှာပေါ့၊ ဒါပေမယ့် ကျွန်တော် စိတ်မကောင်းဆုံးက လူ့လောကထဲမှာ အထီးကျန်ခဲ့ရှာတဲ့ ကျေးဇူးရှင်ရဲ့ တစ်ဦးတည်းသော သားကို မတွေ့ရတော့တဲ့ ကိစ္စပါပဲ၊



နို့မဟုတ်ရင် သူ့ကို ဒီကို ခေါ်လာပြီး ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ရင်း ကျေးဇူးဆပ်လို့ ရတာပေါ့"

ထို့နောက် ကျူးချန်လင်က ကျူးကျင်းအား...

"သမီး၊ ဖေဖေတို့ရဲ့ ကျေးဇူးရှင်ကြီး ကျန်းချွေးဆန်းအကြောင်းကို သမီးရဲ့ မောင်လေးကိုပါ ပြောပြလိုက်ပါဦး" ဟု ဆိုလေ၏။

သို့ဖြင့် ကျူးကျင်းသည် ကျန်းဟူကျင်းအား အခန်းတစ်ခုသို့ ခေါ်သွားလေ၏။ ထိုအခန်း၏ နံရံပေါ်တွင် ကြီးမားသော ပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲထား၏။ ပန်းချီကား၏ အောက်တွင်မူ...

"ကျေးဇူးရှင်ကြီး ကျန်းချွေးဆန်း၏ ပုံတော်" ဟု ရေးထားလေသည်။

ကျန်းဟူကျင်းသည် ဖခင်၏ နာမည်ကို တွေ့သော် အလိုလို မျက်ရည်များ စီးသွယ်ကျလာပြန်၏။ သူက ပန်းချီကားချပ်ကို ကြည့်လိုက်သောအခါတွင်မူ...

တစ်ခုသော ကွင်းပြင်ကြီးတွင် လူငယ်သိုင်းသမားတစ်ယောက်သည် ဘယ်ဘက်လက်တွင် ဆေးချိတ်ဘူး ကိုင်ထားပြီး ညာလက်တွင် သံမဏိစုတ်တံကို ကိုင်ထား၏။ ထိုလူငယ်က

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးဖြစ်ဟန်တူသော လူငါးယောက်နှင့် တိုက်ခိုက်လျက်ရှိသောပုံ ဖြစ်နေ၏။

ကျန်းဟူကျင်းသည် ထိုလူငယ်၏ပုံကို စိုက်ကြည့်ရင်း သူ့ဖခင်မှန်း သိလိုက်၏။ သို့သော် ချွတ်စွတ်တော့ မတူပါချေ။ မိမိရုပ်ရည်နှင့်သာ ပိုတူသည်ဟု ကျန်းဟူကျင်း ထင်လိုက်၏။ ယင်းမြင်ကွင်း တိုက်ပွဲတွင် လူနှစ်ယောက် လဲလျောင်းနေသည်ကို တွေ့ရ၏။

လူနှစ်ယောက်ကား ကျူးချန်လင်နှင့် ထောင်ချင်းတို့ပင် ဖြစ်ပါ၏။ သူတို့ နှစ်ဦး၏ ဘယ်ဘက်တွင် မိန်းမငယ် တစ်ယောက် ကလေးမလေးတစ်ယောက်အား ပွေ့ဖက်၍ ထား၏။

ထိုမိန်းမမှာ အခြားမဟုတ်။ ကျူးချန်လင်၏ ဇနီးဖြစ်ပြီး သူမ ပွေ့ဖက်ထားသော ကလေးမလေးမှာ ကျူးကျင်းပင် ဖြစ်ပေသည်။

ကျန်းဟူကျင်းက ထိုပန်းချီကားချပ်ကို စိတ်ဝင်စားစွာ ငေးကြည့်နေစဉ် ကျူးကျင်းက ဇာတ်ကြောင်းစုံကို ရှင်းလင်း ပြောပြလေ၏။ သူမ ငယ်ရွယ်စဉ်က လူဆိုးများ ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြပုံ၊ နောက်ဆုံး ကျန်းချွေးဆန်းက ရုတ်တရက်



ရောက်လာပြီး သူတို့အားလုံး၏ အသက်ကို ကယ်တင်ခဲ့ပုံ များပင် ဖြစ်ပါ၏။

သူတို့ ထိုအခန်းထဲမှ ပြန်လည် ထွက်ခွာလာကြသော အချိန်တွင်မူ ကျူးကျင်း၏ ဖခင် ကျူးချန်လင်သည် ခန်းမကြီး၏ အလယ်ဗဟိုတွင် ရုပ်ကလာပ်တစ်ခုကို ဆင်၍ ရှိခိုးဂါရဝပြု လျက် ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ကျန်းဟူကျင်းလည်း သူတို့ကဲ့သို့ပင် ထိုရုပ်ကလာပ်အား ဂါရဝပြုလိုက်၏။ ထိုသို့ ဂါရဝပြုစဉ် ကျန်းဟူကျင်းသည် သူ့စိတ်သူ မထိန်းနိုင်ဖြစ်ကာ သူတို့ကဲ့သို့ပင် ရှိုက်ငင် ငိုကြွေးလေတော့၏။

ထိုစဉ် ထောင်ချင်းက ရုတ်တရက် လှမ်း၍...

"အစ်ကိုကြီး၊ ဟို ဆရာကြီး ရှက်..."

ကျူးချန်လင်က ရုတ်တရက် ချောင်းဟန့်လိုက်ရာ ထောင်ချင်းစကားမှာ ထိုမျှနှင့် ရပ်သွား၏။ ကျန်းဟူကျင်း စိတ်ထဲတွင် တစ်မျိုးတစ်မည် လှုပ်ရှားသွားရ၏။

"သူက ငါ့မွေးစား ဖေဖေ ရှက်စွန်းကို ဆိုလိုတာများ လား" ဟုလည်း တွေးလိုက်မိလေ၏။

* * *

www.burmeseclassic.com

နောက်တစ်နေ့ဖြစ်၏။ ထိုနေ့နံနက် အိပ်ရာမှ နိုးထချိန်တွင် ကျူးကျင်းသည် သူ့အတွက် မျက်နှာသစ်ရန် ရေယူလာပေးသည်ကို တွေ့ရရာ ကျန်းဟူကျင်း လွန်စွာ အံ့ဩသွားရ၏။

“အို မမကလဲ ဘာဖြစ်လို့ ကိုယ်တိုင် လုပ်လာရတာလဲ၊ ဒီပြင်လူတွေကို ခိုင်းပါတော့လား”

ယိုအခါ ကျူးကျင်းက...

“အိမ်ဖော်အလုပ်သမားတွေ အားလုံးကို ပြန်ပို့လိုက်ပြီ မောင်လေး”ဟု ဆို၏။

ကျန်းဟူကျင်းက ပို၍ အံ့ဩသွားပြီး...

“ဘာ... ဘာဖြစ်လို့လဲ မမ”



“ဒီမှာက သိပ်အန္တရာယ်များနေပြီ မောင်လေး၊ ဒါကြောင့် သူတို့ကို ပြန်ခိုင်းရတာကွယ့်”

ထို့နောက်တွင်မူ ကျူးကျင်းသည် ကျန်းဟူကျင်းအား သူ့ဖခင် ကျူးချန်လင်ထံ ခေါ်သွားခဲ့လေ၏။ ကျူးချန်လင်က...

”လူလေး၊ လူလေးကို ငါတို့က ငါ့တို့အိမ်မှာ ကြာကြာနေစေချင်ပေမယ့် အခုတော့ အခြေအနေက မပေးတော့ဘူး၊ မင်း ပြန်ရတော့မယ်”ဟု ဝမ်းနည်းသံဖြင့် ဆို၏။

ထို့နောက် ကျန်းဟူကျင်းအား ရွှေဒင်္ဂါး ငွေဒင်္ဂါးများနှင့် ဓားတိုတစ်ချောင်း ထုတ်ပေးလေ၏။

“ကဲ... လူလေး၊ ဒီပစ္စည်းတွေကို ယူပြီး လူလေး ပြန်ပေတော့၊ တကယ်လို့ ငါတို့တွေ အသက်ကြီးလို့ မသေသေးရင်လဲ မင်းနဲ့ ပြန်တွေ့ရမှာပေါ့ကွယ်”

ထိုအခါ ကျန်းဟူကျင်းက...

“ကျွန်တော် မသွားဘူး၊ ဦးလေးတို့ ဒုက္ခရောက်နေတုန်း ကျွန်တော် ဦးလေးတို့နဲ့ ခွဲမသွားနိုင်ဘူး”ဟု ပြောပြောလေ၏။

www.burmeseclassic.com



ကျူးချန်လင်က အတန်တန် တိုက်တွန်းသည့်တိုင် ကျန်းဟူကျင်း ထွက်မသွားပါပေ။ နောက်ဆုံးတွင် ကျူးချန်လင်က သက်ပြင်းချ၍...

"ကောင်းပြီလေ၊ ငါ မင်းကို လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်၊ မင်း ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ အေး... မင်း ဒီလျှို့ဝှက်ချက်ကို ကြားပြီးရင် မင်း တို့နဲ့အတူ ဆက်နေချင်သေးသပဆိုရင် မင်းသဘောပေါ့ကွယ်"

ကျူးချန်လင်က ထိုသို့ စကားပလ္လင်ခံပြီးနောက် လေသံတိုးတိုးဖြင့် ဆိုလေ၏။

"မနေ့ညက ထောင်ချင်း ပြန်လာတော့ ငါ့ ကျေးဇူးရှင် ကွယ်လွန်တဲ့ သတင်းအပြင် လူတစ်ယောက်လဲ ပါလာတယ်ကွယ့်၊ အဲဒီလူရဲ့နာမည်က ရှက်စွန်းတဲ့၊ ရွှေမွေးခြသေ့်လို့လဲ ခေါ်တယ်"

ကျန်းဟူကျင်း တစ်ကိုယ်လုံး တုန်ယင်သွား၏။ ကျူးချန်လင်က ဆက်၍...

"အဲဒီ ရှက်စွန်းက ကျေးဇူးရှင် ကျန်းချွေးဆန်းနဲ့ ညီအစ်ကို တော်လိုက်တယ်၊ သူက သိုင်းလောကကလူတွေ အတော်များများနဲ့ ရန်ညှိုးရှိထားသကွယ့်၊ အခု သူလဲ ဘယ်လို လုပ် သတင်းရလိုက်သလဲ မသိဘူး၊ မြေပြန့်ပိုင်းကို ပြန်လာပြီး ကျေးဇူးရှင် ကျန်းချွေးဆန်းသတင်းကို လိုက်စုံစမ်းနေတယ် လူလေး၊ ဒါပေမယ့် ရန်သူတ သိပ်များတော့ သူလဲ ဒဏ်ရာ အပြင်းအထန် ရသွားတယ်ကွယ့်၊ ထောင်ချင်းက ပါးနပ်လို့ သူ့ကို ကယ်ထုတ်ခဲ့တယ်၊ ဒါပေမယ့် ရန်သူတွေက မကြာခင် ဒီကို လိုက်လာကြလိမ့်မယ်၊ ငါတို့လဲ အဲဒီ လူစုကို ခုခံနိုင်မှာ မဟုတ်ဘူးကွယ့်၊ သို့သော်လဲ အတတ်နိုင်ဆုံး ခုခံကာကွယ် ရမှာပဲ လူလေး၊ ဒါကြောင့် သူတို့တွေ မလာကြခင် လူလေး မြန်မြန် ပြန်သွားပါကွယ်နော်"



ကျန်းဟူကျင်းသည် နားထောင်ရင်း တစ်ကိုယ်လုံး သွေးကြွလာ၏။

"ဩော်... လက်စသတ်တော့ ဖေဖေကြီး ရှက်စွန်းက ဒီကို ရောက်နေတာကိုး"ဟုလည်း စိတ်ထဲမှ ဝမ်းမြောက်စွာ ရေရွတ်လိုက်မိ၏။

ထို့နောက် သူက ခိုင်မာစွာဖြင့် ဆို၏။

"ကျွန်တော် မသွားဘူး ဦးလေး၊ ဒီမှာပဲ နေမယ်"

ကျူးချန်လင်က သက်ပြင်းချလျက်...

"ကောင်းပြီ၊ ငါတို့ရဲ့ အစီအစဉ်အတိုင်း လုပ်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့သည် အထုပ်အပိုးများဖြင့် အိမ်ပြင်သို့ ထွက်လိုက်ကြ၏။ ထို့နောက် ကြီးကျယ် ခမ်းနားလှသော အိမ်ကြီးကို မီးပြင်းတိုက်၍ ရှို့လိုက်ကြလေ၏။ မီးဟုန်းဟုန်း တောက်နေသော အိမ်ကြီးကို စိတ်ထိခိုက်စွာ ကြည့်ရင်း ကျန်းဟူကျင်းက "ဪ... သူတို့တွေက ဖေဖေ့အပေါ်မှာ ဓာကယ်ကို သစ္စာရှိကြတာပဲ" ဟု မှတ်ချက်ချနေမိလေ၏။

* * *

ပြဿနာယ်ကိစ္စများ ပြီးမြောက်ပြီးနောက် မရှေးမနှောင်း ာင် သူတို့သည် ကျောက်ဂူကြီးတစ်ခုထဲသို့ ရောက်လာကြ ၏။ ကျောက်ဂူကြီးထဲသို့ လျှောက်ဝင်လိုက်စဉ် ကြီးမား သော ကျောက်ခန်းကြီးတစ်ခုသို့ ရောက်လာကြ၏။ ထိုအခန်းကြီး ားတွင် အခန်းငယ်များလည်း ဖွဲ့ထားသေး၏။ စားနပ်ရိက္ခာ ခုံအလင်းဖြင့် သူတို့ ကျောက်ဂူထဲသို့ ရောက်လာခြင်းပင် ပါ၏။ သို့သော် ကျောက်ဂူထဲတွင် ပူလောင် အိုက်စပ် ၏။ ကျူးကျင်းက ကျန်းဟူကျင်းအား...

"ဒီနေရာမှာ ဘာဖြစ်လို့ ဒီလောက်တောင် ပူအိုက် သလဲဆိုတာ သိလား" ဟု မေး၏။

ကျန်းဟူကျင်းက စဉ်းစားပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ကျွန်တော် သိပြီ၊ ကျွန်တော်တို့က အခု မီးလောင်ထားတဲ့ အိမ်ကြီးရဲ့ အောက်တည့်တည့်မှာ ရောက်နေတာ ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား မမ"

ကျူးကျင်းက ကျန်းဟူကျင်း၏ ဦးခေါင်းကို ကိုင်ရင်း ရယ်မောလျက် . . .

"ငါ့မောင်လေးက သိပ်ဉာဏ်ကောင်းတာပဲ"ဟု ချီးကျူးလေ၏။

ကျန်းဟူကျင်း၏ စိတ်ထဲမှလည်း ကျူးချန်လင်၏ အကြံ အလွန်စေ့စပ်ပုံကို ချီးကျူးနေမိ၏။ မှန်သည်။ ဤဂူကြီးထဲတွင် နေခြင်းဖြင့် သူတို့အား မည်သူကမှ နေအိမ်ကိုမီးရှို့ပြီး အိမ်၏အောက် ဂူထဲတွင် ပုန်းခိုနေကြောင်း ရိပ်စားမိကြမည် မဟုတ်ပေ။

* * *

ထိုညတွင်ဖြစ်၏။ တိတ်ဆိတ်သော အကာလအချိန်တွင် သူတို့ ခိုအောင်းနေသော ဂူကြီး၏ အပေါ်ဘက်မှ မြင်းခွာသံများ ဆူညံစွာ ကြားရလေ၏။ သူတို့ ငြိမ်သက်စွာ နားစွင့်ထောင်နေကြစဉ် အော်ပြောလိုက်သော အသံတစ်သံကို ကြားရ၏။

"ကျူးချန်လင်ဆိုတဲ့ ကောင်ကြီးတော့ ရှက်စွန်းကိုရပြီး ထွက်ပြေးတိမ်းရှောင်သွားပြီ ထင်တယ်ဟေ့၊ ကိုင်း . . . မြန်မြန်လိုက်ရှာကြ"

— တဖြည်းဖြည်းနှင့် မြင်းခွာသံများ ပို၍ ဆူညံသာ၏။ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြခြင်းပင် ဖြစ်ပါ၏။ သို့သော် သူတို့သည် မီးလောင် ပြာကျနေသော အိမ်ကြီးကိုသာ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အမြန်ဆုံးပြန်၍ ထွက်ခွာသွားကြလေ၏။ သို့ဖြင့် မြင်းခွာသံများ၊ ကြိမ်းမောင်းသံများ တိတ်ဆိတ်သွားချိန်တွင်မှ ထောင်ချင်းက လေသံတိုးတိုးဖြင့် ဆိုသည်။

"အစ်ကို၊ ဆရာကြီး ရှက်စွန်းရဲ့ ဒဏ်ရာကို သွားကြည့်လိုက်ကြဦးစို့"

ကျူးချန်လင်က ခေါင်းတစ်ချက် ညိတ်ပြီး ထောင်ချင်းနှင့်အတူ အခန်းတစ်ခုဆီသို့ ထွက်ခဲ့ကြ၏။ ကျန်းဟုကျင်းလည်း သူတို့နောက်မှ လိုက်ပါလာ၏။ အခန်းတံခါးကို ဖွင့်လိုက်သော အခါတွင်မှ သူတို့အား ကျောပေးလျက် လဲလျောင်းနေသော လူကြီးတစ်ယောက်ကို တွေ့ရ၏။ ထောင်ချင်းက ထိုလူကြီးအား အသံတိုးတိုးဖြင့် ...

"ဆရာကြီး ရှက်စွန်း သက်သာပြီလား၊ ရေသောက်ချင်ပါသလား" ဟု မေးစဉ် ရုတ်တရက် ရှက်စွန်းက ထ,ခုန်ပြီး ထောင်ချင်း၏ ရင်ဝကို ဘန်းခနဲ ရိုက်ချလိုက်၏။ ပြီးလျှင် ရှက်စွန်းက အော်၍လည်း ဤသို့ဆို၏။

"ရှောင်လင်ဂိုဏ်း၊ ခွန်းလန်ဂိုဏ်းကကောင်တွေ ခွေးတွေ၊ လာကြစမ်း၊ လာကြစမ်း၊ ငါ ရှက်စွန်းက မင်းတို့ကို တစ်စိမှ မကြောက်ဘူးကွ၊ လာရဲရင် လာခဲ့ကြစမ်း"

ထိုအခါ ကျူးချန်လင်က စိတ်မကောင်းသံဖြင့် ...



"ဒုက္ခပါပဲ၊ ဆရာကြီးရှက်စွန်း၊ စိတ်ဖောက်ပြန်နေပြန်ပြီ"

ရှက်စွန်းအနားသို့ တိုးသွား၍လည်း ...

"ဆရာကြီး၊ ကျွန်တော်တို့က ဆရာကြီးရဲ့ မိတ်ဆွေတွေပါ၊ ရန်သူ မဟုတ်ပါဘူး"

ရှက်စွန်းက တဟားဟား ရယ်ပြီး ...

"အာမိတ်ဆွေလဲ၊ ငါ့အနား မကပ်နဲ့၊ မကပ်ကြနဲ့နော်၊ ကဲကွာ"

ရှက်စွန်းက ပြောပြောဆိုဆို ကျူးချန်လင်အား လက်ဝါးစောင်းဖြင့် ရိုက်ချပြန်၏။ ကျူးချန်လင်သည် လုံးဝ မခုခံ ရဲဘဲ ရှောင်တိမ်း၍သာ နေရလေ၏။ သို့သော် ရှက်စွန်းက လုံးဝ မလျှော့။ ဆက်တိုက်ပင် တိုက်ခိုက်နေလေ၏။

ကျန်းဟုကျင်းသည် နေရာတွင် ရပ်လျက် သူ့တစ်ကိုယ်လုံး ကျောက်သား ကျောက်ရုပ်ပမာ တောင့်တင်းနေလေတော့၏။ အကြောင်းမှု သူ့မွေးစားဖခင် ရှက်စွန်းမှာ မျက်စိ နှစ်လုံးကန်းသူဖြစ်ပြီး ယခု သူ တွေ့နေရသော လူကြီးမှာမူ မျက်လုံးအစုံ ပကတိ ကောင်းမွန်လျက် ရှိနေသော မဟုတ်ပါ သား။ ထိုစဉ် ကျူးချန်လင်က ကြေကွဲသံဖြင့် ...

www.burmeseclassic.com



"ဆရာကြီးက ကျုပ်ရဲ့ ကျေးဇူးရှင် ကျန်းချွေးဆန်းရဲ့ အစ်ကိုကြီးဆိုတော့ ကျုပ်က ပြန်မတိုက်ခိုက်နိုင်ဘူး၊ ဆရာကြီး ကျုပ်ကို သေအောင်ရိုက်ချင်လဲ ရိုက်ပေတော့"

ကျူးချန်လင်သည် ထိုသို့ပြောပြီး လုံးဝ ရှောင်တိမ်းခြင်း မပြုတော့ချေ။ ရုတ်တရက် ရှက်စွန်း၏ လက်သီးချက်က ကျူးချန်လင်၏ ရင်ဝသို့ ရိုက်မိရာ ကျူးချန်လင်၏ ပါးစပ်မှ သွေးများ အန်ကျလာလေ၏။ ထိုအခါ ကျန်းဟူကျင်းသည် မနေသာတော့သဖြင့် ကျယ်လောင်စွာ ဆို၏။

"သူက ရှက်စွန်း မဟုတ်ဘူး၊ သူ ရှက်စွန်း မဟုတ်ဘူး"

ထိုလူက ရုတ်တရက် ကျန်းဟူကျင်းဘက် လှည့်လိုက်၏။ နှုတ်မှလည်း...

"ဟိတ် ချာတိတ်၊ မင်းပါးစပ် ပိတ်ထားစမ်း၊ မင်း ဘာသိလို့လဲ"

သို့ပြောပြီး ကျန်းဟူကျင်းဆီသို့ ဒယီးဒယိုင် လျှောက်လာလေ၏။ ထိုစဉ် ကျူးချန်လင်က လဲနေရာမှ ရုတ်တရက် ထခုန်ပြီး လက်ညှိုးဖြင့် ထိုလူ၏ခါးကို ထိုးလိုက်လေ၏။ ဤ လက်ညှိုးသိုင်းမှာ သူတို့၏ မျိုးရိုးစဉ်လာ သိုင်းပညာပင်



ဖြစ်၏။ လွန်စွာလည်း ပြင်းထန်လှ၏။ ထိုလူသည် လက်ညှိုးချက် မိပြီး ခွေခနဲ လဲကျသွားတော့သည်။

ထိုအခါ ကျူးကျင်းနှင့် ကျန်းဟူကျင်းသည် ကျူးချန်လင်ထံသို့ ပြေးသွားပြီး အလျင်အမြန် ပွေ့ထူလိုက်၏။ ကျူးချန်လင်က အထစ်အငေါ့သံဖြင့် ကျန်းဟူကျင်းအား...

"မင်း... မင်း..."

ကျူးချန်လင် စကားမဆက်နိုင်မီ ကျန်းဟူကျင်းက...

"ဦးလေး၊ ကျွန်တော့်ကို ကျွန်တော် မထိန်ဝှက်တော့ပါဘူး၊ အမှန်အတိုင်း ပြောပြပါတော့မယ်၊ ဦးလေး ပြောပြောနေတဲ့ ကျေးဇူးရှင် ကျန်းချွေးဆန်းဆိုတာ ကျွန်တော့် ဖေဖေပါပဲ၊ ရှက်စွန်းက ကျွန်တော့်ရဲ့ မွေးစားဖေဖေပါ၊ ကျွန်တော့် မွေးစားဖေဖေကို ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်၊ အခု ဒီလူက ကျွန်တော့် မွေးစားဖေဖေ ရှက်စွန်း မဟုတ်ပါဘူး၊ ရှက်စွန်းဟန် ဆောင်ထားတဲ့ လူပါ"

ကျူးချန်လင်က မယုံကြည်သလို ခေါင်းခါပြ၍ ကျန်းဟူကျင်းက ဆက်ကာ...

"ကျွန်တော့် မွေးစားဖေဖေက မျက်စိကွယ်နေပါတယ်၊ နားလုံးကန်းနေပါတယ်၊ ဒါကလဲ ကျွန်တော်တို့တစ်တွေ ကျွန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရောက်တော့မှ ကန်းသွားတာပါ၊ ဒါကြောင့် အပြင်လူတွေ ဒီအကြောင်းကို လုံးဝ မသိကြပါဘူး၊ ဒီတစ်ချက်တည်းနဲ့ အခု ဒီလူဟာ ရုက်စွန်းအတု ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ် ဦးလေး"

ထိုအခါ ကျူးကျင်းက လွန်စွာ ဝမ်းသာအားရဟန်ဖြင့် ကျန်းဟုကျင်း၏ လက်ကိုဆွဲ၍...

"မောင်လေး၊ မင်း တကယ်ပြောတာလား"

"ကျွန်တော် မှန်တာတွေ ပြောနေတာပါ မမ၊ ဒီလူက ကျွန်တော့် မွေးစားဖခင် ရုက်စွန်း လုံးဝမဟုတ်ဘူး"

နောက်ဆုံးတွင် ကျန်းဟုကျင်းသည် သူ ဘယ်ပုံ ဘယ်နည်း စွန်းလွန်တောင်သို့ ရောက်လာရသည့် အကြောင်းကိုမှ အစမှ အဆုံးတိုင် ဖွင့်ဟပြောပြလိုက်လေ၏။ သို့နှင့်ပင် ကျူးချန်လင်သည် ကျန်းဟုကျင်း၏ စကားကို ယုံကြည်သွားတော့၏။ ထို့နောက် သူသည် ကျန်းဟုကျင်းအား အပြင်သို့ ခေါ်ထုတ်ပြီး အသေအချာ မေးမြန်းပြန်လေ၏။ ကျန်းဟုကျင်းလည်း သူတို့တွေ ကျွန်းကြီးပေါ်တွင် ဘယ်သို့ဘယ်ပုံ နေထိုင်ခဲ့ကြပုံနှင့်တကွ နောက်ဆုံးတွင် ဖောင်ဖွဲ့၍ ပြန်လာခဲ့ကြပုံများအထိ ပြောပြလိုက်လေ၏။



ကျူးချန်လင်က အစအဆုံး တစ်လုံးမကျန် နားထောင်ပြီးလျှင် သက်ပြင်းရှည်ချ၍...

"ကျေးဇူးရှင်၊ ဘုရား သိကြား မ,လို့ အခု ကျေးဇူးရှင်ကြီးရဲ့ သားက ကျွန်တော်တို့လက်ထဲ ပြန်ရောက်လာပါပြီ၊ ကျွန်တော် ကျူးချန်လင်က အသက်ထက်ဆုံးအထိ ကျေးဇူးရှင်ကြီးရဲ့ သား ကျန်းဟုကျင်းကို လူလားမြောက်အောင် စောင့်ရှောက် ကာကွယ် ပြုစုပေးသွားပါမယ်"ဟု တိုင်တည် သစ္စာဆိုလေ၏။

ထို့နောက်တွင် ကျူးချန်လင်က ကျန်းဟုကျင်းအား...

"ကဲ... ကျန်းဟုကျင်း၊ အစကတော့ ငါဟာ ဒီ ရှောင်လင်၊ စွန်းလွန် စတဲ့ ဂိုဏ်းတွေနဲ့ သူသေကိုယ်သေ တိုက်ခိုက်ဖို့ စိတ်ကူးထားခဲ့ပါတယ်၊ အခုတော့ မင်းကို လူလားမြောက်အောင် ပြုစုပျိုးထောင်ဖို့က အရေးကြီးလာပါပြီ၊ ဒါပေမယ့် တို့တွေ ဘယ်နေရာ ဘယ်ဌာနကို သွားပြီး ရှောင်ပုန်းရမယ်ဆိုတာ စဉ်းစားလို့ မရသေးဘူး၊ ငါတို့ အခု ပုန်းခိုနေတဲ့ နေရာကိုတောင် ဒီကောင်တွေ တွေ့အောင်ရှာနိုင်သေးတော့ ငါတို့ ဘယ်နေရာသွားပြီး ရှောင်တိမ်းဖို့ ရွေးချယ်ရမှာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



သူက ခဏရပ်ပြီး ဆက်၍...

"ဆရာကြီး ရုက်စွန်းက တစ်ယောက်တည်း ကျွန်းပေါ်မှာ နေခဲ့ရရှာတယ်၊ အင်း သူ့ဘဝဟာ ဘယ်လောက်များ ကြေကွဲစရာ ကောင်းလိုက်သလဲကွာ၊ အင်း သူက ငါ့ကျေးဇူးရှင်ရဲ့ အစ်ကိုကြီးဆိုတော့ ငါမသေခင် သူ့ကို တစ်ကြိမ်လောက် တွေ့ချင် မြင်ချင်လိုက်တာကွာ"

ထိုစကားကို ကြားသော် ကျွန်းဟူကျင်း၏ နှုတ်မှ ရုတ်တရက် ဆိုမိလေ၏။

"ဦးလေး၊ ကျွန်တော်တို့ အတူတူ ရေခဲမီးတောင်ကျွန်းကို သွားပြီး ဟိုမှာပဲ နေကြပါစို့လား ခင်ဗျာ၊ ဒီမြေပြန့်မှာ နေရတာ တစ်ချိန်လုံး တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်နေကြတာချည်းပဲ မြင်နေရတယ်"

ထိုအခါ ကျူးချန်လင်က...

"လူလေး၊ မင်းက ရေခဲမီးတောင်ကျွန်းကို ပြန်သွားချင်နေပြီ ထင်တယ်၊ ဟုတ်လား"ဟု မေးလေ၏။

ကျွန်းဟူကျင်းသည် ကျူးချန်လင်၏ အမေးကို မဖြေသေးဘဲ တွေဝေစဉ်းစားလိုက်၏။

"အင်း၊ ငါက မကြာခင် သေရတော့မယ့် လူပါလား၊ ငါ မသေခင် တကယ်လို့များ ငါ့ ဖေဖေကြီးကို တစ်ခေါက်တစ်ခါ မြင်ခွင့်ရရင် ဘယ်လောက်များ ကောင်းလိုက်ပါ့လဲ"

နောက်ဆုံးတွင် ကျွန်းဟူကျင်းသည် ကျူးချန်လင်၏ အမေးကို နှုတ်ဖြင့် မဖြေဘဲ ဦးခေါင်းကိုသာ ညိတ်၍ ပြလိုက်လေတော့၏။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄၉ )

www.burmeseclassic.com

www.burmeseclassic.com

# ချောက်ထမ်းဝါးကြီး

ကျောက်ဂူကြီးထဲသို့ ပြန်ရောက်ချိန်တွင် ကျူးချန်လင်သည် ထောင်ချင်းအား ပြတ်သားစွာ အမိန့်ပေးလိုက်၏။

"ဟိုကောင်ကို အသေသတ်လိုက်ပေတော့၊ ဒီကောင်က တကယ့်ကို ရှက်စွန်း အတုကွ"

ထောင်ချင်းက ချက်ချင်းပင် ထိုအခန်းထဲသို့ ခုန်ဝင်လိုက်လေ၏။ မရှေးမနှောင်းမှာပင် စူးစူးဝါးဝါး အော်သံတစ်ချက် ကြားရပြီး ထောင်ချင်း ပြန်ထွက်လာချိန်တွင်မှ သူ့လက်ထဲတွင် သွေးစက်များ ပေကျံနေသော ဓားတစ်ချောင်း ကိုင်ထားသည်ကို တွေ့လိုက်ရ၏။ ကျူးချန်လင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဒီထိအောင် လိုက်လာနိုင်တယ်ဆိုတော့ ငါတို့ ဒီကျောက်ဂူကြီးထဲမှာ ကြာကြာနေလို့ မဖြစ်တော့ဘူး ထောင်ချင်း"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့ ဒီပြင်တစ်နေရာ အမြန်ဆုံး ပြောင်းရွှေ့မှ ဖြစ်လိမ့်မယ်"

ဤသို့ဖြင့် သူတို့သည် နောက်ထပ် တောင်ကုန်းတစ်ခု သို့ ပြောင်းရွှေ့သွားကြလေ၏။ ထိုတောင်ကုန်းတွင် အိမ်ငယ် လေးများ တည်ဆောက်ပြီး စားနပ်ရိက္ခာ အစုံအလင်ဖြင့် ပုန်းခိုနေထိုင်ကြ၏။

ထိုသို့ နေထိုင်ကြစဉ် သုံးလေးရက်မျှ ကြာလာသည် တိုင် ရန်သူများ လိုက်မလာသည်ကို တွေ့ရသဖြင့် အားလုံး စိတ်အေးသွားကြရလေ၏။ ထိုအခါ ကျူးချန်လင်က ရေခဲမီး တောင်ကျွန်းသို့ သွားရန် စတင် ပြင်ဆင်လေတော့၏။

ကျန်းဟူကျင်းလည်း လွန်စွာ ဝမ်းသာနေ၏။

ဤသို့ဖြင့် ရက်အနည်းငယ်မျှ ကြာလာသော တစ်ညး

• • •

ထိုညတွင် ကျန်းဟူကျင်းသည် အိပ်စက်နားနေလျက်ရှိ၏။ ထိုစဉ် အခန်းတံခါးကို အသာအယာ ဖွင့်လိုက်သော [illegible]သို့ ကြားလိုက်ရ၏။ ကျန်းဟူကျင်း အံ့ဩနေစဉ်မှာပင် [illegible]ခေါင်းထဲသို့ သင်းပျံ့မွှေးကြိုင်သော ရနံ့များ ဝင်ရောက် [illegible]ဖြင့် အခန်းသို့ ဝင်ရောက်လာသူမှာ ကျူးကျင်းဖြစ် [illegible]င်း သူ သိလိုက်၏။

ကျန်းဟူကျင်းသည် ရင်တထိတ်ထိတ် ခုန်လျက်ရှိ၏။ [illegible] ကျူးကျင်းက သူ့အနားသို့ ကပ်၍ နှစ်ကိုယ်ကြားရုံ [illegible]ဖြင့်

"မောင်လေး အိပ်ပျော်နေပြီလား" ဟု တိုးညှင်း ညင်သာ [illegible]းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းမှ ရင်ခုန်လွန်းသဖြင့် မျက်လုံးစုံကို ...
မှိတ်၍သာ ထား၏။ အသံလည်း ပြန်မပြုဝံ့ချေ။ အတန်...
ကြာသော် ကျူးကျင်းသည် နုထွေးသော လက်ကလေးဖြ...
ကျန်းဟူကျင်း၏ မျက်လုံးဆီသို့ ဖွဖွမျှ စမ်းလာလေ၏။

စင်စစ် ကျန်းဟူကျင်းသည် ကျူးကျင်းအပေါ်တွင် လွှမ်...
စွဲလမ်းနေသူ ဖြစ်၏။ သို့သော် ထွေပြားသော အ...
တောင့်တစိတ်တော့မှု မရှိပါချေ။ သူ၏ ဆန္ဒမှာ ကျူးကျင်း...
အတူတကွ နေထိုင်ရလျှင်ပင် ကျေနပ်ပီတိ ဖြစ်လှပြီဖြစ်ပါ...
ယခုသော် ကျူးကျင်းသည် သူ မမျှော်လင့်ဘဲ ညကြီး အ...
မတော်တွင် သူ့ အခန်းထဲသို့ ရောက်သည်ကိုတွေ့...
ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိအောင် ဖြစ်သွားရှာ၏။

ထိုအချိန်တွင်ပင် ရုတ်တရက် သူ့ရင်ဘတ်တွင် ကျင်...
ခံစားလိုက်ရပြီး အကြောလေးခု အထိုးအပိတ်ခံရကြော...
သိလိုက်ရလေ၏။ ကျန်းဟူကျင်းမှာ ပို၍ နားမလည်...
အောင် အံ့ဩသွားမိလေ၏။

ထိုစဉ် ကျူးကျင်းလည်း အခန်းထဲမှ ပြန်ထွက်...
သည်ကို တွေ့လိုက်ရ၏။ သို့ဖြင့် ကျန်းဟူကျင်းက...

"သူ ပိတ်သွားတဲ့ အကြောတွေကို အမြန်ဆုံးပြန်...
သူ့နောက်ကို တိတ်တဆိတ် လိုက်ကြည့်မှာပဲ"ဟု စိ...
လိုက်၏။



သို့နှင့် သူသည် သူ့မွေးစားဖခင် သင်ကြားပေးသော နည်းအတိုင်း အသုံးပြု၍ ပိတ်နေသော အကြောများကို ပြေအောင် ဖြေလိုက်လေ၏။ ထို့နောက် သူသည် အခန်းထဲမှ ထွက်လာခဲ့၏။ သို့သော် ထိုအချိန်တွင် ကျူးကျင်း၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့ပါချေ။ သူ မှောင်ရိပ်ထဲတွင် ရပ်လျက် ဘယ်ဆီသို့ ဆက်လက်သွားရမှန်း မသိအောင် ဖြစ်နေရှာလေ၏။ ညသည် သာယာလှ၏။ ညမွေးပန်းရနံ့များလည်း ထုံမွှန်း မွေးကြိုင်လျက်ရှိ၏။ သည်သို့ သာယာသော ညအခါတွင် သူသည် ပြန်လည် အိပ်စက်ရန် ဆန္ဒမရှိပါတော့ချေ။ ကျန်းဟူကျင်းသည် ထွေပြားသော စိတ်အလျဉ်ဖြင့် ခြေဦးတည့်ရာ လျှောက်လာခဲ့မိလေ၏။ မြင့်မားသော တောင်ထိပ်ပေါ်တွင် ဖြူဖွေးသော နှင်းဝတ်ရုံက လွှမ်းခြုံလျက်ရှိရာ ငွေလသာသော ညတွင် လွန်စွာ သာယာလှပနေ၏။ ကျန်းဟူကျင်းသည် ခြေဦးတည့်ရာ လျှောက်လာရင်း သူ့ရှေ့ ခပ်လှမ်းလှမ်းဆီမှ တိုးညင်း ညင်သာသော ရယ်သံသဲ့သဲ့ကို ကြားလိုက်ရလေ၏။

သူက ရယ်သံကို အသေအချာ နားစွင့်ထောင်လိုက်သောအခါ ကျူးကျင်း၏ ရယ်သံမှန်း ချက်ချင်းပင် သိလိုက်၏။

"သမီး နားလည်ပါတယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



ဝေ့ပိကလည်း...

"ဦးလေး၊ ကျွန်တော် ပြန်ပါတော့မယ်၊ ဆရာက ကျွန်တော့်ကို စောင့်နေတယ်"

ကျူးကျင်းက ချိုမြသော လေသံဖြင့်...

"အစ်ကို ကျွန်မ လိုက်ပို့မယ်လေ"

ထိုအခါ ကျူးချွန်လင်က ကြားဝင်၍...

"အတော်ပဲဟေ့၊ ငါလဲ မင်းရဲ့ ဆရာနဲ့ ဆွေးနွေးစရာတွေ ရှိသေးတယ်၊ ငါတို့ ဒီတစ်ခါ မြောက်ပိုင်းကိုသွားပြီး ရေခဲမီးတောင်ကျွန်းကိုရှာဖို့ ကိစ္စအတွက် အားလုံး အဆင်သင့် လုပ်ထားရမယ်ကွယ့်၊ ဘာတစ်ခုမှ အမှားမရှိအောင် လုပ်ရလိမ့်မယ်"

ထိုအသံများကို ကြားရပြီးနောက် မရှေးမနှောင်းမှာပင် ကျူးချွန်လင်တို့ သုံးယောက်သည် အနောက်ဘက် အရပ်သို့ အတူတကွ ထွက်သွားကြသည်ကို တွေ့ရ၏။ ကျန်းဟူကျင်းမူ နေရာတွင် ရပ်လျက် အံ့သြ တွေဝေနေရှာ၏။

ဝေ့ပိ၏ ဆရာ၊ ဟူချင်း၏ ဖခင်မှာ ဟူလက်ဖြစ်၏။ ယခု ဤပြောသံ ဆိုသံများကို ထောက်သော် ဟူချင်းတို့ သားအဖနှင့် ဝေ့ပိလည်း ရေခဲမီးတောင်ကျွန်းသို့ သွားကြမည် ဖြစ်၏။



ကျန်းဟူကျင်းတွင် ကနဦးက သူ ဤသတင်းကို ဘာကြောင့် မကြားသိရပါသနည်း။ ဤကိစ္စကို သိသောသူများသည်နှင့်အမျှ သတင်းလည်း ပေါက်ကြားသွားနိုင်၏။ သတင်းပေါက်ကြားလျှင် သူ့ မွေးစားဖခင်အတွက် အန္တရာယ် ရှိလာပေမည်။

ကျန်းဟူကျင်းသည် ထိုနေရာတွင်ပင် ရပ်ရင်း ဆေးငိုင် စဉ်းစားလျက်ရှိ၏။ ထိုစဉ် ကျူးချန်လင်၏ စကားသံများက သူ့နားထဲသို့ ပြန်လည် ဝင်ရောက်လာ၏။

"သူ့ကို နည်းနည်းလေးမှ မရိပ်မိအောင် လုပ်ထားရမယ် သမီး"တဲ့။

"ဘာကို မရိပ်မိအောင် လုပ်ကြမှာပါလဲ"

သူက အတန်တန် စဉ်းစားနေလိုက်၏။ သို့ဖြင့် ရုတ်တရက် သူ့ အတွေးများ ရှုပ်ထွေးနေရာမှ ထင်ရှား ပေါ်လွင်လာတော့၏။

"ကျေးဇူးရှင်ကြီး ကျန်းချွေးဆန်း၏ ပုံတော်"

မှန်ပါသည်။ ဤ ပန်းချီကားကို ဤမျှ သဘာဝကျကျ ရေးဆွဲထားပါလျက် သူ့ဖခင်၏ ပုံတူကျတော့မှ မျက်နှာ သွယ်သွယ် မဟုတ်ဘဲ အဘယ့်ကြောင့် မေးရိုးကားကား ဖြစ်နေရပါသနည်း။ သို့သော် သူ့ဖခင်၏ မျက်နုံးနှင့် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များမှာမှု အလွန်တူလှ၏။ မှန်သည်။ ဤအချက်မှာလည်း သူတို့ သားအဖ နှစ်ယောက်၏ မျက်ခုံးနှင့် မျက်လုံးများက တူလွန်း၍ပင် ဖြစ်ပါ၏။ သို့ရာတွင် သူ့မျက်နှာက မေးရိုးကားပြီး သူ့ဖခင်၏ မျက်နှာကမူ သွယ်၍ ချွန်၏။

ကျူးချန်လင် ပြောပြချက်အရ ဆိုလျှင်မူ ထိုပန်းချီကားချပ်ကို သူကိုယ်တိုင် ရေးဆွဲခဲ့သည်ဟု သိရ၏။ သို့ပေမယ့် ဘာကြောင့်များ သူ့ဖခင်၏ တကယ့်ရုပ်ပုံနှင့် ဤမျှ ကွာခြားနေရပါသနည်း။ ပန်းချီကားထဲမှ ကျန်းရွှေးဆန်း၏ပုံမှာ ကျန်းဟူကျင်း ကြီးလာသောပုံနှင့် တူနေလေ၏။

ကျန်းဟူကျင်းသည် ပန်းချီကားချပ်နှင့် ပတ်သက်၍ အမျိုးမျိုး ဝေဖန် ပိုင်းခြားနေမိ၏။ ကျန်းဟူကျင်း၏ ရင်မှာ ရုတ်ခြင်း တုန်ယင်သွားပြီး စိတ်ထဲမှလည်း "ငါ့ကို သူ တွေ့သွားပြီထင်တယ်"ဟု ရေရွတ်လိုက်မိလေ၏။

သို့သော် ထိုအချိန်တွင်ပင် ကျူးကျင်း၏ တိုးညင်းသော အသံကို သူ ကြားလိုက်ရ၏။

"အစ်ကို ငြိမ်ငြိမ်နေစမ်းပါကွယ်၊ ကြည့်၊ အစ်ကိုနော် ကျွန်မ ထ,ပြန်လိုက်မယ် သိလား"

ထို့နောက် ယောကျ်ားတစ်ယောက်၏ ရယ်သံကိုပါ ကြားရပြန်လေ၏။ ကျန်းဟူကျင်း၏ ရင်မှာ ဒိတ်ခနဲ ခုန်သွား၏။



ကျဉ်ခနဲ အောင့်သွားရှာသည်။ သူသည် ရုတ်ခြည်းဆိုသလို ငိုချင်စိတ်များ ဖြစ်ပေါ်လာ၏။

ဪ၊ သူ မြင်မက်လေသော အိပ်မက်လှလှလေးသည် ရုတ်ခြင်းပင် ပျောက်ကွယ်သွားလေပြီ မဟုတ်ပါလား။

"ဪ... တကယ်တော့ သူ ငါ့အကြောင်ကို ထိုးပိတ်လိုက်တာဟာ မနက်ဖြန် မိုးလင်းရင် ငါ့ကို နောက်ပြောင်ကျီစယ်ဖို့မှ မဟုတ်တာဘဲ၊ လက်စသတ်တော့ သူက ညအချိန်မတော်မှာ အခုလို သူ့အစ်ကိုဝမ်းကွဲနဲ့ ချိန်းတွေ့ဖို့ကိုး"

ထိုသို့ စဉ်းစားမိစဉ် ကျန်းဟူကျင်း၏ ခန္ဓာကိုယ်မှာ ပျော့ခွေသွားပြီး အင်အားမရှိတော့သကဲ့သို့ ဖြစ်သွားလေ၏။

သို့သော် သူက ချက်ချင်း ပြန်စဉ်းစားလိုက်၏။

"အို... ငါက အညတရ ဘဝမလှတဲ့ အိမ်ခြေရာခြေမဲ့ မွဲတစ်ယောက်ပဲ၊ သိုင်းပညာမှာရော၊ စာပေပညာမှာရော၊ ရုပ်ရည်မှာရော၊ သူ့အစ်ကို ဝေ့ပိကို ဘယ်လိုမှ ယှဉ်လို့မရပါဘူးလေ၊ ကျူးကျင်းက သူ့အစ်ကို ဝေ့ပိနဲ့မှ တကယ်လိုက်ဖက်တာပါ"

ကျန်းဟူကျင်းက သူ့ကိုယ်သူ ဤသို့ ဖြေသိမ့်ပြီးနောက် လေးပင်သော သက်ပြင်းကို ချလိုက်၏။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျင်း၏ တုန်လှုပ်ချောက်ချားလျက်ရှိသော အာမေဋိတ်သံကို ကြားရလေ၏။

"အဖေ၊ အဖေ"

မှန်သည်။ ကျူးချန်လင်သည် မီးဝင်းဝင်းတောက်သော မျက်လုံးဖြင့် ကျူးကျင်းအား ကြည့်လျက် ဒေါသသံဖြင့် ဆို၏။

"မင်းတို့ ဒီမှာ ဘာလာလုပ်နေတာလဲ"

ကျူးကျင်းက ဘာမျှမဖြစ်သလို ကြိုးစားဟန်ဆောင်ရင်း...

"အစ်ကိုက သမီးနဲ့ မတွေ့တာကြာလို့ သူ ဒီည ဒီကို လာပြီး သမီးနဲ့ စကားလာပြောတာပါ ဖေဖေ"

"နင်... နင် တယ်အတင့်ရဲပါလား ဟင်၊ တကယ်လို့ ကျန်းဟူကျင်း သိသွားရင်"

ကျူးကျင်းက အလျင်စလိုဖြင့်...

"သမီးက သူ့ရဲ့အကြောင်းကို အသာလေး ပိတ်ထားပါတယ် ဖေဖေ၊ တော်ကြာ ကျွန်မ ပြန်သွားပြီး ဖြေလိုက်ရင်လဲ သူ သိမှာ မဟုတ်ပါဘူး"

ကျန်းဟူကျင်းက နားထောင်ရင်း စိတ်ထဲတွင်...



"ဦးလေး ကျူးချန်လင်က ကျူးကျင်းကို ငါ သဘောကျနေမှန်း သိနေတာကိုး၊ သူက ကျေးဇူးဆပ်ချင်လို့ ငါ့ကို စိတ်မဆင်းရဲအောင် ကျူးကျင်းကို ငါ့အနားမှာ အမြဲတမ်း နေခိုင်းတာကိုး၊ ဦးလေးက တကယ့်ကို ငါ့အပေါ် သိပ်ကောင်းပါလား"ဟု စဉ်းစားမိလေ၏။

ထိုစဉ် ကျူးချန်လင်၏ အသံကို ကြားရပြန်၏။

"ဘာပဲဖြစ်ဖြစ်လေ၊ သတိတော့ထားရလိမ့်မယ်ကွယ့်၊ တော်ကြာ ခဲလေသမျှ သဲရေကျ ဖြစ်သွားပါဦးမယ်၊ သူ့ကို နည်းနည်းလေးမှ မရိပ်မိအောင် လုပ်ထားရမယ် သမီး"

"ဟာ... နောက်တစ်ချက် ရှိသေးတယ်၊ ဖေဖေရဲ့ သံမဏိစုတ်တံက သာမန် သံမဏိစုတ်တံထက် ကွာခြားတယ်၊ ထိပ်ချွန်မျှား သိပ်တိုတယ်၊ အခု ပန်းချီရုပ်ပုံထဲက အဖေ့ လက်ထဲမှာ ကိုင်ထားတဲ့ သံမဏိစုတ်တံက သာမန်လိုပဲ ရေးဆွဲထားပါလား၊ ကျူးချန်လင်က ဒီလို သံမဏိစုတ်တံ လက်နက်ရဲ့ ဝါရင့်သိုင်းသမားပဲ၊ သူက ဘယ်နှယ့်လုပ် လွဲမှားအောင် ရေးဆွဲထားရတာလဲ"

ကျန်းဟူကျင်းသည် စဉ်းစားရင်း ကျောစိမ့်လာ၏။ ကြောက်စိတ်များ တရှိန်ရှိန် တက်လာလေ၏။ သူ့အတွင်းစိတ်ထဲတွင်လည်း အဖြေတစ်ခုက ဝိုးတဝါး ပေါ်လာ၏။ သို့သော်

www.burmeseclassic.com



ဤအဖြေမှာ ကြောက်စရာ ကောင်းလွန်းသဖြင့် သူ့ကိုယ်၌က ထင်ရှားလာသော မစဉ်းစားရဲလောက်ဘဲ ဖြစ်နေလေ၏။ သူက သူ့ကိုယ့်သူ နှစ်သိမ့်လိုက်၏။

"ဟူကျင်း၊ မင်း ဘာတွေမှ မစဉ်းစားနဲ့၊ ဦးလေး ကျူးချန်လင်က ငါ့အပေါ် ဒီလောက်ကောင်းနေတာကို ငါက သူ့ကို မယုံသင်္ကာ မဖြစ်သင့်ဘူး၊ မဖြစ်သင့်ဘူး၊ ငါ... ငါ ပြန်အိပ်မှာပဲ"

သို့သော် ဘာကြောင့်ရယ်မသိ။ သူ့ခြေလှမ်းများက အလိုအလျောက်ပင် ကျူးချန်လင်တို့ လျှောက်သွားရာဘက်သို့ လှမ်းလျှောက်သွားမိလေ၏။ ညယံတွင် သူတစ်ယောက်တည်း လျှောက်ရင်း မကြာမီ တောအုပ်တစ်ခုအတွင်းသို့ ရောက်လာလေ၏။ ထိုအခါ တောအုပ်၏ ဟိုမှာဘက်တွင်လည်း တဲအိမ် တစ်လုံး ရှိနေသည်ကို တွေ့ရလေ၏။

ကျန်းဟူကျင်းသည် တထိတ်ထိတ်ဖြင့် ထိုတဲအိမ်ဆီသို့ ဖြည်းညင်းစွာ လျှောက်သွားလေ၏။ တဲအိမ်၏ အနောက်ဘက်သို့ ချဉ်းမိချိန်တွင်မှ သူသည် ဦးခေါင်းကို အသာလေးပြူ၍ ပြတင်းပေါက်မှ အတွင်းဘက်သို့ လှမ်းကြည့်လိုက်၏။



ထိုအခါ တဲအိမ်ကြီး၏ ဧည့်ခန်းတွင် ကျူးချန်လင်တို့ သားအဖနှစ်ယောက်နှင့် အခြား လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍ စကားပြောနေကြသည်ကို တွေ့ရလေ၏။

အခြားသူ နှစ်ယောက်မှာ သူ့အား ကျောပေးထိုင်နေ သဖြင့် မျက်နှာကို မမြင်ရပေ။ သို့သော် တစ်ယောက်မှာ ဟူချင်း ဖြစ်လိမ့်မည်ဟု သူ ထင်လိုက်၏။

တစ်ယောက်မှာမူ ယောကျ်ားကြီးဖြစ်ပြီး ကိုယ်လုံး ကိုယ်ထည်ကြီးမားတောင့်တင်းလှ၏။ သူ ထိုသို့ တိတ်တဆိတ် ကြည့်နေချိန်တွင် ကျူးချန်လင်သည် မြောက်ပင်လယ်သို့ ကုန်းသည်ကြီးပမာ အသွင်ဆောင်၍ ဘယ်သို့ဘယ်ပုံ ခရီးထွက်မည့် အကြောင်း၊ ဆွေးနွေးနေ၏။

ကိုယ်လုံးကိုယ်ထည် ကြီးမားသောလူကမူ ခေါင်းတညိတ် ညိတ်ဖြင့် နားထောင်လျက်ရှိ၏။ ကျန်းဟူကျင်း၏စိတ်ထဲတွင်–

"ငါက အလကားသက်သက် စိတ်သောကဖြစ်နေတာ ပါ၊ ဦးလေးက ပင်လယ်ပြင်ကို ခရီးထွက်ရမယ်ဆိုတော့ အကူ အညီလိုမှာပေါ့လေ၊ ဒါကြောင့် ဟူလက်ကို ခေါ်တာဖြစ်ရမယ်"

ထိုစဉ် ဟူချင်းက ဝင်၍ –

"ဖေဖေ၊ ကျွန်မတို့ ရေခဲတောင်ကြီးကို သွား[illegible]တာတော့ [illegible]တ်ပါပြီ၊ တကယ်လို့ ပင်လယ်ပြင်ကြီးမှာ ကျွန်းတစ်ခုမှ ရှာ

www.burmeseclassic.com

www.burmeseclassic.com



လို့ မတွေ့ဘဲ ယောင်လည်လည်ဖြစ်နေရင် ဒီကို ပြန်လာလို့လဲ မရ၊ ဆက်သွားလို့လဲ မရနဲ့ ဘယ်လိုလုပ်ရမလဲဟင်” ဟု ဖခင်ဖြစ်သူ ဟူလက်အား စိုးရိမ်သံဖြင့် မေးလိုက်၏။ ဟူလက်က–

“သမီးကြောက်ရင်လဲ မလိုက်ခဲ့နဲ့ပေါ့”ဟု ဆို၏။

ဟူချင်းက နှုတ်ခမ်းစူ၍ –

“သမီးကဒီလိုမေးတာနဲ့ ဖေဖေက သမီးကို ဒီလိုပြောမြန်ပြီ”

ဟူလက်က တဟားဟား ရယ်ပြီး –

“ဒီတစ်ခါငါတို့လဲ ကံကိုပဲပုံချပြီးလုပ်တာပဲကွ၊ ကံကောင်းထောက်မရင် ငါတို့ ရေခဲမီးတောင်ကျွန်းကို ရောက်မယ်ပေါ့ အချိန်ကျရင် ရှက်စွန်းက ဘယ်လောက်ပဲ သိုင်းပညာတော်နေနေ၊ သူက တစ်ယောက်ထဲ ဖြစ်ပြန်၊ မျက်စိလဲ ကန်းနေပြန်တော့ ငါတို့ကို သူဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး”

ထိုစကားကိုကြားသော် ကျန်းဟူကျင်း တစ်ကိုယ်လုံးတောင့်တင်းအေးစက်သွား၏။ သွားချင်းပင် တဒက်ဒက်ရိုက်မိ၏။ သူကအသံမပြည်အောင် မနည်းပင် ဖိကိုက်ထားလိုက်ရ၏။ ထိုစဉ် ဟူလက်က –

“နဂါးနိုင်ဓားက ငါတို့လက်ထဲ မရောက်ဘဲ နေမှာလား၊ ဟိုအချိန်ကျရင် သိုင်းလောကက လူတွေဟာ ငါတို့ကို ရှိခိုးဦး



ဘင်ရမှာ သေချာတယ်၊ ဟင်း၊ ကြည့်ပေါ့ကွာ၊ အဲဒီအချိန်ကျရင် ငါနဲ့မင်းရဲ့ဦးလေးနှစ်ယောက်သာ သိုင်းလောကရဲ့ ဘုရင်ကြီးတွေ၊ ဧကရာဇ်ကြီးတွေဖြစ်မှာပဲကွ၊ အဲ တကယ်လို့သာ ငါတို့ကံဆိုးပြီး ပင်လယ်ထဲမှာ သေရင်လဲ သေမှာပဲ ကံပေါ့ကွာ၊ ကံပေါ့”

ဝေ့ပီက ကြားဝင်၍ –

“ဆရာ၊ ဒီရှက်စွန်းဆိုတဲ့လူရဲ့ သိုင်းပညာမှာ ‘ခြသေ့ဟိန်း’ သို့ခေါ်တဲ့ သိုင်းပညာကသိပ်ကြောက်စရာကောင်းတယ်လို့ ကြားတယ်၊ ဟိုဝမ်ဖန်ကျွန်းမှာ သူက သိုင်းသမားတော်တော်များများကို တစ်ခါတည်း အရူးအနှမ်းတွေ ဖြစ်သွားအောင် လုပ်လိုက်သတဲ့၊ ဒါကြောင့် ကျွန်တော့်သဘောကတော့ ဟိုရောက်ရင် သူနဲ့သိုင်းပညာချင်း မယှဉ်ပြိုင်ဘဲနဲ့ သူစားတဲ့ အစားအစာထဲမှာ အဆိပ်ခတ်ထည့်လိုက်ရင် ပြီးတာပဲဆရာ”

ဝေ့ပီ စကားအဆုံးတွင် ကျူးချန်လင်က ခေါင်းညိတ်ရင်း–

“အေး–ဝေ့ပီရဲ့ အကြံမဆိုးဘူး၊ ဒါပေမယ့် အဆိပ်အကြောင်းကိုတော့ ငါတို့ လုံးဝ နားမလည်ဘူးကွ”

ဝေ့ပီက ဆက်၍ –

“ကျွန်တော့အဖေက မြေပြန့်ပိုင်းကိုအမြဲတမ်း ဈေးရောင်းတယ် သွားလုပ်နေတော့ အဖေ့ကို ရှာခိုင်းလိုက်ရင် ရမှာပါ”

www.burmeseclassic.com

www.burmeseclassic.com



ဟူလက်ကခေါင်းညိတ်ပြီး မတ်တတ်ရပ်၍ ကျူးကျင်း၏ ပခုံးကိုပုတ်ရင်း –

"ကျင်းကျင်း"

ဟူလက်က ထိုအချိန်တွင် မျက်နှာကို လှည့်လိုက်သဖြင့် ကျန်းဟူကျင်းက သူ့မျက်နှာကို ထင်ရှားစွာ မြင်လိုက်ရလေ၏။

ထိုအခါကျန်းဟူကျင်းသည် ရုတ်ခြည်း ထိတ်လန့်တုန်လှုပ်သွားလေ၏။ အကြောင်းမူ ထိုသူမှာ အခြားသူမဟုတ်၊ ကျောက်ဂူထဲတွင် ရှက်စွန်းအသွင် ဟန်ဆောင်ခဲ့သော လူကြီးဖြစ်နေသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။ ထိုစဉ်က ထိုလူကြီးသည် ကျူးချန်လင်အား သွေးအန်အောင် တိုက်ခိုက်ခဲ့၏။ နောက် ထောင်ချင်းက သူ့ကိုဓားဖြင့်ထိုးသတ်ခဲ့သည်။ ယခု ထိုအဖြစ်အပျက်အားလုံးမှာ တကယ်မဟုတ်ဘဲ သူတို့ပေါင်းစည်းလိမ်ညာလိုက်သော လှည့်ကွက်သာ ဖြစ်နေလေပြီကော။

ထိုစဉ် ဟူလက်က ရယ်မောလျက် ကျူးကျင်းအား ဆိုလေ၏။

"ဒါ့ကြောင့် ငါ့တူမလေးက ဒီဇာတ်ကို ပိုင်အောင် ဆက်ပြီးက,သွားရဦးမယ်တွယ်၊ မင်းကလမ်းခရီးတစ်လျှောက်လုံး မှာ ကောင်လေးကို အရောတဝင် လုပ်ရမယ်၊ ဟိုကျွန်းကို မရောက်မချင်း လုံးဝ အလိမ်မပေါ်စေရဘူး"



"မေမေသမီးကိုတော့ တစ်ခု ခွင့်ပြုရမယ်နော်"

ကျူးချန်လင်က –

"ဘာလဲသမီး"

"ဒီလိုပါ မေမေ၊ ဒီရက်တွေမှာသမီးကဒီကောင်လေးကို မြှူစုရတာ သေတောင်သေချင်နေတာ မေမေရဲ့၊ တကယ်လို့ ရေခဲမီးတောင်ကျွန်းကိုရောက်လို့ ရှက်စွန်းကိုသတ်ပြီး နဂါးနိုင်ဓားကို ရလိုက်တဲ့အချိန်မှာ ဒီကောင်လေးကို သမီးကိုယ်တိုင် ဓားနဲ့ ထိုးသတ်ပစ်လိုက်မယ်နော်"

ကျန်းဟူကျင်းမှာ ထိုစကားကိုကြားသော် မိုက်ခနဲ မူးမေ့ သွားမလို ဖြစ်သွားလေ၏။ သူ့အတွေးများလည်း ရုတ်ခြည်း ရှုပ်ထွေးနောက်ကျိလာ၏။ သူ့စိတ်ထဲတွင် –

"အင်း လက်စသတ်တော့ ကျူးချန်လင်ဟာ တကယ့်ကို ကောက်ကျစ်ယုတ်မာတဲ့ လူပဲ၊ သူက ငါ့ကို အကြမ်းနည်း သုံးရင် ငါဖွင့်ပြောမှာမဟုတ်ဘူးဆိုတာသိလို့ တမင်သက်သက် ဒီလိုနည်းတွေကို သုံးပြီး ငါ့ဘာသာဖွင့်ပြောအောင် လုပ်လိုက် တာပဲ"

ထိုစဉ် ကျူးချန်လင်က ဘယ်သို့ဆက်လက် စီစဉ်ရမည်ကို စဉ်းစားနေလေ၏။

www.burmeseclassic.com



ကျန်းဟုကျင်းသည် ဆက်လက်နားထောင်ခြင်းမပြုဝံ့တော့ပေ။ သူသည် တဖြည်းဖြည်းဖြင့် အသံမကြားအောင် နောက်ပြန်လှည့်ထွက်လိုက်လေ၏။ သူသည် နောက် တစ်လှမ်းဆုတ်တိုင်း အခြေအနေကို နားစွင့်လိုက်၏။ အခြေအနေကောင်းမှ ဆက်၍ဆုတ်လေသည်။ ဤသို့ဖြင့်အတော်ဝေးဝေးသို့ ရောက်သော် သူက တစ်ချိုးတည်း သုတ်ခြေတင် ပြေးလေတော့၏။ ကြောက်အားလန့်အားဖြင့် ခြေဦးတည့်ရာ ပြေးခဲ့ခြင်းဖြစ်ရာ ဘယ်သို့ရောက်၍ ဘယ်သို့ပေါက်သည်ကိုပင် မသိတော့ပါချေ။

သို့ရာတွင် တစ်ခုသော တောင်ပေါ်သို့ ရောက်နေကြောင်းကိုတော့မှ သူသိပါ၏။ သူသည် နားနေခြင်းမပြုဘဲ ဆက်လက်သုတ်ခြေတင်ကာ ပြေးနေလေ၏။

ဤသို့နှင့်ပင် မိုးလင်းပိုင်းသို့ရောက်ရှိလာခဲ့လေ၏။ ထိုအခါကျမှပင် ကျန်းဟုကျင်းသည် နှင်းများဖုံးလွှမ်းနေသော တောင်ထိပ်တစ်ခု၏တောအုပ်ထဲသို့ ရောက်နေသည်ကို တွေ့ရတော့၏။ သူ–နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင် သူ့နှုတ်မှ 'ဒုက္ခပဲ' ဟု ရေရွတ်လိုက်မိ၏။ အကြောင်းမူ တောထဲတွင် သူ့ခြေရာများ အထင်းသား ထင်ကျန်ရစ်ခဲ့သည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။



ထိုစဉ်မှာပင် မြေခွေးများအော်သံကို ကြားရလေ၏။ သူ့ပတ်ဝန်းကျင်သို့ကြည့်လိုက်သောအခါတွင်မူ မျက်နှာချင်းဆိုင်တောင်ထိပ်ပေါ်တွင်ရှိနေသော မြေခွေးအုပ်စုက သူ့အားကြည့်ပြီး အော်ဟစ်နေသည်ကို တွေ့ရလေ၏။ သို့သော် သူရောက်ရှိနေရာ ထောင်ထိပ်နှင့် ဟိုမှာဘက်တောင်ထိပ်ကြားတွင် အဆုံးအစ မမြင်ရပါသောလွန်စွာ နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးတစ်ခုကခြားလျက် နေသောကြောင့် မြေခွေးများ ဤမှာဘက်သို့ ကူးမလာနိုင်ချေ။ ကျန်းဟုကျင်းသည် မြေခွေးများ အော်ဟစ်ရာသို့ ကြည့်နေရာမှ ဦးခေါင်းကို လှည့်၍ နောက်သို့တစ်ပန်ကြည့်လိုက်သောအခါတွင်မူ သူ့ရင်ခုန်သွားရပါ၏။ အဘယ့်ကြောင့်မူ သူ့မြင်ကွင်းထဲတွင် တောင်ထိပ်သို့တစ်ဟုန်ထိုး ပြေးတက်လာသော လူငါးယောက်ကို တွေ့ရသောကြောင့် ဖြစ်ပါ၏။

ကျန်းဟုကျင်းသည် လှုပ်ရှားနေသော စိတ်အစဉ်ကို ချုပ်လိုက်၏။

"ငါတော့ ဘယ်တော့မှ ဒီလူယုတ်မာတွေလက်ထဲ ရောက်မခံနိုင်ဘူး၊ ငါသာ လွတ်မြောက်ဖို့အခြေအနေကို မမြင် ချောက်ကြီးထဲကို ခုန်ချပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့–စဉ်းစားပြီးလျှင် ကျန်းဟုကျင်းသည် တောင်ထိပ်များဆီသို့ဆက်၍ ပြေးတက်လာခဲ့၏။ တောင်ထိပ်များသို့ မရောက်မီ အတန်ငယ်ကြီးမားသော တောအုပ်တစ်ခုကို တွေ့ရသဖြင့် သူကပြေးဝင်ပုန်းခိုနေလိုက်၏။ သည်တောအုပ်ထဲတွင် သူ့ခြေရာများ တွေ့ရမည် မဟုတ်တော့ပေ။ သူသည် တောအုပ်ထဲတွင် ပုန်းနေရင်း သူ့ဘဝကို ပြန်လည်တွေးလိုက်မိလေ၏။

"ငါ့ကို ရှောင်လင်ဘုရားကျောင်းက ရှင်ကျင်းဆိုတဲ့ ဘုန်းကြီးကမကောင်းကြံခဲ့တယ်၊ ဒါထားလိုက်တော့၊ ခုတဲ့ဂိုဏ်း ဝါဆန်းဂိုဏ်း၊ ခွန်းလွန်ဂိုဏ်းတွေကလဲ ငါ့ကို ကျေးဇူးကန်းလိုက်ကြတယ်၊ဒါလဲငါက အရေးမထားပါဘူး၊ ဒါပေမယ့် ကျူးကျင်းအပေါ်မှာတော့ ငါတကယ်ကို မေတ္တာ စေတနာ ထားခဲ့မိတယ်၊ ဟင်း အမေ့စကားကို ငါကဘာဖြစ်လို့များ ရတာပါလိမ့်၊ အမေသေဆုံးခါနီးမှာ ပြောခဲ့တဲ့စကားတွေ ငါက အမြဲထာဝရ မှတ်ထားဖို့သင့်တယ်"

ထိုအခါ သူ့နားထဲသို့ သူ့မိခင် သေဆုံးလုလုနီးနီး ပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်နေလေ၏။

"သားလေး၊ မင်းအရွယ်ရောက်လာတဲ့အခါကျရင် မိန်း ကလေးတွေကို သတိထားပါ၊ မိန်းကလေးတွေက ရုပ်ချော ပိုပြီး လိမ်ညာတတ်လေပဲ သား"



ကျန်းဟုကျင်း၏ပါးပြင်ဝယ် မျက်ရည်များ စီးကျလာရှာ၏။ ထိုစဉ် ကျူးချန်လင်နှင့် ဟုလက်တို့လည်း တောင်ထိပ်သို့ ဦးစွာရောက်ရှိလာကြပြီ ဖြစ်၏။ ဟုလက်က လေသံတိုးတိုး ဖြင့်–

"ဒီကောင်လေး ဟောဟိုတောအုပ်ထဲမှာ ပုန်းနေတာပဲ ဖြစ်ရမယ်၊ အခေးကိုတော့ သူဘယ်နည်းနဲ့မှ မရောက်နိုင် သေး ဘူး"

ကျူးချန်လင်က ရုတ်တရက် စကားကို ဖြတ်၍–

"ဟင်း–ကျူးကျင်းက ဘာစကားအမှားများ ပြောလိုက်မိလို့ ငါတို့လူလေးက အခုလို စိတ်ဆိုးသွားရတာပါလိမ့်၊ ငါ သူ့အတွက် တကယ့်ကို စိတ်ပူနေတယ်၊ အသက်အရွယ် ငယ်ငယ်လေးနဲ့ ဒီလိုနှင်းတော၊ နှင်းတောင်ပေါ်မှာ တစ်ယောက်တည်း လျှောက်သွားနေရင် အန္တရာယ်များလှပါတယ်၊ သူသာ တစ်ခုခုဖြစ်သွားရင် ငါက ငါ့ရဲ့ကျေးဇူးရှင်ကြီးအပေါ် ဘယ်လောက် ကျေးဇူးမဲ့ရာ ကျလိုက်မလဲကွယ်"

ကျူးချန်လင်၏ စကားကို ကြားသော် ကျန်းကျင်းသည် ကြက်သီးမွေးညင်းပင် တဖြန်းဖြန်းထ,မိလေ၏။ မနည်းသည်းအကာထိန်း၍ သူကသာ အကြောင်းစုံ သိမထားလျှင်မူ ကျူးချန်လင်၏စကားကို အဟုတ်ထင်မှတ်မိမည်သေချာပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ကျူးကျင်းတို့ လိုယ်သုံးယောက်လည်း တောင်ထိပ်သို့ ရောက်လာကြ၏။ ထို့နောက် သူတို့ငါးယောက်သည် ကျန်းဟူကျင်းအား ပိုက်စိတ်တိုက် ရှာဖွေကြလေတော့၏။

ကျန်းဟူကျင်းပုန်နေသော တောအုပ်လေးမှာမကျယ်လှချေ။

ထို့ကြောင့် မကြာမီမှာပင် သူတို့သည် ကျန်းဟူကျင်းပုန်းခိုးနေရာအနားသို့ရောက်ရှိလာကြလေ၏။ သို့ဖြင့်ကျန်းကျင်းသည် ရုတ်တရက် ထ,ခုန်ပြီး–

"ခင်ဗျားတို့ယုတ်မာတွေ" ဟု အော်ဟစ်ပြီးလျှင် သုတ်ခြေတင် ပြေးလေ၏။



ထိုအခါ ကျူးချန်လင်တို့လည်း သူ့နောက်သို့ညာသံပေး၍ လိုက်လာကြ၏။ တဖြည်းဖြည်းနှင့်နှင်းတောင်ထိပ်မှာ ကျဉ်းမြောင်းလာ၏။ ပုန်းစရာ ခိုစရာဟူ၍လည်းလုံးဝမရှိဘဲ တောင်ထိပ်တစ်ခုလုံး နှင်းများဖြင့်သာ ဖုံးလွှမ်းလျက် တောင်ကတုံးသဖွယ် ဖြစ်နေလေ၏။

နောက်ဆုံးတွင် ကျန်းဟူကျင်းသည် ပြေးပေါက်မရှိတော့အောင် အခက်ကြုံရတော့၏။ ထို့ကြောင့် သူကရန်သူ့လက်အတွင်းသို့အကျမခံ သူ့ကိုယ်သူသာ သတ်သေရန် ဆုံးဖြတ်ပြီး တောင်ကြီး၏ ကြောက်ခမန်းလိလိ နက်ရှိုင်းသော ချောက်ကမ်းပါး နှုတ်ခမ်းအနားသို့ အတင်းပြေးသွားလေတော့၏။ သူချောက်ကြီး၏ နှုတ်ခမ်းနားသို့ ရောက်ရှိချိန်တွင် ကျူးချန်လင်လည်းသူ့နောက်သို့ရောက်လာပြီးလျှင်ကျန်းဟူကျင်း၏ နောက်ကျောအင်္ကျီစကိုအတင်း လှမ်းဆုပ်လိုက်လေ၏။

ကျန်းဟူကျင်းလည်းသူ့လက်မှ လွတ်ရန် ရှန်းရင်းရှေ့သို့ဆက်၍ လှမ်းလိုက်လေ၏။ သို့ဖြင့်သူ့ခြေထောက်မှာ လေဟာနယ်သို့ရောက်သွားပြီး တစ်ကိုယ်လုံး၏အားဖြင့်ချောက်ကြီးထဲသို့ ခုန်ချလိုက်၏။

ကျူးချန်လင်မှာ ကျန်းဟူကျင်းတစ်ယောက် ဤသို့ချောက်ထဲသို့ အသေခံပြီး ခုန်ချလိမ့်မည်ဟု မထင်မှတ်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းကိုလည်း လက်မလွှတ်နိုင်အောင် ဖြစ်နေ၏။ ထို့ကြောင့် ကျန်းဟူကျင်းတစ်ယောက် ချောက်ထဲသို့ အားစိုက်၍ခုန်ချလိုက်ချိန်တွင်သူပါရောရှ၍ ခုန်ချလိုက်လေ၏။ စင်စစ် ကျူးချန်လင်သည် အဆင့်မြင့် သိုင်းပညာရှင်ဖြစ်၍ ကျန်းဟူကျင်း၏အကျီစကို လွှတ်၍ အပေါ်သို့ ခုန်တက်လိုက်လျှင် အသက်ချမ်းသာရာ ရဖွယ်ရှိပေ၏။

သို့သော် သူသည် ကျန်းဟူကျင်းအား လက်လွှတ်လိုက်လျှင် နဂါးနိုင်ဓားကိုပါဆုံးရှုံးရမည်ဖြစ်၍ နက်ရှိုင်းသော ချောက်ကမ်းပါးအောက်သို့ ကျန်းဟူကျင်းနှင့်အတူ ခုန်ချလိုက်ခြင်းပင် ဖြစ်၏။ ထိုသို့ သူချောက်ထဲသို့ ခုန်ချလုလုအချိန်တွင် နောက်မှ လှမ်းပေးလာသော ဟူလက်၏ လက်ကို ဖမ်းဆုပ်ရန် ပြုပါသေး၏။ သို့သော် လက်နှစ်ချောင်းမှာ ဆက်မိမလိုနှင့် သုံးလက်မခန့် ကွာသွား၏။

ထိုအခါ ကျူးချန်လင်နှင့်ကျန်းဟူကျင်းသည် ချောက်ထဲသို့လုံးထွေး၍ ကျသွားရလေ၏။ ကျန်းဟူကျင်း၏ နားထဲတွင် မူချောက်နှုတ်ခမ်းတွင်ကျန်ရစ်ခဲ့သောဟူလက်နှင့် ကျူးကျင်းတို့၏ ရူးရူးဝါးဝါးအော်သံများကိုသာ နောက်ဆုံးတစ်ချက် ကြားရပြီးလျှင် ဘာကိုမျှ ဆက်၍ မကြားရပါတော့ချေ။

* * *



ချောက်ကြီးမှာ အဆုံးမမြင်သော ရောမချောက်ကြီး ဖြစ်၏။ အကယ်၍သာ ချောက်ကြီး၏ အောက်ခြေသို့ ရောက်ရှိသွားလျှင် ဘယ်နည်းနှင့်မျှ အသက်ရှင်ဖွယ်ရာလမ်း မရှိတော့ကြောင်း ကျူးချန်လင် ကောင်းစွာသိ၏။ ထို့ကြောင့် သူ့သက်တမ်းနှင့်အမျှ အတွေ့အကြုံ ပေါင်းစုံ ကြုံခဲ့ဖူးသော ကျူးချန်လင်သည် ဤအခြေအနေမျိုးတွင် စိတ်ကို ပျာယာခတ်အောင် ထိန်းချုပ်ထားနိုင်လိုက်၏။

သူ့နားထဲတွင် လေသံ တဟူးဟူးကိုသာ ကြားနေရသဖြင့် ချောက်ကြီး၏ အောက်ခြေ မြေကြီးပေါ်သို့ မကျရောက်သေးကြောင်း သိလိုက်၏။

ချောက်ကြီးမှာ လွန်စွာ နက်ရှိုင်းလင့်ကစား မကျယ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းလှချေ။ တောင်နှစ်လုံးကြားနေရာဖြစ်၍ ကျဉ်းသည်ဟု ဆိုနိုင်လေ၏။ ချောက်၏ ဘေးတစ်ဘက်တစ်ချက်တွင်လည်း သစ်ကိုင်း သစ်ခက်များ ထိုးထွက်လျက်ရှိ၏။ ကျူးချန်လင်သည် သူ၏ လက်တစ်ဖက်ဖြင့် သစ်ကိုင်းတစ်ကိုင်းကို လှမ်းဆွဲလိုက်၏။ သို့သော် လုံးထွေးကျလာသော သူတို့နှစ်ယောက်၏ ကိုယ်အရှိန်မှာ လွန်စွာပြင်းသဖြင့် သစ်ကိုင်းမှာ ဖြောင်းခနဲ ကျိုးသွားလေ၏။ သို့ရာတွင် ကျူးချန်လင်သည် ထိုခဏတွင် တစ်ချက်မျှ အသက်ကို ဝအောင် ရှူခွင့်ရပြီး ကိုယ်ကိုပါ ကျုံ့၍ တွန့်လိမ်စေပြီးလျှင် တစ်ဘက်တောင် နံရံဆီသို့ လွှားခနဲ ခုန်ပြီး သစ်ပင်ကြီး တစ်ပင်၏ ပင်စည်ကို ပွေ့ဖက်ထားလိုက်လေ၏။ သူသည် ထိုသို့ ခုန်တက်ရာတွင် ကျန်းဟူကျင်း၏ အင်္ကျီစကိုပါ ခိုင်မြဲစွာ ဆွဲလျက် ခုန်တက်လိုက်သဖြင့် ကျန်းဟူကျင်းပါ သူနှင့် တစ်ပါတည်း မြလာလေ၏။

ကျန်းဟူကျင်းသည် ဘယ်မျှပင် အသက်ကို စွန့်၍ သူ့လက်မှ လွတ်အောင်ပြုသော်လည်း နောက်ဆုံးတွင် သူ့လက်ထဲသို့သာ ကျရောက်ရပြန်သောကြောင့် နာကြည်းစွာ ဆိုလိုက်လေ၏။

"ကျူးချန်လင် ကျုပ် ခင်ဗျားလက်က မလွတ်ပေမယ့် ကျုပ်ကို ဘယ်နည်းနဲ့မှ ဆက်ပြီး လိမ်ညာလို့ မရပါဘူး"



ကျူးချန်လင်က ဘယ်သို့မျှ ပြန်မပြော။ ကျန်းဟူကျင်း၏ အင်္ကျီစကိုသာ မြဲမြံဆုတ်ကိုင်ထားရင်း တောင်ထိပ်ဘက်သို့ မော့ကြည့်နေ၏။ သူတို့ ရောက်နေသော နေရာမှာ တောင်ထိပ်နှင့် လွန်စွာ ကွာဝေးလေ၏။ ထို့ကြောင့် ကျူးကျင်းတို့၏ အရိပ်အယောင်ကိုမျှ မမြင်နိုင်သကဲ့သို့ အော်သံကိုလည်း မကြားနိုင်ပါချေ။

ကျူးချန်လင်သည် တကယ့် ထိပ်သီးသိုင်းပညာရှင် တစ်ဦး ဖြစ်သော်လည်း ဤနေရာသို့ ရောက်ရှိချိန်တွင် ခေါ်ချွေး များပင် ပြန်လျက်ရှိ၏။ သူက စိတ်ကို တည်ငြိမ်အောင်ပြုပြီး ပြုံးရယ်သော မျက်နှာဖြင့် ကျန်းဟူကျင်းအား ဆိုလေ၏။

"ဘူလေး၊ မင်း ဘာတွေ ပြောနေတာလဲ၊ တွေ့ကရာ လျှောက်ပြီး မစဉ်းစားစမ်းပါနဲ့ကွာ"

ကျန်းဟူကျင်းက "ခင်ဗျားရဲ့ ယုတ်မာ ပက်စက်တဲ့ အကြံကို ကျုပ် အားလုံး သိပြီးပြီဗျ၊ ဒါကြောင့် ဘယ်နည်းနဲ့မှ ခင်ဗျားတို့ကို ကျုပ် မွေးစား အဖေဆီကို ခေါ်မသွားနိုင်ဘူး၊ ခင်ဗျား ကျုပ်ကို အတင်းအကျပ် ခေါ်သွားလို့လဲ ကျုပ်က ခင်ဗျားတို့ကို ဝင်လယ်မြွင်မှာ ထင်ရာ လမ်းညွှန်ပိုက်ရင် ခင်ဗျားတို့ ဘာတတ်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးချန်လင်သည် နောက်ဆုံးတွင် သမီးဖြစ်သူကိုသာ အားကိုးရတော့မည်မှန်း ရိပ်စားမိသဖြင့် ဘာမျှ ဆက်မပြောတော့ဘဲ တောင်ထိပ်ဆီသို့သာ လှမ်း၍ အော်လိုက်လေတော့၏။

"တို့လူတွေ ငါတို့ ဘာမှမဖြစ်ဘူး၊ စိတ်မပူနဲ့"

သူ့အသံက ချောက်ကမ်းပါးထဲတွင် ပဲ့တင်ဟိန်း၍ နေလေ၏။ ထိုစဉ် တစ်စုံတရာကို သူ ရုတ်ခြည်း သတိရလိုက်၏။

"ဟာ... ရေခဲနှင်းတောင်ထဲမှာ ဒီလို အော်နေလို့ မဖြစ်ဘူး၊ တောင်ပြိုကျလာနိုင်တယ်"

ထိုစဉ် တကယ်ပင် နှင်းခဲတုံးကြီးများက ကြွေကျလာလေ၏။ သို့သော် နှင်းထုမှာ အနည်းငယ် သေးသဖြင့် သူတို့နှစ်ယောက် ဘာမျှ မဖြစ်ချေ။ ကျူးချန်လင်သည် ဆက်လက် မအော်ရဲတော့ချေ။

သူက နံဘေးပတ်လည် အခြေအနေကိုသာ ကြည့်လိုက်လေ၏။ ထိုအခါ တောင်ထိပ်သို့ တွယ်တက်ရန် မဖြစ်နိုင်သလို အောက်သို့ ဆင်းရန်လည်း ချောက်ကမ်းပါးက နက်ရှိုင်းလွန်းနေသေး၏။ ပြီး အောက်သို့ ရောက်သည့်တိုင်လည်း ထွက်ပေါက်ရှိမည် မဟုတ်ချေ။



နောက်ဆုံးတွင်မှ ယခု ရောက်ရှိနေသော နေရာ၏ နံဘေးမှ ဝေ့ဝိုက်၍ တဖြည်းဖြည်းချင်း တောင်ပေါ်သို့တက်ရန် နည်းလမ်းသာ ရှိတော့ကြောင်း စဉ်းစားမိလေ၏။

ထိုအခါ ကျူးချန်လင်သည် ကျန်းဟွာကျင်းကို ဆွဲ၍ တောင်နံ့တ်ခမ်းနံဘေးမှ ဖြည်းညင်းစွာ လျှောက်ထွက်လာလေ၏။ နာရီဝက်ခန့် လျှောက်လာမိသော သူတို့သည် ရှေ့ဆက်သွားရန် လမ်းဆုံးသွားလေတော့၏။

အကြောင်းမှု သူတို့ရှေ့ဘက်တွင် ချိုင့်ဝှမ်းကြီးဖြစ်နေသောကြောင့်ပင် ဖြစ်၏။ ဤလို နေရာမျိုးတွင် အစားအစာလည်း လုံ့ဝရှိမည် မဟုတ်ချေ။ သို့ဆိုလျှင် သူတို့သည် ဘယ်တဲ့သို့ ဆက်လက် နေထိုင်နိုင်ပါမည်နည်း။

ကျန်းဟွာကျင်းမှ လွန်စွာ ဝမ်းသာသွား၏။ သူက ရယ်၍...

"ကျူးချန်လင် ခင်ဗျား စိတ်မကုန်သေးဘူးလား၊ အခု ကျုပ်တို့က လေဟာနယ်ထဲမှာ တွဲလောင်းချိတ်ထား ခံရသလို ဖြစ်နေပြီ၊ အပေါ်လဲ တက်လို့မရ၊ အောက်လဲ ဆင်းလို့မရနဲ့ တကယ့် အကျဉ်းအကျပ်ပဲဗျ၊ အဟဲ ... ဟဲ၊ ခုနေသာ ကျုပ်အား ခင်ဗျားကို နဂါးနိုင်ဓားပေးလဲ ခင်ဗျားအတွက် ဘာမှ အသုံးဝင်မှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျူးချန်လင်မှာ လုံးဝ မျှော်လင့်ချက် ကုန်ဆုံးလျက် ရှိရာ ကျန်းဟူကျင်း၏ သရော်လိုက်သော စကားကို ကြားသော် ဒေါသချောင်းချောင်း ထွက်လာလေ၏။

သူက ကျန်းဟူကျင်းအား အသက်ရှင်လျက် ထားရန် အကြောင်းမရှိတော့။ ကျန်းဟူကျင်းကြောင့် သူ သေရတော့မည့်ကိန်း ဆိုက်နေပြီ မဟုတ်ပါလား။

ကျန်းဟူကျင်းလည်း ကျူးချန်လင်၏ ရက်စက်ကြမ်းကြုတ်တော့မည့် မျက်လုံးအကြည့်ကို မြင်သော် အခြေအနေမဟန်မှန်း သိလိုက်သည်။ ထို့ကြောင့် နောက်သို့လှည့်၍ တစ်ချိုးတည်း ထွက်ပြေးလေတော့၏။

ကျူးချန်လင်သည် အမှုမဲ့ဖြစ်၍ ကြောင်ငေးနေလေ၏။ သူ သတိရလိုက်ချိန်တွင်မူ ကျန်းဟူကျင်းသည် တောင်နံရံအားရှိ တစ်ခုသော ဂူပေါက်လေး သေးသေးထဲသို့ အတင်း တိုးဝင်လိုက်သည်ကို တွေ့ရလေ၏။

သူ အလျင်စလို ပြေး၍ နောက်မှ လှမ်းဆွဲလိုက်သော အချိန်တွင်မူ သူ့လက်ထဲတွင် စုတ်ပြဲသွားသော ကျန်းဟူကျင်း၏ ဘောင်းဘီပိတ်စသာ ပါလာလေ၏။



ဂူပေါက်က ကျဉ်းလွန်းသဖြင့် ကျူးချန်လင်သည် ကျန်းဟူကျင်းကဲ့သို့မတ်တတ်ရပ်၍ မပြေးနိုင်ချေ။ ခဲရာခဲဆစ် တိုက်ဝင်နေရ၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄၆ )

www.burmeseclassic.com

www.burmeseclassic.com

# ကျွမ်းတဆိမှာ

ကျန်းဟူကျင်းသည် ဝူပေါက်အတိုင်း လျှင်မြန်စွာ ပြေးဝင်သွားက်ရှိ၏။ သို့သော် ဝူပေါက်မှာ တဖြည်းဖြည်းနှင့် ပို၍ပို၍ကျဉ်းမြောင်းလာသည်ကို တွေ့ရ၏။

သူသည် ကျူးချန်လင် မိလာမည်စိုး၍ အတင်းတိုး၍ ပြေးဝင်လာရာ တစ်နေရာအရောက်တွင် ဝူနံရံနှင့် ဦးခေါင်းတိုက်မိပြီး မျက်လုံးထဲမှ မီးပွင့်သွားမတတ် ခံစားလိုက်ရသည်၏။

သို့သော် သူသည် နာကျင်မှုကို အံကြိတ်ခံ၍ ဝူ၏အတွင်းပိုင်းသို့ ဆက်လက် တိုးဝင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ကျူးချန်လင်ကသာ သူ့အား ဖမ်းမိလျှင် သူ့အား စိတ်ကြိုက် နှိပ်စက်ပြီးမှ သတ်မည်ကို တွေးမိ၍ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဆက်ပြေးနေခြင်းပင် ဖြစ်ပါ၏။

သူသည် ထိုသို့ တိုး၍တိုး၍ ဂူအတွင်းပိုင်းသို့ ဝင်ရင်း ပို၍ပို၍ ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာသည်ကို တွေ့ရ၏။

ယခုမူ သူသည် မတ်တတ်ရပ်၍ပင် မရတော့ချေ။ လေးဘက်ထောက်၍ သွားနေရလေပြီ။ ထိုသို့ လေးဘက်သွား၍ အချိန်အနည်းငယ် ကြာလေသော် ဂူပေါက်မှာ ပို၍ ကျဉ်းမြောင်းလာပြန်လေ၏။

ထို့ကြောင့် သူသည် လေးဘက်ထောက်၍ သွားနေရာမှ မိချောင်းသွား သွားနေရလေတော့၏။ ထိုအခါ ကျူးချန်လင်လည်း သူ့နောက်သို့ ဆက်လိုက်ရန် မဖြစ်တော့ချေ။

ကျန်းဟူကျင်းမူ ဆက်၍ ဆက်၍သာ တွားသွားလိုက်ရာ မကြာမီ အရှေ့ဘက်မှ တိုးဝင်နေသော အလင်းရောင်တန်း တစ်ခုကို တွေ့ရလေ၏။ ထိုအခါ ပို၍ အားတက်လာပြီး လျင်မြန်စွာ တွားသွားလိုက်လေ၏။

ကျူးချန်လင်မူ လမ်းတစ်ဝက်တွင် ကျန်ခဲ့ရင်း ဒေါသ အမျက်လည်းထွက် ရှေ့ဆက်လည်း မလိုက်နိုင်ကာ တအော တည်း အော်နေတော့၏။



"ကျန်းဟူကျင်းရေ၊ တူလေးရေ၊ မင်းကို ငါ ဘာမှ မလုပ်ပါဘူးကွာ၊ ပြန်ထွက်ခဲ့ပါ၊ ဆက်မသွားပါနဲ့"

ကျန်းဟူကျင်းသည် ထိုအော်သံများကို ကြားသော်လည်း လုံးဝ အရေးမစိုက်တော့ချေ။ ဆက်သွားမြဲ သွားနေလေ၏။ ကျူးချန်လင်သည် မည်မျှပင် အော်နေသည့်တိုင် ကျန်းဟူကျင်း ပြန်ထွက်မလာသည်ကို မြင်သော စိတ်အပျက်ကြီး ပျက်သွား၏။ ဒေါသလည်း ပိုထွက်လာ၏။ သူသည် ကြံရာမရသည့်အဆုံး တွင် ဓားကို ဆွဲထုတ်ပြီး ဂူပေါက်နံရံကို ဝင်သာအောင် ခုတ်ခဲ့လေ၏။ သို့သော် ဂူနံရံ ကျောက်များမှာ လွန်စွာမာကြော လေသဖြင့် ဆယ်ချက်ခန့် ထိုးဖောက်လိုက်သည်နှင့် ဓားမှာ ကျိုးသွားလေတော့၏။

ကျူးချန်လင်သည် ပို၍ ဒေါသထွက်လာပြီးလျှင် တစ်ကိုယ်လုံးရှိ အားကို သုံး၍ အတင်း ရှေ့သို့တိုးဝင်လိုက်၏။ သို့ဖြင့် နောက်ထပ် တိုး၍ဝင်ရန် ကြိုးစားသော်လည်း မရတော့ချေ။ သူ့ ရင်ဘတ်နှင့် နောက်ကျောကို တောင်နံရံက ဖိထားလေပြီဖြစ်ရာ အသက်ပင် ကောင်းစွာရှူ၍ မရတော့ပေ။

ကျူးချန်လင်သည် ထိတ်လန့်တုန်လှုပ်သွား၏။ အဘယ့်ကြောင့်မူ သူ့ကိုယ်လုံးမှာ လမ်းခုလတ်တွင် ရှေ့တိုး၍ မရ၊ နောက်ဆုတ်၍ မရနှင့် မလှုပ်နိုင် မရှားနိုင် ဖြစ်နေလေပြီ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ သူသည် နောက်ဆုံးတွင် ကြောက်ကြောက်လန့်လန့်ဖြင့် တစ်ကိုယ်လုံးရှိ အားကို သုံး၍ လက်နှစ်ဖက်ကို အတင်းတွန်းထောက်ကာ နောက်သို့ ခွဲရာခဲဆစ် ပြန်ဆုတ်လိုက်ရာ ရင်ဘတ်တွင် စူးရှစွာ နာကျဉ်သွားပြီး နံရိုးတစ်ချောင်းပါ သွင်သွင် ကျိုးသွားလေတော့၏။

* * *

ကျန်းဟူကျင်းမှ ကျဉ်းမြောင်းလှသော ဂူပေါက်လမ်းအတိုင်း ကြိုးစားပမ်းစား တွားသွားရင်း နောက်ဆုံးတွင် နေရောင်ကို မြင်ရလေတော့၏။

သူသည် အမှောင်ထဲမှ ထွက်လာသဖြင့် ရုတ်တရက် မျက်လုံးများ ကျိန်းစပ်ပြီး တဖြည်းဖြည်းမှသာ မျက်လုံးကို ဖွင့်ကြည့်နိုင်လေ၏။ ထိုအခါ သူ့ မျက်စိရှေ့တွင် လွန်စွာ စိမ်းလန်း စိုပြည်သော ရှုခင်းများကို တွေ့ရလေ၏။

မှန်သည်။ ဂူပေါက်၏ အခြားတစ်ဖက်တွင်လည်း ချိုင့်ဝှမ်းကြီးဖြစ်နေ၏။ သို့သော် ထိုချိုင့်ဝှမ်း၏ အပြင်မှ ဂူပေါက်နှင့် ခြောက်ပေခန့်သာ ကွာလှမ်းလေရာ ကျန်းဟူကျင်းသည် ဂူပေါက်မှ ခုန်ဆင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချိုင့်ဝှမ်း၏အခြေ မြေကြီးပေါ်တွင် စိမ်းလန်းသော မြက်ပင်ကလေးများ ပေါက်ရောက်နေသဖြင့် နူးညံ့သော အတွေ့အထိကို ခံစားလိုက်ရသဖြင့် သူ့ရင်မှာ အေးမြသွားလေ၏။ သူ့ နှာခေါင်းထဲတွင်လည်း သင်းပျံ့သောပန်းရနံ့များ တိုးဝင်လျက်ရှိ၏။ ပြီးလျှင် လွန်စွာ လှပသော ကျေးငှက်သာရကာများ ထူးဆန်းသော တိရစ္ဆာန်များ၊ မှည့်ရွှမ်းနေသော သစ်သီးဝလံများ။ သူ့ရင်မှာ ရွှင်လန်းလျက်-တကယ့် နိဗ္ဗာန်ဘုံသို့ ရောက်လာဘိအလား ခံစားလိုက်ရလေ၏။

ကျန်းဟူကျင်းသည် သာယာသမျှ ချမ်းမြေ့ဖွယ် ကောင်းလွန်းသော ချိုင့်ဝှမ်းကြီး၏ ဝန်းကျင်ကို ကြည့်ရင်း ဝမ်းသာအားရ အော်ဟစ်ပြေးလွှားနေမိလေ၏။ သူ ပြေးလွှားကြည့်နေရာ နှစ်မိုင်ပတ်လည်ခန့်ရှိသော ချိုင့်ဝှမ်းကြီးကို လေးဘက်လေးတန်တွင် မြင့်မားသော တောင်နံရံကြီးများက ကာဆီးထားကြောင်း တွေ့ရလေ၏။

စင်စစ် သူ ရောက်ရှိနေသော နေရာမှာ တကယ်ပင် ရေဘူးကြီး၏ ဖင်ပိုင်းနှင့် တူနေ၏။ ထွက်ပေါက်မှာ အပေါ်ဘက် တစ်ပေါက်သာ ရှိလေ၏။ မည်သို့ပင်ဖြစ်စေ ကျန်းဟူကျင်းသည် လွန်စွာ ဝမ်းသာရွှင်မြူးလျက် ရှိ၏။



စိမ်းလန်းသော မြက်ခင်းတစ်နေရာတွင် တောဆိတ်များက မြက်စားနေ၏။ သူက ပြေးသွားကြည့်သော်လည်း တောဆိတ်များသည် ကြောက်ရွံ့ခြင်းမရှိ၊ ထွက်ပြေးခြင်းလည်း အလျဉ်းမရှိဘဲ မြက်များကို အေးအေးလူလူ စားမြဲ စားနေလေ၏။ ပြီး သစ်ပင်ပေါ်တွင် ပြေးလွှား ဆော့ကစားနေကြသော မျောက်ကလေးများကိုလည်း တွေ့ရ၏။ သူတို့လည်း အချင်းချင်း အသံဗလံပြုရင်း ရွှင်မြူးစွာ ဆော့မြဲ ဆော့နေကြလေ၏။ ဤနေရာမှာ အမြင့်ပိုင်းဖြစ်၍ ကျား၊ ခြင်္သေ့ကဲ့သို့သော တောရိုင်းတိရစ္ဆာန်များ ရောက်ရှိမလာခြင်း ဖြစ်ဟန်တူပါ၏။ ကျန်းဟူကျင်းသည် ခုန်ပေါက် ပြေးလွှားရင်း ရေရွတ်လိုက်၏။

"ဘုရားသခင်က ငါ့အပေါ် အတော်လေး ကရုဏာသက်ပုံရတယ်၊ ငါ သေခါနီး အချိန်မှာတောင် ငါ့အတွက် မြေနေရာကောင်းကောင်း ရှာပေးသေးတယ်"

ထို့နောက် သူသည် ဂူပေါက်ဆီသို့ ပြန်လျှောက်လာ၏။

ထိုစဉ် ကျူးချန်လင်၏ အော်သံကို ကြားလိုက်ရ၏။

"ကျန်းဟူကျင်း တူလေး၊ မင်း ထွက်လာခဲ့ပါ၊ အထဲမှာနေရင် မင်း ဘာမှ စားစရာရှိမှာ မဟုတ်ဘူး"

ကျန်းဟူကျင်းက ရယ်၍...

www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်မှာ သိပ်ပျော်စရာ ကောင်းတယ်ဗျာ၊ သိပ်ကို သာယာတာပဲဗျို့"

သူက ပြောပြောဆိုဆို အမျိုးအမည်မသိသော အပင်တစ်ပင်မှ အသီးတစ်လုံးကို ခူး၍ ဂူပေါက်ထဲသို့ ပစ်သွင်းလိုက်၏။

"ရော့ဗျို့၊ ဒီအသီးကို စားကြည့်"

သူ ပစ်လိုက်သော သစ်သီးမှာ ဂူနံရံနှင့် တိုက်မိပြီး ကျူးချန်လင်း အနားသို့ရောက်သော ကျေမွသွားလေ၏။ သို့သော် ကျူးချန်လင်သည် ငတ်မွတ်နေသည်မှာ ကြာပြီဖြစ်၍ ချက်ချင်း ကောက်ယူကာ အစေ့ပါ ဝါးစားလိုက်၏။ သူသည် စားလေ မိုက်ဆာလေ ဖြစ်လာသဖြင့် ကျန်းဟူကျင်းအား အော်ပြောလေ၏။

"တူလေး၊ ငါ့ကို နောက်ထပ်ပေးပါဦး"

ထိုအခါ ကျန်းဟူကျင်းက....

"ခင်ဗျားကြီးက စိတ်ပုပ်တယ်၊ ငတ်သေမှ ကောင်းတယ်၊ စားချင်ရင် ကိုယ့်ဘာသာ ဝင်လာယူ"

"တူလေး၊ ငါ့ကိုယ်လုံးက ကြီးတော့ ဝင်လို့ မရတော့ဘူးကွ"

ကျန်းဟူကျင်းက ရယ်၍...



"လွယ်ပါတယ်၊ ခင်ဗျားရဲ့ ကိုယ်လုံးကို နှစ်ပိုင်းပိုင်းလိုက်ရင် ဝင်လို့ရပြီပေါ့"

ကျူးချန်လင်မှာ ဒေါသထွက်ပြီး ကျန်းဟူကျင်းအား အော်ဟစ် ဆဲဆိုနေလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းဟူကျင်းမှ ရယ်မောလျက် ဝူပေါက်ဝမှ အနောက်ဘက်သို့ ပြန်လျှောက်လာ၏။ အတန်ကြာ လျှောက်မိသောအခါ တောင်ကြားတစ်နေရာတွင် ရေတံခွန်တစ်ခု စီးကျလျက်ရှိသည်ကို တွေ့ရလေ၏။ ရေတံခွန်ကြီးမှာ စိမ်းမြသော ရေကန်ကြီးတစ်ခုထဲသို့ တဝေါဝေါ ကျနေလေ၏။ သို့သော် ကန်ရေမှာ လုံးဝ ပြည့်လျှံခြင်း မရှိချေ။ အခြားထွက်ပေါက်ရှိဟန် တူလေ၏။

ကျွန်းဟူကျင်းသည် တဝေါဝေါ စီးကျနေသော ရေသံနှင့် စိမ်းမြသော ကန်ရေကို မြင်သည်နှင့် မိမိ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေသော အဖြစ်ကို သတိရပြီး နေကန်အနားသို့ လျှောက်သွားလိုက်၏။ ရောက်သော ဖိနပ်ကိုချွတ်၍ ရေထဲသို့ ခြေတစ်ဖက် ချကြည့်လိုက်၏။



"အား"

သူ့ခြေဖဝါးက ရေမျက်နှာပြင်နှင့် ထိလိုက်သည်နှင့် "အား"ဟုနဲ့ အော်၍ ထခုန်လိုက်မိ၏။ အကြောင်းမူ ရေကန်တွင်းရှိ ရေများမှာ လွန်စွာ အေးစက်လှသဖြင့် ခြေဖဝါးမှာ ရေကို ထိလိုက်မိသည်နှင့် ရေပူဖြင့် ထိသည်ထက်ပင် ပို၍ နာကျင်စေသောကြောင့်ပင် ဖြစ်၏။ သူက ခြေဖဝါးကို ကမန်းကတန်း ကြည့်လိုက်သောအခါ ခြေဖဝါးပြင်တစ်ခုလုံး နီရဲပြီး ရောင်တက်လာသည်ကို တွေ့ရလေ၏။ အကယ်၍ အချိန်အနည်းငယ်ကြာသည်အထိ စိမ်ထားလျှင်မူ ခြေထောက်တစ်ချောင်းလုံး ခဲသွားမည်မှာ သေချာလေ၏။ သူက လျှာလေးကို ထုတ်ပြီး...

"ထူးဆန်းလိုက်တာ"ဟု ရေရွတ်မိ၏။

သူသည် ငယ်စဉ်ကပင် ရေခဲမီးတောင်ကျွန်းတွင် နေထိုင်လာခဲ့ရာ မည်မျှအေးသောရေပင်ဖြစ်စေ ခံနိုင်ရည် ရှိခဲ့၏။ သို့သော် ဤမျှလောက် အေးသော ရေမျိုးကိုမူ သူ တစ်ခါမျှ မကြုံတွေ့ဖူးခဲ့ချေ။ ပို၍ ထူးဆန်းသည်မှာ ဤရေများသည် အလွန်တရာ အေးစက်နေသော်လည်း ခဲ၍မူ မသွားပါချေ။ သူသည် ရေကန်ထဲသို့ ကြည့်လိုက်၏။ ထိုစဉ် ရေအောက်ထဲမှ "အုန်း... အုန်း" ဟူသော အသံအော်သံများ ကြားရပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး နီရဲလျက်ရှိသော ဖားကြီးသုံးကောင် ရုတ်တရက် ခုန်ထွက်လာသည်ကို တွေ့ရလေ၏။ ဖားကြီးများမှာ လွန်စွာ ကြီးမားပြီး သာမန် ဖားများထက် သုံးလေးဆမျှ ကြီးမား လေ၏။ သူတို့သည် ရေထဲမှ ခုန်ထွက်လိုက်သည်နှင့် တစ်ကိုယ်လုံး ရေငွေ့များ ပျံနေလေ၏။ ပမာဆိုသော် ရေခဲတုံးမှ ရေငွေ့ပျံသကဲ့သို့ပင်။

ကျန်းဟူကျင်းသည် ထိုသို့ လွန်စွာ ထူးဆန်းသော ဖားကြီးများကို မြင်သော် ရုတ်ခြည်း ကလေးစိတ်ပေါ်လာပြီး လျှင် ဖားတစ်ကောင်ကို ဖမ်းပြီး ကစားရန် စိတ်ကူး ဖြစ်ပေါ် လာလေ၏။ သူသည် ဖားများအနားသို့ ဖြည်းညင်းညင်သာ စွာ လျှောက်သွားပြီး ဖားနီကြီးတစ်ကောင်ကို လက်ဖြင့် ဖမ်းအုပ်လိုက်လေ၏။ သို့သော် သူ့လက်က ထိုဖားနီကြီး၏ ကျောပြင်ကို ထိလိုက်သည်နှင့်အတူ နွေးထွေးသော အပူလှိုင်း တစ်ခုက ဖားနီကြီး၏ကိုယ်မှတစ်ဆင့် သူ့လက်မောင်းထဲသို့ စီးဝင်လာသည်ကို ခံစားလိုက်ရလေ၏။ ထိုဖားနီကြီးမှာ ကြမ်းတမ်းလှ၏။ ဖားနီကြီးသည် ကျန်းဟူကျင်း၏ လက်တွင်းမှ တစ်ချက်ရုန်းထွက်ပြီး လွှားခနဲ ခုန်၍ သူ့လက်မောင်းကို မလွှတ်တမ်း ကိုက်ခဲထားလေ၏။

*ကျန်းဟူကျင်းသည် အလန့်တကြားဖြစ်ကာ ဖားနီကြီး အား လက်တစ်ဖက်ဖြင့် လှမ်းခွာလေ၏။ သို့ရာတွင် ဖားနီကြီး၏*



ပါးစပ်တစ်ခုလုံးတွင် ချွန်ထက်သော သွားများဖြင့် ပြည့်နေ သည်ကို တွေ့ရ၍ အားထုတ်ပြီး ဆွဲလိုက်လျှင် မိမိ၏ လက်မောင်းသား ကျပ်လုံးခန့် ပါသွားနိုင်၏။

ထိုစဉ် အခြားဖားနီ နှစ်ကောင်ကလည်း လွှားခနဲ ခုန်လာပြီး ကျန်းဟူကျင်း၏ ခြေထောက်နှစ်ဖက်ကို ကိုက်ခဲ နေပြန်၏။ ကျန်းဟူကျင်းသည် သူ့တစ်သက်တွင် ဤမျှ အတင့်ရဲပြီး မိုက်ကန်းသော ဖားကြီးမျိုးကို မမြင်ဖူးပါချေ။

သို့ဖြင့် သူသည် လက်ချောင်းအားကို အားစိုက်ထုတ်၍ ဖားကြီး၏ ကိုယ်ကို ဖိညှစ်လိုက်ရာ ဖောင်းခနဲ အသံမြည် သွားပြီး သွေးများပန်းထွက်လာသည်ကို တွေ့ရလေ၏။ သည်တော့မှပင် ဖားနီကြီးသည် သွေးစုတ်ပြီး ကြီးထွားလာသော သတ္တဝါဖြစ်ကြောင်း သူ သိတော့၏။ သူသည် နောက်ထပ် ကိုက်ခဲလာသော ဖားနီကြီး နှစ်ကောင်ကိုပါ ဆက်၍ ညှစ်သတ် ပစ်လိုက်၏။ ထို့နောက်တွင်မှ မလွှတ်တမ်း ကိုက်ခဲထားသော ဖားနီကြီးများ၏ သွားများကို ညင်သာစွာ ခွာ၍ ဖြုတ်ချလိုက် ရ၏။ ထိုအခါ သူ့လက်မောင်းသားနှင့် ခြေထောက်တို့တွင် အင်ရှားသော သွားရာကြီးများ ကျန်ရစ်ခဲ့လေ၏။

ကျန်းဟူကျင်းသည် သေဆုံးသွားသော ဖားကြီးသုံးကောင် ကို လက်ညှိုးထိုး၍...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း... သေနာကောင်တွေ၊ လူတွေက ငါ့ကို အနိုင်ကျင့်တယ်၊ ခွေးတွေက ငါ့ကို ဝိုင်းကိုက်တယ်၊ မင်းတို့ဖားတွေကလဲ ငါ့ကို သွေးစုတ်ချင်တယ်၊ သိကြရောပေါ့ကွာ ငါ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ မင်းတို့ကို ငါ အခုပဲ ချက်စားပစ်မယ်၊ ကဲ နောက်တစ်ခါ မင်းတို့ ငါ့ကို အနိုင်ကျင့်ရဲရင် ကျင့်ကြစမ်း"

သူသည် စကားအဆုံးတွင် ဖားနီကြီး တစ်ကောင်ကို ခြေမှ ကိုင်မြှောက်၍ ကြည့်လိုက်၏။ ထိုအခါ ဖားကြီးများ၏ ပေါင်လုံးကြီးများသည် လွန်စွာ တောင့်တင်း ပြည့်ဖြိုးသည်ကို တွေ့ရသဖြင့် သွားရည်များပင် ယိုလာလေ၏။

သူသည် ချက်ချင်းပင် မီးခြစ်ကိုထုတ်၍ မီးမွှေးလိုက်၏။ ပြီးလျှင် ဖားကြီးသုံးကောင်ကို မီးကင်လေ၏။ ခဏကြာသော် မွှေးကြိုင်သော ရနံ့များ ထွက်လာသဖြင့် ကျွန်းဟူကျင်းသည် ဖားကြီးများတွင် အဆိပ်ရှိမရှိ ဆိုသည်ပင် မစူးစမ်းတော့ပဲ အားပါးတရ စားလိုက်လေတော့၏။

ဖားကြီးများမှာ တကယ်ပင် အရသာ ထူးခြားလှ၏။ သူသည် ခဏငယ်အတွင်း ဖားကြီးသုံးကောင်စလုံးကို စားပစ်လိုက်လေ၏။ ထိုသို့ စားပြီးနောက် မရှေးမနှောင်းမှာပင် သူ့ဗိုက်ထဲမှ နွေးထွေးသော အပူလှိုင်းတစ်ခု တက်လာပြီးလျှင် ချက်ခြည်းပင် သူ့တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွား၏။ ပမာဆိုသော် ကျွန်းဟူကျင်းသည် တစ်ကိုယ်လုံးသို့ ရေနွေးများဖြင့် စိမ်၍ ချိုးလိုက်ရသကဲ့သို့ နွေးထွေးစွာ ခံစားလိုက်ရလေ၏။



စင်စစ် ဤဖားနီကြီးများသည် လွန်စွာ ထူးဆန်းသော သတ္တဝါကြီးများပင် ဖြစ်၏။ သူတို့သည် လွန်စွာ အေးစက်လှသော ရေထဲတွင် နေရသော်လည်း သူတို့၏ သဘာဝမှာ အပူဓာတ် လွန်ကဲလွန်းသဖြင့် ဤမျှ အေးသော ရေကန်ထဲတွင် နေထိုင်နိုင်ခြင်း ဖြစ်လေ၏။ သာမန် လူတစ်ယောက်ကသာ ဤဖားကြီးများ၏ အသားကို စားမိပါက ချက်ချင်း သွေးအန်ပြီး သေနိုင်လေ၏။

ယခုသော် ကျွန်းဟူကျင်းသည် ကံကောင်းထောက်မ၍ သူ့ကိုယ်ထဲတွင် လက်ဝါးစောင်း အအေးဓာတ် အဆိပ်များ အခံရှိနေ၍ ဖားကြီး၏ကိုယ်မှ ပြင်းထန်သော အပူဓာတ် အဆိပ်နှင့် တွေ့ဆုံမိသောအခါ အဆိပ်နှစ်ခု အချင်းချင်း တိုက်ခိုက်ပြီး ပြေသွားလေတော့၏။

ထိုအခါတွင် ကျွန်းဟူကျင်း၏ ကိုယ်ထဲမှ အအေးဓာတ် အဆိပ်လည်း အနည်းငယ် လျော့ကျသွားလေ၏။ သို့သော် ဤသဘောကို ကျွန်းဟူကျင်းသည် လုံးဝ မသိပေ။ သူက အားကောင်းကောင်း ဖြင့် အားပါးတရ စားလိုက်ခြင်းသာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ထိုသို့ စားပြီးသောအခါတွင်မူ သူသည် ဗိုက်မြည်းလာလေ၏။ သို့သော် သူအိပ်နေစဉ် ဖားနီကြီးများ ထွက်လာပြီး သွေးစုတ်မည် စိုးသဖြင့် အိပ်ချင်စိတ်ကို မျိုသိပ်၍ ရေကန်နှင့်ဝေးရာ ထွက်လာခဲ့လေ၏။ ကန်နှင့် ဝေးရာသို့ ရောက်သောအချိန်တွင် သူသည် အိပ်ချင်လွန်းလာသဖြင့် မြက်ခင်းပေါ်တွင်ပင်လှဲချပြီး အိပ်လိုက်လေ၏။ အိပ်ရာမှနိုးသော် ညသန်းခေါင်ယံသို့ပင် တိုင်လေပြီဖြစ်ပါ၏။ ထိုအချိန်တွင် သူ့တစ်ကိုယ်လုံးသည် လွန်စွာ လန်းဆန်းလျက် အားအင်ပြည့်ဖြိုးနေသည်ကို တွေ့ရသဖြင့် ဤဖားကြီးများမှာ လွန်စွာအကျိုးရှိသော အာဟာရတစ်ခုဖြစ်ကြောင်း နားလည်လိုက်၏။ သူသည် မြက်ခင်းပေါ်တွင်ပင် တင်ပျဉ်ခွေ၍ ထွက်သက်ဝင်သက်ကို မှန်မှန်ရှူရှိုက်လျက် ဗိုက်ထဲရှိ အငွေ့ဓာတ်ကို တစ်ကိုယ်လုံးသို့ ပြန့်နှံ့စေလိုက်၏။

သို့သော် မကြာမီတွင် ဦးခေါင်း နောက်ကျိယစ်ဝေလာသဖြင့် အလျင်အမြန် ရပ်ပစ်လိုက်ရ၏။ သူက သက်ပြင်းရှိုက်လျက်...

"အင်း... ငါ့ကိုယ်ငါ သိပ်ကံကောင်းပြီးလို့ ထင်တာမှားတာပဲ၊ တကယ်တော့ ငါ့ကိုယ်ထဲမှာ ရှိတဲ့ လက်ဝါးစောင်း အအေးဓာတ်အဆိပ်က ဒီလောက် လွယ်လွယ်နဲ့ ...ပျောက်နိုင်ပါလား၊ ငါ စိတ်ကူးယဉ်သလို ဖြစ်နေပြီ"ဟု ...တွတ်လေ၏။

ထို့နောက်တွင်မူ သူသည် ဖြစ်ချင်ရာဖြစ်ဟု သဘော...က်လိုက်ပြီး သူ့စိတ်ကို ရွှင်လန်းလာအောင် ပြုပြင်လိုက်ရ...၏။ နောက်တစ်နေ့ နေလယ်ချိန်သို့ ရောက်သောအခါ...သည် ဆာလောင်လာသဖြင့် သစ်ကိုင်းတစ်ကိုင်းကို ချိုး၍...ကန်ထဲသို့ နှစ်ချက်မျှ နှစ်မွှေလိုက်ရာ ဖားနီကြီး သုံးကောင်...ည် ရေထဲမှာ လွှားခနဲ ခုန်ထွက်ပြီး သစ်ကိုင်းအား ကိုက်ခဲ...လေ၏။ သူက သစ်ကိုင်းကို အသာအယာ ဆွဲယူပြီး ...ကြီးများကို သတ်၍ မီးဖြင့် ကင်စားလိုက်ပြန်၏။ ထိုသို့ ...စားရင်း...

"ဒီအတိုင်းဆို ငါ မြန်မြန် မသေနိုင်သေးဘူး၊ ဒီတော့ ...ကို ချေတာပြီး သုံးမှ ဖြစ်လိမ့်မယ်"ဟု စိတ်ကူးလိုက်...၏။

သို့ဖြင့် သူသည် မီးပုံတစ်ပုံ ထပ်မွှေးပြီး မီးငြိမ်းမသွား...ရန် သစ်ရွက်ခြောက်များဖြင့် အုံထားလိုက်လေ၏။

စင်စစ် ကျန်းဟူကျင်းသည် ရေခဲမီးတောင်ကျွန်းတွင် ...ကျင့်ရှိလာခဲ့သူဖြစ်ရာ သည်သို့ လူသူ လုံးဝမရောက်နိုင်...သော နေရာတွင် တစ်ကိုယ်တည်း နေထိုင်ရခြင်းအတွက် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



မများလှပေ။ သူ့အတွက် ကျင့်သားရနေသူလို နေတတ်ထိုင်တတ် ရှိနေပြီ ဖြစ်၏။ ပြီး ရှေ့အတွက် နေရေးထိုင်ရေးကို တွေး၍ အချိန်နှင့်အမျှ အသုံးအဆောင် ပစ္စည်းများကို ကိုယ်တိုင် ကြံဖန်၍ ပြုလုပ်ထားလေ၏။ သူနှင့်အတူ ရွံ့ဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ပစ္စည်းများဖြစ်သည့် အိုး၊ ခွက်၊ ပန်းကန်၊ မီးဖိုကအစ ရှိနေပြီ ဖြစ်ပါ၏။ ထိုသို့ ကျန်းဟူကျင်း အတွက် ပစ္စည်း အသုံးအဆောင်များ လိုလေသေးမရှိအောင် ပြည့်စုံနေပြီ ဖြစ်သော်လည်း တစ်ဘက်မှ ကျူးချန်လင်အတွက်မူ အတော်ပင် ဒုက္ခနှင့် ရင်ဆိုင်နေရလေ၏။

တစ်နေ့ ညနေစောင်းချိန်လောက်တွင် ကျူးချန်လင် တစ်ယောက် ဆာလောင်နေလောက်ပြီဟု တွက်ပြီး ကျန်းဟူကျင်း က သစ်သီး သုံးလေးလုံးကို ခူးဆွတ်၍ ကျူးချန်လင်ရှိရာ ပစ်သွင်းပေးလိုက်၏။ ကျန်းဟူကျင်းသည် ဖားနီကြီးများ၏ အသားကိုမူ ပစ်မပေးချေ။ အဘယ်ကြောင့်မူ ကျူးချန်လင် တစ်ယောက် ဖားနီကြီးများ၏ အသားကိုစားပြီး အင်အား ပြည့်ဖြိုးလာလျှင် ဂူပေါက်ထဲ မရမက တိုးဝင်ပြီး သူ့အား အန္တရာယ်ပေးလာမည်ကို စိုးရိမ်၍ပင် ဖြစ်ပါ၏။ ထိုသို့ ဖားနီသားကို မကျွေးဘဲ သစ်သီးများကိုသာ ကျွေးသည့်အတွက် လည်း ကျူးချန်လင်အဖို့ ကံကောင်းသွားသည်ဟု ဆိုနိုင်၏။



အဘယ့်ကြောင့်ဟူမူ ကျန်းဟူကျင်းကသာ အကယ်၍ ဖားနီ သားကို ပစ်ပေးလျှင် ကျူးချန်လင်သည် တော်တော်ဖြင့် အားပါးတရ စားပစ်မည်မှာ သေချာသည်။ သို့ဆိုလျှင် သူ့ခမျာ ချက်ချင်း သွေးပွက်ပွက်အန်ပြီး သေပွဲဝင်ရမည်သာဖြစ်သည် မဟုတ် ပါလား။

ဤသို့ဖြင့်ပင် ကျန်းဟူကျင်းသည် ချိုင့်ဝှမ်းကြီးထဲတွင် သုံးလေးရက်မျှ ကြာလာခဲ့၏။ ဤလို နေရာမျိုးတွင် တစ်ယောက် တည်း နေရခြင်းအတွက် သူအဖို့ မထောင်းသာသော်လည်း အရေးကြီးသည်မှာ အစားအစာများကို ချက်ပြုတ်၊ ဖုတ်၊ ကင် စားနိုင်ရန် မီးသာလျှင် သူနှင့်အတူ အစဉ်တစိုက် ရှိနေဖို့ လိုပေရာ ကျန်းဟူကျင်းသည် မီးမပြတ် ရှိစေမည့် မီးဖိုကြီး တစ်လုံးကို တည်ဆောက်ရလေတော့၏။

ထိုစဉ် ရုတ်တရက် အနီးပတ်ဝန်းကျင်မှ မြောက် တစ်ကောင်၏ တကျီကျီ အော်နေသံကို ကြားလိုက်ရ၏။ အသံမှာ လွန်စွာ ရှူးဝါးပြီး တစ်စုံတစ်ခု ဖြစ်နေသော အသံမျိုး ဖြစ်ရာ ကျန်းဟူကျင်းက ပြေးသွားကြည့်လိုက်၏။ ထိုအခါ မြောက်တစ်ကောင်သည် ရေကန်အနီးတွင် ခုန်ဆွခုန်ဆွဖြင့် တအား အော်ဟစ်နေသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်း အသေအချာ ကြည့်လိုက်သောအခါတွင်မူ မျောက်၏ ကျောကုန်းပေါ်တွင် ဖားနီကြီးသုံးကောင် ရောက်ရှိနေပြီး မျောက်လေးအား ကိုက်ခဲ သွေးစုတ်လျက် ရှိသည်ကို တွေ့ရလေ၏။

ထိုစဉ်တွင် မျောက်ငယ်၏ ရှူးရှူးဝါးဝါး အော်သံကြောင့် ရေကန်ထဲမှ နောက်ထပ် ဖားနီကြီး သုံးကောင် ခုန်တက်လာပြီး မျောက်ငယ်အား ကိုက်ခဲ သွေးစုတ်ပြန်လေ၏။ ထိုအခြင်းအရာကို မြင်သော် ကျန်းဟူကျင်းသည် မျောက်ငယ်၏ လက်ကိုဆွဲ၍ ရေကန်နှင့်ဝေးရာ ခေါ်လာပြီး ဝိုင်း၍ ကိုက်ခဲ သွေးစုတ်နေသော ဖားနီကြီးများကို လက်ဖြင့် တစ်ကောင်ပြီးတစ်ကောင် ညှစ်သတ်ပစ်လိုက်၏။

သို့သော် မျောက်ငယ်၏ ဘယ်ဘက် လက်ကောက်ဝတ်တွင် ဖားနီကြီးတစ်ကောင်၏ သွားချက်ဖြင့် အရိုးသွင်သွင်ကျိုးနေပြီကို တွေ့ရလေ၏။ မျောက်ငယ်လေးမှာ ကျောကုန်းမှ ဒဏ်ရာနှင့် လက်ကျိုးသော ဒဏ်ရာကြောင့် နာကျဉ်ပြီး ရှူးဝါးစွာ အော်မြည် အော်နေလေတော့၏။ ဝေဒနာ ခံစားနေရသော မျောက်ငယ်လေးကို ကြည့်၍ ကျန်းဟူကျင်း၏ စိတ်ထဲတွင်...



"အင်း၊ ငါ့မှာ အဖော်မရှိလို့ ပျင်းနေတာနဲ့ အတော်ပဲ၊ ဒီမျောက်လေးနဲ့ မိတ်ဆွေဖွဲ့ပြီး အဖော်လုပ်ရတာပေါ့" ဟု စဉ်းစားလိုက်မိလေ၏။

သို့ဖြင့် သူသည် သစ်ကိုင်းငယ် နှစ်ကိုင်းကို ချိုး၍ မျောက်ငယ်၏ ကျိုးနေသော လက်ကောက်ဝတ်အရိုးကို ပြန်ဆက်ပြီး ဆေးပင်များကို ရှာ၍ ဆေးဖော်ပြီးလျှင် စည်းနှောင်ပေးလိုက်လေ၏။

မျောက်ငယ်လေးမှာ သူ ထင်သကဲ့သို့ပင် ယဉ်ပါး၏။ ကျေးဇူးသိတတ်၏။ ဒဏ်ရာအနည်းငယ် သက်သာလာသည်နှင့် ထိုမျောက်လေးသည် ကျန်းဟူကျင်းစားရန် သစ်သီးများကို ခူးလာပေး၏။ ဆယ်ရက်မျှ ကြာသောအခါတွင်မူ မျောက်လေးတွင် ရရှိထားသော ဒဏ်ရာများ လုံးဝ ပျောက်သွားလေတော့၏။

ထို့နောက်ပိုင်းတွင် ကျန်းဟူကျင်းသည် အံ့အားသင့်စရာ ကြုံရလေ၏။ အကြောင်းမူ အခြားမဟုတ်။ ထိုမျောက်လေးသည် သူ့အပေါင်းအသင်း ရောင်းရင်းများ မျောက်အသိုင်းအဝိုင်းအား ခေါ်ဆောင်လာ ခေါ်လိုက်၍လော မသိ။ ဒဏ်ရာရသမျှ မျောက်ကြီး မျောက်ငယ် မျောက်အသွယ်သွယ်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



အသံမပေး ဘာမပေးနှင့် ကျန်းဟူကျင်းဆီသို့ စုဝေးရောက်ရှိလာပြီး ဒဏ်ရာများကို ကုသစေလေတော့၏။

ထိုနေ့မှစ၍ ကျန်းဟူကျင်းသည် မျောက်ကုသော မျောက်သမားတော်ကြီး ဖြစ်မှန်းမသိ ဖြစ်သွားရလေတော့၏။

* * *

သည်သို့နှင့်ပင် ကျန်းဟူကျင်းသည် ချိုင့်ဝှမ်းကြီးအတွင်းတွင် တစ်လခန့် ကြာလာလေ၏။

သူသည် မျောက်၊ သမင် အပါအဝင် ကျေးငှက်သာရကာများနှင့်သာ အဖော်ပြုရင်း နေထိုင်ပြီး အစာ အာဟာရအဖြစ် ဖားသားများကိုသာ ကင်၍ လည်းကောင်း၊ ဖုတ်၍လည်းကောင်း စားသောက်နေရ၏။ ထိုသို့ နေ့စဉ်နေ့တိုင်းဖားနီကြီးများ၏ အသားကိုသာ စားလာခဲ့သဖြင့် သူ့ကိုယ်ထဲမှအအေးဓာတ်အဆိပ်များလည်း တစ်စစဖြင့် လျော့ပါး လာလေ၏။

တစ်နေ့နံနက်။ ထိုနံနက်တွင် ကျန်းဟူကျင်းသည်အိပ်ရာမှ နိုးနေသော်လည်း သူက တမင်မထသေးဘဲ လဲလျောင်းနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုတ်တရက် အမွေးအမှင်ထူထဲသော လက်တစ်ဖက်က သူ့မျက်နှာအား လာရောက် ပွတ်သပ်သည်ကို ခံစားရသဖြင့် လန့်ဖျပ်ပြီး ထခုန်ကြည့်လိုက်မိ၏။

ထိုအခါ ကြီးမားသော အဖြူရောင် မျောက်ဝံကြီးတစ်ကောင်က မျောက်ကလေးတစ်ကောင်အား ပွေ့ချီလျက် သူ့အားတွင် ဒူးထောက်နေသည်ကို တွေ့ရလေ၏။

စင်စစ် မျောက်ဝံကြီး ပွေ့ချီထားသော မျောက်လေးမှာ အခြားမဟုတ်၊ ကျန်းဟူကျင်းက လက်ကောက်ဝတ် အရိုးကို ဆက်ပေးလိုက်သော မျောက်လေးပင် ဖြစ်ပါ၏။

မျောက်လေးမှာ လိမ္မာလှ၏။ သွက်လက်လှ၏။ မျောက်ဝံကြီး၏ ရင်ခွင်မှနေ၍ အသံ တကျွီးကျွီးပြုရင်း သူ့လက်ဖြင့် မျောက်ဝံကြီး၏ ဗိုက်ကို ထိုးပြနေ၏။ ထိုအချိန်တွင် ကျန်းဟူကျင်း၏ နှာခေါင်းထဲသို့ လွန်စွာ ပုပ်ဟောင်သော အနံ့အသက်များ တိုးဝင်လာ၏။

သူက မျောက်ဝံဖြူကြီး၏ ဝမ်းဗိုက်ကို တို့ကြည့်လိုက်သောအခါတွင်မူ မျောက်ဝံဖြူကြီး၏ ဗိုက်တွင် ကြီးမားသော အနာကြီးတစ်ခုကို တွေ့ရ၏။ ထိုအခါ သူက မျောက်ငယ်ကောင်လေးအား ရယ်မော၍...



"ကောင်းတယ်၊ ကောင်းတယ်၊ မင်းက ငါ့အတွက် လူနာအသစ်တစ်ယောက် ခေါ်လာပြန်ပြီပေါ့၊ ဟုတ်လား"ဟု ဆိုလေ၏။

ထိုစဉ် မျောက်ဝံကြီးသည် ကျန်းဟူကျင်းအား သူ့လက်နှစ်ဖက်ဖြင့် အသီးတစ်လုံးကို ကမ်းပေးလေ၏။ ထိုအသီးမှာ အမျိုးအမည် မသိသော်လည်း လွန်စွာ ကြီးမားပြီး မှည့်နေ၏။

ကျန်းဟူကျင်းက ရယ်၍...

"ဪ လက်စသတ်တော့ ဆေးကုခ လာပေးတာကိုး၊ စိတ်ချ၊ ဆေးကုခ တစ်ပြားတစ်ချပ်မှ မရလဲ ကျုပ်က ခင်ဗျားကြီးကို စေတနာသန့်သန့်ထားပြီး ကုပေးမှာပါပဲ"ဟု ဆို၏။

ထို့နောက် ကျန်းဟူကျင်းသည် မျောက်ဝံကြီး၏ အနာကို စစ်ဆေးလိုက်၏။ ကျန်းဟူကျင်း တုန်လှုပ်သွား၏။ အကြောင်းမူ မျောက်ဝံကြီး၏ အနာကြီးမှာ လေးထောင့်ပုံသဏ္ဍာန်ဖြစ်နေပြီး အနာကြီး၏ အလယ်ဗဟိုရှိ ဗိုက်သားမှာ လွန်စွာမာကျောနေသည်ကို အံ့သြဖွယ် တွေ့ရလေ၏။

သူက မျောက်ဝံကြီး၏ ဗိုက်မှ အမွေးအမှင်များကို လှန်၍ အသေအချာ စစ်ဆေးကြည့်လိုက်သောအခါတွင်မူ ပို၍ အံ့သြ တုန်လှုပ်သွားရပြန်၏။ အကြောင်းမူ မျောက်ဝံကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်မှ လေးထောင့်သဏ္ဍာန် အနာပတ်လည်. တစ်လျှောက်လုံးတွင် အပ်ဖြင့် အနိုင်အမာ ချုပ်ထားသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။

ဤမျောက်ဝံကြီးများသည် လွန်စွာ လိမ္မာသော်လည်း အပ်ကိုမူ အသုံးချတတ်မည် မဟုတ်ပေ။ သို့ဖြစ်၍ လူသားတစ်ဦးဦး၏ လက်ချက်ဖြစ်ကြောင်း သိသာလှ၏။

သို့ဖြင့် ကျန်းဟူကယင်းသည် ဓားမြှောင်တိုလေးကို ထုတ်၍ ချုပ်ရိုးကို ဖြေပေးလိုက်၏။ မျောက်ဝံကြီးမှာ အသက်အရွယ် ကြီးပြီဖြစ်၍ လူ့စိတ်သဘောကို သိဟန်တူ၏။ သူက ကျန်းဟူကျင်းတစ်ယောက် သူ့အတွက် ကုသပေးနေကြောင်း သိဟန်ဖြင့် လွန်စွာ နာကျင်သော်လည်း ရုန်းကန်ခြင်းမပြုဘဲ ငြိမ်၍နေ၏။

ကျန်းဟူကျင်းသည် ချုပ်ရိုးများကို ဖြေပြီးသောအခါ အရေခွံကို လှန်၍ ကြည့်လိုက်၏။ ထိုအခါ မျောက်ဝံကြီး၏ ဗိုက်သားထဲတွင် ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော အထုတ်တစ်ထုပ်ကို တွေ့ရသဖြင့် ကျန်းဟူကျင်းက ပို၍ အံ့သြသွား၏။

သို့သော် သူသည် အထုပ်ထဲမှ အရာဝတ္ထုကို ဖွင့်မကြည့်သေးဘဲ နံဘေးတွင် ချထားပြီးလျှင် မျောက်ဝံကြီး၏ ဗိုက်အရေခွံကို ပြန်၍ချုပ်ပေးလိုက်၏။



ကျန်းဟူကျင်း အသုံးပြုသောအပ်မှာ ဖားနီကြီး၏ သွားဖြင့် ပြုလုပ်ထားပြီး ကြိုးကိုတော့မူ သစ်ခေါက်ကိုကျစ်၍ စီမံထားလေ၏။ သို့နှင့် နေ့ဝက်ခန့်ကြာသော် ခွဲစိတ်မှုလုပ်ငန်းများ ပြီးစီးသွားလေ၏။

မျောက်ဝံကြီးမှာ ခွဲစိတ်ခံရစဉ်က နာကျင်မှုကို အောင့်၍ ခံနိုင်ခဲ့သော်လည်း ပြီးစီးချိန်တွင်တော့မူ မြေကြီးပေါ်တွင် လဲလျောင်း၍ နေလိုက်ရလေ၏။ ထို့နောက်တွင်မူ ကျန်းဟူကျင်းသည် ဆီစိမ်စက္ကူတွင် ပေကျံနေသော သွေးများကို အလျင် ဆေးကြောပြီးလျှင် အထုပ်ကိုဖွင့်၍ ကြည့်လိုက်လေတော့၏။ ထိုအခါ . . .

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းဟူကျင်းသည် သူ့မျက်လုံးကိုပင် သူမယုံကြည်နိုင်လောက်အောင် ဖြစ်သွားလေ၏။ အကြောင်းမူ ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော အထုပ်လေးထဲတွင် ကျမ်းစာအုပ်ပါးပါးလေးတစ်အုပ်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။

ကျမ်းစာအုပ်လေးမှာ မျောက်၏ ဗိုက်ထဲတွင် အချိန်ကြာမြင့်စွာ ရှိခဲ့သော်လည်း ဆီစိမ်စက္ကူဖြင့် အလုံအခြုံ ပတ်ထား သောကြောင့် လုံးဝ အကောင်းပကတိအတိုင်း ရှိနေလေ၏။

ကျန်းဟူကျင်းသည် ကျမ်းစာအုပ်၏ ပထမ စာမျက်နှာအား အလျင်စလို လှန်လှောကြည့်လိုက်၏။



သို့သော် စာလုံးမှာ ကွေးကွေးကောက်ကောက် ဘာစာ[illegible] မသိအောင် ရှုပ်ထွေးနေသည်ကို တွေ့ရပြီး အဓိပ္ပာယ်[illegible]အမှန်းမသိအောင် ဖြစ်နေလေ၏။

သို့ရာတွင် ထိုကွေးကွေးကောက်ကောက် ရှုပ်ရှုပ်ထွေးထွေး[illegible]ကြောင်းများ အကြားတွင် သေးငယ်သော လက်ရေးဖြင့်[illegible]သားထားသည့် တရုတ်ဘာသာ စာလုံးများကို တွေ့ရလေ၏။[illegible]န်းဟူကျင်းက စိတ်ဝင်တစားဖြင့် ဖတ်လိုက်သောအခါတွင်မူ[illegible]အမှာ ထွက်သက်ဝင်သက် အတွင်းအား ကျင့်စဉ် ဖြစ်ဟန်[illegible]ကြောင်း ခန့်မှန်း၍ ရလိုက်၏။

ဆက်၍ဆက်၍ ဖတ်ကြည့်လိုက်သော အခါတွင်မူ[illegible]န်းဟူကျင်းသည် ရင်တစ်ချက် ခုန်သွားရပါ၏။ အကြောင်းမူ[illegible]နှင့် လွန်စွာ ရင်းနှီးကျွမ်းဝင်သော စာကြောင်း နှစ်ကြောင်း[illegible] တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။

ကျန်းဟူကျင်းသည် ထိုစာကြောင်း နှစ်ကြောင်းကို[illegible]၍ သူ ဘယ်အချိန်က ဖတ်ခဲ့ဖူးကြောင်း စဉ်းစားလိုက်[illegible]သော် ရုတ်တရက် သူ မြန်၍ သတိရလာ၏။ မှန်သည်။[illegible]သည်စာကြောင်း နှစ်ကြောင်းကို သူသည် သူ့ဆရာ ဘိုးဘိုးနှင့်[illegible]ရှောင်လင်ကျောင်းသို့သွားပြီး ရှောင်လင်၏ နေစကြာသိုင်း[illegible]ကျင့်စဉ်ကို သင်ယူစဉ်က သည်စာကြောင်း နှစ်ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သင်ယူခဲ့ရသည် မဟုတ်ပါလား။ သို့သော် ထိုစာကြောင်း
နှစ်ကြောင်း၏အောက် အခြား စာကြောင်းများကို ဆက်
ဖတ်ကြည့်လိုက်သောအခါတွင်မူ စာသားများက မတူတော့
သူက ဆက်၍ လှန်လှောဖတ်ကြည့်ပြန်ရာ နောက်ထပ် ရင်း
ကျွမ်းဝင်ခဲ့ဖူးသော စာကြောင်း နှစ်ကြောင်းကို တွေ့ရပြန်
ထိုစာကြောင်းနှစ်ကြောင်းမှာ အခြားမဟုတ်။ သူ့ဆရာ ဘိုးဘိုး
ဟူတန်းဂိုဏ်း နေစကြာသိုင်းကျင့်စဉ်ထဲမှ စာသားများ ဖြစ်
လေ၏။ ထို့ကြောင့် ကျန်းဟူကျင်းသည် ရင်အခုန် မြန်လာ
ရ၏။ သူက ကျမ်းစာအုပ်ကို အမြန်ပိတ်၍ အသေအချာ
စဉ်းစားလိုက်၏။

"အင်း... ဒီကျမ်းစာအုပ်က ဘာ ကျမ်းစာအုပ်ပါလိမ့်
ဘယ့်နဲ့ကြောင့် ရှောင်လင်ဂိုဏ်းရဲ့ နေစကြာသိုင်း ကျင့်စဉ်
ငါတို့ ဟူတန်းဂိုဏ်းရဲ့ နေစကြာ သိုင်းကျင့်စဉ်ပါ ပါ
တာလဲ"

သူက ထိုသို့ ရေရွတ်ပြီးနောက် သူ့ဆရာ ဘိုးဘိုး
သူ့အား ရှောင်လင်ဘုရားကျောင်းသို့ ခေါ်လာစဉ်တွင် လမ်းခရီး
ပြောပြသော ဇာတ်လမ်းတစ်ခုကို ပြန်၍ သတိရလာ၏။

ထိုဇာတ်လမ်းတွင် သူ့ဆရာ ဘိုးဘိုး၏ ဆရာရင်း
ကြွယ်ရှင် ဆရာတော်က နေစကြာ သိုင်းကျင့်စဉ်ကို ဘယ်နည်း



ဘယ်ပုံ ရရှိခဲ့ပုံ၊ ဆရာဘိုးဘိုး၊ ကော့လင်းလင်းနှင့် ရှောင်လင်ဂိုဏ်းမှ ဟူဆက် ဆရာတော်တို့ သုံးဦးက ဘယ်သို့ တစ်ယောက်တစ်မျိုးစီ ရရှိခဲ့ပုံများကို သူ့အား ပြောပြခဲ့သည် မဟုတ်ပါလား။

"ဒီကျမ်းစာအုပ်ကို ဟို အခိုးခံရတဲ့ နေစကြာ သိုင်းကျင့်စဉ်ရဲ့ ကျမ်းစာအုပ်များလား၊ ဟုတ်ပြီ၊ ဆရာဘိုးဘိုးက ပြောဖူးတယ်၊ နေစကြာ သိုင်းကျင့်စဉ်ကို အိန္ဒိယ ကျမ်းစာအုပ်တစ်အုပ်ရဲ့ စာသားတွေကြားထဲမှာ ရေးသားထားတယ်တဲ့၊ အခု ဒီ ကွေ့ကွေ့ကောက်ကောက် စာလုံးတွေက အိန္ဒိယစာလုံးတွေပဲ ဖြစ်ရမယ်၊ ဒါပေမယ့် ဘယ့်နှယ်လုပ်ပြီး ဒီကျမ်းစာအုပ်က ဒီမျောက်ဝံကြီးရဲ့ ဗိုက်ထဲကို ရောက်နေရတာပါလိမ့်"

စင်စစ် ဤကျမ်းစာအုပ်မှာ တကယ်လည်း နေစကြာသိုင်းကျင့်စဉ် ကျမ်းစာအုပ်ပင် ဖြစ်ပါ၏။ သို့သော် ဤကျမ်းစာအုပ်က ဘယ်လိုကြောင့် ဤမျောက်ဝံကြီး၏ ဗိုက်ထဲသို့ ရောက်ခဲ့ရပုံကိုမူ မည်သူမျှ မသိနိုင်ကြတော့ပေ။ အမှန်မှာ ရှေးလွန်လေပြီးသော နှစ်ပေါင်းများစွာက ရှောင်ရှမ်းနှင့် ရီခေါ်ဆိုသူ နှစ်ယောက်သည် ရှောင်လင်ဘုရားကျောင်းသို့ တိတ်တဆိတ် ဝင်ပြီး ဤ ကျမ်းစာအုပ် နှစ်အုပ်ကို ခိုးယူသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျန်းဆန်းဖုန်း၏ဆရာ ကြွယ်ရှင်ကိုယ်တော်က သိသွားသဖြင့် ဝါဆန်းတောင်သို့ လိုက်ခဲ့၏။

ရှောင်ရှမ်းနှင့် ရီခေါ်တို့ နှစ်ယောက်မှာ မလွတ်နိုင်မှန်း သိ၍ မျောက်ဝံတစ်ကောင်ကို ဖမ်းပြီး မျောက်ဝံ၏ ဗိုက်ထဲတွင် ထည့်၍ ချုပ်ထားလိုက်၏။ ကြွယ်ရှင်ကိုယ်တော်က သူ၏ နှစ်ယောက်ကို မိ၍ သူတို့ကိုယ်တွင် ရှာဖွေသောအခါ ထ ကျမ်းစာအုပ်ကို လုံးဝ မတွေ့ရတော့ပေ။

နောက်ပိုင်းတွင် ရှောင်ရှမ်းနှင့် ရီခေါ်တို့သည် မျောက် ကို ခေါ်၍ ဆီးရီနယ်သို့ တိမ်းရှောင်လာခဲ့ကြ၏။ သူတို့သည် လမ်းခရီးတွင် တစ်ယောက်ကိုတစ်ယောက် စိတ်မချသဖြ သတိဖြင့် နေ့နေကြ၏။

တစ်နေ့တွင် သူတို့နှစ်ဦးသည် ခွန်းလွန်တောင်ထိပ်သို့ ရောက်လာကြ၏။ ထိုအချိန်တွင် နှစ်ယောက်သားသည် တစ်ဦးကို တစ်ဦး စိတ်မချရာမှ ပေါက်ကွဲလာပြီး သူသေကိုယ်သေ တိုက်ခိုက်ကြရာ နှစ်ဦးစလုံး ဒဏ်ရာ အပြင်းအထန်ရပြီး သေဆုံးသွားခဲ့၏။ ထိုအခါ မျောက်ဝံမှာလည်း ထွက်ပြေးပြီး တောင်ထွထပ်ရာသို့ ရောက်လာခဲ့လေ၏။

ရီခေါ် အသက်ထွက်လုလု အချိန်တွင် ခွန်းလွန် ဘုရား သုံးဆူ အမည်တွင်သော ဟိုတောက်ကျူးနှင့် တွေ့ပြီး သူ



နောင်တကြီးစွာ ရပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရှောင်လင် ဘုရားကျောင်းသို့ သွားရောက်ပြီး ကြွယ်ရှင်ဆရာတော်အား ကျမ်းစာအုပ်မှာ ဆီစိမ်စက္ကူဖြင့် ထုပ်ပိုးပြီး မျောက်ဗိုက်ထဲတွင် ဝှက်ထားခဲ့ကြောင်းကို ပြောပြပါရန် အကူအညီတောင်း မှာကြား သွားခဲ့၏။ သို့သော် ရီခေါ်သည် အသက်ထွက်လုလု အချိန် ဖြစ်၍ စကားများမှာ မပီသဘဲ ဟိုတောက်ကျူး နားထဲတွင် "ကျမ်းကဆီမှာ" ဟူသော မပီပိုးဝါး အသံကိုသာ ကြားလိုက် ရလေ၏။

သို့ဖြင့် မျောက်ဝံကြီးသည် ခွန်းလွန်တောင်တွင် လှည့်လည်သွားလာ ကျက်စားရင်း ထူးဆန်းသော သစ်သီး တစ်မျိုးကို ခူးစားမိရာ သူ့အသက်မှာလည်း လွန်စွာ ရှည်လျားခဲ့ လေသည်။

အနှစ်ကိုးဆယ်ခန့် ကြာလာသောအချိန်တွင်မူ မျောက်ဝံ ကြီးသည် နဖူးသန်မာဆဲ၊ ဖျတ်လတ် သွက်လက်ဆဲပင် ဖြစ်နေပြီး တစ်ကိုယ်လုံးရှိ မူလအမည်းရောင် အမွေးအမှင်များလည်း အဖြူရောင်သို့ ပြောင်းလဲလာလေတော့၏။ ယခု မျောက်ဝံကြီးမှာ ရီခေါ်တို့ ချုပ်ထားခဲ့သော နေရာတွင် အနာပေါက်လာပြီး မခံ မရပ်နိုင်အောင် ဖြစ်လာရာမှ ကျန်းဟူကျင်းက ကုပေးလိုက် သောအခါတွင်မူ လွန်စွာ သက်သာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ဇာတ်ကြောင်းနှင့် ပတ်သက်၍ ကျန်းဟူကျင်းသည် ဦးခေါင်းပေါက်ကွဲသွားအောင် စဉ်းစားလျှင်လည်း သိလိမ့်မည် မဟုတ်ပါချေ။

ကျန်းဟူကျင်းသည် မျောက်ဝံကြီးပေးသော သစ်သီးကို စားလိုက်၏။ ထိုအသီးမှာ ဘာသီးမှန်း မသိသော်လည်း အရသာမှာမူ ကောင်းမွန်လှ၏။ ကျန်းဟူကျင်းသည် ထိုအသီးကို စားရင်း စဉ်းစားလိုက်ပြန်၏။

"ဆရာဘိုးဘိုးက ပြောတယ်၊ ငါသာ ရှောင်လင်ဟိုက်ဏ်ား ရယ်၊ ဟူတန်းဂိုဏ်းရယ်၊ မေဝါဂိုဏ်းရယ် ဒီသုံးဂိုဏ်းရဲ့ နေစကြာသိုင်းကျင့်စဉ် သုံးခုကို ပေါင်းပြီး လေ့ကျင့်ရင် ငါ့ကိုယ်ထဲက အအေးဓာတ်အဆိပ်ကို ဖြေစေနိုင်လိမ့်မယ်တဲ့၊ အခု ဒီကျမ်းက မူရင်း နေစကြာသိုင်းကျင့်စဉ်ရဲ့ ကျမ်းစာအုပ် ဆိုတော့ ပိုပြီးတော့တောင် ကောင်းသေးတာပေါ့၊ ငါ့မှာလဲ ဒီ ချိုင့်ဝှမ်းကြီးထဲမှာနေပြီး ဘာမှ လုပ်စရာမရှိတာ၊ ဒီတော့ ဒီကျမ်းစာအုပ်ထဲမှာပါတဲ့ ကျင့်စဉ်တွေကို လေ့ကျင့်လိုက်မယ်၊ တကယ်လို့ ငါ ကျင့်တာမှားပြီး ဒီကျမ်းစာအုပ်က လူကို ဥပါဒ် ဖြစ်စေနိုင်တယ် ဆိုရင်လဲ အလွန်ဆုံး သေရုံမဲ့ရှိမှာပေါ့၊ ငါက နဂိုကတည်းက သက်ဆိုးရှည်မယ့်လူမှ မဟုတ်တာ"



ထို့နောက်တွင်မူ ကျန်းဟူကျင်းသည် သူ့စိတ်ထဲတွင် ဘာမျှ ပူပင်သောက အစွဲအလမ်းများ မထားတော့ဘဲ ကျမ်းစာအုပ် ပထမတွဲကိုယူပြီး ကျန်သုံးတွဲကိုမူ ကျောက်တုံးကြီး တစ်တုံး အောက်တွင် သေချာစွာ ဝှက်ထားလိုက်လေ၏။ သူ ဤသို့ ပြုရသည်မှာ ကျမ်းစာအုပ်များကို မျောက်များက ဘာမှန်း ညာမှန်း မသိဘဲ ဆော့ကစားပြီး ဆုတ်ဖြဲပစ်လိုက်မည်စိုးသော ကြောင့်ပင် ဖြစ်ပါ၏။

သူသည် ကျမ်းစာအုပ် ပထမတွဲကို ယူပြီးနောက် ကျင့်စဉ်များကို အလွတ်ကျက်လိုက်၏။ ပြီးမှ တစ်ပိုဒ်ချင်း လက်တွေ့ ကျင့်လိုက်လေ၏။

သူ့စိတ်ထဲတွင် . . .

"ငါဟာ တကယ်လို့ ဒီ နေစကြာသိုင်းကျင့်စဉ်ကို တတ်မြောက်လို့ ငါ့ကိုယ်ထဲက အအေးဓာတ်အဆိပ်ကို ဖြေနိုင် တယ်ပဲထားဦး ဒီချိုင့်ကြီးထဲကနေ ထွက်နိုင်မှာတော့ မဟုတ်ဘူး"

"ဒီချိုင့်ဝှမ်းကြီးထဲမှာသာ တစ်သက်လုံး ငါ နေသွား ရမယ်ဆိုတော့ နေစကြာသိုင်းကျင့်စဉ်ကို အေးအေးဆေးဆေး လေ့ကျင့်သွားလို့ ရတာပေါ့၊ နို့မဟုတ်လို့ မြန်မြန်လေ့ကျင့်ပြီး မြန်မြန် တတ်မြောက်သွားရင် ဘာမှ လုပ်စရာ ကျန်တော့မှာ မဟုတ်လို့ ပျင်းစရာကြီးဖြစ်နေမှာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုသို့ စိတ်ကူးလိုက်မိသောကြောင့်လည်း နေစကြာသိုင်းကျင့်စဉ်၏ အဓိကအချက်နှင့်ညီညွတ်သွားတော့၏။

အကြောင်းမှာ နေစကြာသိုင်းကျင့်စဉ်ကို လေ့ကျင့်ရာတွင် အဓိက အရေးကြီးဆုံးအချက်မှာ ဦးစွာ မိမိစိတ်ကို မိမိ တည်ငြိမ်အောင် ထားနိုင်ဖို့ပင် မဟုတ်ပါလား။

စင်စစ် ဤနေကြာသိုင်းကျင့်စဉ်ကို တားမားဆရာတော်ဘုရားကြီး ရေးသားပြုစုစဉ်က အပိုင်း နှစ်ပိုင်း ခွဲခြားထား၏။ တစ်ပိုင်းကို နေစကြာသိုင်းဟု အမည်ပေးထားပြီး နောက်တစ်ခုကို လ,စကြာသိုင်းကျင့်စဉ်ဟု အမည်ပေးခဲ့၏။ ဤသိုင်းစာအုပ် နှစ်အုပ်၏ သိုင်းပညာမှာ တစ်ခုကို တစ်ခု ထိန်းချုပ်ထား၏။ အပူနှင့် အအေး ဖြစ်လေ၏။

နေစကြာသိုင်း ကျင့်စဉ်၏ သိုင်းပညာမှာ အတွင်းအားနှင့် ကိုယ်ခံအားကို အဓိကထား၏။ လ,စကြာသိုင်းကျင့်စဉ်၏ သိုင်းပညာမှာမူ တိုက်ခိုက်အားဖြင့် ရန်သူကို အနိုင်ယူခြင်းကို အဓိကထား၏။

ထို့ကြောင့် အတွင်းအားသိုင်းပညာတွင် နေစကြာသိုင်းကျင့်စဉ်က သာလေ၏။ သိုင်းကွက်ထက်မြက်မှုနှင့် သိုင်းကွက်ပြောင်းလဲ လျင်မြန်မှုတွင် လ,စကြာ သိုင်းကျင့်စဉ်က သာလွန်လေသည်။



သို့ဖြင့် ကျန်းဟူကျင်းသည် စိတ်လက်တည်ငြိမ် အေးအေးလူလူ စိမ်ပြေနပြေလေ့ကျင့်ခဲ့ရာ မမျှော်လင့်ဘဲ ပထမတွဲကို လေးလနှင့်ပင် အောင်မြင်စွာ ပြီးစီးအောင် လေ့ကျင့် ပြီးချိန်တွင်မူ သူ့သက်တမ်းမှာ သမားတော်ကြီး ဟိုချင်းပြော သကဲ့သို့ တစ်နှစ်မျှသာ အသက်ရှင် နေနိုင်ခွင့် ရတော့မည်ဟူသော စကားထက်ကျော်၍ နှစ်နှစ်အတွင်းသို့ ကျန်းမာပကတိ ဖြင့် ရောက်ရှိလာပြီ ဖြစ်ပါ၏။ ယခုအချိန်တွင် ကျန်းဟူ ကျင်း၏ ကိုယ်ထဲ၌ အအေးဓာတ် အဆိပ်တက်ခြင်း လုံးဝမရှိ ရုံမျှမက အတွင်းအားလှိုင်းများလည်း သူ့ခန္ဓာကိုယ် တစ်ခုလုံး အတွင်းတွင် လည်ပတ်စီးဆင်းလျက်ရှိသည့်ကို ခံစားလိုက်ရလေ ၏။ ထိုအခါ ကျန်းဟူကျင်းသည် ကျမ်းစာအုပ်အပေါ်တွင် ပို၍ယုံကြည်လာလေ၏။ ထို့နောက် သူသည် ပထမတွဲကို သိမ်းဆည်းပြီး ဒုတိယတွဲကို ထုတ်ယူကာ ဆက်လက်လေ့ကျင့် ပြန်၏။ အမှန်မူ သူသည် မျောက်ဝံကြီးကပေးသော အမည်မသိ သစ်သီးနှင့် ဖားနီသားကို အမြဲလိုလို စားသောက်လာရာ အပူဓာတ်မှာ အလွန်အားကောင်းပြီး နေစကြာ သိုင်းကျင့်စဉ်ကို ပို၍ ကောင်းမွန်လွယ်ကူစွာ လေ့ကျင့်နိုင်ခဲ့ခြင်းပင် ဖြစ်လေ၏။

သူသည် ဒုတိယတွဲ၏ တစ်ဝက်မျှ လေ့ကျင့်ပြီးသော အချိန်တွင်မူ သူ့ကိုယ်ခန္ဓာထဲတွင် အအေးဓာတ် အဆိပ်များ

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမကျန်ရှိပါတော့ချေ။ သို့ဖြင့် ကျန်းဟူကျင်းသည် နေ့စဉ်နေ့တိုင်း သိုင်းပညာကို လေ့ကျင့်ပြီး အာဟာရအလို့ငှာ ထူးဆန်းသော သစ်သီးများနှင့် ဖားနီသားများကို စား၍ မျောက်များကို အဖော်ပြုနေထိုင်လာခဲ့လေ၏။ ထိုပြင် သူသည် နေ့စဉ်ပင် သစ်သီးသုံးလေးလုံးကို ခူးဆွတ်၍ ကျူးချန်လင်ရှိရာ ဂူပေါက်ထဲသို့ လှမ်းပစ်ကာ ကျွေးမွေးလေ၏။

ကျန်းဟူကျင်းအဖို့ သူ့ကမ္ဘာသည် လွန်စွာအေးချမ်းသာယာရလေ၏။ သို့သော် ကျူးချန်လင်အဖို့မူ ကျောက်တောင်နှုတ်ခမ်းလေးနှင့် ကျောက်ဂူကျဉ်းကျဉ်းလေးတွင်သာ နေထိုင်ရသဖြင့်သူ့ကမ္ဘာသည် ဒုက္ခဘုံပမာ ဖြစ်လေ၏။

သို့ဖြင့်ကျန်းဟူကျင်းသည် ကျမ်းစာ၏ ဒုတိယတွဲကို လေ့ကျင့်ပြီး မြောက်၍ တတိယတွဲကို ဆက်လက်လေ့ကျင့်လိုက်သောအခါတွင်မူ သူကအအေးဓာတ်ကို လုံးဝမကြောက်တော့ချေ။ သူက စိတ်ရွှင်လန်း ပျော်ရွှင်လျက် အတွင်းအားလှိုင်းများစီးဝင်နေသဖြင့် ဖားနီကြီးများလည်း သူ့အသားကို ကိုက်ခဲရန် မဝံ့တော့ချေ။

ရေကန်ရှိရာရေမှာ လွန်စွာ အေးစိမ့်လင့်ကစား သူက ဖြုံရန်ပင် သတိမရတော့ချေ။



နေစကြာ သိုင်းကျင့်စဉ်မှာလည်း နောက်ပိုင်းသို့ရောက်လေ မိုမို ခက်ခဲနက်နဲလာလေ ဖြစ်၏။ တတိယတွဲပြီးစီးအောင် ကျန်းဟူကျင်းသည် အချိန်တစ်နှစ်တိတိ လေ့ကျင့်ခဲ့ရ၏။ နောက်ဆုံးတစ်တွဲကိုမူ နှစ်နှစ်တိတိ လေ့ကျင့်တော့မှပင် လုံးဝအောင်မြင်သွားခဲ့လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ယနေ့သည် ကျန်းဟူကျင်းတစ်ယောက် ကျမ်းစာအုပ်များကို ပိတ်ပြီးသကာလ သူ့ရင်ဝယ် ခံစားမှုများစွာ ထွက်ပေါ်လျက်ရှိလေ၏။ ယခုဆိုလျှင် ဤချိုင့်ဝှမ်းကြီးထဲသို့ သူရောက်ရှိနေခဲ့သော ကာလမှာလေးနှစ်မျှ အချိန်ကြာမြင့်ခဲ့လေပြီ။ ထို့ကြောင့် ကျန်းဟူကျင်းသည် ကလေးအရွယ် လူမမည်အဖြစ်မှ ယနေ့ဆိုလျှင် လူကြီးဘ၀သို့ ကူးလူးရောက်ရှိလာပြီဖြစ်ပါ၏။

လေးနှစ်တာကာလအတွင်း ပြင်ပလောကတွင် ဘယ်ရွှေ့ဘယ်မျှ ရှုပ်ထွေးနေမည် မသိသော်လည်း သူ့အဖို့မူ ဤလူသူမရှိသောနေရာတွင် တစ်ယောက်ထီးတည်းနေရင်း လွှမ်းစွာ ခက်ခဲနက်နဲသော နေစကြာသိုင်းကျင့်စဉ်ကို အောင်မြင်စွာ လေ့ကျင့်နိုင်ခဲ့၏။



ဤရက်များတွင် သူသည် စိတ်လိုလက်ရရှိလျှင် မျောက်များနှင့်အတူ တောင်နံရံပေါ်သို့ ပျော်ရွှင်စွာဖြင့် တွယ်တက်လျက်ဆော့ကစားလေ၏။ စင်စစ် သူသည် တောင်ထိပ်သို့တိုင်တက်လိုလျှင် သူတတ်မြောက်သော သိုင်းပညာအကူအညီဖြင့် တက်နိုင်ပါ၏။ သို့သော် ပြင်ပလူ့လောက၏ ယုတ်မာကောက်ကျစ်သော သဘောသဘာဝကို တွေးမိတိုင်း သူသည် ကြောက်ရွံ့လျက် တောင်ထိပ်သို့ တက်ချင်စိတ် ကုန်ခန်းခဲ့၏။ သူသည် တစ်ခုတည်းသော ကျောက်နံရံတွင် တွင်းတူးပြီး ကျမ်းစာအုပ်လေးအုပ်ကို အသေအချာ ထုတ်ပိုး၍ ထည့်လိုက်၏။ ပြီးလျှင် မြေကြီးဖြင့်အကျအနပြန်၍ ဖို့ထားလိုက်၏။ သူ့စိတ်ထဲတွင်သည်း –

"အဖိုးမဖြတ်နိုင်တဲ့ ဒီကျမ်းစာအုပ်တွေကို လူသူအခင်မတန်ရောက်ပေါက်ခဲ့တဲ့ဒီနေရာမှာပဲ မြှုပ်နှံထားခဲ့မယ်၊ အင်း – နောင်တစ်ချိန် ကံကောင်းထောက်မ,လို့ ထိုက်တဲ့လူတွေရှိရင်သဲ သူ့ကုသိုလ်ကံပေါ့လေ"

ပြီးလျှင် ကျန်းဟူကျင်းသည် ထိုကျောက်နံရံပေါ်တွင်ပင်–

"ကျန်းဟူကျင်း၊ကျမ်းစာအုပ်မြှုပ်နှံထားသောနေရာ" ဟု အမှည်းထိုးလိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းဟူကျင်းသည် သိုင်းကျင့်စဉ်များကို အလုံးစုံပြီးစီးအောင် ကျင့်ကြံအားထုတ်ပြီးဖြစ်၍ ယနေ့ညတွင် သူသည် ချက်ချင်းပင် ပျင်းရိချောက်သွေ့သော စိတ်ခံစားချက်များ ဖိစီးနှိပ်စက်လာလေတော့၏။ သို့ဖြင့် စိတ်ထဲတွင် –

"အခုအချိန် တကယ်လို့ ကျူးချန်လင်က ငါ့ကိုလာပြီး တိုက်ခိုက်ရင်လဲ ငါ မှုစရာမလိုတော့ဘူး၊ ဒီတော့ ငါ သူနဲ့သွားပြီး စကားပြောလိုက်ဦးမှ' ဟု စဉ်းစားမိပြီးလျှင် ဂူပေါက်ထဲသို့ တိုးဝင်လိုက်လေ၏။

ယခင် သူ ဂူပေါက်ထဲ တိုးဝင်စဉ်က သူ့အသက်မှာ တစ်ဆယ့်ငါးနှစ်ခန့်သာရှိသေးပြီး ကိုယ်လုံးကိုယ်ထည်ကလည်း သေးငယ်သဖြင့် မထောင်းသာသော်လည်း ယခုမူ သူသည်



အသက် တစ်ဆယ့်ကိုးနှစ်ပြည့်မြောက်၍ လူကြီးတစ်ယောက်ပမာ ဖြစ်လာပြီဖြစ်ရာ ဂူပေါက်ထဲသို့ လွန်စွာ ခဲရဲခဲဆစ် တိုးဝင်လိုက်ရလေ၏။

ထိုအချိန်တွင် ကျူးချန်လင်သည် ကျောက်နံရံကိုမှီ၍ အိပ်မောကျလျက်ရှိ၏။ ကျန်းဟူကျင်းက သူ့အား လက်ဖြင့် တစ်ချက်ပုတ်ပြီးနှိုးလိုက်ရာ သူသည် အိပ်မက်မှ လန့်ဖျပ်နိုးထလာသူကဲ့သို့ ရုတ်တရက် နိုးလာလေ၏။ သူသည် မျက်လုံးအစုံကို ဖွင့်၍ကြည့်လိုက်သောအခါ အံ့ဩတကြီးဖြင့်

"မင်း–မင်း" ဟု အထစ်အငေါ့ဖြင့် ကြောင်အမ်းအမ်းဖြစ်နေစဉ် ကျန်ဟူးကျင်းက ပြုံး၍ –

"ကျူးချန်လင်–ကျုပ်ကျန်းဟူကျင်းခလေ" ဟု အသံပြုလိုက်၏။ ထိုအခါ ကျူးချန်လင်သည် ကျန်းဟူကျင်းအား အံ့အားသင့်စွာ စိုက်ကြည့်ရင်း –

'ဩ–မင်းက အရပ်တောင် အတော်ရှည်လာမှကိုး၊ မင်းဘာဖြစ်လို့ အထဲမှာနေတုန်းက ငါနဲ့စကားတစ်ခွန်းတောင် မပြောရတာလဲ၊ ငါက မင်းကို ဘယ်လောက်ပဲ စကားတွေ ပြောပေမယ့်မင်းက နည်းနည်းမှ ဂရုစိုက်ဖော်မရဘူး"

"ကျုပ်က ခင်ဗျားနှိပ်စက်မှာ ကြောက်လို့ပေါ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးချန်လင်သည် ရုတ်တရက် ချုပ်ကိုင်သိုင်းဖြင့် ကျန်းဟူကျင်း၏ပခုံးကို ဆုပ်ကိုင်ထားပြီး ခက်ထန်စွာ ဆို၏။

"ဘာလဲ–မင်းဒီနေ့တော့ ငါ့ကို မကြောက်တော့ဘူးပေါ့၊ ဒီလိုလား"

ကျန်းဟူကျင်းက မဖြေ။ ပြုံးစိစိအမူအရာဖြင့် သူ့ကို ပြန်ကြည့်ရင်း ရုတ်တရက် ရုန်းလိုက်၏။ ထိုအခါ သူ့လက်မောင်းတစ်ခုလုံး ထုံကျဉ်သွားပြီး ရင်ထဲတွင်လည်း ပူခနဲ ခံစားလိုက်ရလေ၏။ ကျူးချန်လင် တုန်လှုပ်သွား၏။ သူက ကျန်းဟူကျင်းအား သရဲ သဘက် တစ်ကောင်ပမာ ပြူးပြူးမျှာမျှာစိုက်ကြည့်ရင်း အထစ်အငေါ့ဖြင့်–

"မင်း–မင်း–ဒါက ဘာသိုင်းပညာလဲ"

ကျန်းဟူကျင်းက မဖြေ။ သူ့ကိုသာပြုံးလျက် ပြန်ကြည့်နေလေ၏။ စင်စစ် ကျန်းဟူကျင်းသည် နေစကြာ သိုင်းကျင့်စဉ်ကို ပြီးစီးအောင် လေ့ကျင့်ပြီးနောက် ဤတစ်ကြိမ်သည် ပထမဦးစွာ လက်တွေ့အသုံးချကြည့်ခြင်းပင် ဖြစ်၏။ သူ့သိုင်းပညာမှာ ဤအဆင့်အထိ မြင့်မားလိမ့်မည်ဟု သူမထင်ခဲ့။ သို့သော် ကျူးချန်လင်ကဲ့သို့သော ထိပ်သီး သိုင်းပညာရှင်တစ်ယောက်ကပင် သူ၏တန်ပြန်အားကို မခုခံနိုင်သည်ကို တွေ့ရသောအခါ လွန်စွာ အားတက်သွားလေ၏။



အမှန်မှ သူသည် အင်အားကို နှစ်ဆင့်မျှသာ ထုတ်လိုက်သေး၏။ အကယ်၍သာ အဆင့်ခုနစ်၊ အဆင့်ရှစ်ဆင့်ခန့် ထုတ်သုံးလိုက်လျှင် ကျူးချန်လင်သည်လက်မောင်းတစ်ဘက် ကျိုးကြေ သွားမည် သေချာပေ၏။ သူသည် ထိတ်လန့်တုန်လှုပ်သော ကျူးချန်လင်၏ အမူအရာကို အကဲခတ်ရင်း –

"ဟဲ–ဟဲ ဒီသိုင်းပညာက ဘယ်လိုနေလဲဗျ၊ သုံးလို့တော့ ကောင်းပါတယ်နော်"

"ငါမေးနေတာ ဖြေပါ၊မင်းသုံးလိုက်တဲ့ သိုင်းပညာက ဘာသိုင်းပညာလဲ"

"မသိဘူးလေ၊ နေစကြာ သိုင်းကျင့်စဉ်လို့တော့ ခေါ်တာပဲ"

ကျန်းဟူကျင်းကတမင်ရိုးသဲ့သဲ့လုပ်၍ဖြေလိုက်ခြင်းပင် ဖြစ်ပါ၏။ ကျူးချန်လင်က ပို၍တုန်လှုပ်သွားပြီး –

"မင်းက ဘယ်နှယ့်လုပ်ပြီး နေစကြာ သိုင်းကျင့်စဉ်ကို ကျင့်နိုင်ခဲ့တာလဲ" ဟု မေးလေ၏။

ထိုအခါ ကျန်းဟူကျင်းလည်း မထိန်ဝှက်တော့ဘဲ အမှန်အတိုင်း ပြောပြလိုက်လေ၏။ ကျူးချန်လင်သည် ကျန်းဟူကျင်း ပြောပြသည်ကို နားထောင်ရင်း မနာလို ဝန်တိုစိတ်များသည် တဖွားဖွား ပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ ဒီချောက်ကြီးထဲမှာ ငါဒုက္ခပင်လယ်ဝေနေတဲ့ အချိန်မှာ ဒီကောင်ကနက်နဲတဲ့ သိုင်းပညာကို လေ့ကျင့်နေတာကိုး"

သို့သော် သူသည် မနာလိုစိတ်၊ ဒေါသစိတ်တို့ကိုထိန်းချုပ်၍ မျက်နှာအမူအရာ ပြုံးရွှင်စွာပြုပြီး–

"သိုင်းကျမ်းစာအုပ်တွေကော ငါ တစ်ခါလောက်များ ကြည့်လို့ရမလားကွာ"

ကျန်းဟူကျင်း၏စိတ်ထဲတွင် "သူ့ကို တစ်ခါတည်း ပြလိုက်ရုံနဲ့ သူမှတ်မိနိုင်မှာ မဟုတ်ပါဘူး"ဟု ရေရွတ်ပြီး –

"ကျုပ်က ကျမ်းစာအုပ်တွေကို ဂူထဲမှာ မြှုပ်ထားတာဗျ၊ မနက်ဖြန်ကျမှ ကျုပ် ခင်ဗျားကို ယူလာပြမယ်" ဆိုလေ၏။

ကျူးချန်လင်က –

"နေပါဦး၊ မင်း ဒီလောက်တောင် ကြီးထွားလာတဲ့ ဥစ္စာ ဘယ်နယ့်လုပ်ပြီး ဂူပေါက်ကျဉ်းကျဉ်းလေးထဲကနေ တိုးထွက်နိုင်တာလဲ" ဟု မေးပြန်၏။

ကျန်းဟူကျင်းက –

"ဂူပေါက်က သိပ်မသေးလှပါဘူး၊ ကိုယ်ကိုကျုံ့ပြီးအတင်းထွက်ရင် ရပါတယ်ဗျ"

"ငါကော တိုးဝင်လို့ရနိုင်မလား"



ကျန်းဟူကျင်းက ခေါင်းညိတ်၍ –

"မနက်ဖြန်ကျတော့ စမ်းကြည့်တာပေါ့၊ ဟိုအထဲဘက်မှာ နေရာထိုင်းခင်း သိပ်ကျယ်တယ်ဗျ၊ အခု ဒီနေရာမှာ နေရတာကတော့ ကသိကအောင့်ကြီးဗျာ"

ကျူးချန်လင်က ပြုံး၍–

"လူလေး–မင်းက တကယ့်ကို စိတ်ကောင်းနှလုံးကောင်းရှိတာပဲ၊ အညှိုးလဲ မထားတတ်ဘူး၊ ဒီမယ် လူလေး၊ပြီးခဲ့တဲ့ ကိစ္စတွေအတွက် ငါအများကြီး နောင်တရပါပြီကွာ၊ ငါ့ကို ခွင့်လွှတ်ပါ"

အရေးမကြီးပါဘူး၊ ကျုပ်တို့ မနက်ဖြန်ကျရင် ဒီနေရာကနေ ထွက်ခွာဖို့စဉ်းစားကြမယ် ဟုတ်လား"

ကျူးချန်လင်းက ဝမ်းသာစွာဖြင့် –

"မင်းက ငါတို့ဒီနေရာကနေထွက်ခွာနိုင်မယ်လို့ပြောနေတာလားလူလေး"

မျောက်တွေတောင် ဝင်ထွက်လို့ရသေးတာပဲဗျာ၊ ကျုပ်တို့လဲ ရ,ရမှာပေါ့"

"ဒါဖြင့် လူလေးက အစောကြီးထဲက ဘာလို့ မထွက်ရတာလဲ"

ထိုအခါ ကျန်းဟူကျင်းက ပြုံး၍–

www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းက ကျုပ်ထွက်ခွာမသွားချင်တာက လူတွေက ကျုပ်ကို အနိုင်ကျင့်မှာ စိုးလို့ဗျ၊ အခုတော့ ကျုပ်မကြောက်တော့ဘူး၊ ကျုပ်က ကျုပ်ရဲ့ဆရာ ဘိုးဘိုး၊ ဦးကြီး၊ ဦးလေးတို့ကို သိပ်တွေ့ချင်တယ်"

ကျူးချန်လင်က တဟားဟားရယ်၍-

"အေး-ကောင်းတယ်၊သိပ်ကောင်းတယ်" ဟု ပြောပြီး နောက်သို့ နှစ်လမ်းမျှ ဆုတ်လိုက်မိရာ ရုတ်တရက် ကိုယ်တစ်ချက်ယိုင်ပြီး "အမယ်လေး"ဟုတစ်ချက်မျှအော်ရင်း ခြေထောက်မှာ တောင်နံရံနှုတ်ခမ်းမှ လွတ်၍ချောက်ထဲသို့ကျသွားလေတော့၏။

ကျန်းဟူကျင်းမှာ အံ့အားသင့်ပြီးတောင်နှုတ်ခမ်းမှအောက်သို့ ငုံ့ကြည့်လိုက်၏။ နှုတ်မှလည်း -

"ကျူးကျန်လင်ခင်ဗျား ဘာမှမဖြစ်ပါဘူးနော်" ဟု စိုးရိမ်စွာ အော်ပြောနေလေ၏။ ထိုစဉ် အောက်ဘက်မှ ညည်းညူသံကြားလိုက်ရလေ၏။ ကျန်းဟူကျင်းက ဝမ်းသာသွား၏။ စိတ်ထဲတွင် -

"ကံကောင်းထောက်မလို့ သူကျသွားတာ ဒဏ်ရာပဲရလိုက်တာ၊ အင်း အောက်ဆုံးအထိတော့ မရောက်သေးဘူး"



သူက ထိုသို့ရေရွတ်ရင်း အားပြု၍ ကြည့်လိုက်သောအခါတွင်မှ တောင်နှုတ်ခမ်း၏အောက်ဘက် ခပ်လှန်းလှန်းတွင် သစ်ပင်တစ်ပင် ထိုးထွက်နေသည်ကို တွေ့ရပြီး ကျူးချန်လင်၏ ကိုယ်လုံးကြီးမှာ ထိုသစ်ပင်၏ အကိုင်းတစ်ကိုင်းတွင် ငြိလျက် ညည်းညူနေသည်ကို တွေ့ရလေ၏။ ကျန်းဟူကျင်းသည် ထိုနေရာကိုကြည့်ပြီး မိမိခုန်ဆင်း၍ သူ့အားပွေ့ချီကယ်တင်ရန် မခက်ခဲဟု တွက်ဆလိုက်၏။ သို့ဖြင့် သူလည်း လက်တစ်လုံးစာခန့်သာ မြင့်ရသော သစ်ကိုင်းကိုကြည့်၍ ခုန်ဆင်းလိုက်လေ၏။ သို့သော် သူ့ခြေအစုံက သစ်ကိုင်းပေါ်ရောက်လုလုရှိချိန်တွင်မှ သစ်ကိုင်းမှာ ရုတ်တရက် ကျိုးကျသွားလေ၏။ ထို့ကြောင့် ကျန်းဟူကျင်းသည် အားပြုစရာလုံးဝမရှိတော့သဖြင့်ချောက်ကြီး၏ အောက်ဘက်ဆီသို့ တန်းတန်းမတ်မတ် ပြုတ်ကျသွားလေတော့၏။

ထိုစဉ်ခဏတွင်ကျန်းဟူကျင်းလည်း အဖြစ်မှန်ကို သဘောပေါက်သွားလေ၏။

"ဟင်း-လက်စသတ်တော့ကျူးချန်လင်က တမင်အကွက်ဆင်ပြီး ငါ့ကိုလုပ်ကြံတာပဲ၊ တကယ်တော့ သစ်ကိုင်းကျိုး သစ်ကိုင်းကို သူကလက်ထဲမှာ အဆင်သင့်ကိုင်ပြီး ငါ့ခြေထောက် သစ်ကိုင်းနဲ့ထိခါနီးမှာ သူ့လက်က လွှတ်ချလိုက်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အသိက နောက်ကျသွားပြီဖြစ်ပါ၏။ သူ့ခန္ဓာကိုယ်သည် အတားအဆီးကင်းမဲ့စွာ ချောက်ကြီး၏ နက်မှောင်သော အောက်ခြေပိုင်းသို့တစ်ရှိန်ထိုး ကျသွားလေပြီ ဖြစ်ပါ၏။ကျူးချန်လင်သည် ဤတောင်နှုတ်ခမ်း ကျဉ်းကျဉ်းလေး၏ ဝန်းကျင်တွင် လေးနှစ်တိတိ နေထိုင်ခဲ့သဖြင့် တောင်နှုတ်ခမ်းဘေးပတ်လည်ရှိ အရာဝတ္ထု အားလုံးကို သူက အလွတ်ကျက်မိပြီးဖြစ်နေ၏။ ထို့ကြောင့် သူက သည်အကွက်ကို အပိုင်ဖွင့်လိုက်ခြင်း ဖြစ်ပါ၏။

ယခု သူသည် ကျန်းဟူကျင်းတစ်ယောက် ချောက်ကြီး၏အောက်ခြေသို့ အတားဆီးမဲ့စွာ ကျသွားသည်ကိုမြင်သော် ဝမ်းသာအားရဖြင့် တဟားဟားရယ်၍ တောင်နှုတ်ခမ်းပေါ်သို့ တဖြည်းဖြည်း ပြန်တက်လာခဲ့၏။ သူ့စိတ်ထဲတွင် –

"ငါ အရင်တစ်ခါ ဂူပေါက်ထဲ တိုးဝင်တုန်းက စိတ်လောအားကြီးနေလို့ မအောင်မြင်တာဖြစ်မှာ၊ နောက်ပြီး အင်အားကို အတင်းဖျစ်ညစ်ထုတ်ထားမိလို့လဲ ဖြစ်လိမ့်မယ်၊ အခုဒီကောင်ရဲ့ ကိုယ်လုံးက ငါ့ထက်တောင် ထွားသေးတယ်၊ သူတောင် ထွက်လို့ရရင် ငါကကော ဘာဖြစ်လို့ မရ,ရမှာလဲ၊ငါ ဒီနေ့ကြာ သိုင်းကျင့်စဉ်ကျမ်းကို ရပြီးရင် ထွက်ပေါက်ရှာပြီး



အိမ်ကိုပြန်မယ်၊ နောက်ဒီသိုင်းကျင့်စဉ်ကို ကျင့်လို့ အောင်မြင်တဲ့နေ့မှာ အဟဲ–ဟဲ၊ ငါက သိုင်းလောကမှာ ပြိုင်စံရှားတဲ့မဟာမဟာ ပုဂ္ဂိုလ်ကြီးဖြစ်ပြီပေါ့ကွာ၊ ဟား ဟား ဟား"

သူစဉ်းစားလေ အားရကျေနပ်လေ ဖြစ်နေ၏။ သူသည် အပေါ်သို့ပြန်ရောက်သည်နှင့် ချက်ချင်းပင် ကျောက်ဂူထဲသို့ တိုးဝင်လေ၏။ မကြာမီလွန်ခဲ့သော လေးနှစ်ကသူတိုးဝင်ရောက်ရှိခဲ့သောနေရာသို့ ပြန်ရောက်လာ၏။ သူ့စိတ်ထဲတွင် တစ်ချိန်လုံး စိတ်ကူးယဉ်နေမိ၏။

"ဒီကောင်လေးက ငါ့ထက်တောင် ကိုယ်လုံး ကြီးထွားသေးတာ၊သူဝင်လို့ရရင် ငါလဲဝင်လို့ ရ,ရမယ်"

သို့သော် ကျန်းဟူကျင်းတစ်ယောက် နေစကြာသိုင်းကျင့်စဉ်ကို လေ့ကျင့်ပြီးစီးအောင်မြင်ပြီးမှ ဂူပေါက်ထဲမှ ထွက်လာနိုင်သော အကြောင်းကိုမူ သူမစဉ်းစားမိချေ။

သို့ဖြင့် ကျူးချန်လင်သည် ဖွဲတင်းရင်း ကိုယ့်ကိုယ်ကို အားပေးရင်းဖြင့် ဂူပေါက်ထဲသို့ တစ်လက်မချင်း တိုးဝင်လိုက်၏။ တကယ်ပင် အရင်ကထက် သုံးလေးပေမျှပို၍တိုးဝင်နိုင်ခဲ့၏။ အမှန်မှာ ဤသုံးလေးနှစ်အတွင်း သူသည် ဒုက္ခအမျိုးမျိုးခံစားရပြီး အစာကောင်းကောင်း မစားခဲ့ရသဖြင့် ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပိန်ချုံးသွားသောကြောင့်သာ၊ ဤသို့ သုံးလေးပေမျှ တိုး၍ ဝှပေါက်ထဲဝင်နိုင်ခြင်းပင်ဖြစ်၏။ သို့သော် သူသည် ရှေ့ဆက်၍ တိုးဝင်ရန် ကြိုးစားသော်လည်း တစ်လက်မမျှတိုး၍ မရတော့ပါချေ။ သို့နှင့် သူသည် စိတ်ကိုတည်ငြိမ်စွာထားပြီး အဆုတ်ထဲမှလေကို မှုတ်ထုတ်၍ ကိုယ်လုံးမှာ အနည်းငယ် ကျုံ့ဝင်သွား၏။ ထိုအခါ သူသည် တကယ်ပင် နောက်ထပ် သုံးပေခန့် တိုးဝင်လိုက်ပြန်၏။

သို့ရာတွင် သူ့အဆုတ်ထဲ လေလုံးဝမရှိတော့သဖြင့် အသက်ရှုကျပ်လာလေ၏။ သူ့ရင်ခုန်သံမှာလည်း ကျယ်လောင်သည်ထက် ကျယ်လောင်လာ၏။ နောက်ဆုံးတွင် မေ့လဲလုမတတ် ဖြစ်သွားလေ၏။

ထိုအခါကျမှပင် သူသည် အခြေအနေမဟန်မှန်းသိပြီး နောက်ပြန်ဆုတ်ရန် စိတ်ကူးလိုက်၏။ သို့သော် တောင်နံရံမှာ ထစ်ထစ်ငေါ့ငေါ့ဖြင့် အမြင့်အနိမ့် မညီညာဘဲရှိရာ ဝင်စဉ်က လွယ်သော်လည်း နောက်ပြန် ဆုတ်၍ထွက်ချိန်တွင်မူ အတော်ပင် ကသိကအောင့်ဖြစ်ရလေ၏။ သို့ရာတွင် သူ့စိတ်တွင်မူ—

"သူ့ကိုယ်လုံးက ငါ့ထက်တောင် ပိုထွားသေးတာ၊ သူ ဝင်နိုင်ရင် ငါလဲ ဝင်နိုင်ရမှာပေါ့"တဲ့။



ဤသို့နှင့်ပင် ဤထိပ်သီးသိုင်းပညာရှင်ကြီးသည် လူသူ မရောက်သော ကျောက်ဝှထဲတွင် ပိတ်မိကာ အသက်ထွက်လုလု ရှိချိန်အထိ သူမည်သို့မျှ တိုးဝင်၍မရသည်ကို တစ်ယောက်ထီး တည်း အားမလို အားမရဖြင့် မကျေမနပ် ဖြစ်နေလေ တော့၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၇)

www.burmeseclassic.com

www.burmeseclassic.com

# သွေးသစ်စွမ်းရည်

ကျန်းဟူကျင်းသည် ကျူးချန်လင်၏ လုပ်ကြံမှုဖြင့် ချောက်ကြီး၏အောက်သို့ ဆက်၍ဆက်၍ ကျလာစဉ် သူ့ကိုယ်သူ အပြစ်တင်မိလေတော့၏။

"ကျန်းဟူကျင်း–ကျန်းဟူကျင်း၊ မင်းဟာ တစ်ကယ့်ကို အသုံးမကျတဲ့ကောင်ပဲ၊ ကျူးချန်လင်ဟာ သိပ်ကို ကောက်ကျစ်စဉ်းလဲမှန်း မင်းသိလျက်နဲ့ သူ့ရဲ့စကားကို မင်းယုံသေးတယ်၊ မင်းသေလိုက်၊ သေလိုက်ပေတော့"

သူက သူ့ကိုယ်သူ သေလိုက်ဟု ပြောနေသော်လည်း တကယ်တွင် သူသည် အသက်ရှင်ရန် အစွမ်းကုန်ကြိုးစားနေ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ သူသည် တစ်ကိုယ်လုံးရှိ အတွင်းအားကို ညှစ်ထုတ်၍ သူ့ကိုယ်ခန္ဓာအပေါ်သို့ ကြွတက်ရှန် ကြိုးစားလိုက်၏။ သို့သော် ကျလာသော အရှိန်မှာ လွန်စွာ ပြင်းထန်သမျှ လေထဲတွင်လည်း ဖြစ်နေ၍ အားပြုစရာမဲ့သော အောက်ဘက်သို့သာ တဟူးဟူးဖြင့် ဆက်ကျလာနေလေ၏။

ထိုစဉ် ရုတ်တရက် သူ့မျက်လုံးစုံမှာရူးရှစွာ နာကျင်သွား၏။ အကြောင်းမှ ချောက်ကြီး၏ အောက်ဘက်မှဖြူဖွေးသော နှင်းမြေ၏ ရောင်ပြန်ဟပ်ခြင်းကို ခံရသောကြောင့်ပင် ဖြစ်ပါ၏။

ကျန်းဟူကျင်းသည် ထိုခဏတွင်ပင် မိမိ၏ အသက်ကို အဆုံးအဖြတ် ပေးတော့မည်မှန်း သိလိုက်၏။ သူသည် လေတိုးသံ တဟူးဟူးကြားမှ ကျဆင်းလာရင်း ငါးကိုက်မျှ အကွာတွင် နှင်းပုံကြီး တစ်ခုကို တွေ့ရသဖြင့် ရုတ်ခြည်း ဘာမျှ မစဉ်းစားတော့ဘဲ လေထဲမှာပင် သူ့ကိုယ်ကို ကျွမ်းထိုး၍ ထို နှင်းပုံဘက်သို့ ခုန်ထွက်လိုက်၏။ ထိုအခါ သူ့ခန္ဓာကိုယ်မှာ လေထဲတွင် ဘဲဥခြမ်းပုံသဏ္ဍာန် ဝှေ့သွားပြီး နှင်းပုံပေါ်သို့ 'ဘုန်း'ခနဲ ခြေစုံကျသွားလေတော့၏။

ထိုခဏတွင် သူ ကျင့်ကြံ အားထုတ်ခဲ့သော နေစကြာ သိုင်းကျင့်စဉ်မှာ အံကျ အသုံးဝင်လာ၏။ သူက နှင်းမြေ၏ တန်ပြန်အားဖြင့် ချက်ချင်း ပြန်ခုန်တက်လိုက်နိုင်ခြင်းပင်



ဖြစ်ပါ၏။ သို့သော် အပေါ်မှ ကျလာသော အရှိန်မှာ လွန်စွာ ပြင်းထန်သဖြင့် သူ့ခြေထောက်နှစ်ဖက်မှာ သွင်သွင် ကျိုးသွားလေတော့၏။ သူသည် ထိုသို့ ဒဏ်ရာရလိုက်သော်လည်း သတိမလစ်ဟင်းချေ။ နှင်းပုံများအောက်တွင် လယ်သမားများ နွားစာအလို့ငှာ အသုံးပြုသော မြက်ရိုင်းခြောက်များ ဖြစ်နေသည်ကို သူ တွေ့ရလေ၏။ သူ့စိတ်ထဲတွင်...

"ငါ အတော်ကို ကံကောင်းတာပဲ၊ နှင်းပုံအောက်မှာသာ ကျောက်တုံးတို့ဘာတို့ရှိရင် ငါ သေပြီ"

သူသည် လက်နှစ်ဘက်ကို အားပြု၍ နှင်းပုံထဲမှ ပြန်ထွက်လာပြီး ဒဏ်ရာကို ကြည့်ရှုလိုက်၏။ ပြီးလျှင် လက်မှ အရိုးကို ပြန်ဆက်လိုက်၏။ သူ့စိတ်ထဲတွင်...

"ငါ ဒီအတိုင်း မလှုပ်မယှက်နဲ့ ငြိမ်ငြိမ်လေးနေရင် ဆောင်းတစ်လလောက်မှ ကောင်းနိုင်မှာ၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ ဆေးဝါးမှ မရှိတာ၊ အို ဘာပဲဖြစ်ဖြစ် လက်နှစ်ဖက်နဲ့ လှုပ်ရှားသွားလာလို့ ရသေးရင် ငတ်မသေနိုင်ပါဘူး"

သူက ထပ်မံ၍ စဉ်းစားလိုက်ပြန်၏။

"ဒီမှာက နွားစာ မြက်ရိုင်းတွေ ရှိနေတာကို တွေးကြည့်ရင် ဒီအနီးအနားမှာ လူနေအိမ်ခြေ ရှိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူက ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီ တောင်းရန် စိတ်ကူးလိုက်၏။ သို့သော် သူက စဉ်းစားပြန်၏။

“ဒီလောကမှာ လူကောင်းတွေထက် လူဆိုးတွေက များတယ်၊ ငါတစ်ယောက်တည်း ဒီမှာ အေးအေးလူလူ ဒဏ်ရာကို ကျိတ်ကုနေတာ ကောင်းပါတယ်၊ တော်ကြာ အော်ပြီး အကူအညီ တောင်းက…ပြီ လူကောင်းတွေ မလာဘဲ လူဆိုးတွေ ရောက်လာရင် ငါ့မှာ ပိုပြီး ဒုက္ခများလိမ့်မယ်”

သို့နှင့်ပင် ကျန်းဟူကျင်းသည် ထိုနေရာတွင်ပင် ငြိမ်သက်စွာ လဲလျောင်းပြီး အရိုးနှစ်ခု ပြန်ဆက်ရန် စောင့်ဆိုင်းနေလိုက်၏။ သူသည် ဤနည်းဤပုံဖြင့် သုံးရက်ကြာမျှ မလှုပ်မယှက်ဘဲ နေလေရာ ဤနေ့တွင်တော့မှ သူသည် လွန်စွာ ဆာလောင်နေလေ၏။

သို့သော် အရိုးဆက်ခါစ အချိန်တွင် လုံးဝ လှုပ်ရှားရန် မသင့်ပေ။ အကယ်၍ လှုပ်ရှားမိက ဆက်ထားသောနေရာ အန… သမျှ ရွေ့သွားလျှင်ပင် သူသည် တစ်သက်တာလုံး ထော့ကျိုးဘဝသို့ ရောက်သွားပေမည်။ ထို့ကြောင့် ကျန်းဟူကျင်းသည် ဆာလောင် မွတ်သိပ်ခြင်းကို အောင့်ခံပြီး ငြိမ်သက်စွာ ဆက်လက် နေနေရလေ၏။



လွန်စွာ ဆာလောင်၍ လုံးဝ မအောင့်နိုင်တော့သော အခါတွင်မှ သူသည် ဆီးနှင်းတစ်ဆုပ်စာမျှကို ယူ၍ အဆာပြေ ငုံးစားရလေ၏။ သူသည် ထိုသို့ ငြိမ်သက်စွာ နေနေရသော ရက်များအတွင်း နေစကြာ သိုင်းကျင့်စဉ်ကို လေ့ကျင့်နေရာ ၍ပင် တိုးတက်လာလေ၏။ ထို့ကြောင့် သူ့ တစ်ကိုယ်လုံးမှာ ဆူပါပြီး စိတ်အာရုံမှာလည်း လွန်စွာ ကြေ… ကွဲပြတ်သား နေလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

တစ်ည။ ထိုညတွင် ကျန်းဟူကျင်းသည် ခွေးဟောင်သံများကို ရုတ်တရက် ကြားလိုက်ရ၏။ သူ အသေအချာ နားစွင့်ထောင်သော် ခွေးများသည် တစ်စုံတရာကို ဝိုင်း၍ ကိုက်နေဟန် အုတ်အုတ်ကျက်ကျက် ပွက်လောညံနေသည်ကို တွေ့ရ၏။ သူသည် ခွေးများ၏ အသံကို နားစွင့်ရင်း တဖြည်းဖြည်းဖြင့် ခွေးများ အနီးကပ်လာသည်ကို သိရ၏။

ကျန်းဟူကျင်းသည် တုန်လှုပ်သွားပြီး စိတ်ထဲမှ...

"ဒီခွေးတွေဟာ ကျူးကျင်းရဲ့ ခွေးတွေများလား ဟင်၊ အင်း... ဟုတ်မှာပါပဲ၊ ကျူးချန်လင်က ကျူးကျင်းရဲ့ ခွေးတွေကို အားလုံး ရိုက်သတ်လိုက်ပေမယ့် အခု လေးနှစ်ကျော်လာပြီဆိုတော့ ပြန်မွေးရောပေါ့"



သူသည် ထို အတွေးများဖြင့် အသံကြားရာ ကြည့်လိုက်သောအခါ လူတစ်ယောက် ပြေးလာသည်ကို တွေ့ရလေ၏။ ထိုလူ၏ နောက်တွင်တော့မူ ခွေးများက ဝိုင်းဟောင်ရင်း လိုက်နေလေ၏။ ထိုလူသည် ပြေးလာရင်း ကျန်းဟူကျင်းနှင့် မလှမ်းမကမ်းသို့ အရောက်တွင် ရုတ်တရက် အားပြတ်၍ လဲကျသွားရာ ခွေးများက သူ့ကို မီလာပြီး အတင်းဝင်၍ ကိုက်ခဲကြလေ၏။

ကျန်းဟူကျင်းသည် ထိုမြင်ကွင်းကြောင့် သူ့အဖြစ်အပျက်ကို သူ ပြန်သတိရပြီး တစ်ကိုယ်လုံး သွေးဆူကြွလာလေ၏။ သူသည် ခွေးများ ဝိုင်းကိုက်နေသူကို ကယ်တင်လိုသော်လည်း မိမိမှာ ခြေနှစ်ဘက်စလုံး သွင်သွင်ကျိုးလျက်ရှိသဖြင့် မည်သို့မျှ မတတ်နိုင်ပါပေ။

သို့သော် နှုတ်မှမူ ခွေးများကို အော်ဟစ် မောင်းနှင်နေလေ၏။

"ဟဲ့... ခွေးစုတ်တွေ၊ သွားကြ၊ သွားကြ"

ထိုအခါ ခွေးအုပ်ထဲမှ ခွေး ငါးကောင်သည် ကျန်းဟူကျင်း၏ အော်သံကို ကြားသော် သူ့ဘက်သို့ ခေါင်းထောင်ကြည့်လာလေ၏။ ထို့နောက် ခွေးငါးကောင်သည် ကျန်းဟူကျင်းအား

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းမှန်း သိသည်နှင့် ရုတ်ခြည်းပြေးလာပြီးလျှင် ခုန်အုပ်ကိုက်ခဲလေတော့၏။

ကျန်းဟူကျင်းသည် ယင်းအချိန်တွင် သူ၏ သိုင်းပညာကို လက်တွေ့ စမ်းသပ်လိုသဖြင့် ခွေးများ၏ ဦးဆက်ကို လက်ဝါးစောင်းဖြင့် လျှပ်ပြက်သလို ရိုက်ချလိုက်၏။ ထိုအခါ ခွေးများသည် အသံမျှပင် မပြုနိုင်ဘဲ တစ်ကောင်ပြီး တစ်ကောင် ရှေ့ဆင့်နောက်ဆင့် လဲကျသွားလေတော့၏။

သို့ဖြင့် ကျန်းဟူကျင်းသည် သူ၏ နေစကြာ သိုင်းကျင့်စဉ်အပေါ်တွင် ပို၍ ယုံကြည်လာလေ၏။ စောစောစဉ်က ခွေးကိုက်ခံရသော လူမှာမူ ဗိုက်ပေါက်၍ အူများပင် ထွက်နေလေ၏။ ထိုလူသည် အသက်ရှင်ရန်မျှော်လင့်ချက်မရှိတော့ချေ။ ကျန်းဟူကျင်းက အသက် ယဲ့ယဲ့သာရှိတော့သော ထိုလူအား လှမ်း၍ မေးလေ၏။

"အစ်ကိုကြီးက ဘယ်လိုကြောင့် ဒီခွေးဆိုးတွေနဲ့ ပက်ပင်းတိုးမိတာလဲ"

ထိုလူက ဖြေးညင်း ပြတ်တောင်းသော လေသံဖြင့်...

"ကျုပ်က ကျုပ် ယာတောထဲ တောဝက် ဝင်တာကို မောင်းထုတ်တာ သစ်ပင်အောက်မှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်ကြည်နူးနေတာကိုတွေ့လို့ ကျုပ်ကို ခွေးနဲ့..."



ထိုလူက ထိုမျှသာ ပြောနိုင်ပြီး အသက်ထွက်သွားလေ၏။ ကျန်းဟူကျင်းလည်း ချက်ချင်း နားလည်လိုက်၏။ ကေန္တ ကျူးကျင်းနှင့် ဝေ့ပိတို့သည် ည သန်းခေါင်ယံချိန်တွင် ချိန်းတွေ့ကြစဉ် ဤ ယာသမားက တွေ့သွားသဖြင့် ကျူးကျင်းက ခွေးလွှတ်ပြီး ကိုက်သတ်ခိုင်းခြင်း ဖြစ်ပေမည်။

ကျန်းဟူကျင်း ထိုသို့ တွေးနေစဉ် မြင်းခွာသံများကို ကြားရလေ၏။ ကျန်းဟူကျင်း၏ သိုင်းပညာမှာ လွန်စွာ အဆင့်မြင့်နေပြီဖြစ်၍ အမှောင်ထဲတွင်ပင် ခန့်မှန်းနိုင်စွမ်း ရှိလေ၏။ သူသည် အဝေးမှ ဒုန်းစိုင်းလာသော မြင်းနှစ်ကောင်ကို တွေ့ရ၏။ မြင်းထက်မှ တစ်ယောက်မှာ အမှန်ပင် ကျူးကျင်းဖြစ်ပြီး နောက်တစ်ယောက်မှာလည်း ဝေ့ပိဖြစ်နေလေ၏။ ကျူးကျင်းသည် ကျန်းဟူကျင်းအနားသို့ ရောက်သော် 'ဟင်'ခနဲ အာမေဋိတ်သံပြုပြီး အံ့လန့်တကြားဖြင့်...

"ငါ့ခွေးတွေ အားလုံး သေနေပါရောလား" ဟု ကျယ်လောင်စွာ ဆိုလေ၏။

ဝေ့ပိက ဝန်းကျင်သို့ ကြည့်၍...

"ဒီမှာလဲ လူနှစ်ယောက် သေနေတာကို"

www.burmeseclassic.com

www.burmeseclassic.com



— ထိုအချိန်တွင် ကျန်းဟူကျင်းသည် ဤသို့ ဆုံးဖြတ်ပြီး ဖြစ်၏။

"သူတို့ နှစ်ယောက်သာ ငှါ့ကို တစ်ခုခုလုပ်ရင် သူတို့ နှစ်ယောက်ကို ငါ လုံးဝ မညှာတော့ဘူး"

ကျူးကျင်းလည်း ယာသမား ဗိုက်ပေါက်၍ အူထွက်ပြီး သေဆုံးနေသည်ကို တွေ့ရပြီး ကျန်းဟူကျင်းမှာလည်း တစ်ကိုယ်လုံး အကျီစုတ်ပြဲပြီး ဆံပင်ဖားလျား၊ မှတ်ဆိတ်မွေ ထူလပျစ်နှင့် မလှုပ်မယှက် လဲနေသည်ကို တွေ့ရလေ၏။

သို့သော် ကျူးကျင်းသည် ကျန်းဟူကျင်းအား လုံး မမှတ်မိပါချေ။ ကျူးကျင်း၏ စိတ်ထဲတွင် ကျန်းဟူကျင်းလည်း ခွေးကိုက်၍ သေနေပြီဟု ထင်မှတ်နေ၏။

ကျူးကျင်းသည် ဝေ့ပိနှင့် ကြည်နူးရန်သာ ဆန္ဒပြင်း နေသဖြင့် ဤနေရာတွင် ကြာကြာမနေချင်တော့ပေ။

"အစ်ကို ပြန်ရအောင်၊ ဒီနှစ်ကောင် သေခါနီးမှ ကျွန် ခွေးတွေကို သတ်လိုက်ကြတာကိုး"

သူမသည် စကားအဆုံးတွင် မြင်းကို အသော့နှ ထွက်သွားလေတော့၏။ ထိုအခါ ဝေ့ပိလည်း ကျူးကျ နောက်သို့ ဒုန်းစိုင်း လိုက်သွားရလေ၏။



ကျန်းဟူကျင်း၏ နားထဲတွင် မြင်းခွာသံများ ထွက်ပေါ် နေသည့်ကြားမှ ကျူးကျင်း၏ ရယ်မောသံကို ကြားနေရလေ၏။ သို့သော် ကျန်းဟူကျင်းသည် မည်သို့မျှ မခံစားရတော့ပေ။ ထို့ကြောင့် သူ့ကိုယ်သူ အံ့ဩနေမိလေ၏။ ကုန်လွန်ခဲ့သော လေးနှစ်ခန့်ကမူ သူသည် ကျူးကျင်းအား နတ်မိမယ်တမျှ ထင်မှတ်ပြီး မြတ်နိုးခဲ့၏။ သူမအလှရိပ်တွင် ယစ်မူးခဲ့၏။ သူမက သူ့ကို သေခိုင်းလျှင်ပင် ထိုစဉ်က သူ့ကိုယ်သူ သတ်သေမည်ဖြစ်၏။ ထိုရွေ့ထိုမျှ ကျူးကျင်းအပေါ်တွင် မြတ်နိုး ခဲ့သော သူသည် ဤမှာဘက် လေးနှစ်ကျော်လာသော ကာလ တွင်မူ ဘာကြောင့်မှန်းမသိ၊ သူမအပေါ်တွင် စွဲလမ်း မြတ်နိုး လိုစိတ် ခမ်းခြောက်ခဲ့လေ၏။ သို့နှင့် ကျန်းဟူကျင်းသည် ကုန်လွန်ခဲ့သော လေးနှစ်တာကာလဆီမှ မိမိအဖြစ်ကို စဉ်းစား မိပြီး ရယ်ချင်စိတ်ပင် ပေါ်လာလေ၏။

မှန်သည်။ ကျန်းဟူကျင်းသည် ယခုအခါ လူကြီးစိတ် ဝင်လာနေပြီ မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်။

ပြာလွှင်သော မိုးကောင်းကင်တွင် လှပစွာ ပျံဝဲနေသော သိမ်းငှက်ကြီး တစ်ကောင်သည် မြေပြင်တွင် လှုပ်သောအလောင်းနှင့် ခွေးသေကောင်များကို တွေ့ရသဖြင့် လေထဲတွင် သုံးလေးပတ် ပျံဝဲပြီးနောက် အောက်သို့ တစ်ဟုန်ထိုး ထိုးဆင်းလာ၏။ သိမ်းငှက်ကြီးခမျာ ကံဆိုးချင်၍ပင် ထင်၏။ သူသည် ကျန်းဟူကျင်းအား အလျင် ထိုးဆိတ်လိုက်ရာ ကျန်းဟူကျင်းက ရုတ်တရက် လက်လှမ်း၍ သိမ်းငှက်၏ လည်ပင်းကို ဖမ်းချုပ်လိုက်လေ၏။ ထို့နောက် သိမ်းငှက်ကြီးကို မြှောက်၍မြှောက်၍ ကစားရင်း...

"ဘုရားသခင်က ငါ့ကို သနားကရုဏာ ရှိတော်မူလို့



ပေးလိုက်တဲ့ မနက်စာပဲ"ဟု အားရဝမ်းသာ အော်ဟစ်နေလေ၏။ ပြီးလျှင် သူသည် သိမ်းငှက်၏ အမွေးများကို နုတ်၍ အစိမ်းလိုက် ဝါးစားလေတော့၏။ သူသည် လေးရက်တိုင်တိုင် ဘာမျှမစားဘဲ ဝမ်းဗိုက်ဟောင်းလောင်း နေခဲ့ရရာ သိမ်းငှက် အသားကို အစိမ်းစားနေရသော်လည်း လွန်စွာ အရသာရှိပြီး မြိန်ရှက်နေ၏။ သူက တစ်ကောင်စား၍မျှ မကုန်မီမှာပင် နောက်တစ်ကောင်က မိုးကောင်းကင်တွင် ပျံဝဲနေသည်ကို တွေ့ရလေ၏။

သို့ဖြင့် ကျန်းဟူကျင်းသည် အစာအဟာရအလို့ငှာ သိမ်းငှက်များကိုသာ စားသုံး၍ ခြေထောက်ဒဏ်ရာ ပျောက်ကင်းအောင် စောင့်ဆိုင်းနေရရှာ၏။

- ရာသီဥတုမှာ လွန်စွာအေးသဖြင့် အလောင်းများသည် အလျဉ်းပုပ်သိုးသွားခြင်း မရှိဘဲ အကောင်းပကတိ ရှိနေလေ၏။

ဤနေ့တွင်မူ သူသည် သိုင်းကျင့်စဉ်ကို တစ်ခေါက်မျှ လေ့ကျင့်ပြီး ကောင်းကင်တွင် ပျံဝဲနေသော သိမ်းငှက်များကို ကြည့်လိုက်လေ၏။ ထိုအချိန်တွင် သိမ်းငှက်တစ်ကောင်သည် ကောင်းကင်ပေါ်မှ ရုတ်တရက် ထိုးစိုက်ဆင်းပြီး သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



သုံးပေအကွာသို့ အရောက်တွင် ရုတ်တရက် ပြန်၍ ထိုးတက်သွား၏။

သိမ်းငှက်၏ ပျံသန်းပုံမှာ လွန်စွာ လှပ၏။ ထိုအခါ သူက ရုတ်တရက် စဉ်းစားလိုက်၏။

"ဒီအကွက်ကို သိုင်းကွက်မှာ သုံးရင် သိပ်ကောင်းမှာပဲ"

စင်စစ် သူသည် နေစကြာသိုင်းကျင့်စဉ်ကို ပြီးဆုံးအောင် လေ့ကျင့်၍ အောင်မြင်ခဲ့သော်လည်း ဘာတိုက်ကွက်မျှ မရခဲ့ပေ။ ထို့ကြောင့်လည်း ယခင့်ယခင်က ကြွယ်ရွှင်ဆရာတော်သည် ခွန်းလွန်ဘုရားသုံးဆူ ဟိုကျူးတောက်နှင့် တိုက်ခိုက်စဉ် ခြေကားယား လက်ကားယား ဖြစ်ခဲ့ရခြင်းပင် ဖြစ်ပါ၏။

မှန်သည်။ နေစကြာသိုင်း ကျင့်စဉ်တွင် တိုက်ကွက်လုံးဝမပါပေ။ သို့သော် ယခု ကျန်းဟူကျင်းသည် ယခင်ကြွယ်ရွှင်ကိုယ်တော်လောက် အဖြစ်မဆိုးချေ။ အဘယ့်ကြောင့်မူ သူသည် ငယ်စဉ်ကပင် သိုင်းပညာကို သင်ကြားခဲ့ရ၍ပင် ဖြစ်ပါ၏။ သို့ရာတွင် ဤနယ် လွန်စွာ အဆင့်မြင့်ပြီး နက်နဲလှသော အတွင်းအား သိုင်းပညာကိုမူ လက်တွေ့ သိုင်းကွက်တွင် အသုံးချရန်မှာ တိုတောင်းလှသော အချိန်ကာလအတောအတွင်း မဖြစ်နိုင်ပါချေ။



ထို့ကြောင့်လည်း ကျန်းဟူကျင်းသည် ဤလို ထူးဆန်းလှသော လှုပ်ရှားမှုများကို တွေ့တိုင်း ဥပမာ သစ်ပင်၊ သစ်ကိုင်း၊ ကျောက်ဆောင်၊ နှင်းပွင့် စသည်တို့ ကျလာပုံ၊ တိရစ္ဆာန်များ ရွေ့လျားပုံ၊ ဤအရာအားလုံးကို မြင်တိုင်း လက်တွေ့ သိုင်းကွက်တွင် အဘယ်သို့ အသုံးချရမည်ကို တွေးစပ် စဉ်းစားလိုက်မိခြင်းပင် ဖြစ်ပါ၏။

သူက သိမ်းငှက်၏ လှပသော ပျံသန်းပုံကို ငေးမောကြည့်နေမိစဉ် အဝေးမှ လူတစ်ယောက် လျှောက်လာသံကိုပါ ကြားလိုက်ရလေ၏။ သူသည် ခြေသံ အနားသို့ရောက်မှပင် ရုတ်တရက် လှည့်ကြည့်လိုက်ရာ အံ့ဩသွားရလေ၏။

အကြောင်းမူ မိန်းကလေး တစ်ယောက်သည် ခြင်းတောင်းတစ်လုံးကို ကိုင်၍ အေးအေးလူလူ လျှောက်လာသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်၏။ မိန်းကလေးသည် နှင်းမြေပေါ်မှ လှသေအလောင်းနှင့် ခွေးသေကောင်များကို ရုတ်တရက် တွေ့ရသောအခါ ငေးကြောင်၍ ရပ်ကြည့်နေ၏။

မိန်းကလေးမှာ အသက် တစ်ဆယ့်ခုနစ်နှစ်မျှသာ ရှိသေးပြီး အဝတ်အစား နွမ်းနွမ်းပါးပါးဖြင့် ရိုး အ,သော တောသူမလေးအသွင် ပေါ်လွင်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမ၏ ဆံပင်မှာ ရှုပ်ပွလျက်၊ မျက်နှာပေါ်တွင်လည်း အဖုအထစ်များ ရှိနေလေရာ လွန်စွာ အကျည်းတန်သော မိန်းကလေး ဖြစ်နေ၏။

သို့သော် သူမ၏မျက်လုံးအစုံကမူ တောက်ရှန်း ဝင်းလဲ့နေလေ၏။ သူမ ကျွန်းဟူကျင်း အနားသို့ရောက်စဉ် ကျွန်းဟူကျင်းက မျက်လုံးမျက်ဆန်ပြူး၍ စိုက်ကြည့်နေသည်နှင့် ဆိုသော် သူမသည် တစ်ချက်မျှ တုန်လှုပ်သွား၏။ နှုတ်မှလည်း...

"နင်... နင် မသေသေးဘူးလား"

ကျွန်းဟူကျင်းက မချိပြုံး ပြုံး၍...

"ငါ မသေသေးပါဘူး"

သူတို့ နှစ်ဦးသည် အဓိပ္ပာယ်မရှိသော မေးခွန်းနှင့် အဖြေကို ကြားရသော် နှစ်ဦးစလုံး ရယ်လိုက်မိကြလေ၏။ မိန်းကလေးက ရယ်ရင်း...

"နင် မသေဘူးဆိုရင် ဘာဖြစ်လို့ ဒီနေရာမှာ မလှုပ်မယှက်နဲ့ နေနေရတာလဲ၊ ငါဖြင့် လန့်များတောင် လန့်သွားတယ်ဟယ်"

ကျွန်းဟူကျင်းကလည်း...



"ငါက တောင်ပေါ်ကနေ ပြုတ်ကျပြီး ခြေနှစ်ဖက် ကျိုးသွားတယ်ဟ၊ ဒါကြောင့် ဒီမှာပဲ ငြိမ်ငြိမ်သက်သက် လှဲနေ ရတာပါ"

"ဒီခွေးတွေနဲ့ ဒီလူကကော"

"ဒီခွေးတွေက ဒီလူ့ကို ကိုက်သတ်တယ်၊ နောက် သူတို့လဲ သေသွားတယ်"

"နင် ဒီမှာပဲလှဲနေရင် ဘယ်လိုလုပ်မလဲ၊ နင် ဗိုက် မဆာဘူးလား"

"ဆာတာပေါ့၊ ဒါပေမယ့် ငါက ဘယ်လိုမှ မလှုပ်ရှား နိုင်တော့ ငါ့ထိုက်နဲ့ ငါ့ကံပေါ့ဟာ"

ထိုအခါ မိန်းကလေးက တခစ်ခစ်ရယ်ပြီး ခြင်းတောင်း ထဲမှ မုန့်နှစ်ချပ်ထုတ်၍ ကျွန်းဟူကျင်းအား ပေးလေ၏။

"ကျေးဇူးတင်ပါတယ်"ဟု ကျွန်းဟူကျင်းက ပြောပြီး မုန့်ကို လက်ထဲတွင်သာ ကိုင်ထားလေ၏။

"နင် ဘာဖြစ်လို့ မစားတာလဲ၊ ငါ့ မုန့်ထဲမှာ အဆိပ် ခတ်ထားမှာ စိုးလို့လား"

ကျွန်းဟူကျင်းသည် လေးနှစ်တာ ကာလမျှ ချောက်ဂူ ထဲတွင် နေရ၍ ကျူးချွန်လင် တစ်ယောက်တည်းနှင့်သာ

www.burmeseclassic.com

www.burmeseclassic.com



စကား တစ်ခွန်းတလေ ပြောခဲ့ရ၏။ သို့သော် ဘာအရသာမျှ မရှိခဲ့။

ယခု ဤမိန်းကလေးမှာ အကျည်းတန်သော်လည်း စကားပြော သွက်လက်သည်ကို တွေ့ရ၍ သူက သဘောကျလေ၏။ သို့ဖြင့် သူသည် မိန်းကလေးအား နောက်ရွတ်ရွတ် ပြောဦးမည်ဟု တွေးမိပြီး...

"နင်က ငါ့ကို တမင်လာပြီးပေးတဲ့ မုန့်ဆိုတော့ ငါက ဘယ်မစားဘဲ နေရက်မှာလဲဟ"

မိန်းကလေး၏ မျက်နှာမှာ ရုတ်ခြည်း ဒေါသရိပ် လွှမ်းလာ၏။ ကျန်းဟူကျင်းမှ စကားအဆုံးတွင် မုန့်နှစ်ချပ်ကို ပါးစပ်ထဲသို့ ပလုံးပထွေးဖြင့် ထည့်ပြီး ဝါးမျိုလိုက်၏။ ထိုသို့ အလောတကြီး စားလိုက်သဖြင့် လည်မျိုတွင် တစ်နေကာ တဟွတ်ဟွတ် ချောင်းဆိုးသွားလေ၏။ ထိုအခါ မိန်းကလေးသည် ချက်ချင်း ဒေါသပြေသွားပြီး အားရကျေနပ်စွာဖြင့် ဆို၏။

"ကောင်းတယ်၊ နင့်လို အရုပ်ဆိုးတဲ့ ကောင်လေးက မဟုတ်တမ်းတရားတွေ ပြောလို့ ဘုရားသခင်က အခုလို ဒဏ်ခတ်လိုက်တာ သိလား၊ ဟင့်... ဒါကြောင့် သူများက ခြေမကျိုးဘဲ နင် တစ်ယောက်တည်းသာ ခြေကျိုးတာသိလား"

ကျန်းဟူကျင်း၏ စိတ်ထဲတွင်...



"ငါက လေးနှစ်ကျော်ကျော် ဆံပင်မညှပ်၊ မုတ်ဆိတ်မရိတ်ဘဲ နေနေလို့ ရုပ်ဆိုးတာပါ၊ ဒါပေမယ့် နင်ကကော ဘယ်လောက်များ လှနေလို့လဲ၊ အတူတူနဲ့ အနူနူပါပဲဟာ"

သို့သော် သည်စကားကိုမူ ကျန်းဟူကျင်း မပြောဝံ့ချေ။ သူက ခပ်တည်တည်ဖြင့်...

"ငါ ဒီမှာ လှဲနေရတာ ကိုးရက်တောင် ရှိသွားပြီ၊ အခုမှပဲ ဒီဘက်ကို နင်တစ်ယောက် လာတာ တွေ့ရတော့တယ်၊ တကယ်ပါဟာ၊ ငါ နင့်ကို သိပ် ကျေးဇူးတင်တယ်"

မိန်းကလေးကို နှုတ်ခမ်းကို စေ့၍ ရယ်လိုက်ပြီးနောက်...

"ဒီမှာ ငါက နင့်ကို မေးနေတယ်၊ သူများက ခြေမကျိုးဘဲ ဘာဖြစ်လို့ နင် တစ်ယောက်တည်း ခြေကျိုးရတာလဲလို့၊ နင် မပြောရင် ငါ့မုန့်ကို ငါ ပြန်လုယူမှာနော်"

ကျန်းဟူကျင်းသည် မည်သို့မျှ မပြောဘဲ သူမ၏ ပြုံးပုံကိုသာ စိုက်ကြည့်နေ၏။

ထိုအခါ သူမ၏ မျက်လုံးထဲတွင် လွန်စွာ အကင်းပါးသော အရိပ်အယောင်များကို တွေ့ရလေ၏။ ကျန်းဟူကျင်းသည် ရင်တစ်ချက် ခုန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... သူ့မျက်လုံးတွေက မေမေ့ မျက်လုံးနဲ့ တူလိုက်တာ၊ ငါ့မေမေ သေဆုံးကာနီး ရှောင်လင်ဂိုဏ်းက ဘုန်းကြီးကို ညာတုန်းက ဒီလို အမူအရာမျိုးပဲပေါ့"

ကျုန်းဟူကျင်းက ထိုအချက်ကို တွေးမိသော် မျက်လုံး အိမ်ဝယ် မျက်ရည်ဥများ ဝေ့ဝဲလာရှာ၏။ မိန်းကလေးက ဆက်ဆိုနေပြန်၏။

"ငါက နင် စားနေတဲ့မုန့်ကို တကယ် မလုပါဘူးဟာ၊ နင်... နင် ဘာလို့ ငိုနေတာလဲဟင်၊ ဟင်း... ယောကျ်ား ဖြစ်ပြီး အားငယ်တတ်လိုက်တာ"

"ငါ... ငါက ဒီမုန့်အတွက် ငိုတာ မဟုတ်ပါဘူး၊ ကိစ္စတစ်ခု စဉ်းစားမိလို့ ငိုတာပါ"

ထိုစဉ်တွင် မိန်းကလေးသည် ပြန်လည်ထွက်ခွာသွားရန် ခြေလှမ်းပြင်လေ၏။ သို့သော် ကျုန်းဟူကျင်း၏ စကားကို ကြားသော်...

"အောင်မယ်၊ နင့်လို ပေါပေါချာချာကောင်ကများ ကြီးကြီးကျယ်ကျယ် ဘာစဉ်းစားစရာ ရှိလို့လဲ"

ကျုန်းဟူကျင်းက သက်ပြင်းချ၍...

"ငါက ငါ့ မေမေကို ရုတ်တရက် သတိရလိုက်လို့ပါ၊ ဒါပေမယ့် ငါ့မေမေ မရှိတော့ဘူး"



မိန်းကလေးက တခစ်ခစ်ရယ်၍...

"ဘာလဲ နင့် အမေက နင့်ကို အမြဲတမ်း မုန့်ကျွေး လို့လား"

"ငါ့အမေက ငါ့ကို အမြဲတမ်းတော့ မုန့်ကျွေးပါတယ်၊ ဒါပေမယ့် ဒီအတွက် ငါက ငါ့အမေကို သတိရတာ မဟုတ် ပါဘူး၊ နင် ရယ်တာ၊ ပြုံးတာ ငါ့အမေနဲ့ သိပ်တူလို့ ငါ့ အမေကို ငါ သတိရတာပါ"

"မိန်းကလေးက ခေါသသံဖြင့်...

"ဟင်း သေနာကောင်၊ ငါ နင့်အမေနဲ့ တူရအောင် ဒီလောက်တောင် အသက်ကြီးနေလို့လား၊ ငါ့ ရုပ်က ဒီလောက် တောင် အိုစာနေလို့လား"

မိန်းကလေးက ပြောပြောဆိုဆို သစ်ကိုင်းတစ်ချောင်း ဖြင့် ကျုန်းဟူကျင်းအား နှစ်ချက်မျှ ရိုက်လိုက်လေ၏။ စင်စစ် ကျုန်းဟူကျင်းသည် သူမလက်ထဲမှ သစ်ကိုင်းကို အလွတ်တကူ လုယူနိုင်သည်။ သို့သော် သူက တမင်ပင် အရိုက်ခံလိုက်၏။ ထို့နောက် ပြုံး၍...

"ငါ့အမေက သိပ်ချောတာဟဲ့၊ သိလား" ဟု ပြောလေရာ မိန်းကလေးက မျက်နှာထားကို တမင် တင်းထား၍...

www.burmeseclassic.com

"ဘာလဲ၊ နင်က ငါ့ကို အကျည်းတန်တယ်လို့ စောင်းပြောလိုက်တာပေါ့လေ၊ နင်နော်၊ ငါ ခုချက်ချင်း ကျိုးနေတဲ့နင့် ခြေထောက်ကို ဆွဲယမ်းလိုက်မယ် သိလား"

သူမ၏ စကားအဆုံးတွင် ကျွန်းဟူကျင်း၏ ခြေထောက်ကို ဆွဲလိုက်မည့်ဟန် ပြုလေ၏။ ထိုအခါ ကျွန်းဟူကျင်းက မိမိ၏ ကျိုးနေသော ခြေမှာ ယခုမှပင် ဆက်ခါစ ရှိသေး၍ သူမ တကယ် ဆွဲယမ်းလိုက်လျှင် အားလုံး သဲထဲ ရေသွန်သကဲ့သို့ ဖြစ်သွားပေမည်။

ထို့ကြောင့် သူက ချက်ချင်းပင် နှင်းခဲ တစ်ခဲကို နှိုက်ယူပြီး အကယ်၍ သူမကသာ သူ့ခြေထောက်ကို တကယ်ဆွဲလာလျှင် သူမ၏ မျက်ခုံးနှစ်ခုကြား တည့်တည့်ရှိ အကြောကို ပစ်ပေါက်ပြီး သူမ မေ့လဲသွားရန် ပြုလိုက်မည်ဟု တွက်ထားလိုက်၏။

သို့သော် မိန်းကလေးမှာ တကယ် မဆွဲဘဲ တမင်ဟန်လုပ်လိုက်ခြင်းသာ ဖြစ်လေ၏။ သို့ရာတွင် သူမသည် ကျွန်းဟူကျင်း၏ တုန်လှုပ်ချောက်ချားသွားသော အမူရာကို တွေ့သော် တခစ်ခစ်ရယ်ပြီး...

"ကြည့်၊ နင်က ဒီလိုတော့လဲ တယ်ကြောက်တတ်ပါလား၊ နေပါဦး နင့်ကို ဘယ်သူကငါ့ကိုလာပြီး စောင်းချိတ်ပြောဖို့ ခိုင်းလိုက်တာလဲ၊ ပြောစမ်း"



ကျွန်းဟူကျင်းက တစ်ချက်မျှ တွေငေးသွားပြီး...

"ငါ မပြောတတ်ဘူး၊ ဘာဖြစ်လို့ ဆိုတာလဲ မသိဘူး၊ င့်ကိုတော့ ငါ့အမေနဲ့ တူတယ်လို့ ငါ ထင်နေတာ၊ နင်က ငါ့အမေလောက် ကြည့်လို့ မကောင်းပေမယ့် ငါက နင့်ကိုသဘောကျတယ်"

မိန်းကလေးက သူ့ လက်ညှိုးလေးဖြင့် ကျွန်းဟူကျင်း၏ ုးကို ထိုးလိုက်ပြီး...

"သားလေး၊ လိမ္မာလိုက်တဲ့ သားလေး၊ ကဲ ငါ့ကိုအမေလို့ ပြန်ခေါ်လေ"

သူမသည် ထိုစကားကို ပြောပြီးနောက် ရုတ်ခြည်းတ်သွားပြီး တစ်ဖက်သို့ မျက်နှာလှည့်လိုက်လေ၏။ သို့သော်သူမသည် ကြာရှည်မအောင့်နိုင်ပုံဖြင့် တခစ်ခစ် ရယ်နေပြန်၏။

ထိုအခါ ကျွန်းဟူကျင်းသည် သူ့မေမေနှင့် ဖေဖေ ရေမဲတောင်ကျွန်းတွင် ရယ်မောလျက် စကားပြောဆိုခဲ့ကြပုံကိုဝါးဝါး ပြန်လည်မြင်ယောင်လာလေ၏။ သြော်... ယခုအမှတ်မထင် တွေ့မြင်လိုက်ရပါသော ဤ မိန်းကလေး၏င်ဟန် အမူအရာတွေကလည်း သူ့မေမေ၏ အမူအရာင်ဟန်နှင့် တစ်ထေရာတည်းလိုလိုပါပဲလား။

www.burmeseclassic.com



ထိုခဏတွင် ကျန်းဟူကျင်းသည် အကျည်းတန်မလေး အား အကျည်းမတန် အရုပ်မဆိုးဟု ထင်လိုက်မိ၏။ ပြီး လွန်စွာ ကြည့်၍ကောင်းသည်ဟုလည်း ထင်နေလေ၏။ ထို့ကြောင့် ကျန်းဟူကျင်းသည် မိန်းကလေးကိုသာ ငေးစိုက်၍ ကြည့်နေမိလေ၏။ ထိုစဉ် မိန်းကလေးက သူ့ဘက်သို့ မျက်နှာ လှည့်၍ သူ့အကြည့်နှင့် ဆုံသော် ငေးကြောင်နေသော အသွင် ကြောင့် တခစ်ခစ် ရယ်ပြီးလျှင် . . .

"နင်က ဘာဖြစ်လို့ ငါ့ကို ကြည့်ချင်နေရတာလဲ၊ ပြောစမ်း" ဟု မေးလာ၏။

ကျန်းဟူကျင်းက ဦးခေါင်း အသာအယာခါ၍ . . .

"ငါလဲ မပြောတတ်တော့ဘူးဟာ၊ ဒါပေမယ့် ငါက နင့်ကို ကြည့်နေရရင် ငါ့စိတ်ထဲမှာ သိပ်နေလို့ကောင်းတာပဲ၊ နင်က ငါ့ကို ကောင်းကောင်း ဆက်ဆံတယ်၊ ငါ့ကို မနှိပ်စက်ဘူး၊ ဒုက္ခရောက်အောင်မလုပ်ဘူး"

"ဟား ဟား ဟား၊ နင် မှားသွားပြီ၊ ငါက သူများကို သိပ်ပြီး နှိပ်စက်ချင်တာဟ၊ နားလည်ပြီလား၊ ကဲဟာ"

ရုတ်တရက် သူမသည် သစ်ကိုင်းဖြင့် ကျန်းဟူကျင်း၏ ဒဏ်ရာရထားသော နေရာကို ခပ်ဖွဖွ ရိုက်ပြီးလျှင် တစ်ချိုး တည်း ထွက်ခွာသွားလေ၏။ ကျန်းဟူကျင်းသည် ဤတစ်ကြိမ်



တွင် လုံးဝ သတိမထားမိသဖြင့် 'အား' ခနဲ တစ်ချက် အော် လိုက်မိလေ၏။ မိန်းကလေးမှာမူ နောက်သို့ တစ်ချက် ကြည့်ကြည့်ရင်း တခစ်ခစ် ရယ်မောပြီး မျက်နှာအမူအရာ ပြောင်ချော်ချော် လုပ်ပြသွားသေးလေ၏။ ကျန်းဟူကျင်းသည် သူမ၏ နောက်ကျောပြင်အား လှမ်းကြည့်ရင်း စိတ်ထဲတွင် . . .

"လက်စသတ်တော့ မိန်းကလေးတွေ အားလုံးဟာ ငဖက်သားကို ဒုက္ခပေးတတ်ကြတာချည်းပဲလား၊ ရုပ်ချောတဲ့ မိန်းမလဲ ဒီလိုပဲ၊ အကျည်းတန်တဲ့ မိန်းမလဲ ဒီလိုပဲ"

* * *

www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင်ပင် ကျန်းဟူကျင်းသည် သူ့မိခင်အား အိပ်မက် မြင်မက်လေတော့၏။ သူ အိပ်မက်မှ နိုးထသော် ထို မိန်းကလေး အား သတိရလိုက်၏။

"သူက ဘာဖြစ်လို့များ ငါ ဒဏ်ရာရထားတဲ့ နေရာ ကိုမှ ရွေးပြီး ရိုက်ရတာလဲ၊ သူက တကယ်ပဲ သူများ ဒုက္ခ ရောက်တာကို တွေ့ရမှ စိတ်ချမ်းသာတာလား"

ကျန်းဟူကျင်းသည် ထိုမိန်းကလေးအား သတိရရင်း အတွေးမျှင် တန်းနေမိလေ၏။ သည်သို့နှင့်ပင် နောက်ထပ် အချိန် နှစ်ရက်ခန့် ကုန်ဆုံးခဲ့၏။ သို့သော် ထို မိန်းကလေး၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့ချေ။ ထိုအခါ ကျန်းဟူကျင် သည် လွမ်းသလိုလို၊ ဆွေးသလိုလို ခံစားလိုက်ရလေ၏။



သို့ဖြင့် တတိယနေ့သို့ ရောက်သောအခါတွင်မှ ထိုမိန်းကလေးကို သည် ရုတ်တရက် ပြန်ရောက်လာပြီး ကျန်းဟူကျင်ကို တွေ့သည်နှင့် ရယ်မောလျှ ဆို၏။

"ဘယ့်နှယ့်လဲ၊ နင် တော်မသေသေးဘူးလား"

"တစ်ဝက်တော့ သေနေပြီ"

မိန်းကလေးက ရယ်၍ သူ့နံဘေးတွင် ထိုင်ချလိုက် ထို့နောက် သူ့ခေါင်းကို တစ်ချက်ပုတ်၍...

"ဒီတစ်ဝက်က သေနေတာလား၊ ရှင်နေတာလား

"အား...နင်က ဘာဖြစ်လို့ ဒီလောက်တောင် ကျေးဇူး ကန်းရတာလဲ"

"ဘာ ကျေးဇူးကန်းတာလဲ၊ နင်က ငါ့အပေါ်ကို ဘာများ ကောင်းလို့လဲ"

ကျန်းဟူကျင်းမှာ ထိုစကားကြောင့် တစ်ချက်ကြောင် သွား၏။ ပြီးမှ...

"ဒီလိုလေ၊ ဟိုနေ့တုန်းက နင် ငါ့ကိုရိုက်တာ ငါ အတော်ကို နာသွားတယ်၊ ဒါပေမယ့် ငါ နင့်ကို စိတ်မဆိုး ခဲ့ဘူး၊ ဒီနှစ်ရက်မှာလဲ ငါ နင့်ကို နေ့တိုင်း သတိရနေခဲ့တယ် လေ"

မိန်းကလေးမှာ မျက်နှာနီရဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ နင့်လို အရုပ်ဆိုးတဲ့ကောင်ကများ ငါကြိုက်ရတယ် ဟုတ်လား၊ အံ့ပါရဲ့ အံ့ပါရဲ့၊ ဒါကြောင့် ဘာထဲမှာ ငါ့ကို သရဲမလို့ ကြိုက်ပြီး ကိုယ့်ကိုကိုယ် ဆွဲနေတယ် ပေါ့လား"

"နင်က ရုပ်မဆိုးပါဘူး ဒါပေမယ့် အားမြစ်တို့ သူများကို ရောက်အောင် လုပ်ချင်ရတာလဲ"

မိန်းကလေးက ရယ်မောရင်း

"သူများ နှာရောက်မှ ငါက စိတ်ချမ်းသာတာကိုး"

ထိုစဉ် ကျွန်းဟူကျော်က သူမအား ငေးကြည့်နေပြီး လက်ထဲတွင်လည်း သူမ ပေးထားသော မုန့်တစ်ထုပ်ကိုမူ ကိုင်ထားလျက် တွေ့ရသောအခါ

"ဟဲ့... မုန့်က အေးစက်နေပြီ၊ စားလို့ မကောင်းတော့ဘူး နင်နေယ်ဟယ် အာမြစ်လို အာရုံ ရောနေတဲ့ ရှုံ့ထားရ တာလဲ"

"နင်မေးတဲ့ မုန့်အိုလို ငါက မစားရက်တာပေါ့"

သည်အချိန်၌ မိန်းကလေးသည် စိတ်မဆိုးတော့ပေ။ သို့သော် သူမ မျက်နှာတွင် ရှက်သွေးရောင် သန်းသွားလေ၏။ သူမက...

"ငါ အခု မုန့်အသစ် ယူလာတယ်"



စကားအဆုံးတွင် ခြင်းတောင်းထဲမှ စားစရာ တချို့ကို ထုတ်ယူလိုက်၏။ ဤတစ်ကြိမ်တွင်မူ သူမသည် မုန့်အပြင် ကြက်သားနှင့် အသားကင်များပါ ယူလာလေ၏။ ရနံ့လည်း မွှေးကြိုင်နေ၏။

ကျွန်းဟူကျော် လွန်စွာ ဝမ်းသာသွား၏။ သူ့အဖို့ ဤလို ကြက်သား၊ ဆိတ်သားမျိုးကို မစားရသည်မှာ လေးနှစ် ကျော်နေပြီ မဟုတ်ပါလား။ ထို့ကြောင့် သူက အားပါးတရ စားလိုက်လေ၏။ မိန်းကလေးကလည်း သူ အားပါးတရ စားနေသည်ကို ပြုံးစစဖြင့် ကြည့်နေပြီးလျှင်...

"သရဲလေး၊ နင် ဒီလို အားရပါးရ စားတာကို တွေ့ရတော့ ငါလဲ စိတ်ပျော်လိုက်တာ၊ ဒီလိုဆိုတော့ ငါကလဲ နင့်ကို သဘောကျချင်သလိုပဲ သိလား"

"တကယ်လား၊ သူများ စိတ်ချမ်းသာတာကိုတွေ့လို့ နင် တကယ် စိတ်ချမ်းသာတာလား"

မိန်းကလေးက ခေါင်းငြိမ့်ပြီး

"ဟင်း ငါက နင့်ကို အရင်ကတည်းက ပြောတယ် မဟုတ်လား၊ ငါ စိတ်ပျော်ရင် နင့်ကို ဒုက္ခပေးမယ်၊ ငါ စိတ် မပျော်ရင်လဲ နင့်ကို ဒုက္ခပေးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းက ခေါင်းယမ်း၍...

"လူဆိုး သူဆိုးတွေက ငါ့ကို ငယ်စဉ်ကတည်းက နှိပ်စက်လာခဲ့တာပါ၊ ငါ့အဖို့ ခံနိုင်ရည် ရှိနေပါပြီ"

မိန်းကလေးက ခနဲ့ပြုံး ပြုံးပြီး...

"ဒီမှာ အစားကိုသာ ကုန်အောင် စားပါ၊ စကားကိုတော့ ကုန်အောင် မပြောပါနဲ့၊ ဟင့် ကြည့်ကြသေးတာပေါ့လေ"

ကျန်းဟူကျင်းက...

"ငါ့ခြေထောက်ဒဏ်ရာ ကောင်းသွားရင် ငါ ဟိုအဝေးကို သွားတော့မယ်၊ နင်က ငါ့ကို နှိပ်စက်ချင်ရင်တောင် ရှာလို့တွေ့မှာ မဟုတ်တော့ဘူး"

"တကယ်လား"

"တကယ်ပေါ့"

"ဟင်း၊ ဒီလိုဆိုရင် ငါက နင့်ခြေထောက်တွေကို ခုတ်ပစ်ပြီး ငါ့နားမှာပဲ တစ်သက်လုံး နေခိုင်းလိုက်မှာပေါ့"

ကျန်းဟူကျင်းသည် သူမ၏ အေးစက်သော အသံကို ကြားရသောအခါ ကြက်သီးမွေးညင်း ထသွားလေ၏။ သူမသည် ပြောလျှင် ပြောသလိုလုပ်မည့် လူစားမျိုးပင် မဟုတ်ပါလား။ မိန်းကလေးသည် သူ့အား တစ်ချက်မျှ ငေးမောကြည့်လိုက်



ပြီးနောက် ရုတ်ခြည်း မျက်နှာပျက်သွားပြီး ကျယ်လောင်သော အသံဖြင့် ထအော်လေ၏။

"ဟဲ့ သရဲလေး၊ ကျူသလား၊ ခန့်သလား၊ နင်လို အရုပ်ဆိုးကြီးက ငါနဲ့ တန်လို့လား"

မိန်းကလေးသည် ထိုသို့ပြောပြီး ကျန်းဟူကျင်း၏ လက်ထဲမှ အစားအစာများကို လုယူပြီး လွှင့်ပစ်လိုက်၏။ ကျန်းဟူကျင်းမှ မည်သို့မျှ မပြောဘဲ သူမကိုသာ ငေးမောကြည့်နေလိုက်မိ၏။ ထိုအခါ သူမ၏ မျက်နှာတွင် ဆွေးမြည့်ကြေကွဲသော အရိပ်အယောင်များ ပေါ်လွင်နေသည်ကို တွေ့ရလေ၏။ သူသည် စိတ်မဆိုးသည့်ပြင် သူမအပေါ်တွင်ပင် သနားစိတ် ဝင်လာပြီး ချော့မော့ နှစ်သိမ့်ရန်ပင် စိတ်ကူးလိုက်မိလေ၏။ သို့သော် ဘာကစ၍ ပြောရမည်ကိုပင် မသိပါချေ။

ထိုစဉ် မိန်းကလေးသည် သူ၏ အမူအရာကို တွေ့ရသောအခါ ရုတ်တရက် အော်၍...

"သရဲလေး၊ နင် ဘာတွေ စဉ်းစားနေတာလဲ"

ကျန်းဟူကျင်းက...

"နင်က ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ချမ်းမသာဖြစ်နေရတာလဲ၊ ငါ့ကို ပြောပြပါလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ညင်သာ သိမ်မွေ့သော စကားကို ကြားရသောအခါ မိန်းကလေးသည် မနေနိုင်တော့ဘဲ ကျွန်းဟူကျင်း၏ ဘေးတွင် ထိုင်ချပြီး လက်နှစ်ဖက်ကို မျက်နှာတွင်အုပ်ကာ ရှိုက်ငင်ငိုကြွေးလေတော့၏။ ထိုအခါ ကျွန်းဟူကျင်းက ညင်သာသော လေသံဖြင့် ဆိုလေ၏။

မိန်းကလေး၊ နင့်ကို ဘယ်သူက အနိုင်ကျင့်တာလဲ၊ ငါ့ခြေထောက် ကောင်းသွားရင် နင့်အတွက် ငါ သွားတွေ့ပေး မယ်လေ"

အတန်ကြာသော် မိန်းကလေးက...

"ဘယ်သူကမှ ငါ့ကို အနိုင်မကျင့်ပါဘူး၊ ငါ့ကိုက ကုသိုလ်ကံဆိုးပါတယ်၊ ငါ့ကိုယ်တိုင်ကလဲ မကောင်းပါဘူး။ ငါက လူတစ်ယောက်ကို အမြဲတမ်း သတိရနေမိတယ်၊ ဘယ် လိုမှ အဲဒီလူကို မေ့မျောက်လို့ မရဘူး

ကျွန်းဟူကျင်းက ခေါင်းတဆတ်ဆတ် ညိတ်၍...

"လူငယ်တစ်ယောက် ဟုတ်လား၊ သူက နင့်ကို ရိုင်းရိုင်း စိုင်းစိုင်း ဆက်ဆံခဲ့လို့လား"

"ဟုတ်တယ်၊ သူက ရုပ်လဲ ချောတယ်၊ ပြီးတော့ ဘဝင်လဲမြင့်တယ်၊ ငါက သူ့ကို ငါနဲ့အတူ လိုက်ခဲ့ဖို့ ခေါ်တာ ကို သူက သဘောမတူရုံမကဘူး၊ ငါ့ကို ဆဲလဲဆဲ၊ ရိုက်လဲ



ရိုက်၊ နောက်ဆုံး ငါ့ကို အပြီးသတ်ရရဲဖြစ်အောင် သို့သွားနဲ့ ကိုက်လိုက်သေးတယ်"

ကျွန်းဟူကျင်းက ခေါသဖြင့်...

"ဒီလူက ဒီလောက်တောင် မိုက်ရိုင်းသလား၊ ဒီလိုဆို သူ့ကို မေ့ပစ်လိုက်ရုံပေါ့"

မိန်းကလေး၏ မျက်ရည်စက်လက်ဖြင့်...

"ဒါ... ဒါပေမယ့် သူ့ကို ငါ စိတ်ထဲက မေ့မျောက် လို့ကို မရဘူး၊ ငါက သူ့လိုမျိုး ချောတဲ့လူကို တစ်ခါမှ မတွေ့ဘူး"

ကျွန်းဟူကျင်း၏ စိတ်ထဲတွင်...

"သြော်၊ ယောကျ်ားနဲ့ မိန်းမ အချစ်ရေး အချစ်ရာ ကိစ္စတွေဟာ ဒီလိုချည်းပါပဲလား၊ ဒီမိန်းကလေးက အရုပ်ဆိုး ပေမယ့် ခံစားချက်ရှိတဲ့ လူပဲ၊ သူ့ရဲ့ စိတ်နေသဘောထားက ထူးဆန်းပေမယ့် သူ့ဘဝရဲ့ အဖြစ်ဆိုးကြောင့် ဒီလိုဖြစ်ခဲ့ တာပဲ"

သို့ဖြင့် သူက နှစ်သိမ့်သော လေသံဖြင့်...

မိန်းကလေး၊ နင် ဘာမှ စိတ်မဆင်းရဲပါနဲ့၊ လောကမှာ ယောကျ်ားကောင်းတွေ ရှိပါတယ်၊ နင်က ဘာဖြစ်လို့ ဒီယောကျ်ားစုတ်ကိုမှ သတိတရ ဖြစ်နေရတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက အဝေးသို့ ငေးမျှော်ကြည့်လိုက်၏။ ထိုအခါ ကျွန်းဟူကျင်းသည် မိန်းကလေးက သူ့ချစ်သူ ယောင်းကို မေ့မရမှန်း နားလည်လိုက်လေ၏။ ထို့ကြောင့် သူက . . .

"ဟိုယောကျ်ားလေးက နင့်ကို တစ်ချက်လောက်ပဲ ရိုက်တာ ကိုက်တာပါ၊ ဒါပေမယ့် ငါ့ရဲ့ အဖြစ်အပျက်က နင့်ထက် အများကြီး အဖြစ်ဆိုးပါတယ်ကွာ"

မိန်းကလေးက အံ့ဩစွာဖြင့် . . .

"ဘာလဲ၊ နင်ကလဲပဲ မိန်းကလေးတစ်ယောက်ရဲ့ အလိမ် အညာကို ခံခဲ့ရတယ် ဟုတ်လား"

"အမှန်တော့ သူက ငါ့ကို တမင်သက်သက် လိမ်ညာ ချင်လို့ မဟုတ်ပါဘူး၊ ငါကိုယ်တိုင်ကိုယ်က ရူးလို့ပါ၊ သူ့လို အင်မတန် လှပချောမွတ်တဲ့ မိန်းကလေးကို ငါလိုကောင်က သွားမှန်းလို့ ဘယ်ရမလဲ၊ ဒါနဲ့ သူနဲ့ သူ့အမေက အကွက်ဆင်ပြီး ငါ့ကို ခုကွာပေးတော့တာပဲ"

ကျွန်းဟူကျင်းသည် စကားအဆုံးတွင် သူ့လက်မောင်း တွင် ကျန်ရှိနေသေးသော ခွေးကိုက်ရာများကို လှန်ပြလိုက် လေ၏။ ပြီးလျှင် သူက ဆက်၍ဆို၏။



"ဒီ ခွေးကိုက်ရာတွေက သူ့ရဲ့ ခွေးတွေကြောင့်ပဲပေါ့ မိန်းကလေး"

မိန်းကလေးက ကျွန်းဟူကျင်း လက်မောင်းမှ ခွေးကိုက်ရာ များကို တွေ့သော် လွန်စွာ ဒေါသထွက်ပြီး အော်မေးလေ၏။

"ဒါက ဟို ကျူးကျင်းဆိုတဲ့ ကောင်မရဲ့ လက်ချက် ဟုတ်လား"

ကျွန်းဟူကျင်းက အံ့ဩလျက် . . .

"နင် ဘယ်နှယ်လုပ် သိလဲ"

"အို ဒီကောင်မက ခွေးသိပ်မွေးချင်တဲ့ ကောင်မပဲဟာ၊ အနီးအနားက လူတွေ သူ့အကြောင်း အကုန်သိတာပဲ"

ကျွန်းဟူကျင်းက ခေါင်းညိတ်၍ အေးစက်စွာဖြင့် . . .

"ဟုတ်တယ်၊ ဒီဒဏ်ရာဒဏ်ချက်တွေကတော့ ပျောက် သွားပါပြီ၊ ငါ မနာတတ်တော့ပါဘူး၊ အင်း တော်သေးလို့ သေတာပေါ့၊ ငါ မသေတော့ ငါက သူ့ကိုလဲ မမုန်းတော့ ပါဘူး"

မိန်းကလေးက သူ့ကို အတန်ကြာ စိုက်ကြည့်ပြီးလျှင် သက်နေ၏။ ဝင်စစ် သူမသည် ကျွန်းဟူကျင်း၏ မျက်နှာတွင် ယှပ်ရှားခြင်း မရှိဘဲ 'တည်ငြိမ်အေးဆေးဟန်ကိုသာ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အံ့ဩမိခြင်းဖြင့် ဖြစ်ပါလျှင် အတန်ကြာမှပင် သူမက မေးတော့၏။

"နှင်နာမည့် ဘယ်လိုခေါ်သလဲ ... ဘာဖြစ်လို့ ဒီကို လာခဲ့ရတာလဲ"

ကျွန်းဟူကျင်းက စဉ်းစားလိုက်၏။

"ငါ မြေပြန့်ကို ပြန်ရောက်တဲ့အချိန်ကစပြီး လူ... ငါ့ရဲ့ မွေးစားမေမေကိုပဲ လိုက်ပြီး စုံစမ်းနေကြတာပဲ၊ ဒီအတွက် နဲ့ပဲ ငါမှာ ဒုက္ခတွေ အများကြီး ခံခဲ့ရတယ်၊ ဒါကြော... ဒီနေ့ကစပြီး ငါ ကျွန်းဟူကျင်းဟာ သေသွားပြီ၊ မရှိတော့... ဒီလောကမှာ ဘယ်သူကမှ မွေးမွေးခြင်းသေမင်းရဲ့ နေရပ်... မသိတော့ဘူး၊ ဒါကြောင့် ဒီအချိန်ကစပြီး ကျူးချန်လင်တော... ပိုပြီး ကြောက်စရာကောင်းတဲ့ လူ ဖြစ်ပါစေ၊ ငါက သူတို့... အောင်မြောက်ထဲကို ကျူးနိုင်စရာ မရှိဘူး၊ ငါ့အတွက်ကြောင့်... သူ့ရဲ့ မွေးစားအမေ ဒုက္ခရောက်စရာ မရှိတော့ဘူးပေါ့"

သူမက ထိုသို့ အတန်ကြာအောင် စဉ်းစားနေမိပြီးနောက် မိန်းကလေး၏ အမေးကို ဖြေလေ၏။

"ငါ့နာမည်က ... ပါ"

"မှုယီး ... နာမည်တဲ့ ... နင့်ရဲ့ မျိုးရိုးကတော့"

ကျွန်းဟူကျင်းက စဉ်းစားလိုက်ပြန်၏။

"ငါ့မျိုးရိုးနာမည်က ကျွန်း၊ ချင်း၊ ရှကီ၊ ဒီလူတွေ အားလုံး မကောင်းဘူး၊ ဒီမျိုးရိုးနာမည်ကို ပြောရင် လူတွေက ရိပ်မိနိုင်တယ်၊ ဒါကြောင့် ငါက ကျွန်းနဲ့ ချင်းရဲ့ အသံကြားက ကျင်းမဲ့ ယူလိုက်မယ်"

သို့ဖြင့် သူက "ငါ့နာမည်က ကျင်းမွှားပါ၊ နင့်ရဲ့ နာမည်ကကော၊ နင့်ရဲ့ မျိုးရိုးနာမည်ကကော"

မိန်းကလေးမှာ တစ်ချက်မျှ တုန်လှုပ်သွားပြီး...

"ငါ့မှာ မျိုးရိုးနာမည် မရှိဘူး"

အတန်ကြာမှ ဆက်၍ ဖြည်းညင်းစွာဖြင့်...

"ငါ့အမေက ငါ့ကို စွန့်လိုက်ပြီ၊ ငါ့ကိုတွေ့ရင် သတ်သိမ့်မယ်၊ ငါ့အဖေမျိုးရိုးကို ငါ မယူဘူး၊ ငါ့ အမေကလဲ ငါ့ အတွက်ကြောင့် သေသွားရတာ၊ ငါက ရုပ်လဲဆိုးတယ်၊ ဒါကြောင့် ငါ့ကို 'ရုပ်ဆိုးမ' လို့ပဲ ခေါ်ပါ"

ကျွန်းဟူကျင်းက အံ့ဩလျက်...

"နှင် ... နင်ဟာ နင့်အမေကို သေအောင်လုပ်တယ် ဆိုတဲ့လား၊ ဘယ်ဖြစ်နိုင်မှာလဲ"

မိန်းကလေးက သက်ပြင်းချလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကို ပြောရင် အရှည်ကြီးပဲ၊ ငါ့မှာ အမေနှစ်ယောက် ရှိတယ်၊ ငါ့အမေအရင်းက မယားကြီး၊ ဒါပေမယ့် သားသမီး မထွန်းကားဘူး၊ ငါ့အဖေက နောက်ထပ် မိန်းမတစ်ယောက် ယူလိုက်တယ်၊ ဒုတိယအမေက အစ်ကိုနှစ်ယောက် မွေးတယ်၊ အစ်မတစ်ယောက် မွေးတယ်၊ အဖေက ဒုတိယအမေကို သိပ်ချစ်တယ်၊ နောက်မှ အမေက ငါ့ကို မွေးတယ်၊ ဒါပေမယ့် မိန်းကလေးဖြစ်နေလို့ ငါ့ကို ပစားမပေးဘူးပေါ့၊ နောက်ပြီး ငါ့ရဲ့ ဒုတိယအမေရဲ့ အိမ်ထောင်စုက နာမည်ကြီးဆိုတော့ သူက အမေ့ကို အမြဲတမ်း အနိုင်ကျင့်တာပဲ၊ အစ်ကိုနဲ့ အစ်မကလဲ ငါ့ကို အမြဲတမ်း ရိုက်နှက်တယ်၊ ဒီတော့ ငါက ဘယ်လိုလုပ်ရတော့မှာလဲ"

ကျန်းဟူကျင်းက ...

"နင့်အဖေ တရားမျှတရမှာပေါ့"

ထိုအခါ မိန်းကလေးက ...

"ငါ့အဖေက တစ်ဖက်သတ်လိုက်နေလို့ ငါက ဒေါသထွက်ပြီး ငါ့ရဲ့ ဒုတိယအမေကို သတ်ပစ်လိုက်တာပေါ့"

ကျန်းဟူကျင်း၏ နှုတ်မှ အာမေဍိတ်ပြုမိပြီး ငေးကြောင်သွားလေ၏။ ဤလို မိန်းကလေးတစ်ယောက်က ခွဲမဖေါ်မိထွေးကိုပင် သတ်ဝံ့သည်ဆိုသည်ကိုမှု သူ လုံးဝ မမျှော်လင့်



ခဲ့ချေ။ သို့သော် မိန်းကလေးကိုယ်တိုင်က ဤကိစ္စကို ပြောပြစဉ်တွင်မူ မိန်းကလေး၏ အမူအရာသည် အေးစက်လွန်းပြီး ဘာမှ မဖြစ်သကဲ့သို့ ပြောနေသဖြင့် သူက ပို၍ပင် အံ့ဩမိလေ၏။ မိန်းကလေးက ဖြည်းညင်းစွာ ဆက်၍ ပြောနေ၏။

"ငါ့အဖေက ငါက ငါ့မိထွေးကို သတ်တာကိုတွေ့တော့ ငါတော့ ပျားအုံကို တုတ်နဲ့ ထိုးချမိသလို ဖြစ်ပြီဆိုပြီး ငါ့ကို ချက်ချင်း ထွက်ပြေးခိုင်းတာပေါ့၊ ဒါပေမယ့် ငါ့ကို သူတို့က ...လိုက်တယ်၊ ဒါနဲ့ ငါ့အမေက ငါ့ကိုကယ်ဖို့အတွက်နဲ့ သူ့ ...ိုယ်သူ သတ်သေလိုက်တယ်၊ ကဲ နင် ပြောစမ်း၊ ငါ့ အမေရဲ့ ...သက်ကို ငါသတ်တာပဲ မဟုတ်လား၊ တကယ်လို့ ငါ့အမေက ...ကိုတွေ့ရင် ငါ့ကို မသတ်ဘဲနေမှာလား"

ထိုစကားကို ကြားသော် ကျန်းဟူကျင်းသည် ရင်တထိတ်...တ် ခုန်သွားမိလေ၏။ သူ့စိတ်ထဲတွင် ...

"ငါ့ဘဝက မကောင်းတော့ အဖေနဲ့ အမေဟာ ...တောကြီးကတည်းက ကွယ်လွန်ခဲ့တယ်၊ ဒါပေမယ့် အဖေနဲ့ ...မေက ငါ့ကို ချစ်တယ်၊ သနားတယ်၊ ဒီ မိန်းကလေးနဲ့စာရင် ...က အများကြီး ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

ထိုအခါ ကျန်းဟူကျင်းသည် မိန်းကလေးအပေါ်တွင် ... ကြင်နာသနားလာမိ၏။ သူက ညင်သာစွာဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



နင် အိမ်ကထွက်လာတာ ဘယ်လောက်ကြာပြီလဲ [illegible] တစ်ယောက်တည်း သွားလာနေရတာလဲ ဟယ်"

မိန်းကလေးက ခေါင်းတညိတ်ညိတ်လုပ်ပြီး...

"သိပ်ကြာပြီ"

"နင် အခု ဘယ်သွားဦးမလို့လဲ"

"ငါလဲ မသိဘူး၊ ငါ့အမေ၊ ငါ့အစ်ကို၊ ငါ့အစ်မတွေနဲ့ မတွေ့ရရင် တော်ပြီ"

ကျွန်းဟူကျင်းသည် မိန်းကလေးနှင့် စကားပြောရင်းက မိန်းကလေး၏ ဘဝမှာ မိမိဘဝနှင့် တူလှန်းသူဖြင့် မိန်းကလေး အပေါ်တွင် ပို၍ ခင်မင်ရင်းနှီးမှု ရှိလာလေ၏။ ထို့ကြောင့် သူက...

"ငါ့ခြေထောက် ကောင်းသွားလို့ရှိရင် ငါ နင့်ကို အဖော်လုပ်ပြီး ဟိုယောက်ျားလေးကို သွားရှာပေးမယ်၊ ငါ သူ့ကိုမေးမယ်၊ ဘာဖြစ်လို့ နင့်ကို ဒီလို ဆက်ဆံရတာလဲလို့"

မိန်းကလေးက...

"[illegible] ငါ့ကို [illegible] နေရစ်တော့"

ကျွန်းဟူကျင်းက ရင်ကိုကော့၍...



[illegible] ငါက [illegible] မပျော်ဘူး" [illegible] မပြောဘဲ နေရင်ကော"

ကျွန်းဟူကျင်းမှာ ရုတ်တရက် မဖြေနိုင်။ အတော်ကြာ [illegible]

"ဒါ [illegible] ကြိုးစားရမှာပေါ့"

ထိုအခါ မိန်းကလေးသည် တစ်ကိုယ်လုံး [illegible] သွားအောင် ရယ်လိုက်လေ၏။ သူမသည် [illegible] အရယ်ရဆုံးသော စကားကို ကြားလိုက်ရသလိုမျိုး အားပါးတရ ရယ်လိုက်ခြင်း ဖြစ်ပါ၏။ ကျွန်းဟူကျင်းက အံ့ဩလျက်...

"[illegible] ဘာများ ရယ်စရာ ကောင်းနေလို့လဲ"

"[illegible] ရယ်မောရင်း [illegible]"

"ရုပ်ဆိုးလေး၊ နင်က ဘာကောင်မို့လို့ သူများက [illegible] သူ့ကို နေရာ [illegible] မတွေ့ဘူး၊ နင်က [illegible] သူ့ကို [illegible]

www.burmeseclassic.com



ကျန်းဟူကျင်းက ဖွင့်ဟ ပြောလိုက်ချင်၏။ သို့သော် သူ မပြောဘဲ နေလိုက်၏။ သူ့မျက်နှာမှာမူ နီရဲလျက် မိန်းကလေးသည် ရှက်ရွံ့သွားသော သူ့မျက်နှာကို ကြည့်လျက် ရယ်ခြင်းကို ရယ်ပြီး...

"နင် ဘာပြောချင်လို့လဲ"

"နင်ကငါ့ကို ရယ်နေဦးမယ်၊ ငါ မပြောတော့ဘူး"

ထိုအခါ မိန်းကလေးက အေးစက်စွာဖြင့်...

"ဟင့် ရယ်လဲ ရယ်ခဲ့ပြီပဲ၊ အလွန်ဆုံး နောက်ထပ် ရယ်ရုံပဲပေါ့၊ မသေနိုင်ပါဘူး"

BURMESE CLASSIC

ကျန်းဟူကျင်းက အော်၍...

"မိန်းကလေး၊ ငါက နင့်ကို ဒီလောက် စေတနာထား လျက်နဲ့ နင်က ငါ့ကို ရယ်တယ်၊ ဒါတော့ မကောင်းပါဘူး"

မိန်းကလေးက...

"ငါ နင့်ကို မေးမယ်၊ နင်က ငါ့ကို ဘာပြောမလို့လဲ"

ကျန်းဟူကျင်းက...

"နင်က တစ်ယောက်တည်း သွားလာနေရတယ် တော့ ငါနဲ့ ဘဝတူပဲပေါ့၊ ငါ့မှာ အဖေ အမေ မရှိဘူး၊ ညီ အစ်ကို မောင်နှမလဲ မရှိဘူး။ ဒါကြောင့် ငါက နင့် ပြောမလို့၊ တကယ်လို့ ဟိုကောင်လေးက နင့်ကို နောက်ထ



အရေးမစိုက်ဘူးဆိုရင် ငါက နင့်ကို ငါ့ရဲ့ အဖော်ပြုပြီး အတူတူ သွားဖို့လာဖို့ ပြောမလို့ပဲ၊ နဖက ငါနဲ့ မတန်ဘူး ပြောလို့ ငါကလဲ မပြောချင်တော့ပါဘူး"

မိန်းကလေးက ဒေါသသံဖြင့်...

"နင်က ငါနဲ့ ဘယ်တန်မလဲ၊ ဟိုကောင်လေးက နင့်ထက် အများကြီးသာတယ်၊ ငါ အခု နင်နဲ့ လာစကား ပြောတာ အပျင်းပြေမလားလို့ လာပြောတာဟဲ့၊ ဟင့် အခုမှ တကယ့် ဂြိုဟ်ကောင်နဲ့ လာတွေ့နေတယ်"

သူမသည် ထိုသို့ စိတ်ဆိုးမာန်ဆိုး ပြောပြီး ခြင်းတောင်းကို ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။ ထို့နောက် မျက်နှာကို လက်ဖြင့်အုပ်၍ အဝေးသို့ ထွက်ပြေးသွားလေ၏။

ကျန်းဟူကျင်းမှ သည်သို့ အပြောခံရသော်လည်း စိတ်မဆိုးချေ။ သူ့စိတ်ထဲတွင်မူ...

"ဒီမိန်းကလေးက သိပ်ကို သနားစရာ ကောင်းနေပါလား၊ သူ့ရင်ဝဲ သိပ် အခံရခက်နေပုံပဲ"

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄၈ )

www.burmeseclassic.com

www.burmeseclassic.com

# ကတ်ရည်စမ်းချွဲ

ကျန်းဟူကျင်းသည် တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ အတန်ကြာသော် ခြေသံများကို ကြားလိုက်ရ၏။

သူက ထိတ်လန့်သွားပြီး ခြေသံကြားရာ ကြည့်လိုက်သောအခါတွင်မူ ခြေသံရှင်မှာ အခြားသူ မဟုတ်ဘဲ သူ့အား နှင့်သည်းစွာ ပြောပြီး ထွက်ပြေးခဲ့သော မိန်းကလေး ဖြစ်နေသည်ကို တွေ့ရလေ၏။ မိန်းကလေးသည် သူ့ထံ အပြေး ပြန်လာပြီးလျှင် ဒေါသတကြီးဖြင့် ဆိုပြန်၏။

"ရုပ်ဆိုးလေး၊ နင်က စိတ်ထဲမှာ မကျေနပ်ဘူး ထင်တယ် ဟုတ်လား၊ နင်ကတော့ ပြောမှာပဲ၊ ဒါလို အရုပ်ဆိုးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်မကများ နင့်ကို မတူဘူး မတန်ဘူးလို့ ပြောရသလား ပေါ့လေ ဟုတ်လား"

ကျန်းဟူကျင်းက ခေါင်းခါလျက်...

"မဟုတ်ပါဘူး၊ နင့်ရုပ်ရည်က ကြည့်လို့ မကောင်းပေမယ့် ငါက နင့်ကို မြင်မြင်ချင်း ခင်ပါတယ်၊ တကယ်လို့ နင်ကသာ အရင်လို ရုပ်မျိုးသာဆိုရင်တော့..."

မိန်းကလေးက ကြားဖြတ်၍...

"နင်... နင်က ဘယ်လိုလုပ် သိတာလဲ၊ ငါ အရင်တုန်းက ဒီလိုရုပ်မျိုး မဟုတ်ဘူးဆိုတာ"

"ငါ နင့်ကို ဒီတစ်ခါ ထပ်တွေ့တော့ အရင်တစ်ခါထက် နင့်မျက်နှာက ပိုပြီး ရောင်ကိုင်းနေတယ်၊ အသားအရည်ကလဲ ပိုမည်းလာတယ်"

"ငါ... ငါ ဒီရက်တွေမှာ မျက်နှာကို မှန်ထဲ ပြန်မကြည့်ရဘူး၊ နင် ဆိုလိုတာက ငါ့မျက်နှာဟာ ကြာလေ အရုပ်ဆိုးလေပဲပေါ့ ဟုတ်လား"

ထိုအခါ ကျန်းဟူကျန်းက ညင်သာသော အသံဖြင့်...

"လူတစ်ယောက်ဟာ စိတ်သဘောထား ကောင်းဖို့ အရေးကြီးတာပါပဲ၊ ငါ့ မေမေက ငါ့ကို အမြဲတမ်း ပြောတယ်၊ မိန်းကလေးဆိုတာ ရုပ်ရည်ချောမောလေလေ စိတ်ပိုပုပ်လေလေ



ပဲတဲ့၊ ငါ့ကို မေမေက မိန်းမချောတွေကို ကျပ်ကျပ် သတိထားပါတဲ့"

မိန်းကလေးက ကျန်းဟူကျင်းစကားကို အရေးမစိုက်ဘဲ သူ မေးချင်သည်ကိုသာ မေးနေ၏။

"နင့်ကို ငါမေးနေတာ ဖြေလေ၊ ငါ့ရုပ်ရည်က တစ်နေ့တခြား အကျည်းတန်နေလို့လား"

ကျန်းဟူကျင်းမှာ မိမိဘာသာ "ဟုတ်တယ်"ဟု ပြောလိုက်လျှင် မိန်းကလေးအဖို့ လွန်စွာ စိတ်ထိခိုက်သွားမည်မှန်းသိ၏။ ထို့ကြောင့် သူမကိုသာ ငေးမောလျက် ဘာမျှ မပြောဘဲ နေနေလိုက်၏။ မိန်းကလေးက ကျန်းဟူကျင်း၏ အမူအရာကို မြင်သော် အဖြေကို ချက်ချင်းသိကာ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်၍ ငိုလေ၏။ ထို့နောက်...

"သရဲလေး၊ ငါ နင့်ကို မုန်းတယ်၊ ငါ နင့်ကို မုန်းတယ်"ဟု အော်ပြောပြီး ပြန်လည် ပြေးထွက်သွားလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျန်းဟူကျင်းသည် နောက်ထပ် နှစ်ရက်မျှ လဲလျောင်းနေပြန်၏။ ထိုစဉ် မြေခွေးတစ်ကောင်သည် အစာရှာရင်း ကျန်းဟူကျင်းအနားသို့ ချဉ်းကပ်လာရာ ကျန်းဟူကျင်းက လက်ဝါးစောင်းဖြင့် ခုတ်သတ်ပြီး အစာအလို့ငှာ စားလိုက်လေ၏။

ဤသို့ဖြင့် နောက်ထပ် သုံးလေးရက်မျှ ကြာလာ၏။ ကျန်းဟူကျင်း၏ ခြေထောက်မှာလည်း တစ်ဝက်ခန့် ကောင်းမွန်သက်သာလာ၏။ နောက်ထပ် ခုနစ်ရက် ရှစ်ရက်ခန့် ကြာလျှင်မူ လမ်းလျှောက်၍ ရပေလိမ့်မည်။

ထိုစဉ်တွင်ပင် သူသည် မိန်းကလေးအား သတိတရ ရှိနေပြန်၏။ သို့သော် ကျန်းဟူကျင်းသည် မိန်းကလေး၏



အမည်ကိုပင် သိခွင့်မရခဲ့ပေ။ ထိုည သူ အိပ်မောကျနေခိုက် သူ့နားထဲသို့ နှင်းမြေပေါ်မှ လှမ်းလျှောက်လာသော အသံများကို ကြားသဖြင့် ချက်ချင်း နိုးလာလေ၏။

ယခုအချိန်တွင် ကျန်းဟူကျင်းသည် နေစကြာ သိုင်းကျင့်စဉ်ကို ကျင့်လာခဲ့ရာ အတွင်းအားမှာ အဆင့်သုံးသို့ပင် ရောက်ရှိနေပြီဖြစ်၏။ အဆင့်အမြင့်ဆုံးဖြစ်သော နံပါတ်တစ်ဆယ် အဆင့်သို့ ရောက်ရန် အတန်ပင် လိုသေးသော်လည်း- သူ့အတွင်းအားမှာ အခြားသူများနှင့် ယှဉ်လိုက်လျှင် လွန်စွာမြင့်မားနေလေပြီ။ ထို့ကြောင့် သူသည် ကိုက်ငါးဆယ် ပတ်လည်မှ အစ်စုံတစ်ခု လှုပ်ရှားသံကိုပင် ထင်ထင်ရှားရှား ကြားနိုင်သေး၏။

ယခုလည်း သူက နှင်းမြေတွေ နင်းလျှောက်လာသံကို ကြား၍ ကိုယ်အပေါ်ပိုင်းကို မတ်ကာ ထိုင်လိုက်၏။ သို့သော် ခြေထောက်မှာမူ မလှုပ်ရှားနိုင်သေး။ ခေါင်းမော့၍ လှမ်းကြည့်လိုက်သော အခါတွင်မူ လူခုနစ်ယောက်ခန့် လျှောက်လာသည်ကို တွေ့လိုက်ရလေ၏။

ရှေ့ဆုံးမှ လျှောက်လာသူမှာ အကျည်းတန်မလေးဖြစ်ပြီး သူမ၏ နောက်ဘက်မှ လူခြောက်ယောက်မှာမူ ယပ်တောင်တစ်ချောင်းကို ဖြန့်ထားသကဲ့သို့ သူမအား ဝိုင်းထားသော

www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန်ဖြင့် လျှောက်လာလေ၏။ သူတို့သည် မိန်းကလေးက သူတို့အနားမှ ထွက်ပြေးသွားမည်ကို စိုးရိမ်နေသကဲ့ပင်။ ကျွန်းဟူကျင်း၏ စိတ်ထဲ၌ . . .

"သူ့ကို သူ့အဖေနဲ့ အစ်ကို အစ်မတွေက ဖမ်းများ ဖမ်းမိလိုက်ပြီလား၊ ဘယ်လိုကြောင့် ငါ့ဆီကို လျှောက်လာကြတာပါလိမ့်"

ထိုစဉ်မှာပင် ထိုလူအားလုံး သူ့အနားသို့ ရောက်လာလေ၏။ ကျွန်းဟူကျင်းက မိန်းကလေးနောက်မှ လူခြောက်ယောက်အား ကြည့်လိုက်သော အခါတွင်မူ အကြီးအကျယ် တုန်လှုပ်သွားမိလေ၏။ အကြောင်းမူ ထိုလူခြောက်ယောက် စလုံးကို သူ သိနေသောကြောင့်ပင် ဖြစ်ပါ၏။ ဘယ်ဘက်တွင် ဟူချင်းနှင့် သူမ၏ မိခင် ဟူလကော် ပြီး သူမနှင့် ဂိုဏ်းတူ အစ်ကို ဝေ့ပိ။

ညာဘက်တွင် ခွန်းလွန်ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချုံးနှင့် သူ့ဇနီး ဈူးရှင်။ အလယ်တွင်တော့မူ အသက် သုံးဆယ်ခန့်ရှိ ဝါမေဂိုဏ်းမှ တင်မင်း။

မှန်သည်။ သူ့ဒေါ်လေး ကျိုရှောင်မူအား နှိပ်စက်၍ မကောင်းကြံခဲ့သော တင်မင်းပင် ဖြစ်ပါ၏။ ကျွန်းဟူကျင်း အကြီးအကျယ် တုန်လှုပ်သွားသည်နှင့်အမျှ စိတ်ထဲမှလည်း . . .



"ဒီမိန်းကလေးက ဘာဖြစ်လို့ ဒီလူတွေနဲ့ သိရတာပါလိမ့်၊ သူလဲ သိုင်းလောကထဲက သိုင်းသမားတစ်ယောက်ပဲလား၊ သူက ငါ့အကြောင်းကို သိသွားလို့ ဒီလူတွေကို ခေါ်လာပြီး ငါ့ရဲ့ အဖေကြီး ရှက်ခွန်းရဲ့ နေရပ်ကို မေးမလို့ ဆင်တယ်"

သူက ထိုသို့ တွေးမိသောအခါ တုန်လှုပ်သွားမိပြန်၏။

တစ်ကြောင်းသော်လည်း ဤလူများသည် သိုင်းပညာ လွန်စွာ တော်ကြသူများဖြစ်ကြောင်း သူ သိထားရုံမက ယခု အချိန်တွင် သူကလည်း မလှုပ်နိုင် မရှားနိုင်ဖြစ်နေသဖြင့် သူတို့နှင့် မည်သို့မျှ မယှဉ်နိုင်ကြောင်း သူ သိလေ၏။ ထို့ကြောင့် သူက စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

"ငါက ငါ့မွေးစားအဖေဆီ သူတို့ကို ခေါ်သွားမယ်လို့ အမင် ဟန်ဆောင်ပြောပြီးတော့ ငါ့ခြေထောက် ပျောက်သွားတာနဲ့ ဒီကောင်တွေကို ငါ ကောင်းကောင်း တိုက်ခိုက်ပစ်လိုက်မယ်"

မှန်သည်။ လွန်ခဲ့သော လေးနှစ်ကျော် ကာလ ကသာဆိုလျှင် ကျွန်းဟူကျင်းသည် အသက်ပင်သေသေ ဤသို့သော အောက်ကျို့ ဟန်ဆောင်သော အလုပ်မျိုးကို လုပ်ရန် စဉ်းမင့်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမည်မဟုတ်။ ယခုမှ သူသည် အသက်အရွယ် ရလာသည်နှင့်အမျှ ချင့်ချိန် စဉ်းစားတတ်လာပြီ ဖြစ်၏။

ထို့ကြောင့် သူသည် မည်သို့မျှ ကြောင့်ကြခြင်း မရှိတော့ဘဲ ပြန်လည်၍ လှဲအိပ်လိုက်လေ၏။ ထိုစဉ်၌ မိန်းကလေးသည် သူ့ရှေ့တွင် အတန်ကြာ ရပ်ပြီး သူ့ကို ငြိမ်သက်စွာ ကြည့်နေလေ၏။ ပြီးလျှင် တိုးသက်စွာ သက်ပြင်းချ၍ တစ်ဘက်သို့ မျက်နှာလွှဲလိုက်၏။

ကျန်းဟူကျင်းသည် တိုးညင်းသော မိန်းကလေး၏ သက်ပြင်းချသံကို ကြားလိုက်ရ၏။ ထိုသက်ပြင်းချသံလေးထဲတွင် ဆွေးမြေ့ကြေကွဲသော ခံစားချက်များ ပြွမ်းထီးလျက် ရှိနေသည်ကို တွေ့ထိခံစားနေရ၏။

ထိုစဉ် ဝေ့ပိသည် လက်ထဲမှ ဓားကို တစ်ချက်မျှ ဆ၍ ခနဲ့ပြုံး ပြုံးကာ...

"မင်းက သေခါနီးမှာ လူတစ်ယောက်နဲ့ တွေ့ချင်ပါတယ်လို့ ပြောလို့ ငါက လူချောလေး တစ်ယောက်နဲ့များ တွေ့ဖို့လားလို့ မှတ်ပါတယ်၊ လက်စသတ်တော့ ကိုရုပ်ဆိုးနဲ့ တွေ့ဖို့ကိုး၊ ဟား ဟား ဟား၊ ရယ်စရာကောင်းလိုက်တာကွာ အင်း... မင်းတို့ နှစ်ယောက်ကတော့ တကယ်လဲ ရှေ့သွား နောက်လိုက် ညီပါပေတယ်ဟေ့၊ ဟား ဟား ဟား"



မိန်းကလေးက စိတ်မဆိုး။ မတုန်မလှုပ် အမူအရာဖြင့်...

"ဟုတ်တယ်၊ ငါ မသေခင်မှာ သူနဲ့ တွေ့ချင်သေးတယ်၊ ငါ သူ့ကို မေးစရာ တစ်ခုရှိသေးလို့၊ ဒီအဖြေကို ကြားပြီးတော့မှ ငါ သေပျော်ပြီ"

ကျန်းဟူကျင်းမှာ နားထောင်ရင်း နားရှုပ်လာ၏။ သူထင်သည်နှင့် တစ်ခြားစီဖြစ်နေသည် မဟုတ်လား။

ယခု ဤလူ ခြောက်ယောက်မှာ မိန်းကလေးအား သတ်ဖြတ်ရန် လိုက်လာခြင်း ဖြစ်ဟန်တူနေ၏။ သို့သော် သူမသည် မိမိကို လာတွေ့ပြီး စကားတစ်ခွန်း မေးဦးမည်တဲ့။ သို့ဖြင့် သူက...

"မိန်းကလေး၊ ဘာကိစ္စကို မေးမလို့လဲ"

"ငါ နင့်ကို တစ်ခုမေးမယ်၊ နင် မှန်မှန်ဖြေရမယ်နော်"

"ငါနဲ့ သက်ဆိုင်တဲ့ ကိစ္စဆိုရင် ငါ မှန်မှန်ဖြေမယ်၊ သူများ ကိစ္စဆိုရင်တော့ ငါ မဖြေနိုင်ဘူး"

ကျန်းဟူကျင်း ဤသို့ ပြောလိုက်ခြင်းမှာ မိန်းကလေးသည် သူ၏ မွေးစားဖခင် ရှက်စွန်းအကြောင်းကို မေးတော့မည်ဖြစ်သောကြောင့်ပင် ဖြစ်ပါ၏။ မိန်းကလေးက ခနဲ့ပြုံး ပြုံး၍...

www.burmeseclassic.com

www.burmeseclassic.com



"သူများရဲ့ ကိစ္စဆိုရင် ငါက ဘာဖြစ်လို့ မေးရမှာလဲ၊ ငါ တစ်ခု နင့်ကိုမေးမယ်၊ နင် ငါနဲ့ အဖော်လုပ်ချင်တယ်ဆိုတာက နင့်ရင်ထဲက တကယ်ပြောတာလား"

ထိုစကားကြောင့် ကျွန်းဟူကျင်းက လူးလဲ၍ ထိုင်လိုက်၏။ တစ်ချိန်တည်းတွင်ပင် သူမ၏ ကြေကွဲနေသော မျက်လုံးများကို တွေ့သော...

"ငါ တကယ်ပြောတာပါ"ဟု ဖြေလိုက်လေ၏။

ထိုအခါ မိန်းကလေးက...

"ဒီလိုဆိုရင် နင်က ငါ ရုပ်ဆိုးတာကို ခွင့်လွှတ်ပြီး ငါနဲ့ တစ်သက်လုံး ပေါင်းသင်း နေထိုင်မှာလား"

ကျွန်းဟူကျင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ သူက ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ငါ မစဉ်းစားဘူး"

ဤတွင် ဝေ့ပိနင့် ဟူချင်းတို့က တဟားဟား ရယ်မောလိုက်ကြလေ၏။ ပြီးလျှင် ဝေ့ပိက...

"ဒီ အရုပ်ဆိုးလေးကတောင် နင်လို မိန်းမမျိုးကို မယူချင်ဘူးတဲ့၊ ဒီတော့ ငါတို့က မင်းကို မသတ်တာတောင် မင်းဘာ့သာ သတ်သေဖို့ ကောင်းနေပြီ"



မိန်းကလေးသည် ရုတ်ခြည်း ခေါင်းငုံ့ကာ ငိုနေလေသော် ကျွန်းဟူကျင်းသည် စိတ်လှုပ်ရှားသွားလေ၏။ ထိုစဉ် ကျွန်းဟူကျင်းသည် သူ၏ ကြေကွဲဖွယ်ကောင်းသော ဘဝကို ပြန်လည် သတိရလာ၏။ ထိုအခါ ဤမိန်းကလေးမှာ သူ့ထက်ပင် ပို၍ ကံဆိုးနေသည်ကို တွေ့ရလေ၏။

သူမသည် ထိုစကားလေး တစ်ခွန်းကို မေးရန်အတွက် သူ့ဆီသို့ ရောက်လာခဲ့ခြင်းပင် မဟုတ်ပါလား။ သူ့စိတ်ထဲတွင်လည်း...

"ငါ့ဘဝမှာ အဖေ၊ အမေ၊ အဖေကြီး၊ ဘိုးဘိုး၊ ဦးလေး၊ ဦးကြီးတို့ကလွဲရင် ဘယ်သူကမှ ငါ့ကို တကယ် ဂရုမစိုက်ခဲ့ပါဘူး၊ အခု ဒီမိန်းကလေးကတော့ ငါ့အပေါ် တကယ် ကောင်းခဲ့တယ်၊ ငါ သူနဲ့ အတူတကွ ပေါင်းသင်းနေထိုင်ရင် ဘာမကောင်းစရာ ရှိမှာလဲ"

သူ ထိုသို့ အတွေးဝင်နေစဉ် မိန်းကလေးသည် တစ်ကိုယ်လုံး တုန်ယင်လာပြီး သူ့အနားမှ လှည့်ထွက်သွားရန် ပြုလေ၏။ ထိုအခါ သူက မိန်းကလေး၏ ညာလက်ကို ဆွဲ၍ အော်ပြောလေ၏။

"မိန်းကလေး၊ ငါ တစ်သက်လုံး မင်းနဲ့ ပေါင်းသင်း နေထိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသော် မိန်းကလေး၏ မျက်လုံးအစုံမှာ အရောင်တောက်လာ၏။ အသံ တိုးတိုးဖြင့်လည်း...

"နင် ငါ့ကို မညာပါဘူးနော်"

"နင့်ကို ငါ မညာပါဘူး၊ ဒီနေ့ကစပြီး ငါ နင့်ကို စောင့်ရှောက်မယ်၊ ဂရုစိုက်မယ်၊ နင့်ကို ဒုက္ခပေးမယ့် လူတွေကို ငါက အသက်စွန့်ပြီး ခုခံ ကာကွယ်ပေးမယ်"

ကျန်းဟူကျင်းက ထိုသို့ဆိုသော် မိန်းကလေးသည် သူ့နံဘေးတွင် ထိုင်ချပြီး သူ့ လက်နှစ်ဘက်ကို ဆုပ်ကိုင်လိုက်၏။ ပြီး သူ့ မျက်နှာကို ထူးဆန်းသော အကြည့်ဖြင့် ကြည့်နေလေ၏။ နောက် ရုတ်တရက်...

"နင်က ငါ့ကို မိန်းမအဖြစ်နဲ့ယူဖို့ သဘောတူတာကို ငါ သိပ်ဝမ်းသာပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်တွေကတည်းက ငါ့ရဲ့စိတ်ကို သူများက ပိုင်သွားပြီ၊ ဟိုတုန်းက ငါ့ကို သူ အရေးမစိုက်ဘူး၊ ငါ့ကို ရိုက်တယ်၊ ကိုက်တယ်၊ အခု သူက ငါ့ရဲ့ ဒီရုပ်ရည်မျိုးကို တွေ့ရင် ငါ့ကို ပိုပြီးမုန်းမှာပဲ၊ ဒါပေမယ့် ဒီသေနာကောင်ကို ငါ မမေ့နိုင်ပါဘူး"

ကျန်းဟူကျင်းက မိန်းကလေး ဆိုလိုသော လူငယ်ကို သိ၏။ သူမသည် ထိုလူငယ်အား 'သေနာကောင်'ဟု ဆိုလိုက်



သော်လည်း သူမ၏ လေသံတွင် လွန်စွာ လွမ်းဆွတ် သတိရသော အသံမျိုး ဖြစ်ပေါ်နေ၏။

ကျန်းဟူကျင်းသည် ထိုစကားကို ကြားသော ရင်ထဲတွင် မခံချိမခံသာ ဖြစ်လာလေ၏။ ထိုစဉ် ဟူချင်းက ကြားဝင်၍ အေးစက်စွာ ဆို၏။

"ကဲ... မင်း ပြောစရာကုန်ပြီ၊ ထတော့"

မိန်းကလေးသည် ဖြည်းညင်းစွာ ထပြီး ကျန်းဟူကျင်း အား...

"ငါ သေရတော့မယ်၊ ငါ မသေလဲ ငါက နင့်ကို မယူပါဘူး၊ ငါက နင့်ရဲ့ ဒီစကားကို ကြားချင်လို့ တမင်သက်သက် လာခဲ့တာပါ၊ နင် ငါ့ကို စိတ်မဆိုးပါနဲ့နော်"

မိန်းကလေး၏ အသံမှာ လွန်စွာ နူးညံ့ သိမ်မွေ့လေ၏။ ထိုစဉ် ဟိုတိုက်ချုပ်၏ ဇနီး ရှူးရှင်က...

"အခု မင်း ပြောစမ်း၊ ဟိုလူ ဘယ်မှာလဲ"

ထိုအခါ မိန်းကလေးက...

"ကောင်းပြီ၊ ကျွန်မ ပြောမယ်၊ ဟိုလူ့ကို ဟောဒီလူရဲ့ အိမ်မှာ ဝှက်ထားတယ်"ဟု ပြောပြီး ဟူလက်ကို လက်ညှိုး ထိုးပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူလက်မှာ မျက်နှာတစ်ချက် ပျက်သွားပြီး...

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

ဝေ့ပိက ကြားဝင်၍...

"ငါ မေးမယ်၊ မင်းက ငါ့ညီမလေး ကျူးကျင်းကို ဘာဖြစ်လို့ သတ်ပစ်ရတာလဲ၊ ဘယ်သူက သတ်ခိုင်းတာလဲ"

ထိုစကားကြောင့် ကျန်းဟူကျင်း တစ်ကိုယ်လုံး ကျောက်ရုပ်လို အေးစက်သွား၏။ ထိုစဉ် မိန်းကလေးက...

"ငါ့ကို သတ်ခိုင်းတဲ့ လူကတော့ ဟောဒီ ခွန်းလွှန့် ဂိုဏ်းချုပ်ကြီး လင်မယားနဲ့ ဝါမေဂိုဏ်းချုပ် မျက်ကြွယ်ဆရာမ ပါပဲ"

"ဟဲ့... ကောင်မ၊ ငါတို့ကို နင်က ရန်တိုက်ပေးနေတယ် ပေါ့လေ၊ ကိုင်းဟာ"

ဟူဆက်က ပြောပြောဆိုဆို လက်ဝါးစောင်းဖြင့် မိန်းကလေးအား ခုတ်ချလိုက်၏။ ဟူလက်၏ လက်ဝါးအားမှာ ပြင်းလှ၏။ မိန်းကလေးက ထို လက်ဝါးစောင်းအားကို တိုက်ရိုက် မခုခံရဲ။ ရှောင်တိမ်းရုံ တိမ်းပေးလိုက်သည်။ သူမ၏ ရှောင်တိမ်းဟန်မှ သွက်လက် ဖျတ်လတ်သည်နှင့်အမျှ ခြေလက် လှုပ်ရှားမှုမှာ နက်နဲခက်ခဲလှသော အကွက်များဖြစ်၏။ ယင်းကို မြင်သော် ကျန်းဟူကျင်းက...



"လက်စသတ်တော့ ဒီမိန်းကလေးဟာ သိုင်းသမား တစ်ယောက်ပဲကိုး၊ သူက ဘာဖြစ်လို့ ကျူးကျင်းကို သတ်ပစ်ရတာလဲ၊ ကျူးကျင်းက ငါ့ကို ညှဉ်းပန်းနှိပ်စက်ခဲ့မှန်း သိလို့ တမင် သွားသတ်လိုက်တာလား"

ကျန်းဟူကျင်း၏ အတွေးမျှင် မပြတ်ခင် မိန်းကလေးအား ဝေ့ပိနှင့် ဟူချင်းတို့က ဓားလွတ်ကိုယ်စီဖြင့် ဝိုင်းပတ်၍ တရကြမ်း တိုက်ခိုက်ကြလေ၏။ သို့တစေ မိန်းကလေးသည် ဟူလက်၏ လက်ဝါးစောင်း ရိုက်ချက်များကိုသာ အလေးထားပြီး ဝေ့ပိနှင့် ဟူချင်းတို့၏ ဓားချက်များကိုမူ အလျဉ်းမျှပင် ဂရုမစိုက်ချေ။ သူမသည် ဟူလက်၏ အားပါလှသော ရိုက်ချက်များကို မွတ်ကာသီကာ ရှောင်တိမ်းရင်း လျှပ်ပြက်သလို ဟူချင်းအားသို့ ရောက်သွားပြီး "ဖြန်း"ခနဲ ရိုက်ချက်နှင့် အတူ ဟူချင်းဓားကို လုယူလိုက်လေ၏။

ဤတွင် ဝေ့ပိနှင့် ဟူလက်တို့သည် အထိတ်တလန့် ခုန်အုပ်ပြီး ဟူချင်းကို ကယ်တင်ရန် ပြုလေ၏။ ထိုအခါ မိန်းကလေးက အခွင့်အရေးကို လက်လွှတ်မခံဘဲ "ယား"ခနဲ ညာသံပေးပြီး လက်ထဲမှဓားကို လွှပ်ရှားလိုက်၏။ ဤတွင် ဟူချင်း၏ မျက်နှာပေါ်၌ သွေးနီကြောင်းတစ်ခု ထင်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြီး ဟူချင်းသည် စူးစူးဝါးဝါး အော်ဟစ်သံနှင့်အတူ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

စင်စစ် ဟူချင်း၏ ဒဏ်ရာမှာ ပြင်းထန်လွန်းသည် မဟုတ်ပေ။ သူမသည် ရုပ်ရည် ချောမောခြင်း၊ လှပခြင်းကို မက်မောလွန်းသူ ဖြစ်သည်။ ထို့ကြောင့် မိန်းကလေး၏ ဓားချက်သည် သူ့မျက်နှာပြင်အား ရုပ်ပျက်ဆင်းပျက် ဖြစ်သွားစေမည်ကို အစိုးရိမ်လွန်လျက် စိတ်ချောက်ချားကာ လဲကျသွားခြင်း ဖြစ်ပေသည်။ ထိုအချိန်တွင် ဟူလက်က မိန်းကလေး၏ နောက်ကျောမှ ဝင်ရောက် တိုက်ခိုက်လာပြန်သည်။

မိန်းကလေးသည် ရုတ်ခြည်းပင် ဟူလက်၏ တိုက်ကွက်ကို ရှောင်တိမ်းရင်း မျက်နှာချင်းဆိုင်မှ ဝင်လာသော ဇေပီဓားကိုပင် လွင့်စင်သွားအောင် ထိုက်ခိုက်လိုက်လေ၏။ တစ်ချိန်တည်းမှာပင် ဟူလက်က မိန်းကလေး၏ ညာဘက် ခြေထောက်တွင် ရှိသော အကြောစုံကို လက်ညှိုးဖြင့် ဆတ်ခနဲ ထိုးပိတ်လိုက်လေ၏။ ဤတွင် မိန်းကလေးလည်း မတ်မတ်ပင် မရပ်နိုင်တော့ဘဲ "အင့်"ခနဲ အသံနှင့်အတူ ကျန်းဟူကျင်း၏ ကိုယ်ပေါ်သို့ ပုံလျက်သား လဲကျသွားလေတော့သည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် သတိဝင်လာသော ဟူချင်းသည် ဇေပီ၏ ဓားကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး မိုးခြိမ်းသံလို ဟစ်အော်လျက် . . .



"ဒီကောင်မကို ခုချက်ချင်း ငါ မသတ်သေးဘူး၊ သူ့ခြေနှစ်ဘက်ကို ဖြတ်ပြီး ထားခဲ့မယ်၊ ဒါမှ ည ရောက်တာနဲ့ ဒီကောင်မ မြေခွေးစာဖြစ်မယ်"

ပြောပြောဆိုဆို ဟူချင်းသည် ဓားကို ပင့်မြှောက်လိုက်လေသည်။

ဤတွင် မိန်းကလေး၏ ခြေပေါ် ကျရောက်တော့မည့် ဓားချက်ကို လျှင်မြန်စွာ ဟူလက်က ဝင်ရောက် ဟန့်တားလိုက်ပြီး မိန်းကလေးအား စစ်မေးလိုက်သည်။

"ကဲ . . . မင်း မြန်မြန်ပြောစမ်း၊ ကျူးကျင်းကိုသတ်ဖို့ မင်းကို ဘယ်သူခိုင်းတာလဲ"

မိန်းကလေးသည် ရှုံ့ထိတ်ဟန် နှမ်းစေ့မျှပင် မရှိဘဲ မထီတရီ ပြုံးလျက် . . .

"ရှင်တို့က အကျပ်ကိုင်လာမှတော့ ဇာတ်စုံ ပြောရတော့မှာပေါ့ရှင်၊ ဟင်း . . . ဟင်း တကယ်တော့ ကျူးကျင်းဟာ ယောကျ်ားတစ်ယောက်ကို ကြိုက်နေတယ်၊ ဒီလိုပဲ တခြား မိန်းကလေး တစ်ယောက်ကလဲ အဲဒီ ယောကျ်ားကို ကြိုက်နေတယ်၊ တစ်ချိန်တည်းမှာ မိန်းမ နှစ်ယောက်က ယောကျ်ား တစ်ယောက်တည်းကို ပြိုင်တူ ကြိုက်နေကြတယ်ဆိုတော့ ဟင်း . . . ဟင်း၊ ရည်းစားလုလု အနုကျွဲခတ် ဆိုသလိုပေါ့ရှင်၊ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် မနာလို ဝန်တို စိတ်တွေ ပွားများလာပြီး ပြိုင်ဘက် မိန်းကလေးက ကျူးကျောင်းကို သတ်ပစ်ဖို့ ကျွန်မကို နိုင်းလိုက်တာပါပဲ၊ ဟင်း... ဟင်း၊ အဲဒီ တော့ ဒီကိစ္စမှာ ကျွန်မက..."

မိန်းကလေး၏ စကားက ဆုံးခန်းမတိုင်ခဲ့ပေ။ ဟူချင်း သည် ကြားရသော စကားကြောင့် ဒေါသထွက်ကာ လျှပ်ပြက် သလို ရုတ်ခနဲ ထ၍ မိန်းကလေး၏ ရင်ဝတည့်တည့်ကို ဓားဖြင့် ထိုးချလိုက်တော့သည်။

တကယ်တော့ မိန်းကလေးသည် ဟူချင်း၏ တရိရိ ညှဉ်းပန်းခြင်းကို မခံလိုပေ။ တရိရိ ညှဉ်းပန်းခြင်းထက် တစ်ချက်တည်း အသတ်ခံလိုက်ရသည်က ပိုကောင်းသည်ဟု တွေးကာ ဟူချင်း၏ ဒေါသမီးကို ဟုန်းခနဲ တောက်အောင် ဆွပေးလိုက်ခြင်းသာ ဖြစ်ပေသည်။ သူ၏ ပရိယာယ်ကျော့ ကွင်းသို့ ဟူချင်း ဝင်လာသည် မှန်သော်လည်း မိန်းကလေး ကံကောင်းနေသေးသည်ဟု ဆိုရမည်လား မသိ၊ ဟူချင်း ထိုးလိုက်သော ဓားဖျားသည် မိန်းကလေး၏ ရင်ညွန့်ပေါ် အရောက် အားပါလွန်းသော အရာဝတ္ထုတစ်ခုသည် ဓားဖျားကို လာရောက် ထိမှန်သွား၏။ ဓားနှင့် အရာဝတ္ထု ထိတွေ့သံနှင့်



အတူ ဟူချင်းလက်ထဲမှ ဓားသည် အဝေးသို့ လွင့်စဉ်သွား တော့သည်။

ဤတွင် မိန်းကလေးကို ပတ်ဝိုင်းထားသူများအားလုံး တုန်လှုပ်ချောက်ချားကာ နောက်သို့ ဆုတ်ခွာသွားကြသည်။ သူတို့၏ စိတ်နှလုံးတွင်းသို့ တစ်ပြိုင်နက်တည်း ဝင်ရောက်လာ သော အသိမှာ သိုင်းပညာ အဆင့်မြင့်လွန်းသော လူတစ်ဦး တစ်ယောက်သည် မိန်းကလေးဘက်မှ ယိုင်းပင်း ကူညီနေပြီ ဟူသော အသိပင် ဖြစ်သည်။ ယင်းကြောင့်လည်း သူတို့သည် တုန်လှုပ်ချောက်ချားစိတ်ဖြင့် ပတ်ဝန်းကျင်ကို လေ့လာ စူးစမ်း လိုက်ကြသည်။

ဤနေရာ ဤဒေသ၏ ပတ်ဝန်းကျင် တစ်ခုလုံးတွင် ခိုကပ်စရာ သစ်ပင် ချုံပုတ်ဟူ၍လည်း တစ်နွယ်တစ်မျှင် တစ်ပင်တလေပင် မရှိ။ သူတို့အားလုံး ခြေချရာ တစ်ခွင်တပြင် လုံးသည် ဣန္ဒြေရနယ် ဟာလာဟင်းလင်း ဖြစ်၏။ သက်ရှိ သတ္တဝါတို့၏ အရိပ်အယောင် ဟူ၍ ဘာကိုမျှ ထပ်မတွေ့။ ထို့ကြောင့် ဟူလက်သည် တအံ့တသြနှင့်...

"သ... မီး ဘယ်... ဘယ်လိုဖြစ်တာလဲ" ဟု ထင်ငေါ့ သံနှင့် မေးလိုက်၏။ ဟူချင်းလည်း ဦးနှောက်ချောက်သွား ဟန်ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"အင်း... စဉ်းတော့ စဉ်းစားရခက်သားပဲ၊ သမီး လက်ထဲက ဓားကို ပြင်းထန်လွန်းတဲ့ လျှို့ဝှက်ပစ္စည်းတစ်ခု လာမှန်တာတော့ အမှန်ပဲ၊ ဒါကြောင့် လက်ထဲကဓား လွင့်သွားတာပေါ့"

ဟူလက်သည်လည်း တွေတွေဝေဝေနှင့် ပတ်ဝန်းကျင် တစ်ဝိုက်ကို ထပ်မံ အကဲခတ်လိုက်ပြန်၏။ ဝန်းကျင်အား ပကတိအတိုင်းပင် ဖြစ်၏။ ထူးခြားသော အရိပ်အယောင် တစ်စုံတရာကိုမျှ ထပ်မတွေ့ရ။ ထို့နောက် ဟူလက်၏ ဦးနှောက်ထဲသို့ အသိတစ်ခုက 'လက်'ခနဲ ဝင်ရောက်လာ၏။

"ဒီကောင်မလေးရဲ့ လှုပ်ရှားမှု အကြောစုံကို ငါ သေသေချာချာ ပိတ်ပစ်လိုက်တာပဲ၊ ဒီကြားထဲ သူ ဘယ်လိုလုပ်ပြီး အားသစ်တွေ ထုတ်သုံးနိုင်ပါလိမ့်၊ ဒီအတိုင်းဆို ဒီကောင်မလေးရဲ့ သိုင်းပညာဟာ တယ်အစွမ်းထက်ပါကလား"

အတွေးနှင့်အတူ ဟူလက်သည် လှစ်ခနဲ ရှေ့သို့ တက်ကာ မိန်းကလေး၏ ပခုံးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။ ဤကား မိန်းကလေးသည် သူမ၏ လျှို့ဝှက်သော အတတ်ပညာကို ထပ်မံ၍ အသုံးမပြုနိုင်ရန်အတွက် ရုတ်တရက် ပခုံးကို ရိုက်ချိုးလိုက်ခြင်းပင် ဖြစ်သည်။ သို့မှသာ သူ သိလို



သည်များကို တစ်ခုချင်း မေးခွန်းထုတ်၍ စစ်ဆေးနိုင်မည် မဟုတ်ပါလော။

သို့သော် ဟူလက်တစ်ယောက် အထင်နှင့်အမြင် တက်တက်စင် လွဲသွားခဲ့ပေသည်။ ဟူလက်၏ ပြင်းထန်သော ရိုက်ချက်သည် မိန်းကလေး၏ ပခုံးပေါ်သို့ ကျရောက်လုနီး ချိန်တွင် မိန်းကလေး ပင့်မြှောက်လိုက်သော လက်ဝါးနှင့် အရှိန်ပြင်းစွာ ထိတွေ့ပြီးနောက် ဟူလက်၏ ရင်ဘတ်တစ်ခုလုံး မီးစနှင့် အထိုးခံလိုက်ရသကဲ့သို့ ခံစားလိုက်ရလေ၏။

ဟူလက် ချက်ချင်းဆိုသလို နောက်ဆုတ်လိုက်သော်လည်း နောက်ကျသွားလေပြီ။ သူ၏ ကိုယ်ခန္ဓာသည် ရပ်တည်မရနိုင်အောင် ယိမ်းခါ လှုပ်ရှားလျက် နေရာတွင်ပင် ပုံလျက်သား လဲသွားလေတော့သည်။

ယင်းအဖြစ်ကြောင့် ဝေ့ပိနှင့် ဟူချင်းတို့မှာ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းများနှင့်အတူ ဟူလက်ကို ပွေ့ထူလိုက်ကြသည်။ ထိုစဉ် ဒေါသတကြီးနှင့်...

"သူ့ကို မြေကြီးပေါ်မှာ လှဲချထားစမ်းပါ၊ သွေးဆူကြနေတဲ့ လူကို အသာအယာ လှဲအိပ်နေစေရမယ်ဆိုတာ မင်းတို့ နားမလည်ကြဘူးလား" ဟု ဟိုတိုက်ချုံးက အော်ဟစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှ သတိလက်လွတ် ဖြစ်သွားသော ဝေ့မိနှင့် ဟူချင်းတို့သည် ၎င်းတို့ဆရာကို နေရာတွင်ပင် ပြန်၍ လှဲလျောင်း ပေးလိုက်သည်။ ဟိုတိုက်ချူးသည် ၎င်း၏ ဖနီးကို လှမ်းကြည့် လိုက်သည်။ သူတို့ မျက်လုံးများသည် အံ့ဩလွန်းသော အရိပ် အယောင်များ ထင်ရှား ပေါ်လွင်လျက် ကြောင်ငေးငေး ရှိနေ ကြ၏။ စင်စစ်လည်း အဖြစ်က အံ့ဘနန်းဟုသာ ဆိုရပေ လိမ့်မည်။

သူတို့သည် ဤ မိန်းကလေးနှင့် ယှဉ်ပြိုင် တိုက်ခိုက် မှုး၍ မိန်းကလေး အသုံးပြုသော သိုင်းကွက်များသည် ခက်ခဲ နက်နဲသော သိုင်းကွက်များ ဖြစ်သည်ကို သိနားလည်ထားကြ သော်လည်း ဤ မိန်းကလေးသည် ဤအသက် ဤအရွယ်နှင့် ဤသို့နှယ် လျှို့ဝှက် ပြင်းထန်သော အဆင့်မြင့် အတွင်းအား ပညာကို မရှိနိုင်သေးဟု ယုံကြည်ထင်မှတ်ခဲ့ကြ၏။

ယခုမူ ဟူလက်ကဲ့သို့သော နာမည်ကြီး ထိပ်သီး သိုင်းသမားတစ်ယောက်ကို တစ်ချက်တည်းနှင့် အလဲ တိုက်ခိုက် ခဲ့လေပြီ။ ထို့ကြောင့် သူတို့အားလုံး အံ့ဩမဆုံး ဖြစ်နေကြ တော့သည်။ တကယ်လည်း မိန်းကလေးသည် ဟူလက်၏ လျှပ်တစ်ပြက် အကြောထိုးပိတ် ခံလိုက်ရ၍ ကျန်းဟူကျင်း၏ ရင်ခွင်ထဲသို့ လဲကျကာ လုံးဝ လှုပ်ရှားခြင်း မပြုနိုင်ခဲ့။



ထိုစဉ် ဟူကျင်း၏ ဓားက သူမကိုယ်ပေါ် ကျရောက် ၍ သူ့ကိုယ်သူ သေပြီဟုပင် တွက်လိုက်မိ၏။ သို့သော် ဘယ်အကြောင်းကြောင့်ဟူ၍ မသိတတ်နိုင်သော အဖြစ်ကား ချင်း၏ ဓားသွားသည် သူမ၏ သွေးကို မသောက်သုံး တော့ဘဲ အဝေးသို့ လွင့်စဉ်သွားခြင်းပင် ဖြစ်၏။ တစ်ပြိုင်နက် ည်းမှာပင် ခြေဖျားရှိ အကြောများမှာ နွေးထွေးလာပြီး ပုလှိုင်းတစ်ခုသည် ပိတ်နေသော အကြောများထဲ တိုးဝင်ကာ ကြောပိတ်ဆို့မှုများ ပွင့်လင်းသွားသည်။

ထို့ကြောင့် အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ကျန်းဟူ င်း၏ ညာလက်က မိမိ၏ ခြေဖဝါးကို ကိုင်ထားလျက် သည်ကို တွေ့လိုက်ရပေသည်။ ထို့ကြောင့် မိန်းကလေးသည် ပြေမှန်ကို ရှာဖွေ တွေ့ရှိသွားလေသည်။ အမှန်မှာ န်းဟူကျင်း၏ လက်ဖဝါးမှတစ်ဆင့် နွေးထွေးသော အပူလှိုင်း ည် သူမ၏ အကြောများထဲသို့ စီးမှ၍ ဝင်ရောက်ခဲ့ခြင်း ဖြစ် သည်။

ထိုစဉ် ဟူလက်၏ လက်ဝါးစောင်းရိုက်ချက်ကို လှစ်ခနဲ ွေ့လိုက်ရသည်နှင့် သူမကလည်း တန်ပြန် လက်ဝါးစောင် ပြန်လည် ခုခံ တိုက်ခိုက်နိုင်ခဲ့လေသည်။ ဤတွင်မူ လက်မှာ တစ်စုံတရာ အနာတရ မဖြစ်ခဲ့သည်သာမက

www.burmeseclassic.com

www.burmeseclassic.com



ဟူလက်မှာ ဆယ်ပေခန့်ပင် လွင့်စဉ်သွားလေတော့၏။ ယင်းအဖြစ်ကြောင့် ဟိုတိုက်ချုံးမှာ မိန်းကလေးကို အထင်မသေးရဲတော့။

"ဒီမယ် မိန်းကလေး၊ ငါက မင်းနဲ့ ဓား,ဓားချင်း ယှဉ်ပြိုင်ချင်တယ်၊ ဘယ့်နှယ်လဲ"

မိန်းကလေးက မထီတရီ ပြုံး၍...

"ကျွန်မမှာ ဓားမှ မရှိဘဲ"

ဤတွင် ဟိုတိုက်ချုံးက မြေပေါ်တွင် ကျနေသော ဟူချင်း၏ ဓားကို ခြေထောက်ဖြင့် ဆတ်ခနဲ ကော်တင်လိုက်၏။

မိန်းကလေးကလည်း အညှုံမခံချေ။ လေထဲတွင် ဝဲပျံနေသော ဓားကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုတ်လိုက်၏။

"ကဲ... မိန်းကလေး၊ မင်းကပဲ စပြီး တိုက်ခိုက်ပါ။ ဒါဟာ ယောကျ်ားတစ်ယောက်အနေနဲ့ မင်းကို အခွင့်အရေး ပေးတာပါပဲ၊ ဟဲ ဟဲ"

ဤတွင် မိန်းကလေးက ရှည်ရှည်ဝေးဝေး ခွန်းတုံ့ပြန်မနေတော့ဘဲ ဓားကို ကိုင်၍ စီးစီးပိုင်ပိုင် ခုတ်ချလိုက်လေတော့၏။

"မင်းက တယ်လဲ အတင့်ရဲပါလားကွ ဟင်"



ဟိုတိုက်ချုံးသည် ပြောပြောဆိုဆို သူ့ခန္ဓာကိုယ်ပေါ် ကျရောက်လာသော ဓားချက်ကို အလျင်အမြန် ခုခံလိုက်၏။ မကြာချေ။ "ထန်... ထန်" ဟူသော ဓားချက်ကို အလျင်အမြန် ခုခံလိုက်၏။ ဓား ဓားချင်း ထိခိုက်သံနှင့်အတူ ဓားနှစ်ချောင်းစလုံး ထက်ပိုင်းကျိုး၍ သွားလေ၏။ ဤတွင် ဟိုတိုက်ချုံးမှာ မျက်စိမျက်နှာ ပျက်လျက် အလျင်အမြန် နောက်သို့ ခုန်ဆုတ်လိုက်လေ၏။ မိန်းကလေးကလည်း ကြိတ်မနိုင် ခဲမရနှင့် "တောက်... နာလိုက်တာ"ဟု ရေရွတ်လိုက်၏။

အကြောင်းမှု မိန်းကလေး၏ ကိုယ်ခန္ဓာတွင်းသို့ ကျွန်းဟူကျင်းက နေစကြာ အတွင်းအားသိုင်းပညာကို သွတ်သွင်းပေးခဲ့ပြီး ဖြစ်သော်လည်း သူမသည် ကောင်းမွန်စွာ အသုံးမချနိုင်ခဲ့ချေ။

ထို့ကြောင့်လည်း ဓားနှစ်ချောင်းစလုံး အပိုင်းပိုင်း ကျိုးသွားခဲ့ရခြင်း ဖြစ်လေ၏။ အကယ်၍သာ ကျွန်းဟူကျင်း၏ နေစကြာ အတွင်းအား ပညာကို ကောင်းမွန်စွာ အသုံးချနိုင်ခဲ့လျှင် ဟိုတိုက်ချုံး၏ ဓားသွားကျိုးပြီး သူမ၏ ဓားမှာ လုံးဝ ကျိုးပျက်သွားမည် မဟုတ်ချေ။ ဤတွင် ဈေးရှင်က အံ့ဩသော လေသံဖြင့်...

"ဘယ်လိုဖြစ်တာလဲရှင်"ဟု မေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ စဉ်းစားလို့ မရဘူး"ဟု ဟိုတိုက်ချုံးက စူးရှင်၏ အမေးကို ရှုံ့ရှုံ့မဲ့မဲ့ဖြေရင်း ထုံကျဉ်နေသော လက်မောင်းကို လှုပ်ရှားကြည့်နေ၏။

စူးရှင်သည် မခံမရပ်နိုင် ဖြစ်သွားပြီး ဒေါသများ တက်ကြွလာကာ ဓားအိမ်မှ ဓားကို ဆွဲထုတ်လိုက်ပြန်၏။ ပြီး အေးစက် မာကျောသော မျက်လုံးအစုံဖြင့် မိန်းကလေးကို စိုက်ကြည့်ရင်း...

"ဒီတစ်ခါ ငါ့အလှည့်ပဲ"

ဤတွင် မိန်းကလေးက သူမ၏ လက်နှစ်ဘက်ကို ခါပြလိုက်၏။ သူ့တွင် ဓားကောင်းကောင်း မရှိတော့ကြောင်း ပြောလိုက်ခြင်း ဖြစ်ပါ၏။ စူးရှင်က အဝေးတစ်နေရာတွင် ကျနေသော ဝေ့ပိ၏ ဓားကို လက်ညှိုးထိုးကာ...

"သွားကောက်လိုက်"ဟု ခက်ထန်စွာ အော်လိုက်၏။

မိန်းကလေးအား ပါးနပ်လိမ္မာသူ ဖြစ်၏။ အေးဆေး တည်ငြိမ်သူ ဖြစ်၏။ မိမိသည် ကျန်းဟူကျင်းအနားမှ ခွာလိုက်သည်နှင့် မုချ ရှုံးနိမ့်သွားမည် ဖြစ်၏။ ထို့ကြောင့် သူမသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး...

"ဒီမယ်၊ ကျွန်မက ရှင့်လိုဟာမျိုးကို ဒီလို ဓားကျိုးနဲ့ပဲ ယှဉ်ပြိုင်လို့ ရပါတယ်ရှင့်၊ ဟင်း... ဟင်း"



မိန်းကလေး၏ စကားကြောင့် စူးရှင်မှာ စိတ်မထိန်းနိုင်လောက်အောင် ဒေါသထွက်လာ၏။ စိတ်လှုပ်ရှားလွယ်သော စူးရှင်သည် ဟိတ်ဟန် ထုတ်မနေတော့ဘဲ မိန်းကလေးကို တရကြမ်း တိုက်ခိုက်လေတော့၏။ အခြေအနေကို မျက်ခြည်မပြတ် ကြည့်နေသော မိန်းကလေးသည် ခေါင်းပေါ် ဝဲလာသော ဓားကို သူ့ဓားကျိုးဖြင့် ပက်ထုတ်လိုက်၏။ ထိုအခါ စူးရှင်၏ ဓားချက်သည် မိန်းကလေး၏ ပခုံးဆီသို့ ထိုးဝင်လာပြန်၏။ သို့သော် သူ့ဓားချက်သည် မိန်းကလေး၏ တိမ်းရှောင်မှုကြောင့် မှန်းချက်နှင့် နမ်းထွက်မကိုက် ဖြစ်သွားပြန်၏။ ထို့ကြောင့် စူးရှင်သည် တိုက်ကွက်ကို ပြောင်းကာ မိန်းကလေး၏ နံရိုးကြားသို့ ချက်ခနဲ ထိုးသွင်းလိုက်လေ၏။ ဤတွင်လည်း မိန်းကလေးက ပွတ်ကာသီကာ တိမ်းရှောင်လိုက်ပြန်၏။ တိုက်ကွက် ရှစ်ကွက်မျှ တိုက်ခိုက်မိသောအခါ စူးရှင်သည် မိန်းကလေး၏ ဓားနှင့် သုံး၀ အထိမခံတော့ချေ။

စင်စစ် စူးရှင်သည် မိန်းကလေး၏ အတွင်းအား ညံ့၀ ကြီးမားပုံကို သိမြင်ထားပြီး ဖြစ်သည်။ အကယ်၍သာ အား,ဓားချင်း ယှဉ်၍ ခုတ်မိခဲ့လျှင် မိမိသာ ရှုံးနိမ့်မည်ကို တွက်ဆထားပြီး ဖြစ်ပေသည်။ သူမ၏ တွက်ဆချက်သည် မှန်သွား၏။ နောက်ပိုင်း တိုက်ကွက်များတွင် မိန်းကလေး၏

www.burmeseclassic.com



လှုပ်ရှားမှုများသည် ပရမ်းပတာ ကိုးရိုးကားယား ဖြစ်နေ၏။

အတန်ကြာသော် မိန်းကလေး၏ ပခုံး၌ ဒဏ်ရာတစ်ချက် ရသွားလေ၏။ ဤတွင် မိန်းကလေးက အသံကုန်ဟစ်၍ အော်လိုက်၏။

"ဟော့... နင် ငါ့ကို မကူညီတော့ဘူးလား၊ ဘာထဲ ဒီအတိုင်း ကြည့်နေတော့မှာလား"

စူးရှင်မှာ ရုတ်တရက် ထိတ်ပျာသွား၏။ ထို့ကြောင့် လည်း နောက်သို့ ခုန်ဆုတ်ကာ ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။ သို့သော် မည်သူမျှ မတွေ့။ ဤတွင်မှ မိန်းကလေး၏ ပရိယာယ်ကျော့ကွင်းကို ရိပ်မိကာ အလျော့မပေးတော့ဘဲ အပေါ်စီးမှနေ၍ တရကြမ်း တိုက်ခိုက်လေတော့၏။ သူမ၏ တိုက်ကွက်များမှာ လေပွေမွှေ့သလို ကြောက်စရာ ကောင်းနေ၏။ မကြာချေ။ စူးရှင်၏ ဓားချက်သည် မိန်းကလေး၏ လက်ကောက် ဝတ်ကို ထိုးစိုက်မိသွား၏။

"အား"ဟူသော အော်သံနှင့်အတူ မိန်းကလေး လက်ထဲမှ ဓားကျိုးသည်လည်း လွတ်ကျသွားလေ၏။ တစ်ချိန်လုံး ပွဲကြည့် သူလို လက်ပိုက်ကြည့်နေသော တင်မင်းသည် အပေါ်စီးမှ ဟူသော အသိဖြင့် မိန်းကလေးဆီ လှားခနဲခုန်၍ ပြင်းထန်သော



လက်ဝါးရိုက်ချက်နှင့် နံဘေးကို ရိုက်ချလိုက်လေ၏။ ဟူချင်း ကလည်းပြီး အိပ်ပျော်ရာမှ လန့်နိုးသူလို ဆတ်ခနဲ ခုန်၍ ရင်ဝကို ဆောင့်ကန်လိုက်ပြန်၏။

မိန်းကလေးမှာ ကြောက်ရွံ့ တုန်လှုပ်သွားလျက် မိမိ၏ အသည်းနှလုံးများပင် ပြုတ်ကျသွားပြီဟု ထင်မှတ်လိုက်၏။

တစ်ချိန်တည်းမှာပင် သူမ တစ်ကိုယ်လုံး ရေနွေးအိုးထဲ အစိမ်ခံရသလို ပူရှိန်း နွေးထွေးသည့် ခံစားမှုကိုပါ ခံစားလာရ ပြန်၏။ သူမ စဉ်းစားတွေးတောချိန် မရတော့။ အားကုန်ညှစ်၍ စူးရှင်၏ ဓားကို လက်ဝါးစောင်းဖြင့် ခတ်ထုတ်ကာ နံဘေးနှင့် ရင်ဝသို့ တိုက်ခိုက်လာသော ကန်ချက်များကို လက်ဖနောင့် အားဖြင့် တစ်ဆက်တည်း တွန်းခံပေးလိုက်၏။

အံ့စရာပင်။ "အား... အား"ဟူသော အော်သံများကို ကြားလိုက်ရပြီး တင်မင်းနှင့် ဟူချင်းတို့ နှစ်ယောက်မှာ တစ်ပြိုင်တည်း လွင့်စဉ်သွားသည်ကို တွေ့လိုက်ရ၏။ စူးရှင် လက်ထဲမှ ဓားသည်လည်း ထက်ပိုင်း ကျိုး၍သွားလေ၏။

ဤကား ကျန်းဟူကျင်း၏ ကျေးဇူးဖြစ်၏။ သူသည် ဆိုးရွားနေသော အခြေအနေကြောင့် သူ့ကိုယ်တွင်းရှိ အတွင်း အားများကို စုစည်းပြီး မိန်းကလေး၏ ကိုယ်ခန္ဓာထဲသို့ ညှတ်သွင်း ပေးလိုက်ခြင်းကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် မိန်းကလေး၏

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစောင်းရိုက်ထုတ်မှု ဆွဲခါ ပင့်တင်မှုတို့သည် ကြီးမားသော အားအဖြစ် ပြောင်းကာ စူးရှင်၏ မေး၊ တင်မင်း၏ လက်ကောက်ဝတ် နှစ်ဘက်နှင့် ဟူချင်း၏ ခြေထောက်တို့ ကျိုးသွားခြင်း ဖြစ်ပါ၏။

ဤတွင် ဟိုတိုက်ချူး၊ ဟူလက်၊ ဇေ့ပိတို့သည် ကြောက်ခမန်းလိလိ အတွင်းအား စွမ်းအင်ကို ကြည့်ရင်း တန်လှုပ်ချောက်ချားကာ ငေးကြောင်နေလေ၏။

စူးရှင်မှာ ညိုမှောင်မှိုင်းဝေသော မျက်နှာထားနှင့် အသုံးမကျတော့သော မေးကျိုးကို လွှင့်ပစ်လိုက်ကာ သူမ၏ ယောကျ်ားကို ဒေါသမျက်လုံးများဖြင့် စိုက်ကြည့်ရင်း . . .

"ဘာကြည့်နေတာလဲ၊ အရှက်ကွဲတာ နည်းသေးလို့လား၊ သွားမယ်"ဟု အော်ဟစ်လိုက်လေ၏။

ဟိုတိုက်ချူးလည်း "ဟုတ်ကဲ့"ဟု ဆိုကာ ပြောပြောဆိုဆို ထွက်သွားသော စူးရှင်နောက်သို့ လိုက်သွားခဲ့လေ၏။ ဇေ့ပီမှာ သူ့ဆရာနှင့် ဂိုဏ်းတူညီမကို ပွေ့ယူ ဖေးမရင်း နောက်မှ ဆုတ်ခွာခဲ့၏။ သို့သော် သူ့ရင်ထဲ၌ မိန်းကလေး လိုက်လာဦးမည်ကို စိုးရိမ်စိတ်နှင့် တထိတ်ထိတ်ဖြစ်နေ၏။ တင်မင်းမှာလည်း ကျိုးသွားသော လက်နှစ်ဖက်ကြောင့် အံကိုကြိတ်ရင်း လျှောက်လှမ်း ဆုတ်ခွာခဲ့လေ၏။



သူတို့၏ စိတ်နှလုံးသားများသည် ယခုစကာ၌ ဆုံးရှုံးခြင်း အမှောင်တိုက်၏ လွှမ်းအုပ် သိုင်းခြုံထားမှုကြောင့် လောကသည် အကျည်းတန်၍ နေလေ၏။ သို့သော် ဆုံးရှုံးခြင်း၏ အခြားတစ်ဖက်၌ အောင်နိုင်သူ၏ အပြုံးကား မိုးဆန်းပန်းလို လန်းစွင့်လျက်။ အောင်နိုင်သူ မိန်းကလေး၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပြောင်နေပေ၏။ သူသည် ရုပ်ပျက်ဆင်းပျက် ထွက်ခွာသွားကြသူတို့ကို ငေးကြည့်ရင်း တဟားဟား ရယ်မောပစ်လိုက်၏။

"သရဲလေး၊ နင် . . . နင် . . ."

သူမ စကားမဆုံးလိုက်။ ရုတ်တရက် အားပြတ်ကာ ပျော့ခွေမေ့လဲသွားလေ၏။ အကြောင်းမူ ကျန်းဟူကျင်းက သူ၏ အတွင်းအားများ ပြန်လည် ရုပ်သိမ်းလိုက်သောကြောင့် မိန်းကလေးမှာ လေစုတ်ထုတ်ခြင်း ခံလိုက်ရသော ဘောလုံး တစ်လုံးကဲ့သို့ ဖြစ်သွားရခြင်းပင် ဖြစ်လေ၏။ မှန်၏။ ယခုအခါ သူ၏ အတွင်းအားများမှာ ပင်ကို ပကတိအတိုင်းသာ ရှိနေပြီ မဟုတ်ပါလော။ ကျန်းဟူကျစ်းသည် အခြေအနေကို သဘောပေါက်ထားပြီးဖြစ်၍ မေ့လဲနေရှာသော မိန်းကလေး၏ မျက်ခုံးနှစ်ခုကြားမှ အကြောစုံကို လက်မဖြင့် ဖိနှိပ်ပေးလိုက်၏။ ထိုအခါ မိန်းကလေးသည် တဖြည်းဖြည်း သတိရလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးအစုံကို ဖွင့်ကြည့်နိုင်သောအခါတွင် သူမ၏ တစ်ကိုယ်လုံးမှာ ကျန်းဟူကျင်း၏ ရင်ခွင်တွင်းသို့ ရောက်နေသည်ကို တွေ့ရလေ၏။ ဤတွင် ကျန်းဟူကျင်းက သူမကို ချစ်ရည်ရွှမ်းသော မျက်လုံးအစုံဖြင့် ပြုံးပြုံးကြီး စိုက်ကြည့်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် သူမသည် ရှက်ကိုးရှက်ကန်းဖြစ်ကာ အတင်းရုန်း၍ ထွက်လိုက်၏။ ပြီး ကျန်းဟူကျင်း၏ နားရွက်နှစ်ဖက်ကို လိမ်ဆွဲကာ...

"သရဲလေး၊ နင် ငါ့ကို သိပ်ညာတာပဲ၊ နင့်မှာ ဒီလောက်ကောင်းတဲ့ ပညာတွေ တတ်ထားလျက်သားနဲ့ ငါ့ကို ဘာဖြစ်လို့ ပြောမပြတာလဲ ဟင်၊ ဟင်း"

ကျန်းဟူကျင်းမှာ ရှုံ့မဲ့လျက်...

"ဟ... ဘယ့်နှယ်လုပ်တာလဲ၊ ငါ နင့်ကို ဘယ်တုန်းက ဘာတွေများ ညာခဲ့ဖူးလို့လဲ၊ နင် သိုင်းတတ်တယ်ဆိုတာ ငါ့ကို ပြောမပြခဲ့သလို ငါကလဲ ပြောပြဖို့ မလိုအပ်လို့ မပြောခဲ့တာပဲ၊ ဘာဆန်းတာမှတ်လို့"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ဒီတစ်ခါတော့ ငါ နင့်ကို ခွင့်လွှတ် ပါတယ်၊ ဟုတ်လား၊ အဲ့နဲ့ အခု နင့်ခြေထောက် ဘယ့်နှယ်နေသေးသလဲ၊ လမ်းလျှောက်လို့ကော ရပြီလား"

"ဟင့်အင်း၊ မရသေးဘူး"



"ငါက နောက်ဆုံးအနေနဲ့ နင့်ကို တွေ့ချင်လွန်းလို့ လာတာပါ၊ နို့မို့ရင် နင် ငါ့ကို ကယ်တင်နိုင်မှာ မဟုတ်ဘူး သိလား၊ အစကသာ နင် ဒီလောက် သိုင်းပညာ တတ်မှန်း သိရင် ငါ ကျူးကျင်းကို သတ်မိမှာ မဟုတ်ဘူး"

ထိုအခါ ကျန်းဟူကျင်း၏ မျက်နှာသည် တည်သွား၏။

"ဒီကိစ္စမှာ ငါက သတ်ခိုင်းခဲ့လို့လား၊ နင်က ဘာဖြစ်လို့ သွားသတ်ရတာလဲ"

"အံမာ၊ နင်က ငါ့ကို မကျေနပ်ဘူးပေါ့လေ ဟုတ်လား၊ ငါက စေတနာနဲ့ပါဟ၊ သူက နင့်ကို နှိပ်စက်လွန်းလို့၊ ဒုက္ခပေးလွန်းလို့ နင့်ကိုယ်စား မခံချင်လို့ လုပ်ပေးတာပဲ၊ အခုတော့ နင်က ငါ့ကို စိတ်ဆိုးတယ်ပေါ့ ဟုတ်လား"

ဟူကျင်းက စိတ်မောမောနှင့် သက်ပြင်းတစ်ချက် ဟူးခနဲ မှုတ်ထုတ်လိုက်၏။ ပြီးမှ ရင်ထဲတွင် ခံစားနေရသည် များကို တစ်လုံးချင်း ပြောလိုက်လေသည်။

"ငါ့ကို ဒုက္ခပေးတဲ့ လူတွေဟာ အများကြီးပါဟ၊ ဒုက္ခပေးခဲ့တဲ့ လူတိုင်းကို တစ်ယောက်ချင်း လိုက်ပြီး သတ်နေမယ်ဆိုရင် သတ်လို့တောင် မကုန်နိုင်ပါဘူး၊ တစ်ခါတလေတော့လဲ အဲဒီ လူတွေကို ငါ သနားတောင် သနားမိပါသေးတယ်၊ ဥပမာ ကျူးကျင်းကို ကြည့်ပါလား၊ သူ့ရဲ့ တစ်ဝမ်းကွဲ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတော် ဓေ့ပိတစ်ယောက် ဟူချင်းလက်ထဲ ရောက်သွားမှာကို နေ့စဥ်နှင့်အမျှ စိုးရိမ်နေရ၊ သောကဖြစ်နေရတယ်၊ ဒီလိုဘဝမျိုးမှာ ပျော်စရာဆိုတာ ဘယ်လိုလုပ် ရှိနိုင်ပါ့မလဲ"

ကျန်းဟူကျင်း၏ လေးနက်သော စကားလုံးများက မမျှော်လင့်ဘဲ မိန်းကလေး၏ အရှိုက်ကို ထိုးလိုက်သလို ဖြစ်သွား၏။

"နင်က ငါ့ကို ခနဲ့နေတာပေါ့ ဟုတ်လား ဟင်"

မျက်နှာတိ မျက်နှာထားဖြင့် ပြောလိုက်သော စကားကြောင့် ကျန်းဟူကျင်း ကြောင်သွား၏။

"ငါ နင့်ကို ခနဲ့တာ မဟုတ်ပါဘူး၊ ဒါကိုတော့ ယုံပါဟာ၊ ငါ ဆိုလိုတာက လူတိုင်းလူတိုင်းမှာ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ဆိုတာမျိုးတွေ ကိုယ်စီကိုယ်ငှ ရှိနေကြတာပဲလို့ ဆိုလိုတာပါ"

"သြော်... သြော်၊ နင်က တွေးခေါ်ရှင်ကြီး ဖြစ်ချင်နေတယ်နဲ့ တူတယ်၊ ဟင်း ဟင်း၊ ဒါနဲ့များ သိုင်းပညာကို ဘာလုပ်ဖို့ သင်ယူခဲ့ရတာလဲ ပြောစမ်းပါဦးရှင့်၊ ဟင်း ဟင်း"

ကျန်းဟူကျင်းသည် မိန်ကလေး၏ သရော်ဟန်ပါသော စကားကို ဂရုမထားဘဲ သူ့စကားကိုသာ ဆက်၍ ပြော၏။



"ငါတို့ သိုင်းပညာသင်ယူတာ တတ်မြောက်ထားတာဟာ မတရားတဲ့ ဖိနှိပ်မှုတွေကို ဆန့်ကျင်ဖို့၊ လူအများအတွက် အကျိုးရှိအောင်လုပ်ဖို့၊ ပြီးတော့ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့"

"ဂုဏ်ယူပါတယ်ရှင်၊ ဂုဏ်ယူပါတယ်၊ ခုမှ တကယ့်သူတော်ကောင်းကြီးနဲ့ တွေ့နေရတာကိုး၊ ဟင်း ဟင်း"

ကျန်းဟူကျင်းသည် မထီတရီနိုင်လှသော မိန်းကလေး၏ ဟန်မူရာကို စူးစိုက်ကြည့်လိုက်၏။ ထိုအခါ သူ၏ စိတ်နှလုံး၌ ရင်းနှီးကျွမ်းဝင်နေသလို ခံစားလိုက်ရပြန်၏။

"နင် ငါ့ကို ဘာဖြစ်လို့ ဒီလောက်တောင် ကြည့်နေရတာလဲ"

"ဟဲ ဟဲ၊ ငါ မှတ်မှတ်ရရ သတိရနေတယ်၊ ငါ့ အမေဟာ ငါ့အဖေကို အမြဲပဲ သူတော်ကောင်းကြီးလို့ ပြောလေ့ရှိတယ်၊ အမေပြောတဲ့ အမူအရာတွေနဲ့ နင်နဲ့ တစ်ပုံစံတည်းပဲ"

ကျန်းဟူကျင်း စကားကြောင့် မိန်းကလေး၏ ပန်းနုရောင်မျက်နှာလေးသည် ရဲခနဲ နီသွား၏။

"သွားစမ်းပါ၊ အကောင်းမှတ်လို့ နားထောင်နေတာ၊ ခုတော့ နင်က ငါ့ကို အသားယူပြောနေတာကိုး၊ ငါက နင့်အမေနဲ့တူတော့ နင့်က နင့်အဖေနဲ့ တူနေပြီပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခိုက် စောစောက တင်မင်း ထွက်ခွာသွားသော အရပ်ဆီမှ စူးရှ ရှည်လျားသော လေချွန်သံကို ကြားလိုက်ရလေ၏။ မရှေးမနှောင်းမှာပင် မိမိတို့ အနီးပတ်ဝန်းကျင်မှပါ တုံ့ပြန်သော လေချွန်သံတစ်ချက်ကို ထပ်မံ ကြားရပြန်၏။ ဤတွင် မိန်းကလေး မျက်နှာပျက်သွား၏။

"ဝါမေဂိုဏ်းကလူတွေ ရောက်လာပြီ"

မိန်းကလေးသည် မတိုးမကျယ် ရေရွတ်လိုက်မိ၏။

မှန်၏။ မကြာခင် တင်မင်းနှင့် အမျိုးသမီးတစ်ယောက် သူတို့ထံ လျှောက်လာသည်ကို တွေ့ရ၏။ တင်မင်းနှင့်အတူ လျှောက်လှမ်းလာသော အမျိုးသမီးမှာ အသက်အားဖြင့် ၁၇နှစ်၊ ၁၈နှစ်ခန့်သာ ရှိသေးသူဖြစ်၍ အလွန် ချောမောလှပသူလေး ဖြစ်နေ၏။

ကျန်းဟူကျင်းမှာ သူတို့ကို ငေးကြည့်ရင်း တအံ့တသြ ဖြစ်နေ၏။ စောစော အဝေးမှ လေချွန်သံရှင်သည် တင်မင်းထက် သိုင်းပညာအား သာလွန်ကြောင်း သိ၏။ ပြီး ယင်းအသံရှင်သည် အသက်အရွယ် ကြီးရင့်သူတစ်ယောက် ဖြစ်မည်ဟုလည်း ခန့်မှန်းထားခဲ့၏။ ယခုသော် မျှော်လင့်ခြင်းနှင့် ဆန့်ကျင်စွာ ငယ်ရွယ်နုပျိုသည်နှင့်အမျှ ချောမောလှပသူလေး ဖြစ်နေ၏။ အသက်သည်ပင် မိမိထက် ငယ်လွန်းနေ၏။



မိန်းမငယ်သည် ဓားကို ခါးတွင် ချိတ်လျက်က ခြေလှမ်းမှန်မှန် လျှောက်လာလျက်ရှိ၏။ တင်မင်းက ထိုမိန်းမငယ်ကို ငဲ့စောင်းကြည့်လိုက်ရင်း . . .

"ညီမလေး၊ ဒီကောင်မလေးရဲ့ သိုင်းပညာက လျှို့ဝှက်နက်နဲသလောက် ထူးဆန်းတယ်နော်"ဟု သတိပေးလိုက်၏။

မိန်းမငယ်က ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီးနောက် ကျန်းဟူကျင်းနှင့် မိန်းမငယ်အနီးတွင် ရပ်လိုက်၏။ ထို့နောက် ချိုသာရည်မွန်သော လေသံဖြင့် . . .

"ရှင်တို့နာမည်ကို ကျွန်မ သိပါရစေလား ရှင်၊ ပြီးတော့ ဘယ်လို အကြောင်းကိစ္စနဲ့ ကျွန်မရဲ့ ဂိုဏ်းတူ အစ်မရဲ့ သက်ကို ချိုးပစ်လိုက်ရပါသလဲ"

ကျန်းဟူကျင်းသည် မိန်းမငယ်၏ စကားကို လေးနက်စွာ နားထောင်ရင်း စူးစူးစိုက်စိုက် ကြည့်မိ၏။ မိန်းမငယ်၏ အသံ ဟန်မူရာနှင့် ရုပ်ရည်ကိုကြည့်ရင်း ကျန်းဟူကျင်း တစ်စုံတစ်ခုကို သတိရလာ၏။

လွန်ခဲ့သော အတိတ်ကာလတုန်းက သူ့ဆရာ ဘိုးဘိုးသည် လိပ်ပြာကုန်း သမားတော်ကြီး ဟိုချင်းထံတွင် ဆေးဝါး ကုသရန်အတွက် မိမိကို ချန်ရီလက်သို့ အပ်နှံခဲ့၏။ ဤတွင် ချန်ရီက သူ့သခင်ဟောင်း၏ သမီးလေး ချူကျူးကို ကျန်းဆန်း

www.burmeseclassic.com

www.burmeseclassic.com



အား ပြန်လည် အပ်ထားခဲ့၏။ သဘောထားကား အာမခံလဲလှယ်သည့် သဘောဖြစ်၏။ ဟူကျင်းသည် ယင်းသို့သော အတိတ်၏ ရုပ်ပုံကားချပ်များကို သတိတရ ဖြစ်လာသည်နှင့် အမျှ စိတ်အစဥ်တွင် . . .

"ဆရာဘိုးဘိုးက သူ့ကို ဝူတန်းဂိုဏ်းဆီ ခေါ်သွားခဲ့တာ မဟုတ်လား၊ အခု ဘယ်လိုဖြစ်ပြီး ဝါမေဂိုဏ်းကလူ ဖြစ်နေရတာလဲ"

ကျန်းဟူကျင်း၏ နှလုံးသည်းပွက်များ လှုပ်ခါသွားသလို ခံစားလိုက်ရ၏။ ဦးခေါင်းထဲ၌ အတွေးများ စဥ်ဆက်မပြတ် ဖြစ်ပေါ်နေလျက် ရဟတ်ချားနှယ် လည်နေ၏။ သူ့ဆရာဘိုးဘိုး၏ အကြောင်းများကို စုံစမ်းချင်စိတ်လည်း ဖြစ်ပေါ်နေ၏။ သို့သော် မမေးဖြစ်။ စိတ်နှလုံးထဲ၌ကား . . .

"ကျန်းဟူကျင်းဆိုတာ သေသွားပြီ မဟုတ်လား၊ အခုကာလမှာ ငါဟာ တောသား ရုပ်ဆိုးကြီး၊ နာမည်က နွားလေး ဒါကြောင့် ငါ့ရဲ့ စိတ်ဆန္ဒတွေကို သိမ်းဆည်းထားဦးမှ ဖြစ်မယ်၊ ဒီလိုမှ စိတ်ဆန္ဒတွေကို ချုပ်တည်းမထားနိုင်ရင် ငါ့ ဘဝတစ်ခုလုံး ဒုက္ခပင်လယ် ဝေသွားနိုင်တယ် မဟုတ်လား၊ အဆက်မပြတ် ကျရောက်လာမယ့် အန္တရာယ်ဆိုးတွေဟာ ငါ့ပတ်လည်မှာ ရှိနေဆဲ မဟုတ်လား၊ ဒီတော့ ငါ ကျန်းဟူကျင်း ဆိုတာကို



ဘယ်သူ့ကိုမှ အသိပေးဖို့ မလိုအပ်သေးဘူး၊ ဒါဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲ"

"ရှင်တို့ရဲ့ ဂိုဏ်းတူ အစ်မက ကျွန်မရဲ့ နံရိုးတွေကို လက်ဝါးစောင်းနဲ့ ရိုက်ချိုးခဲ့တာပါ၊ ဒါပေမယ့် ကျွန်မရဲ့ နံရိုးတွေ တစ်ချောင်းမှ ကျိုးပဲ့မသွားဘဲ လူ့လက် ကျိုးသွားတာကိုတော့ ကျွန်မ ဘာတတ်နိုင်မှာလဲ၊ ဒီတုန်းက သူ့ကို ကျွန်မ တိုက်ကွက် တစ်ကွက်လေးမှ တိုက်ခိုက်ခြင်း မပြုခဲ့ပါဘူး၊ ဒါ မယုံကြည်ရင် သူ့ကို မေးကြည့်လိုက်ပါ၊ ဟင်းဟင်း"

မနိုးမခန့် ရယ်မောသံနှင့်အတူ မိန်းကလေး စကားကို ရပ်ပစ်လိုက်၏။ ထိုအခါ ချူကျူးက တင်မင်းကို လှည့်ကြည့်လိုက်၏။ တင်မင်းသည် ချူကျူး၏ အကြည့်နှင့် မိန်းကလေး၏ ရယ်မောသံကြောင့် ဒေါသ ထောင်းခနဲ ထသွား၏။ ထို့ကြောင့် . . .

"မင်းက သူတို့ နှစ်ယောက်ကို ဖမ်းပြီး ဆရာမဆီ ခေါ်သွားရင် ပြီးတာပဲ"

"ဒီလိုလဲ မဟုတ်သေးဘူးလေ၊ တကယ်လို့ သူတို့ နှစ်ယောက်က ခမကို တမင် ရန်စပြီး စော်ကားတာ မဟုတ်ဘူး ဆိုရင်တော့ ကျွန်မအနေနဲ့က ကျေအေးလိုက်ချင်တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမငယ်ကား တည်ကြည်အေးချမ်းစွာပင် သူ့စကား ကို အဆုံးသတ်လိုက်လေ၏။ သို့သော် တင်မင်းကား ဒေါသ ယမ်းအိုး ပေါက်ကွဲသွားဟန်နှင့် လှုပ်လှုပ်ရှားရှား အော်ဟစ် လိုက်၏။

"ဘာ၊ မင်းက ရန်သူဘက်က ရပ်တည်ပြီး စကားပြော နေတာလား၊ ဟုတ်လား ချူကျူး၊ ငါပြောတဲ့အတိုင်း ဟုတ် သလား"

တင်မင်း၏ ဒေါသအမျက် ခြောင်းခြောင်း ထွက်နေသော အော်ဟစ်သံသည် ပတ်ဝန်းကျင် တစ်ခုလုံး မိုးခြိမ်းသံကဲ့သို့ ဟိန်းဟိန်းညံ၍ သွားလေသည်။

✦ ✦ ✦

## အခန်း ( ၄၉ )

www.burmeseclassic.com

www.burmeseclassic.com

## အဆိပ်ပင့်ကူ

ဟူကျင်းသည် တင်မင်း၏ အမျက်ဒေါသကို တွေ့ရသောအခါ ...ခဲ့သော နှစ်များဆီက အဖြစ်ကို သတိရလိုက်မိပြန်သည်။

ထိုစဉ်က သူ၏ဒေါ်လေးနှင့်တင်မင်းတို့သည် အလင်းတမာန် ...း မှ ဖန်ဟိုဆန့်ကို လက်တွဲ၍ တိုက်ခိုက်ခဲ့ကြသည်။ ဤတွင် ...င်းချင်း တစ်စုံတစ်ရာ မကျေနပ်မှုကြောင့် စကားများခဲ့ကြ၏။ ...က်ဆုံးတွင် သေဖော်ရှင်ဘက်ဟူသော သဘောထားများ မှေးမှိန် ...ပျောက်ကာ တစ်ယောက်နှင့်တစ်ယောက် အရှေ့နှင့်အနောက် ...ခွဲခဲ့ကြရသည်။

ယခုလည်း ပြဿနာဟောင်းသည် ပြန်၍ ပေါ်လာပြီ။ ...င်းသည် သူ၏ ဂိုဏ်းတူ ညီမလေးကိုပင် အသားသံပေး၍

www.burmeseclassic.com

www.burmeseclassic.com



ဟိန်းဟောက်နေလေသည်။ သူ၏ ဆန္ဒအတိုင်း အမွှေခြိမ်းခြောက် အကျပ်ကိုင် ခိုင်းစေနေသည်။ ကြာသော် ကျန်းဟူကျင်းလည်း ချူကျူး အတွက် စိတ်ပူလာလေ၏။ သို့သော် ချူကျူးမှာ တင်မင်း လွှမ်းမိုးမှုကို ခံသွားရသည်ဟု ဆိုရလိမ့်မည် ထင်သည်။ တင်မင်း သူမက တိကျသော စကားအချို့ကို ပြတ်သားစွာ ပြောလိုက် လေသည်။

"ကောင်းပြီ တင်မင်း၊ ကျွန်မ အရာရာကို ရဲရဲရင်ဆိုင်ပါ မယ်၊ ဟုတ်လား"

"ဒီလိုမှပေါ့ ချူကျူး၊ ကဲ... ဟိုကောင်မရဲ့ လက်နှစ်ဘ ဖြောင်းဖြောင်း ကျိုးအောင် ချိုးပြစမ်း၊ ဟား... ဟား... ဟ

တင်မင်း၏ ဟန်ဆောင်ရယ်မောမှုအဆုံး၌ ချူကျူး မိန်းကလေးနှင့် မျက်နှာချင်းဆိုင်လိုက်၏။ ပြီး...

"ကျွန်မက ရှင်နဲ့ ယှဉ်ပြိုင်ချင်ပါတယ်"

ချူကျူးစကားအဆုံး မိန်းကလေးက မဲ့ပြုံးပြုံးကာ...

"ကောင်းပါပြီတဲ့ရှင်"

စကားအဆုံး လျှပ်တစ်ပြက် လက်ဝါးစောင်း ရိုက်ချက် 'ဗိုး'ခနဲ မြည်သွား၏။ ချူကျူးကလည်း မခေ။ 'ဗိုး'ခနဲ ရိုက်ချ 'ဖျတ်'ခနဲ ရှောင်တိမ်းရင်း ခုခံလိုက်၏။ သူတို့နှစ်ယော တိုက်ကွက်များ၊ ရိုက်ချက်များ၊ အခုန်အလွှား၊ အရှောင်အတိမ်း



စသည်တို့သည် အံ့မခန်းအောင် လျင်မြန်ဖျတ်လတ်သည်နှင့်အမျှ ကြည့်ရသည်မှာ အသည်းတအေးအေး၊ ရင်တဖိုဖို။

ဟူကျင်းသည် သူတို့၏ နက်နဲသော တိုက်ကွက်များကို ကြည့်ရင်း အားကျ ချီးကျူးနေမိ၏။

ရုတ်တရက် မိန်းကလေးသည် 'ယား'ဟူသော ညာသံနှင့် အတူ ချူကျူး၏ ပခုံးအား ဖြတ်ရိုက်လိုက်လေ၏။

ချူကျူးကလည်း မိန်းကလေးအား ကုတ်ဆွဲလိုက်ဟန်တူ၏။ မိန်းကလေး၏ အင်္ကျီမှာ 'ဗြိ'ခနဲ စုတ်ပြဲသွား၏။ တစ်ပြိုင်တည်းမှာ ပင် ချူကျူးတစ်ယောက် ကိုယ်ကို မဟန်နိုင်ဘဲ ယိမ်းထိုးသွား၏။ ကြည့်ရင်း ကျန်းဟူကျင်း အလန့်တကြား အော်လိုက်သည်။

"ဟိုက် နင် နင်"

သူ့မျက်နှာမှာ ချူကျူးအတွက် စိုးရိမ်ပူပန်ဟန်များ ထင်ရှား ပေါ်လွင်နေသည်။ ယင်းကို တွေ့လိုက်ရသော ချူကျူးသည် ဤ စုတ်ဆိတ်မွေး ဗရပွနှင့် ယောကျ်ားကြီးသည် မိမိအတွက် အဘယ် ကြောင့် ပူပန်သွားရသနည်း ဟူသော အတွေးနှင့် အံ့သြသလို ခံစား လိုက်ရ၏။ ထိုအချိန်တွင် တင်မင်းက ပျာပျာသလဲ...

"ညီမလေး၊ နင် နင် ဘာဖြစ်သွားတာလဲ"

ချူကျူးမှာ တင်မင်း၏ပခုံးကို လှမ်းကိုင်မှီလိုက်ရင်း ခေါင်း ခါလိုက်၏။ တင်မင်းကား မိန်းကလေး၏ ပညာစွမ်းကို ခံစားလိုက်ရပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ချူကျူးအား စိုးရိမ်သွား၏။ ထို့ကြောင့်လည်း သူ့ရင်သည် တထိတ်ထိတ်ခုန်လျက် ရှိနေ၏။

သို့သော် ချူကျူးကား ဂိုဏ်းထဲတွင် အသက်အငယ်ဆုံး ဖြစ်သော်လည်း ဆရာ၏ ချီးကျူးထောပနာ ပြုခြင်းကို မပြတ်ခံယူ ရရှိသူဖြစ်၏။

သူမသည် ဉာဏ်ပညာ ထက်မြက်သည်နှင့်အမျှ သိုင်းပညာရပ် များကို သင်ယူရာ၌လည်း သိလွယ် တတ်လွယ်သူ ဖြစ်၏။ ထို့ကြောင့် ဆရာသည် သူမအား ဝါမေဂိုဏ်းကို သစ်လွင်ထွန်းတောက် စေမည့်သူဟုပင် မှတ်ချက် ချခဲ့ဖူးသည် မဟုတ်လော။

ဤသည်ကြောင့်လည်း ချူကျူးကို ခေါ်ကာ သူမ၏ တိုက်ခွက် ရည်ကို စမ်းသပ်ခဲ့၏။ တစ်ချိန်တည်းမှာလည်း တင်မင်း ရှင်ထံ ချူကျူးကို မနာလိုဝန်တို ဖြစ်နေပြန်လေ၏။

ဤပွဲတွင် ချူကျူးကား တိုက်ကွက် သိုင်းကွက်ပေါင်း နှစ်ဆယ်ကျော် ယှဉ်ပြိုင်နိုင်ခဲ့ပြီးမှ ရှုံးနိမ့်သွား၏။ ရှုံးပင် ရှုံးသော်ငြား ချူကျူးသည် မိမိထက် ပညာအရာ သာလွန်ကြောင်း တင်ရှင် ကောင်းကောင်း သိမြင်ခဲ့လေသည်။ သူမသည် ယခုအချိန် မည်သူ့ကို နှုတ်ခွန်း မဟ,နိုင်တော့ဘဲ ချူကျူးကို ဖေးမ တွဲယူကာ လာရာလမ်းသို့ ပြန်ခဲ့ရလေ၏။



မိန်းကလေးသည် နဖူးပေါ်မှ ချွေးများကို သပ်ချလိုက်ပြီး ခနဲ့သံဖြင့်...

“သရဲလေး၊ နင်က ချောချောလှလှလေး တွေ့လိုက်တာနဲ့ လောကကြီးကို မေ့သွားပြီ ထင်တယ်၊ မာင်း ဟင်း လိပ်ပြာတောင် လွင့်သွားပြီလား မပြောတတ်”

မိန်းကလေး စကားကြောင့် ကျုန်းဟူကျင်း ပြုံးမဲ့မဲ့ ဖြစ်သွား ပြီးသနာကို ငြင်းချက်ထုတ်ရန် စိတ်ကူးမိသော်လည်း ဘာဖြစ်လို့ ရေငုံ ငြိမ်ငြိမ် ငြိမ်နေလိုက်၏။ အတန်ကြာမှ အသက်ဝင်လာပြီး

“သူ ချောတာလှတာ ငါနဲ့မဆိုင်ပါဘူး၊ ငါက နင့်ကို စိတ်ပူနေတာပါ”

“တကယ်”

“တကယ်ပေါ့၊ ငါက နင့်တို့ နှစ်ယောက်စလုံးအတွက် စိုးရိမ်ပူပန်နေတာပါ”

ဤသို့ ကျုန်းဟူကျင်း ပြောလိုက်ချင်၏။ သို့သော် စကားအဖြစ် ကား ထွက်ပေါ်မလာခဲ့။ သူ ပြောထွက်ခဲ့သော စကားကား...

“တကယ်ပေါ့”ဟူ၍သာ ဖြစ်၏။

သူ့စကားကြောင့် မိန်းကလေး မျက်နှာပြင်၌ ပန်းနုရောင်သွေး ရဲခနဲ ဖြစ်သွား၏။ ဤတွင် ကျုန်းဟူကျင်းက အလိုက်သိစွာ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါမေဂိုဏ်းမှာ ဒီလောက် သိုင်းပညာကောင်းတဲ့သူလဲ ရှိသေးတာကိုးဟ"

"ဟုတ်တယ် ဒီကောင်မလေးဟာ တကယ်တော်တဲ့ ဖျာင်မလေးပါပဲ"

ရရှိ မိန်းကလေးကလည်း ရိုးသားစွာ မှတ်ချက်ချလိုက်၏။ ထိုစဉ် ကျောင်း၏ မျက်လုံးအစုံက ချူကျူးတို့ ထွက်ခွာသွားရာဆီ များဆီ ရင်း ဆွေးမြည့်သလို ခံစားနေရပြန်၏။

ထို သူသည် တစ်ချိန်တစ်ခါက လေ့ငယ်ကလေးပေါ်တွင် ...း၏ အကြင်နာလွှမ်းသော မျက်ဝန်းအစုံနှင့် ညင်သာလွှန်းသော ပြုစုယုယမှုများကို တသ မြင်ယောင်ရင်း ချူကျူး ဒဏ်ရာ ပြင်းထန်ခြင်း မရှိပါစေနှင့်ဟု ဆုတောင်းနေမိလေ၏။

ဤတွင် မိန်းကလေး၏ အေးစက်သော အသံက ပေါ်ထွက်လာလေ၏။ သူမ၏ အသံသည် ကျန်းဟူကျင်း၏ အတွင်းစိတ် သဏ္ဌာန်ကို ထွင်းဖောက် သိမြင်နေသလိုပင်။

"နင် သိပ်လဲ စိတ်ပူမနေပါနဲ့ဟာ၊ သူ ဘာမှမဖြစ်ပါဘူး၊ သူ တကယ်တော်လို့ ငါ ပြောတာ၊ သူ့ရဲ့ တကယ့်ဉာဏ်ပညာ ထက်မြက်မှုကို ပြောတာပါ၊ သူဟာ အသက်သာ ငယ်တယ်၊ ဉာဏ်ကို လွှာသုံးတတ်တာတော့ အမှန်ပါပဲ"

ဤတွင် ကျန်းဟူကျင်းက တအံ့တဩ လေသံဖြင့်...



"သူ တကယ် ဒဏ်ရာ ရမသွားဘူးလား"

"အေး ရမသွားဘူး၊ ငါ သူ့ပခုံးကို လက်ဝါးစောင်း ချိုက်ခုတ်လိုက်တော့ သူ့ကိုယ်ထဲက အတွင်းအား တွန်းကန်မှုဟာ ...ခံ ငါ့လက်ကိုတောင် ထုံကျဉ်သွားစေခဲ့ပါတယ်၊ ဒါကြောင့်မို့လဲ ...ဘာ ဒဏ်ရာမှ ရမသွားဘူးဆိုတာ ငါ သဘောပေါက်သွား... ...ကတိ ...ကယ်တော့ ဒီကောင်မလေးဟာ ဝါမေရဲ့ နေစကြာသိုင်းကျ... ...ကျင့်ကြံထားမှန်း ငါ ရိပ်မိခဲ့တယ်"

...အဖြစ်လို့

မိန်းကလေး၏ စကားကြောင့် ကျန်းဟူကျင်းမှာ ဟာ... ...နိုင်တော့ပဲ ဝမ်းသာ လှုပ်ရှားသွားသည်။ စိတ်နှလုံး... ...လဲဟ"

"လတ်စသတ်တော့ မျက်ကြွယ်ဆရာမကြီး နင် ငါကလွဲပြီး သိပ်ချစ်တာကိုး၊ ဒါကြောင့်လဲ ဝါမေဂိုဏ်းရဲ့ မျိုး မတွေ့ချင်ဘူး၊ နေစကြာ သိုင်းကျင့်စဉ်ကို တစ်ယောက်တည ...ဖြစ်မယ်"

မဟုတ်ဘူးဟာ၊

ကျန်းဟူကျင်းသည် အတွေးများ စဉ်ငြိမ် တခြားသူကို ...ဖြစ်ပေါ်နေ၏။ ထိုစဉ် မိန်းကလေးက ကျန်းဟူကျင်း၏ ...ခြန်း'ခနဲ ရိုက်ပစ်လိုက်သည်။ ကျန်းဟူကျင်းမှာ ကယောင်ကတမ်းဖြင့်ပဲ ...ဝေါ့"

"နင် နင် ဘယ်လိုလုပ်တာလဲ"

"ဟင်း ဟင်း နင်ဟာ တော်တော်ရယ်စရာကောင်းတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ချောချောလှလှ မြင်ရရင် သွားရည် တမြားမြား ဟင်း ငါက ဘာမှမဖြစ်ပါဘူးလဲဆိုရော ထပ်ခုန်တော့မလိုလို၊ က၊ တော့မလိုလိုနဲ့ ဖြစ်နေလိုက်တာ"

"ဘာပြောတယ်၊ ငါ့စိတ်နဲ့ ငါ့ကိုယ် ဝမ်းသာတော့ ဘာဆိုင်သလဲ"

ကျွန်းပျှကျင်းမှာ စိတ်တိုသွားသည်နှင့်အမျှ စကားကို ပြောပစ်လိုက်၏။ ထိုအခါ မိန်းကလေး ဒေါသထွက်လာ ကို လှဲ၍ ရိုက်လိုက်ပြန်၏။ ဤတစ်ကြိမ်တွင် င်းက အလွယ်တကူ ရှောင်တိမ်းလိုက်နိုင်၏။ မိန်းကလေး မနိုင် ခဲမရ ဖြစ်လာကာ...

ပြင်းထန်ခြင်း မရှိပါ ငါ့ကို လက်ထပ်မယ်ဆို၊ ခု နေ့ဝက်တော

ဤတွင် နိဗ္ဗာန်ပြန်လာတယ်၊ အသစ်တွေ့လို့ အဟောင်း ပေါ်ထွက်လာလေ၏ ပေါ့ ဟုတ်လား၊ ဒါပေါ့လေ သူက ငါ့ထက် အတွင်းစိတ် သက် ဟုတ်လား"

"နင် သိကလေး၏ ဒေါသသံတွင် ကြေကွဲသံပါ ရောယှက် တကယ်တော့

ထက်မြက်မ "အောင်မယ် နင်ကပဲ ပြောရတယ် ရှိသေး၊ နင်က ငါ့ ဉာဏ်ကိုမှမတန်ဘူးဆို၊ နင့်ရင်ထဲမှာ ချစ်ဦးသူ ရှိနေပြီးပြီဆို"



"ဟုတ်တယ်၊ ငါက ငါ့အခြေအနေနဲ့ ငါပဲ၊ ငါ့အဖြစ်ကို ငါ ပွင့်ပွင့်လင်းလင်း ပြောပြတာပဲ၊ ဒါပေမယ့် နင်ဟာ ကိုယ့်ကတိကို ကိုယ်တည်ရမှာပေါ့၊ ဒါကြောင့်မို့ နင့်စကားနဲ့နင် ငါ့ကို တစ်သက်ဖုံး အောင့်ရှောက်ရမှာပဲ၊ တစ်သက်လုံး ကောင်းကောင်းမွန်မွန် ဆက်ဆံရမှာပဲ"

"ငါဟာ ယောကျ်ားပါ၊ ငါပြောတဲ့ စကားအတိုင်း ငါ ကတိတည်ပါတယ်"

"ဒီလိုဆို နင်က မိန်းကလေးချောချော တွေ့တာနဲ့ ဘာဖြစ်လို့ ဟန်ချက်မရ ဖြစ်နေတာလဲ၊ ပြောစမ်းပါဦး"

"ငါက ဘယ်တုန်းက အငမ်းမရ ဖြစ်နေလို့လဲဟ"

"ကိုယ့်ကိုယ်ကို မသိဘူးလား၊ ဒီမယ် နင် ငါ့ကလွဲပြီး အခြား ဘယ်မိန်းကလေးကိုမှ တိမ်းညွှတ်တာမျိုး မတွေ့ချင်ဘူး၊ သူ့ကိုလဲ နင်လုံးဝ မေ့ပစ်လိုက်၊ ဒါပဲ"

"ငါကလဲ သူ့ကို သဘောကျနေတာ မဟုတ်ဘူးဟာ၊ သတိလဲရမနေတော့ဘူး၊ ဒါပေမယ့် နင်ကတော့ ငါ့အပြင် တခြားသူကို သတိတရ ဖြစ်နေတာ လမ်းမကျဘူး"

"ဒါက ငါ ဟိုလူနဲ့ အရင်တွေ့ခဲ့တာပဲ၊ ဒီလိုမဟုတ်ဘဲ နင့်ကို အရင်တွေ့ခဲ့ရင်တော့ တစ်သက်လုံး နင့်ကို သစ္စာရှိမှာပေါ့"

ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုသာ ပြောကြစတမ်းဆိုရင် ငါကလဲ ချူကျူးကို နင့်အရင်တွေ့ခဲ့တာပဲ။ နင့်အရင် ပိုပြီး သိခဲ့တာပဲ"ဟု ပြောလိုက်ချင်၏။ သို့သော် ဟူကျင်း ပြောမထွက်။ ဟူကျင်း၏ စိတ်နှလုံးကို မည်သည့်အရာများက ဟန့်တားထားလေသနည်း။ မည်သည့် နှောင်ကြိုးများက ချည်နှောင်ထားလေသနည်း။ ယခုအခါ ဟူကျင်း၏ နှလုံးသွေးကြောများမှ စီးဆင်းလာသော စကားလုံးများသည် တစ်လုံးချင်း ထွက်ပေါ်လာလေ၏။

"မိန်းကလေး၊ ငါကလဲ လျှာဖျားပေါ်က လာတဲ့စကားမျိုး မဟုတ်တဲ့ နှလုံးသားထဲက စကားတွေကိုသာ ပြောချင်ပါတယ်။ နင်ဟာ ငါ့ တစ်ယောက်တည်းကိုသာ သံယောဇဉ်တွေ ရစ်ပတ်ပြီး ချစ်ခင်နေမယ်ဆိုရင် ငါကလဲ ဒီတစ်သက်မှာ နင့်တစ်ယောက်ကိုပဲ သံယောဇဉ်တွေ ရစ်ပတ်ထားမှာပါ၊ ဒါပေမယ့် တစ်ချိန်တည်းမှာ နင့်က တခြားတစ်ယောက်ကိုပါ သတိတရ တမ်းတနေမြဲ ဖြစ်နေမယ်ဆိုရင်တော့ နင့်အတူငါကလဲ တခြားတစ်ယောက်ကို တမ်းတနေမိမှာ အမှန်ပဲ"

ဟူကျင်း၏ ဝေဒနာယှက်နွယ်သော တိကျသည့် စကားလုံးများသည် မိန်းကလေး၏ နှလုံးသားများဆီ စီးဆင်းသွားသည် ထင်ပါ၏။ မိန်းကလေးမှာ အတန်ကြာ ငြိမ်သက်သွားလေ၏။ မမျှော်လင့်သော မျက်ရည်ဥကလေးများသည် မျက်ဝန်းအစုံမှနေ၍ ပါးပြင်ပေါ်သို့



ငြိမ့်ဆင်းကျလာလေတော့၏။ ထိုအခါ မိန်းကလေးသည် သူ၏ က်နှာကို ဆတ်ခနဲ တစ်ဘက်သို့ လှည့်ပစ်လိုက်သည်။

ဟူကျင်းမှာ စိမ်းစိမ်းမကြည့်ရက်တော့။ မိန်းကလေး၏ က်ဖဝါးလေးကို ညင်သာစွာ ဆုပ်ကိုင်လိုက်မိ၏။ တစ်ဆက်တည်း ယင် အကြင်နာလွှမ်းသော လွမ်းမောသံဖြင့်...

"ငါတို့ဟာ ဒီလို စိတ်မချမ်းသာစရာ စကားကို ဘာကြောင့်များ ာနေမိကြပါလိမ့်၊ ခုအခါမှာ တို့နှစ်ယောက်စလုံး ဝမ်းပန်းတသာ ကြရမယ့်အချိန် မဟုတ်လား၊ တိတ်ပါတော့ဟာ တိတ်ပါတော့၊ မျက်ရည်တွေကို ငါ မမြင်ချင်ပါဘူး၊ နောက်နှစ်ရက်လောက် ၇င် ငါ့ခြေထောက်က ဒဏ်ရာတွေ ပြန်ကောင်းသွားမှာပါ၊ အဲဒီ ာမှ တို့နှစ်ယောက် မြို့ပေါ် လျှောက်လည်ကြမယ် ဟုတ်လား၊ ဒီအစီအစဉ် မကောင်းဘူးလားဟင်"

ဟူကျင်း၏ တိုးတိတ်ကြင်နာသော စကားအဆုံးတွင် ကလေးက ညှိုးနွမ်းဆဲ မျက်နှာထားနှင့် ပြောလေသည်။

"နွားလေး ငါကလဲ နင့်ကို တောင်းပန်ချင်ပါတယ်၊ ပြီးတော့ ါ့ကို စိတ်မဆိုးရဘူးနော်၊ ပြီးတော့..."

"ဘာလဲဟ၊ ငါ နင့်ကို ဘယ်တော့မှ စိတ်ဆိုးမှာ မဟုတ်ပါဘူး၊ ဘော့... ဆိုတာကိုသာ ဆက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် အတန်ကြာ ပြောသင့် မပြောသင့် ချင့်ချိန်
နေပြီး...

"နှားလေး"

"ဘာလဲ ပြော"

"အေး ပြောမှာပါ၊ ငါ အနောက်ပိုင်းကနေ ဒီမြေပြန့်
ဆင်းလာခဲ့တာဟာ အဓိက,ကတော့ သူ့ကို ရှာဖို့ပါပဲ၊ ဒါပေမယ့်
ခုချိန်ထိ သူ့သတင်း အစအနတောင် မရသေးဘူး၊ အဲဒါ နှင်
နှင့်ခြေထောက် ကောင်းသွားတဲ့အခါ ငါ့ကို ကူပြီး ရှာပေးပါနော်"

မိန်းကလေး စကားကြောင့် ဟူကျင်း မကျေမနပ် ဖြစ်သွား
ရင်ထဲတွင်လည်း 'ကျင်'ခနဲနေအောင် ခံစားလိုက်ရ၏။ ထို့ကြောင့်
'ဟင်း'ခနဲ သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ မိန်းကလေးသည်
ဟူကျင်း၏ အမူအရာကို ကြည့်ရင်း...

"ခုနက ပြောတော့ နှင် ငါ့ကို စိတ်မဆိုးပါဘူးဆို၊ ခုတော့

"မဆိုးပါဘူးဟာ၊ ငါ နှင့်ကို တကယ် သံယောဇဉ်ရှိ
နှင့်ဆန္ဒကို ဖြည့်စွမ်းရမှာပေါ့"

ဟူကျင်း စကားကြောင့် မိန်းကလေးခမျာ လှိုက်
ဝမ်းသာသွားလေ၏။

"နှားလေး၊ နှင် နှင်ဟာလေ တကယ့်ကို စိတ်နှလုံးကောင်း
ရှိ လူတစ်ယောက်ပါပဲ"



ဟူကျင်းကား ခေါင်းငိုက်စိုက်ချလျက် တစ်စုံတစ်ခုကို
တွေးနေ၏။ ထိုစဉ် မိန်းကလေးမှာ တစ်စုံတစ်ခုကို သတိရလိုက်ပြီး
ရုတ်လန့်တကြား ပြောလာ၏။

"ဟာ– ငါ သတိလစ်နေလိုက်တာ နှားလေး၊ တို့ ဒီကနေ
မြန်မြန်ပြေးကြစို့၊ ကြာရင် ဒုက္ခဖြစ်လိမ့်မယ်"

ဟူကျင်းက နားမလည်သော မျက်လုံးများဖြင့် ကြည့်ရင်း...

"ဘာဖြစ်လို့လဲဟ"

"ဟို ဝါမေဂိုဏ်းက ကောင်မလေးဟာ ငါနဲ့ဆက်ပြီး
ကစားသေအလဲ မတိုက်နိုက်ချင်တော့လို့ ဒဏ်ရာရသွားချင်ဟန်ဆောင်ပြီး
နောက်ဆုတ်သွားတာဟ၊ ဒါကို ငါ ကောင်းကောင်းသိတယ်၊
ဒါပေမယ့် ဟို တင်မင်းဆိုတဲ့ မိန်းကလေးကတော့ ငါ့ကိုဖမ်းပြီး
သူတို့ ဆရာမကြီးဆီကို အမြန်ခေါ်သွားဖို့ တဖွဖွပြောခဲ့တယ်
မဟုတ်လား၊ ဒီတော့ သူတို့ဆရာမကြီးဟာ ဒီအနီးတစ်ဝိုက်မှာ
ရှိနေနိုင်တယ်၊ ဒီသီလရှင်မကြီးက အနိုင်ယူချင်စိတ် သိပ်ကြီးတာဟ၊
ဒီတော့ တို့ဆီကို လိုက်မလာဘဲ နေကိုနေမှာမဟုတ်ဘူး"

မိန်းကလေး သူ့စကားကို အလောတကြီး ပြောလိုက်၏။
ဟူကျင်း၏ မျက်လုံးအစုံ၌လည်း အတိတ်ဆီက ပုံကားချပ် တစ်ခုကို
ပြန်လည် မြင်ယောင်လာသည်။

တစ်ချိန်က ဤ မျက်ကွယ် သီလရှင်ကြီးသည် သူ့ဒေါ်လေး
အိုရှောင်မူကို ရက်ရက်စက်စက် ရိုက်သတ်ခဲ့ပုံအား သူ့မျက်ဝန်း၌

www.burmeseclassic.com

www.burmeseclassic.com



ခုထိစွဲထင် လတ်ဆတ်လျက်။ ယခုပင်လျှင် ကြက်သီး ဖြန်းဖြန်းထ နေမိ၏။ ထို့ကြောင့် သူသည် စိတ်လှုပ်ရှားလာကာ...

"ဒီ မယ်သီလရှင်ကြီးဟာ အင်မတန် ကြောက်စရာကော တာ အမှန်ပဲ၊ ငါတို့ဟာ သူ့ကို ယှဉ်လို့တော့ နိုင်မှာမဟုတ်ဘူ

ထိုအခါ မိန်းကလေးက...

"နင်က သူ့ကို တွေ့ဖူးလို့လား"

ဖြန်းခနဲ ဟူကျင်း ဘယ်သို့ဖြေရမည် မသိ၊ နောက်မှ

"မ မတွေ့ဖူးပါဘူး၊ ကြားတော့ ကြားဖူးသလိုပဲ၊ သူ ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆရာမကြီးဆိုတော့ ဘယ်ခေပါ့မလဲ၊ စဉ်းစားကြည့်လေ"

မိန်းကလေးသည် မျက်မှောင်တစ်ချက် ကြုတ် တစ်စုံတစ်ရာကို အလျှင်အမြန် စဉ်းစားလိုက်၏။

"ဘယ်လို လုပ်ရပါ့မလဲ"

အတန်ကြာသော် အတွေးများ လျှပ်လက်သလို တစ်ကွက် တစ်ကွက်၊ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာနေ၏။ နောက်ဆုံး အဖိုးတန်သော အကြံတစ်ခုကို ရရှိခဲ့လေ၏။

သူမသည် လျင်မြန် ဖျတ်လတ်စွာပင် အနီးအနားမှ ကော များ၊ သစ်တို သစ်စများကို စုဆောင်းလိုက်သည်။ လိုအပ်သည ပြည့်စုံသည်နှင့် ကောက်ရိုးများကို နိုင်မာသော ကြိုးအ



တီးပြုလုပ်လိုက်၏။ သစ်တို သစ်စများကိုလည်း လျှောတိုက် နိုင်သော ခုံငယ်အဖြစ် ကောက်ရိုးများနှင့် ရောယှက်ပြုလုပ် စီးသွားလေသည်။ နောက်ဆုံးတွင် လူတစ်ကိုယ် ထိုင်နိုင်သော ာတစ်ခုအဖြစ် ပြုလုပ်ပြီးစီးလေ၏။

ဟူကျင်းမှာ သူမ၏ လှုပ်ရှားမှုကိုကြည့်ရင်း နားမလည်နိုင် အောင် ဖြစ်နေ၏။ အတန်ကြာလျှင် မိန်းကလေးက သူမ၏ တီးနိုင်စွမ်းကြောင့် ဖြစ်ပေါ်လာသော လျှောက်တိုက်ဆွဲနိုင်သည့် ပါသို့ ဟူကျင်းကို ဆွဲတင်လိုက်ကာ ရှေ့ကိုဆွဲ၍ ပြေးလေတော့ သည်။

စိတ်ဇောအဟုန်ကြောင့်ဟုပင် ဆိုရလေမလား မသိ၊ သူတို့သည် ပင် ထွက်ခွာရာမှ မိုင် ၂၀ အဝေးသို့ပင် ရောက်ရှိလာပြီ သည်။ သို့သော် မိန်းကလေးထံမှ မောပန်းနွမ်းနယ်မှု အယောင်ကား စိုးစေ့မျှ ထွက်ပေါ်မလာသေး၊ သူမ၏ ကိုယ်ဖော့ ပညာမှာ အလွန်ပင် ကောင်းမွန်လျက် ရှိ၏။ အတန်ကြာမှ ကျင်း၏ အသံ ပေါ်ထွက်လာ၏။

"ဟေး ခဏ နားလိုက်ပါဦးဟ"

မိန်းကလေးကား ပြုံးရယ်ရင်းမှ

"ဘာ ဟေး လဲဟ၊ ငါ့မှာ နာမည်မရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အိုး... ငါက နင့်နာမည်မှ မသိတဲ့ ဥစ္စာ၊ ဘာလဲ နင့် မိန်းမလို့ ခေါ်ရမှာလား"

ထိုအခါ မိန်းကလေးက 'ခိ'ခနဲ ရယ်မောလိုက်မိ ရုတ်တရက်လည်း ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသည်။ နောက်

"အသားယူမနေစမ်းပါနဲ့၊ ငါ့နာမည်က အားလီ"

ထိုအခါ ဟူကျင်းမှာ မှင်တက်မိသလို ဖြစ်သွား၏။ ယင်းအ ကို သူ ကြားဖူးသလိုလိုရှိ၏။ ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်အ ဘယ်အခါက ကြားခဲ့ သိခဲ့လေသည်ကို သူ မသိပေ။ သူ မှတ်ဉာ နည်းနေ၏။ စဉ်းစား၏။ အတန်ကြာအောင် စဉ်းစား၏။ သို့ သူ မမှတ်မိချေ။

"ဒီနာမည်ကို ငါ့အမေက မှည့်ထားတာပါ၊ သူက ငါ ပင့်ကူလက်ညှိုးသိုင်း သင်ပေးနေတုန်းက ဒီနာမည်ကို မှည့်ပေးခဲ့တာ

"ပင့်ကူ လက်ညှိုးသိုင်း" ဟူသော အသံကို ကြားလိုက်ရ နှင့် ဟူကျင်း၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်သွား၏။ ရင်သည်လ တထိတ်ထိတ် ခုန်လာ၏။ မိန်းကလေးကား သူ့စကား အဆက်မပြတ် ပြောနေဆဲ။

"ငါက ဒီပညာကို ငယ်ငယ်ကတည်းက သင်ကြားလေ့ ခဲ့တာဟ၊ ဒါပေမယ့် အဆင့်မြင့်မြင့် အောင်မြင်ဖို့ကတော့ သိပ် သေးတယ်၊ ဆက်ပြီး လေ့ကျင့်ပြီး အောင်မြင်ခဲ့ရင်တော့



ကိုယ်ကြွယ်ဂိုဏ်းချုပ်ကြီးကိုလဲ ကြောက်ဖို့ မလိုတော့ပါဘူး၊ နင် ဒီပညာကို မကြည့်ချင်ဘူးလား"

ဟူကျင်းက ခေါင်းခါ ခေါင်းညိတ်ပင် မပြုရသေး ကလေးက သူ့ရင်တွင်းမှ ဘူးကလေးတစ်ဘူးကို ဆွဲထုတ်လိုက်၏ ဘူးကို ဖွင့်လိုက်သောအခါ ထိုဘူးထဲ၌ လက်မအရွယ်ခန့်ရှိသော ပင့်ကူနှစ်ကောင်ကို တွေ့ရလေ၏။ ထူးခြားသည်ကား ထိုပင့်ကူများ၏ နောက်ကျောတွင် အရောင်စုံ အရေးအကြောင်းများ ယှက်ဖြာလျက် ရှိ၏။ ယင်းအရောင်များမှာ လွန်စွာ တောက်ပလျက် ရှိ၏။ ထို့အပြင် မကသေး၊ သာမန် ပင့်ကူများတွင် ခြေထောက် ရှစ်ချောင်းသာ ရှိသော်လည်း ယခုတွေ့မြင်နေရသော ပင့်ကူနှစ်ကောင်ကား ခြေထောက် တစ်ဆယ့်နှစ်ချောင်းစီ ရှိနေ၏။

ဟူကျင်းသည် ထိုပင့်ကူများကို ကြည့်နေရင်းမှ သမားတော်ကြီး ချင်း၏ ဇနီးဖြစ်သူ ဝမ်နန်ကူးက သူ့ကို ပေးထားခဲ့သော အဆိပ် ကျမ်း ပေါင်းချုပ်ကြီးကို ပြေး၍ သတိရလိုက်၏။

"ပင့်ကူ၏ နောက်ကျောတွင် ရောင်စုံ အရေးအကြောင်းများ ရှိပြီး ယင်းအရောင်များ တောက်ပနေပါက လွန်စွာ အဆိပ်ပြင်း၏။ ထို့ပြင် ခြေထောက်များမှာ ဆယ်ချောင်း ရှိခဲ့လျှင် အလွန်ပင် အဆိပ်ပြင်းလှ၏။ ထိုပင့်ကူတို့ ကိုက်ခြင်း ခံရလျှင် ကုစားနိုင်သော ဆေးမရှိ"

www.burmeseclassic.com

www.burmeseclassic.com



ယခုတွေ့နေရသော ပင့်ကူနှစ်ကောင်ကား ခြေ ဆယ်ချောင်းပင် ကာ တစ်ဆယ့်နှစ်ချောင်းအထိပင် ရှိနေ၏။

ဤတွင်မက အဆိပ်ကျမ်း ပေါင်းချုပ်ကြီးထဲတွင်ပင် မပါ

သို့ဖြစ်လျှင် ဤပင့်ကူနှစ်ကောင်၏ အဆိပ်ပြင်းထန်မှုသည် ားတွေးခေါ်၍ပင် ရနိုင်အံ့မထင်တော့။

အားလီမှာ ဟူကျင်း၏ မျက်နှာပြင်တွင် ကြောက်ရွံ့ဟ ညြဟန်များ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်နှင့် အပြုံးလှဲ ၃းကာ...

"ဘယ်ဆိုးလို့လဲ၊ ငါ့ပင့်ကူတွေ အဆိပ်ပြင်းတယ်ဆိုတာ နင်နားလည်နေသားပဲ ဟင်း ဟင်း"

သူမသည် ဘူးကို ပြန်ပိတ်လိုက်ပြီး

"ကဲ တို့ ခရီးဆက်ဦးစို့၊ အေးအေးဆေးဆေး နေရာရောက် ဒီပင့်ကူတွေအကြောင်းကို ငါ ရှင်းပြပါ့မယ်"

စကားဆုံးသည်နှင့် သူမသည် ကောက်ရိုးကြိုးစကို ဆွဲ ပြေးပြန်၏။ တောင်ခြေတစ်ခုသို့ ရောက်သောအခါ ဟူကျင်း ဖုံးမ၍ လွှတ်ရာတွင် နေရာချထားလိုက်ပြီး ထိုင်ခုံကြိုးစကိုဆွဲ ပြေးပြန်၏။ တောင်နံဘေး ချောက်အနီးသို့ ရောက်သောအ သူမသည် ဆွဲထားသော ကောက်ရိုးကြိုးကို အရှိန်နှင့် လွှတ်လို



လေ၏။ ထိုအခါ ကြိုးစနှင့်ထိုင်ခုံသည် အရှိန်ပြင်းစွာနှင့် ချောက်ထဲ ွင့်ကျသွားတော့၏။ စင်စစ်တော့ အားလီက ခြေရာဖျောက်လိုက်ခြ ဲခြင်း၏။ ဟူကျင်းသည် မိန်းကလေး၏ အပြုအမူကို ငေးကြည့်နေ သပင် မိန်းကလေးက သူ့အနားရောက်လာလေ၏။

"ကဲ နင် ငါ့ကျောကုန်းပေါ် တက်ပေတော့ ဟေ့"

"ဘာပြောတယ်၊ နင်က ငါ့ကို ချီပိုးသွားမလို့ပေါ့ ဟုတ်လား၊ င်သိပ်ပင်ပန်းနေပြီ အားလီ"

မိန်းကလေးကား စကားခွန်းတုံ့မပြန်တော့။ မျက်စောင်းထိုးကာ က်ကြည့်ရင်း...

"ငါ ပင်ပန်းတယ် မပင်ပန်းဘူးဟာ ငါ့ကိုယ်ငါ အသိဆုံးပါ"

ဟူကျင်း ဘာမျှ ဆက်မပြောတော့။ ပြောရန်လည်း လိုအပ်တော့ ည်မဟုတ်၊ ထို့ကြောင့် သူသည် အားလီ၏ နောက်ကျောကို လိုက်ရင်း လည်ပင်းကို ဖွဖွရစ်သိုင်း၍ ဖက်လိုက်သည်။ ထိုအခါ အားလီက ဟက်ဟက်ပက်ပက် ရယ်မောကာ...

"ဘာလဲဟ၊ နင်လုပ်ပုံက ငါ့လည်ပင်း အစ်မှာဆိုးလို့ လေး ညှစ်ထားတာလား၊ ငါ့မှာဖြင့် ကသိကအောင့်ဖြစ်လို့"

စင်စစ် အားလီသည် ပွင့်လင်းဖြောင့်မတ်သူ ဖြစ်၏။ ကြင်နာတရားကြီးသူလည်း ဖြစ်သည်။ ယင်းကို သိမြင်ခံစား က်ရသော ဟူကျင်းမှာ အားတက်ဝမ်းမြောက်သွားသည်နှင့်အမျှ

www.burmeseclassic.com

www.burmeseclassic.com



ဖွကိုင်ထားသော လက်ကို ခပ်တင်းတင်းလေး ညှစ်ကာ ရစ်သိုင်း က်တွယ်ထားလိုက်တော့သည်။ ဤတွင် ကိုယ်နေဟန်ထား ူးသွားသည်နှင့် အားလီသည် ရုတ်တရက် ခုန်လိုက်ကာ သစ်ကိုင်း စ်ကိုင်းမှ တစ်ကိုင်း၊ သစ်ပင်တစ်ပင်မှ တစ်ပင် ကူးသွားလေ တော့၏။

နောက်ဆုံး တောင်ကုန်းနံဘေးတစ်ခုသို့ ရောက်မှ မြေပေါ်သို့ ခုန်ဆင်းလိုက်သည်။ သူမ၏ မျက်နှာကား လန်းဆန်းရွှင်မြူးလျက်

“ကဲ... တို့ ဒီနေရာမှာ နွားတင်းကုပ်လေးတစ်ခု ထိုးရအောင် မကောင်းဘူးလား”

“ဟ နွားတင်းကုပ်က ဘာလုပ်ဖို့တုန်း”

အားလီသည် ဟူကျင်း၏ ထုံအအ စကားကြောင့် ဟက်ဟက် ပက်ပက် ရယ်မောရင်း...

“နွားတင်းကုပ်လေးထိုးပြီး နွားလေးကို နေခိုင်းမလို့ပေါ့ဟ နှင့်နာမည်က ဟင်းဟင်း နွား နွားလေးပေါ့၊ မဟုတ်လို့လား”

ဟူကျင်းက ရှုတည်တည် မျက်နှာနှင့်...

“မလိုပါဘူး၊ ငါ့ခြေထောက်က သုံးလေးရက်ဆို ကောင်းလာ မှာပါ၊ ငါ့အရိုးတွေ ပြန်ဆက်သွားပါပြီ၊ ကြိုးစားပြီး လျှောက် ရပါတယ်”



“ဟင်း ဘာကြိုးစားပြီးလျှောက်မှာလဲ၊ အခုအတိုင်းနေတာ ကောင်း ဒီလောက်ရုပ်ဆိုးနေတဲ့ ဥစ္စာ၊ နောက်ထပ် ထော့ကျိုးဖြစ်သွားရင် ကြည့်ရဲစရာတောင်ရှိမှာ မဟုတ်တော့ဘူး၊ သူ့ကိုယ်သူသိပ်လှတယ်များ ထင်နေလို့လား၊ ဟင်း ဟင်း”

ပြောပြောဆိုဆို အားလီတစ်ယောက် အနီးပတ်ဝန်းကျင်ကို ရှင်းလင်းပစ်လိုက်သည်။

ဟူကျင်းသည် မိန်းကလေး၏ ဂရုတစိုက် ပြုစုစောင့်ရှောက် မှုများ၊ အကြင်နာစကားများ၊ ရိုးသားဖြောင့်မတ်မှုများ စသည်တို့ကို တွေ့တော့ရင်း စိတ်လှုပ်ရှားလျက် ရှိနေ၏။ အချိန်အနည်းငယ် အတွင်းမှာပင် ယှဉ်လျက်ရှိသော ကျောက်တုံးကြီးနှစ်တုံးကို သစ်ရွက် သစ်ကိုင်းများဖြင့် မိုးကာလိုက်သည်နှင့် တဲကလေးသဏ္ဌာန် လုပ်ကိုင် ပြီးသွား၏။

နောက်ဆုံးအနေနှင့် ခေါင်မိုးပေါ်သို့ နှင်းပွင့်နှင်းခဲများယူ၍ အုပ်ထားလိုက်၏။

မိန်းကလေး ဖြတ်ထိုးဉာဏ်ကောင်းလှ၏။ သူ့အစီအမံ ကောင့်စေ့လှ၏။ ယခုအတိုင်းဆိုလျှင် အဝေးဆီက လှမ်းကြည့်သော် လည်း တဲကလေးကို တဲကလေးမှန်း မသိနိုင်တော့။ တဲတင်းကုပ် ကလေးကား နှင်းဖုံးသော တောင်ကမူကလေးအဖြစ် ရှိနေပြီဖြစ်၏။

အားလီသည် နဖူးမှ စီးကျလာသော ချွေးများကို သုတ်သင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းကို သူ၏ ကျောက်တုံးတဲတင်းကုပ်ကလေး အတွင်းသို့ သွင်းလိုက်၏။

"ကဲ နွားလေး၊ နင် ဒီမှာ အေးအေးဆေးဆေးနဲ့ စိတ်ချလက်ချ နေပေဦးနော်၊ ငါ စားစရာ သွားရှာလိုက်ဦးမယ် ဟုတ်လား"

ဟူကျင်းသည် မိန်းကလေးကိုကြည့်ရင်း သနားသွား၏။ သူ့အပေါ် ဂရုစိုက်လွန်းလှသောကြောင့်လည်း ဝမ်းသာဝမ်းနည်း ခံစားနေရ၏။

"အားလီ နင် နင် သိပ်ပင်ပန်းနေပါပြီဟာ၊ ခဏတစ်ဖြု တော့ အနားယူလိုက်စမ်းပါဦး၊ ငါ နင့်ကို အားနာလှပါပြီဟာ"

"တော်စမ်းပါ၊ လူဆိုတာ တစ်ယောက်ကို တစ်ယော အမှန်တကယ် သံယောဇဉ် ရှိတယ်ဆိုရင် ပါးစပ်က ပြောနေလ အပိုပဲ၊ တကယ် ဟုတ်,မဟုတ်ဆိုတာ လက်တွေ့ကသာ အဖြေမှ ပေးတာ သိရဲ့လား"

မိန်းကလေးက လိုရင်းကို ရှင်းရှင်းပြတ်ပြတ် ပြောပြီးသည်နှ အနားမှ ခွာလိုက်၏။ ဟူကျင်းမှာ မိန်းကလေးကို ငေးကြည့်ရင မချိတင်ကဲ ဖြစ်နေ၏၊ သူမသည် စိတ်နှလုံး ကောင်းသည်နှင့်အ ရိုးသားဖြောင့်မတ်သူ ဖြစ်၏။

သူမ၏ ပြုမူလှုပ်ရှားမှုများသည် တစ်ဖက်လူ၏ စိတ်နှလုံး ဆုပ်ကိုင်ဖမ်းစားနိုင်စွမ်း ရှိလှ၏။ သို့သော် ဤမိန်းကလေး



ပ်ရည်ရူပကာမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေခဲ့ပြီမို့ ဟူကျင်း စိတ်ထိခိုက် နေ၏။

အတန်ကြာသောအခါ အားလီသည် တောကြက်နှစ်ကောင်ကို မ်း၍ ပြန်လာ၏။ သူမသည် အချိန်အနည်းငယ် အတွင်းမှာပင် ဤကြက်နှစ်ကောင်ကို မီးကင်ပြီး ဖြစ်သွား၏။ ပြီး တစ်ယောက် တစ်ကောင်စီ စားကြသည်။ ဟူကျင်းမှာ ဆာလောင် မွတ်သိပ်နေသူ ဝီ ခဏအတွင်းမှာပင် စား၍ ကုန်သွား၏။

ဤတွင် အားလီက တမင်ချန်ထားသော ကြက်ပေါင်နှစ်ခုကို ူကျင်းထံ ပစ်ပေးလိုက်၏။ ဟူကျင်းက ငြင်း၏။ အားလီ ကျေနပ်။ ဒေါသဖြင့် အော်၏။

"နင် မဝသေးဘူးဆိုတာ ငါသိတယ်၊ ဟန်ဆောင်မနေနဲ့၊ းမှာသာစား၊ ပြောတဲ့အတိုင်း မလုပ်ရင် ဒီမှာကြည့်ထား ဓား၊ ဲဒီဓားနဲ့ ထိုးသတ်လိုက်မယ်"

ဟူကျင်းက မချိပြုံးနှင့် ဘာမျှ စောဒကမတက်တော့။ ကြက်ပေါင်နှစ်ချောင်းကို အားပါးတရ စားပစ်လိုက်၏။ ပြီးလျှင် င်းပွင့်ကလေးများကို သဲ့ယူ၍ မျက်နှာသစ်၏။ လက်ဆေး၏။ ုတ်ကျင်း၏။ ခုမှ သူ့မျက်နှာတစ်ခုလုံး သန့်ရှင်း စင်ကြယ်သွား သ၏။

တစ်ဘက်သို့ လှည့်နေသော အားလီသည် ဟူကျင်းကို

www.burmeseclassic.com

www.burmeseclassic.com



မြင်သော် အုံ့သြသွား၏။ ငေးကြောင်ကြောင် ဖြစ်သွား၏။ ဓားဓော ညစ်ပတ်ပေရေနေသော ရုပ်နှင့် ယခုရုပ်ကား ကွာခြားလွန်းနေ

ဟူကျင်းသည် အားလီ၏ စူးစူးစိုက်စိုက် ကြည့်မှုကြော မနေတတ် မထိုင်တတ် ဖြစ်သွားကာ…

"ဘယ်လိုဖြစ်တာလဲဟ၊ နင် ငါ့ကို မမြင်ဖူးလို့လား၊ ကြည့် လိုက်တာက မျက်လုံးကျွတ်ကျတော့မယ့် အတိုင်းပဲ"

အားလီ အဖြေမပေး။ မေးခွန်းကိုသာ ထုတ်လိုက်၏။

"နင် အခု အသက်ဘယ်လောက် ရှိပြီလဲဟ"

"နှစ်ဆယ်"

"ဒါဆို နင်က ငါ့ထက် နှစ်နှစ်ပဲ ပိုကြီးတယ်၊ ဒါနဲ့ ပါးမြိုင်းမွေးတွေ မုတ်ဆိတ်မွေးတွေ ဘာလို့ ထားရတာလဲ"

"ဟဲ ဟဲ ငါက တောထဲ တောင်ထဲမှာ နေတဲ့ ကိုယ့်ကိုယ်ကို သ,နေဖို့ မလိုပါဘူးဟ"

အားလီသည် သူ့ကို ခွန်းတုံ့ပြန်မနေတော့၊ အမျက်မသို မျက်စောင်းတစ်ချက်ကို ဆတ်ခနဲ ထိုးလိုက်ရင် သူ့ကိုယ် ဓားတိုလေး တစ်ချောင်းကို ဆွဲထုတ်လိုက်၏။ ပြီး ဟူကျင် မျက်နှာကို ဆွဲမော့ကာ မုတ်ဆိတ်မွေးများ ပါးမြိုင်းမွေးမျ ဖြည်းဖြည်းချင်း ရိတ်ပေးလေတော့သည်။

ထိုအခါ ဟူကျင်းမှာ သက်မဲ့အရုပ်လို ငြိမ်သက်လ



အားလီပြုသမျှ နေနေလိုက်မိ၏။ မြမြထက်သော ဓားသွားကြောင့် ဟူကျင်း၏ ပါးမြိုင်းမွေးများ မုတ်ဆိတ်မွေးများသည် တဖွဲဖွဲကျလာ၏။

ဟူကျင်း၏ ရင်ထဲ၌ကား အသည်းတအေးအေး၊ ရင်တနွေးနွေး ဓားကလေးက တဖြည်းဖြည်း လည်မျိုဆီသို့ ရောက်လာ၏။ ထိုအခါ အားလီက မပြုံးတုံ့ ပြုံးတုံ့ပြုလျက်…

"ခုနေ ငါ့ရဲ့ လက်တွေကို အားစိုက်လိုက်မိရင်တော့ နင့် လည်ချောင်းဟာ တိခနဲ ဖြစ်သွားမှာ သေချာတယ်၊ နင် ခု သေခါနီးပြီ နွားလေး၊ နင် ငါ့ကို မကြောက်ဘူးလား"

"ဟင်း ဟင်း ငါသာ နင့်လက်ချက်နဲ့ သေရမယ်ဆိုရင် လောကကြီးမှာ အပျော်ဆုံးလူဟာ ငါပဲဖြစ်လိမ့်မယ် အားလီ၊ နင် ယုံရဲ့လား"

"အေး နင့် စကားနဲ့ နင်ပဲ၊ လောကကြီးမှာ အပျော်ဆုံးလူ အဖြစ် ငါ ဖန်တီးပေးပါမယ်၊ ကဲ ဟယ်"

မိန်းကလေးက ပြောပြောဆိုဆို ဓားကို ပြောင်းပြန်ကိုင်ပြီး အသာဖိ၍ ဆတ်ခနဲ ဆွဲလိုက်၏။ ဟူကျင်းမှာ အထိတ်တလန့် ဖြစ်ကာ ခုန်ထွက်လိုက်၏။

"အိုး… လောကကြီးမှာ အပျော်ဆုံးဖြစ်မယ့် လူကလဲ လက်တွေ့ကျတော့ တယ်ကြောက်တတ်တာကိုး၊ ဟား ဟား ဟား"

မိန်းကလေးသည် ဟူကျင်း၏ အဖြစ်ကိုကြည့်ရင်း အူလှိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်းလှိုက် ရယ်မောနေလေ၏။ ခုမှ ဟူကျင်းလည်း ရှက်ကို ရှက်ကန်းဖြင့် အားပါးတရ ရယ်မောနိုင်တော့၏။

တကယ်လည်း အားလီက ဓားသွားကို ပြောင်းကိုင်၍ ဓားနှောင့်ဖြင့်ဆွဲကာ ကျီစယ်လိုက်ခြင်း ဖြစ်သည်မဟုတ်လား။

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ဟူကျင်းသည် နဂိုကတည်းက ပျော်ရွှင်တတ်သူ ဖြစ်သည် မှန်သော်လည်း ယခုလို အားလီနှင့်အတူနေရင်း ရရှိခံစားရသော ပျော်ရွှင်ရမှု ကြည်နူးရမှု အစုစုကား မည်သည့် အပျော်နှင့်မှမတူဘ ခြားနားလွန်းစွာ ခံစားနေရပေ၏။

ထို့ကြောင့်လည်း သူသည် ဘဝကို ကျေနပ်နေပြန်လေ၏။

အားလီသည် ယခင်ကနှင့်မတူ သန့်ရှင်းစင်ကြယ်လျက် ရှိနေသော ဟူကျင်းကို အသေအချာ ကြည့်ရင်းမှ ဟက်ခ ရယ်မောလိုက်မိလေ၏။

"ဘာဖြစ်တာလဲ"

အားလီက မဖြေ။ ဖိုးရိုးဖားရား ဖြစ်နေသော ဟူကျင်း၏ ဆံပင်များကို စုစည်းထုံးနှောင်ပေးလိုက်သည်။

သပ်သပ်ရပ်ရပ် ဖြစ်သွားသော ဟူကျင်းမှာ အဝတ်အစားမျာ



ာ်ပြဲဟောင်းနွမ်းနေသော်လည်း ခန့်ညား ချောမောသော ရုပ်သွင်မှာ ပေါ်လာ၏။

အားလီသည် ဟူကျင်းကို တစိမ့်စိမ့်ကြည့်ရင်း သက်ပြင်း ာစ်ချက် ချလိုက်မိသည်။

"နွားလေး ခုတော့လဲ နင်ဟာ သိပ်ကြည့်ကောင်းနေတာပဲဟ"

"ရုပ်ချော ရုပ်လှတယ်ဆိုတာ အဓိကကျတဲ့ အရေးကြီးတဲ့ကိစ္စ ာုတ်ပါဘူး အားလီ၊ ဘဝမှာ အရေးကြီးဆုံး အဓိကကျဆုံးဟာ ာ်နှလုံးကောင်း ရှိဖို့ပဲ"

တကယ်လည်း ရုပ်ဆိုးသော အားလီကို ဟူကျင်းက အားပေး ာက်ခြင်းသာ ဖြစ်သည်။ အားလီကလည်း သိသည်။ ထို့ကြောင့် ာဲ့တဲ့အပြုံးနှင့်...

"စိတ်နှလုံး ကောင်းတယ်ဆိုတာ ဘာများကောင်းလို့လဲ ားလေး"

"ကောင်းတာပေါ့၊ စိတ်ကောင်းရှိတဲ့လူဟာ တခြားလူကို ာင်းရဲဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ဘူး၊ ကောက်ကျစ် ာင်းလိမ္မာလဲ မရှိဘူး၊ ဒါဟာ လူ့လောကမှာ အမွန်မြတ်ဆုံး ကိစ္စ ာစ်ခုပဲ"

"အိုး သူများကို ဒုက္ခမပေးတာနဲ့ ကောင်းတယ်လို့ ဆိုရမှာလား" ထဲ

www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးကို ဒုက္ခမပေးတဲ့သူဟာ၊ သူကိုယ်တိုင်လဲ ကိုယ်
ချမ်းသာတာပေါ့"

"ဟုတ်ပါဘူးဟာ၊ နင့်ဟာက သိပ်မမှန်ပါဘူး၊ ငါဆို သူ
ဒုက္ခပေးရမှ စိတ်ချမ်းသာတာဟ"

ဟူကျင်းက မနှစ်မြို့ဟန်နှင့် ခေါင်းကို ရမ်းခါပစ်လိုက်
အားလီက အားပါးတရ ပြုံးရယ်ကာ...

"ငါက သူများကို ဒုက္ခမပေးချင်ရင် ဒီ ပင့်ကူ လက်ညှိုးသို
အပင်ပန်းခံပြီး ဘယ်ကျင့်တော့မလဲ နွားလေးရဲ့"

ပြောပြောဆိုဆိုပင် အားလီက ရင်ဘတ်တွင်မှ ဘူးလေး
ကို ထုတ်ယူလိုက်၏။ အဖုံးကို ဖွင့်ပြီးသည်နှင့် လက်ညှိုး
ဘူးထဲသို့ ထိုးထည့်လိုက်၏။

ဟူကျင်းမှာ မျက်လုံးမျက်ဆန် ပြူးနေ၏။ ထိုအချိန်တွင်
ဘူးထဲမှ ပင့်ကူနှစ်ကောင်သည် လက်ညှိုးထိပ်ဆီသို့ ရောက်လာ
ကိုက်ခဲလိုက်လေသည်။

အားလီမှာ ပင့်ကူနှစ်ကောင်၏ ကိုက်ခဲခြင်းကို ခံရသည်
တစ်ပြိုင်နက် သက်ပြင်းတစ်ချက် 'ဟင်းခနဲ' ရှိုက်လိုက်မိ၏။
တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်လာသည်။

သူမသည် အတွင်းအားများကို စုစည်း၍ ပင့်ကူအဆိ



န်းလှန်လျက်ရှိ၏။ သို့သော် အဆိပ်များသည် လက်ညှိုးမှတစ်ဆင့်
က်နှာသို့တိုင် ပျံ့နှံ့လာ၏။

တဖြည်းဖြည်းနှင့် အားလီ၏ မျက်နှာတစ်ပြင်လုံး မည်းနက်
ာမှောင်လာ၏။ အားလီ၏ တစ်ကိုယ်လုံး ချွေးများ
နစ်နေပေ၏။

အတန်ကြာသော် ပင့်ကူနှစ်ကောင်သည် ဘူးထဲသို့ ပြန်လည်
င်ရောက်ကာ ငြိမ်သက်သွား၏။

အားလီမှာ သူ၏ အတွင်းအား ကျင့်စဉ်ကို ပြင်းထန်စွာ
ျင့်နေဆဲ။ နောက်ဆုံးတွင် မျက်နှာပြင်ပေါ်မှ အမည်းရိပ်များသည်
လျှာကျ ပျောက်ကွယ်သွားလေ၏၊ ဤတွင်မှ အားလီ၏ မျက်လုံး
များ ပွင့်လာကာ ဟူကျင်းကို ပြုံးပြလိုက်နိုင်၏။ ခုမှ ဟူကျင်းလည်း
ိတ်ချလက်ချ ရှိသွားကာ...

"ဘယ်လို အခြေအနေမျိုးရောက်မှ အောင်မြင်တယ်လို့
ဆိုနိုင်သလဲ အားလီ"

"အနည်းဆုံး ဒီလိုပင့်ကူအကောင် ငါးထောင်လောက်နဲ့
ကျင့်နိုင်မှ အောင်မြင်တယ်လို့ ဆိုရမယ်၊ ဒီလိုပင့်ကူတစ်ကောင်ရဲ့
ကိုက်ခဲမှုကြောင့် သူတို့အဆိပ်တွေအားလုံး လက်ညှိုးထဲ ဝင်လာတာနဲ့
ခဲဒီပင့်ကူဟာ သေသွားရမယ်၊ ဒါမှ"

ဟူကျင်းမှာ ကြက်သီးမွေးညင်းများ ထလာပြီး ကျောထဲ

www.burmeseclassic.com

www.burmeseclassic.com



စိမ့်သွားသည်။

"ဘယ်က ဒီလောက်များတဲ့ ပင့်ကူတွေရနိုင်မှာလဲ"

"ဒါကတော့ ကိုယ့်ဘာသာကိုယ် မျိုးပွားအောင် မွေးရတာပေ

ဒါမှမဟုတ် ဒီပင့်ကူတွေရှိတဲ့နေရာကို သွားပြီး ဖမ်းရတာပေါ့"

"လောကကြီးမှာ သိုင်းပညာရပ်တွေ အများကြီး ရှိနေ

ဉစ္စာ၊ ဒီလောက်အန္တရာယ်များတဲ့ ကျင့်စဉ်မျိုးကိုမှ ဘာကြော

လေ့ကျင့်နေရတာလဲ"

"ဟင်း ဟင်း၊ ဒါကတော့ ရှင်းပါတယ်၊ ဒီလိုပညာရပ်မျိုး

ဘယ်သိုင်းပညာမျိုးကမှ ယှဉ်ပြိုင်လို့ မရနိုင်လို့ပေါ့ ရှင်"

ပြောပြောဆိုဆို သူမသည် အနီးတွင်ရှိသော သစ်ပင်တစ်ပင်

ပင်စည်ထဲသို့ လက်ညှိုးကို ထိုးသွင်းလိုက်၏။ ဤပညာရပ်မှာ

မိန်းကလေးမှာ အဆင့်နိမ့်သေးသည်ဖြစ်၍ လက်ညှိုးမှာ လက်မ

ခန့်သာ စိုက်ဝင်သွား၏။

ဟူကျင်းကား သူသိချင်သည်ကိုသာ ဆက်၍ မေးနေ၏

"နင့်အမေက ဒီပညာရပ်ကို သင်ပေးတာ ဆိုတော့ သူက

ဆုံးဝ အောင်မြင်နေပြီလား"

ဟူကျင်းသည် သူ သိချင်သည်ကိုသာ ရိုးရိုးသား

မေးလိုက်သော်လည်း မိန်းကလေးမှာယင်းမေးခွန်းကြောင့် ခက်

တင်းမာသွားသည်။ သူမ၏ ခက်ထန်မှုသည် ကြောက်စရာ



ဘင်းနေ၏။သို့သော် မိန်းကလေးသည် စကားကိုကား လေးနက်စွာ

ပြောနေပြန်၏။

"ဒီလို ပင့်ကူလက်ညှိုးသိုင်းပညာကို ကျင့်တဲ့အခါမှာ ပင့်ကူ

ကောင် ရှစ်ရာလောက် ရောက်ရင် ရုပ်ရည်ကစပြီး ပျက်တာပဲ၊

အကြောင့်လဲဆိုတော့ ကိုယ်ခန္ဓာထဲမှာ အဆိပ်တွေ စုဆောင်းထား

က မနည်းတော့လို့ပေါ့၊ အမေဟာ အကောင်ငါးရာလောက်

ကျင့်ကြပြီးတဲ့အခါ ဆက်မကျင့်တော့ဘဲ ရပ်ပစ်လိုက်တယ်၊

ကြောင်းကတော့ ဆက်ပြီးလေ့ကျင့်ရင် သိပ်ရုပ်ပျက် ဆင်းပျက်

သွားမှာ စိုးလို့ပဲ၊ သူ ရုပ်ပျက် ဆင်းပျက်ဖြစ်သွားရင် အဖေက

ချိုက်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သူ့ရဲ့ကျင့်စဉ်ကို ဖျက်ပစ်လိုက်

ယ်၊ ဒီတော့ သူဟာ ခွန်အားတွေမဲ့သွားပြီး သာမန်မိန်းမတစ်ယောက်

နေအထားမျိုး ရောက်သွားခဲ့တယ်၊ ဒီတော့ အဖေဒုတိယမိန်းမနဲ့

းသမီးတွေက ဝိုင်းပြီး အနိုင်ကျင့်ကြတယ်၊ နောက်ဆုံးတော့

မေလဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ သေဆုံးသွားခဲ့တယ်၊ ဟင်း

ရည်ချောမောတော့ကော ဘာများ အသုံးကျသလဲဟ၊ ငါ့အမေဟာ

ယ်လောက် ရုပ်ချောသလဲ၊ ဒါပေမယ့်…"

စကားက ဤတွင် ပြတ်သွား၏။ ဟူကျင်းသည် မိန်းကလေးကို

ဓကြည့်ရင်း တိုးညင်းသော လေသံဖြင့်…

"နင်လဲပဲ ဒီသိုင်းကျင့်စဉ်ကို ကျင့်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါလဲ ဒီသိုင်းကျင့်စဉ်ကို ကျင့်လို့ ခုလို အရုပ်ဆိုးမကြီး ဖြစ်ရတာပဲ"

ဟူကျင်းသည် အားလီကို ကြေကွဲသော အကြည့်ဖြင့် ကြည့်ရင်း

"အားလီ ငါ့ခြေထောက်တွေ ပြန်ကောင်းသွားရင် ငါ ဆေးမြစ် ဆေးရွက်တွေရှာပြီး အဆိပ်သင့်နေတဲ့ နင့်မျက်နှာကို လုံးဝ ကောင်းသွားအောင် ကုပေးပါ့မယ်"

ဟူကျင်းစကားကြောင့် အားလီသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားရာမှ...

"အမယ်လေး မလုပ်ပါနဲ့၊ နင် ငါ့ကို ဆေးကုပေးချင်တာပဲလား ငါ့သိုင်းပညာကိုပါ ဖျက်ပစ်ချင်တာကော မပါဘူးလား"

"အထင်မလွဲပါနဲ့ အားလီ၊ ငါ စေတနာသန့်သန့်နဲ့ ပြောတာပါ ငါ့သဘောက နင့် သိုင်းကွက်တွေလဲ မပျက်ဘဲ နင့်မျက်နှာ ပကတိအတိုင်းဖြစ်အောင် ကုပေးချင်တာပါ ဟာ"

"မဖြစ်နိုင်ပါဘူးဟယ်၊ ဒီတစ်သက်မှာ လိပ်ပြာကုန်း သမားတော်ကြီးကလွဲရင် ဘယ်သူမှ မတတ်နိုင်ပါဘူး၊ တကယ် ကုနိုင်မယ့် သမားတော်ကြီး ဟိုချင်းကလဲ သေခဲ့ပြီပဲ"

အားလီက စိတ်လျှော့သံနှင့် ပြောသည်။ ဟူကျင်းက မျက်မှောင် ကြုတ်ကာ...



"နင်က သမားတော်ကြီး ဟိုချင်းကို သိတယ် ဟုတ်လား" ဟု အံ့တသြ မေးသည်။ အားလီက မကျေနပ်ဟန် မျက်စောင်းထိုး၍

"နင်ရူးနေသလား နွားလေး၊ တစ်တိုင်းတစ်ပြည်လုံး နာမည် ကြီးဟိုးကျော်နေတဲ့ လူကို ငါမသိဘဲ နေပါ့မလား"

ဟူကျင်းသည် ငြိမ်ငြိမ်သက်သက်ပင် နေလုက်လေ၏။ လေး ... တ်ထဲတွင်ကား ... ဟို့သည်

"ငါ ဟိုချင်းရဲ့ ဆေးပညာအားလုံးလိုလို ရထားတာကို တင်မင်း သိဘူး၊ ဒါကြောင့် ဒီစကားတွေ ပြောနေတာ၊ ဟင်း ဟင်း ကြီးသည် ... က်နှာက အဆိပ်ဒဏ်ရာတွေကို ငါကုပြီးမှ ပြောပြမယ်၊ ဒီ ... ဒေါ်လေး ...း..."

ဟူကျင်းသည် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိလေ၏ ... စရင်း ...နောက်တွင် နှစ်ယောက်စလုံး တဲတင်းကုပ်ကလေးထဲသို့ ... ၏။ ...ခဲ့ကြတာ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများမှ အနားယူ အိပ်စက် ...ကြတော့သည်။

ည သန်းခေါင်ကျော် အချိန်တွင် တစ်စုံတစ်ရာသော အသံကို ...ကြားမိ၍ ဟူကျင်းသည် ခေါင်းထောင်ထလိုက်၏။ သူသည် ...ကိုစွင့်၍ ဂရုတစိုက် နားထောင်လိုက်သောအခါ ခြေသံလိုလို ...ကြားသိလာရ၏။ ထို့ကြောင့် ဟူကျင်းသည် အားလီကို ကမန်းကတန်း ...လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အားလီ၊ ဝါမေဂိုဏ်းက လိုက်လာပြီ ထင်တယ်"

အားလီသည် အိပ်ရာမှ ရုတ်ခနဲ ထ,ကာ...

"ဟုတ်မယ်၊ ဝါမေဂိုဏ်းက ကောင်မလေးများလား"

ထိုစဉ် အဝေးဆီမှ အသံတစ်ခုသည် စူးရှစွာ ပေါ်လာ

"ဝါမေဂိုဏ်းကဆိုရင် ဘာဖြစ်လဲဟေ့"

ထိုအသံကြောင့် နှစ်ယောက်စလုံး အံ့သြတုန်လှုပ်သွားကြ

"မျက်ကြွယ် မယ်သီလရှင်ကြီး"

အားလီက အသံတိုးဖြင့် ပြောသော်လည်း ထိုအသံ ာက်လှသည် ကြားသွားပြန်၏။

"ဟုတ်တယ်၊ ငါ မျက်ကြွယ်ပဲ"

ပထမအသံသည် အဝေးကြီးမှ ဖြစ်သော်လည်း ဒုတိယအ ကား တဲတင်းကုပ်အနီးမှ ဖြစ်နေလေ၏။

အားလီသည် ဟူကျင်းကို ပွေ့ချီသွားရန် မဖြစ်နိုင်တော ထို့ကြောင့် စိတ်အားတင်းကာ ငြိမ်သက်မြဲ ငြိမ်သက်နေလိုက်မိလေ ထိုစဉ်...

"ထွက်လာကြစမ်း၊ နင်တို့ ဒီအထဲမှာ တစ်သက်လုံး ပုန်း ရမယ် ထင်သလား၊ ဟား ဟား ဟား"

အားလီသည် ဘာမျှမတတ်နိုင်တော့ဘဲ ဟူကျင်းကို ပွေ့ချီ ထွက်လာခဲ့တော့သည်။



တဲတင်းကုပ်နှင့် ခပ်လှမ်းလှမ်းတွင် မျက်ကြွယ်သီလရှင်ကြီးက မားမားရပ်နေ၏။ သူမ၏ နောက်ကျောဘက်ဆီမှ လူတစ်ဆယ့်နှစ်ယောက်သည် တစ်ဟုန်ထိုး ပြေးလာနေသည်ကို တွေ့ရ၏။ အတန်ကြာသော် သူတို့လည်း အနီးသို့ ရောက်ရှိလာကြသည်။

သူတို့ကား မယ်သီလရှင် လေးပါးနှင့် မိန်းကလေးလေးယောက်၊ နောက် ယောက်ျားလေးယောက် ဖြစ်၏။ သူတို့သည် မျက်ကြွယ်၏ တပည့်လက်သားများချည်း။ သူတို့အထဲတွင် တင်မင်းနှင့် ချူကျူးလည်း ပါလာခဲ့၏။ မျက်ကြွယ်ဆရာမကြီးသည် အားလီကို စူးစူးစိုက်စိုက် ကြည့်ရင်း ငြိမ်သက်နေ၏။

ဟူကျင်း၏ စိတ်ထဲတွင်မူ မျက်ကြွယ်က သူ့ဒေါ်လေး ကျိရှောင်မူကို ရိုက်နှက်သတ်ဖြတ်ခဲ့ပုံအား သတိတရ ဖြစ်ရင်း အားလီ၏ နောက်ကျောကိုမှီကာ အခြေအနေကို အကဲခတ်နေ၏။

ထိုအချိန်တွင် မျက်ကြွယ်ဆရာမကြီးက သက်ပြင်းတစ်ချက်ကို ပြင်းထန်စွာ မှုတ်ထုတ်လိုက်ပြီး...

"တင်မင်း နင်ပြောတဲ့ကောင်မလေးဟာ သူလား"

တင်မင်းက ဦးခေါင်းကို တိမ်းညွတ်ရင်း

"ဟုတ်ပါတယ် ဆရာမကြီး" ဟု ပြောလိုက်သည်။

ရုတ်တရက် 'ချလွမ် ချလွမ်' ဟူသော အသံနှစ်ချက်သာ ကြားလိုက်ရပြီး အားလီမှာ 'အင့်' ဟုသော အသံနှင့်အတူ အဝေးသို့

www.burmeseclassic.com

www.burmeseclassic.com





လွင့်စဉ်သွားရှာ၏။ သူ့လက်ကောက်ဝတ် နှစ်ဘက်စလုံး အချိုးခံ လိုက်ရပြီ ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဟူကျင်းလဲကျသွားခဲ့၏။ သို့သော် ဒဏ်ရာကား မရခဲ့။ သူသည် မျက်ကြွယ်၏ လှုပ်ရှားမှုများ ကို တွေ့မြင်လိုက်ရသော်လည်း မြန်ဆန်လွန်းလှ၍ ဘာမျှမတတ်နိုင်။ မျက်ကြွယ်သည် ဟူကျင်းကို အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေပြန်၏။

"မင်း ထလာခဲ့စမ်း"

မျက်ကြွယ်က အမိန့်ပေးပြန်၏။

"ချွဲလှည်းနှစ်ခု လုပ်ပြီး ဒီနှစ်ယောက်ကို ခေါ်ခဲ့ကြ"

ဤတွင် တပည့်ယောကျ်ားများက ချက်ချင်းဆိုသလို ချွဲလှည်း နှစ်ခုကို ပြုလုပ်ကြပြီး အားလီနှင့် ဟူကျင်းကိုတင်ဆောင်၍ ဆွဲခေါ် ခဲ့ကြတော့သည်။ သို့နှင့် သူတို့အားလုံး ညနေ့ကသန်းခေါင် ခရီးနှင် လာကြပြီး မိုးစင်စင်လင်းမှပင် အပန်းဖြေ အနားယူကြ၏။

ထိုစဉ် ချောကျူးက အားလီနှင့် ဟူကျင်းတို့ကို မုန့်နှစ်လုံး လာပေး၏။ သူမသည် သပ်သပ်ရပ်ရပ် ဖြစ်နေသော ဟူကျင်း၏ ငေးကြည့်ပြီးမှ ဟန်မပျက် ထွက်ခွာသွား၏။ အနားယူပြီးကြသော် သူတို့အားလုံး အနောက်ဘက်ဆီသို့ ခရီးနှင်ခဲ့ကြပြန်သည်။ သုံးရက် ဆက်တိုက် အနောက်ဘက်သို့သာ ခရီးနှင်နေကြသော သူတို့

တစ်တွေမှာ တာဝန်တစ်ခုကို ထမ်းရွက်နေသလိုပင်။ တစ်လမ်း လည်းသူမျှ အကြောင်းမဲ့ စကား မပြောကြချေ။

ထိုရက်များအတွင်း ဟူကျင်း၏ ခြေထောက်နှစ်ဖက်၊ တစ်စ တစ်စ ကောင်းမွန်လာခဲ့သည်။ လမ်းထလျှောက် ဆိုလျှင်လည်း လျှောက်နိုင်လေပြီ။ သို့သော် ဟူကျင်း ဟန်မပျက်ဘဲ နေမြဲ နေနေလိုက်၏။ သို့မှသာ မျက်ကြွယ်အ အားလီကို ကယ်တင်နိုင်မည် မဟုတ်လား။

ထိုရက်များအတွင်း ဟူကျင်းသည် အားလီ၏ ဒဏ်ရာဒဏ များကို ဂရုတစိုက် ကုသပေးနေခဲ့သည်။ ဤတွင်း အား မျက်လုံးများသည် တစ်စုံတစ်ရာ အားကိုးစိတ်များ ဖိတ်ဖိတ်တ တောက်ပနေခဲ့ပေ၏။

"ဒါနဲ့ အတွင်းဒဏ်ရာကော ရသွားသေးလား အား

"ဟင့်အင်း မရပါဘူး၊ ဒီလက်ကောက်ဝတ်န ကျိုးသွားရုံပါပဲဟယ်"

ထိုစဉ် မျက်ကြွယ်က သက်ပြင်းတစ်ချက်ကို 'ဟူး'ခနဲမှု ရင်း အနားသို့ ရောက်လာကာ ဟူကျင်း၏ ဆေးဝါးဂ လှလာကြည့်ရှု၏။

"အင်း ဒီကောင်လေးက ဆေးပညာတော့ ကျွမ်းကျင်သားပဲ၊ ဒါနဲ့ မင်းနာမည် "ဘယ်လိုခေါ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်ကြွယ်သည်၊ သူ့တာသာ သူရေရွတ်သလို ပြောရင်း ဟူကျင်းကို မေးခွန်းတုတ်လိုက်သည်။ ဤတွင် ဟူကျင်းက မျာမျှ သလဲ ဖြေလိုက်၏။

"ကျွန်တော့်နာမည် နွားလေးပါ"

"မင်းဆရာကရော ဘယ်သူလဲ"

"ကျွန်တော့်ဆရာက တောကြိုအုံကြားက သမားတော်ငါ သိပ်နာမည် မကြီးသေးလို့ ဆရာမကြီး သိမှာမဟုတ်ပါဘူး"

ထိုအခါ မျက်ကြွယ်က မျက်နှာကို မဲ့၍ ထွက်ခွာသွားလေ သည်။

ဟူကျင်းသည် ခရီးနှင်ရင်း အားလီ၏ လက်ကောက်ဝတ်များ ပြန်ဆက်ပေးခဲ့၏။ ထိုစဉ်ကလည်း မျက်ကြွယ်သည် လာရောက် ကြည့်ရှုရုံသာ ကြည့်ရှုပြီး တစ်စုံတစ်ရာ ကန့်ကွက်တားဆီးခြင်း မပြုခဲ့။

ဤကား မျက်ကြွယ်၏ ထူးခြားချက် တစ်ခုဖြစ်သည်ကို ဟူကျင်း သတိပြုမိခဲ့လေသည်။

✦ ✦ ✦

# အခန်း (၅၀)

www.burmeseclassic.com

www.burmeseclassic.com

## [illegible]

နှစ်ရက်ခန့်ဆက်၍ ခရီးနှင်ခဲ့မိသောအခါ သူတို့အားလုံး သဲကန္တာရကြီး တစ်ခုရှေ့သို့ ရောက်ခဲ့လေသည်။ ထိုစဉ်အဆက်မပြတ် စိုင်းနှင်လာသော မြင်းခွာသံများကို ကြားလိုက်မိကြသည်။ ဤတွင် မျက်ကြွယ်ဆရာမကြီးက လက်တစ်ဘက်ကို လှုပ်ယမ်းပြလိုက်သည်နှင့် ဝါမေဂိုဏ်းဝင်အားလုံး သဲကုန်းများ၏ အနောက်ဘက်တွင် ပုန်းခိုလိုက်ကြ၏။ ကျန်ဂိုဏ်းသားနှစ်ယောက်ကား ကျန်းဟူကျင်းနှင့် အားလီ၏ နောက်ကျောကို ဓားနှင့် ထောက်ထားလိုက်၏။ အကြောင်းကား ဝါမေဂိုဏ်းဝင်များ၏ လျှို့ဝှက်ပြင်ဆင်မှုကို ကျန်းဟူကျင်းတို့က အသံပေးဖျက်ဆီးခဲ့လျှင် လက်စတုံးလိုက်မည်ဟူသော သဘောထားပင် ဖြစ်ပေ၏။

မြင်းခွာသံများ တဖြည်းဖြည်း ကျယ်လောင် လာသည်နှင့် ကဆုန်စိုင်းလာသော မြင်းကြီးလေးကောင်ကို တွေ့မြင်နေရပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သူတို့သည် အနီးသို့ ရောက်သောအခါ၌ သဲကြောင်းပေါ်မှ ခြေရာများကို တွေ့သွားပြီးရုတ်ခနဲ ရပ်တန့်လိုက်ကြ၏။

ဤတွင် မျက်ကြွယ်ဆရာမကြီးက လက်တစ်ဘက်ဝှေ့ယမ်းပစ်လိုက်၏။ တစ်ပြိုင်နက်တည်းမှာပင် ပုန်းအောင်းနေသော ဝါမေဂိုဏ်းသားများခုန်ထွက်လာကြ၏။ တစ်ချိန်တည်းမှာပင် မြင်းလေးစီးကို ဝိုင်းပြီးသွား၏။ မြင်းပေါ်မှ ထိုလူလေးယောက်ကား အဖြူရောင်အဝတ်အစားနှင့် ဦးထုပ်ဖြူများကို ဝတ်ထားကြ၏။ ဦးထုပ်ဖြူပေါ်တွင် နီရဲနေသော မီးတုတ်တစ်ချောင်းကို ရေးဆွဲထားလေ၏။ သူတို့သည် ရန်သူ၏ ဝိုင်းဝန်းမှုကို တွေ့ရသည်နှင့် ညာသံပေးကာ အရှေ့မြောက်ဆီသို့ ဖောက်ထွက်ပြေးရန် ကြိုးစားကြ၏။ ထိုစဉ် မျက်ကြွယ်ဆရာမကြီးက အော်ဟစ်၍...

"သူတို့ဟာ အလင်းမာန်ဂိုဏ်းက လူတွေပဲ၊ တစ်ယောက်မှ မလွတ်စေနဲ့နော်"

တစ်ဆက်တည်းမှာပင် မျက်ကြွယ်ဆရာမကြီးက အများနှင့်ဝိုင်းတိုက်ခြင်းမပြုဘဲ မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားနှစ်ယောက်ကိုသာ တိုက်ခိုက်ဖမ်းဆီးရန်အမိန့်ပေးလိုက်၏။

အလင်းမာန်ဂိုဏ်းမှ လူများကလည်း အလွယ်တကူ အညံ့ခံမည့်လူများ မဟုတ်ကြ။ သူတို့သည် ရန်သူများကို တရစပ်ပြန်လည်တိုက်ခိုက်ကြ၏။ အလင်းမာန်ဂိုဏ်းဝင်များနှင့် ဝါမေဂိုဏ်းဝင်တို့၏ တိုက်ပွဲအရှိန်မှာ မြင့်သည်ထက် မြင့်တက်လာပြီး



ကြောက်ခမန်းလိလိ ရှိလာ၏။ နောက်ဆုံးတွင် အလင်းမာန်ဂိုဏ်းမှ သုံးယောက်လဲကျသွား၏။ ကျန်တစ်ယောက်က သူ့တိုက်ဖော်တိုက်ဘက်များ ကျသွားသည်နှင့် နာကြည်းမှုအဟုန် ပြင်းထန်လာကာ ဝါမေဂိုဏ်းသားတို့ကို အမိအရ တိုက်ခိုက်လေ၏။ ဤတွင် ဝါမေဂိုဏ်းမှ တစ်ယောက်ပခုံးတွင်ပြင်းထန်စွာ ဒဏ်ရာရသွားလေ၏။ ရုတ်ရုတ်ရက်ရက် ဖြစ်သွားသောအခြေအနေကို အခွင့်ကောင်းယူ၍ ထိုလူသည် ဝါမေဂိုဏ်း၏ ပိတ်ဆို့ထားမှုကို ဖောက်ထွက်၏။

ထိုအခါ 'ကျင့်ရှင်းသီလရှင်'က နောက်မှ လိုက်တိုက်၏။ အလင်းမာန်ဂိုဏ်းဝင်သည် ထွက်ပြေး၍ မလွတ်မှန်းသိသည်နှင့် အသားအနာခံကာ ရိုက်ချက်ကို တင်းခံပြီး ရင်တွင်းမှ ဝှက်ယူလာသော ခိုသုံးကောင်ကို ထုတ်၍ပစ်လွှတ်လိုက်၏။ တစ်ချိန်တည်းတွင် သူလည်း မြင်းပေါ်မှ ပြုတ်ကျခဲ့လေ၏။ ဤတွင် ကျင့်ရှင်းက ကောင်းကင်သို့ ပျံတက်သွားသော ခိုသုံးကောင်ကို သျှိုဝှက်လက်နက်များဖြင့် လှမ်းပစ်လိုက်၏။ ကျန်ဂိုဏ်းဝင်များကလည်း ဝိုင်းပစ်ကြ၏။ ထို့ကြောင့် ခိုနှစ်ကောင်မှာ မြေသို့ ငိုကာ ပြုတ်ကျလာလေ၏။ ကံကောင်းလွန်းသော ခိုတစ်ကောင်ကား အသက်ဘေးမှ သီသီလေး လွတ်မြောက်သွားလေတော့၏။

ထိုခိုကလေးသည် အဟုန်ပြင်းလှစွာနှင့် အရှေ့မြောက်အရပ်ဆီသို့ ဦးတည်ပျံသန်းသွား၏။ မျက်ကြွယ် ဆရာမကြီးအား တိုက်ပွဲတစ်ခုလုံးကို တစ်ချိန်လုံးပင် သွေးအေးအေးနှင့်ရပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပေ၏။ ယင်းအခြေအနေကို လေ့လာကြည့်ရှုနေခဲ့သော ကျွန်းဟူကျင်းသည်...

"အင်း...ဒီဆရာမကြီးဟာ အားလီကို ကိုယ်တိုင်တိုက်ခိုက်ခဲ့တာဟာ အားလီကို အထင်ကြီးခဲ့လို့ပဲ၊ ဒါဟာ တင်မင်းရဲ့ လက်ကောက်ဝတ်တွေ ကျိုးသွားခဲ့လို့ ဖြစ်မယ်၊ နောက်ဒီအသွားကြီးဟာ လွတ်သွားတဲ့ နိုတစ်ကောင်ကို သူဖမ်းရင် ရှိနိုင်ရဲ့သားနဲ့ ဘာလို့ လွှတ်လိုက်ရတာလဲ၊ ဒါဟာလဲ ထူးခြားတဲ့ အချက်တစ်ခုပဲ" ဟု တွေးတောနေမိလေ၏။

ထိုစဉ် ဝါမေဂိုဏ်းဝင်တစ်ယောက်သည် မြေသို့ ပြုတ်ကျလာခဲ့သော နိုနှစ်ကောင်၏ ခြေထောက်မှာ ချည်ထားသည့် တာရှည်ကို ယူ၍ ဆရာမကြီးကို ပြသလိုက်၏။

မျက်ကြွယ်က ကျင့်ရှင်းကို ဖတ်ခိုင်း၏။ ကျင့်ရှင်းသည် စာကို ဖတ်ပြီးသည်နှင့် ဆရာမကြီးကို အစီရင်ခံလိုက်၏။

"ဆရာမကြီး အလင်းမာန်ဂိုဏ်းက လူတွေဟာ သူတို့ရဲ့ ရှာနေပြုဖြစ်တဲ့ 'ကျွမ်းမိန်တောင်ထိပ်'ကို ကျွန်မတို့ ဝိုင်းနေတဲ့ သတင်းကို သိသွားကြပါပြီ။ ဒါကြောင့် သူတို့က မျက်ခုံးဖြူဂိုဏ်းကို အကူအညီတောင်းနေကြပြီ ဆရာမကြီး"

မျက်ကြွယ်သည် ကျင့်ရှင်း၏ အစီအရင်ခံချက်ကို အေးဆေးတည်ငြိမ်စွာနားထောင်ခဲ့ပြီးနောက် သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

"ကောင်းတယ် ဟို နိုတစ်ကောင်လွှတ်သွားတာ ပိုပြီးကောင်း



သွားတယ်၊ ဟင်း...ဟင်း၊ ဒါမှ မျက်ခုံးဖြူဂိုဏ်းကလူတွေ အမြန်လိုက်လာကြလိမ့်မယ်။ ဒီတော့မှ တို့ဟာ ကြိုတင်စီစဉ်နိုင်ပြီး သူတို့ကို မှုန့်မှုန့်ညက်ညက် ကျေအောင် ချေမှုန်းနိုင်မှာပေါ့၊ ဟား ဟား ဟား"

မျက်ကြွယ်သည် အခြေအနေကို အားရကျေနပ်စွာ ရယ်မောလိုက်လေ၏။ ဤတွင် ဝါမေဂိုဏ်းဝင်အချို့လည်း အလင်းမာန်ဂိုဏ်းဝင်များ၏ ကိုယ်ခန္ဓာတွင် ရှာဖွေရန် ပြင်ဆင်ကြ၏။ ချူကျူးက...

"သတိထားပြီး ရှာကြနော်၊ ဒီကောင်တွေဆီမှာ အဆိပ်ပိုးမွှားတွေ ပါချင်ပါလာလိမ့်မယ်"

ချူကျူးစကားကြောင့် ဝါမေဂိုဏ်းဝင် ယောကျ်ားအချို့သည် တွန့်ဆုတ်သွားကြ၏။ နောက်မှ ဓားဖြင့် အိတ်များကို ခွဲကာ ကြည့်ကြ၏။ မှန်၏။ ချူကျူးစကား သွေးထွက်အောင် မှန်၏။ အလင်းမာန်ဂိုဏ်းဝင် လေးယောက်၏ အိတ်များထဲမှ အဆိပ်ပြင်းထန်သော မြွေဆိုးနှစ်ကောင်စီ ထွက်ပေါ်လာ၏။ ဤတွင် မျက်ကြွယ်ဆရာမကြီးက

"အခု ငါတို့ မင်းတို့တစ်တွေ 'ဆီးရိုနယ်'ကို လာကြတာဟာ ဒီမကောင်းဆိုးဝါးဂိုဏ်းက လူတွေနဲ့ သူသေ ကိုယ်သေ တိုက်ကြဖို့ပဲ၊ အခုတွေ့ရတဲ့ လေးယောက်တောင် ဒီလောက် ယုတ်မာနေကြရင် သူတို့ရဲ့ ဆရာ ထိပ်သီးကြီးတွေနဲ့ဆို မင်းတို့ သက်သာကြပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝင်းကျင်သည် ဆရာမကြီးစကားကြောင့် တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

မျက်ကြွယ်သည် လေးပင်သော သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း

"ကျွင့်ရှင်း... မင်းဟာ အသက်လဲ မငယ်တော့ဘူး ဒါတောင် အလုပ်လုပ်တဲ့ နေရာမှာ ဒီလောက်တောင် ပေါ့ဆသလား၊ မင်းဟာ ချူကင်းလောက်စေ့စပ်သေချာမှု မရှိဘူး"

ဆရာမကြီးစကားကြောင့် ကျွင့်ရှင်းမှာ ရှက်ကြောက်စိတ်များဖြင့် မှုန်ထူသွား၏။ ထိုအချိန်တွင် ဆရာမကြီးက ယနေ့ရပ်နားရန်ကိစ္စ များကို အသီးသီးတာဝန်ပေးလိုက်၏။

ဝါမေဂိုဏ်းဝင်များသည် ကင်းပုန်းချရန် တာဝန်ကို အဆင့်ဆင့်သတ်မှတ် ပြင်ဆင်ပြီးသောအခါ နေလုံးပျောက်၍ အမှောင်ဝင်ခဲ့ပြီ ဖြစ်၏။ သူတို့သည် မီးပုံကြီးတစ်ပုံကို ဖိုကာ ပတ်လည်ဝိုင်း၍ အပန်းဖြေအိပ်စက်ကြလေ၏။

အရက်တက်ချိန်လောက်တွင် ဟူကျင်းနှင့်အားလီတို့ အလှည့်နိုးလာ၏။ ဘေးဘီကို ကြည့်လိုက်သောအခါ မထင်မှတ်သောကိစ္စတစ်ခုကို တွေ့လိုက်၍ 'ဟာ'ခနဲ ဖြစ်သွား၏။ အကြောင်းမှာ ဘယ်အချိန်က ရောက်နေသည်မသိသော လူစိမ်းတစ်ယောက်သည် သူတို့ ဘေးတွင် အိပ်စက်လျက်ရှိနေလေ၏။ ဟူကျင်းနှင့် အားလီတို့၏ အာမေဍိတ်သံကြောင့် နားပါးလွန်းကြသော ဝါမေဂိုဏ်းသားများသည် လန့်နိုးခဲ့ကြ၏။ သူတို့လည်း မထင်



မှတ်သော အဖြစ်ကြောင့် အံ့ဩလွန်းမက အံ့ဩသွားကြ၏။

မှန်၏။ သူတို့သည် အလှည့်ကျ တစ်ညလုံး ကင်းချထားခဲ့၏။ သို့စဉ်လျက် ထိုလူသည် ဘယ်နည်းဘယ်ပုံ ဝင်ရောက်လာခဲ့သည်ကို သူတို့အလျဉ်း မသိခဲ့ကြ။ သိုင်းပညာအရာ၌ အဆင့် မြင့်မားလှသော မျက်ကြွယ် ဆရာမကြီးပင်လျှင် ထိုအဖြစ်ကို မသိခဲ့။ ထို့ကြောင့် သူတို့ အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။ သို့သော် မရဲသော်လည်း ပြေးခဲ့စေဆိုသကဲ့သို့ ဝါမေဂိုဏ်းသား နှစ်ယောက်က အရဲစွန့်၍ အော်လိုက်၏။

"ဟေ့... မင်း ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ၊ ပြောစမ်း မြန်မြန်"

သူနှစ်ယောက်၏ အသံသည် ဟိန်းညံသွားသော်လည်း ...အင်တစ်ထည်ကို ခေါင်းမြီးခြုံ၍ အိပ်စက်နေသူကား တုပ်တုပ် မလှုပ်။

ဝါမေဂိုဏ်းသား နှစ်ယောက်သည် စိတ်မရှည်တော့ဘဲ ...းကိုဆွဲ၍ စောင်ကိုဖယ်လိုက်၏။ ထိုအခါ အရုပ်ရှည်ရှည် ...ာကျိုးတစ်ယောက်ကို အိပ်မောကျလျက် တွေ့ရ၏။ ကျွင့်ရှင်း ...ည် လျို့ဝှက်စွာ ရောက်ရှိလာသူကား သတ္တိကောင်းသူတစ် ...ာက်ဖြစ်သည်ကို ရိပ်စားမိလိုက်၏။ ထို့ကြောင့် သူသည် ...ားသို့ တိုးသွားကာ သံမှန်ဖြင့် မေးခွန်းထုတ်လိုက်သည်။

"မိတ်ဆွေက ဘယ်သူလဲ၊ ဘယ်ကနေ ဘာကိစ္စနဲ့ ဒီကို ...က်လာခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ရှင်း၏ မေးခွန်းကြောင့်လားမသိ။ အိပ်နေသော လူစိမ်း၏မျက်သံသည် စောစောကထက်ပင် ပို၍ ကျယ်လောင်လာလေ၏။ ကျင့်ရှင်း စိတ်မရှည်။ အံကို ကြိတ်ကာ ဒေါသထွက်လာ၏။ ထို့ကြောင့် စိတ်ကို မထိန်းနိုင်တော့ဘဲ တောင်ဝှေးကိုဆွဲကာ ဆတ်ခနဲ လွှဲရိုက်လိုက်လေ၏။

သို့သော် ကျင့်ရှင်း၏ တောင်ဝှေးမှာ 'ဟူး'ခနဲ အသံနှင့်အတူ လေထဲသို့ လွင့်ထွက်သွားလေ၏။

"ကျင့်ရှင်း . . . သတိထား"

မျက်ကြွယ် စကားမဆုံးလိုက်၊ အနားမှာရှိနေသော သီလရှင်ကျင့်ရှင်းမှာ လူစိမ်း၏ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံလိုက်ရ၏။ တစ်ဆက်တည်းပင် လူစိမ်းက ကျင့်ရှင်းကို မွေ့ပိုက်ရင်းခုန်ထွက်သွား၏။

မျက်ကြွယ်မျက်လုံးပြူးသွားသည်။ တစ်ဘက်လူ၏ လျှပ်တစ်ပြက် တိုက်စစ်ကြောင့် အားလုံး အံ့အားသင့်သွားကြပြီး ဂိုဏ်းဝင်နစ်ယောက်ပြေးလိုက်သွားကြ၏။ တစ်ချိန်တည်းမှာပင်မျက်ကြွယ်ဆရာမကြီးလည်း တိမ်လွှာစားကို ဆွဲကာ ပြေးလိုက်သွားသည်။ အနီးရောက်သော် ဓားဖြင့် လှမ်းထိုးလိုက်၏။

လူစိမ်းကား မဓော။ လျှင်မြန်သွက်လက်၏။ မျက်ကြွယ်၏ ဓားကို အသာအယာပင် တိမ်းရှောင်နိုင်၏။ သူသည် ကျင့်ရှင်းကို မွေ့ပိုက်ထားရင်း တိမ်းရှောင်ခုန်ပျံနေသည်မှာ ကြည့်၍ကောင်းသေးတော့။



သူကား အာဂ ထိပ်သီးသိုင်းသမား။ သူသည် သူ၏ ကိုယ်ဖော့ပညာစွမ်းကို ပြသချင်ဟန်တူ၏။ အဝေးသို့ မပြေးဘဲ အနီးတစ်ဝိုက်တွင်သာ လှည့်ပတ်ခုန်ပျံနေ၏။ ဝါမေဝိုက်ဂိုဏ်းဝင်များမှာ မျဉ်းကြည့်ပရိသတ်နှယ် မှင်သက်ငေးကြည့်နေကြ၏။ သူတို့၏ စိတ်၌မူ လူစိမ်းလက်ထဲတွင် ငြိမ်သက်နေသော ကျင့်ရှင်းကို နိုးရိမ်ပူပန်နေကြ၏။

မျက်ကြွယ်ဆရာမကြီးမှာ အလွတ်လပ်ဆုံး အခြေအနေနှင့် တိုက်ခိုက်နေရ၍ တစ်ပန်းသာ၏။ သို့သော် တိုက်ခိုက်မှု အချိန်ကြာမြင့်ခဲ့သော်လည်း လူစိမ်းကို လုံးဝ ထိခိုက်နာကျင်စေခြင်း မပြုနိုင်ခဲ့။ သူတို့ အားလုံး လူစိမ်း၏ ပညာစွမ်းကို အထင်မသေးကြတော့။ တကယ်လည်း လူစိမ်း၏ စွမ်းရည်သည် ကြောက်မက်ဖွယ် ကောင်းမွန်နေ၏။ ထို့ကြောင့်ပင် မျက်ကြွယ်ဆရာမကြီးမှာ သတိရှိစွာ တိုက်ခိုက်နေရ၏။

ထိုစဉ်မိုက် လူစိမ်းသည် သူ့လက်ထဲမှ သီလရှင် ကျင့်ရှင်းကို မျက်ကြွယ်ထံသို့ ဖျတ်ခနဲ ပစ်ပေးလိုက်၏။ ကျင့်ရှင်းမှာ အရုပ်လေးတစ်ရုပ်လို လွင့်စဉ်လာ၏။ မျက်ကြွယ်မှာ သူ၏ ဓားစက်ကို ရုတ်ခနဲ ရုပ်ကာ ကျင့်ရှင်းကို ဖမ်းယူလိုက်ရ၏။

ဤတွင် လူစိမ်းက ဟဟားဟား ရယ်မောလိုက်ပြီး . . .

"မင်းတို့ ဂိုဏ်းကြီးခြောက်ဂိုဏ်းက ငါတို့ 'ကျွမ်းမိန်တောင်ဆိပ်'ကို ဝိုင်းတိုက်ဖို့ဆိုတာ ဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ မင်းတို့ဟာ အင်မတန် စိတ်ကူးယဉ်တဲ့ လူတွေပဲ ဟားဟားဟား"

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းသည် သူ၏ ကျယ်လောင် ဟိန်းထနေသော ရယ်မော သံနှင့်အတူ မြောက်ဘက်ဆီသို့ လှစ်ခနဲပြေးထွက်သွားတော့သည်။ မျက်ကြွယ်ဆရာမကြီးနှင့် အပေါင်းပါ တစ်စုကား ပါးစပ်အ ဟောင်းသားနှင့် ကျန်ရစ်ခဲ့ကြလေသည်။ အတန်ကြာမှ သူတို့ သည် သတိဝင်လာကြကာ မျက်ကြွယ်ဆရာမကြီး အနီးသို့ ဝိုင်းအုံ လာကြသည်။

မျက်ကြွယ် ဆရာမကြီးကား အခဲမကျေသော မျက်နှာထား နှင့် အံကို တင်းတင်းကြိတ်ထား၏။

ထိုစဉ် မျက်ကြွယ် ဆရာမကြီး၏လက်ထဲမှ ကျင့်ရှင်းကို ကြည့်ရင်း ကျင့်ရှိုးက ဟာစ်ခေါ်လိုက်၏။

"ကျင့်ရှင်း"

ကျင့်ရှင်းကား ပြန်မထူးနိုင်တော့။ ဘယ်အချိန်က အသက် ထွက်သွားမှန်း မသိသော ကျင့်ရှင်းသည် ငြိမ်သက်လျက်။ မျက်ကြွယ်သည် ဝိညာဉ်ကင်းပျောက်နေပြီ ဖြစ်သော ကျင့်ရှင်း ကို သဲမြေပေါ်သို့ ပစ်ချလိုက်၏။ ဝါမေဂိုဏ်းဝင်တို့ကား ဝိုင်း အုံစုဝေးလျက် ဝမ်းနည်းကြေကွဲစွာဖြင့် ငိုကြွေးလိုက်ကြ၏။ ဤတွင် မျက်ကြွယ်က တင်းမာသောအသံဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့ ငိုနေကြတာလဲ၊ သေတဲ့လူက သေသွားပြီ နင်တို့ ငိုနေလို့ သူက အသက်ရှင်လာမှာ မဟုတ်ဘူး၊ သွားကြ သူ့ကို မြန်မြန် မြှုပ်လိုက်ကြ"

ဝါမေဂိုဏ်းဝင်များ ကြောက်ရွံ့စိတ်နှင့်အတူ ငိုကြွေးမှု ရပ်လိုက်ကြရ၏။ တစ်ခဏအတွင်းမှာပင် သူတို့အားလုံး ကျင့်ရှင်း



ကို မြေမြှုပ်လိုက်၏။ ကိစ္စပြီးစီးသောအခါ ကျင့်ရှိုးသည် မျက် ကြွယ်အား မေးခွန်းထုတ်လိုက်၏။

"ဆရာမကြီး... ဟိုလူဟာ ဘယ်သူလဲ"

မျက်ကြွယ်ကား တည်ငြိမ်အေးစက်စွာနှင့်...

"ဒီလူဟာ အလင်းမာန်ဂိုဏ်းကြီးရဲ့ 'မင်းလေးပါး' ထဲက အလင်းဆွဲမင်းဆိုသူပဲ၊ သူ့ရဲ့ ကိုယ်ဖော့သိုင်းပညာဟာ ဟိုးအရင်း ကတည်းက ကျော်ကြားခဲ့တာ၊ ငါလဲ နာမည်သာ ကြားဖူးပြီး မသိခဲ့ဘူး၊ ခုမှ ကိုယ်တိုင်ကိုယ်ကျ တွေ့ရတာပဲ၊ တကယ်လဲ သူဟာ နာမည်ကြီးသလောက်ငါ့ထက် အများကြီး တော်တယ်"

မျက်ကြွယ် စကားကြောင့် တစ်ချိန်လုံး ပွဲကြည့်ပရိသတ် ဖြစ်နေခဲ့သော ဟူကျင်းမှာ စိတ်လှုပ်ရှားသွား၏။ ဟူကျင်းသည် လွန်ခဲ့သော အတိတ်ကာလကတည်းက မျက်ကြွယ်ကို မုန်းတီး ရွံရှာခဲ့၏။ သို့သော် ယခုကဲ့သို့ အရေးအကြီးဆုံး အခြေအနေ မျိုးတွင် မျက်ကြွယ်မှာ တည်ငြိမ်လွန်းလှသည်ကို တွေ့ကြုံနေ ရပြီး မိမိ၏ တပည့်အပေါင်းရှေ့၌ပင် တစ်ဘက်ရန်သူကို ချီး ကျူး ဂုဏ်ပြုလိုက်သေး၏။ ထို့ကြောင့်လည်း တစ်လျှောက်လုံး ရွံမုန်းခဲ့သော ဟူကျင်းမှာ ယခုခဏ၌ မျက်ကြွယ်ကို တစိမ့်စိမ့် လေးစားနေပြန်၏။ ထိုအချိန်တွင် တင်မင်း၏ အသံသည် စီစီညံညံ ထွက်ပေါ်လာ၏။

"ဒီလူက ဆရာမကို ဘယ်လိုမှ ပြန်မတိုက်ခိုက်နိုင်ဘူး၊ တိုက်လဲ မတိုက်ခဲ့ဘူး မဟုတ်လား၊ ဒီလူမျိုးကို ကျွန်မတို့က ဘာကြောက်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်ကြွယ်သည် စကားမပြောတော့။ တင်မင်း၏ နီရဲနေသော ပါးကလေးကိုသာ အကြင်နာမဲ့စွာနှင့် 'ဖြန်း'ခနဲ ရိုက်ချလိုက်တော့၏။ ပြီးမှ ...

"ဆရာမ သူ့ကို မလိုက်နိုင်တာ သူ ဒုက္ခရာရအောင် မလုပ်နိုင်တာ၊ ဒါတွေဟာ ဆရာမကညံ့ဖျင်းပြီး သူက တော်လွန်းနေလို့ပဲ၊ လူဆိုတာ ဟာကယ့်အဖြစ်ကို အမှန်အတိုင်း ကြည့်တတ်ရမယ်၊ ဒါကြောင့် နင်ဟာ ဘာတစ်ခုမှ နားမလည်ခဲ့သေးတာပဲ"

တင်မင်း စောဒက မတက်ရဲတော့၊ ဒေါသ မထွက်ရဲတော့၊ ခေါင်းကို ငုံ့၍ ငြိမ်သက် တိတ်ဆိတ်သွား၏။ ကျင့်ရှိုက ဝင်၍ ...

"ဆရာမကြီး ဒီ လင်းဆွဲမင်း ဆိုသူရဲ့ အကြောင်းကို ဆရာမကြီးပြည့်ပြည့်စုံစုံ သိပါသလား"

ထိုမေးခွန်းကို မျက်ကြွယ် မဖြေတော့။ နေရာမှသာ ဆတ်ခနဲလှေ့ာက်ထွက်သွား၏။ ဝါမေဂိုဏ်းသားတို့သည် ဘာမျှ ဆက်မမေးရဲကြတော့။ သူ့နောက်မှသာ ငြိမ်ငြိမ်သက်သက် လိုက်ခဲ့ကြတော့၏။

* * *

ည... တိတ်ဆိတ် ငြိမ်သက်နေသော ည။

မျက်ကြွယ်သည် မီးတောက်များ ဟုန်းဟုန်း ထ,နေသော မီးပုံရှေ့တွင် ငြိမ်ငြိမ်သက်သက် ထိုင်နေ၏။ သူ့မျက်လုံးအစုံကား မီးပုံကို စူးစိုက်ကြည့်နေ၏။ ကျန် တပည့်များလည်း ဆရာမကြီး၏ အရိပ်အကဲကို ကြည့်ကာ ငြိမ်သက်နေကြ၏။

ထိုစဉ် မျက်ကြွယ်က သူ၏ လက်ဝါးနှစ်ဘက်ကို မီးပုံထဲသို့ တွန်းထုတ်လိုက်၏။ အံ့စရာပင်။ မီးပုံကြီးမှ မီးတောက်မီးလျှံများမှာ 'ဝုန်း'ခနဲ အသံနှင့်အတူ ငြိမ်းသေသွားလေသည်။ ယင်းကို ကြည့်ရှုနေမိသော ဟူကျင်းနှင့် အားလီမှာ တုန်လှုပ်ချောက်ချားသွားကြ၏။ ဤဆရာမကြီး၏ အတွင်း ခွန်အားသည် အံ့ဖွယ် သူ့ရဲ့ ကြောက်စရာကောင်းနေသည်။

စောစောက လင်းထိန်နေသော နေရာတစ်ခုလုံးသည် မှောင်ကြီးကျ၍ သွားပေပြီ၊ ယခုခဏ၌ ဤနေရာ ဤအခေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လရောင်ရိပ်မှတစ်ပါး မည်သည့်အလင်းရောင်မျှ မရှိတော့။ သို့တစေ ဝါမေဂိုဏ်းဝင် အားလုံးကာ ကျောက်ရုပ်တုများပမာ ငုပ်တုတ်ထိုင်လျက်ရှိဆဲ။

ဟူကျင်းမှာ ထိုသူများကို ကြည့်ရင်း သနားစိတ်များပင် ဝင်လာမိ၏။

"ဒီလောက် နာမည်ကျော်နေတဲ့ ဝါမေဂိုဏ်းဟာ ဆီးရှိနယ်ကို ရောက်မှ ဆိတ်သုဉ်း ကွယ်ပျောက်တော့မှာလား"ဟု တွေးနေမိတော့၏။

ထိုစဉ် မျက်ကြွယ်သည် ထိုင်ရာမှ ထ,လာပြီး ဟိုဟိုသည်သည် လှမ်းလျှောက်နေပြန်၏။ အေးမြသော လရောင်ရိပ်၌ ဝါမေဂိုဏ်းသားတို့သည် မျက်ကြွယ်၏ လှုပ်ရှားမှုများကိုသာ မျက်ခြည်မပြတ် ကြည့်ရှုနေကြ၏။

အတန်ကြာသော် မျက်ကြွယ်၏ လေးနက် ပီသသော စကားသံများသည် တစ်လုံးချင်း ထွက်ပေါ်လာလေသည်။

"အလင်းမာန် ဂိုဏ်းသားတွေဟာ မီးကို ရှိခိုးကြသူတွေပဲ၊ သူတို့ရဲ့ ကိုးကွယ်ရာဟာလဲ မီးပဲ၊ သူတို့ရဲ့ သုံးဆယ့်သုံးဆက်မြောက် ဂိုဏ်းချုပ်ဖြစ်တဲ့ ရန်ဖော့ထင်း သေဆုံးသွားပြီးတဲ့ နောက်မှာ ဂိုဏ်းချုပ်မရှိတော့ဘူး၊ သူတို့ဟာ အလင်းမာန်နှစ်ယောက်၊ ဂိုဏ်းစောင့်မင်းကြီးလေးပါး၊ နောက်ပြီး ရွှေသစ်သား၊ ရေ၊ မီးနဲ့ မြေကြီးဆိုပြီး အလံငါးခု ခွဲထားတယ်၊ ဒီအလံငါးခုမှာ အလံခေါင်းဆောင် တစ်ယောက်စီ ရှိတယ်၊



သူတို့ဟာ ဂိုဏ်းချုပ်နေရာကို မျက်စိကျနေကြတဲ့ လူတွေချည်းပဲ၊ ဒါကြောင့်လဲ ဂိုဏ်းချုပ်နေရာအတွက် အချင်းချင်း တိုက်ခိုက်ကြလို့ အလင်းမာန် ဂိုဏ်းကြီးဟာ တဖြည်းဖြည်းအင်အားချည့်နဲ့လာခဲ့တယ်။ ဒါကြောင့်လဲ ငါတို့လို ဂိုဏ်းတွေက သူတို့ကိုဝိုင်းတိုက်နိုင်ခဲ့တာပဲ၊ နို့မဟုတ်ရင် ဝိုင်းဖို့မပြောနဲ့ အနားတောင်မသိရဲခဲ့တာ အမှန်ပဲ၊ သူတို့ စည်းလုံး ညီညွတ်နေတုန်းကဆိုသူတို့ရဲ့ အင်အားဟာ အတောင့်တင်းဆုံးနဲ့ ကြောက်စရာအကောင်းဆုံး ဂိုဏ်းကြီးပဲ"

မျက်ကြွယ်သည် သူ့စကားကို ခေတ္တရပ်လိုက်ပြီး ဟိုဟိုသည်သည်လျှောက်နေပြန်သည်။

ဟူကျင်းသည် ငယ်စဉ်ကတည်းက ယင်းဂိုဏ်းအကြောင်းကိုအားစွန် နားဖျား ကြားခဲ့ရဖူး၏။ ဂဃနဏကား မသိခဲ့။ ထို့ကြောင့် သူသည် သူ့အဖေနှင့် အမေကို မေးဖူး၏။ သို့သော် ပြောမပြကြ။ ရှက်စွန်းကို မေးကြည့်သော်လည်း ရှက်စွန်းကပြော။ မပြောရုံမက ဒေါသထွက်ကာ အော်ဟစ် မောင်းထုတ်ခြင်းပင်လုပ်ခဲ့၏။ ထို့ကြောင့် သူသည် ထိုအလင်းမာန်ဂိုဏ်းကို သိသလောက်ပင် ဖြစ်ခဲ့သည်။ ယခုတော့ သူ ငယ်စဉ်တောင်တျး ကတည်းက သိချင်လွန်းခဲ့သော အကြောင်းအရာများကို မျက်ကြွယ်သည် သူ မမေးရပါဘဲ ပြောနေခဲ့ပြီကော။

"ဒီ အလင်းမာန်ဂိုဏ်းနဲ့ ဂိုဏ်းချုပ်ကြီးဆီမှာ နတ်မီးတံဆိပ်ပြားတစ်ခုရှိခဲ့တယ်။ ဒီ အမှတ် တံဆိပ်ပြားဟာ သူတို့ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အထွတ်အမြတ် ကိုးကွယ်ရာ ဖြစ်သလို ထူးခြားဆန်းကြယ်ပြီး တန်ခိုး အာဏာနဲ့လဲ ပြည့်စုံတဲ့ အမှတ်တံဆိပ် ဖြစ်တယ် ဒီတံဆိပ်ပြားဟာ ဂိုဏ်းချုပ်မျိုးဆက် သုံးဆယ့်တစ်ဆက် ရောက်တဲ့အခါမှာ ရုတ်တရက်ပျောက်ဆုံးသွားခဲ့တယ်၊ ဒါကြောင့်သုံးဆယ့်နှစ်နဲ့ သုံးဆယ့်သုံး ဂိုဏ်းချုပ်တွေဟာ ဂိုဏ်းချုပ်အမည်သာရှိပြီး တန်ခိုးအာဏာ မရှိတဲ့ ဂိုဏ်းချုပ်တွေ ဖြစ်နေခဲ့တယ် ဒီအခြေအနေမျိုးမှာ ရန်ဖော့ထင်းဟာလဲ ရုတ်တရက်သေဆုံးသွားပြန်တော့ ဂိုဏ်းထဲမှာ ပိုပြီး အရှုပ်အထွေးတွေ ဖြစ်လာတယ် အကြောင်းတစ်ကြောင်း အနေနဲ့ပြောရရင် ရန်ဖော့ထင်းဟာ ဘယ်သူ့ကို ဂိုဏ်းချုပ်လွှဲပြောင်းပေးရမယ်ဆိုတဲ့ အမိန့်စကားလေးတောင် ပြောမသွားနိုင်ခဲ့တာဘဲ၊ ဒါကြောင့်လဲ လောင်မယ်မီးထဲရဲရဲဆိုတာလို ဖြစ်နေတဲ့ ဒီဂိုဏ်းကြီးဟာ ဖရိုဖရဲ ပိုပြီး ဖြစ်လာတယ်”

“သူတို့ထဲမှာ ဂိုဏ်းချုပ်ဖြစ်နိုင်တဲ့ အရည်အချင်း ရှိသူတွေလဲ ငါးယောက်ခြောက်ယောက်လောက် ရှိနေတယ်၊ ဒီတော့ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ရန်စောင်နေကြပြီး ဂိုဏ်းချုပ်နေရာ ရဖို့ အရေး စိတ်မအေးနိုင်ရှိနေကြပြီး ဂိုဏ်းချုပ်နေရာရဖို့ အရေး စိတ်မအေးနိုင်ရှိနေကြပြီး တစ်ယောက်ကိုတစ်ယောက် စည်းလုံးအောင် လုပ်ဖို့ နေနေသာသာ အလေးမပေးရဲလောက်အောင်ကို ဖြစ်နေခဲ့ကြတယ်”

“ဒီလို အခြေအနေတွေကြောင့် ဒီဂိုဏ်းဟာ ခုချိန်ထိ



တိကျတဲ့ ဂိုဏ်းချုပ်ကို ရွေးချယ်တင်မြှောက်ခြင်း မပြုနိုင်သေးဘူး၊ ဒီကနေ့ ငါတို့တွေ့ခဲ့ရတဲ့ လူစိမ်းဟာ ဂိုဏ်းချုပ်နေရာကို ရယူချင်တဲ့ လူတွေထဲက တစ်ယောက်ပဲ၊ နာမည်ကတော့ ဒီအလင်းမာန်တော် ဂိုဏ်းကြီးရဲ့ ဂိုဏ်းစောင့်မင်းကြီးလေးပါးထဲက ‘လင်းဆွဲမင်း ဝေရီ’ ဆိုတဲ့ လူပဲ”

မျက်ကြွယ်စကားကြောင့် ဝါမေဂိုဏ်းသားများ စိတ်ဝင်စားစွာငြိမ်သက်နေကြသည်။ သူတို့သည် ထူးဆန်းသော ရှေးဟောင်းပုံပြင်တစ်ပုဒ်ကို နားထောင်နေကြသော ကလေးသူငယ်များပမာ ရှိနေသည်။

“ဒီလူဟာ မြေပြန့်ကို တစ်ကြိမ်တစ်ခါမှ မလာခဲ့ဖူးတော့ မင်းတို့လဲ သူ့ကိုကြားဖူးကြမှာ မဟုတ်ဘူး၊ အေး… ဒါပေမယ့် မျက်ခုံးဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ် ချင်ထင်းကျုက်နဲ့ ရွှေမွေးခြင်္သေ့ ရှက်စွန်းတို့ကိုတော့ ကောင်းကောင်းသိကြမှာပေါ့”

ထိုစကားပိုဒ်ကြောင့် ဟူကျင်း ရင် ထိတ်ခနဲခုန်သွားသည်။ စောစောက အေးငြိမ်နေသော နှလုံးသွေးတို့လည်း ပွက်နွေးလာလျက် ရင်ခုန်သံနည်းနည်းမြန်လာ၏။

ကျင့်ရှီးက မေးခွန်းတစ်ခုဝင်မေးလိုက်၏။

“သူတို့ နှစ်ယောက်ကလဲ အဲဒီမကောင်းဆိုးဝါး ဂိုဏ်းကြီးထဲမှာပဲလား ဆရာမ”

“သိပ်ဟုတ်တာပေါ့၊ သူတို့နှစ်ယောက်ဟာလဲ ဂိုဏ်းစောင့်မင်းထဲက နှစ်ပါးပဲ၊ ချင်တင်းကျုက်ဟာ သိမ်းငှက်မင်းဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းကတော့ ခြသေ့်မင်းဖြစ်တယ်၊ လင်းဆွဲမင်း ဝေရိဟာ နတ်မင်း လေးပါးထဲက နောက်ဆုံးတစ်ယောက်ပဲ၊ ဒီလူရဲ့ စွမ်းရည်ကို မင်းတို့ တွေ့ခဲ့ကြပြီးဖြစ်လို့ ကျန်တဲ့ သုံးယောက်ရဲ့ စွမ်းရည်သတ္တိကိုလဲ မင်းတို့ စဉ်းစားချင့်ချိန်နိုင်ရောပေါ့၊ ခုလောလောဆယ်မှာ ချင်တင်းကျက်က အလင်းမာန်တော်ဂိုဏ်းချုပ်မလုပ်ရသေးတော့ စင်ပြိုင်သဘောနဲ့ မျက်ခုံးဖြူဂိုဏ်းကို တည်ထောင်ပြီး ဂိုဏ်းချုပ်အရာသာကို ခံစားနေတယ်”

“ဒီအကြောင်းကြောင့် သူနဲ့ အလင်းမာန်တော် ဂိုဏ်းကြီးဟာ ကွဲကွာသွားခဲ့တယ်၊ ဒီလို ဂိုဏ်းကွဲ သင်းကွဲဖြစ်သွားလို့ အလင်းမာန်ဂိုဏ်းဟာ ဘယ်လိုဒုက္ခမျိုးနဲ့ တွေ့နေတွေ့နေ မျက်ခုံးဖြူဂိုဏ်းနဲ့ ပြန်ပြီးဆက်ဆံလိမ့်မယ်၊ အကူအညီ တောင်းလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး၊ ဒါပေမယ့် ခုတော့ ... ”

သူသည် စကားကို အမျှင်မပြတ် ပြောရာမှ လက်သီးကို ကျစ်ကျစ်ဆုပ်လိုက်လေ၏။

ဟူကျင်းမှာ သူ့အမေဘက်မှ သူ့အဘိုး ချင်တင်းကျက်မှာ အလင်းမာန်ဂိုဏ်းမှ မင်းကြီးတစ်ပါး ဖြစ်ကြောင်း သိလိုက်ရသော ခဏ၌ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား၊ ဂုဏ်ယူရမည်လား၊ ထိတ်လန့်ရမည်လား အဘယ်အရာကိုမျှ တိတိပပ မဆုံးဖြတ်နိုင်အောင် စိတ်လှုပ်ရှားသွားရှာသည်။ သို့သော် သူသည် မိမိနှလုံးသားထဲတွင် ပြောင်းဆန်လှုပ်ခတ် ခံစားရမှုများကို ချုပ်တည်း၍ ဟန်မပျက် နေနေရလေတော့သည်။



ထိုစဉ် မျက်ကြွယ်က သူ့စကားကို ဆက်လိုက်သည်။

“ဒီတစ်ခါ ငါတို့ ဂိုဏ်းကြီးခြောက်ဂိုဏ်း ပူးပေါင်းပြီး ကွမ်းမိန်တောင်ထိပ်ကို ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ကြတာဟာ မကောင်းဆိုးဝါးတွေကို အမြစ်ကစပြီး အငုပ်အတက်မကျန်အောင် မျိုးဖြုတ် ချေမှုန်းဖို့ပဲ”

“ဒါကြောင့် ဒီကောင်တွေ လှုပြန်စုတော့ကော ငါတို့က နောက်ဆုတ်ရမှာလား၊ ငါတို့က ကြောက်ရွံ့မှာလား၊ အောင်မြင်မှုကို ရယူချင်သူတိုင်း တန်ဖိုးတော့ ပေးကြရမှာချည်းပဲ၊ အဲတစ်ခုတော့ရှိတယ်၊ ခုအခြေအနေဟာ ငါတို့ တွက်ထားတာထက် ပိုကဲပြီး အကျအဆုံးများ လိမ့်မယ်၊ ဒါပေမယ့် အရေးမကြီးပါဘူး၊ အရေးကြီးတာက ငါတို့ရဲ့ ဝါမေဂိုဏ်းအောင်တံခွန်ဟာ မိုးအောက်မြေပြင် တစ်ခုလုံး ဗွားဗွားစွင့်စွင့် လွင့်ပျံ့နေဖို့ပဲ”

“ဒီအတွက်တော့ ငါတို့ဟာ သူရဲကောင်းတွေအဖြစ် အသက်နှံ့ရဲကြရမယ်၊ သေဘေးကနေ ရှောင်ကွင်းဖို့တော့ လုံးဝ စိတ်မကူးကြနဲ့၊ ငါတို့ သေရုံမှ အောင်ပွဲကို ရမှာဖြစ်သလို ငါတို့ရဲ့ အောင်မြင်မှုဟာ ဝါမေဂိုဏ်းရဲ့ ဂုဏ်သိက္ခာပဲ ဖြစ်တယ်”

ထိုအခါ ဝါမေဂိုဏ်းသားအားလုံး မတ်မတ်ရပ်လိုက်ကြပြီး လက်သီးကိုဆုပ်၍ သစ္စာပြုလိုက်ကြလေသည်။

“ငါတို့သည် ဝါမေဂိုဏ်း၏ ဂုဏ်သိက္ခာကို မြှင့်တင်၍ ဝါမေဂိုဏ်း၏ အောင်တံခွန် တလူလူလွင့်ပျံစေရန် အသက်ကို နှံ၍ ကြိုးပမ်းကြပါမည်။”

www.burmeseclassic.com

www.burmeseclassic.com



ယင်းအသံတို့သည် ထိုစဉ်ခဏ၌ ကန္တာရတစ်ခုလုံးပဲ့တင်ထပ်သံ ဟိန်းညံသွားလေသည်။ ဤတွင် မျက်ကြွယ်က ကျေနပ်အားရသောဟန်အမူအရာနှင့် မိန့်မြွက်စကားပြောကြားပြန်လေ၏။

"သိုင်းပညာရဲ့ အနိမ့်အမြင့်ဟာ လူတစ်ဦးချင်းရဲ့ ပင်ကိုဉာဏ်အရည်အသွေးပေါ်မှာ အများကြီးတည်တယ်၊ ဒါကို အဓမ္မဖန်တီးယူလို့ မရဘူး၊ လောလောဆယ်ပြောရရင် ကျင့်ရှင်းပေါ်လင်းဆွဲမင်းကို တစ်ကွက်ကလေးတောင် မတိုက်နိုက်ရဘူးလင်းဆွဲမင်းရဲ့ သွေးစုတ်အတတ်ပညာအောက်မှာ သေဆုံးသွားခဲ့ရတယ်၊ ဒါကိုအပြစ်ပြောလို့ မရဘူး၊ ဒီကနေ့ဆို 'ရှောင်လင်' 'ဟူတန်း' 'ဝါမေ' 'ခွန်းလွန်' 'ခုံးတုံ'နဲ့ 'ဝါဆန်း'ဂိုဏ်းကြီးခြောက်ဂိုဏ်းဟာ အလင်းမာန်တော် ဂိုဏ်းကြီးကို ဖြိုဖျက်ချေမှုန်းပစ်ဖို့ ကြိုးစားနေကြပြီ"

"အောင်မြင်မလား ရှုံးနိမ့်မလား ဆိုတာကို ငါတို့ ထည့်တွက်ဘူး၊ အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ တိုက်ခိုက်ရမယ့်အခါကလို့ ငါတို့ သဘောထားတယ်၊ ခုဆို တိုက်ပွဲမစရသေး၊ တို့ဘက်က ကျင့်ရှေးသေခဲ့ပြီ၊ ဒုတိယ တစ်ယောက်ကတော့မင်းတို့ရဲ့ဆရာ ငါကိုယ်တိုင် ဖြစ်ချင်ဖြစ်နေဦးမယ်၊ ဒါပေမဲ့ဒီလိုဖြစ်လို့ အားငယ်သွားစရာ မလိုဘူး၊ အကိုးသေရင် အခေါ်ကျန်မှာပဲ၊ အဖေသေရင် သားကျန်လိမ့်ဦးမယ်၊ အရေးကြီးဆုံးကတော့ တို့ရဲ့မျိုးဆက် ကျန်နေဖို့ပဲ၊ ဒါကြောင့် ဒီတိုက်ပွဲမှာအားလုံးသေပြီး ငါတစ်ယောက်ထဲ ကျန်လဲ ဘာမှ ကြောက်စရာမလိုဘူး"



"လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်တုန်းက ဝါမေဂိုဏ်းဆိုတာ ရှိခဲ့တာ မဟုတ်ဘူး၊ ဒီတော့ ငါတို့ထဲက တစ်ယောက်မှ မကျန်လဲ အကြောင်းမဟုတ်ပါဘူး၊ အရေးကြီးဆုံးနဲ့ အဓိကအကျဆုံး ငါတို့ဆန္ဒ အရှိဆုံးကတော့ ဝါမေဂိုဏ်းရဲ့ ဂုဏ်သိက္ခာပဲ၊ ဒီဂုဏ်သိက္ခာကို ငါတို့အသက်နဲ့ရင်းပြီး မြှင့်တင်ရမှာ ဖြစ်သလို ဝါမေဂိုဏ်းရဲ့ နာမည်ဟာ မြင့်မြင့်မားမား ရှိဖို့ဖြစ်တယ်"

ထိုအခါ ဝါမေဂိုဏ်းသားများအားလုံး၊ စိတ်အား တက်ကြွလျက်

"ငါတို့အားလုံး ဝါမေဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို အသက်နဲ့လဲပြီး မြှင့်တင်မယ်"

ဟူသော ကြွေးကြော်သံများ ဒုတိယအကြိမ် ဟိန်းဟိန်းညံသွားပြန်လေ၏။

ဤတွင် ကျန်းဟူကျင်းက ဝါမေဂိုဏ်းသားများ၏ တက်ကြွမှုနှင့် အားမာန်ကြီးစွာ အမိန့်နာခံ ပြုလိုက်ပုံများကို ငေးကြည့်ရင်း လေးစားလှစွာ ချီးကျူးခြင်း ပြုလိုက်မိ၏။ ထိုစဉ် မျက်ကြွယ်အသံက ပေါ်ထွက်လာပြန်၏။

"တပည့်အပေါင်းတို့၊ ငါတို့ဆီကို လင်းဆွဲမင်း ရောက်လာပြီးတဲ့ နောက်မှာ သိမ်းငှက်မင်းနဲ့ ခြသေ့်မင်းတို့လဲ ရောက်လာကြမှာ မုချဖြစ်တယ်၊ အဲဒီနောက်လဲ နဂါးမင်းနဲ့ အငေါ်ငါးစုရဲ့ ခေါင်းဆောင် ငါးယောက်တို့လဲ ရောက်လာကြဦးမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ပထမ ရည်ရွယ်ချက်ဟာ ကွမ်းမိန်တောင်ထိပ်က အလင်းမာန်တော် ရန်ရောင်ကို ဖြိုဖို့ပဲ၊ နောက်မှ ကျန်တဲ့လူတွေကို ချေမှုန်းပစ်ဖို့ စီစဉ်ခဲ့တယ်၊ ခုတော့ ငါတို့ရဲ့ ရည်မှန်းချက်နဲ့ ခန့်မှန်း တွက်ချက်ထားမှုတွေဟာ အလွဲလွဲ အချော်ချော်ဖြစ်ပြီး မှားယွင်းကုန်ပြီ"

ထိုစဉ် ကျင့်ရှီးက မေးခွန်းတစ်ခု မေးလိုက်ပြန်သည်။

"ဒါနဲ့ ကျွန်မ တစ်ခုမေးပါရစေ ဆရာမ၊ ဟို…နဂါးမင်းဆိုတာက ဘယ်သူများလဲ ဆရာမ၊ သူ့အကြောင်းကိုလဲ ကျွန်မတို့ သိထားပါရစေ"

"အေး…ဒီလူနဲ့ ပတ်သတ်လို့တော့ ငါလဲနာမည်ပဲ ကြားဖူးသေးတယ်၊ ဒီလူကလဲ ဂိုဏ်းချုပ်နေရာ မရတော့ ပင်လယ်ရပ်ခြားကို ထွက်ခွာသွားတယ်လို့ သိရတယ်၊ အေး…ခုလိုအချိန်မှာ သူရောက်မလာရင်တော့ အကောင်းဆုံးပဲ၊ ဒီလူဟာ မင်းလေးပါးထဲက ထိပ်ဆုံးလူဖြစ်တော့ အလင်းမာန်တော် နှစ်ယောက်ပြီးရင် သူပဲ"

"မင်းတို့ နားရှင်းအောင် ထပ်ရှင်းပြမယ်၊ ဒီဂိုဏ်းကြီးထဲမှာ အလင်းမာန်တော် ဘွဲ့ရသူက နှစ်ယောက်ရှိတယ်၊ သူတို့ကို လက်ဝဲ လက်ယာ ဆိုပြီး ခွဲခြားထားတယ်၊ လက်ဝဲ အလင်းမာန်တော်က 'ရန်ရောင်'၊ လက်ယာ အလင်းမာန်တော်က ဘယ်သူမှန်း မသိဘူး"

"ဆန်းတာက အဲဒီလူကို ရောင်လင်နဲ့ ဟူတန်းဂိုဏ်းကြီးတွေကတောင် ဘယ်သူမှန်း မသိကြသေးဘူး"



"ဒါကြောင့် ငါတို့ဟာ ရန်ရောင်နဲ့ သိုင်းပညာချင်း ယှဉ်ပြိုင်ရဖို့ ဘယ်အခြေ ရောက်နေရောက်နေ ကြောက်စရာမလိုဘူး၊ ငါစိုးရိမ်တာကတော့ အဲဒီ ဘယ်သူမှန်း သိခွင့်မရတဲ့ လက်ယာ အလင်းမာန်တော်က နောက်ကွယ်က ချောင်းမြောင်း တိုက်ခိုက်မှာကိုပဲ၊ ဒါကို ငါတို့ အထူးသတိထားမှ ဖြစ်မယ်"

ထိုစကားကြောင့် စောစောက အားမာန် တက်ကြွနေခဲ့သော ဝါမေဂိုဏ်းသားများ တုန်လှုပ် ချောက်ချားသွားကြသည်။

"အေး…ခုအချိန် ရောက်မှတော့ ပြောစရာရှိတာတွေ ငါအကုန်ပြောထားမယ်၊ 'ရန်ရောင်'ကြောင့် ကျိုရောင်မှု သေခဲ့တယ်၊ 'ဝေရီ'ကြောင့် ကျင်းရှင်း သေခဲ့တယ်၊ ဒီအဖြစ်ဆိုးဟာ ဝါမေဂိုဏ်းနဲ့ အလင်းမာန်ဂိုဏ်းဟာ ဘယ်တော့မှ မကျေအေးနိုင်တဲ့ ရန်ငြိုးကို ဖွဲ့ခဲ့ကြပြီးပြီပဲ"

"ဒါကြောင့်မို့ အရေးကြီးဆုံး အချက်တစ်ချက်ကို ဒီနေရာမှာ ပြောရမယ်ဆိုရင်၊ ငါတို့ ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို ဆက်ခံစေရမယ့် သူရဲကောင်းကို ဒီတိုက်ပွဲထဲကနေ ရွေးချယ်မယ်"

"ဒီတိုက်ပွဲမှာ ဘယ်သူဟာ အကောင်းဆုံးနဲ့ အပြောင်မြောက်ဆုံး တိုက်ခိုက်နိုင်မလဲ၊ လက်တွေ့မှာ အရဲရင့်ဆုံး အပြောင်မြောက်ဆုံး၊ အကောင်းဆုံး တိုက်ခိုက်နိုင်သူ ဘယ်သူမဆို ဝါမေဂိုဏ်းချုပ်နေရာကို မုချ ဆက်ခံစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်ကြွယ်၏ စကားအဆုံး၌ ဝါမေဂိုဏ်းဝင်တို့၏ နှလုံးသားများ တဆတ်ဆတ် ခုန်လှုပ်သွားလေသည်။ တစ်ချိန်တည်းမှာပင် သူတို့၏ စိတ်နှလုံးများ လေးလံ ထိုင်းမှိုင်းသွားပြန်သည်။

မျက်ကြွယ်ဆရာမကြီးသည် ဂိုဏ်းချုပ်နေရာ ဆက်ခံစေရမည့်သူကို ရွေးချယ်သတ်မှတ်နေသည်မှာ အံ့ဩစရာ ဖြစ်နေသကဲ့သို့ ထိတ်လန့်ဖွယ်ရာ အရေးအခင်းနှင့် ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း သူတို့ နားလည်ထားကြပြီ။ ဆရာမကြီးသည် မကြာခင် ရင်ဆိုင်ရမည့် တိုက်ပွဲသည် အားလုံးအတွက် ပြန်လမ်းမရှိနိုင်တော့ဟု တွက်ချက် နားလည်ထားပြီလား။ ဝါမေဂိုဏ်းသားတို့သည် အပ်ကျသံကို နားထောင်နေကြသည့်လားမပြောတတ်။ တိတ်ဆိတ် ငြိမ်သက်လွန်းနေ၏။ ဤတွင် မျက်ကြွယ်ဆရာမကြီးသည် အားရပါးရ ဟာစ်ကြွေး ရယ်မောလိုက်၏။ ထို့နောက်တွင်မူ...

"ကဲ...အားလုံးပဲ သွားအိပ်ကြပါတော့"

အမိန့်ပေးသံနှင့်အတူ အားလုံး အိပ်ရာ ဝင်ခဲ့ကြသော်လည်း အားလုံးလိုလို နှစ်နှစ်ခြိုက်ခြိုက် မအိပ်စက်နိုင်ကြ။ အတွေးပေါင်းများစွာသည် သူတို့၏ စိတ်နှလုံးကို ရစ်သိုင်းလွှမ်းခြုံလျက် နိုးနိုးကြားကြား ရှိနေကြတော့သည်။

သို့သော် ထိုညကား မည်သည့်အရာ ကိစ္စသစ်မျှ ထပ်မံဖြစ်ပေါ်မလာတော့။

* * *

နောက်တစ်နေ့ နေ့လယ်တွင် ဖြစ်၏။

မျက်ကြွယ်တို့ စခန်းချရပ်နားရာ အရှေ့မြောက် အရပ်ဆီမှ ဆိုးနတ် တိုက်ခိုက်နေသံများကို သဲ့သဲ့ကြားလိုက်ရ၏။ အရပ်ရပ်အခြေအနေကြောင့် နိုးကြားသတိ ရှိနေကြသော ဝါမေဂိုဏ်းသားတို့သည် မြင်း၏ အဟုန်မျိုးဖြင့် ထိုအရပ်သို့ ပြေးလွှားလာကြ၏။

ခပ်လှမ်းလှမ်းမှပင် အပြင်းအထန် တိုက်ခိုက်နေကြပုံများကို လှမ်းမြင်နေရသည်။ သို့သော် မည်သူမည်ဝါမှန်း မသဲကွဲကြ။

အနီးရောက်မှ ရင်ဘတ်တွင် နီရဲသော မီးတုတ်ရုပ်ပုံများနှင့် အင်္ကျီအဖြူဝတ် လူသုံးယောက်က တစ်ယောက်တည်းသောသူကို ဝိုင်းဝန်းတိုက်ခိုက်နေကြောင်း တွေ့မြင် သိရှိကြရ၏။ သုံးယောက်မှာ အလင်းမာန် ဂိုဏ်းဝင်များဖြစ်ပြီး တစ်ယောက်ကားမည်သူမည်ဝါမှန်း မသိကြ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လှုပ်ရှားပုံများမှာ သွက်လက်လွန်း၊ မြန်ဆန်လွန်းသောကြောင့် ကျန်တစ်ယောက်၏ မျက်နှာကို ပီပီပြင်ပြင် မတွေ့ရ ဖြစ်နေသည်။ တိုက်ပွဲမှာ သုံးယောက်နှင့် တစ်ယောက် ဖြစ်သော်လည်း တစ်ယောက်သမားမှာ ရှုံးနိမ့်ခြင်း မရှိသေး။

ဟူကျင်းသည် တစ်ယောက်တည်းသောလူကို ဂရုတစိုက် ကြည့်သော်လည်း ထိုလူ၏ မျက်နှာမှာ တဝိုးဝိုး တရှိုးရှိုး မြည်နေသော ဓားများကြားမှ ပုံဖမ်းမရ ဖြစ်နေ၏။ ဝင်းခနဲ လက်ခနဲ ဖြစ်နေသော ဓားချက်များသည် မိုးကြိုးမုန်တိုင်း တစ်ခုလို ကြောက်မက်ဖွယ် ကောင်းလွန်းနေ၏။

ရုတ်တရက် တစ်ယောက်တည်းသော ဓားသမားသည် မျက်နှာချင်းဆိုင် တိုက်ခိုက်နေရာမှ သူ့ကိုယ်သူ လေပွေတစ်ခုလို မွှေ့ယမ်းလိုက်ပြီး အဘယ်ပုံ ထိုးခုတ်လိုက်သည်ပင် မသိ အလင်းမာန်တော် ဂိုဏ်းသားတစ်ဦး၏ ရင်ဝမှ သွေးများ ပန်းထွက်လာကာ ပုံခနဲ လဲကျသွား၏။

ဤတွင် မမျှော်လင့်ဘဲ ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်ရှု ရနေကြသော ဝါမေဂိုဏ်းသားတို့သည် တစ်ယောက်တည်းသော ဓားသမား၏ စွမ်းရည်ကို တအံ့တသြဖြစ်ရင်း လက်ခုပ်လက်ဝါး တီးကာ ချီးကျူးဂုဏ်ပြုလိုက်ကြ၏။

ဟူကျင်းသည်လည်း ချုပ်တည်းနိုင်စွမ်း မရှိတော့ဘဲ "ဒါမှ ဓားသမားကောင်းကွ"ဟု အော်ဟစ် ကြွေးကြော်လိုက်မိ၏။

စင်စစ် ဤဓားကွက်သည် သူတို့ ဟူတန်းဂိုဏ်း၏ ဓားကွက် ဖြစ်လေ၏။ ဤအချက်ကြောင့်ပင် ဟူကျင်း သတိလက်လွှတ် ဟစ်အော်လိုက်မိခြင်း ဖြစ်သည်။ မှန်၏။ တိုက်ကွက်ကောင်း တစ်ဦးတည်း ဓားသမားသည် ဟူတန်းခုနစ်ဖော် နံပါတ်ခြောက် "ချင်လီရှန်"ပင်။



ဝါမေဂိုဏ်းသားတို့မှာ အနီးဝန်းကျင်မှနေ၍ လက်ခုပ် လက်ဝါးတီးကာ ဩဘာပေးခဲ့ကြသော်လည်း ဝင်ရောက် တိုက်ခိုက် ကူညီခြင်းကား မရှိ။ ပွဲကြည့်သူများပမာ လက်ပိုက် ကြည့်နေကြ၏။

သူတို့သည် အများနှင့် တစ်ယောက်၊ တရားမှုနှင့် မတရားမှု ခွဲခြားမှု မပြုဘဲ သင်းကွဲစိတ်ဓာတ် အပြည့်ဖြင့် ၊ ရပ်တည် နေကြသူများ ဖြစ်ကြ၍လော။ သို့တည်းမဟုတ် သူတို့၏ သိုင်းပညာသည် အဆင့်နိမ့်လွန်းနေ၍လော။ စဉ်းစားစရာ ရှိ၏။

ထိုစဉ် အလင်းမာန် ဂိုဏ်းသားနှစ်ယောက်သည် သူတို့ ဂိုဏ်းဝင် တစ်ယောက် ကျဆုံးသွားသည့်အတွက် တုန်လှုပ် ချောက်ချားကာ တောင်မြောက်ခွဲ၍ ပြေးလေ၏။ ချင်လီရှန်က အလျှော့မပေး။

တောင်ဘက်အရပ်သို့ ဦးတည်ပြေးသူနောက်သို့ တစ်ဟုန်ထိုး ပြေး၍ ခုန်အုပ်ကာ ပြင်းထန်လှသော လက်ဝါးစောင်း ရိုက်ချက်ဖြင့် နောက်ကျောကို ခုတ်ချလိုက်၏။

ပြေးသူလည်း မလွတ်မှန်း သိသည်နှင့် နောက်ပြန်လှည့်ကာ သူသေကိုယ်သေ ပြန်တိုက်သည်။ ဤတွင် မြောက်အရပ်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်သွားသူမှာ လုံးဝ လွတ်မြောက်တော့မည့် အခြေအနေသို့ ရောက်နေသည်။ ထို့ကြောင့် ထိုလူ လွတ်မြောက်သွားမည့် အရေးကို တွေး၍ ဝါမေဂိုဏ်းသားတို့မှာ ပူပန်သောက ဖြစ်နေကြပြန်၏။ စင်စစ် သူတို့သည် "ချင်လိရှန်"အား အကူအညီ ပေးချင်ကြပေ၏။

သို့သော် သူတို့ အကူအညီ မပေးရဲကြ။ သူတို့ ကိုယ်တိုင် လက်ရောက် ပါဝင်ကူညီခြင်းသည် ချင်လိရှန်ကို ကူညီရာ မရောက်ဘဲ သိက္ခာကျရာ ရောက်မည်ကို စိုးရိမ်နေကြ၍ ဖြစ်၏။ တကယ်လည်း သူတို့သည် ချင်လိရှန်နှင့် ကျိရှောင်မှု အကြောင်းကို ကောင်းကောင်း သိနေကြသည်။

ချင်လိရှန်နှင့် ပတ်သက်၍ သူတို့သည် အထင်ကြီး လေးစားမှု အတိုင်းအတာ ကြီးမားထား၏။ ယခု တိုက်ပွဲတွင် ချင်လိရှန်လို ထိပ်တန်း နာမည်ကြီး သိုင်းသမား တစ်ယောက်ကို သူတို့က ဝိုင်းဝန်းအကူအညီ ပေးခဲ့ကြရသည်ဟုဆိုလျှင် ထိုသတင်းသည် သိုင်းလောကတစ်ခုလုံး ပျံ့နှံ့သွားပြီး ချင်လိရှန်၏ ဂုဏ်သိက္ခာကို ကျဆင်းသွားစေပေလိမ့်မည်။

ထို့ကြောင့် သူတို့ အကူအညီ မပေးရဲကြခြင်း ဖြစ်သည်။ တကယ်လည်း ယခုအခါ၌ သူတို့တစ်တွေသည် ချင်လိရှန်၏ သိက္ခာကို မြှင့်တင်လိုနေကြပါ၏။

မှန်၏။ ဝါမေဂိုဏ်းသားတို့၏ တွေးခေါ်မြော်မြင်မှုသည် သွေးထွက်အောင် မှန်ကန်နေ၏။



ချင်လိရှန် လက်ထဲမှ ဓားသည် ဝင်းခနဲ လက်သွားပြီး မြားတစ်စင်းလို လွှင့်ထွက်သွား၏။ ပြေးနေသူမှာ ရှောင်တိမ်း ချိန်ပင် မရလိုက်၊ သူ့နောက်ကျောကို စူးဝင်လာသော ဓားသွားသည် ရင်ဝမှပင် ဖောက်ထွက်သွား၏။ ချင်လိရှန်၏ အံ့ဘနန်း အတွင်းအားပညာပင်။ ထိုလူသည် သွေးရူးသွေးတန်းဖြင့် ရှေ့ကို ဆက်၍ပြေးသော်လည်း ကြာကြာ မပြေးလိုက်ရ။ သဲမြေပေါ် ဟပ်ထိုး လဲကျသွားလေ၏။

ပွဲကြည့်သူများ ဖြစ်နေသော ဝါမေဂိုဏ်းသားတို့လည်း ယင်းအဖြစ်ကို ငေးကြည့်ရင်း မှင်တက်နေကြ၏။ ချင်လိရှန်၏ အနားမှ အလင်းမာန်တစ်ဦးသည် သဲမြေပေါ်တွင် မှောက်လျက်။ မျက်ကြွယ် ဆရာမကြီးကား အားရ ကျေနပ်ဟန်ဖြင့် ခေါင်းတညိတ်ညိတ် ရှိနေ၏။ သူမသည်...

"အင်း...ဟူတန်းဂိုဏ်းဟာ အံ့မခန်းတော်တဲ့ တပည့်တွေကို မွေးထုတ်နိုင်တာပဲ၊ ငါတို့ ဝါမေဂိုဏ်းမှာတော့ အဲဒီလိုတော်တဲ့ လူမျိုးကို မွေးထုတ်မပေးနိုင်သေးပါလား"ဟု တွေးတောနေ သည်လော။

သို့တည်းမဟုတ်...

"ကျိရှောင်မှုဟာ ဒီလို ပြောင်မြောက်တဲ့ ယောကျ်ား တစ်ယောက်ကို မရရှိ မပိုင်ဆိုင် ဖြစ်ခဲ့ရတာဟာ ကံဆိုးလှတဲ့ အချက်ပဲ"ဟု တွေးတောနေသည်လား မပြောတတ်။

သူသည် အတန်ကြာ မျက်မှောင်ကြုတ်လျက် စဉ်းစားခြင်း ပြုလေ၏။

www.burmeseclassic.com



ထိုစဉ် ဟူကျင်းသည် ချင်လီရှန်အား “ဦးလေး”ဟူ၍ ခေါ်လိုက်မိမတတ် စိတ်လှုပ်ရှားနေ၏။စင်စစ်လည်း သူ့အဖေ အမေနှင့် အချစ်ခင် အရင်းနှီးဆုံး ဖြစ်သလို သူ့အပေါ်တွင်လည်း အကောင်းမွန်ဆုံး ဆက်ဆံခဲ့သူ မဟုတ်လော။ ထို့ကြောင့်လည်း ရှစ်နှစ်တာ ကွဲကွာခဲ့ရာမှ မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသော ချင်လီရှန်ကို တစိမ့်စိမ့်ကြည့်ရင်း ဟူကျင်းတစ်ယောက် ဝမ်းနည်းဝမ်းသာ ခံစားနေရလေ၏။

ယခုအခါ ဦးလေးတော် ချင်လီရှန်မှာ ဟိုးယခင်ကထက် ရင့်ကျက်နေပြီး ဆံပင်များပင် ဖြူစပြုနေပြီကို တွေ့ရ၏။ သူ၏ ရင့်ကျက် ရင့်ရော်မှုများသည် တစ်ချိန်တုန်း အခါက ကျိုးရှောင်မူနှင့် ပတ်သက်ပြီး ထိုခိုက်ကြေကွဲခဲ့ရမှုများဖြစ်ကြောင်း ထင်မြင်လိုက ထင်မြင်နိုင်ပေ၏။

ထိုစဉ် ချင်လီရှန်က မျက်ကြွယ်ဆရာမကြီးကို ဦးညွှတ်ကာ အရိုအသေ ပေးလိုက်၏။ ပြီး...

“ကျွန်တော့် အစ်ကိုကြီး ချိုရွှင်ချောင်းနဲ့ တပည့်ကျော် သုံးဆယ့်နှစ်ယောက်စလုံး ရိရှန့်တောင်ကုန်းကို ရောက်နေကြပါတယ်။ အခု ကျွန်တော်ဟာ အစ်ကိုကြီးရဲ့ အမိန့်နဲ့ ဆရာမကြီးကို လာကြိုတာပါ”

ချင်လီရှန်သည် မျက်ကြွယ်အား တလေးတစား တင်ပြလိုက်၏။ မျက်ကြွယ်က...

“ကောင်းတယ်၊ ခုလို မင်းတို့ ဟူတန်းဂိုဏ်းက အရှင်



ရောက်လာတာ သိပ်ကို ကောင်းသွားတယ်၊ ဒါနဲ့ လမ်းမှာ ဟို မကောင်းဆိုးရွားဂိုဏ်းက လူတွေနဲ့ တိုက်ပွဲဖြစ်ခဲ့ကြသေးလား”

“မကောင်းဆိုးရွားဂိုဏ်းရဲ့ သစ်သားအလံ အဖွဲ့နဲ့ မီးအလံအဖွဲ့ နှစ်ခုနဲ့ သုံးကြိမ်တိုင် တိုက်ခိုက်ခဲ့ကြရပါတယ်။ ဒီတိုက်ပွဲတွေမှာ ရန်သူတချို့ကို နှိမ်နင်းအောင်မြင်ခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ညီလေး မော်ကုဆန်း တစ်ယောက်ပဲ ဒဏ်ရာနည်းနည်း ရခဲ့ပါတယ်”

မျက်ကြွယ်က လေးစားလှစွာပင် ခေါင်းတစ်ညိတ်လိုက်၏။ ဟူတန်းခုနစ်ဖော်ထဲမှ နံပါတ်ခုနစ် မော်ကုဆန်းပင် ဒဏ်ရာရရှိခဲ့သည်ဆိုလျှင် တိုက်ပွဲအရှိန် ပြင်းထန်ခဲ့ကြောင်း ခန့်မှန်းနိုင်ပေသည်။

“ဒါနဲ့ ကွမ်းမိန် တောင်ပေါ်ထိပ်က အင်အား အခြေအနေကကော ဘယ်လိုနေသလဲ”

“ကျွန်တော်တို့ ကြားထားခဲ့တာကတော့ မျက်ခုံးဖြူဂိုဏ်းသားတွေ ထပ်ရောက်နေပြီတဲ့၊ တချို့တွေကတော့ နဂါးမင်းတွေနဲ့ လင်းဆွဲမင်းတို့လဲ ထပ်ရောက်နေကြတယ်တဲ့”

“ဘာ...နဂါးမင်းလဲ ရောက်နေတယ်၊ ဟုတ်လား”

မျက်ကြွယ်သည် တအံ့တဩဖြင့် တုန်တုန်လှုပ်လှုပ် မေးလိုက်သည်။ သူတို့သည် စကားတပြောပြောနှင့် လျှောက်ထွက်သွားကြ၏။ တပည့်အပေါင်းလည်း ခပ်လှမ်းလှမ်းမှ လိုက်ပါသွားကြ၏။ အတန်ကြာမှ ချင်လီရှန်သည် မျက်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးနှင့် ဂိုဏ်းသားတို့အား နှုတ်ဆက်လျက် ခရီးဆက်ရန် ဟန်ပြင်၏။ ထိုစဉ် အားလီက...

"ဦးလေး ချင်လီရှန်၊ ကျွန်မ ဦးလေးကို လူတစ်ယောက် အကြောင်း မေးချင်လို့"

အားလီ စကားကြောင့် ခြေလှမ်းပြင်နေသော ချင်လီရှန်က နောက်ပြန် လှည့်လိုက်ကာ...

"ဘယ်သူ့အကြောင်းလဲ မိန်းကလေး"

"ဩော်...တခြား မဟုတ်ပါဘူး၊ ဦးလေးရဲ့ အစ်ကို ကျန်းချွေးဆန်းလဲ ပါလာသလားလို့ပါ"

မမျှော်လင့်သော မေးခွန်းကြောင့် ချင်လီရှန်နှင့် ဟူကျင်းတို့ နှစ်ယောက်မှာ တီကောင် ဆားနဲ့ အတို့ခံရဘိသို့ တွန့်ခနဲဖြစ်ကာ တုန်လှုပ်သွားကြ၏။

"မိန်းကလေးက ကျုပ်အစ်ကို ကျန်းချွေးဆန်းကို ဘာကိစ္စနဲ့ မေးနေတာလဲ"

ချင်လီရှန်၏ ခပ်ပြတ်ပြတ် အမေးကြောင့် အားလီ၏မျက်နှာ ရဲခနဲ နီသွားပြီး တိုးသက်သော အသံနှင့်...

"ကျွန်မ သူ့သား ကျန်းဟူကျင်းပါ ပါလာသလား သိချင်လို့ပါ"

ကျန်းဟူကျင်း ဆိုသော စကားကြောင့် ဟူကျင်းမှာ ပို၍ တုန်လှုပ် ချောက်ချားသွားသည်။ သူ၏ ထိန်ဝှက်ထားမှုများ ပေါ်လောပေါ်သွားမည်လော အတွေးစိတ်ဖြင့် စိုးရိမ်ထိတ်လန့်နေ၏။



"မိန်းကလေးက ဒီအကြောင်းကို သိပ်သိချင်နေတယ် ဟုတ်လား"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ကျွန်မ သိပ်သိချင်လွန်းလို့ပါရှင်"

"အေး...ဒီလိုဆိုလဲ ပြောပြရတာပေါ့၊ ငါ့ရဲ့ အစ်ကို ကျန်းချွေးဆန်းဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တည်းက ကွယ်လွန်သွားခဲ့ပါပြီ၊ ဒါကို မိန်းကလေး တကယ်မသိဘူးလား"

"ရှင်...ကျွန်မ...ကျွန်မ ဒီအကြောင်းကို မသိခဲ့သေးပါဘူး၊ ခုမှ...ခုမှ..."

အားလီမှာ ကြားရသော စကားကြောင့် အူအသည်းများ ပြောင်းဆန်သွားမတတ် ချောက်ချားသွားရှာသည်။

"ကျန်း...ကျန်းချွေးဆန်း သေသွားပြီ၊ ဟုတ်လား ဦးလေး၊ ဒါ...ဒါဆို သူလဲ အဘေးကြီးတည်းက တစ်ကောင်ကြွက် ဖြစ်နေခဲ့ပြီပေါ့"

"အေး...ဟုတ်တယ်၊ ဒါနဲ့ မိန်းကလေးက ဟူကျင်းနဲ့ သိလို့လား"

"ဟုတ်ကဲ့...သူ့ကို လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က လိပ်ပြာကုန်းက သမားတော်ကြီး ဟိုချင်း အိမ်မှာ တွေ့ခဲ့ဖူးပါတယ်၊ ခုတော့ သူ ဘယ်ဆီရောက်လို့ ဘာဖြစ်နေမှန်း မသိတော့ပါဘူး"

"ဖြစ်နိုင်ပါတယ်၊ အဲဒီအချိန်လောက်က ဦးလေးလဲ ဆရာ အမိန့်နဲ့ လိပ်ပြာကုန်းကို ရောက်ခဲ့သေးတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာ ဟူကျင်း မရှိတော့ဘူး၊ ဘယ်ကိုရောက်လို့ ရောက်မှန်းကို မသိခဲ့ဘူး၊ ဒါကြောင့် ဦးလေး သူ့ကို ကြိုးစားပြီး စုံစမ်းကြည့်တယ်၊ အဲဒီလို စုံစမ်းကြည့်တော့...ဟင်း"

ချင်လီရှန်သည် စကားကို ဆုံးအောင် မပြောတော့ဘဲ သက်ပြင်းတစ်ချက်ကိုသာ "ဟင်း"ခနဲ ချလိုက်သည်။ သူ့ရုပ်သွင်သည် တစ်စုံတစ်ရာကို ကြေကွဲစွာ ခံစားနေရကြောင်း ဖော်ပြသလို ရှိနေ၏။

အားလီသည် ရှေ့ဆက်လာမည့် စကားအတွက် အားမလို အားမရဖြစ်ကာ...

"သူ...သူ...သူ... ဘာဖြစ်သွားသလဲ ဟင်"ဟု အမောတကော မေးလိုက်မိ၏။

ချင်လီရှန်သည် မိန်းကလေးကို မသင်္ကာသလို ဖြစ်လာ၏။ ဤမိန်းကလေးသည် ဟူကျင်းကို အဘယ်အကြောင်းများကြောင့် စိတ်ဝင်တစား ဖြစ်နေရသနည်း။

ယင်းအတွေးကြောင့် သူသည် အားလီကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး...

"မိန်းကလေးက သူ့ကို ဘာဖြစ်လို့ ခုလို ဂရုတစိုက် ဖြစ်နေရတာလဲ၊ မိန်းကလေးနဲ့ သူဟာ ရန်ညိုးတွေများ ရှိခဲ့ကြလို့လား"

မမျှော်လင့်သော အမေးကြောင့် အားလီမှာ ပါးစပ်ဟသွား၏။

"ဒီလိုလဲ မဟုတ်သေးပါဘူး ဦးလေးရယ်၊ ဒါပေမယ့်



ကျွန်မက သူ့ကို မြွေကျွန်းကို လိုက်ဖို့ ခေါ်တုန်းက သူ..."

ချင်လီရှန်သည် အားလီစကားကို ဆုံးအောင် နားမထောင်ဘဲ သူသိချင်သည်ကို ဖြတ်မေးလိုက်ပြန်၏။

"မြွေကျွန်း ဟုတ်လား၊ ဒါဖြင့်ရင် ရွှေပန်းပွင့် ဘွားဘွားနဲ့ မိန်းကလေးက ဘယ်လိုများ တော်စပ်နေသလဲ"

ဤမေးခွန်းကိုလည်း အားလီက မဖြေ။ ချင်လီရှန်ကဲ့သို့ပင် သူပြောချင်သည်ကိုသာ ဆက်၍ ပြောပြန်၏။

"သူ...သူက လိုက်ဖို့မပြောနဲ့ ကျွန်မကိုတောင် ရိုက်ခဲ့သေးတယ်၊ ပြီးတော့ ဆဲလဲ ဆဲတယ်၊ ကျွန်မရဲ့ လက်ဖမိုးကို သွေးထွက်အောင်တောင် ကိုက်ခဲ့သေးတယ်"

မိန်းကလေးသည် ပြောရင်းဆိုရင်း ဟိုစဉ်က အဖြစ်ကို ယခုလက်ငင်း ခံစားနေရသကဲ့သို့ လက်ဖမိုးလေးကို ပွတ်သပ်ကြည့်နေလေ၏။ ပြီးမှ စကားကို ဆက်၏။

"ဒါပေမယ့် ကျွန်မ သူ့ကို စိတ်မဆိုးပါဘူး၊ ခုထက်ထိ သူ့ကို သတိရနေတုန်းပါ၊ ကျွန်မ သူ့ကို မြွေကျွန်းဆီ ခေါ်တာကလဲ သူ့အပေါ် စေတနာထားပြီး ခေါ်တာပါ၊ ဘာဖြစ်လဲဆိုတော့ မြွေကျွန်းက ဘွားဘွားဟာ ရေခဲလက်ဝါးစောင်းဒဏ်ကြောင့် သူ့ကိုယ်ထဲမှာ ရှိနေတဲ့ အအေးဓာတ် အဆိပ်ကို ကုပေးနိုင်မှာ မို့လို့ပဲ၊ ပြီးတော့ သူမတတ်သေးတဲ့ သိုင်းပညာကို ဘွားဘွားက သင်ကြားပေးမှာ မဟုတ်လား၊ ဒါပေမယ့် အဲဒီတုန်းက ကျွန်မရဲ့ စေတနာတွေဟာ ဝေဒနာ ဖြစ်ခဲ့ရပါတယ်၊ ဒါကြောင့်... ဒါကြောင့်..."

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅၁)

www.burmeseclassic.com

www.burmeseclassic.com

## ရွှေမင်းသား

ဟူကျင်း၏ ဦးနှောက်ထဲ၌ ဖြေရှင်းမရနိုင်သော အရှုပ်အထွေးများသည် ယခုမှ ရှင်းလင်းသွားလေ၏။ ယခင်က ရှုပ်ထွေးနောက်ကျိုခဲ့သော စိတ်အစဉ်မှာ ယခုအခါ၌ ကြည်ကြည်လင်လင်ဖြစ်လာခဲ့၏။

"အင်း...လက်စသတ်တော့ အားလီဟာ လိပ်ပြာကုန်းမှာတုန်းက ငါ့ကို အမိဖမ်းဖို့ ကြိုးစားခဲ့တဲ့ ကောင်မလေးကိုး"

"ဖြစ်မှ ဖြစ်ရလေ အားလီရယ်၊ နင့် နှလုံးသားကိုမိုးမိုးချုပ်ချယ်ခဲ့တဲ့ လူဟာ ငါ ဖြစ်နေပါကလား၊ အေး နင်က ငါ့ကို မမှတ်မိသေးသလို ငါကလဲ နင့်ကို မမှတ်မိခဲ့ဘူး၊ ဒီအဖြစ်ဟာ တကယ်တော့ အင်မတန်ဆိုးတဲ့ အဖြစ်ပဲ"

ဟူကျင်းသည် ငြိမ်ငြိမ်သက်သက် တွေးတောနေရာမှ စိန်းကလေးကို စူးစူးစမ်းစမ်း ကြည့်နေမိတော့၏။ ခုမှ ပွင့်နှံခဲ့သော

www.burmeseclassic.com

www.burmeseclassic.com





အတိတ်ဆီက မိန်းကလေး၏ ရုပ်သဏ္ဍာန်သည် ရေးရေး ပေါ် လာ၏။ နီးလျက်နှင့် ဝေးရသော အဖြစ်သည် ရင်နင့်ကြေကွဲ ဖွယ်ရာတည်း။ အားလီသည် ကံဆိုးလွန်းပေစွ။ ဤမျှ တိုတောင်းသော နှစ်ကာလအတွင်း အားလီ၏ ရုပ်သွင်သည် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲနေခဲ့ပေပြီ။ ဤကား မင့်ကူအဆိပ်၏ တန်ခိုးသတ္တိကြောင့်သာ ဖြစ်ပါ၏။ ယခင်က မိန်းကလေး၏ နူးမွတ်သော အသားအရည်၊ ဝင်းပကြည်လင်သော မျက်လုံးအရောင် စသည်တို့သည် ယခုအခါ၌ မထင်မှတ်နိုင် လောက်အောင် ရင့်ရော်ခြောက်ခန်းလျက်။ ဖူးဖူးယောင်နေသော မျက်နှာသည် အကြည့်တန်လွန်းစွာ ရှိနေလေ၏။ ယင်းကြောင့် လည်း ဟူကျင်း သူ့ကို မမှတ်မိခြင်း ဖြစ်လေသည်။ သို့ဆိုလျှင် အားလီ သူ့ကို မမှတ်မိနိုင်သည်မှာ မည်သည့် အကြောင်း အချက်များကြောင့် ဖြစ်ပေသနည်း။ ဟူကျင်း တွေးနေမိပြန်သည်။

"အင်း...မိန်းကလေးရဲ့ စေတနာကို သိရတော့ ဦးလေး ဝမ်းသာပါတယ်၊ ဒါပေမယ့် တစ်နေ့နေ့မှာတော့ မိန်းကလေးရဲ့ စေတနာဟာ အကျိုးပေးလိမ့်လို့ ဦးလေး ထင်ပါတယ် စိတ်နှလုံးကောင်း ထားသူတွေဟာ ဘယ်လိုဒုက္ခနဲ့ ရင်ဆိုင် ရင်ဆိုင်ရ တစ်နေ့နေ့မှာ သုခချမ်းသာကို ရရှိ ပိုင်ဆိုင်ကြမှာ သေချာပါတယ်"

"ဟူကျင်းလေးဟာ တကယ်တော့ ကံဆိုးရှာပါတယ် မိန်း ကလေးရယ်၊ ဦးလေးလဲ လွန်ခဲ့တဲ့ သုံးလေးရက်က ခွန်းလွှ တောင်က ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချုံနဲ့ တွေ့လို့ သူ့အကြောင်း မေးကြည့်ပါတယ်၊ အဲဒီမှာ ကြားခဲ့ရတာကတော့ လွန်ခဲ့တဲ့ လေးနှစ်လောက်က ဟူကျင်းလေးဟာ ချောက်ကမ်းပါးကြီး တစ်ခုထဲ ကျသွားတယ်လို့ သိခဲ့ရတယ် မိန်းကလေး ကြားရတဲ့ သတင်းက ကြေကွဲစရာပါပဲကွယ်၊ အင်း ... သူ့အမေ ခများ မျိုးဆက်ကလေးတစ်ယောက်တည်း ရှိခဲ့တာတောင် ဒီမျိုးဆက် ကလေးက အဖြစ်ဆိုးနဲ့ ကြုံခဲ့ရတယ်ဆိုတော့"

ချင်လီရှန့်သည် ပြောရင်း ဆိုရင်း ရင်ထဲဆို့လာသောကြောင့် စကားကို အဆုံးမသတ်နိုင်ခဲ့။

အားလီမှာ ကြားရသော သတင်းစကားကြောင့် နှလုံးကြေ မွခံစားလိုက်ရတာ နေရာတွင်ပင် အရုပ်ကြိုးပြတ်လဲကျသွားလေ ၏။ ချူကျူးသည် မနေနိုင်တော့။ အားလီကို ပွေ့ပိုက်ကာ နှိပ်နယ် ပြုစုပေးလေ၏။

ယင်းအဖြစ်များသည် ဟူကျင်း၏ နှလုံးသားများကို ဆုပ် ကိုင်ဖျစ်ညှစ်လိုက်သလို ရှိပေ၏။ ဟူကျင်း၏ အသည်းနှလုံး များသည် မွန်းကျပ်ပိတ်လှောင်ကာ နာကျင်ကိုက်ခဲလာ၏။ သူ့အဖြစ်များကို ဖွင့်ဟပြောပြချင်စိတ်များ အုံကြွလာ၏။ သို့ သော် သူမပြော။ အခြေအနေသည် လျှို့ဝှက်ချက်ကို ဖွင့်ပြရန် မဖြစ်သေး။ တဒင်္ဂခံစာရမှုကို မထိန်းသိမ်းနိုင်ပါက အဖြစ်ဆိုး ကြီးနှင့်ပင် ကြုံကောင်း ကြုံရပေလိမ့်မည်။ ထို့ကြောင့် မိမိသည် ဘိုးဘိုး၏ ရှေ့မှောက်သို့ မရောက်ရှိသေးဘဲ မိမိဘဝကိုဖွင့်မပြော

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဟူသော ပိုင်းဖြတ်ချက်ကို ခိုင်ခိုင်မာမာချလိုက်ရတော့၏။ ပိုင်းဖြတ်ချက်နှင့်အတူ ဟူကျင်းသည် ခေါင်းငိုက်စိုက်ချ၍ ငြိမ်သက်နေလေ၏။

ထိုစဉ် သူ့ရှေ့ သဲမြေပေါ်သို့ ရေစက်ကလေး နှစ်စက်ကျလာသည်ကို တွေ့ရ၏။ ထို့ကြောင့် ဟူကျင်း ဆတ်ခနဲ ခေါင်းထောင်မော့လိုက်မိ၏။ ချူကျူး... ။ နတ်မိမယ်တမျှ လှပ ချောမွတ်သော ချူကျူး... ။

"ဟင်း"

ဟူကျင်း အံ့အားတသင့် "ဟင်" လိုက်မိ၏။

ကြည့်စမ်း... ဤနတ်မိမယ်လေး ချူကျူး၏ ပါးပြင်ပေါ်၌လည်း မျက်ရည်စီးကြောင်း နှစ်ကြောင်း။ ကြုံမှ ကြုံ၊ ဆုံမှ ဆုံတတ်လေသည့် အဖြစ်များ။

ဟူကျင်း၏ ငြိမ်သက်စပြုနေသော နှလုံးသွေးများသည် တစ်ဖန်ပြန်၍ နွေးထွေးလျက် တဆတ်ဆတ် ခုန်လာရပြန်၏။

"အင်း... သူကလဲ ငယ်ငယ်တုန်းက ငါနဲ့ လှေပေါ်မှာ တွေ့ခဲ့ဖူးတဲ့ အဖြစ်တွေကို မမေ့သေးဘူးကိုး"

လွန်ခဲ့သော ကာလများက အတိတ်ပန်းချီကားချပ်များသည် ယခု ခဏ၌ သစ်လွင်လတ်ဆတ်ကာ အသက်ဝင်နေပြန်ပြီကော။ ထိုစဉ် အားလီ၏ ဆို့နစ် ကြေကွဲနေသော အသံသည် ပေါ်လာခဲ့ပြန်၏။

"ဦးလေး ချင်လီရှန်၊ ကျွန်းဟူကျင်းကို ဟိုတိုက်ချူးက



လုပ်ကြံလိုက်တာလားဟင်"

"မဟုတ်ပါဘူး မိန်းကလေးရဲ့၊ ကျွန်းဟူကျင်းနဲ့ သိုင်းဆရာကြီး ကျူးချန်လင်တို့နှစ်ယောက်အတူ ချောက်ထဲကျသွားတာကို ခွန်းလွန်တောင်က သိုင်းဆရာကြီး ဟူလက်ကိုယ်တိုင် တပ်အပ်သေချာ တွေ့ခဲ့ရတာတဲ့"

အားလီ ဘာမျှ ထပ်မမေးနိုင်တော့။ စိတ်အစဉ်သည် လေတွင်လွင့်သော ရော်ရွက်လို ဦးတည်ချက်မရှိတော့။ ကြေကွဲဆို့နစ်မှုအပေါင်းသည် ညအမှောင်လို ချောက်ချားဖွယ် ဖုံးလွှမ်းလျက်။ လောကသည် အကြည်းတန်လွန်းပေစွတကား။

ထိုစဉ် အရှေ့မြောက် အရပ်ဆီမှ ဝင်းခနဲလက်လျက် အပြာရောင် မီးကျည်တစ်ခုသည် ကောင်းကင်သို့ ထိုးတက်လာသည်ကို တွေ့လိုက်ရ၏။ ယင်းကြောင့် ချင်လီရှန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်ကာ...

"ဟိုက်... ကျွန်တော့်တူ ချိုးချင်းစူးတို့ အဝိုင်းခံနေရပြီကော"

ချင်လီရှင်သည် ပြောပြောဆိုဆို ဝါမေဂိုဏ်းသားတို့အား အလေးပြု နှုတ်ဆက်ပြီး ဒရောသောပါး ထွက်ခွာသွားလေ၏။ မျက်ကြွယ်ဆရာမကြီးက လက်တစ်ဘက်မြှောက်ပြကာ သူ့နောက်ကို ပြေး၍ လိုက်လေ၏။

တိုက်ပွဲနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ သုံးယောက်နှင့် တစ်ယောက် တိုက်ခိုက်မှုကို တွေ့ကြရပြန်၏။ ယခု

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကား ဈေးစောက သုံးယောက်ထက် သိုင်းပညာအဆင့် မြင့်မားကြောင်း တွေ့ရ၏။ တိုက်ကွက်များကို တွေ့မြင်ရခြင်းဖြင့် တစ်ဦးတည်းသော ဓားသမားမှာ မိမိကိုယ်ကို ကာကွယ်မှု အပိုင်း၌ ပိုင်နိုင်မှုရှိ၏။ ထို့ကြောင့်လည်း တိုတောင်းသောအချိန်အတွင်း အနိုင်ရယူကျရောက်ခြင်း မရှိနိုင်သေး။

တိုက်ကွင်း၏ မနီးမဝေးတွင် လူခြောက်ယောက် မတ်မတ်ရပ်နေကြ၏။ သူတို့၏ အင်္ကျီရင်ဘတ်များတွင် မီးတုတ်ရုပ်ပုံများ ရေးဆွဲထားသည်ကို တွေ့ရ၏။ သူတို့ကား အလင်းမာန်တော် ဂိုဏ်းဝင်များပင်။ ထိုသူတို့သည် တိုက်ကွင်းထဲဝင်ရောက်၍ ပါဝင် တိုက်ခိုက်ခြင်း မပြုကြသေး။

ချင်လီရှန့်တို့ ရောက်လာကြသည်ကို တွေ့ရသောအခါ၌ သူတို့ထဲမှ တစ်ယောက်သည် အသံကုန်ဟစ်လိုက်၏။

"ဟော့... မျက်ခုံးဖြူဂိုဏ်းက ရဲဘော်တွေ ရန်သူတွေ ရောက်လာကြပြီကွ၊ မင်းတို့ အခြေအနေနဲ့ မဖြစ်တော့ဘူး၊ မြန်မြန် ပြေးကြ၊ ငါတို့နောက်ကနေ ထိန်းထားမယ်၊ သွားကြ သွားကြ"

အစေခံ ဝတ်စုံများကို ဝတ်ထားသော တိုက်ပွဲထဲမှ လူတစ်ယောက်က...

"မြေကြီး အလံက ရဲဘော်၊ မင်းတို့ ခြေလှမ်းက သိပ်နှေးလွန်းတယ်၊ မင်းတို့သာ ပြေးနှင့်ကြဟေ့" ဟု ပြန်အော်နေ၏။

ထိုစဉ် ချူကျူးက ကျင့်ရှီးကို မေးလိုက်၏။

"အစ်မ... ဒီလူ သုံးယောက်က ဘယ်သူတွေလဲ"



"သူတို့ဟာ မျက်ခုံးဖြူ ဂိုဏ်းချုပ်ကြီး ချင်တင်းကျက်ရဲ့ အိမ်စေသုံးယောက်ပဲ၊ နာမည်တွေက ဟူဖူ၊ ဟူလုနဲ့ ဟူဆိုတို့ပဲ"

"အိမ်စေ သုံးယောက်တောင် ဒီလောက် တော်နေကြရင်..."

ချူကျူး စကားမဆုံး၊ ကျင့်ရှီးက ဖြတ်ပြောသည်။

"တော်ဆို ဒီလူသုံးယောက်ဟာ အရင်က တကယ့်ထိပ်သီးလူဆိုးကြီးတွေပဲ၊ ဟိုခြောက်ယောက်ထဲက အရပ်ပုပုလူကတော့ မြေကြီးအလံခေါင်းဆောင် "ရယ်ဆန်း" သူတို့လဲ ဂိုဏ်းချုပ်နေရာ လုနေကြတာမို့ တစ်ယောက်နဲ့တစ်ယောက် သိပ်မတည့်လှဘူး"

"ထိုစဉ် ရှီးခနဲ အသံနှင့်အတူ တိုက်ကွင်းထဲမှ တစ်ဦးတည်းသောလူငယ်၏ အင်္ကျီမှာ တစ်ဘက်လူ၏ ပက်ဓားကြောင့် စုတ်ပြဲသွား၏။

ချင်လီရှန့်သည် တိုက်ကွင်းထဲ ခုန်ဝင်ပြီး ဟူလု၏ မြောက်တက်သွားသော ဓားကို သူ့ဓားဖြင့် ဖြတ်ခုတ်လိုက်၏။ "ချွမ်း" ဟူသော အသံနှင့်အတူ မီးပွင့်မီးပွား ဖြာကျလာ၏။ တစ်ချိန်တည်းမှာပင် ဟူလု၏ ဓားမှာ ကွေးကောက်သွား၏။

ဟူလုသည် ပြင်းထန်သောအတွင်းဒဏ်ကို ခံစားလိုက်ရသောကြောင့် ထိတ်လန့်တုန်လှုပ်သွား၏။ တစ်ပြိုင်တည်းပင် နှော်ကို ခုန်ဆုတ်လိုက်၏။ သို့သော်" ဟူလု ကံဆိုးသွားလေ၏။ လှုပ်တစ်ပြက် ခုန်ထွက်ကာ ရုတ်တရက် တိုက်ခိုက်လာသော

www.burmeseclassic.com

www.burmeseclassic.com



အားလီ၏ လက်ညှိုးနှစ်ချောင်းသည် သူ၏ မျက်လုံးနှစ်လုံးကြားဆီသို့ စူးရှပြင်းထန်စွာ တိုးဝင်သွားလေ၏။ သူရှောင်ထွက်ရန်ကြိုးစားသေး၏။ မလွတ်တော့။ သူ့တစ်ကိုယ်လုံး မလှုပ်ရှားနိုင်လောက်အောင် တောင့်တင်းသွား၏။ တစ်ချိန်တည်းမှာပင် သူ၏ မျက်နှာတစ်ခုလုံး ညိုမည်းနက်မှောင်လာလေသည်။

ယင်းအဖြစ်ကြောင့် ဟူဖုနှင့် ဟူဆိုမှာ ချောက်ချားသွား၏။ ထို့နောက် သူတို့နှစ်ယောက်စလုံး တိုက်ပွဲကို ရပ်ကာ ဟူလုထံ ပြေးသွားကြ၏။ သူတို့ ရဲဘော် ဟူလုကား အသက်မရှိတော့ချေ။

ထို့ကြောင့် သူတို့သည် တစ်ဘက်သို့ ပြန်လှည့်လာ၏။ မမျှော်လင့် မထင်မှတ်သော မြင်ကွင်းကြောင့် ထင်သည်။ သူတို့ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသား ဖြစ်သွားကြပြန်၏။

"အိုး... မမလေး အားလီပါလား"

နှုတ်မှလည်း အာမေဋိတ်သံများ ထွက်လာ၏။

"ဟင်း... ဟင်း... ရှင်တို့ ကျွန်မကို မှတ်မိကြသားပဲ"

အားလီ၏ ခနဲ့စကားကြောင့် သူတို့ ငြိမ်သွားကြ၏။ အတန်ကြာမှ ဟူလု၏ အလောင်းကို ပွေ့ချီကာ တိုက်ကွင်းထဲမှ ထွက်ခွာသွားကြ၏။ သူတို့နှင့်အတူ ကျန်ခြောက်ယောက်လည်း ခေါင်းငိုက်စိုက်နှင့် ထွက်သွားကြတော့၏။

ထိုစဉ် မျက်ကြွယ်ဆရာမကြီး၏ မကျေနပ်သော အသံတစ်ခုသည် ဟိန်းထွက်လာ၏။

"နင်က ဒီပင့်ကူလက်ညှိုးသိုင်းကို ကျင့်နေတုန်းပဲလား"

"ဟုတ်တယ်၊ ဒါပေမယ့် ပန်းတိုင်မရောက်သေးပါဘူး"

"အေး... တကယ်လို့ လုံးဝအောင်မြင်သွားရင်လဲ ဘယ်လွယ်တော့မှာလဲ၊ ဒါနဲ့ ဘာဖြစ်လို့ ဟူလုကို သတ်လိုက်ရတာလဲ"

"ကျွန်မစိတ်နဲ့ ကျွန်မကိုယ် သတ်ချင်လို့ သတ်တာပေါ့"

အားလီသည် မျက်ကြွယ်ကို ပမာမခန့် ပြန်ပြောလိုက်၏။ စင်စစ်မျက်ကြွယ်သည် သူမအတွက် ကျေနပ်စရာလူ ဟုတ်မှ မဟုတ်ဘဲ။ မျက်ကြွယ်သည် ခက်ထန်သော မျက်နှာထားဖြင့် အံကိုကြိတ်လိုက်၏။ တစ်ချိန်တည်းမှာပင် ကျင့်ရှိုးလက်ထဲမှ ဓားကို ဆွဲထုတ်လိုက်ပြီး သူ့ရှေ့မှ အားလီ၏လက်ကို ဆတ်ခနဲ ခုတ်လိုက်၏။ "ရှမ်း"ဟူသော အသံနှင့် အတူ အားလီလည်း ခုန်ဆုတ်လိုက်ရ၏။

တကယ်တော့ မျက်ကြွယ်သည် အားလီ၏ လက်ညှိုးကို မုန်းတီးနေခြင်းပင်။ တစ်နည်းအားဖြင့်ဆိုလျှင် ကြောက်ရွံ့နေခြင်းပင်။ သူသည် အားလီ၏ အဆိပ်လက်ညှိုးကို ပိုင်းဖြတ်လိုက်သော်လည်း သူ့တိုက်ကွက်က အောင်မြင်ခြင်းမရှိခဲ့ပေ။ အကြောင်းမှု အားလီသည် ပင့်ကူလက်ညှိုးသိုင်းပညာကို လုံးဝအောင်မြင်ပေါက်ရောက်ခြင်းမရှိသေး၍ သူ့လက်ညှိုးနှစ်ချောင်းကို သံကွင်းများစွပ်ထားခဲ့၏။

ယင်းအချက်ကြောင့် မျက်ကြွယ် ဖြတ်ပယ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးနှစ်ချောင်းသည် ပြတ်မသွားခဲ့။ မျက်ကြွယ်က လူ့သိက္ခာကို သူဆည်၏။ သူလိုဂိုဏ်းချုပ်တစ်ယောက်သည် ဘာမဟုတ်သည့် သာမန်မိန်းကလေးတစ်ယောက်ကို တစ်ချက်တည်းနှင့် မတိုက်ခိုက်နိုင်သောအခါ ထပ်မံတိုက်ခိုက်ရန် မသင့်တော့။ မကျေနပ်၍ အနိုင်အထက်ပြုကျင့်လျှင် တပည့်ပေါင်း၏ လေးစားမှုကို ရနိုင်တော့မည်မဟုတ်။ ဤတွင်မက ဂိုဏ်းချုပ်ကြီးဟူသော သိက္ခာပင် ကျဆင်းသွားရပေလိမ့်မည်။

ထို့ကြောင့် မျက်ကြွယ်သည် လက်ထဲမှဓားကို ကျင့်ရှင်းထံ ပစ်ပေးလိုက်၏။

"ဒီတစ်ခါတော့ နင့်ကို ညှာလိုက်မယ်၊ နောက်တစ်ခါ ထပ်ပြီး ငါ့ရှေ့မှာ ဒီလက်ညှိုးကို အသုံးမချပါနဲ့ ဒါပဲ"

အခြေအနေ အေးချမ်းသွားသောအခါ ချင်လီရှန်သည် သူ၏ လူငယ်စားသမားလေးကို ခေါ်လိုက်၏။

"ချိုချင်းစူး၊ ဆရာမကြီးနဲ့ မိတ်ဆွေတွေကို နှုတ်ဆက်လိုက်ပါဦးကွ"

ချင်လီရှန်၏ စကားကြောင့် ချိုချင်းစူးသည် အနားသို့ ရောက်လာ၏။ သူသည် ပြုံးရွှင်ဖော်ရွေသော မျက်နှာထားဖြင့် ဝါမေဂိုဏ်းသားတို့အား နှုတ်ဆက်လိုက်၏။ ကျင့်ရှီးကလည်း အပြန်အလှန်ပင် တစ်ဦးချင်း မိတ်ဆက်ပေး၏။ သူတို့အားလုံး ချိုချင်းစူးအား ချစ်ခင်လေးစားစိတ်များ ဖြစ်ပေါ်လာ၏။

ဤတွင် ချင်လီရှန်က မိတ်ဆက်ပွဲကလေး၏ လိုအပ်ချက်



အချို့ကို ဖြည့်စွက်ပြောကြားနေပြန်၏။

"ချိုချင်းစူးဟာ ကျွန်တော်တို့ရဲ့ ရဲဘော်ရဲဘက် ဖြစ်သလို ကျွန်တော့်အစ်ကိုကြီးရဲ့ တစ်ဦးတည်းသော သားလဲ ဖြစ်ပါတယ်"

"အိုး... လက်စသတ်တော့ အခုတလော သိုင်းလောကမှာ ရွှေမင်းသားဆိုပြီး နာမည်ကြီးနေတာ ဒီအစ်ကိုလေးကိုး၊ ခုလို သိကျွမ်းရတာကိုပဲ ကျွန်မတို့ ဝမ်းသာလှပါပြီရှင်"

တကယ်လည်း ဝါမေဂိုဏ်းသားတို့သည် ဝမ်းသာလှိုက်လှဲ နေကြ၏။ အစက သူတို့သည် သိုင်းလောက၌ ထင်ပေါ် ကျော်ကြားနေသော ရွှေမင်းသား ဆိုသည်ကို မသိမမြင်ဖူးကြ။ ယခုကဲ့သို့ နုငယ်သူလေး ဖြစ်မည်ဟုလည်း မထင်မှတ်ခဲ့ကြ။ ခုတော့ ချောမောနုငယ်သော ရွှေမင်းသားကလေးသည် အထင်နှင့်အမြင် အကွာကြီးကွာလျက် ရှေ့မှောက်တွင် ရောက်ရှိနေပေပြီ။

ထိုအချိန်တွင် အားလီက ဟူကျင်းကို တိုးသက်သော အသံဖြင့် ပြောနေပြန်၏။

"နွားလေး...ဒီလူက နင့်ထက်ချောတယ်ဟ"

"ဒါပေါ့...ပြောစရာလိုသေးလို့လား"

"နင်...မနာလို မဖြစ်ဘူးလား၊ ဟိ...ဟိ"

"ဘာဆိုင်လို့လဲ"

"မဆိုင်ဘူး ဟုတ်လား၊ နင် မှန်မှန်ပြောနော်၊ နင့် ချူးကျူးက ရွှေမင်းသားကို မျက်လွှဲကျွတ်မတတ် ကြည့်နေတာ

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ ဝန်မတိုဘူးလားဟ"

အားလီက တိုးသက်စွာ ပြောသောလည်း ထိုစကားကို ချူကြျူးကြားသွား၏။ သူမသည် သူခိုးလူမိ စကားကဲ့သို့ ရှက်ကိုးရှက်ကန်းနှင့် ဟူကျင်းကို လှမ်းကြည့်လိုက်သည်။

အကြည့်ချင်းဆုံသော ခဏ၌သူတို့ နှစ်ယောက်စလုံး ရင်ခုန်သွားကြ၏။ ထိုစဉ် ချင်လိရှန်က ချိုချင်းစူးကို ပြောလိုက်၏။

"ကဲ...လူကလေး ငါတို့ သွားကြစို့"

"နေဦး ဦးလေး၊ ခုံတုံဂိုဏ်းက လူတွေကို ဒီနေရာမှာ လူစုဖို့ချိန်းထားတယ် ဦးလေး၊ ချိန်းထားတဲ့ အချိန်အတိုင်းဆိုရင် သူတို့ သိပ်နောက်ကျနေပြီ၊ လမ်းမှာ တစ်ခုခုဖြစ်နေပြီးလား မဆိုနိုင်ဘူး"

"ဒီလိုဆို ဘယ်လို လုပ်မလဲ"

"ကျွန်တော်တို့ ဝါမေဂိုဏ်းနဲ့အတူ သွားကြိုနှင့်မှ ကောင်းမယ်၊ ဒီကနေ့ ဆယ်မိုင်လောက် သွားမိရင်တော့ သူတို့နဲ့ တွေ့လိမ့်မယ် ထင်တာပဲ"

ထိုစဉ် ကျင့်ရှီးက ဝင်ပြော၏။

"အစ်ကိုလေး ကိစ္စက သေချာရဲ့လား"

"ကျွန်တော် ခန့်မှန်း ပြောတာပါ"

ထိုစကား၏ လျှို့ဝှက်ချက်ကို ချင်လိရှန်က နားလည်၏။ ချိုချင်းစူးသည် သူ၏ နည်းပရိယာယ် တွက်ချက်မှုများဖြင့်



ပါးပါးနပ်နပ် ပြောလိုက်ခြင်းသာ ဖြစ်၏။ ဒါကို ကျင့်ရှီး တစ်ယောက် နားလည်ချင်မှ နားလည်ပေလိမ့်မည်။

စင်စစ် ချိုချင်းစူးသည် ချိုရှင်ချောင်း၏ သားဖြစ်၏။ သူ့ခေါင်းသည် သိုင်းပညာကိုသာ တတ်ကျွမ်းသည် မဟုတ်။ စစ်ရေး နည်းပရိယာယ်နှင့် စစ်ဗျူဟာများကိုလည်း ကျွမ်းကျင်သိမှာသူ ဖြစ်၏။ ထို့အတူ ဖအေတူသား ချိုချင်းစူးသည် သူ့အဖေ ခြေရာကို လိုက်မီသူဖြစ်၏။

ယင်းကို ကောင်းကောင်း သိထားသော ချန်လိရှန်က...

"ကောင်းပြီ လူကလေး၊ ငါတို့အားလုံး အတူတူ သွားကြတာပေါ့"

သို့နှင့် သူတို့ လူစုသည် အနောက်အရပ်ဆီသို့ လျှောက်လာကြလေ၏။ ဆယ်မိုင် ခရီးခန့် လျှောက်မိကြသောအခါ သဲကုန်းမို့မို့ကြီး တစ်ခုကို တွေ့လိုက်ရ၏။ ဤအရာသည် ဤဒေသ၌ ထူးခြားသော အမှတ်သား တစ်ခုလို ဖြစ်နေ၏။ ထို့ကြောင့်ပင် သူတို့ အားလုံး အပြေးအလွှား ကြည့်မိကြသောအခါ လူများကို သဲမြေထဲ၌ မြှုပ်နှံထားသည်ကို တွေ့လိုက်ကြရ၏။ သဆုံးနေသူ အားလုံး ကြီးမားသော ဒဏ်ရာဒဏ်ချက်များနှင့်သာ ဖြစ်၏။ အချို့မှာ ခေါင်းရိုးများ ကြေမွနေ၏။ အချို့မှာမူ ရင်ခေါင်းများ ချိုင့်ဝင်နေ၏။ သူတို့အားလုံး ကြီးမားလေးလံသော လက်နက်ကြီးများဒဏ်ကို ခံစားခဲ့ရကြောင်း ထင်သာမြင်ရှား၏။ ဤတွင် ချင်လိရှန်က...

www.burmeseclassic.com

www.burmeseclassic.com



"ဖန်ရှန့်ဂိုဏ်းဟာ ရန်သူရဲ့ တိုက်ခိုက်မှုကို မရှော ခံလိုက်ကြရပြီကိုး၊ ဒါဟာ မကောင်းဆိုးရွား ဂိုဏ်းထဲ သစ်သားအလံအဖွဲ့ရဲ့ လက်ချက်ပဲ ဖြစ်မယ်"

မျက်ကြွယ် ဆရာမကြီးသည် မနှစ်မြို့နိုင်သော အမူအ ဖြင့် မျက်မှောင်ကြုတ်ကာ...

"ဖန်းရှန်ဂိုဏ်းက ဒီကို ဘာလာလုပ်တာလဲ၊ မင်းတို့ တို့ကို ဖိတ်ခေါ်ထားခဲ့သလား"

သူမ အသံသည် မလိုလားဟန် ပေါ်နေ၏။ ယင်းကို မိသော ချင်လီရှန်က...

"ကျွန်တော်တို့ ဖိတ်ခေါ်ထားတာ မဟုတ်ပါဘူး၊ ဒါပေမ ဖန်းရှန်ဂိုဏ်းရဲ့ ဆရာကြီးဟာ ခုံးတုံဂိုဏ်းသား တစ်ယောက် တော့ သူတို့ကလဲ ဘဝတူ ဂိုဏ်းအတွက် အကူအညီ ပေး လို့ ရောက်လာကြတာ ဖြစ်မှာပေါ့"

မျက်ကြွယ်သည် မျက်နှာမဲ့သွား၏။ ဝါမေဂိုဏ်းသား ကား ချိုချင်းရှူ၏ တွက်ချက် ခန့်မှန်းမှု မှန်ကန်နေသည် တွေ့ရသောကြောင့် တီးတိုး ချီးကျူးမိကြ၏။

ထိုစဉ် သူတို့အထဲမှ ရှန့်ဇေ့ဆိုသူ လူငယ်က...

"အစ်ကို ချိုချင်းရှူး၊ ကျွန်တော်တို့တစ်တွေ နောက်ထ ရန်သူတွေနဲ့များ တွေ့နိုင်ဦးမလား"

သူ့စကားပင် မဆုံးလိုက်။ သဲပုံထဲမှ လူတစ်ယောက်သည် ဝုန်းခနဲ ခုန်ထွက်လာကာ ရှန့်ဇေ့ကို ပွေ့ပိုက်လျက် ထွက်ပြေ သွားလေ၏။



အပြစ်အချက်ကား မြန်ဆန်လွန်း၏။ မိန်းကလေး အချို့ မှာ အလန့်တကြား အော်ဟစ်လိုက်မိသည်အထိ ဖြစ်ရ၏။

မျက်ကြွယ်၊ ချင်လီရှန်၊ ချိုချင်းရှူး၊ ကျင့်ရှီး၊ သူတို့လေး ယောက်သည် လျှပ်တပြက် ဆိုသလိုပင် ပြေးလိုက်ခဲ့လေ၏။ သဲပုံထဲမှ ထွက်လာသူကား အခြားသူမဟုတ်။ အလင်းမာန်ဂိုဏ်း မှ လင်းဆွဲမင်းဖြစ်လေ၏။ သူသည် ယခင်အကြိမ်က ကဲ့သို့ ပင် ဖြောင့်ဖြောင့်ပြေးခြင်းမရှိဘဲ ကွေ့ကောက် လှည့်ပတ်၍ ခုန်ပျံနေ၏။

ချင်လီရှန်နှင့် မျက်ကြွယ်တို့သည် အတန်ကြာသည်အထိ ရန်သူကို မဖမ်းနိုင်ကြသေး။ ထို့ကြောင့် ချိုချင်းရှူးက...

"အစ်ကို ကျောက်လင်နဲ့ ချိဝန် တယ်ဘက်က ပတ်ဝိုင်း၊ အစ်ကို ခွန်းလန်နဲ့ လီမိန်က ညာဘက်က ဝိုင်း"

ချိုချင်းရှူးသည် သံကုန်ဟစ်၍ နာမည်များကို စဉ်ဆက်မ ပြတ်ခေါ်ပြီး ကျားကွက် ရွှေ့သလို အကွက်ချလိုက်၏။ လင်းဆွဲ မင်းကို ပြေးပေါက်မရှိအောင် ပိတ်ဆို့နိုင်အောင် ကြိုးစားနေခြင်း ဖြစ်၏။

ယင်းကို သိသော လင်းဆွဲမင်း ဝေရှိသည် တုန်လှုပ်သွား ၏။ ယခုပင်လျှင် ဝေရှိမှာ လှည့်ပတ်ပြေးနိုင်စွမ်း မရှိတော့။ ထို့ကြောင့် သူသည် အခြေအနေကို ရိပ်မိကာ လက်ထဲမှ ရှ ကို မြောက်တင် ပစ်လွှတ်လိုက်၏။ ဤတွင် ပြောင်းလဲသွားသော အခြေအနေကြောင့် အနီးကပ်ခုံး ထွက်ပေါက်မှ ရှ၍ ဖွန့်ဖွန့်

www.burmeseclassic.com

www.burmeseclassic.com



စားစား ဖောက်ထွက်ကာ တစ်ချိုးတည်း ပြေးလေ၏။ ပြေးရင်းမှပင် သူက ပြောလိုက်သေး၏။

"ကောင်းတယ်ဟေ့၊ နောက်ပေါက် လူငယ်တွေလဲ ကြောက်စရာကောင်းနေပါလားဟ၊ ဝါမေဂိုဏ်းမှာ ဒီလို လူတော်လဲ ရှိနေသေးတာကိုး၊ သီလရှင်ကြီး ခင်ဗျား ဘယ်ဆိုးလို့လဲဗျ၊ ဟား ဟား ဟား"

လင်းဆွဲမင်းသည် အမှန်တကယ် ချီးကျူးလိုက်ပြီး မျက်ကြွယ် ဆရာမကြီးကိုကား လှောင်ပြောင် ရယ်မောပစ်လိုက်၏။

မျက်ကြွယ်ကား ကြိတ်မနိုင် ခဲမရဖြစ်လာ ကျန်ရစ်ခဲ့၏။ သူ့ တပည့် ရှန့်ဇေ့ လည်ပင်းမှာ သွေးစီးကြောင်းတစ်ခု ဖြစ်နေပြီး အသက်မရှိတော့။ အားလုံးပင် မျက်ကြွယ်အနားမှာ ဝိုင်းလျက် ဘာစကားမျှ မပြောနိုင်ကြ။

"အင်း...လင်းဆွဲမင်း ဝေရီဟာ သူ့ရဲ့ သိုင်းပညာကို ထုတ်ပြတော့မယ်ဆိုရင် လူသွေးကို သောက်ရသတဲ့၊ အစက သတင်းစကားသာ ကြားခဲ့ရဖူးတယ်၊ ခုတော့ လက်တွေ့ ဖြစ်နေပါကလား"

ချင်လီရှန်၏ စကားက မျက်ကြွယ်၏ နားထဲသို့ သံပူရည် လောင်းချလိုက်သလို ဖြစ်သွား၏။ သို့သော် သူသည် ထိုစကားကို ဂရုမစိုက်သလို နေလိုက်ပြီး ချိုချင်းစူးကို စိုက်ကြည့်ကာ မေးခွန်းထုတ်လိုက်၏။

"ချိုချင်းစူး၊ မင်းဟာ ငါ့တပည့်တွေရဲ့ နာမည် အားလုံးလိုလိုကို သိနေပါကလား"

"ဒါ မဆန်းဘူး ဆရာမကြီး၊ ခုနကလဲ မမကျင်ရှီးက တစ်ဦးချင်း မိတ်ဆက်ပေးခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ မင်းဟာ အတော်ကို မှတ်ဉာဏ်ကောင်းတဲ့ လူငယ်တစ်ယောက်ပဲ"

သူမ၏ လေယူ လေသိမ်း နောက်ကွယ်တွင် လျှို့ဝှက်ချက်များ ရှိနေခဲ့ပြီလော။ ချိုချင်းစူး အဖြေရှာမရနိုင် ဖြစ်နေလေ၏။

သို့နှင့် ညသည် ချဉ်နင်း ဝင်ရောက်ခဲ့ပြန်၏။ ထို့ကြောင့် သူတို့အားလုံး ရောက်ရာနေရာတွင်ပင် စခန်းချ ရပ်နားလိုက်ကြ၏။ သူတို့ ကောင်းစွာပင် အနားမယူကြရသေး အရှေ့မြောက်အရပ်ဆီမှ အဝါရောင် မီးကျည်တစ်ခုသည် ထက်ကောင်းကင်သို့ ထိုးတက်လာပြန်၏။ ချင်လီရှန်သည် ထိုင်ရာမှ ရုတ်ခနဲ ထ,ကာ...

"ခုံးတုံ့ဂိုဏ်းက လူတွေ ဝိုင်းခံနေရပြန်ပြီဟေ့"

ချင်လီရှန်၏။ အော်ဟစ်သံကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ချင်လီရှန် ဤသို့ ပြောနိုင်ခြင်းမှာ စင်စစ် ဘာမျှမဆန်း၊ သူတို့ဂိုဏ်းကြီး ခြောက်ဂိုဏ်းသည် အရေးကြုံက ဤသို့ ချက်ပြရန် သင်္ကေတချက် အရောင်များဖြင့် အစီအစဉ် လုပ်ထားခဲ့ကြသည် မဟုတ်လော။ သူတို့ အားလုံးသည် လျှို့ဝှက် သင်္ကေတထားချက်များကြောင့် အချိန်ဆွဲမနေနိုင်ကြဘဲ ခုံးတုံ

www.burmeseclassic.com



ဂိုဏ်းရှိရာ အပြေးအလွှား လာခဲ့ကြရပြန်၏။

သို့သော် မီးကျည်ပစ်လွှတ်ရာ ပတ်ဝန်းကျင်သို့ သူတို့ ရောက်ရှိခဲ့သောအခါ လူရိပ်လူယောင်ပင် မတွေ့ကြရ။ ထို့ကြောင့် သူတို့အားလုံး တွေဝေသွားကြ၏။ ထိုအချိန်မှာပင် အဝါရောင် မီးကျည်တစ်ခုသည် အခြားတစ်နေရာမှ ထွက်ပေါ်လာပြန်၏။

"သူတို့တွေ ဟိုဘက်ကို ရောက်သွားကြပြီဟေ့"

သည်တစ်ခါ ကျင့်ရှိုးက အခြေအနေကို ခန့်မှန်း၍ ဟစ် အော်လိုက်ပြန်၏။ ကျန်လူများ ဘာမျှ မစဉ်းစားနိုင်ကြ။ မီး ကျည်ထွက်ပေါ်ရာသို့သာ အားသွန်ပြေးခဲ့ကြပြန်၏။

သို့သော်...ယခုအကြိမ်တွင်လည်း စောစောကကဲ့သို့ပင် လူရိပ်လူယောင် မတွေ့ရဖြစ်နေ၏။ ဤတွင် ချိုချင်းရှူးက...

"ကျွန်တော်တို့ တစ်တွေဟာ ရန်သူရဲ့ လှည့်စားမှုကို နေကြရပြီ၊ ဒီအတိုင်းဆို ခုံးတုံ့ဂိုဏ်းဟာ မရှုမလှ ဖြစ်နေပြီလား မပြောတတ်ဘူး၊ ကျွန်တော်တို့ဟာ ထင်သာမြင်သာ ဖြစ်နေ အခြေအနေရဲ့ ဆန့်ကျင်ဘက်ကို လိုက်မှ ဖြစ်လိမ့်မယ် ကဲ...ကျွန်တော့်နောက်ကသာ သတိထားပြီး လိုက်ခဲ့ကြပါ"

ချိုချင်းရှူးသည် ပြောပြောဆိုဆို အနောက်တောင် အရပ် သို့ ခြေဦးလှည့်ကာ ထွက်ခွာသွားလေ၏။

ချင်လီရှန်နှင့် မျက်ကြွယ်တို့လည်း အခြေအနေကို ရိပ် မိလိုက်ပြီဖြစ်၍ ချိုချင်းရှူး၏ ဦးဆောင်မှု နောက်သို့ လိုက်ခဲ့ကြတော့သည်။



သူတို့အားလုံး ဆယ်မိုင်ခရီးမျှ ပေါက်ရောက်လာကြသော အခါ မျက်ကြွယ်၊ ချင်လီရှန်၊ ချိုချင်းရှူးတို့ကဲ့သို့ သိုင်းပညာ အဆင့်မြင့်သူများမှအပ ကျန်လူများမှာ ပင်ပန်း မောဟိုက်နေ ကြ၏။

ထိုစဉ် သူတို့၏ အရှေ့ဘက် သဲကုန်းမို့မို့ တစ်ခုပေါ်တွင် လူတစ်ယောက်သည် မားမားရပ်နေလျက်ရှိပြီး နောက်တစ် ယောက်မှာ အနီး၌ ထိုင်နေသည်ကို တွေ့ကြရ၏။ သေသေ ချာချာ ကြည့်လိုက်သောအခါ အားလီနှင့် ဟူကျင်းတို့နှစ်ယောက် ဖြစ်နေ၏။ ထို့ကြောင့် သူတို့အားလုံး အံ့အားသင့်သွားကြ၏။ အဘယ်နည်း အဘယ်ပုံဖြင့် သူတို့နှစ်ယောက်သည် ရှေ့ဆုံးသို့ ရောက်ရှိနေကြသနည်း။

မျက်ကြွယ်သည် အားလုံးထက် ပိုကဲစွာ အံ့သြခြင်း ဖြစ် နေ၏။ သူတို့သည် သူလိုဂိုဏ်းချုပ် တစ်ယောက်ထက်ပင် လျင်မြန် နေကြပြီလား။

"ဟင်း...ဟင်း၊ ကျွန်မတို့ကို အံ့သြနေကြပြီလား၊ ကျွန်မတို့ က အရင် အဝါရောင်မီးကျည် ထိုးတက်လာကတည်းက ဖရို ယာယီဆင်ထားတဲ့ မီးကျည်မှန်း သဘောပေါက် နေကြပါတယ်၊ ဒါကြောင့် ကျွန်မတို့နှစ်ယောက် ဒီဘက်ကို ခွဲထွက်ပြီး စောင့် နေကြတာပါ၊ ဒါ...အမှန်ပဲ မဟုတ်လား နွားလေး"

အားလီသည် မျက်ကြွယ်တို့ကို တိုက်ရိုက် ပြောသလိုနှင့် ဟူကျင်းဘက်သို့ စကားဦးလွှဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“အားလီပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့က ကြိုပြီး ခွဲထွက်လာခဲ့လို့ အတော်ကြာကြာ အနားယူခဲ့ပြီးပါပြီ၊ ခင်ဗျား တို့ သိပ်ပင်ပန်းနေကြပြီလား”

ဤတွင် မျက်ကြွယ်က ဒေါသကြီးစွာဖြင့် အော်လိုက်၏။

“ဒီလိုမှန်း သိလျက်နဲ့ တို့ကိုဘာဖြစ်လို့ မပြောခဲ့တာလဲ”

“ဩော်...ရှင်တို့က ကျွန်မတို့ကို အရေးမှမစိုက်တာဘဲ၊ ဒီတော့...ကျွန်မတို့ ပြောတော့ကော အရာရောက်မှာ မို့လို့လား”

အားလီစကားကြောင့် မျက်ကြွယ်မှာ အသားဆတ်ဆတ် တုန်သွား၏။ ထို့ကြောင့် ဒေါသတကြီးဖြင့် ရိုက်နှက်ဟန် ပြုလိုက်၏။

“ချွမ်း...ချွမ်း”

မမျှော်လင့်ဘဲ ကြားလိုက်ရသော ဓားချင်း ထိခတ်သံကြောင့် မျက်ကြွယ် အားလီကို ရန်မပြုအားတော့။ အသံကြားရာဆီသို့ သာ ‘ဝုန်း’ခနဲ ပြေးထွက်ခဲ့ရလေ၏။ အဝေးမှ အော်ဟစ်သံ များကို ကြားနေရ၏။ တိုက်ပွဲကွင်းသို့ ရောက်သွားသောအခါ အားလုံးထိတ်လန့် တုန်လှုပ်သွားကြ၏။ မျက်စိရှေ့တွင် မြင်တွေ့နေရသော တိုက်ပွဲကား ကြီးမားသော တိုက်ပွဲကြီးပေ တကား။

တိုက်ပွဲကြီးမှာ နှစ်ဘက်စလုံးမှ လူများ ရာနှင့်ချီ၍ တိုက် ခိုက်နေကြပေ၏။ ဓားဓားချင်း ထိခတ်သံများမှာ အဝီစိပွက် သလို ဆူညံနေသလောက် ဓားဓားချင်း ထိခိုက်၍ ပွင့်ထွက်လာ



သော မီးပွင့်မီးပွားများမှာလည်း မိုးကြိုးလျှပ်စီးများလို ဝင်းပင်း လက်လက်ရှိနေ၏။ တိုက်ပွဲကား ကြောက်ခမန်းလိလိ တိုက် ပွဲကြီးပင်။

“ရန်သူဘက်ကတော့ ရွှေအလံ၊ ရေအလံနဲ့ မီးအလံ သုံး ဖွဲ့ပဲ၊ ငါတို့ဘက်ကတော့ ခုံးတုံ၊ ဝါဆန်းနဲ့ ခွန်းလွန်ဂိုဏ်း၊ ကဲ...လူကလေး ချိုချင်းစွး၊ ငါတို့ ဝင်တိုက်ကြစို့လား”

ချင်လီရှန်သည် ဂိုဏ်းအဖွဲ့များကို ရှင်းပြရင်း ချိုချင်းစွးကို ပြောလိုက်၏။ ဟူကျင်းမှာ ပြင်းထန်လှသော တိုက်ပွဲအခြေအ နေကို ကြည့်ရင်း မှင်သက်နေ၏။ ဓားရောင်ဖွေးဖွေးအောက်၌ နီရဲသော သွေးများမှာ မြင်မကောင်း ရှုမကောင်း။ သူသည် ဤတိုက်ပွဲ၌ မည်သည့်ဂိုဏ်းကိုမှ အနိုင်မရစေချင်။ ဘက်တစ် ဘက်သည် သူ့အဖေဘက်။ ကျန်တစ်ဘက်သည် သူ့အမေ ဘက်။ သည့်ပြင် ဟူကျင်းမှာ ဓားတစ်ချက်ဝင့်၍ သွေးတစ် စက်ထွက်တိုင်း ရင်ထဲမှာ စူးရှနာကျင်နေ၏။

ထိုစဉ် ချိုချင်းစွးက အရှေ့အရပ်ဆီသို့ လက်ညှိုးထိုးလျက်...

“ဦးလေး၊ ဟိုမှာကြည့်စမ်း ရန်သူတွေ အများကြီးပါလား၊ သူတို့ဘာလို့ ငြိမ်ချက်သား ကောင်းနေကြတာလဲ”

ချိုချင်းစွး စကားသံကြောင့် ဟူကျင်းက နောက်ပြန်လှည့် ကြည့်လိုက်၏။ အရှေ့အရပ်တွင် တန်းစီနေသော လူတန်းကြီး သုံးတန်း။ ဤလူများသာ တိုက်ပွဲတွင်းသို့ဝင်လာခဲ့လျှင် ခုံးတုံတို့ သုံးဂိုဏ်းမှာ တစ်ယောက်တလေပင် ကျန်ရှိလိမ့်မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ကြွယ်သည် အခြေအနေကို သဘောမပေါက်ဟန်ဖြင့်...

"သူတို့တွေက တိုက်ပွဲထဲ မဝင်သေးဘဲ ဘာဖြစ်လို့ ရပ်ကြည့်နေကြတာလဲ"

ချိုချင်းစူးသူသည် မျက်ကြွယ်၏ မေးခွန်းကို "မသိဘူး" ဟူ၍သာ ဖြေလိုက်နိုင်ပေ၏။ ယင်းအဖြစ်ကြောင့် အားလီသည် ဟားတိုက်ရယ်ချင်စိတ်ပင် ပေါက်လာသည်၊ သို့သော် သူမ မရယ်မိ။ စိတ်ကိုချုပ်၍ ခနဲ့ပြုံးကလေးဖြင့် ထေ့တေ့တေ့ ပြောလိုက်သည်။

"ဒီလောက် ရှင်းနေတဲ့ကိစ္စကိုတောင် မသိကြဘူးတဲ့လား"

ချိုချင်းစူး၏ မျက်နှာ ရဲခနဲနီသွားသည်။ မျက်ကြွယ်ဆရာမကြီးကား အကြောင်းခြင်းရာကို သိချင်နေသော်လည်း သိက္ခာကျမည် စိုးနေသဖြင့် ဘာမျှမမေး။ ကြံ့ကျနပ်သော မျက်လုံးများဖြင့်သာ အားလီကို စိုက်ကြည့်နေ၏။ ပွင့်လင်းဖြောင့်မတ်သော ချင်လီရှန်ကား မနေနိုင်တော့...။

"ဒီလိုဆိုရင်လဲ မိန်းကလေး သိတာလေးတွေ ပြောပြပါလားကွယ်"

"ဟုတ်ကဲ့၊ တကယ်တော့ ဒီလူတွေဟာ မျက်ခုံးဖြူဂိုဏ်းက လူတွေ မဟုတ်လား၊ ပြီးတော့ သူတို့ဟာ အလင်းမာန်ဂိုဏ်းက ခွဲထွက်လာခဲ့သူတွေ၊ ဒီတော့ သူတို့ဟာ ဒီ အလံငါးဖွဲ့က လူတွေနဲ့ လက်တွေ့မှာ မပေါင်းစည်းနိုင်ဘူး၊ ခုလိုခြေအနေမျိုးမှာ အလံငါးဖွဲ့က လူတွေကို ဘယ်လိုလူမျိုးတွေက တိုက်ခိုက်တိုက်ခိုက် သူတို့ကျေနပ်မှာပဲ၊ ကျေးဇူးတောင် တင်ချင် တင်နေကြဦးမှာ"

အားလီစကားကြောင့် အားလုံး သဘောပေါက်သွား၏။ ထို့ပြင် ဤကိစ္စသည် ကြီးမားရှုပ်ထွေးသော ပုစ္ဆာမဟုတ်ပါဘဲ ခေါင်းအေးအေးနှင့် မတွက်ချက်မိကြသော မျက်ကြွယ်တို့မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားကြ၏။ ခုမှ မထူးတော့။ ဘာမျှလည်း ဆက်ပြောနေရန် မလိုတော့။ သူတို့ အားလုံးလိုလိုပင် ညာသံပေး၍ တိုက်ပွဲကွင်းသို့ ဝင်ရောက်သွားလေ၏။

ဓားသံများကား ပို၍ပို၍ ဆူညံမြည်ဟည်းလာလေသည်။ အခြေအနေကိုကြည့်၍ အလစ်ချောင်းနေသော အားလီကမူ ဟူကျင်းကို ဆွဲကာ...

"ငါတို့ သွားကြစို့ နွားလေး၊ ဒီတိုက်ပွဲဟာ ကြည့်လို့ကောင်းတဲ့ပွဲ မဟုတ်ဘူးဟ"

ပြောပြောဆိုဆို အားလီသည် ပြေးထွက်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ်...။ အခဲမကျေ၍လော...၊ တစ်စုံတစ်ရာ အသုံးချလို၍လောမသိ။

မျက်ကြွယ်သည် တိုက်ပွဲအတွင်းမှ ခုန်ထွက်လာကာ အားလီ၏ အကြောသုံးခုကို ထိုးပိတ် လိုက်လေ၏။ လျှပ်တပြက် အဖြစ်မို့ အားလီမှာ ရှောင်တိမ်းချိန်ပင် မရလိုက်ဘဲ သဲမြေပေါ် ဖောပ်တိုး လဲကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှ မျက်ကြွယ်သည့် အသင့်ပါလာသော 'တိမ်လွှာ ဓား'ကို ဆွဲထုတ်ကာ

"ဒီနေ့ ဒီမကောင်းဆိုးဝါးဂိုဏ်းကို အငုပ်အတက်မကျန် ချေမှုန်းကြစို့ဟေ့" ဟူသော အသံနက်ကြီးကို ဟစ်ကြွေးရင်း တိုက်ပွဲတွင်းသို့ ပြန်လည် ပြေးဝင်သွားတော့သည်။

○

# အခန်း (၅၂)

www.burmeseclassic.com

www.burmeseclassic.com



## ရဲရင့်ခြင်းနှင့် သစ္စာတရား

ကြောက်မက်ဖွယ် ပြင်းထန်လွန်းသော တိုက်ပွဲ အခြေအနေသည် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပေပြီ။

ဤတိုက်ပွဲတွင် အလင်းမာန်တော် ဂိုဏ်းဝင်များ အထိနာသွားကြလေသည်။ ရွှေအလံအဖွဲ့ ခေါင်းဆောင်မှာ မျက်ကြွယ်လက်ချက်ဖြင့် ကျဆုံးသွားခဲ့၏။ ဤတွင် ရွှေအလံအဖွဲ့သားများသည် သူတို့ ခေါင်းဆောင် ကျဆုံးသွားခဲ့သော်လည်း နောက်ဆုတ်သွားခြင်း မပြုကြ။ ရှေ့ကိုတိုး၍သာ ကျားကုတ်ကျားခဲ တိုက်ခိုက်ကြ၏။

ထိုအခါတွင် ခွန်းလွန်နှင့် ဝါမေဂိုဏ်းသား အချို့ကျဆုံးခဲ့ရသည်။ ဤတွင် ရေအလံအဖွဲ့မှ လူငယ်တစ်ယောက်က…

"ရွှေအလံအဖွဲ့ ခေါင်းဆောင်ဟာ ငါတို့ ဂိုဏ်းကြီးအတွက် အသက်စွန့်လွှတ်သွားပြီ ရဲဘော်တို့၊ ဒါကြောင့် ရှေ့တိုက်ပွဲအတွက် ရွှေအလံနဲ့ မီးအလံအဖွဲ့အားလုံး ဆုတ်ခွာသွားကြပါ၊ ငါတို့ ရေအလံအဖွဲ့က ရှေ့ကနေ ခံထားကြမယ်၊ ရဲဘော်တို့ အချိန်မီ ဆုတ်ကြ"

သို့သော် ရွှေအလံ အဖွဲ့ဝင်များက နောက်မဆုတ်ကြ၊ သူသေကိုယ်သေ ဆက်၍သာ တိုက်နေကြ၏။ ရေအလံ အဖွဲ့ဝင်တို့သည် မနေနိုင်ကြတော့။

"ရွှေအလံ အဖွဲ့ဝင်တွေ နောက်ဆုတ်ကြစမ်းပါ၊ ကျုပ်တို့ဟာ ခင်ဗျားတို့ ခေါင်းဆောင်အတွက် အောင်မြင်မှုကို အရယူပေးပါမယ်၊ ခင်ဗျားတို့အားလုံး နောက်ဆုတ်ကြပါဗျို့"

ရေအလံအဖွဲ့၏ အမိန့်သံသည် သဲထဲရေသွန်သာ ဖြစ်နေ၏။ ရွှေအလံ အဖွဲ့သားများက နောက်သို့ ခြေတစ်လှမ်းပင် မဆုတ်။ သူတို့သာ ရှေ့ကိုတိုးလျက်နှင့် ရေအလံနှင့် မီးအလံအဖွဲ့ကိုသာ နောက်ဆုတ်ခိုင်းနေ၏။

ဤတွင် ရေအလံအဖွဲ့ဝင်များ စိတ်တန်းလျက် ဆုတ်ခွာလိုက်ကြ၏။ သူတို့လက်ထဲတွင် ရွှေရောင် ဝင်းလက်နေသော သံဘူးကြီး တစ်လုံးစီကို ကိုင်ထား၏။ ဤအရာသည် မည်သည့်လက်နက်မှန်း တစ်ဘက်လူမသိ။

ထို့ကြောင့် မျက်ကြွယ်တို့သည် သူတို့ နောက်သို့ဆက်၍ မလိုက်ရဲကြ။ တိုက်ပွဲအတွင်း၌သာ ရွှေအလံအဖွဲ့ကို သဲသဲမဲမဲ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၍တိုက်ကြ၏။ အခြေအနေကား အေးဆေးသလို ရှိရာမှ ပို၍ ပြင်းထန်လာပြန်၏။

ဒွဲကြီးသော ရွှေအလံအဖွဲ့သားများကား ရဲရဲရင့်ရင့် တိုက်ပွဲဝင်နေကြ၏။ သူတို့သည် သေရမှာ မကြောက်သော လူများ ဖြစ်၏၊

ချင်လိရှန်သည် ရန်သူ၏ အခြေအနေကိုကြည့်ပြီး တိုက်ပွဲကို ပြီးစီးချင်နေ၏။ ထို့ကြောင့် အပေါ်စီးမှနေ၍...

"ရွှေအလံ အဖွဲ့ဝင်အပေါင်းတို့ ခင်ဗျားတို့ လက်နက်ချကြပါ၊ ခင်ဗျားတို့ လက်နက်ချရင် ကျုပ်တို့ဟာ ခင်ဗျားတို့ရဲ့ အသက်ကို တာဝန်ယူကြမှာ ဖြစ်တယ်၊ ခင်ဗျားတို့ကို ကျုပ်တို့ မသတ်ချင်ဘူး"

ချင်လိရှန်၏ အော်သံကြောင့် ရွှေအလံမှ လူများသည် တဟားဟား ရယ်မောလိုက်ကြ၏။

"ခင်ဗျားတို့ဟာ အတော်ရယ်စရာ ကောင်းတဲ့ လူတွေပဲ၊ ကျုပ်တို့ အလင်းမာန်ဂိုဏ်းရဲ့ ခေါင်းဆောင်တစ်ယောက် ကျဆုံးရတာနဲ့ ကျုပ်တို့က နောက်ဆုတ်ရမှာလား၊ ဒီမယ် ကိုယ့်လူတို့ ကျုပ်တို့ဟာ ကျုပ်တို့ ခေါင်းဆောင်လို သေရမှာ ကြောက်သူတွေ မဟုတ်ဘူး"

"ဟား...ဟား...ဟား...ဟား...ဟား...ဟား"

သူတို့သည် ရယ်စရာစကားတစ်ခုကို ကြားရသူများ ပမာ ချင်လိရှန်၏ စကားကို တုံ့ပြန်ရင်း ဟက်ဟက်ပက်ပက်



ယ်မော လိုက်ကြလေ၏။

သို့သော်လည်း ချင်လိရှန်သည် အလျှော့မပေးသေး။ သူ ်စေချင်သော အခြေအနေရောက်အောင် ကြိုးပမ်းနေဆဲ။

"ခွန်းလွန်၊ ဝါမော၊ ဝါဆန်း၊ ခုံးတုံ၊ ဂိုဏ်းဝင် အပေါင်း ခင်ဗျားတို့အားလုံး နောက်ကို ဆယ်လှမ်းလောက် ဆုတ် လိုက်ကြပါ၊ သူတို့တွေ အကြောင်းမဲ့ မသေစေဘဲ လက်နက် ကြပါစေ"

ချင်လိရှန့်၏ အော်ဟစ်ပြောလိုက်သော အမိန့်သံကြောင့် လုံးလိုလို နောက်သို့ဆုတ်သွားကြ၏။

သို့သော် မျက်ကြွယ် တစ်ယောက်ကား ချင်လိရှန် စကား ရမစိုက်။ သူမသည် အလင်းမာန် ဂိုဏ်းအား အမုန်းကြီး နေသူဖြစ်သည့်အလျောက် ရှေ့တိုး၍သာ ဆက်လက်တိုက် နေဆဲ ဖြစ်၏။

ဤတွင် ခေတ္တ နောက်ဆုတ်သွားခဲ့သော ဝါမေဂိုဏ်းသား လည်း သူတို့၏ ဂိုဏ်းချုပ် ဆရာမကြီး အခြေအနေကြောင့် ပွဲအတွင်းသို့ တရကြမ်းပင် ဝင်ရောက် သွားပြန်လေသည်။ အချိန်၌ ရွှေအလံအဖွဲ့တွင် လူပေါင်း ငါးဆယ်ကျော် က်ဆယ်ခန့်သာ ကျန်ရှိတော့၏။

ကျင်းမှာ ရက်စက်ကြမ်းကြုတ်လျက်ရှိသော တိုက်ပွဲကို ည့်ရက်တော့၊ မမြင်ရက်တော့။ ထို့ကြောင့်ပင် ဤနေရာ က်ခွာသွားရန် အားလီကို ခေါ်၏။ အားလီက မပိုက်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုသာ တွင်တွင်ခါ၍ ငြင်းဆန်နေ၏။

မတတ်သာသည့်အဆုံး ဟူကျင်းသည် ပိုနေမြဲ ကျ...
မြင်ပင် နေလိုက်တော့၏။ ထိုစဉ်မှာပင် ရွှေအလံအဖွဲ့ဝင်များ...
မျက်ကြွယ် ဆရာမကြီး၏ အကြောပိတ်မှုကို ခံလိုက်ကြရ...
အားလုံးပင် မလှုပ်နိုင် မရှားနိုင်နှင့် ငြိမ်သက်...
မတ်မတ်ကြီး ဖြစ်နေကြ၏။ ယင်းအခြေအနေတွင် ချိုချင်းရ...
မျက်ကြွယ်ဘက်သို့လှည့်ကာ...

"ဆရာမကြီး၊ ကျွန်တော်တို့ ဒီရွှေအလံဂိုဏ်းကို အမြစ်...
စာရင်းရှင်းပြီးမှ မျက်နှံ့ဖြူဂိုဏ်းကို ရင်ဆိုင်ရမယ်"

မျက်ကြွယ်သည် ခေါင်းတစ်ညိတ်၍ ရွှေအလံဂိုဏ်းဘက်...
လှည့်လိုက်သည်။

"မကောင်းဆိုးရွား ဂိုဏ်းသားတွေ အားလုံး နားထောင်...
မင်းတို့တွေဟာ လောကကြီးမှာ အသက်ရှင်ရပ်တည်ပြီး နေလို...
သေးတယ်ဆိုရင် ကိုယ့်အမှား ကိုယ်ဝန်ခံပါ၊ မင်းတို့အမှား...
ရဲရဲဝန်ခံကြရင် ငါ မင်းတို့အသက်ကို ချမ်းသာပေးမယ်"

မျက်ကြွယ်သည် အောင်နိုင်သော အပြုံးများဖြင့် ဝင့်ကြွား...
ပြောလိုက်၏။ သို့သော် တစ်ဘက်မှ တုံ့ပြန်မှုကား သူ...
ဆန္ဒနှင့် ဆန့်ကျင်စွာ သရော်လှောင်ပြောင်လိုက်သ...
"ဟဟားဟား" ရယ်မောသံများသာ ပေါ်ထွက်လာလေ၏။

မျက်ကြွယ် စိတ်တိုသွား၏။ မိမိကိုယ်မိမိ ရှက်သလိုလ...
ခံစားသွားရ၏။ ထို့ကြောင့် သူမ၏ အသံသည် ဆ...
ပေါ်လာ၏။



"မင်းတို့ ဘာရယ်တာလဲ၊ ငါ့ စေတနာကို မင်းတို့က ပြက်လုံးတစ်ခုများ အောက်မေ့နေလို့လား"

"ဟား...ဟား...ဟား... ရယ်စရာကောင်းတဲ့ မျက်ကြွယ် ဆရာမကြီးရယ်၊ ကျုပ်တို့လို အလင်းမာန် ဂိုဏ်းသားတွေဟာ ဘယ်လို အခြေအနေမျိုး ရောက်ရောက် နောက်တွန့်တဲ့ လူစားတွေ မဟုတ်ဘူး၊ ကျုပ်တို့ဟာ အသက်သာ အသေခံမယ်၊ ဒူးတော့ ဘယ်တော့မှ မထောက်ဘူး မှတ်ပါ၊ ခင်ဗျား အပေါ်စီး ရောက်နေပေမယ့် ကျုပ်တို့ဟာ တစ်စက်လေးမှ ကြောက်စိတ် မရှိဘူး မျက်ကြွယ်၊ ခင်ဗျား သတ်ချင်ရင် အချိန်မရွေး သတ်နိုင်တယ် ဒါပဲ"

အလင်းမာန် ကျင်းချောင်း စကားအဆုံး၌ မျက်ကြွယ် သည်...

"မင်းတို့က သူရဲကောင်းကြီးတွေ ဖြစ်ချင်နေတယ် ဟုတ်လား" ဟူသော အသံနှင့်အတူ ကျင်းချောင်းအနီးသို့ ဘိုးကပ်သွား၏။

တစ်ချိန်တည်းမှာပင် မျက်ကြွယ်၏ လက်ထဲမှ ဓားသည် မြောက်တက်သွား၏။ ရက်စက်လွန်းသော မျက်ကြွယ်၏ ဓားသွားအောက်၌ ကျင်းချောင်း၏ လက်တစ်ဘက်သည် ပြတ်ကျသွား၏။

ကျင်းချောင်း၏ တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်မျှ လှုပ်ခါသွားသော်လည်း အံကိုကား တင်းတင်းကြိတ်ထား လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ အလင်းမာန်ဂိုဏ်းဟာ မှောင်မိုက်နေတဲ့ ကမ္ဘာလောကကြီးကို သာယာတဲ့ ကမ္ဘာကြီးဖြစ်အောင် အလင်းရောင်ပေးနေတဲ့ ဂိုဏ်းပဲ၊ ကျုပ်တို့ရဲ့ မှန်မြတ်သန့်စင်တဲ့ အလုပ်တွေကို ဘယ်လိုလူမျိုးမှ ဟန့်တားပိတ်ပင်ခြင်း မပြုနိုင်ဘူး"

ကျင်းချောင်း၏ လေးနက်တည်ကြည်သော စကားသံသည် နာကျင်မှုများကို ကျော်လွှားလျက် ဟိန်းထွက်လာပြန်၏။

မျက်ကြွယ်မှာ ကျင်းချောင်း၏ စကားကို မခံမရပ်နိုင်ဖြစ်လျက် ဒေါသအမျက် ခြောင်းခြောင်းထွက်လာ၏။ ထို့ကြောင့် နောက်ထပ် လူသုံးယောက်၏ လက်တစ်ဘက်စီကို ခုတ်ဖြတ်လိုက်ပြန်လေ၏။

ရက်စက်ကြမ်းကြုတ်သော အပြုအမူပေတကား။ မျက်ကြွယ်သည် ခုထိ အမျက်မပြေနိုင်သေး။ သူသည် ငါးယောက်မြောက်ဖြစ်မည့် လူရှေ့သို့ ရောက်သွားပြန်ကာ...

"ကဲ...မင်းကကော အံမှားကို ဝန့်ချမလား"

အမေးခံရသူသည် မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်လျက် မျက်ကြွယ်ကို အော်ဟစ်ဆဲဆိုလိုက်၏။ ဤတွင် ကျင့်ရှီးက မခံမရပ်နိုင်ဖြစ်ကာ မျက်ကြွယ်ကိုယ်စား အတင်းဝင်၍ ခုတ်လိုက်၏။ သူသည် မရပ်တော့။ သွေးဆာနေသော ကျားရဲပမာ တစ်ယောက်ပြီးတစ်ယောက် ဆင့်၍ ဆင့်၍ ခုတ်ထစ်ပစ်နေ၏။

အလင်းမာန် ဂိုဏ်းသားတို့ကာ သံမဏိလူသားများပမာ



အံကိုကြိတ်၍ တင်းခံနေကြ၏။ သူတို့သည် ယခု အချိန်ထိ ဒူးထောက်အညံ့ခံခြင်း အလျဉ်းမရှိကြချေ။

အာဂ သတ္တိခဲများပေတကား။

ကျင့်ရှီးမှာ သူတို့ သတ္တိ၊ သူတို့ စိတ်ဓာတ်များကို မယှဉ်ပြိုင်ရဲတော့။ သူမသည် တဖြည်းဖြည်း စိတ်ဓာတ်များ ပြိုကွဲလာ၏။ ချွေးများတုန်လှုပ်လာ၏။ ဓားကိုပင် မြှောက်တင်ခြင်း မပြုရဲတော့။ ထို့ကြောင့် ကျင့်ရှီးသည် မျက်ကြွယ်ဘက်သို့ လှည့်လာကာ...

"ဆရာမ ဒီလူတွေဟာ သိပ်ခေါင်းမာတဲ့ လူတွေပဲ"

မျက်ကြွယ်ကား ကျင့်ရှီးစကားကို ဂရုမစိုက်။

"ဒီမယ် အရင်ဆုံးအနေနဲ့ ဒီကောင်တွေရဲ့ ညာဘက် အားလုံးကို ဖြတ်ပစ်၊ လက်တစ်ချောင်းစီ ဆုံးရှုံးပြီးတဲ့အထိ အညံ့မခံသေးဘူးဆိုရင် ဘယ်ဘက်လက်တွေကို ထပ်ဖြတ်"

ကျင့်ရှီးသည် မျက်ကြွယ်စကားကို မလွန်ဆန်ရဲတော့။ အမိန့်အတိုင်း လုပ်ဆောင်ရန် ရှေ့ကိုတိုး၍ ဓားကို မြှောက်လိုက်ရပြန်၏။

ဤတစ်ကြိမ်တွင် ဟူကျင်းမှာ စိတ်ကို ထိန်းနိုင်စွမ်း မရှိတော့။ သူသည် လူကြားထဲမှ ရုတ်ခနဲခုန်ထွက်လိုက်ပြီး ကျင့်ရှီး၏ ဓားချက်ကို ဟန့်တားထားလိုက်၏။

နှစ်ဘက်စလုံးမှ ဂိုဏ်းဝင်များ မျက်လုံးပြူးသွား၏။

ဟူကျင်း၏ အပြုအမူသည် မည်သူမျှ မျှော်လင့်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသော အပြုအမူ မဟုတ်လော။

ယင်းအခိုက်အတန့်တွင် ဟူကျင်း၏ လေးနက်တည်ကြည်သော အသံသည် တစ်လုံးချင်း ထွက်ပေါ်လာလေ၏။

"ခင်ဗျားတို့ဟာ တယ်ပြီး ရက်စက်ကြမ်းကြုတ်နေပါလား တရားမျှတမှု မရှိတဲ့ ခင်ဗျားတို့ အလုပ်တွေအတွက် ခင်ဗျားတို့ မရှက်ကြဘူးလား"

ဟူကျင်း၏ စကားကြောင့် တစ်ခဏတာမျှ အားလုံး ငြိမ်သက်သွားကြ၏။ အတန်ကြာမှ စုတ်ပြတ်ပေရေ ညစ်ပေနေသော အဝတ်အစားများဖြင့် စကားကြီးစကားကျယ် ပြောနေသော ဟူကျင်း၏ အမူအရာကိုကြည့်ရင်း ဝါမေဂိုဏ်းသားတို့သည် အရူးတစ်ယောက်အား လှောင်ပြောင်လိုက်သကဲ့သို့ တဟားဟား တဝါးဝါး ရယ်မောလိုက်ကြလေ၏။ ထိုစဉ် ကျင့်ရှီးက မခိုးမခန့် အမူအရာဖြင့်...

"မင်းရဲ့ ပြက်လုံးတွေက သိပ်ရယ်ရတာပဲ၊ ဟင်း...ဟင်း။ ဒီမယ်ရှင့် ခုလို မကောင်းဆိုးရွားတွေကို သတ်တာဟာ ကောင်းတဲ့ အလုပ်တစ်ခုပဲ၊ ငရဲမကြီးတဲ့အပြင် ကုသိုလ်တောင် ရပါသေးတယ်၊ ဒီအတွက် ငါတို့က ဘာဖြစ်လို့ ရှက်ရမှာလဲ"

"ဒီက နောင်တော် ညီတော်တွေဟာ အားလုံး ရဲရင့်ကြသူတွေပဲ၊ သူတို့ဟာ သူတို့ဂိုဏ်းနဲ့ ရဲဘော်တွေအပေါ် သစ္စာရှိပြီး ယောကျ်ားပီသတဲ့ လူတွေချည်းပဲ၊ ဒီလို လူစားမျိုးတွေဟာ ဘယ်နှယ်လုပ်ပြီး မကောင်းဆိုးရွားတွေ ဖြစ်ရမှာလဲ"



"ရှင်ဟာ တော်တော်ထုံတဲ့ လူပဲ၊ ရှင်ပြောသလိုဆို ...တို့လဲငါတို့ဂိုဏ်းနဲ့ ငါတို့လူတွေအပေါ် သစ္စာရှိနေကြတာပဲ၊ ...ဲ စဉ်းစားကြည့်လေ၊ သူတို့ထဲက လင်းဆွဲမင်းဟာ ငါတို့ ...မေဂိုဏ်းသား သုံးယောက်ကို သတ်ဖြတ်ခဲ့တယ် မဟုတ်လား၊ ...လုပ်ရပ်တွေဟာ မကောင်းဆိုးရွားတွေရဲ့ အလုပ် မဟုတ် ...ူးလား"

"ထားပါ၊ ဒါပေမယ့် လင်းဆွဲမင်းက ခင်ဗျားတို့ဂိုဏ်းသား ...ုံးယောက်ကို သတ်ခဲ့တယ်၊ ခင်ဗျားတို့ကတော့ အလင်းမာန် ...ိုဏ်းသား သုံးဆယ်ကျော်မက သတ်ဖြတ်ခဲ့ပြီးပြီ၊ ဒီတော့ ...င်ဗျားတို့လဲမကောင်းဆိုးရွား လူတွေထက် ကောင်းတာ ...ာရှိသေးလဲ"

"ဘာပြောတယ်၊ နင်က ဒီလူစားတွေနဲ့ ငါတို့ကို ...ိုင်းနေသလား၊ ဟုတ်လား"

ပြောပြောဆိုဆို ကျင့်ရှီးသည် လက်ဝါးစောင်းဖြင့် ဟူကျင်း၏ ...ျက်နှာသို့ ဖြတ်ရိုက်ပစ်လိုက်သည်။ သို့သော် ဟူကျင်းကလည်း ...မြန်၏။ ဆတ်ခနဲခုန်၍ ရှောင်တွက်လိုက်၏။ ကျင့်ရှီးက ...အလွတ်မပေး၊ သဲကြီးမဲကြီး အားကုန် ထပ်ကန်လိုက်၏။ ...ားပြီ။ ကျင့်ရှီး တစ်ကွက်မှားသွားပြီ။

ဟူကျင်းသည် ဤသို့ ဖြစ်လာရန်အတွက် ရည်ရွယ်၍ ...အကွက်ဆင်ခဲ့ခြင်း ဖြစ်၏။ ခုတော့ ကျင့်ရှီး၏ အားပါလှ ...သော ကန်ချက်မှာ အလွဲလွဲအချော်ချော်ဖြစ်သွားရုံမက ဟူကျင်း၏

www.burmeseclassic.com



ထောင်ချောက်ထဲသို့ပါ ဝင်မိလျက်သား ဖြစ်သွားသည်။

"ဘုန်း…ချွမ်း" ဟူသော အသံကိုသာ ကြားလိုက်ရ

ကျင့်ရှိုး၏ ခြေထောက်မှာ သွစ်သွင်ကျိုးလျက် ခန္ဓာကိုယ်တစ်ခု

လွင့်စဉ်ထွက်သွားလေ၏။

စင်စစ် ဟူကျင်း၏ သိုင်းကွက်မှာ ကျင့်ရှိုးနှင့်ယှဉ်လျှင်

အဆင့်နိမ့်သည် မှန်သော်လည်း သူ၏ နေစကြာကျင့်စဉ်

အတွင်းအား ပညာကမူ မြင့်မားနေ၏။ ဤပညာရပ်

သဘောကား ရန်သူ့ တိုက်ခိုက်မှု ပြင်းထန်လေ တန်ပြန်ခွန်အား

ကြီးမားလေ ဖြစ်၏။

ယင်းကို သဘောပေါက်ဟန် မရှိသော ဝါမေဂိုဏ်းဝင်တို့သည်

တုန်လှုပ်ချောက်ချားသွားကြ၏။ ကျင့်ရှိုးသည် သူတို့ဂိုဏ်းထဲတွင်

မျက်ကြွယ်၏ အကြီးဆုံးနှင့် အားအထားရဆုံးသော တပည့်

ဖြစ်၏။ ထိုတပည့်အား ဟူကျင်းက တစ်ချက်တည်းနှင့်

လွင့်စဉ်ထွက်သွားအောင် တိုက်ခိုက်လိုက်နိုင်သောအခါ သူတို့

အံ့ဩထိတ်လန့်ကုန်ကြ၏။

ဤလူငယ်သည် ထိပ်သီး သိုင်းပညာရှင် တစ်ဦးလော

မျက်ကြွယ်ကိုယ်တိုင်ပင် တအံ့တဩ ဖြစ်သွားရ၏။ သူသည်

တွေတွေငေးငေးဖြစ်လျက် တီးတိုးရေရွတ်နေမိ၏။

"ဒီလူငယ်ဟာ ဘယ်ကလဲ၊ ဒီရက်တွေအတွင်းမှာ သူ့လို

သိုင်းပညာရှင်တစ်ယောက်ဖြစ်မှန်း ငါ အကဲမခတ်နိုင်ခဲ့ပါလား

ကြည့်စမ်း၊ ကျင့်ရှိုးကို သူလုပ်လိုက်သလို ငါတောင် လွယ်လွယ်



မလုပ်နိုင်ဘူး၊ ဒီလူငယ်လေးဟာ မထင်မှတ်နိုင်လောက်အောင်

အတွင်းအား ပြည့်ဝလှချည်လား၊ သိုင်းလောကမှာ ကျန်းဆန်းဖုန်း

ကိုယ်တော်ကြီးကလွဲပြီး ဘယ်သူမှ သူ့လို အတွင်းအား

မပြည့်ဝနိုင်ဘူး၊ ခုတော့…"

မျက်ကြွယ်သည် ရေရွတ်မြည်တမ်းမှု အတွေးစကို

ရပ်ပစ်လိုက်တော့၏။ သူသည် ယခင်ကကဲ့သို့ ဟူကျင်းကို

အထင်မသေးရဲတော့။

ဤလူငယ်ကလေးကား ရေမြွေမဟုတ်။ မြွေပွေးလော၊

မြွေဟောက်လော။

နောက်ဆုံး မျက်ကြွယ်သည် ဤလူငယ်လေးနှင့် ယှဉ်ပြိုင်ရန်

ဆုံးဖြတ်ချက် ချလိုက်တော့သည်။

ဤအချိန်တွင် ဟူကျင်းသည် အနာတရဖြစ်နေသော

ရွှေအလံဂိုဏ်းဝင်တို့အား ပြုစုကူညီနေ၏။ သူ တတ်ကျွမ်းခဲ့သော

ဆေးပညာများကို အသုံးချနေ၏။ သွေးတိတ်အောင်၊ အရိုး

ဆက်အောင် လုပ်ပေးနေ၏။ ပတ်တီးစည်းပေးနေ၏။

ဤတွင် ရွှေအလံအဖွဲ့ ဒုတိယ ခေါင်းဆောင်

ကျင်းချောင်းက…

"အစ်ကိုလေးကို သိပ်ကျေးဇူးတင်ပါတယ်၊ ခုလို

စိတ်နှလုံးကောင်းရှိတဲ့ အစ်ကိုလေးရဲ့ နာမည်ကို ကျွန်တော်တို့

သိပါရစေလား"

"ကျုပ်နာမည် နွားလေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မျက်ကြွယ်၏ ခက်ထန်မာကျောသော အသံက ထွက်ပေါ်လာ၏။

"ဟော့...လူစွမ်းကောင်းလေး၊ မင်း ငါနဲ့ ယှဉ်ပြိုင်ရဦးမယ်ကွ၊ ငါရဲ့ဓားချက် သုံးချက်တိတိကို မင်း ခုခံရလိမ့်မယ်"

ဟူကျင်းသည် လူနာတစ်ယောက်ကို ပတ်တီး စည်းပေးနေရာမှ ပြန်လှည့်လာကာ...

"ဆရာမကြီးခင်ဗျား၊ တကယ်တော့ ကျွန်တော်ဟာ ဆရာမကြီးနဲ့ မယှဉ်ပြိုင်ဝံ့ပါဘူး၊ ကျွန်တော့်မှာ ပြည့်ဝတဲ့ အရည်အချင်းလဲ မရှိပါဘူး၊ ဒါကြောင့် ဒီရန်ပွဲကြီးကို ဒီလောက်နဲ့ပဲ ကျေအေးလိုက်ပါလို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် ခင်ဗျာ"

"ဟား ဟား ဟား၊ ဒီလိုလုပ်လို့ ဘယ်ရမလဲသူငယ်ရယ်၊ မင်းရဲ့ တောင်းပန်စကားလေး တစ်ခွန်းနဲ့ ငါတို့က နောက်ဆုတ်ပေးရမှာလား၊ ငါတို့လူရဲ့ သွေးတွေကို မင်းလျှာဖျားက စကားလေးတစ်ခွန်းနဲ့ လဲလှယ်ကျေအေးရမယ်ဆိုတာ ရယ်စရာပဲ သူငယ်၊ မင်းဟာ ဘယ်ဂိုဏ်းအဖွဲ့ရဲ့ ခေါင်းဆောင်လဲ၊ ဘယ်ဂိုဏ်းရဲ့ ဓားသမားလဲ"

ဟူကျင်းသည် ဘာမျှမပြော။ ကြောင်တက်တက် အမူအရာနှင့်သာ မျက်ကြွယ်ကို ငေးကြည့်နေ၏။ သူ့ ဟန်မူရာကြောင့် ဝါမေဂိုဏ်းသားတို့က တဝါးဝါး တဟားဟားနှင့် လှောင်ပြောင်ရယ်မောနေကြ၏။



ဟူကျင်းသည် အမျက်ထွက်လာ၏။ သူ၏ အေးချမ်းသော မျက်နှာသည် ပူနွေးနီရဲလာ၏။

ထိုစဉ် သရော်လှောင်ပြောင်မှုတို့ကြားမှ ချူကျူး၏ ချီးကျူးလေးစားမှုတို့ လွှမ်းခြုံသော အပြုံတစ်ဝက်နှင့် အကြည့်ရဲတို့ကို တွေ့လိုက်ရ၏။ ဟူကျင်းသည် တက်ကြွမှု အပေါင်းနှင့် အားအင်များ ပြည့်ဖြိုးလာသကဲ့သို့ ခံစားလိုက်ရ၏။

ထို့ကြောင့် သူ့နှုတ်မှ တည်ကြည် လေးနက်သော စကားသံများ ထွက်ပေါ်လာလေ၏။

"ဒီမယ် ဆရာမကြီး၊ ခင်ဗျားတို့ဟာ ဘာဖြစ်လို့များ လူတွေကို ရက်ရက်စက်စက် သတ်ဖြတ်ချင်နေကြတာလဲ၊ ခင်ဗျားတို့မှာ လူလူချင်း ညာတာတဲ့စိတ် တစ်စက်ကလေးတောင် မရှိကြဘူးလား၊ လူတစ်ယောက် သေသွားလို့ ခင်ဗျားတို့မှာ ဘယ်လို အကျိုးထူးတွေများ ရရှိနေကြပါသလဲ၊ ဒီမယ် ခင်ဗျားတို့ နည်းနည်းလောက် စဉ်းစားကြစမ်းပါ၊ လူတစ်ယောက်ကိုသတ်လို့ သေသွားရုံနဲ့ ကိစ္စက ပြီးသွားတာ မဟုတ်ဘူး၊ သေသူရဲ့ နောက်မှာ မိသားစုတွေ ရှိနေတာချည်းပဲ၊ ခင်ဗျားတို့ တစ်ယောက်သက်လို့ တစ်ယောက် သေသွားပေမယ့် သူ့နောက်က မိသားစုတွေဟာ ဘယ်လောက် ကြီးမားတဲ့ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြရဦးမလဲ၊ ဒါကို ခင်ဗျားတို့တစ်တွေ စဉ်းစားသင့်တယ်"

ဟူကျင်းသည် ရှည်လျားသော စကားများကို ခံချက်ရှိစွာ

www.burmeseclassic.com

www.burmeseclassic.com



စာနာစိတ်ကြီးစွာဖြင့် ပြောလိုက်လေ၏။

ဤစကားသည် မမျှော်လင့်ဘဲ ဘ၀ရှိပြီးသော မျက်ကြွယ်၏ နှလုံးသားတွင်းသို့ စူးနစ် မြုပ်ဝင်သွားလေ၏။ မျက်ကြွယ်မှာ ဖော်ပြမစွမ်းနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရပြီး မျက်လုံးအစုံမှာလည်း နီရဲလာတော့၏။

ဒေါသမျက်လုံးလေလား၊ ဝေဒနာ အမုန်းလေလား။

အဘယ်အရပ်ဆီ ဦးတည်လေမည့် ဒေါသအမုန်းလေလား။

မျက်ကြွယ်၏ အမုန်းတရားတို့ကား ဟူကျင်းဆီ ပြေးလွှားနေခဲ့လေ၏။

"ဒီမယ် သူငယ်၊ မင်းဟာ လက်မလောက်ရှိတဲ့ အကောင်ကလေးပါကွယ့်၊ ငါတို့ကို တရားချနေစရာ၊ ဆုံးမနေစရာ မလိုပါဘူး၊ နောက်ဆုံးအနေနဲ့ မင်းကို ငါ အခွင့်အရေးတစ်ခု ပေးမယ်၊ မင်းဟာ ငါရဲ့ လက်ဝါးစောင်း သုံးချက်ကို ခံနိုင်ရင် ဟောဒီလူတွေကို ငါ လွှတ်ပေးမယ်၊ ဘယ့်နှယ်လဲ"

ဟူကျင်းသည် စူးရဲသော အကြည့်ဖြင့် မျက်ကြွယ်ကို ကြည့်လိုက်၏။ သူသည် မိမိအသက်နှင့် လဲ၍ လူအများ၏ အသက်ကို ကာကွယ်မည်လော။ လူများစွာကို တရားမဲ့စွာ သတ်ဖြတ်နေမှုအား အကြင်နာကင်းစွာ လက်ပိုက်ကြည့်နေမည်လော။

ယင်းအခိုက် ကျင်းချောင်း အော်ဟစ်လိုက်၏။

"အစ်ကိုလေး...ဒီအဘွားကြီးကို ဘာမှ ယှဉ်ပြောမနေ



ပါနဲ့ဗျာ၊ သူနဲ့လဲ ဖက်ပြိုင်ပြီး မယှဉ်ပြိုင်စမ်းပါနဲ့၊ ကျွန်တော်တို့သာ အသေခံသွားပါ့မယ်၊ အစ်ကိုလေးသာ အေးအေးနေလိုက်ပါ"

ထိုစကားကို ဟူကျင်း လက်မခံနိုင်။ ကျင်းချောင်းတို့ လူစုသည် ရဲရင့်တည်ကြည်သူများ၊ သစ္စာတရား ကြီးမားသူများ။ ဤသို့ လူစားများအတွက် မိမိသည် အဘယ်အတွက်ကြောင့် မစွန့်စားဝံ့အံ့နည်း။

ယခုခဏ၌ပင် ဟူကျင်း၏ နှလုံးသားထဲတွင် သတ္တိသွေးများ စိမ့်ဝင်စီးဆင်းလျက်...

ဟူကျင်းသည် မျက်ကြွယ်အား ခေါင်းတစ်ညိတ်ပြလိုက်ကာ စိန်ခေါ်လိုက်လေ၏။

"ကျုပ် ခင်ဗျားရဲ့ လက်ဝါးစောင်း သုံးချက်ကို ခုခံ ယှဉ်ပြိုင်မယ်"

"ကောင်းပြီ"

မျက်ကြွယ်သည် သူ၏ ညာလက်ကို ဆတ်ခနဲ မြှောက်တင်လိုက်လေ၏။

ဟူကျင်းမှာ မျက်ကြွယ်၏ ရိုက်ချက်ကို သတိကြီးမားစွာဖြင့် ခုခံရင်း ကျရောက်လာသော လက်ဝါးစောင်းဒဏ်ကို တွန်းထုတ်ပစ်လိုက်၏။

အတွေ့အကြုံအရ ရင့်ကျက်ခဲ့ပြီးသော မျက်ကြွယ်သည် သူ့လက်နှစ်ဘက်ကို ပင့်မြှောက်ရာမှ အောက်သို့ လျှောချလိုက်ကာ ဟူကျင်း၏ ရင်ဘတ်ဆီသို့ ရိုက်သွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အစိုးရိမ်ကြီးစွာ သူ့ရင်ဘတ်ကို အားကုန်ထုတ်၍ ကာကွယ်လိုက်၏။ သို့သော် မျက်ကြွယ်၏ အတွင်းအားကား ရုတ်တရက် ပျောက်ကွယ်သွား၍ ဟူကျင်း ကြောင်သွား၏။ ထိုခဏကလေးမှာပင် သူ့ရင်ဝမှာ သံတူကြီးဖြင့် အထုခံလိုက်ရ ဘိသကဲ့သို့ စူးရှ နာကျင်မှုကို ခံစားလိုက်ရတော့၏။

ဒဏ်ချက်မှာ ပြင်းထန်လွန်းရကား ဟူကျင်းမှာ မတ်မတ်ပင် မရပ်နိုင်တော့။ ကျွမ်းထိုးမှောက်ခုံ လွင့်စဉ်သွားလေ၏။ ပါးစပ်မှလည်း "ဝေါ့"ဟူသော အသံနှင့်အတူ သွေးတစ်မှုတ် အန်ထွက်လာ၏။ ယင်းနောက် သူသည် သဲမြေပုံပေါ် မှုံမှိုင်ပြီး လဲကျသွားခဲ့၏။

ဤကား မျက်ကြွယ် ဆရာမကြီး၏ အတွင်းအား သိုင်းပညာ အနှစ်များပင်။ သူမသည် ဤမျှ၌ အတွင်းအားကို ပိုင်နိုင်စွာ ထုတ်နိုင်၊ ရုတ်နိုင် ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ဟူကျင်း၏ ခုခံမှုများ အလဟဿ ဖြစ်သွားခဲ့ခြင်းပင်။

ဟူကျင်း၏ အဖြစ်ဆိုးကြောင့် အားလီမှာ စိတ်ဇောကြီးမား လှစွာ ရုတ်တရက် ထ,ပြေးသည်။ ဟူကျင်း အနီးရောက်မှ ဘုန်းခနဲ ပြန်၍ လဲကျသွားသည်။

ယင်းအဖြစ်ကား အံ့ဖွယ် ကောင်းနေ၏။ သို့သော် ဆန်းတော့ မဆန်း။ သူ၏ စိတ်ဇောကြီးမားမှု အဟုန်သည် ပြင်းထန်လှစွာ အားအဖြစ် စုစည်းလျက် ပိတ်နေသော အကြောများကို တအံ ပွင့်ထွက်သွားစေသောကြောင့်ပင်။



ယခုတော့ အားလီသည် ယခင်ပုံစံအတိုင်း မလှုပ်ရှား နိုင်ပြန်တော့။ သို့သော် အားလီသည် စိုးရိမ်မှု ကြီးမားစွာ ဟူကျင်းကို အော်ပြောနေ၏။

"နွားလေး၊ နင်...နင်".

ထိုအချိန်၌ ဟူကျင်း ရင်ထဲတွင် မျက်ကြွယ်၏ ရိုက်ချက် ကြောင့် သွေးဆူပွက်နေ၏။ ထို့ကြောင့် သူသည် အခံရ ခက်လှသော ဝေဒနာကို ခံစားနေရရင်းမှ...

"အရေးမကြီးပါဘူး၊ အား...အားလီ၊ ငါ...မ...မသေနိုင် ပါဘူး"ဟု အော်ပြောလိုက်၏။

ထိုစဉ် မျက်ကြွယ်က သူမ၏ တပည့်များကို လှမ်း၍ အော်လိုက်၏။

"ဟော့...ကျန်တဲ့ လူတွေရဲ့ ညာဘက်လက်တွေကို ခုတ်ဖြတ် ကြစမ်း"

မျက်ကြွယ်အမိန့်ကြောင့် တပည့်မကလေး သုံးယောက်သည် ရှေ့သို့ တိုး၍ ထွက်လာကြ၏။

ဟူကျင်းသည် ထိတ်ထိတ်ပျာပျာဖြင့် အော်လိုက်၏။

"ဆရာမကြီး ကျွန်တော် မသေသေးဘူးဗျ၊ ခင်ဗျားရဲ့ ရိုက်ချက်တွေကို ကျွန်တော် ခုခံနိုင်သေးတယ်ဗျ"

သို့သော် မျက်ကြွယ်သည် ဟူကျင်း၏ စကားကို လက်မခံ။ အဘယ်ကြောင့်ဆိုမူ ဟူကျင်း၏ အတွင်းအား သိုင်းပညာမှာ မိမိ၏ အတွင်းအား သိုင်းပညာနှင့် အမျိုးအစား တူညီသလို

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို နားလည်နေသောကြောင့်လည်းကောင်း၊ ဟူကျင်းသည် မကောင်းဆိုးရွားဂိုဏ်းမှ လူမဟုတ်ကြောင်း ရိပ်မိလိုက်သော ကြောင့်တစ်ကြောင်း ဖြစ်၏။

ထို့ကြောင့် သူမသည် ဟူကျင်း၏ ဆန္ဒကို တားဆီးလိုက်၏။

"ဒီမယ် သူငယ်၊ မဖ်းကို ရိုက်ခဲ့တဲ့ လက်ဝါးရိုက်ချက်ဟာ အဆင့်သုံးပဲ ရှိသေးတယ်၊ ဒီထက် အဆင့်မြင့်တဲ့ ရိုက်ချက်ကို မင်း မခံနိုင်တော့မှန်း ငါ သိတယ်၊ ဒါကြောင့် မင်း ဒီကိစ္စကို ထပ်ပြီး မစွက်ဖက်နဲ့၊ ဒါပဲ"

ဟူကျင်း နားလည်၏။ မျက်ကြွယ်၏ ပထမဆုံးသော ရိုက်ချက်သည် အားကုန် ထုတ်သုံးခြင်း မဟုတ်။ သို့သော် သည်ထက်မက ပြင်းထန်သော ရိုက်ချက်များကို ကြောက်နေ၍ မဖြစ်။ မိမိ အညံ့ခံလိုက်လျှင် လူများစွာ အသက်ဆုံးရှုံး သွားတော့မည်။

တစ်သက်နှင့်အများ၊ အများနှင့် တစ်သက်။

ဟူကျင်း ခိုင်ခိုင်မာမာ ပိုင်းဖြတ်လိုက်၏။

ယောကျ်ားကောင်းတို့မည်သည့် တစ်သက်နှင့်အများ လဲရ ရမည် မဟုတ်လော။

"ဒီအချက်ကို ကျွန်တော် ကောင်းကောင်း သိပါတယ် ဆရာမကြီး၊ ဒါပေမယ့် ကျွန်တော် ကြိုးစားကျင်သေးတယ်၊ ဒီ ကြိုးစားချက်ဟာ အသက်နဲ့လဲပြီး ကြိုးစားရမယ့် ကိစ္စပဲ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော် အများအတွက် သေရဲတယ်"



ဟူကျင်း၏ ရှင်းလင်း ပြတ်သားသော စကားကြောင့် အားလုံး အံ့သြသွားကြ၏။ ဘက်နှစ်ဘက်လုံးကပင် သူ၏ စိတ်ဓာတ်ကို လေးစားသွားကြ၏။

ဤတွင် ကျင်းချောင်းက သူတို့အတွက်နှင့် ဟူကျင်း အသက်ကို မဆုံးရှုံးစေချင်သော ဆန္ဒများနှင့်...

"အစ်ကိုလေးခင်ဗျား၊ ကျုပ်တို့ အားလုံးဟာ ခင်ဗျားရဲ့ စေတနာကို လေးစားကြပါတယ်၊ ဒါကြောင့်မို့ အစ်ကိုလေးအနေနဲ့ ဒီ သီလွှရှင်ကြီးနဲ့ ထပ်ပြီး မယှဉ်ပြိုင်ပါနဲ့တော့လို့ တောင်းပန် ပါရစေဗျာ"

ယင်း တားမြစ်ချက်ကို ဟူကျင်း ဂရုမပြုတော့။ မျက်ကြွယ် ကိုသာ စူးစူးရဲရဲကြည့်ပြီး...

"ဆရာမကြီး"

သူ့စကား မဆုံးလိုက်။ ပါးစပ်ထဲမှ သွေးများ အန်ထွက် လာပြန်၏။ အားလီမှာ သောကမီးတောက်များဖြင့် ဟူကျင်းကို ပြုစုရန် ကြိုးစားလိုက်၏။ သို့သော် အားလီ မတတ်နိုင်။ မျက်ကြွယ်၏ အကြောပိတ်ထားချက်ကြောင့် မတ်မတ်ပင် မရပ်နိုင်ပြန်။

မျက်ကြွယ်သည် အားလီကို မျက်စိရှုပ်လာသည်ထင့်။ ဆတ်ခနဲဆွဲမ,ကာ ပစ်လိုက်၏။ ဤတွင် ချူကျူးက သူ့ရှေ့သို့ ဲလာသော အားလီကို ဖမ်းယူလိုက်ပြီး ဘေးတွင် ချထားလိုက်၏။

ထို့ကြောင့် အားလီက ချူကျူးကို မေတ္တာရပ်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ချူကျူး၊ ရှင် သူ့ကို ဖျောင်းဖျပေးစမ်းပါရှင်၊ ဆရာမကြီးနဲ့ ထပ်ပြီး မယှဉ်ပြိုင်ပါနဲ့တော့လို့၊ ကြာရင် သူ...သူ သေသွားလိမ့်မယ်၊ ရှင်...ရှင်...ရှင်ပြောတဲ့ စကားကိုတော့ သူ နားထောင်လိမ့်မယ် ထင်ပါတယ်"

"ဩော်...အံ့ပါရဲ့ရှင်၊ သူက ဘာဖြစ်လို့ ကျွန်မ စကားကို နားထောင်မှာလဲရှင့်"

"ဒါကတော့ အကြောင်းရှိလို့ပေါ့ရှင်၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သူ... သူက ရှင့်ကို မေတ္တာရှိနေတယ်ရှင့်၊ ဒီတော့..."

အားလီ စကားကြောင့် ချူကျူးမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။ ဖြူဖွေးနေသော သူ့မျက်နှာမှာ သွေးရောင်ဖြန်း၍ ရဲခနဲ နီသွား၏။

"သွား၊ ဘာတွေ လာပြောနေတာလဲ"

ထိုစဉ် မျက်ကြွယ်၏ ဟိန်းညံသော အသံက ထွက်ပေါ်လာပြန်၏။

"ဟင်း...ဟင်း၊ မင်းက ကိုယ့်ထမင်း ကိုယ်စားပြီး အေးအေး မနေချင်ဘူးကိုး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတွင်းရှာနေတော့လဲ ငါ ဘာတတ်နိုင်မှာလဲ၊ ကဲ..."

သူမသည် ပြောပြောဆိုဆို ဟူကျင်းထံသို့ လက်ဝါးစောင်းတစ်ချက်ကို ဆန့်ထုတ်ပစ်လိုက်၏။ ဟူကျင်းသည် အရှိန်ပြင်းစွာ ထွက်ပေါ်လာသော လက်ဝါးချက်ကို ထိပ်တိုက် ရင်မဆိုင်ရဲသဖြင့်



ဘေးသို့ ခုန်ရှောင်လိုက်၏။ သို့သော် မလွတ်။ မျက်ကြွယ်၏ လက်ဝါးချက်သည် သူ၏ လွတ်ဟာနေသော နေရာမှ လိမ်ကောက်ကာ ရင်ဝသို့ တိုင်းဝင်သွား၏။

"ဖန်း" ဟူသော အသံနှင့်အတူ ဟူကျင်း လွင့်စဉ်သွား၏။ သဲမြေပေါ်သို့ "ဘုန်း"ခနဲ ပစ်ကျပြီး နောက်တွင်မူ ဟူကျင်းမှာ မလှုပ်မယှက်နိုင်တော့။ အသက်မဲ့သွားသော လူတစ်ယောက်ကဲ့သို့ ငြိမ်သက်နေလေ၏။

ယခုတစ်ကြိမ် မျက်ကြွယ်၏ ရိုက်ချက်မှာ အံ့မခန်းသော သိုင်းပညာ တစ်ရပ်ပင်။ ဖြောင့်တန်းနေသော လက်ဖျံရိုးကို ကွေးကောက်သွားအောင် လုပ်နိုင်စွမ်းသော အတွင်းအားပညာကား မယုံနိုင်စရာ ထူးခြားလွန်းပေ၏။

သို့သော် ဟူကျင်း၏ ရဲရင့်သော သတ္တိနှင့် စိတ်နှလုံးကောင်းရှိမှုတို့သည် မျက်ကြွယ်၏ အံ့မခန်းသော သိုင်းပညာရပ်ထက်ပင် သာလွန် ပြောင်မြောက်သည်ဟု ခံစားနေကြရ၏။

မိမိ၏ အသက်ကို အများအတွက် စွန့်လွှတ်ရဲသော ဟူကျင်း၏ ကောင်းမြတ်သော စိတ်ဓါတ်အားသည် မျက်ကြွယ်၏ ပြောင်မြောက်သော သိုင်းပညာကို ဖုံးလွှမ်းသွားပေ၏။ ထို့ကြောင့်လည်း နှစ်ဘက်သော သိုင်းပညာရှင်တို့သည် ဟူကျင်းအား လေးစားစိတ်နှင့် စာနာထောက်ထား သနားနေကြလေ၏။

ထိုစဉ် သံယောဇဉ် အမျှင်တန်းလေသော အားလီသည် ချူကျူးကို အကူအညီတစ်ခု တောင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ချူကျူး ကျေးဇူးပြုပြီး သူ့ကို သွားကြည့်ပေးစမ်းပါရှင်၊ သူ...သူ အသက်မှ ရှိသေးရဲ့လားလို့"

အားလီ၏ အသံသည် ထိုခဏ၌ အက်ကွဲဆို့နင့် နေပေ၏။ ချူကျူး၏ နလုံးသွေးကား အတိုးအခုန် မြန်နေ၏။ သူကိုယ်တိုင်လည်း ဟူကျင်း၏ အခြေအနေကို အတိုင်းထက် အလွန် သိချင်နေပေ၏။ သို့တစေ သူမသည် လူအများ ရှေ့မှောက်၌ အဘယ်ပုံ စိုးရိမ်တကြီး သွားကြည့်ရပါမည်နည်း။

ထို့ကြောင့် သူမသည် ခြေလှမ်းကို ရှေ့တိုးလိုက်၊ နောက် ဆုတ်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေ၏။ သူ၏ အတွင်းစိတ် လှုပ်ရှားမှု သရုပ်သဏ္ဌာန်များပင်။

ထိုစဉ် ဟူကျင်းမှာ အနည်းငယ် လှုပ်လာ၏။ သူသည် လဲကျနေရာမှ ထ,ထိုင်ရန် ကြိုးစား၏။ သို့သော် ခန္ဓာကိုယ်မှာ ကြွရုံသာ ကြွနိုင်ပြီး ပြန်လဲကျသွားပြန်၏။

ဟူကျင်းကား ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခိုင်ခိုင် တိုက်ပွဲဝင်နေဆဲ။ သူ၏ စိတ်ဓာတ်အဟုန်သည် မြင့်မားလှစွာ နိုးကြားလျက်ရှိ၏။

စိတ်၌ကား မျက်ကြွယ်၏ နောက်ဆုံးရိုက်ချက်ကို ခုခံနိုင်ရန်သာ စဉ်းစားနေ၏။ တဖြည်းဖြည်းနှင့် သူသည် လဲကျနေရာမှ လုံးဝ ထ,ထိုင်နိုင်သော အခြေအနေသို့ ရောက်လာ၏။ ပတ်ပတ်လည်လည်မှ ဝိုင်းကြည့်နေသူများကား ရင်တမမ၊ အသည်း တထိတ်ထိတ်၊ အသက်ကိုပင် ရဲရဲမရှူရဲ။

ထိုစဉ် ဟူကျင်း၏ စိတ်အာရုံသည် ရှင်းလင်း ကြည်လင်



လျက်။ အဖိုးအနဂ္ဃထိုက်သော သိမြင်မှု တရားတစ်ခုသည် ဦးနှောက်အတွင်းသို့ ရုတ်ခြင်း ဝင်ရောက်လာ၏။

ယင်းကား နေစကြာ ကျင့်စဉ်ထဲမှ စာပိုဒ်တစ်ပိုဒ်။ (သို့မဟုတ်) လွန်ခဲ့သော အတိတ်ဆီက လေ့လာမှတ်သားခဲ့သော ကျင့်စဉ်တရား။

"ရန်သူအားသည် ပြင်းထန်ချင်သလောက် ပြင်းထန်ကြီးမားပါစေ၊ ကိုယ်ခံအားက ရန်သူအားကို အမြဲတမ်း လိုက်လျော ပေးရမည်။ မိမိသည် မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သော ကျူပင်ကလေးကဲ့သို့ပင် ကျင့်ရမည်"

ကျန်းဟူကျင်းသည် လက်တွေ့ဘဝ၌ ယင်းကျင့်စဉ်တရားကို အဘယ်ပုံ အသုံးချရမည်ကို နက်နက်ရှိုင်းရှိုင်း သဘောပေါက်လာ သည်။ မိမိသည် မျက်ကြွယ်၏ အတွင်းအား ရိုက်ချက်ကို မိမိ၏ အတွင်းအားဖြင့် ထိပ်တိုက် မယှဉ်နိုင်။ မျက်ကြွယ်၏ အတွင်းအားသည် မိမိထက် များစွာ သာလွန်သည်ကို မိမိကိုယ်တွေ့ ခံစားနေရပြီ။

ယခုတော့ မေ့လျော့နေခဲ့သော နက်နက် ရှိုင်းရှိုင်း သိနားမလည်ခဲ့သော ကျင့်စဉ်တရား၏ အနှစ်ကို မိမိ ဆုပ်ကိုင်မိပြီ။ သည်တော့ မျက်ကြွယ်၏ ပြင်းထန်လွန်းသော အတွင်းအား ရိုက်ချက်ကို ယခင် အချိန်များကကဲ့သို့ ထိပ်တိုက် ရင်ဆိုင်ခြင်း မပြုတော့ဘဲ လေယူရာယိမ်းသည့် ကျူပင်ငယ်လို ရန်သူ့အားကို လိုက်လျောခဲ့ပါက မိမိမှာ လုံးဝ ဒဏ်ရာရမည် မဟုတ်တော့။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အခြေအနေကို သဘောပေါက်လာသည်နှင့်အမျှ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားကာ အတွင်းအား သိုဝ်းကျင့်စဉ်ကို ပြန်လည်ကျင့်လိုက်၏။ မကြာခင်ပင် တခဏ ကွယ်ပျောက်သွားခဲ့သော အားအင်များသည် ပြန်လည် ပြည့်ဝလာ၏။ ရရှိခဲ့သော ဒဏ်ချက်များမှာ အပြင်းပမ္ဘာ ဖြစ်၍လည်း နေစကြာကျင့်စဉ်၏ တန်ခိုးသတ္တိများသည် ပြန်လည်ပေါ်ပေါက်လာ၏။

မျက်ကြွယ်မှာ ဟူကျင်းကိုကြည့်ရင်း စိတ်ချောက်ချားလာ၏။ သူ အထင်သေးခဲ့သော ဟူကျင်းသည် ယခုရဏ္ဌ မိမိ ဒဏ်ရာများကို အတွင်းအားဖြင့် ပြန်လည် ကုသလျက် ရှိနေသည်ကို တွေ့ရသောအခါ မျက်လုံးများ ပြူးကျယ်လာ၏။

တကယ့်လည်း သူသည် ပထမရိုက်ချက်၌ အတွင်းအားကို အဆင့်သုံးအထိ သုံးကြည့်၏။ ဒုတိယ ရိုက်ချက်တွင်ကား အဆင့် ခုနစ်အထိအောင် ထုတ်၍ သုံးခဲ့၏။ ယင်းရိုက်ချက်နှင့်ပင် ဟူကျင်းတစ်ယောက် အသက်ပျောက်သွားနိုင်ပြီဟုလည်း ယူဆခဲ့၏။

ယခုကား သူ၏ ယူဆချက်နှင့် ဆန့်ကျင်စွာ ထ၍ပင် ထိုင်နေနိုင်ပြီ ဖြစ်၏။ ထို့ကြောင့် သူသည် ဟူကျင်းအပေါ် အထင်သေးခဲ့ခြင်းနှင့် မိမိ သိက္ခာကို မိမိ မြှင့်တင်နေမိလိုက်ခြင်း သည်ပင်လျှင် အမှားဖြစ်ပြီလောဟူ၍ တွေးနေမိတော့၏။

စင်စစ် သိုင်းလောက စည်းမျဉ်းအရ ဟူကျင်း၏ ဒဏ်ရာကုစားနေမှုကို မိမိကြည့်နေ၊ စောင့်ဆိုင်းနေရန် မလိုပေ ရန်သူပြိုင်ဘက်၏ အားနည်းချက်အပေါ် အခွင့်အရေး မပေးဘဲ ဖိ၍ တိုက်ခိုက်နိုင်ပေသည်။



သို့သော် မျက်ကြွယ် ဤသို့ မလှုပ်ခဲ့။

ဤသို့ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသူကို မိမိသည် မညှာမတာ တိုက်ခိုက်ခဲ့ပါက သိုင်းပညာရှင်များ အလယ်၌ မိမိ အရှက်ကွဲရပေလိမ့်မည်။ တစ်နည်း သိက္ခာကျရပေလိမ့်မည်။ နှိုင်းယှဉ်ကြည့်လျှင်လည်း ဒဏ်ရာရ လူငယ်သည် ကျော်ကြားခြင်း မရှိသော သာမန် သိုင်းသမားလေးဖြစ်၍ မိမိကား ဝါမဲဂိုဏ်း၏ ဂိုဏ်းချုပ် ဆရာမကြီး တစ်ယောက်။

ထိုစဉ် ငြိမ်သက် တိတ်ဆိတ်နေမှုကို သည်းမခံနိုင်သော တင်မင်း၏ အသံက ပေါ်လာ၏။

"ဟော့...နွားလေးဆိုတဲ့ သူငယ်၊ မင်းအနေနဲ့ ပြန်ပြီး မတိုက်နိုင်တော့ရင်လဲ မြန်မြန် အရှုံးပေးလိုက်စမ်းပါ၊ မင်း ခုလို ကိုယ့်ဒဏ်ရာ ကိုယ်ကုနေတာကို ငါတို့က တစ်သက်လုံး စောင့်ဆိုင်းနေရတော့မှာလား"

တင်မင်း၏ စကားကြောင့် ချူကျူးက ပျာပျာသလဲ ဝင်ပြောပြန်၏။

"မ...မမ၊ သူခဏလောက်တော့ အနားယူပါစေဦး မမရယ်၊ ကျွန်မတို့အဖို့ စောင့်ရတာ သိပ် အရေးမကြီးလှပါဘူး"

"ဘာ"

တင်မင်း၏ ဒေါသသံသည် ဟိန်း၍ ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ချူကျူး၊ နင်က ရန်သူကို အားပေးနေတာလား။ ခဏတွေ့ရတဲ့ အကောင်ကို နင်က ကျိတ်ပိုး ပိုးနေ..."

တင်မင်း၏ စကားမဆုံး၊ လမ်းတစ်ဝက်ကပင် စကားကို ဖြတ်ပစ်လိုက်၏။ ဒေါသအမျက်ကြောင့် စကားလုံးများ လည်ချောင်းတွင် တစ်ဆို့သွားသလား မပြောတတ်။ သို့သော် သူ့စကား အဓိပ္ပာယ်ကို လူတိုင်း နားလည်၏။

ယင်းကြောင့် ချူကျူးမှာ အရှက်ကြီး ရှက်သွား၏။

သို့သော် သူသည် စိတ်ကို တည်ငြိမ်အောင် ကြိုးစားလျက်...

"ကျွန်မက ကျွန်မတို့ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို မညှိုးနွမ်းစေချင်တဲ့ သဘောပါ၊ ခုလို လူပုံအလယ်မှာ ခုခံ ကာကွယ်နိုင်ခြင်း မရှိတဲ့ လူတစ်ယောက်ကို အသေသတ်လိုက်ရင် အများက ဘာပြောမလဲ"

ချူကျူး၏ နှိုင်းနှိုင်းချိန်ချိန် ပြောလိုက်ဟန်ကြောင့် တင်မင်းမှာ ကြောင်ငေးငေး ဖြစ်သွား၏။ ပြီးမှ...

"အိုး ဒါက သိုင်းလောကရဲ့ စည်းမျဉ်းတစ်ရပ်ပဲ၊ ရန်သူရဲ့ အားနည်းချက်ကို ဖိပြီးမတိုက်ရင် ဘယ်ဖြစ်ပါ့မလဲ"

"ကျွန်မကတော့ ဒီလိုမယူဆဘူး၊ ကျွန်မတို့ရဲ့ ဝါ[ေ]ဂိုဏ်းဟာ သိုင်းလောကမှာ ထိပ်တန်းနေရာမှာ ရှိတယ်၊ အောင်မြင်ကျော်ကြားမှု သရေဖူကိုလဲ ဆောင်းထားတယ်၊ ဂိုဏ်းဝင်တွေဆိုထဲ တစ်ဦးချင်း အနေနဲ့ ကြည့်ကြည့်၊ စုပေါင်းအနေနဲ့ ကြည့်ကြည့် ဝါရင့် သိုင်းပညာရှင်တွေချည်းပဲ"



"ပြီးတော့ ကျွန်မတို့ရဲ့ဂိုဏ်းဟာ အများအကျိုးကို ဆောင်ရွက်တဲ့ နေရာမှာလဲ ထိပ်တန်းနေရာမှာ ရှိနေတယ်၊ ဒါကို သိုင်းလောက တစ်ခုလုံး အသိ၊ ပြီးတော့..."

"ဆရာမကြီး မျက်ကွယ်ဆိုတာ ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်၊ အတွေ့အကြုံ ရင့်ကျက်ပြီး ပညာရည် အထူးချွန်ဆုံး၊ ဒီလို လူတစ်ယောက်က ဘာမဟုတ်တဲ့ ကောင်လေး တစ်ယောက်ကို အသေသတ်ချင်ရင် အလွယ်လေး၊ ဒါပေမယ့် ဆရာမကြီးက အစစ ညှာတာပြီး ပညာပေးရုံ တိုက်နေတာကို အားလုံး မျက်မြင်ပဲ"

"ဆရာမကြီး ကိုယ်တိုင်က ဒီကောင်လေးကို အချိန်ပေးနေ၊ အခွင့်အရေးပေးနေတာဟာ သူ့ကို မသတ်ချင်လို့ဆိုတာ ရှင်းနေတယ်"

"တကယ်လဲ ဒီကောင်လေးရဲ့ ပိုးစုန်းကြူး ပညာလေးဟာ ဆရာမကြီးရဲ့ နေ့လ အလင်းလို ကြီးမားတဲ့ ပညာကို ပြိုင်လို့ ရနိုင်ပါ့မလား၊ ဟင်း...ဟင်း"

"ခု ဒီကောင်လေး ကျင့်စဉ်တရားကို ကျင့်နေတာဟာ တထိုင်မပြောနဲ့ နောက် အနှစ်တစ်ရာကြာအောင် ကျင့်လဲ ဆရာမကြီးကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ပါဘူး၊ ဒါကြောင့် နောက်ထပ် အချိန်လေး ပေးလိုက်ရုံနဲ့ ကျွန်မတို့အဖို့ နောက်တွန့်နေစရာ၊ ဂရုစိုက်နေစရာအကြောင်း မရှိပါဘူး"

ချူကျူး၏ ခပ်တည်တည် မြှောက်ပင့်စကားများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဝါမေဂိုဏ်းသားတို့သည် ခေါင်းတဆတ်ဆတ်နှင့် ကျေနပ်သွားကြ၏။ မျက်ကြွယ် ဆရာမကြီးပင်လျှင် ချူကျူး၏ ပါးနပ်လိမ္မာသော စကားလုံးများကြောင့် ပီတိတွေ ဝေဖြာလျက် ဤမိန်းကလေးသည် ဉာဏ်ပညာ ထက်မြက်၍ မိမိတို့၏ ဂုဏ်သိက္ခာကို အမှန်တကယ် မြှင့်တင်ပေးနေကြောင်း ယူဆနေမိလေ၏။

ဟူကျင်း နလုံးသား၌ကား ချူကျူး၏ ပါးနပ်မှု အလိမ္မာတရားများသည် မိမိကို သွယ်ဝိုက်၍ ထိရောက်စွာ ကူညီလျက်ရှိကြောင်း နက်နက်ရှိုင်းရှိုင်း သိမြင်နေပေ၏။ ထို့ကြောင့်လည်း သူသည် ချူကျူးကို ကျိတ်၍ ကျေးဇူးတင်နေမိလေသည်။

ထိုစဉ်၌ပင် သူသည် အားအင်များ ပြည့်ဖြိုးလာလျက် မားမားမတ်မတ် ရပ်နိုင်လာပေ၏။

မျက်ကြွယ်သည် ယခုခဏ၌ မျက်မှောင်ကြုတ်သွားပြန်၏။ စောစောက ဝမ်းမြောက် ကျေနပ်မိသော ပီတိအဟုန်ပင်လျှင် လွင့်စဉ် ကင်းပျောက်သွား၏။

ဟူကျင်းတစ်ယောက် ကမ္ဘာ့နှင်းလေး တစ်ခဏ ထိုင်လိုက်ရုံနှင့် အားအင်များ ပြည့်ဖြိုးလာသည်ကို တွေ့ရသောအခါ၌ မယုံကြည်နိုင်လောက်အောင်ပင် တအံ့တသြ ဖြစ်နေမိ၏။

ထိုစဉ် ဟူကျင်း၏ စိန်ခေါ်သံက ထွက်ပေါ်လာ၏။

"ဆရာမကြီးခင်ဗျား... ကျွန်တော့်အနေနဲ့ ဆရာမကြီးရဲ့ ရိုက်ချက်ကို အသက်စွန့်ပြီး ခုခံဖို့ အဆင်သင့်ဖြစ်ပါပြီခင်ဗျား"



ဟူကျင်း၏ စကားကြောင့် မျက်ကြွယ်သည် မဲ့ပြုံးပြုံးလိုက်၏။

"ဒီမယ် သူငယ်လေး မင်းဟာ ငါ့ရဲ့ ရိုက်ချက်ကို ငုံ့ခံပြီး ကာကွယ်နေလို့ ဘာအကျိုးထူးမှာလဲ၊ မင်းရဲ့ စွမ်းအားရှိသမျှနဲ့ ပြန်ပြီးတိုက်ခိုက်ပါလားကွယ်၊ ဟင်း... ဟင်း"

ဟူကျင်းသည် မထိတရီ ပြုံးလျက်...

"ကျွန်တော့်ရဲ့ အတတ်ပညာဟာ ဆရာမကြီးရဲ့ ပညာနဲ့ ယှဉ်ကြည့်ရင် မြင်းမိုတောင်နဲ့ ဆီးစေ့လို ကွာခြားနေပါတယ်၊ ဒါကြောင့် ကျွန်တော်က ပြန်ပြီး တိုက်ခိုက်မယ်ဆိုရင်လဲ ဆရာမကြီးရဲ့ အင်္ကျီစကလေးကိုတောင် စုတ်ပြဲအောင် မတတ်နိုင်သေးပါဘူး၊ ဒါဟာ တကယ့်အမှန်တရားဖြစ်ပါတယ်၊ ဒီတရားကြောင့်လဲ ကျွန်တော်ဟာ ဆရာမကြီးရဲ့ ရိုက်ချက်ကို အသက်စွန့် ကာကွယ်ရုံကလွဲပြီး တခြား ဘာမှ မတတ်နိုင်ပါဘူး ခင်ဗျာ"

မျက်ကြွယ်သည် ဟူကျင်း၏ စကားကို အကြွင်းမဲ့ လက်ခံလိုက်မိ၏။ သူ၏ တတိယရိုက်ချက်သည် ဤသူငယ်လေး၏ အသက်ကို မုချခြွေနိုင်လိမ့်မည်ဖြစ်ကြောင်း သဘောပေါက်နေ၏။ ထို့ကြောင့် သူသည် အသေမသတ်သေးဘဲ မေ့မြောသွားရုံလောက်သာ အကြောပိတ် ရိုက်ချက်ကို သုံးဖို့ ဆုံးဖြတ်လိုက်၏။ တိုက်ပွဲပြီး၍ မကောင်းဆိုးဝါးများ ရှင်းသွားချိန်ကျမှ သတိရအောင် ပြုစုပေးမည်ဟုလည်း တွေးနေ၏။

အတွေးကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးချိန်၌ သူသည် တတိယ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါး ရိုက်ချက်ကို ထုတ်လွှတ်လိုက်ရန် ပြင်လိုက်၏။ ထိုစဉ်...

"မျက်ကြွယ်ဆရာမကြီး ခဏနေပါဦး" ဟူသော တားမြစ်သံကို ကြားလိုက်ရ၏။

ထိုလူကား မျက်ခုံးဖြူဂိုဏ်းသား ဖြစ်၏။ အင်္ကျီဖြူဝတ်ထားသော ထိုလူသည် လူအုပ်ထဲမှ လျှောက်ထွက်လာ၏။ သူသည် မျက်ကြွယ်နှင့် ဆယ်ပေခန့် အကွာအဝေးတွင် ရပ်လျက်...

"ဆရာမကြီး... ခင်ဗျားရဲ့ တတိယလက်ဝါးရိုက်ချက်ကို ကျုပ်ခုခံပါရစေ"

"မင်းက ဘယ်သူလဲ"

"ကျုပ် 'ချင်ရယ်ဝမ်'ပါ"

ချင်ရယ်ဝမ်။ ချင်ရယ်ဝမ် ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် ဝါမေတို့ဘက်မှ ဂိုဏ်းကြီးခြောက်ဂိုဏ်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

'ချင်ရယ်ဝမ်'ကား မျက်ခုံးဖြူဂိုဏ်းချုပ်ကြီး 'ချင်တင်းကျက်'၏ သားဖြစ်၏။

ဟူကျင်း၏ အမေ 'ချင်တူးတူး'၏ အကိုလည်းဖြစ်၏။ ယခုအခါ၌ ဂိုဏ်းချုပ်ကြီး ချင်တင်းကျက်မှာ သိုင်းပညာရပ်များကို အပတ်တကုတ် လေ့လာစူးစိုက်ခြင်း ပြုနေသည်ဖြစ်၍ ဂိုဏ်းတစ်ခုလုံး၏ တာဝန်များကို သားဖြစ်သူအား လွှဲအပ်ထားပေ၏။ ထို့ကြောင့်လည်း ချင်ရယ်ဝမ်မှာ တရားဝင် ဂိုဏ်းချုပ်



ကိုယ်စားလှယ်ဖြစ်၏။

မျက်ကြွယ်သည် သူ့ကို အထင်မသေးဝံ့။ ချင်ရယ်ဝမ်မှာ အသက် လေးဆယ်ကျော်ခန့်ရှိပြီး မျက်လုံးအစုံကား အရွယ်နှင့် မလိုက်အောင် စူးရှတောက်ပြောင်လျက်ရှိ၏။ မျက်ကြွယ်သည် ဂိုဏ်းချုပ်တစ်ဦးပီပီ မိမိ၏ စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းလိုက်ပြီး လေသံအေးအေးဖြင့် မေးခွန်းထုတ်လိုက်၏။

"ခု ကိစ္စဟာ မင်းနဲ့ ဘာဆိုင်သလဲ၊ ဒီသူငယ်နဲ့ မင်းဟာ အမျိုးမို့ လား..."

မျက်ကြွယ် စကားကြောင့် ဟူကျင်းမှာ စိတ်ဝေဒနာတစ်ခုကို ပြင်းပြင်းပြပြ ခံစားရလိုက်ရ၏။

"ဒီလူဟာ ကျုပ်ရဲ့ ဦးလေး၊ ကျုပ်ရဲ့ ဦးလေး"ဟု ပြောလိုက်ချင်စိတ်များပင် ပေါ်ပေါက်လာ၏။

ချင်ရယ်ဝမ်က အရေးမစိုက်သလို တဟားဟား ရယ်မောလျက်...

"ကျုပ် သူ့ကို မသိပါဘူး၊ ဘာမှလဲ မတော်ပါဘူး၊ ဒါပေမယ့် ခုအချိန်မှာ ဒီကောင်လေးရဲ့ ရဲရင့်မှုနဲ့ စိတ်ဓာတ်ဟာ လေးစားစရာ သိပ်ကောင်းနေတယ်၊ သူကိုယ်တိုင်တောင် ငယ်ငယ်ရွယ်ရွယ်နဲ့ သူနဲ့ မဆိုင်တဲ့ ကိစ္စမှာ အများအကျိုးအတွက် သူ့အသက်ကို စွန့်ဖို့ ပြင်ဆင်ထားတယ်၊ ဒါဟာ အာဂသတ္တိ၊ ဒါကြောင့် ကျုပ်လိုလူတစ်ယောက်ဟာ ခုလို တရားမဲ့ အနိုင်အနေကို လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း"

မျက်ကြွယ်သည် သရော်ဟန်နှင့် တစ်ချက် ရယ်သွမ်းသွေးလိုက်၏။ စာစ်ဆက်တည်းပင် ဟူကျင်းဘက်လှည့်လျက် ...

"ကဲ ... သူငယ်လေး၊ ခုအချိန်ကစပြီး မင်း သွားလိုရာ သွားနိုင်ပြီ" ဟု ပြောလိုက်၏။

ဟူကျင်းကား မလှုပ်။ သူသည် ခေါင်းကို ယမ်းခါလျက် ...

"ကျုပ် ခင်ဗျားရဲ့ နောက်ဆုံးရိုက်ချက်ကို ယှဉ်ပြိုင်ပြီးမှ တိုက်ပွဲတွင်းက ထွက်နိုင်မယ်"

ဟူကျင်း၏ ပြတ်သားခက်ထန်သော အသံကြောင့် အားလုံး အံ့သြနေလေ၏။ မျက်ကြွယ်သည် အံတစ်ချက်ကြိတ်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"ဒီမယ် ချင်ရယ်ဝမ်၊ မင်းနဲ့ ငါရဲ့ ကိစ္စကို ခဏထားလိုက်ပါဦး၊ ဒီကောင်လေးကို စာရင်းရှင်းပြီးမှ မင်းနဲ့ ငါ တွေ့ကြတာပေါ့"

မျက်ကြွယ်စကားကြောင့် ချင်ရယ်ဝမ်သည် ဟားတိုက်ရယ်မောပစ်လိုက်၏။

"ကောင်းပါပြီတဲ့ ဆရာမကြီး ခင်ဗျား၊ ကောင်းပါပြီတဲ့၊ ဒါပေမယ့် ဒီသူငယ်ကို ခင်ဗျား အသေရိုက်ခဲ့ရင် ခင်ဗျားလဲ ဒီနေရာမှာ မုချသေရမယ် ဆိုတာတော့ ကောင်းကောင်းနားလည်ထားပါ၊ ဟား ... ဟား ... ဟား"

ပြောပြောဆိုဆို ချင်ရယ်ဝမ်သည် နောက်သို့ ဆုတ်သွား၏။



ထို့နောက် လက်ကို ဝှေ့ယမ်း၍ 'ထွက်လာကြစမ်း' ဟူသော ခေါ်သံကို ဟိန်းညံစွာ အော်ဟစ်လိုက်လေ၏။ မထင်မှတ် မယုံကြည်နိုင်စရာ အဖြစ်။ ချင်ရယ်ဝမ်၏ အော်ဟစ်သံ အဆုံး၌ သဲမြေအောက်မှ ဦးခေါင်းများ ထွက်ပေါ်လာ၏။ တစ်ချိန်တည်းလိုလိုပင် ထိုလူများစွာသည် လေးမြားများ ကိုယ်စီကိုင်လျက် ပစ်လွှတ်ရန်အသင့်ပြင်လိုက်ကြ၏။ သူတို့သည် ကြိုတင်၍ မြေအောက်လိုဏ်များတူးကာ ဂိုဏ်းကြီး ခြောက်ဂိုဏ်းကို ဝိုင်းပတ် ပိတ်ဆို့ထားလျက် ရှိ၏။

ထောင်ချောက်။

ဂိုဏ်းကြီးခြောက်ဂိုဏ်းမှာ ထောင်ချောက်အတွင်းမှ ငှက်ငယ်များပမာ ဖြစ်နေကြလေ၏။

ဂိုဏ်းကြီးခြောက်ဂိုဏ်းသည် ဆိုးရွားသော အခြေအနေကို သုံးသပ်ရင်း မျက်ကြွယ်၏ အမိန့်ကို စောင့်နေ၏။

မျက်ကြွယ်ကား မာနကြီးသူ၊ စိတ်ကြီးသူဖြစ်၏။ သူသည် ဆိုးရွားသော အခြေအနေကို ဂရုမစိုက်ဘဲ ...

"ဟေ့ ... သူငယ်၊ မင်း အဆင်သင့် ဖြစ်ပြီလား"

ဟူကျင်း ဘာမှ ဆက်မပြောတော့။ ခေါင်းကိုသာ ဆတ်ခနဲ ညိတ်လိုက်၏။ တစ်ချိန်တည်းမှာပင် မျက်ကြွယ် ကိုယ်တွင်း အရိုးအဆစ်များသည် တဖျစ်ဖျစ် တဖြောက်ဖြောက်မြည်လာ၏။ လျှပ်တစ်ပြက်ပင် ဟူကျင်း ရင်ဝကို ချိန်၍သားကိုက် ရိုက်ချလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ချင်ရယ်ဝမ်၏ ခြိမ်းခြောက်မှုကို တုံ့ပြန်လိုက်သော ရိုက်ချက်။

ဝါမေဂိုဏ်း၏ ပြင်းထန်မြင့်မားသော နေစကြာကျင့်စဉ်၏ အတွင်းအားကို ပြည့်ဝစွာ သုံးစွဲလိုက်သော ရိုက်ချက်။ သိ၏။ ဟူကျင်းကလည်း အခြေအနေကို ကောင်းကောင်းသိ၏။

မျက်ကြွယ်၏ အရိုးအဆစ်များ တဖျစ်ဖျစ် တဖြောက်ဖြောက် မြည်လာကတည်းက မုန်တိုင်းလို ပြင်းထန်မည့် ရိုက်ချက်မှန်း သိ၏။ ထို့ကြောင့်လည်း သူသည် . . . ။

* * *

# အခန်း (၅၃)

www.burmeseclassic.com

www.burmeseclassic.com

1

## ရှုပ်ထွေးသောခရီး

ဟူကျင်းသည် နေစကြာ ကျင့်စဉ် တရားကို သတိတရားရှိစွာ အသုံးချလိုက်၏။

မုန်တိုင်းလို ပြင်းထန်မည့် မျက်ကြွယ်၏ အားကို လျှော့ရန် စိတ်ကို လျှော့ထားပြီး ဖြစ်သည်။ တစ်ပြိုင်နက် အတွင်းမှာပင် အတွင်းအား များကို အခိုင်အမာ စုစည်း ထားလိုက်၏။ ထို့ကြောင့် . . .

"ဒုန်း" ဟူသော အသံသည် မိုးကြိုးပစ်သံလို မြည်ဟိန်းသွားသည့် ခဏ၌ ဂိုဏ်းကြီးခြောက်ဂိုဏ်းနှင့်တကွ မျက်ခုံးဖြူဂိုဏ်းသားတို့သည် ဟူကျင်း တစ်ကိုယ်လုံး ကြေမွသွားပြီဟု ထင်မှတ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လုံးဝ ယုံကြည်ရန် မရှိသော အဖြစ်အပျက်သည် လူအားလုံးရှေ့မှောက်၌ မျက်ဝါးထင်ထင် တွေ့မြင်ကြရ၏။ ကြည့် . . . ။ ဟူကျင်းမှာ မျက်နှာတစ်ချက် မပျက်။

သူမားမားမတ်မတ် ရပ်တည် နေပုံသည် ကျောက်တိုင်ကြီး တစ်တိုင်လို။ မျက်ကြွယ် ချောက်ချားတုန်လှုပ်သွားရှာ၏။ သူ့ တစ်ကိုယ်လုံးပင် ထိတ်လန့်မှု အမှတ်လက္ခဏာအဖြစ် တုန်တုန် ယင်ယင် ဖြစ်နေသည်။ သူ၏ ရိုက်ချက်သည် အမှန်ပင် ဝါမေ ဂိုဏ်း၏ နေစကြာကျင့်စဉ်တရား ဖြစ်၏။

သို့သော် ဝါမေဂိုဏ်း နေစကြာကျင့်စဉ်သည် ဟူကျင်း၏ စစ်မှန်သော နေစကြာကျင့်စဉ်နှင့် ကွာခြားလွန်းနေသည်။ စင်စစ် သူတို့ နှစ်ဦးစလုံး၏ အတွင်းအားမှာ အမျိုးတူ ဖြစ်၏။

ဟူကျင်း၏ အသုံးချမှု မှန်ကန်နေသောကြောင့် မျက်ကြွယ် ထုတ်လွှတ်လိုက်သော အတွင်းအားများသည် ဟူကျင်း၏ ကိုယ် တွင်းသို့ ရောက်ရှိသွားပုံမှာ မြစ်ရေစီးသည် ပင်လယ်ကြီးအတွင်း စီးဝင်သွားသကဲ့သို့ ဖြစ်နေသည်။

တစ်နည်းဆိုရသော် မီးပုံကြီးထဲသို့ ရောက်ရှိသွားသော ထင်းမီးစလေး တစ်စ၏ အဖြစ်မျိုး။

ထို့ကြောင့်လည်း ဟူကျင်းမှာ မည်သည့်ဒဏ်ရာမျှ မရရုံ မက သူ၏ အတွင်းအားများသည် ပိုမိုပြည့်ဖြိုး လာသည်ဟုပင် ခံစားနေရသည်။ ဤအချက်ကို ဝိုင်းကြည့်နေသော သိုင်းပညာရှင် များ သဘောမပေါက်နိုင်ကြ။



စောစောက မျက်ကြွယ်၏ ရိုက်ချက်နှစ်ချက်မှာ နေစကြာ ကျင့်စဉ်ကို သုံးခဲ့ခြင်းမဟုတ်။ ထိုစဉ် ဟူကျင်းမှာလည်း ရန်သူ အားကို ဖြေလျှော့ပစ်ရန် နည်းနာတရားကို မတွေ့သေး။

ယင်းအကြောင်း နှစ်ချက်ကြောင့် သူ သွေးအန်ခဲ့ရခြင်း ဖြစ်သည်။ ယခုကား မျက်ကြွယ်သည် သူ့အားအထားဆုံး ကျင့်စဉ်တရားနှင့် အဆင့်မြင့်မားစွာ အနိုင်ယူခဲ့သော်လည်း သူမနိုင်။ ဤအဖြစ်၏ အတွင်းသဘောကို ဟူကျင်းမှလွဲ၍ မည်သူမျှ နားမလည်ကြ။

ထို့ကြောင့် အချို့သော သိုင်းပညာရှင်များက မျက်ကြွယ် ၏ ညာတာသော ရိုက်ချက်ဟု ယူဆလိုက်ကြ၏။ မျက်ကြွယ် သည် အစစထောက်ထား၍ အလျှော့ပေးလိုက်ခြင်းသာ ဖြစ်သည် ဟု သဘောပိုက်ကြ၏။

ထိုစဉ် ဟူကျင်းကလည်း လိမ္မာပါးနပ်လှစွာ မျက်ကြွယ် ကို အရိုအသေ ပေးလိုက်၏။

“ဆရာမကြီးခင်ဗျား ဆရာမကြီးအနေနဲ့ ကျွန်တော့်ကို စာနာထောက်ထားမှု အပြည့်နဲ့ ညာတာခဲ့တာကို ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ် ခင်ဗျား”

မျက်ကြွယ် ဘာမျှမပြောနိုင်။ နုံးချည့် ရှက်ရွံ့သော ခံစား ချက်နှင့် သက်ပြင်းကိုသာ မှုတ်ထုတ်လိုက်သည်။

ဤတွင် ချင်ရယ်ဝမ်က လှောင်ပြောင်သရော်သော အသံ များနှင့် ဟားတိုက် ရယ်မောရာမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"မျက်ကြွယ် ဆရာမကြီးကို ကျွန်တော်ကလဲ ကျေးဇူးအများကြီး တင်ပါတယ် ခင်ဗျား"ဟု ပြောလိုက်လေတော့၏။

ထို့နောက် သူသည် 'ပြန်ဆုတ်'ဟူသော အမိန့်သံကို ဟစ်ကြွေလိုက်၏။ မျက်ခုံးဖြူ ဝိုင်းသားများလည်း ညီညာစွာ နောက်ဆုတ်လိုက်ကြ၏။

မျက်ကြွယ်၏ မျက်နှာက ပြိုတော့မည့်မိုးလို ညို့မှိုင်းမည်းမှောင်နေ၏။ ရှက်ရွံ့ခြင်း မီးအပူသည် သူ့တစ်ကိုယ်လုံးကို အကြွင်းမဲ့စွာ ကျွမ်းလောင်လျက် ရှိ၏။ ထို့ကြောင့် သူသည် အုံကြွနေသော ဒေါသအဟုန်ဖြင့်...

"ချင်ရယ်ဝမ်၊ မင်းက စောစောတုန်းကတော့ ငါနဲ့ ယှဉ်ပြိုင်ချင်တယ်ဆို၊ ခု ကိစ္စတစ်ခု ပြီးသွားပြီလေ၊ မင်းနဲ့ငါ စာရင်းရှင်းဖို့ ကျန်သေးတယ် မဟုတ်လား"

"ဝမ်းနည်းပါတယ် ဆရာမကြီး၊ ဒီကနေတော့ ကျွန်တော် မယှဉ်ပြိုင်ချင်တော့ပါဘူး၊ နောက်များကျမှပဲ ကျွန်တော်တို့ ထပ်တွေ့ကြတာပေါ့ဗျာ"

မျက်ကြွယ် စကားဆိုးနိုင်တော့။

အတန်ကြာ တွေးငေးနေရာမှ ရှက်ရွံ့ နာကြည်းလှစွာ တိုက်ပွဲတွင်းမှ ထွက်ခွာခဲ့တော့၏။

ကျန် ဝိုင်းသားများစွာတို့လည်း သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါခဲ့လေ၏။

* * *

ချင်ရယ်ဝမ်သည် ဟူကျင်းနှင့်အားလီတို့ရှိရာ တစ်လှမ်းချင်း လျှောက်လာ၏။

ဟူကျင်းမှာ ချင်ရယ်ဝမ်ကို ကြည့်ရင်း 'ဦးလေး'ဟု ခေါ်လိုက်ချင်စိတ်များ ပေါ်ပေါက်နေသည်။ ချင်ရယ်ဝမ်ကား သဲမြေပေါ်တွင် မလှုပ်မယှက် ဖြစ်နေသော အားလီကိုကြည့်ရင်း

"အားလီ၊ နင် ငါ့ကို မမှတ်မိတော့ဘူးလား"

သူ့အသံသည် တုန်တုန်ယင်ယင် ဖြစ်နေ၏။ ထိုခဏ၌ သူသည်ကြေကွဲမှု ဝေဒနာတစ်မျိုးကို ခံစားနေပုံရှိ၏။ အားလီမှာ မဖြောင့်လင့်သော ကိစ္စကြောင့် ကယောင်ကတန်းဖြစ်လျက် ရင်ထဲ ဆို့သွား၏။ အတန်ကြာမှ ချင်ရယ်ဝမ်ကို စေ့စေ့ကြည့်ကာ အားပါးတရ ခေါ်လိုက်၏။

"အဖေ..."

www.burmeseclassic.com

www.burmeseclassic.com



သူမ အသံသည် တုန်ယင် အက်ကွဲလျက် ရှိနေ၏။

ဟူကျင်းမှာ အားလီ ခေါ်လိုက်သံကို ကြားလိုက်ရသည်နှင့် တုန်တုန်လှုပ်လှုပ် ဖြစ်သွား၏။

စင်စစ်အားလီသည် သူ၏ တစ်ဝမ်းကွဲ ညီမလေးပင်။

ထို့ကြောင့်လည်း အားလီနှင့်တွေ့စက အားလီ၏ လှုပ်ရှားမှု ဟန်ပန်များသည် သူ့ အမေနှင့် ဆင်တူနေသည်ဟု ခံစားနေရခြင်း ဖြစ်၏။

ထိုစဉ်၌ ချင်ရယ်ဝမ်သည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။ ပြီး...ကရုဏာ ဒေါသစိတ်နှင့် မိုးချုန်းသကဲ့သို့ စကားများကို ပြောလိုက်၏။

"ဩော်...နင်က ငါ့ကို အဖေလို့ ခေါ်ဖော်ရသေးတာကိုး နင်ဟာ ရွှေမန်းမွှင့် ဘွားဘွားနောက် ပါသွားပြီးကတည်းက ငါတို့ မျက်ခုံးဖြူဂိုဏ်းကို မေ့မြစ်လိုက်ပြီလို့ ထင်နေတာ"

"ခုကြည့်စမ်း၊ နင်ဟာ နင့်အမေလို မိုက်မဲတဲ့ မိန်းကလေးပဲ၊ ငါမကြိုက်တဲ့ ပင့်ကူလက်ညှိုးသိုင်းကို နင် ကျင့်နေတုန်း မဲ ဟုတ်လား၊ နင့် မျက်နှာကို မှန်ထဲ ပြန်ကြည့်စမ်း၊ လူရုပ်မှ ပေါ်သေးရဲ့လားလို့၊ ငါတို့ 'ချင်' မျိုးထဲမှာ ဒီလို အကျည်းတန်လွန်းတဲ့သူ မရှိဘူး အားလီ၊ ခုတော့...နင်"

ချင်ရယ်ဝမ်၏ ယူကျုံးမရ ကရုဏာ ဒေါသသံများသည် အဆုံးမသတ်နိုင်ဘဲ ရပ်တန့်သွားလေ၏။

အားလီမှာ ပထမတွင် ဖခင်ဖြစ်သူ၏ ဟန်မူရာကို ကြော



၍ ထိန့်လန့်ခဲ့၏။ သို့သော်...အမေ့အကြောင်းကြားရသော ခဏ၌ မကျေနပ်မှုတို့ အုံကြွလာကာ နှုတ်တုံ့ပြန်လိုက်မိ၏။

"အဖေက လွန်ခဲ့တာတွေကို ပြန်ပြောနေတဲ့ နောက်တော့ ကျွန်မကလဲ ပြောစရာရှိတာ ပြောရဦးမှာပဲ၊ အမေဟာ အဖေ့ အပေါ်အင်မတန် စေတနာမေတ္တာ ထားခဲ့တဲ့ မိန်းမတစ်ယောက်ပါ၊ သံယောဇဉ် ကြီးမားတဲ့ မိန်းမ တစ်ယောက်ပါ၊ အဖေ့အပေါ် အင်မတန်ကောင်းခဲ့တဲ့ မိန်းမပါ၊ ဒီကြားထဲက အဖေဟာ ဘယ်သူ့မျက်နှာမှ မထောက်ဘဲ နောက်မိန်းမ ယူသွားတယ်၊ တကယ်တော့ အဖေဟာ သစ္စာမရှိတဲ့ လူ"

အားလီ စကားကြောင့် ချင်ရယ်ဝမ် တုန်လှုပ် ချောက်ချားသွားလေသည်။ သမီးဖြစ်သူကို အဘယ်ပုံ ရှင်းပြရမည်ပင် မသိနိုင်အောင် ဖြစ်နေ၏။ အတန်ကြာမှ...

"ဒါ...ဒါက ဘာဆန်းတာမှတ်လို့၊ လောကမှာ မိန်းမတစ်ယောက်ကနေ နှစ်ယောက် သုံးယောက် ယူတဲ့လူတွေ ပြည့်လို့၊ အထူးအဆန်းမှ မဟုတ်တာဘဲ၊ ကဲ...ဒါတွေ ထားလိုက်တော့"

ချင်ရယ်ဝမ်သည် စကားကို ယတိပြတ် ဖြတ်လိုက်၏။ ပြီး... သူ့ဂိုဏ်းထဲမှ ဟူဖူနှင့် ဟူဆိုတို့ဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်၏။

"မင်းတို့နှစ်ယောက် ဒီကောင်မလေးကို ခေါ်ခဲ့"

ဟူကျင်း မျက်လုံးပြူးသွား၏။ အားလီ တစ်ယောက်သူ့ အဖေလက်သို့ ပါသွားလျှင် အခြေအနေကောင်းမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟူကျင်း ကမန်းကတန်း ဝင်တား၏။

"ဦးလေး သူ့ကို ခေါ်မသွားပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ် ဦးလေး၊ သူဟာ ငယ်သေးလို့ ဘာမှ နားမလည်တဲ့ မိန်းကလေးပါ"

ချင်ရင်ဝမ်သည် ဒေါသထွက်လာ၏။

ထို့ကြောင့် ဟူကျင်းကို မျက်ထောက်နီနှင့် ကြည့်ကာ–

"ဘာလဲ ခုကိစ္စဟာ မင်းနဲ့ ဘာဆိုင်သလဲ၊ ငါတို့ သားအဖကိစ္စကို မင်းက ဘာဝင်စွက်ချင်နေတာလဲ၊ စောစောကကောင်းလို့ မသေခဲ့ပေမယ့် ခုဆို မင်း အသက်ထွက်သွားမယ် နားလည်လား"

စိတ်မြန်လက်မြန် ရှိလှသော ချင်ရယ်ဝမ်သည် ပြောပြောဆိုဆို ဟူကျင်းကို ဆွဲကိုင်ပေါက်လိုက်၏။

'ဘန်း' ဟူသော အသံနှင့်အတူ ဟူကျင်း လွင့်သွားကာ အရုပ်ကြိုးပြတ် ဖြစ်သွား၏။

သို့သော် ဟူကျင်း အလျှော့မပေး။ အားလီကို လုယူရန် ကြိုးစား၏။ ဤတွင် အားလီက စိုးရိမ်တကြီး အော်လိုက်၏။

"နွားလေး...နင် ငါ့အတွက် ဘာမှပူမနေနဲ့၊ ငါ နင့်ကို တစ်သက်လုံး ကျေးဇူးတင်နေပါ့မယ်၊ ခုတော့ နင်အေးအေး နေလိုက်ပါ၊ နင် ငါ့အဖေကို ဘယ်နည်းနဲ့မှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး"

ထိုစဉ် မထင်မှတ်သော အဖြစ်တစ်ခုသည် ရုတ်ခြည်း ပေါ်



ပေါက်လာ၏။ သံမြေများ ဖုံးအုပ်လျက် ပုန်းကွယ်နေသော လူတစ်ယောက်သည် 'ဝုန်း' ခနဲ ခုန်ထွက်လာကာ ယှဉ်ရပ်နေသော ဟူဖုနှင့် ဟူဆိုတို့၏ ခေါင်းနှစ်လုံးကို လက်နှစ်ဘက်ဖြင့် 'ဖြန်' ခနဲ ရိုက်ချလိုက်လေ၏။ ရုတ်တရက်မို့ သူတို့ နှစ်ယောက် ဘာမျှမတတ်နိုင်။ ခေါင်း...ခေါင်းချင်း ပြင်းထန်စွာ ဆောင့်မိသွားကြပြီး နေရာတွင်ပင် ခွေလဲကျသွားကြ၏။

မြန်လိုက်သည့် ဖြစ်ခြင်း။ တစ်ချိန်တည်း၌ပင် ထိုလူသည် အားလီကို ပွေ့ချီ၍ တစ်ဟုန်ထိုး ထွက်ပြေးသွားလေ၏။

ချင်ရယ်ဝမ်သည် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မိုးခြိမ်းသလို အော်လိုက်၏။

"လင်းဆွဲမင်း...မင်းက ငါ့ကိစ္စကို ဝင်စွက်တယ်ပေါ့ ဟုတ်လား"

လင်းဆွဲမင်း ဝေရီကားနောက်သို့ပင် လှည့်မကြည့်၊ သူ့ထံမှ တဟားဟား ရယ်မောလိုက်သံသာလျှင် လေတွင်ပျံ့လွင့်နေလေ၏။ ယခုအခါ၌ ဝေရီမှာ ကျွဲပတ် ဝှေ့ဝိုက်၍ အစွမ်းပြမနေတော့။ အရှေ့တောင် အရပ်ဆီသို့သာ ဦးတည်ပြေးလွှားနေလေ၏။ သူ၏ ကိုယ်ဖော့ပညာကား အံ့မခန်း ကောင်းမွန်လှပေသည်။

ချင်ရယ်ဝမ်နှင့် ဟူကျင်းတို့လည်း မတိုင်ပင်ရဘဲ သူ့နောက်သို့ တရကြမ်း ပြေးလိုက်နေကြသည်။ သူတို့ နှစ်ယောက်စလုံးမှာ ကိုယ်ဖော့ ပညာတွင် အားကောင်းသူများ ဖြစ်သောလည်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်းလိုက်ရင်းနှင့်ပင် ဝေရီ၏ အရိပ်အယောင်ကို မတွေ့ကြရတော့။

ထိုစဉ် ချင်ရယ်ဝမ်၏ စိတ်၌ မိမိနှင့် ယှဉ်ပြေးနေသော ဟူကျင်းကို ငုံ့စောင်းကြည့်ရင်း အံ့အားသင့်နေ၏။ သူသည် ဝေရီကို မလိုက်နိုင်တော့သော်လည်း ဟူကျင်း၏ အစွမ်းကို စမ်းသပ်ချင်လာ၏။ ထို့ကြောင့် သူအားသွန်၍ အမြန်ဆုံး အရှိန်ကို ပြုလျက် ပြေး၏။

ဟူကျင်းကား သူ၏ ပခုံးချင်း ယှဉ်နေလျက်ပင်။

ထိုစဉ် ဟူကျင်း၏အသံ ထွက်လာ၏။

"ဦးလေး လင်းဆွဲမင်းဟာ အပြေးမြန်တာ မှန်ပေမယ့် ရှေ့ရှည်တော့ ခံမှာမဟုတ်ဘူး၊ ကျွန်တော်တို့ သူ့ကို မီပါလိမ့်မယ်"

ပြေးလွှားရင်းမှ ပြောလိုက်သော ဟူကျင်း အသံတွင် မောဟိုက်သံ တစ်စက်ကလေးမှ မပါ။ အေးအေးဆေးဆေး ဆွေးနွေးနေသံလိုမျိုး။

ဤကား အတွင်းအား ပြည့်ဝမှုလက္ခဏာဖြစ်၏။ ချင်ရယ်ဝမ်မှာ အံ့သြမိသည်နှင့်အမျှ တုန်လှုပ်ခြင်းပင် ဖြစ်နေ၏။

အမှန်တကယ်လည်း ယခုကဲ့သို့ မြားတစ်စင်း ပစ်လွှတ်လိုက်သကဲ့သို့ အရှိန်အပြင်းစွာ ပြေးလွှားနေစဉ် စကားပြောဖို့ မဆိုထားနှင့် အသက်ရှူ တစ်ချက်မှားလျှင်ပင် အကြီးအကျယ် ဒုက္ခရောက်သွားနိုင်၏။

ချင်ရယ်ဝမ်သည် ပြေးရင်း ဆတ်ခနဲ ရပ်လိုက်၏။



ထို့အတူ ဟူကျင်းကလည်း အရှိန်ကို ယတိပြတ် ရပ်ပစ်လိုက်နိုင်၏။

ဟူကျင်းက နားမလည်ဟန်နှင့် ချင်ရယ်ဝမ်ကို မော့ကြည့်လိုက်သည့်အခါ၌ ချင်ရယ်ဝမ်၏ မေးခွန်းကို ကြားလိုက်ရ၏။

"မွားလေး...မင်းရဲ့ ဆရာက ဘယ်သူလဲကွ"

"ကျွန်တော့်မှာ အဖေနဲ့ မွေးစား အဖေကြီး ဘိုးဘိုးပဲ ရှိပါတယ်"

ဤ ဖြေကြားမှုသည် စကားလုံးအဖြစ် အပြင်သို့ ထွက်မလာ။ ရင်ထဲမှာပင် ပျောက်ကွယ်သွား၏။ အတန်ကြာမှ...

"ကျွန်တော့်မှာ ဆရာ မရှိပါဘူး" ဟူ၍ ပြောလိုက်လေ၏။

ချင်ရယ်ဝမ်၏ စိတ်၌ကား ဟူကျင်း၏ ထူးခြားသော စွမ်းအားကြောင့် တုန်လှုပ်ကြောက်ရွံ့နေလျက် ကော်ဇော်ကျစ်စဉ်းလဲသော အတွေးများ ဖြစ်ပေါ်နေပြန်၏။

"အင်း...ဒီကောင်လေးရဲ့ သိုင်းပညာဟာ အတော့်ကို ထူးခြားနေပါကလား၊ ဒီကောင်ကို ကြာကြာ အသက်ရှင်ခွင့်ပေးထားလို့ မဖြစ်ဘူး၊ ကြာရင် ငါတို့အတွက် အန္တရာယ်ကြီးမားလာနိုင်တယ်၊ အင်း...ဒီကောင့်ကို အလစ်မှာ အသေသတ်နိုင်ရင် ကောင်းလိမ့်မယ်"

ဟူကျင်းမှာ ချင်ရယ်ဝမ်၏ စိတ်နှလုံးကို ထိုးဖောက် မသိနိုင်ရှာ။ သူကား ရိုးသားစွာနှင့်ပင် အရိပ်အခြေကို ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဥ် အဝေးဆီမှ စူးရှကြည်လင်သော လေချွန်သံကို ကြားလိုက်ရ၏။ ထိုအသံကြောင့် ချင်ရယ်ဝမ်မှာ မျက်မှောင်ကြုတ်သွားသည်။ တစ်ဆက်တည်းပင် အဖြေရှာဟန်စဥ်းစား တွေးတောနေပြန်သည်။

"အင်း.. ငါတို့ မျက်ခုံးဖြူဂိုဏ်းကို ရေအလံနဲ့ မီးအလံ အဖွဲ့က ပြန်ဝိုင်းနေကြပြီကိုး၊ မဆန်းပါဘူးလေ၊ စောစောက တိုက်ပွဲမှာ ငါတို့က အကူအညီ မပေးဘဲ လက်ပိုက်ကြည့် နေခဲ့ကြတော့ သူတို့ ဘယ်အခဲကြေပါ့မလဲ၊ အင်း...ကောင်းတယ်၊ ကောင်းတယ်၊ ခုလို အခြေအနေမျိုးမှာ ဒီကောင်လေးကို ငါ့လက်နဲ့ မသတ်ဘဲ ဝေရီနဲ့ ထိပ်တိုက်တွေ့ပေးတာ ပိုကောင်းမယ်"

ချင်ရယ်ဝမ်သည် အတွေးယုတ်ကို ချက်ချင်းပင် အကောင် အထည် ဖော်လိုက်လေ၏။

"နွားလေး၊ မင်း ခုချက်ချင်း ဝေရီနောက်ကို လိုက်သွားပါ၊ တွေ့တာနဲ့ သတိကြီးကြီးထားပြီး အနိုင်တိုက်ပါ၊ အားလီကို အချိန်မီ ကယ်တင်ပါ၊ ငါပြောချင်တာက ဒါပါပဲ၊ ကဲ ငါသွားမယ်"

ပြောပြောဆိုဆို ချင်ရယ်ဝမ် နေရာမှ ထွက်ခွာသွားလေ၏။

ဟူကျင်းမှာ ခေါင်းညိတ်ရင်း ကျန်ရစ်ခဲ့၏။ ယခုအခါ၌ ဟူကျင်းသည် အားလီအတွက် သောကများနေ၏။ စိုးရိမ် ပူပန်ခြင်းသည် အထွတ်အထိပ်သို့ ရောက်နေ၏။ သူသည်



အချိန်မဆိုင်းတော့။ ဝေရီ၏ ခြေရာကိုကောက်ရင်း အဟုန်ပြင်းစွာ ပြေးထွက်သွားသည်။ သူ၏ စိတ်၌လည်း...

"ငါ တစ်ချက်ကလေးမှ အနားမယူတော့ဘူး၊ အိပ်ချိန် ရောက်တာတောင်မှ ငါမအိပ်ဘူး၊ ဒီအတိုင်း သုံးရက်လောက် သွားမိရင်တော့ သူ့ကို မီလိမ့်မယ်"

သူသည် ပြေးရင်း တွေးရင်း၊ တွေးရင်း ပြောရင်းနှင့် အားလီ၏ အားကိုးရာမဲ့ အဖြစ်ကို မြင်ယောင်နေမိသည်။ ယခုအချိန်၌ အားလီ အသက်မှ ရှိပါလေစ။

ထိုစဥ် သူ့နောက်မှ ခြေသံလိုလို အသံတစ်ခု ကြားလိုက်ရ လေ၏။ လှည့်ကြည့်၏။ ဘာမျှ မတွေ့။ ဆက်ပြေး၏။ ကြားရပြန်၏။ လှည့်ကြည့်၏။ မည်သူမျှ မတွေ့။ သို့သော် သဲမြေပေါ်၌ကား ထင်ရှားပေါ်လွင်နေသော ခြေရာများ။ ဟူကျင်း ရှူးစမ်း လေ့လာလိုက်သည်။ ခြေရာတစ်ခုသည် ဝေရီ၏ ခြေရာ ဖြစ်၏။ နောက်ခြေရာသည် မိမိခြေရာ။ နောက်ခြေရာတစ်ခုကား။ ဟူကျင်း မျက်မှောင်ကြုတ်သွားသည်။ ရင်ထဲ၌ ထိတ်လန့်သွား၏။ သူသည် နေရာမှာ ကြာကြာမနေတော့ဘဲ ထ,ပြေးလေ၏။

သို့သော် သူ့နောက်မှ တစ်စုံတစ်ယောက် ပြေးလိုက်လာသံကို ကြားနေရပြန်သည်။ ထို့ကြောင့် ဟူကျင်းသည် အသံကုန် ဟစ်အော်လိုက်မိ၏။

"ဘယ်သူလဲဟေ့"

သူ့ခေါ်သံအဆုံး တစ်နေရာမှနေ၍ သူ့လေသံအတိုင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟေ့"ဟူသော အသံက ပေါ်လာပြန်၏။ ဟူကျင်း စိတ်ချောက်ချားသွားသည်။ နာနာဘာဝများလား။

"ခင်ဗျားက ဘာလဲ၊ လူမှ ဟုတ်ရဲ့လား"

"ခင်ဗျားက ဘာလဲ၊ လူမှ ဟုတ်ရဲ့လား"

ဟူကျင်း ဦးနှောက် ချောက်သွား၏။ ယင်းအသံသည် ပဲ့တင်သံ မဟုတ်။ တစ်စုံတစ်ယောက်၏ အော်လိုက်သံသာ ဖြစ်၏။

သူသည် စေ့စေ့စပ်စပ်နှင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ဤတွင် လူရိပ်တစ်ခုကို ရိပ်ခနဲ တွေ့လိုက်သည်။ ခုမှ ဟူကျင်း သက်ပြင်းချနိုင်သည်။ မိမိနောက်မှ ထပ်ကြပ်မကွာ လိုက်လာသူသည် သိုင်းပညာ အဆင့်မြင့်လွန်းသူဖြစ်ကြောင်း ခန့်မှန်းမိတော့သည်။ ထို့ကြောင့် သူသည် မေးခွန်းတစ်ခုကို အော်ဟစ်မေးမြန်းလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နောက်ကို လိုက်နေရတာလဲ"

"ငါက ဘာဖြစ်လို့ မင်းနောက်ကို လိုက်ရမှာလဲ"

"ကျုပ်က မသိလို့ ခင်ဗျားကို မေးနေတာပေါ့"

"ငါကလဲ မသိလို့ မင်းကို မေးနေတာပေါ့"

"ဒါဖြင့် ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"စောပုတက်၊ မင်းနာမည်ကကော"

"ကျွန်တော့်နာမည်က နွားလေး"

"မင်းဟာ ဘာဖြစ်လို့ ညကြီးသန်းခေါင် တစ်ယောက်တည်း



ပြေးလွှားနေတာလဲ"

"ကျွန်တော့်သူငယ်ချင်းကို လင်းဆွဲမင်း ဝေရိက ဖမ်းသွားလို့ပါ"

"မင်းလိုက်လို့လဲ အကြောင်းထူးမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"ဝေရိဟာ မင်းထက် သိုင်းပညာ အဆင့်မြင့်တယ်"

"မြင့်ပါလေ့စေ၊ ကျွန်တော်ကတော့ မတွေ့တွေ့အောင် ရှာရမှာပါပဲ"

"ဒါပေါ့၊ မင်းဟာ သတ္တိခဲလေးပဲ၊ မင်းရဲ့ သူငယ်ချင်းဟာ မိန်းကလေးတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကို ခင်ဗျား ဘယ်လိုလုပ်သိနေလဲ"

"ဒါ အဆန်းမဟုတ်ပါဘူးကွ၊ မင်းအနေနဲ့ မိန်းကလေးကို အသက်စွန့်ပြီး ရှာနေတယ်ဆိုတော့ မိန်းကလေးက သိပ်လှနေသလား"

"ဟင့်အင်း မလှပါဘူး၊ ရုပ်ဆိုးလွန်းပါတယ်"

"မင်းကကော"

"သိချင်ရင် ကျွန်တော့်ဆီ လာခဲ့ပါလား"

ဟူကျင်းက ပါးနပ်စွာ ဖိတ်ခေါ်လိုက်၏။ ပြီး...ထိုသူ မည်သူဆိုသည်ကိုလည်း သိချင်၏။ ယခုအချိန်ထိ သူတို့ နှစ်ယောက်သည် တစ်ယောက်အသံ တစ်ယောက်ကြားနေရသော်လည်း မျက်နှာချင်းကား မဆိုင်မိကြသေး။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက် အသံရှင်ကလည်း အပါး။ မှန်းကွယ်နေရာမှ ထွက်မလာသေးဘဲ...

"မလိုပါဘူးကွာ၊ ဒါနဲ့ မိန်းကလေးက ဘယ်သူများလဲကွ"

"မျက်ခုံးဖြူဂိုဏ်းက ချင်ရယ်ဝမ်ရဲ့ သမီးပဲ၊ မိန်းကလေးက ရွှေပန်းပွင့် ဘွားဘွားဆီမှာ ပညာသင်ခဲ့သူပဲ"

"အေး ဒီအတိုင်းဆိုရင်တော့ မင်း လိုက်မနေပါနဲ့တော့"

"ဘာဖြစ်လို့လဲ"

"သူက မိန်းကလေးကို ပြန်လွှတ်မှာ မဟုတ်လို့ပေါ့ကွ၊ နောက်ပြီး ချင်ရယ်ဝမ်က ချင်တင်းကျက်ရဲ့ ဘာလဲ"

"သားလေ"

"အေး...ပြီးတော့ ချင်တင်းကျက်နဲ့ ဝေရီ ဘယ်သူက သိုင်းပညာ ပိုတော်သလဲ"

"ဒါတော့ ကျွန်တော် မသိဘူး"

"ချင်တင်းကျက်က နည်းနည်းသာတယ်ကွ၊ ခုတော့ ချင်တင်းကျက်ရဲ့ မြေးကို ဝေရီက ရထားလိုက်တော့ ကောင်မလေးကို ဓားစာခံလုပ်ပြီး ချင်တင်းကျက်ကို အကျပ်ကိုင်တော့မှာပေါ့ကွ"

"မရဘူး ထင်တယ်၊ ချင်ရယ်ဝမ်ဆိုတဲ့ လူက သူ့သမီးကို မုန်းနေတာ၊ တစ်ချိန်လုံးလိုလို သူ့သမီးကို သတ်ပစ်ဖို့ စိတ်ကူးနေတဲ့ လူဗျ"

"အို...ဘာဖြစ်လို့လဲ"



"မိန်းကလေးက သူ့နောက်မိန်းမ မိထွေးကို မုန်းပြီး သတ်ပစ်ခဲ့လို့ပေါ့"

"ဘာ...တတ်ဟုတ်တဲ့ ကောင်မလေးပါလား၊ ကောင်းတယ်၊ ကောင်းတယ်"

"ဘာကောင်းတာလဲဗျ"

"ဟဲ...ဟဲ၊ ဒီအသက်အရွယ်ကလေးနဲ့ မိထွေးကို အဆိပ်ခတ် သတ်တတ်ပြီဆိုတော့ မင်းပဲ စဉ်းစားကြည့်ပေါ့ကွာ၊ ပြီးတော့လဲ သူက ရွှေပန်းပွင့် ဘွားဘွားရဲ့တပည့် ဖြစ်ခဲ့တယ်ဆိုတော့ ကြီးများကြီးလာရင် သိုင်းပညာ ဘယ်လောက် ထူးချွန်လေမလဲ၊ င်း ဒီအတိုင်းဆိုရင် ဒီကောင်မလေး ဝေရီတပည့် ဖြစ်ဦးမှာ သချာနေတာပေါ့"

"ခင်ဗျား ဘယ်လိုလုပ် သိနေတာလဲ"

"ဟ၊ ဒါ အဆန်းမှ မဟုတ်တာ၊ ဝေရီဟာ ငါ့ရဲ့ တ်ဆွေကွ၊ သူ့အကြောင်း ငါ သိပ်သိတာပေါ့"

ဟူကျင်းမှာ အသည်းနှလုံးများ လှုပ်ခါသွား၏။ ရုတ်မှ...

"ဒီလိုဆို ဒုက္ခပဲ"ဟု ရေရွတ်မိကာ နေရာမှ တစ်ချိုးတည်း ြးထွက်ခဲ့တော့၏။

လျှို့ဝှက် အသံရှင်ကား သူ့နောက်မှ ထက်ကြပ်မကွာ က်နေဆဲ။ ယင်းကို သိသော ဟူကျင်းက ပြေးရင်း လှမ်းရင်း င်...

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နောက်ကို တကောက်ကောက်

www.burmeseclassic.com



လိုက်နေတာလဲဗျာ"

"မင်းကကော ဘာဖြစ်လို့ ဝေရီ နောက်ကို ဆက်လိုက်နေရတာတုန်း"

"အို...ဒါက ကျုပ်ကိစ္စပဲ၊ အားလီဟာ နဂိုကတည်းက ဆိုးချင် မိုက်ချင်နေတဲ့ဥစ္စာ၊ နောက်ထပ်ပြီး ဝေရီ တပည့် ဖြစ်သွားရင် ပိုဆိုးနေမှာပေါ့"

"အေး...အေး၊ မင်းရဲ့ စိတ်ဓာတ်ကတော့ ချီးကျူးစရာပါပဲ ဒါပေမယ့် မင်းဟာ မကြာခင် အသက်ပျောက်ပြီး အသေကောင် ဖြစ်တော့မယ်ကွ"

မှန်၏။ ထိုလူ၏ စကားသည် သွေးထွက်အောင် မှန်၏ ဟူကျင်းမှာ ဝေရီကို လိုက်၍မိသော်လည်း ပညာချင်းက ယှဉ်ပြိုင်နိုင်မည် မဟုတ်။ အားလီကို ကယ်တင်နိုင်မည် မဟုတ် နောက်ဆုံး မိမိအသက်သာ ဆုံးရှုံးသွားမည် ဖြစ်ပေ၏။ အရာရာ ဆုံးရှုံးရမည့် အဖြစ်ကိုတော့ ဟူကျင်း မလိုလား။ ထို့ကြော အကူအညီ ရလိုရငြား သူ့နောက်မှလူကို ပြောလိုက်၏။

"ဆရာကြီး ကျွန်တော့်ကို အကူအညီ ပေးပါလား"

"ဘယ်ဖြစ်မှာလဲ၊ ဝေရီဟာ ငါ့ရဲ့ မိတ်ဆွေကြီးကွ၊ ပြီးတော ငါကိုယ်တိုင်လဲ သူ့ကို ယှဉ်ချင်မှ ယှဉ်နိုင်မှာ၊ စိတ်ချရ မဟုတ်ဘူး"

"ဒီလိုဆိုလဲ ထားလိုက်ပါတော့၊ ဒါပေမယ့် ခင်ဗျား မိတ်ဆွေကောင်း တစ်ယောက်အနေနဲ့ ဝေရီရဲ့ သွေးသောက်သ



ကို တားမြစ်ကူညီဖို့တော့ ကောင်းတာပေါ့"

"မင်း အထင်မှားနေတာကွ၊ သူ့ကို တားမြစ်ပိတ်ပင်လို့လဲ ဘယ်နည်းနဲ့မှ အကျိုးမရှိနိုင်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဝေရီဟာ လူ့သွေးကို သောက်သုံးချင်လို့ သောက်နေတာ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာဖြစ်လို့ သွေးသောက်နေတာလဲ"

"မင်းမေးလဲ မေးစရာပဲ၊ တကယ်တော့ ဝေရီဟာ အတွင်းအား လေ့ကျင့်နေရင်းက အားလှိုင်းတွေ လွဲချော်ပြီး မမှန်မကန် ဖြစ်ကုန်တယ်ကွ၊ ဒါကြောင့် သူဟာ အတွင်းအားကို ထုတ်သုံးတော့မယ်ဆိုရင် လူကို မလွဲမရှောင်သာ သတ်နေရတယ်၊ ဒီလို မလုပ်ရင် သူ့တစ်ကိုယ်လုံး ရေခဲလိုအေးပြီး တောင့်သွားလိမ့်မယ်၊ တစ်ချိန်တည်းမှာပဲ သွေးလည်ပတ်မှုတွေ ရပ်ဆိုင်းပြီး သေသွားမယ်၊ ဒါဟာ အဖြေပဲ"

ဟူကျင်းသည် ကြားရသော စကားကြောင့် အလေးအနက် စဉ်းစားလိုက်၏။ ပြီးမှ...

"ဒါဟာ ဆန်းရင်းလို့ခေါ်တဲ့ အကြော ထိခိုက်သွားလို့ ဖြစ်ရမယ်"

"မင်းက ဘယ်လို သိနေတာလဲ"

"ကျွန်တော် စဉ်းစား ခန့်မှန်းကြည့်တာပါ"

"ငါက သူ့အတွက် ဆေးရှာနေတာကွ၊ ဒါပေမယ့် ခုထိ မရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီလိုဆိုရင် စုလို ပြေးရင်းလွှားရင်း သူ့အတွင်းအားတွေ ကုန်ခမ်းသွားရင် အားလီဆီက သွေးကို ယူမှာပေါ့"

"အေး…ဒါလဲ ဖြစ်နိုင်တာပဲ၊ သူက အားလီကို တပည့်အဖြစ် မွေးချင်မွေးပေမယ့် သူ့ရောဂါ တက်လာရင်တော့ သားသမီး တောင် ချမ်းသာပေးမယ် မထင်ဘူးကွ၊ လူဆိုတာက ကိုယ့်အသက်ကိုသာ ကိုယ်အချစ်ဆုံး မဟုတ်လား"

"ဒီလိုဆို ခုက္ကပဲဗျာ"

ပြောပြောဆိုဆို ဟူကျင်းသည် တစ်ဆင့်တက်၍ ခြေကုန် သုတ်ပြန်၏။ ထိုစဉ် လျှို့ဝှက်အသံရှင်သည် သူ့နောက်ပါးသို့ ကပ်၍လာခဲ့ပြီး…

"မင်းနောက်မှာ ဘာကြီးလဲကွ"

ဟူကျင်း နောက်သို့ လှည့်ကြည့်လိုက်မိ၏။ တစ်ချိန်တည်း မှာပင် သူ့မြင်ကွင်းသည် ကျုံ့သွားပြီး မည်းမှောင်သွား၏။

ထောင်ချောက်။

ဟူကျင်း ထောင်ချောက်တွင်းသို့ လည်ဆင်းပေးလိုက်ရပြီ ဖြစ်၏။

ဟူကျင်းမှာ အိတ်ကြီးတစ်လုံးဖြင့် ဖုံးအုပ် စွပ်ယူလိုက်ခြင်းကို ခံလိုက်ရပြီး မရုန်းနိုင် မကန်နိုင် ဖြစ်သွားသည်။ အသံရှင်သည် အိတ်ကြီးကို လျှင်မြန်စွာ တုပ်နှောင်လိုက်ပြီး ပခုံးပေါ်တင်ကာ ပြေးထွက်ခဲ့လေသည်။ ဟူကျင်းကား အိတ်အတွင်းမှ ရုန်းကန် ခွဲထွက်ရန် ကြိုးစား၏။ သို့သော် အရာမရောက်။ အိတ်ကြီးကား



မည်သည့်အသားဖြင့် ပြုလုပ်ထားသည် မသိ။ ခိုင်လွန်းနေ ပေသည်။

ထိုစဉ် အထုပ်ကို ထမ်းပိုး ပြေးလွှားနေသူက သူ့ကို အပြင်မှ ပုတ်လိုက်ကာ…

"ဟော့ကောင်လေး၊ ငြိမ်ငြိမ်ဆိမ်ဆိမ် နေစမ်းကွာ၊ ငါရဲ့ စကြာဝဠာအိတ်ကြီးက မင်းအတွက် လုံခြုံပါတယ်ကွ၊ ငါ မင်းကို အကောင်းဆုံးနေရာ ခေါ်သွားမလို့ပါကွ၊ မင်းအသံ ကျယ်လောင်ကျယ်လောင် လုပ်နေရင်တော့ ငါ မင်းကို မကယ်နိုင်တော့ဘူး"

"ခင်ဗျားက ကျွန်တော့်ကို ဘယ်ဆီ ခေါ်သွားမှာလဲဗျ"

ထိုလူသည် တဟားဟား ရယ်မောရင်းမှ…

"မင်း တယ်လျှာရှည်တဲ့ ကောင်လေးပဲ၊ မင်းအတွက် အကျိုးရှိရင် ပြီးရောပေါ့ကွ"

"ထားပါတော့၊ ဒါပေမယ့် အားလီကျတော့ ဘယ်လို လုပ်မလဲ"

"ငါ မင်းကို စကားမပြောပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ"

ဒီတစ်ခါတော့ ဟူကျင်း စကားမဆက်ရဲတော့။ မီးကို ရေနှင့် ငြိမ်းလိုက်သလို ငြိမ်သက်သွား၏။ အတန်ကြာသော် သူ့ကို ထမ်းပိုးထားသော လူကြီးသည် တောင်ပေါ်သို့ တက်နေပြီ ဖြစ်ကြောင်း သိလိုက်လေ၏။

"ကောင်က ဒီတောင်ဟာ သိပ်မြင့်တယ်နဲ့ တူတယ်၊ ကြည့်ပြည်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်း အအေးဒဏ်က ပိုကဲလာပါလား၊ တောင်ပေါ်မှာ ရေခဲနေပြီ ထင်တယ်"

ဟူကျင်းသည် အတွေးနှင့်ပင် လိုက်ပါခဲ့လေတော့၏။

သူ့ကို ထမ်းပိုးလာသော လူကြီးသည် မကြာခဏဆိုသလို ခုန်ပျံ၍ ပြေးတက်နေပေ၏။ မကြာခင် တစ်နေရာမှ မေးမြန်းသံတစ်ခုကို ကြားလိုက်ရ၏။

"စောပုတက်၊ မင်း ဘာဖြစ်လို့ ခုမှ ရောက်လာရတာလဲ"

ဟူကျင်းကို ထမ်းပိုးထားသူက ပြန်ဖြေလိုက်၏။

"လမ်းမှာ ကိစ္စတစ်ခုနဲ့ နည်းနည်းကြန့်ကြာသွားတာပါ၊ ဒါနဲ့ ဝေရီ တစ်ယောက်ကော"

"သူလဲ မရောက်သေးဘူး၊ သူ့လို လူမျိုးတောင် ဒီလောက် ကြာနေတာဟာ စဉ်းစားစရာပဲ၊ မင်းကကော သူ့ကို မတွေ့ခဲ့ဘူးလား"

စောပုတက်သည် ဖြန်းခနဲ အဖြေမပေးသေးဘဲ တစ်ချက်မျှ ခုန်ပျံကျော်လွှား လိုက်ပြန်၏။ ထိုအခါ သူသည် မေးခွန်းရှင် အနီးသို့ ရောက်သွားပြီ ဖြစ်၏။

"သံခမောက် ငါ့အထင်တော့ ဝေရီ တစ်ခုခု ဖြစ်နေပြီ ထင်တယ်၊ သူ့ကို ငါတို့ သွားရှာမှ ဖြစ်လိမ့်မယ်"

စောပုတက် စကားကြောင့် သံခမောက်ဆိုသူက စကား ပြန်လာလေ၏။

"လင်းဆွဲမင်းဟာ လူပါးလူနပ် တစ်ယောက်ပဲ၊ သိုင်းပညာမှာလဲ အင်မတန် အဆင့်မြင့်တဲ့လူ၊ ဒီလို လူမျိုးဟာ ဘယ်လို အခက်အခဲ တွေ့နိုင်ပါ့မလဲ"

ထိုစဉ် သူတို့နောက်မှ လှမ်းအော်ပြောလိုက်သံကို ကြားလိုက်ရပြန်၏။

"ဟေ့...စောပုတက်နဲ့ သံခမောက်၊ မြန်မြန်လာပါကွ၊ မြန်မြန်...မြန်မြန်၊ အင်း ဒုက္ခပါပဲ"

"ဟ...ချူထင်းရဲ့ အသံပါလား၊ သူ့အသံ ကြားရတာ အတွင်းဒဏ်ရာ ရလာပုံပဲ"

စောပုတက် ရေရွတ်သံ မဆုံးခင် သံခမောက်နှင့်အတူ အသံကြားရာသို့ ခုန်ဆင်းခဲ့ကြသည်။

"ဟ...ချူထင်းပါလား၊ နောက်ကျောမှာလဲ ဝေရီကို ကုန်းပိုးထားပါလားကွ"

သံခမောက်က ထိတ်ထိတ်ပျာပျာ အော်ပြောလိုက်၏။

"ချူထင်း...အလောတကြီး မလုပ်နဲ့၊ ငါတို့ လာပြီ"

စောပုတက်က ပျာပျာသလဲ အော်လိုက်ပြန်၏။

"ဟ...ငါက ဘာကိစ္စ လောရမှာလဲ၊ ဒီသွေးသောက် လင်းဆွဲကြီးသာ နတ်ပြည်သွားရတော့မှာကွ"

စောပုတက် စိုးရိမ်တကြီး ဖြစ်သွား၏။

"ဟေ...ဟုတ်လား၊ သူဘာဖြစ်လို့လဲ၊ ဒဏ်ရာ ရခဲ့လို့လား"

စောပုတက်မှာ ခြေလှမ်း ပို၍ သွက်လာ၏။

ထိုစဉ် စောပုတက် အိတ်ကြီးအတွင်းမှ ဟူကျင်းသည် တိုးညှင်းသော အသံဖြင့်...

www.burmeseclassic.com



"ဆရာကြီး ကျွန်တော့်ကို ခဏချထားပြီး ဟိုလူကို အရင်သွားကယ်လိုက်ပါလား"

ဤတွင် စောပုတက် စိတ်တိုသွားသည်။ သို့သော် အသံတိုးတိုးနှင့်...

"ဟော့ကောင် နွားလေး၊ မင်း သေချင်နေပြီလား၊ ငါနဲ့အတူ သံခမောက်ရယ်၊ တောင်အောက်က ချူထင်းရယ်၊ လင်ချန်းရယ်၊ ဖန်ဟိုစန့်ရယ် အားလုံးဟာ အလင်းမာန်တော် ဂိုဏ်းကြီးရဲ့ ထိပ်တန်းပုဂ္ဂိုလ်တွေပဲ၊ မင်း ငြိမ်ငြိမ်နေစမ်း"

"ဩော်... ဩော် ဆရာကြီးက အလင်းမာန်တော် ဂိုဏ်းသားကိုး"

"အေး ဒါပေမယ့် ငါနဲ့ ချူထင်းဟာ လူသတ်ချင်တဲ့သူတွေ မဟုတ်ဘူး၊ အဲ သံခမောက်ရယ်၊ လင်ချန်းရယ်၊ ဖန်ဟိုစန့်ရယ်ကတော့ လူသတ်ရတာကို ခြင်သတ်တာလောက် သဘောထားတဲ့ လူတွေ နားလည်လား၊ သူတို့ မင်း ဒီအိတ်ထဲမှာ ရှိမှန်းသိရင် ငါလဲ မင်းကို ကယ်နိုင်မှာ မဟုတ်ဘူးကွ"

ထိုစဉ် စောပုတက်သည် ပြောလက်စ စကားကို ရပ်ပစ်လိုက်၏။ တစ်ဆက်တည်းပင် အံ့ဩသော လေသံမျိုးဖြင့်...

"ဟာ...ဝေရီ ဘယ်လို ဖြစ်နေတာလဲကွ" ဟု မေးလိုက်သည်။

"မပြောပါနဲ့တော့ကွာ၊ ဝေရီတော့ အကြီးအကျယ် ဒုက္ခရောက်နေပြီကွ"

ချူထင်းက ဘာမျှ မလုပ်တတ်ဟန်နှင့် ပြောနေ၏။



စောပုတက်လည်း အနားသို့ ရောက်လာပြီး အသာအယာ စမ်းသပ်လိုက်ကာ...

"အင်း...ရင်ဘတ်ကတော့ နွေးနေပါသေးတယ်၊ ဒါနဲ့ ချူထင်း မင်း သူ့ကို ကယ်လာခဲ့တာလား"

ဤမေးခွန်းကား ချူထင်းအတွက် အဖြေရခက်သည့် မေးခွန်း။ အမှန်တကယ်လည်း ချူထင်းကိုယ်တိုင် ဝေရီကို ကယ်တင်ခဲ့သည်လား။ ဝေရီက ချူထင်းကို ကယ်တင်ခဲ့သည်လား မခွဲခြားတတ်အောင်ပင် ဖြစ်နေမိ၏။

ဤတွင် သံခမောက်က ကြားဖြတ် မေးပြန်၏။

"ချူထင်း မင်းကကော ဘယ့်နှယ်လုပ်ပြီး ဒဏ်ရာရလာခဲ့တာလဲ"

"အေး...အဖြစ်ကတော့ ခပ်ဆန်းဆန်းပဲကွ၊ ဒီလင်းဆွဲကြီး လမ်းဘေးမှာ လဲနေလို့ သွားကြည့်တော့ တောင့်ခဲနေတာကို တွေ့ရတယ်ကွ၊ ဒါကြောင့် ငါလဲ သူ့ကိုယ်ထဲကို အတွင်းအား သွင်းဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် သူ့ကိုယ်ထဲမှာ အအေးဓာတ်က လွှမ်းလွှမ်းကဲကဲကို ပြင်းထန်နေပြီ၊ ဒီတော့ ငါပါ သူ့အတွက်နဲ့ အတွင်းဒဏ်ရာ ရခဲ့တော့တာပဲကွ"

"အင်း...ကောင်းပါတယ်၊ ဒီတစ်ခါတော့ မင်းက တကယ့်ကို ကောင်းမှုကုသိုလ် လုပ်ခဲ့တာပဲကိုး"

စောပုတက်၏ ထေ့တေ့တေ့ စကားကြောင့် ချူထင်း မကျေမနပ် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်းမှုကုသိုလ်လဲကွ၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုတာ ဒါပဲ၊ လင်းဆွဲကို ငါ ကြည့်မရတာ မှန်ပေမယ့် သူလုပ်ခဲ့သမျှတွေထဲမှာ ဒီတစ်ခါတော့ ကောင်းတာတစ်ခု တွေ့ခဲ့တယ်ကွ၊ ဒါကြောင့်မို့ သူ့ကို ကယ်ဖို့ ကြိုးစားခဲ့မိတာပဲ၊ ခုတော့ ငါတောင် သေတော့မလားပဲ"

ချူထင်းသည် စိတ်တိုစွာနှင့် ရှင်းပြလိုက်၏။ သူ့စကားကြောင့် သံခမောက်သည် အံ့ဩသလို စူးစူးစမ်းစမ်း ပြောလေ၏။

"…ငင်းရဲ့ အတွင်းဒဏ်ရာက သိပ်ပြင်းထန်နေတယ် မဟုတ်လား"

"အေး ဒီတစ်ခါတော့ လင်းဆွဲကော ငါပါ ဝဋ်လည်ပြီလို့ ဆိုရမှာပဲကွ၊ တို့နှစ်ယောက်ဟာ ဘယ်တုန်းကမှ ကောင်းတာလုပ်ခဲ့တဲ့သူတွေ မဟုတ်တော့ ကောင်းမှုလေးတစ်ခု လုပ်လဲ လုပ်လိုက်ရော အသက်ပါ စွန့်ရမယ့် အခြေအနေလဲ ဆိုက်ပါရော၊ ဒါဟာ ကောင်းမှုကုသိုလ်နဲ့ ငါတို့နဲ့ မတန်ဘူးဆိုတဲ့ သဘောပဲကွ၊ ဟား…ဟား"

ချူထင်းသည် သရော်ဟန်ပါသော စကားကိုပြောရင်း မရယ်ချင့်ရယ်ချင် ရယ်လိုက်၏။

သူ့စကားကြောင့် စောပုတက်နှင့် သံခမောက်တို့ ပြုံးစေ့စေ့ ဖြစ်သွားကြသည်။ အတန်ကြာမှ စောပုတက်က မယုံကြည်ဟန် မျိုးနှင့် မေးလိုက်ပြန်သည်။

"ဝေရီက ကောင်းမှုကုသိုလ် ပြုခဲ့တယ်ဟုတ်လား၊ ဆိုစမ်း



ပါဦး၊ ဘယ်လို ကောင်းမှုမျိုး လုပ်ခဲ့လို့လဲ"

"အေး…သေသေချာချာ နားထောင်၊ ဒီလင်းဆွဲကြီး အတွင်းအားရောဂါ ပြင်းထန်နေတဲ့အချိန်မှာ အနားမှာလဲ မိန်းကလေးတစ်ယောက် ရှိနေတယ်ကွ၊ ဒီတော့ သူဟာ မလွဲ မသွေ မိန်းကလေးကိုဖမ်းပြီး သွေးကို စုပ်ယူသောက်သုံးရတော့မှာ မုချပဲ၊ ဒါပေမယ့် ဒီကောင်ဟာ အစဉ်အလာကို ပြောင်းပြန် လုပ်နေတယ်၊ ရှင်းရှင်းပြောရရင်တော့ သူဟာ မိန်းကလေးဆီက သွေးကို စုပ်ယူသောက်သုံးဖို့ မပြောနဲ့ လက်ဖျားနဲ့တောင် တို့တာ မတွေ့ဘူး၊ သူ့အသက်ကိုသာ သူအဆုံးရှုံးခံဖို့ စောင့်နေ တော့တယ်ကွ၊ ဒါကြောင့်လဲ ငါ သိပ်အံ့ဩသွားတယ်"

"အဲဒီအချိန်မှာ ငါလဲစိတ်ကူးဆန်းတစ်ခု ပေါ်လာတယ်ကွ၊ ဟဲ…ဟဲ…လင်းဆွဲမင်းကတောင် သူ့ရဲ့ အစဉ်အလာနဲ့ ဆန့်ကျင်ပြီး ဖောက်ထိုးမိုးမျှော် အလုပ်ကို လုပ်နေမှတော့ ချူထင်းဆိုတဲ့ ငါကလဲ ငါ့ရာဇဝင်နဲ့ ဆန့်ကျင်တဲ့ သူ့အသက်ကို ကယ်တင်ဖို့ကိစ္စကို စဉ်းစားမိတယ်ကွ၊ အဲ…အဲဒီလို စိတ်ကူး လဲ ပေါ်လာရော ငါ့စိတ်ထဲမှာ ပျော်သလိုလိုပဲ၊ ဒါနဲ့ ငါလဲ စိတ်ကူးကို အကောင်အထည်ဖော်ပြီး သူ့အသက်ကို ကယ်လိုက် တော့တာပဲ"

ချူထင်း၏ စကားကို ကြားရသော ဟူကျင်းမှာ စိုးရိမ်ပူပန်မှုများ ပျောက်ကွယ်သွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်၊ ဤတွင် စောပုတက်က မျက်မှောင်တစ်ချက်ကြုတ်ကာ မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ထုတ်လိုက်ပြန်၏။

"အေး…အံ့တော့ အံ့သြစရာပဲကွ၊ ဒါပေမယ့် ဝေရိဟာ ဟိုကောင်မလေးရဲ့သွေးကို ဘာဖြစ်လို့ မသောက်တာလဲကွ"

"ဝေရိပြောတော့ သူဟာ အဲဒီကောင်မလေးကို တပည့်အဖြစ် မွေးလိုက်ပြီတဲ့၊ ဒါကြောင့် သူဟာ ဘယ်လို အခြေအနေမျိုးကို ရောက်နေရောက်နေ သူ့တပည့်ရဲ့ သွေးကိုတော့ မသောက်နိုင်ဘူးတဲ့"

ထိုစဉ် သံခမောက်က တောင်အောက်ဆင်းရန် ဟန်ပြင်နေသည်။ တစ်ဆက်တည်းပင်…

"ဒီလိုဆို ငါ တောင်အောက် ခဏဆင်းပြီး လူတစ်ယောက် ရှာပေးလိုက်မယ်"

ဤတွင် ချူထင်းက…

"မင်း သွားရှာလို့လဲ အပိုဖြစ်မှာပဲကွ၊ သူ့အသက်ကို ကယ်ဖို့တော့ အချိန်မီတော့မှာ မဟုတ်ဘူး၊ ဟေ့…စောပုတက်၊ မင်း အိတ်ကြီးထဲက ကောင်လေးကို ထုတ်ပြီး ဝေရိကို ပေးလိုက်ကွာ"

ဟုကျင်း တုန်လှုပ်သွား၏။ ထိုစဉ် စောပုတက်၏ အသံထွက်ပေါ်လာသည်။

"မဖြစ်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်လေးရဲ့ ကျေးဇူးဟာ ငါတို့ အလင်းမာန်ဂိုဏ်း အပေါ်မှာ ကြီးကြီးမားမား ရှိနေတယ်ကွ"



သူ့စကားကြောင့် ချူထင်းနှင့် သံခမောက်တို့က မကျေနပ်သော မျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။

သို့သော် စောပုတက်က ဤလူငယ်လေးက သူတို့၏ ရွှေအလံဂိုဏ်းသားတို့၏ အသက်များစွာကို စွန့်စွန့်စားစား ရဲရဲရင့်ရင့် ကိုယ်ကျိုးမငဲ့ ကယ်တင်ခဲ့ပုံများကို အသေးစိတ် ပြောပြလိုက်ပြန်၏။ ဤတွင် သံခမောက်က…

"ကောင်းပြီ၊ ဒါပေမယ့် မင်းက ဒီကောင်လေးကို မင်းရဲ့ အိတ်ကြီးထဲ ထည့်ပြီး သိမ်းထားတာဟာ အလံငါးဖွဲ့ကို စည်းရုံးသိမ်းသွင်းချင်လို့လား"

"ဟဲ…ဟဲ ဒီမေးခွန်းကိုတော့ ငါ ဖြေလို့ မဖြစ်ဘူး"

ပြောပြောဆိုဆို စောပုတက်သည် သူ၏ ညာလက်ဝါးကို ဝေရိ၏ နောက်ကျောတွင် ကပ်လျက် သူ၏ အတွင်းအားများကို စုစည်းကာ ဝေရိ၏ ကိုယ်ထဲသို့ သွင်းပေးလိုက်သည်။ အခြေအနေကို အကဲခတ်နေသော ချူထင်းသည် ထိတ်ထိတ်ပျာပျာဖြင့်…

"စောပုတက် သတိထားနော်၊ တော်ကြာ မင်းရဲ့ အသက်ပါ ပါသွားဦးမယ်"

သံခမောက်ကလည်း လှုပ်လှုပ်ရှားရှား ဖြစ်ကာ…

"ငါလဲ ဝင်ကူပေးပါ့မယ်ကွာ"ဟု ပြောလိုက်၏။

တစ်ချိန်တည်းမှာပင် သံခမောက်သည် စောပုတက်၏ ဘယ်ဘက်လက်ဝါးကို သူ့ညာလက်ဝါးဖြင့် ဖိကပ်ကာ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အားကို ထုတ်၍ ဓားပုတက် ကိုယ်ထဲသို့ သွင်းပေးလိုက်လေသည်။ အတန်ကြာလျှင် ဝေရီတစ်ယောက် ညည်းညည်းညူညူနှင့် သတိရလာ၏။သို့သော် သွားများမှာကား တဆတ်ဆတ် တုန်ဂိုက်နေလျှက်။

မကြာမီပင် ဝေရီ အခြေအနေ ကောင်းမွန်လာပြီး ဓားပုတက်၊ ချူထင်းနှင့် သံခမောက်တို့ကို ကျေးဇူးတင်စကား ပြောလာ၏။ ဓားပုတက်နှင့် သံခမောက်တို့မှာ ဝေရီ၏ ကိုယ်တွင်းမှ ဝင်ရောက်လာခဲ့သော အအေးဓာတ်လှိုင်းကို ကြွကြွခံကာ ခုခံနေရသဖြင့် စကားပင် မပြန်နိုင်ကြ။

ထိုအချိန်တွင် တောင်အောက်ဆီမှ လေချွန်သံ တစ်ချက်ကို ကြားလိုက်ရသည်။

"ဟော'လင်ချန်း'နှင့် 'ဖန်ဟိုစန့်'တို့ ရောက်လာကြပြီ"

ချူထင်းသည် ပြောပြောဆိုဆို အသံကိုမြှင့်၍ အော်လိုက်ပြန်လေသည်။

"ဟေး...ချင်လန်း၊ ဖန်ဟိုစန့်၊ ဒီမှာ ဒဏ်ရာရနေတယ်ကွ၊ မင်းတို့ မြန်မြန် လာခဲ့ကြ"

သူ့အသံသည် ဟိန်းညံ၍ လွင့်သွား၏။

ဖန်ဟိုစန့်။

သူကား အခြားသူ မဟုတ်။ လွန်ခဲ့သောနှစ်က တောအုပ်ထဲတွင် ဒုက္ခရောက်နေသော ဟူကျင်း၏ဒေါ်လေး ကျိရှောင်မှုကို ကယ်တင်ခဲ့၏။ ယင်းကိစ္စနှင့် ပတ်သက်၍ သူမသည် ဂိုဏ်းတူအစ်မ တင်မင်းနှင့် စကားများခဲ့သူ ဖြစ်၏။



တောင်ပေါ်မှ အော်သံကြောင့် တောင်အောက်မှ ဖန်ဟိုစန့်၏ အသံသည် မသဲမကွဲ ပေါ်လာ၏။

"ဘယ်သူ...ဒဏ်...ဒဏ်ရာ...ရ...နေလို့...လဲ"

ချူထင်းသည် ဒေါသဖြစ်စွာ သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ရေရွတ်လိုက်၏။

"ဒီလောက်တောင် အသုံးမကျတဲ့ကောင်ပဲ၊ တောင်ပေါ်ရောက်မှ မေးတော့ကော မရဘူးတဲ့လား"

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉၄)

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာတရား

"ဟော့...ဘယ်သူ ဒဏ်ရာရနေတာလဲကွ၊ စောပုတက်တော့ ဘာမှ မဖြစ်ပါဘူးနော်၊ သံခမောက်ကော၊ ချူထင်း မင်းရဲ့ အသံက ဘာဖြစ်လို့ ဒီလောက် ပျော့နေတာလဲကွ"

စကားသံအဆုံး လှုပါရောက်လာသည်။

"ဟာ...ဝေရီ၊ ဝေရီ ဒဏ်ရာရနေပါလား"

"မင်းကလဲတကယ့်ကောင်ပဲ၊ တစ်ချိန်လုံး ရေးကြီးသုတ်ပျာ ဖြစ်နေလိုက်တာ၊ ဟော့...လင်ချန်း အကြဲလေး ဘာလေး ထုတ်ပေးပါဦးကွ"

ချူထင်းသည် ဖန်ဟိုစန့်ကို ပြောရင်းမှ တစ်ဆက်တည်းပင် လင်ချန်းကို လှည့်ပြောလိုက်၏။ လင်းချန်းက 'အင်း' ဟုသာ ဆိုပြီး ငြိမ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖန်ဟိုစန့်ကို သူသိချင်သည်များကိုသာ တွင်တွင်မေးနေ၏။

ချူထင်းကလည်း ဟိုရောက် ဒီရောက် ဖြေနေ၏။

ထိုအချိန်တွင် စောပုတက်နှင့် သံခမောက်တို့သည် သူတို့ကိုယ်တွင်းမှ အင်အားလှိုင်းများကို ဖယ်ထုတ်ခဲ့ပြီးဖြစ်၍ စကားမပြောနိုင်ကြသေး။ ယင်းအချိန်တွင် ဖန်ဟိုစန့်က သူ ရထားသော သတင်းကို ပြောပြနေ၏။

"ငါ အရှေ့ဘက်ဆီက သတင်းရခဲ့တယ်ကွ၊ ရှောင်လင်ဂိုဏ်းက ဂိုဏ်းချုပ်ကြီး ခုံးဝန်ဆရာတော်ကြီးနဲ့ သူ့ဂိုဏ်းတူညီနောင်ဆရာတော်တို့ တပည့်တစ်ရာကျော်နဲ့ ကွမ်းမိန်တောင်ထိပ်ကို ဝိုင်းတိုက်ဖို့ ရောက်လာကြပြီတဲ့"

ဤတွင် လင်ချန်းက...

"အရှေ့ဟူတန်း ငါးဖော်"ဟု ဆိုကာ ရပ်သွား၏။

သူကား မည်သူနှင့်မျှ မတူ။ စကားနည်းလွန်း၏။ မလိုအပ်လျှင် လုံးဝ ပြောသူမဟုတ်။ ယခုလည်း ကြည့်။ သူ့စကားက တိုလွန်း၏။ သို့သော် သူ့ဆိုလိုရင်းကား အရှေ့ဘက်ဒေသတွင် ဟူတန်းငါးဖော် တိုက်ခိုက်နေသည်ဟု ဆိုခြင်းဖြစ်၏။ ဖန်ဟိုစန့်က သူ့စကားကို ဆက်ပြန်၏။

"အခုဆို ငါတို့ အလင်းမာန်ဂိုဏ်းကြီးကို ဂိုဏ်းကြီးခြောက်ဂိုဏ်းက ဝိုင်းတိုက်နေတော့ အခြေအနေက သိပ်မဟန်ဘူး၊ ငါတို့တစ်တွေ ကွမ်းမိန်တောင်ထိပ်ကို အမြန်သွားမှ ဖြစ်မယ်"



ဤတွင် ချူထင်းက ဒေါသဖြစ်ကာ...

"လုပ်မနေနဲ့၊ ရန်ရှောင်ဆိုတဲ့ ခွေးကောင်က ငါတို့ကို ဘာအကူအညီမှ လာတောင်းတာ မဟုတ်ဘူး၊ ဘာလို့ တို့က သွားရမှာလဲကွ"

ဖန်ဟိုစန့် ငြိမ်သွား၏။ သူသည် အတန်ကြာမှ ချင့်ချင့်ချိန်ချိန်နှင့် စကားကို တစ်လုံးချင်း ပြောလိုက်၏။

"ချူထင်း...ခုချိန်ဟာ ငါတို့ အလင်းမာန်ဂိုဏ်းအတွက် သေရေးရှင်ရေး အချိန်ပဲ၊ တကယ်လို့ ဂိုဏ်းကြီးခြောက်ဂိုဏ်းဟာ ကွမ်းမိန်တောင်ကို ထိုးဖောက်သွားရင် ငါတို့တွေ လူလုပ်လို့ ရဦးတော့မှာလား၊ ရန်ရှောင်ဟာ ငါတို့ကို ဂရုမစိုက်ဘဲ စော်ကားခဲ့တယ်၊ ဒီအပြုအမူဟာ ရန်ရှောင့်အမှား၊ ဒါပေမယ့် ငါတို့တွေ ကွမ်းမိန်တောင်ကိုသွားပြီး ကူညီတာဟာ အပေါ်ယံကြည့်မယ်ဆိုရင် ရန်ရှောင့်ကို ကူညီနေသလိုပဲ၊ အနှစ်သဘောကတော့ ဒီလို မဟုတ်ဘူး၊ ငါတို့ရဲ့ အလင်းမာန်ဂိုဏ်းကို ကူညီတာဖြစ်တယ်၊ ငါတို့ အလင်းမာန်ဂိုဏ်းရဲ့ ခွန်အားကို မြှင့်တင်တာဖြစ်တယ်"

ဤတွင် စောပုတက်က...

"အေး...ဟုတ်တယ်၊ ဖန်ဟိုစန့်ပြောတာ မှန်တယ်၊ ရန်ရှောင်ငါတို့ကို စော်ကားခဲ့တာဟာ တကယ်တော့ အသေးအဖွဲပါ ခု ငါတို့ လုပ်ရပ်ဟာ ငါတို့ဂိုဏ်းကြီးကို ကယ်တင်ရဲ့ မဟာကိစ္စရပ်ကြီး အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ မျက်နှာသည် ဒေါသကြောင့် နီရဲလာ၏။

"ငါ့ခွေးမှပဲ၊ သောက် အလကားစကား၊ မင်းတို့ နှစ်ယောက်စလုံး အရူးစကား ပြောနေကြတာပဲ၊ ဟော့ သံခမောက်၊ မင်းပခုံးကို ရန်ရောင် ရိုက်ချိုးခဲ့တာ မှတ်မိသေးရဲ့လားကွ"

ချူထင်းသည် ဒေါသကြီးစွာ အော်လိုက်၏။

သံခမောက်သည် ငြိမ်သက်စွာ စဉ်းစားနေပြီးမှ…

"ငါ့သဘောကတော့ ငါတို့ရဲ့ ဂိုဏ်းတော်ကြီးကို စောင့်ရှောက်ကာကွယ်ဖို့ဟာ အဓိကပဲ၊ ဒါကြောင့် ကြီးမားနေတဲ့ ပြင်ပရန်ကို တိုက်ထုတ်ပြီးမှ ငါတို့တွေ ရန်ရောင့်ကိစ္စကို ရှင်းမယ်"

ချူထင်းက မကျေနပ်သေး။ တစ်ဘက်သို့ လှည့်၍ မေးပြန်သည်။

"ဟော့ကောင် လင်ချန်း၊ မင်းကကော"

"သွားမယ်"

ချူထင်း မတတ်နိုင်တော့။ သို့သော် အလျှော့မပေးသေး။ အံကို တင်းတင်းကြိတ်လျက်က…

"ဩော်…မင်းကလဲရန်ရောင်ကို အရှုံးပေးလိုက်တာလား၊ ဟိုတုန်းက ငါတို့တွေ ဘယ်လို ကတိပြုထားခဲ့ကြသလဲ၊ ဘယ်တော့မှ ကွမ်းမိန်တောင်ကို မသွားမလာတော့ပါဘူးဆို၊ ခုတော့ ဒီစကားတွေက ခွေးချေးဖြစ်ကုန်ပြီလား၊ကွ ဟေ"

လင်ချန်းက…



"ဟုတ်တယ်ကွာ၊ ခွေးချေး"

ချူထင်း ထခုန်တော့၏။

ဖန်ဟိုစန့်က ကြားဝင်၍ စိတ်ရှည်စွာ ရှင်းနေပြန်၏။

"ချူထင်း၊ ဟိုနှစ်တုန်းက တို့တစ်တွေဟာ ဂိုဏ်းချုပ် နေရာအတွက် သွေးကွဲပြီး မျက်နှာပျက်ခဲ့ကြရပါတယ်၊ ရန်ရောင်ဟာ သဘောထားသေးသူ မှန်ပါတယ်၊ ငါတို့မှာလဲ မှားတာလေးတွေ ရှိခဲ့ကြတာပါပဲ"

"ဟော့ကောင် လန်ကြွတ်စကားတွေ ပြောမနေနဲ့၊ ငါတို့ ငါးယောက်ဟာ ဘယ်သူမှ ဂိုဏ်းချုပ်လုပ်ချင်ကြတာ မဟုတ်ဘူး၊ ဒါကြောင့် ဘာအမှားမှ မရှိဘူး"

စောပုတက်က ဝင်လာပြန်၏။

"တို့တစ်တွေ ဂိုဏ်းထဲက အရှုပ်အရှင်းကို ဆက်ငြင်းနေရင် နောက်ဆယ်နှစ်ကြာလဲ ပြီးမှာမဟုတ်ဘူး၊ ဒီတော့ ငါ တစ်ခု မေးချင်တယ် ချူထင်း၊ မင်းဟာ အလင်းမာန်ဂိုဏ်းသား တစ်ယောက် မဟုတ်ဘူးလား"

"ဘာကြောင့် မဟုတ်ရမှာလဲ၊ အလင်းမာန်ဂိုဏ်းသား စစ်စစ်ကွ"

"အေး…ဒီလိုဆို ခုချိန်မှာ ငါတို့ရဲ့ အလင်းမာန်ဂိုဏ်းကြီးဟာ ပြိုကွဲပျက်စီးရမယ့် ဘေးကြီးနဲ့ ရင်ဆိုင်နေရတယ်၊ ဒုက္ခရောက် နေတယ်၊ ဒီလို အချိန်မျိုးမှာ ငါတို့တွေ လက်ပိုက်ကြည့်နေကြရင် လူလုပ်ဖို့တောင် မကောင်းတော့ဘူး၊ မင်းသာ ဂိုဏ်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဂိုဏ်းကို ကြောက်နေရင် ခု မသွားဘဲနေခဲ့၊ ငါတို့ ကွမ်းမိန်တောင်ပေါ်တက်ပြီး ဂိုဏ်းတော်ကြီးအတွက် အသက်စွန့်ပြီးတဲ့ အခါကျမှ တို့အလောင်းကို လာကောက်”

ဤတွင် ချူထင်း စိတ်မထိန်းနိုင်တော့။ ‘ဝုန်း’ခနဲ ထ၍ စောပုတက် မျက်နှာကို ရိုက်ပစ်လိုက်၏။

တကယ်ပင် စောပုတက် အရိုက်ခံလိုက်ရပေ၏။ ‘ဖြန်း’ ဟူသော အသံနှင့်အတူ စောပုတက် ယိုင်သွား၏။ သူ့ပါးစပ်ကို ဟ,လိုက်သောအခါ သွားသုံးချောင်း ပြုတ်ကျသွားပေ၏။ သူ တံတွေး ထွေးထုတ်လိုက်သောအခါ သွေးများနှင့်အတူ သွားသုံးချောင်းက ထွက်လာ၏။ သူ၏ မျက်နှာတစ်ခြမ်းမှာလည်း ချက်ချင်းလိုလိုပင် ရောင်ကိုင်း၍ လာလေ၏။

ဖန်ဟိုစန့်တို့လည်း အံ့အားသင့်သွားကြလေ၏။ ချူထင်း ကိုယ်တိုင်ပင်လျှင် ငေးကြောင်ကြောင် ဖြစ်နေ၏။ တကယ်တော့ စောပုတက်က ရိုက်ချက်ကို ရှောင်တိမ်းခြင်း မပြုဘဲ တမင် အရိုက်ခံလိုက်ခြင်းဖြစ်၏။ သူ ရှောင်တိမ်းခဲ့လျှင် ချူထင်း၏ ရိုက်ချက်သည် ဘယ်တော့မှ ထိမည်မဟုတ်။ ချူထင်း စိတ်မကောင်း ဖြစ်နေ၏။ ဝမ်းနည်းလှစွာပင် သူက ပြောနေပြန်၏။

“စောပုတက်၊ မင်း ငါ့ကို ပြန်ရိုက်လိုက်စမ်းပါကွာနော်၊ ဟော့…စောပုတက် မင်း ငါ့ကို ပြန်ရိုက်လိုက်စမ်းပါကွ၊ မင်း ပြန်မရိုက်ရင် မင်း လူမဟုတ်တော့ဘူးကွ”



စောပုတက်က အပြုံးမပျက်။ တစ်ချိန်တည်းမှာပင် သူ၏ နှလုံးသားမှ စကားများကား တစ်လုံးချင်း ထွက်ပေါ်လာလျက် ရှိ၏။

“ငါ့ရဲ့ ခွန်အားတွေဟာ ရန်သူကို တိုက်ခိုက်ဖို့ကွ၊ ရန်သူမဟုတ်တဲ့ ကိုယ့်ညီအစ်ကိုတွေကို ဘယ်လိုပဲဖြစ်ဖြစ် ငါ မရိုက်နိုင်ပါဘူး”

ချူထင်း၏ စိတ်နှလုံးများ ပြိုကွဲ ထိခိုက်သွားလေ၏။ သူသည် စိတ်မြန်ကိုယ်မြန် ဖြစ်သည့်အတိုင်း ချင့်ချိန်မနေတတ်။ ထို့ကြောင့် သူ့အမှားကို သူ ယူကျုံးမရ ဖြစ်နေရာမှ သူ့ပါးကို သူ‘ဖြန်း’ခနဲ ရိုက်ပစ်လိုက်ပြန်၏။ သူ ပါးစပ်ကို ဟ,၍ တံတွေး ထွေးလိုက်သောအခါ သွေးများနှင့်အတူ သွားသုံးချောင်းလည်း ထွက်ကျလာလေ၏။

ဖန်ဟိုစန့်သည် အထိတ်တလန့် ဖြစ်သွားပြန်တော့…

“ချူထင်း၊ မင်း ဘာလုပ်တာလဲကွ”

“ငါ့ကိုယ်ငါ ဒဏ်ခတ်တာပေါ့ကွ၊ ငါ စောပုတက်ကို မလုပ်သင့်တာ လုပ်ခဲ့မိတာပဲ၊ သူက ပြန်မရိုက်တော့ ငါ့ကိုယ်ငါ ရိုက်တာပေါ့ကွ”

စောပုတက်သည် ချူထင်းကို ကြည့်ရင်း စိတ်မကောင်း ဖြစ်သွား၏။ ထို့ကြောင့် သူသည် စကားကို ဖြည်းဖြည်း ပြောလိုက်၏။

“ချူထင်း မင်းနဲ့အတူ ငါတို့ ထွစ်တွေဟာ တင်ယောက်နဲ့

www.burmeseclassic.com



တစ်ယောက် အသက်ပေးပြီး ချစ်ကြတဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေပါ၊ ငါတို့လေးယောက်ဟာ ငါတို့ ဂိုဏ်းတော်ကြီးအတွက် ကွမ်းမိန် တောင်ပေါ်မှာ အသက်ကို စွန့်ကြမယ့်သူတွေပဲ၊ ဒီတော့ မင်းတစ်ချက်လေး ရိုက်တာဟာ ဘာအရေးမို့လဲ၊ ငါတို့ ခု မင်းကို နောက်ဆုံး အနေနဲ့ နှုတ်ဆက်ခဲ့ပါတယ်"

ချူထင်း အလွန်ပင် စိတ်ထိခိုက်သွားလေ၏။ ထို့ကြောင့်ပင် ကြေကွဲလှစွာ ငိုသံပါနှင့် ပြောလိုက်၏။

"ငါလဲ ကွမ်းမိန်တောင်ကို လိုက်ခဲ့ပါ့မယ်၊ ရန်ရောင်ရဲ့ အကြွေးဟောင်းကိုတော့ နောက်မှပဲ ငါ ဆပ်တော့မယ်"

ဤတွင်မှ ဖန်ဟိုစန့်သည် လှိုက်လှဲဝမ်းသာလှစွာ ဟစ်အော်လိုက်မိလေသည်။

"ဒါမှ ငါတို့ ညီအစ်ကိုတွေကွ၊ တို့ဟာ အသက်ပေးချစ်တဲ့ တကယ့်ညီအစ်ကိုတွေ"

ဟူကျင်းမှာကား အိတ်ကြီးထဲတွင် ငြိမ်သက်နေရင်း ထိုလူ ငါးယောက်၏ စကားများကို တစ်လုံးမကျန် ကြားသိနေရ၏။ ထို့ကြောင့်လည်း သူ၏ စိတ်အာရုံတွင် ...

"ဒီလူငါးယောက်ရဲ့ အဆင့်မြင့် သိုင်းပညာတွေကို ပြောဖို့ တော့ မလိုပါဘူး၊ ချီးကျူးစရာ ကောင်းတာက ဒီလူ ငါးယောက် ရဲ့ အသက်ပေး ချစ်ခင်မှုတွေနဲ့ သစ္စာတရားပဲ၊ သူတို့ရဲ့ သစ္စာရှိမှုဟာ ရှာမှရှားတဲ့ ကိစ္စ၊ ဒီလိုလူစားတွေကို ဂိုဏ်းကြီး ခြောက်ဂိုဏ်းက ဘာဖြစ်လို့ မကောင်းဆိုးရွားတွေလို့ ပြောနေကြတာလဲ" ဟု တွေးတောနေမိ၏။



ထိုအချိန်တွင် အလင်းမာန် ငါးယောက်စလုံး ကွမ်းမိန်တောင် သို့ တက်လာကြပြီဖြစ်သည်။ ဟူကျင်းသည် အိတ်ထဲတွင် ငြိမ် သက်စွာ လိုက်လာရင်း ကွမ်းမိန်တောင်ထိပ်တွင် ကျိရှောင်မူ ၏ သမီးလေး ရန်ဝေနှင့် တွေ့ရမည့် အရေးကို စဉ်းစားလာခဲ့၏။

ယခုအချိန်၌ ရန်ဝေသည် မိမိကို မှတ်မှ မှတ်မိပါမည်လား ဟူကျင်း မသိ။ နောက်တစ်နေ့တွင် သူတို့အားလုံး လှိုက်ဂူကြီး တစ်ခုအတွင်းသို့ ရောက်ခဲ့ကြ၏။

သူတို့သည် ရှည်လျားလွန်းသော လိုဏ်ဂူကြီး ငါးခုခန့်ကို ဝင်ခဲ့ ထွက်ခဲ့ကြပြီး တောင်ပေါ်သို့ ဆက်၍ တက်ခဲ့ကြရ၏။ သို့နှင့် တစ်နေရာသို့ အရောက်တွင် ချူထင်း၏ အောင်မြင်သော အသံက တိတ်ဆိတ်မှုကို ဖောက်ထွင်းပြီး ပေါ်လာလေ၏။

"ဟေး... ရန်ရောင်၊ လင်းဆွဲမင်းနဲ့ ငါတို့ ငါးယောက် မင်းကို လာတွေ့ကြတယ်ဟေ့"

သို့သော် တုံ့ပြန်သံကား ရုတ်တရက် ပေါ်မလာသေး။ အတန်ငယ် ကြာမှ ...

"အိုး... လင်းဆွဲမင်းနဲ့ မိတ်ဆွေကြီး ငါးယောက်တို့ ရောက်လာကြတာကိုး၊ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါ တယ်ဗျာ၊ ကြိုဆိုပါတယ်"

"ဟေ့ကောင်၊ မင်းက ဟန်ဆောင်ပြီးနဲ့ ဖိတ်ခေါ် မနေပါ နဲ့ကွ၊ မင်း ပါးစပ်ဖျားက သကာလို ချိုနေပေမယ့် မင်းဗိုက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဆဲနေမှာပါကွ၊ ငါတို့ ငါးယောက်ကလဲ အလကားပဲ၊ စကားကို မှောက်လိုက် လှန်လိုက်ပြောကြတာပဲ၊ ဟိုတစ်ခါတုန်းက ငါတို့တွေ ကွမ်းမိန်တောင်ပေါ် ဘယ်တော့မှ တက်မလာတော့ဘူး ပြောခဲ့ကြတယ်၊ ဒါပေမယ့် ခုတော့ ကိုယ့်ဘာသာ ကိုယ် ပြန်တက်လာကြပြန်ပြီကွ၊ ဟဲ . . . ဟဲ"

ချူထင်းကား ဟောဟောဒိုင်းဒိုင်း သမား။

သူ့စိတ်ထဲ ခံစားရသမျှ ဖုံးကွယ် လှည့်ပတ်ခြင်း မရှိ။ ပွင့်ပွင့်လင်းလင်း ပြောချပစ်လိုက်၏။

"ပြီးခဲ့တာတွေ ပြီးပါစေတော့ဗျာ၊ အားလုံးကို မေ့ပစ်လိုက်ကြပါတော့၊ ခုအချိန်မှာတော့ ကျုပ်ဟာ ဂိုဏ်းကြီး ခြောက်ဂိုဏ်းရန်ကြောင့် သောက ရောက်နေရတဲ့ သူပါ။ ဒီလို အချိန်မျိုးမှာ မမျှော်လင့်ဘဲ ခင်ဗျားတို့ ရောက်လာကြတဲ့ အတွက် နောင်ကြီးတို့ကို သိပ်ကျေးဇူးတင်ပါတယ်၊ တကယ်လဲ ဝမ်းသာမိပါတယ်ဗျာ"

ရန်ရောင်ကလည်း ပြုံးပြုံးရွှင်ရွှင် ပြောနေသည်။ ချူထင်းက ပြတ်ပြတ်သမားပီပီ စကားလုံး ရွေးမနေတော့ဘဲ။

"အေး . . . ဒါကို မင်းသိရင် ပြီးတာပဲ" ဟု ပြန်ပြောလိုက်သည်။ အတန်ကြာလျှင် အိမ်ဖော်တစ်ယောက်က လက်ဖက်ရည်ကြမ်းကို လာချပေးသည်။ ထိုစဉ်ပင် အိမ်ဖော်ကလေး နှုတ်မှ 'အား' ဟူသော အသံ စူးစူးဝါးဝါး ထွက်လာပြီး ငြိမ်သက်သွား၏။

ဟူကျင်းမှာ ထိုအသံကြောင့် ထိတ်လန့်သွားသည်။ အပြင်



တွင် ဘာဖြစ်နေသည် သူမသိ။ သူ မမြင်။

အခြေအနေသည် တဒင်္ဂ ငြိမ်သက်သွားသည်။ နောက်မှ ဝေရှိ၏ တဟားဟား ရယ်မောသံကို ကြားလိုက်ရပြီး တစ်ဆက်တည်းပင် . . .

"မိတ်ဆွေကြီး ခင်ဗျား၊ ခင်ဗျားရဲ့ အိမ်ဖော် တစ်ယောက် ခုလို ဆုံးရှုံးသွားတဲ့အတွက် ကျုပ်စိတ်မကောင်းပါဘူး၊ ဒီအတွက် ကျုပ်အစားထိုး ပြန်ဆပ်ပါမယ်ဗျာ"

သူ့အသံသည် ပီသစူးရှသည်။ ယင်းအသံသည် စောစောကလို ချည့်နဲ့သော အသံ မဟုတ်တော့။ အားမာန်ပြည့်စွာ မာကျောနေသည်။ ယင်းကြောင့် ဟူကျင်း အခြေအနေကို သဘောပေါက်သွား၏။

ဝေရှိသည် သူ့ရှေ့ ရောက်လာသော အိမ်စေမလေးကို ရုတ်တရက် သတ်ပစ်လိုက်ခြင်း ပေတကား။ ထိုစဉ် ရန်ရောင်က အေးဆေးတည်ငြိမ်စွာဖြင့် . . .

"ကျုပ်တို့ကြားမှာ ခုလို ကျေးဇူးဆပ်တယ်ဆိုတဲ့ စကားမျိုး ပြောနေဖို့ မလိုပါဘူးဗျာ၊ လင်းဆွဲမင်းကိုယ်တိုင် ကွမ်းမိန်တောင်ပေါ်ကို တက်လာတယ် ဆိုကတည်းက ကျုပ် အပေါ် ဘယ်လောက်ကြီးမားတဲ့ စေတနာထားတယ် ဆိုတာ ကျုပ်ကောင်းကောင်းသိပါတယ်ဗျာ"

ရန်ရောင်ကား ယခုအခါ၌ ထကယ်ပင် စိတ်ထဲတွင် ခံစားနေရသည့် အတိုင်းပြောလိုက်သည်။ မှန်၏။ သူတို့ ခုနစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စလုံးသည် အလင်းမာန်ဂိုဏ်းကြီး၏ ဂိုဏ်းဝင် ညီအစ်ကိုများ ဖြစ်ကြသည်။

သူတို့သည် ကိစ္စ တစ်ခုကြောင့် တစ်ယောက်နှင့် တစ်ယောက် စိတ်ခုနေကြသည် မှန်သော်လည်း ယခုကဲ့သို့ ဂိုဏ်းတော်ကြီး အတွက် အန္တရာယ်ကြီးများစွာ အကျဉ်းအကျပ် ဖြစ်နေစဉ်၌ စုစု စည်းစည်း ပေါင်းမိကြသောအခါ အားလုံးလိုလိုပင်တက်ကြွ နေကြပေသည်။

ယခုအခါ၌ သူတို့သည် ညီညွတ်စွာဖြင့် ရန်သူကို အနိုင် တိုက်ရန်သာ စဉ်းစားနေကြသည်။ သူတို့ လူသိုက်သည် စား သောက်ပြီးသည်နှင့် ရန်သူကို ခုခံတိုက်ခိုက်ရမည့် သေနင်္ဗျူဟာ များကို ဆွေးနွေးကြတော့သည်။ ထိုအခါ ဖုန်ဟိုစန့်က . . .

"ကျုပ်တို့ အဖို့ကတော့ တကယ့် အခက်အခဲတွေကို ရင်ဆိုင်နေရတဲ့ အချိန်ပဲ၊ နဂါးမင်းနဲ့ ရွှေမွေးခြသေ့်တို့နှစ်ယောက် လဲ ဘယ်သောင် ဘယ်စခန်း စိုက်နေကြသလဲမသိဘူး။ ဒီကြား ထဲမှာ လက်ယာရုံမင်းလဲ သေသလား ရှင်သလား ဆိုတာ မသိ ကြရဘူး၊ အခုလောလောဆယ်မှာတော့ ဒီသုံးယောက်က ကျုပ်နဲ့ အတူ မရှိတော့ သိပ်ပြောနေစရာမလိုပါဘူး၊ ကျုပ်တို့အတွက် အခက်အခဲ ဖြစ်နေတာက အလံငါးဖွဲ့က လူတွေနဲ့ မျက်ခုံးဖြူ ဂိုဏ်းကလူတွေ ရန်ညှိုးဖွဲ့ပြီး အချင်းချင်း သတ်နေကြတဲ့ ကိစ္စ ပဲ၊ ဟိုနေ့တုန်းကလဲ အချင်းချင်း တိုက်ခိုက်လိုက်ကြလို့ တော် တော်လေး အထိနာသွားကြသေးတယ်၊ အင်း . . . မျက်ခုံးဖြူ



ဂိုဏ်းသာ ကွမ်းမိန်တောင်ထိပ်ကို တက်လာနိုင်ပြီဆိုရင် ဒီဂိုဏ်းကြီး ခြောက်ဂိုဏ်းကို ကျုပ်တို့ ဘာမှ ဂရုစိုက်စရာ မလိုတော့ဘူး"

ထိုစဉ် ဖေပုတက်က သူနှင့်ပါလာသော အိတ်ကို ခြေထောက် နှင့် အသာအယာ ကန်ပြလိုက်သည်။

ပြီးနောက် အခြေအနေကို သုံးသပ်ပြောဆိုလိုက်သည်။

"ဟောဒီ အိတ်ထဲက ကောင်လေးဟာ မျက်ခုံးဖြူ ဂိုဏ်းနဲ့ လဲ ပတ်သက်မှုရှိတယ်၊ နောက်ပြီး သူက အလံငါးဖွဲ့အပေါ်မှာလဲ ကျေးဇူးရှိတယ်၊ ဒီကောင်လေးဟာ ရန်ညှိုးဖွဲ့နေကြတဲ့ နှစ်ဘက် စလုံးနဲ့ မကင်းရာ မကင်းကြောင်း ပတ်သက်ရာ ပတ်သက် ကြောင်းဖြစ်နေတယ်၊ ဒီတော့ ဒီအဖွဲ့နှစ်ဖွဲ့စလုံး အချင်းချင်း ရန်ညှိုးပြေ ကျေအေးမှုရအောင် ဒီကောင်လေးကို အားကိုးရ တော့မှာပဲ"

ဤတွင် ဇေရိက ဝင်ရောက်လာသည်။

"ကျုပ်တို့ အလင်းမာန်ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးနေရာ လစ်လပ်နေသရွေ့တော့ ကျုပ်တို့ရဲ့ ဂိုဏ်းကြီးဟာ အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်နေမှာပဲ၊ ဘယ်တော့မှ တည်တည်ငြိမ်ငြိမ် ရပ်တည် နေနိုင်မှာ မဟုတ်ဘူး၊ မတည်မငြိမ် ကသောင်းကနင်း ဆက် ဖြစ်နေရင် သိုင်းလောကထဲမှာ ကျုပ်တို့ဂိုဏ်းရဲ့ သိက္ခာဟာ ကျပြီးရင်း ကျနေတော့မှာပဲ၊ ဒီမှာ ရန်ရောင်၊ ကျုပ်ခင်ဗျားကို တစ်ခုမေးမယ်၊ ဒီတစ်ခါ ရန်သူတွေကို တိုက်ထုတ်ပြီးရင် ဘယ်သူ့ကို ဂိုဏ်းချုပ်မြှောက်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်က ဝေရီ၏ စကားကို အေးဆေးစွာဖြင့် ပြန်ဖြေသည်။

"ဂိုဏ်းချုပ် တင်မြှောက်ဖို့ ကိစ္စက လွယ်လွယ်လေးပါ၊ တို့ဂိုဏ်းရဲ့ နတ်မီးတိုင် ဘယ်သူ့လက်ထဲမှာ ရှိသလဲ၊ နတ်မီးတိုင်ရှိတဲ့လူကို ကျုပ်က ဂိုဏ်းချုပ်အဖြစ်တင်မြှောက်မှာပဲ၊ ဘယ်သူ့သဘောထား၊ ဘယ်ဝါ သဘောထားနဲ့ ထင်မြှောက်တာမဟုတ်ဘူး၊ နတ်မီးတိုင်ရှိတဲ့ လူကို ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ရမယ်ဆိုတာ ကျုပ်တို့ ဂိုဏ်းကြီးရဲ့ စည်းကမ်းချက်ပဲ"

ထိုအခါ ဝေရီက...

"ဒီနတ်မီးတိုင်ကြီး ပျောက်ဆုံးသွားတာက အနှစ်တစ်ရာလောက်ရှိနေပြီ၊ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် နတ်မီးတိုင်ကြီးကို ကျုပ်တို့ တစ်သက်လုံးရှာမတွေ့ရင် ကျုပ်တို့ တစ်သက်လုံး ဂိုဏ်းချုပ်မရှိဘဲ နေရတော့မယ့်ပုံပေါ့၊ အခု ဂိုဏ်းကြီးခြောက်ဂိုဏ်းက ဘာဖြစ်လို့ အခုလို လာတိုက်ရဲသလဲ သိလား။ အမိမဲ့သားရေနည်းငါး ဆိုတာလို ကျုပ်တို့မှာ ခေါင်းဆောင်မရှိမှန်း သိနေလို့ဗျ၊ သိရဲ့လား"

စောပုတက်က...

"ဝေရီ ပြောတာ မှန်တယ်၊ ငါ့အနေနဲ့ ဘယ်သူ့ဘက်မှ လိုက်ပြောတာမဟုတ်ဘူး၊ ဘယ်သူပဲ ဂိုဏ်းချုပ်လုပ်လုပ် ငါသဘောတူတယ်၊ ဂိုဏ်းချုပ်တစ်ယောက်ရှိရင် ပြီးရော၊ ခေါင်းဆောင်မရှိရင် ပြင်ပရန်ကို ဘယ်လို ကာကွယ်နိုင်မလဲ၊ အခက်



အခဲ အကျပ်အတည်း ပေါ်လာတဲ့ အခါ ဦးဆောင်ညွှန်ကြားမယ့်လူမရှိတော့ အားလုံး ကသောင်းကနင်း ဖြစ်ကုန်ရတော့တာပေါ့"

ထိုစဉ် သံခမောက်ကလည်း စောပုတက်၏ စကားကို ဝင်ထောက်ခံလိုက်ပြန်သည်။

"ဟုတ်တယ်ဗျာ၊ ကျုပ်လဲ စောပုတက်ရဲ့ စကားကို လက်ခံတယ်"

ရန်ရောင်သည် မျက်နှာပျက်ပျက်ဖြင့်...

"မင်းတို့အားလုံး ဒီရောက်လာကြတာက သက်သက်ငါ့ကို ဆန့်ကျင်ရန်စရအောင် လာကြတာပေါ့ ဟုတ်လား"

ထိုအခါ ချူထင်းသည် တဟားဟား ရယ်မောလျက် ရန်ရောင်အား ပြောလိုက်သည်။

"မင်းကတော့ ဂိုဏ်းချုပ်အသစ်ကို ဘယ်ရွေးချင်မလဲကွ၊ မင်းရဲ့စိတ်ထားကို မသိဘူးများ မှတ်နေသလား၊ ဂိုဏ်းချုပ်အသစ်မရှိမှ ဂိုဏ်းသားတွေဟာ လက်ဝဲရံ မင်းရဲ့အမိန့်ကို နာခံတော့မှာပေါ့ ဟုတ်လား၊ ဟား ဟား ဟား... ရန်ရောင် မင်းရဲ့ ရာထူးက အမြင့်ဆုံးဖြစ်နေပေမယ့် တခြား ဂိုဏ်းသားတွေက မင်းရဲ့ အမိန့်ကို မနာခံဘူး ဆိုရင် မင်းရာထူးကြီးက ဘာအသုံးဝင်တော့မှာလဲ ဟား ဟား ဟား"

ရန်ရောင်သည် ရှက်စရာ မတွေ့တပ်ရစ်လိုက်ကာ အားလုံးကို ခက်ထန်စွာဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဒီအချိန်မှာ ငါတို့ရဲ့ ဂိုဏ်းကြီးကို ရန်သူတွေ အားလုံးက စုပေါင်းပြီး ဖြိုဖျက်တိုက်ခိုက်ဖို့ ကြိုးစားနေတဲ့အချိန်မှာ ငါ့အနေနဲ့ မင်းတို့နဲ့ စကားစစ်ထိုးနေဖို့ အချိန်မရှိဘူး၊ ဒါကို မကျေနပ်ဘူးဆိုရင် မင်းတို့တစ်တွေ ကွမ်းမိန်တောင်ပေါ်ကနေ ဆင်းသွားလိုက်ပါ၊ ဂိုဏ်းအတွက် ကူညီဖို့ လာခဲ့တဲ့ မင်းတို့ရဲ့ ကျေးဇူးကိုတော့ ငါမမေ့ပါဘူး"

ချူထင်းသည် သူတို့ ငါးယောက်အနက် စိတ်အမြန်ဆုံးနှင့် ဒေါသအကြီးဆုံးသူ ဖြစ်သည့်အလျောက် ရန်ရှောင်၏ စကားဆုံးသည်နှင့် လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်တော့သည်။ ရန်ရှောင်သည် နဂိုကတည်းကပင် သူတို့ ငါးယောက်၏ စကား အပြောအဆိုများကြောင့် သတိထားနေပြီးဖြစ်ရာ ချူထင်း ရိုက်လိုက်သည်နှင့် ချက်ချင်းပင် ပြန်လည် ခုခံရိုက်ထုတ်ပစ်လိုက်တော့သည်။ လမ်းခုလတ်တွင်ပင် ချူထင်း၏ လက်ဝါးစောင်းကို ရန်ရှောင်၏ လက်ဝါးစောင်းက ခုခံရိုက်ထုတ်လိုက်ပြီး ဖြစ်နေတော့သည်။

ဝေရီသည် သူတို့နှစ်ယောက် တိုက်ခိုက်နေသည်ကို ဘေးမှ ရပ်ကြည့်လျက် ရှိနေသူဖြစ်ရာ ထိုနှစ်ယောက်၏ အခြေအနေ အားလုံးကို စေ့စေ့စပ်စပ် တွေ့မြင်နေရသည်။ ထိုသို့ တိုက်ခိုက်နေကြစဉ် ရန်ရှောင်၏ လက်ဝါးစောင်း၌ စိမ်းဖန့်ဖန့် အရောင် တစ်မျိုး ထွက်နေသည်ကို တွေ့လိုက်ရသောအခါ ရန်ရှောင် ဝါးစိမ်း လက်ဝါးစောင်းသိုင်းကို လေ့ကျင့် အောင်မြင်သွားပြီ



ဖြစ်ကြောင်း သိလိုက်တော့သည်။

ချူထင်းများစွာ အန္တရာယ်ရှိနိုင်ကြောင်း ရုတ်တရက် သိလိုက်သည်။ ထို့ကြောင့် ချူထင်းအတွက် စိုးရိမ်ပြီး ရန်ရှောင်၏ လက်ဝါးစောင်းကို ကြားမှ ဝင်ရောက် တားဆီးကာကွယ်လိုက် တော့သည်။

ထိုအခါ ဝေရီနှင့် ရန်ရှောင်တို့၏ လက်ဝါးနှစ်ဘက်တို့ သည် ပူးကပ်သွားကြသည်။ ချူထင်းကမူ ထပ်မံအော်ဟစ်နေ သည်။

"ရန်ရှောင် ငါ့လက်ဝါးစောင်းတစ်ချက်ကို နောက်ထပ် မြည်းစမ်းကြည့်လိုက်စမ်းပါဦး"

ပြောပြောဆိုဆိုနှင့် နောက်တစ်ချက် ထပ်ရိုက်လိုက်ပြန် သည်။ ထိုစဉ် စောပုတက်က ဝင်ရောက်တားမြစ်သည်။

"ချူထင်း... ဒေါသမကြီးနဲ့လေ၊ မလုပ်နဲ့ မလုပ်နဲ့"

ဖန်ဟိုစန့်ကလည်း ဝင်ရောက်တားမြစ်လိုက်ပြန်သည်။

"ရန်ရှောင်... ဝေရီ၊ ရပ်လိုက်ကြစမ်း"

စောပုတက်နှင့် ဖန်ဟိုစန့်တို့ မည်မျှတားမြစ်လိုက်ကြစေ ကာမူ အချိန်မမီတော့။ ချူထင်း၏ လက်ဝါးသည် ရန်ရှောင်၏ ဘယ်ဘက်လက်ဝါးနှင့် ရိုက်ခတ်ပြီး ပူးကပ်လျက်ရှိနေပြီဖြစ် သည်။ စောပုတက်က...

"ချူထင်း ဘယ်လို ဖြစ်ကြတာလဲ၊ မင်းတို့နှစ်ယောက် အချင်းချင်းတိုက်ကြ မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောလိုက်ပြီးသည်နှင့် ချူထင်း၏ ပခုံးကိုဆွဲလျက် ရန်ရောင်နှင့် ကွဲကွာသွားစေရန် ဆွဲခွာရန်ကြိုးစားလိုက်သည်။ သို့သော် သူ့လက်က ပခုံးကိုကိုင်လိုက်မိသည်နှင့် အလွန်အေးစက်လှသော အအေးလှိုင်းတစ်ခုက သူ့လက်ဝါးထဲသို့ တရှိန်းရှိန်း စိမ့်ဝင်လာပြီး သူ့တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားတော့သည်။ စောပုတာက် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားသည်။

"ဒါက ဝေရှိရဲ့ လက်ဝါးဓောင်း သိုင်းပညာပဲ၊ အစက ရန်ရောင် ဒီပညာ မတတ်ပါဘူး၊ အခုတော့ ရန်ရောင်လဲ တတ်နေပါကလား"

စောပုတာက်သည် သူ၏ အတွင်းအားကို အလျင်မြန်ဆုံး ထုတ်လျက် သူ့ကိုယ်ထဲသို့ စိမ့်ဝင်လာသော အအေးဓာတ်ကို တိုက်ထုတ် ခုခံကာကွယ်နေရတော့သည်။ သို့သော် အအေးလှိုင်းကို ချေဖျက်နိုင်ခြင်း မရှိတော့ပေ။ အအေးလှိုင်းသည် တဖြည်းဖြည်း ပြင်းထန်လာပြီး နောက်ဆုံးတွင် မေးတခိုက်ခိုက်တုန်လာသည်အထိ အအေးဓာတ်၏ လွှမ်းမိုးဖိစီးမှုကို ခံနေရတော့သည်။

သံခမှောက်နှင့် ဖန်ဟိုစန့်တို့သည် စောပုတာက်၏ အခြေအနေကို ချက်ချင်း သုံးသပ်မိလိုက်ကြသည်။ ထို့ကြောင့် တစ်ယောက်က ချူထင်း၏ ခန္ဓာကိုယ် အတွင်းသို့ အတွင်းအား သွင်းပေးလိုက်ပြီး ထိုနှစ်ယောက်၏ ခန္ဓာကိုယ်တွင်းမှ အအေးဓာတ်ကို ချေဖျက်နိုင်ရန် ကြိုးစားနေကြရလေတော့သည်။

သူတို့လေးယောက်၏ အတွင်းအားများကို စုပေါင်းပြီး



ခုခံလိုက်တော့မှသာ အအေးဓာတ်ကို ကာကွယ်ချေဖျက်နိုင်လိုက်ကြသည်။ သို့သော်အတန်ကြာလာသောအခါ ဝေရှိတို့ လေးယောက်စလုံး၏ မျက်နှာများတွင် ချွေးများစို့ထွက်လာကြပြီး ရန်ရောင်ကမူ မည်သို့မျှ ထူးခြားဟန် မပြဘဲ အေးအေးဆေးဆေး မှုအရာ မပျက်ဘဲ ရှိနေခဲ့သည်။

ထိုလေးယောက် တစ်ယောက် တိုက်ပွဲကို တစ်ချိန်လုံး ဘေးမှ လက်ပိုက်ရပ်ကြည့်နေသူမှာ 'လင်ချုန်း' ဖြစ်သည်။ လင်ချုန်းက စိတ်ထဲတွင် တွေးနေသည်။

"ရန်ရောင်ရဲ့ သိုင်းပညာ မြင့်မားတာတော့မှန်တယ်၊ ဒါပေမယ့် တကယ်တမ်းအားဖြင့်တော့ ဝေရှိနဲ့ မတိမ်းမယိမ်း လောက်ရှိတာပါ။ အခုနေ ငါးယောက်ပေါင်း တိုက်လိုက်ရင် ရန်ရောင်ကို ဘာဖြစ်လို့ မနိုင်စရာ ရှိမှာလဲ"

ရုတ်တရက် ဖန်ဟိုစန့်သည် အချက်တစ်ချက်ကို သတိရသွားပြီးနောက် လွှတ်ခနဲ အော်လိုက်တော့သည်။

"အားပြောင်းအားလွှဲသိုင်း"

ဖန်ဟိုစန့်၏ အော်သံကို လူအားလုံးကြားလိုက်ရပြီး သူတို့အားလုံး ရုတ်တရက် သဘောပေါက် သွားကြတော့သည်။

အမှန်စင်စစ် ဖန်ဟိုစန့် အော်ဟစ်ပြောဆိုလိုက်သည့် အားပြောင်းအားလွှဲသိုင်းပညာသည် သူတို့ အလင်းမာန်ဂိုဏ်း၏ အစွမ်းထက်ဆုံးသော သိုင်းပညာတစ်မျိုးပင် ဖြစ်သည်။ အခြားသော သိုင်းပညာများကဲ့သို့ လျှို့ဝှက်ဆန်းကြယ်လှသည်တော့ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသိုင်းပညာ၏ အနှစ်သာရမှာ ရန်သူက တိုက်ခိုက်လာသည့် အင်အားကို အခြားရန်သူတစ်ယောက်ထံသို့ သို့မဟုတ် အခြားတစ်ဖက်သို့ လမ်းလွှဲရွှေ့ပြောင်းပေးခြင်းပင် ဖြစ်တော့သည်။ သို့သော် သိမ်မွေ့လှသည်ကတော့ အမှန်ပင် ဖြစ်သည်။

ယခုတိုက်ပွဲတွင်လည်း ရန်ရောင်သည် အေးဆေးစွာဖြင့်ပင် ဝေရီ၏ ရေခဲလက်ဝါးဓောင်းသိုင်းအားကို စောပုတာက်၊ သံခ မောက်နှင့် ချူထင်းတို့ဘက်သို့ လမ်းလွှဲပေးလိုက်ပြီး ယင်းသုံး ယောက် လက်ဝါးအင်အားများကို ဝေရီထံသို့ လွှဲပြောင်းပို့ လိုက်ခြင်းပင်ဖြစ်သည်။ သူကမူ အားပြောင်းအားလွှဲသိုင်းကို တစ်ချက်မျှ သုံးလိုက်သည်ကလွဲ၍ မည်သည့် လှုပ်ရှားမှုကိုမျှ ပြုလိုက်သည် မဟုတ်ပေ။ အေးအေးဆေးဆေးပင် ရပ်နေခြင်းဖြစ် ၏။ ထို့ကြောင့် လင်ချန်းက ရုတ်တရက် အော်ဟစ်လိုက်လေ သည်။

"ရန်ရောင် ဂုဏ်ယူတယ်ဟေ့၊ စေတနာနဲ့ လာကြတာပဲ၊ ရပ်လိုက်ကြပါ၊ ရပ်လိုက်ကြပါ"

သူ့စကားသည် တိုတိုရှင်းရှင်းနှင့် လိုရင်းကို ပြောလိုက်ခြင်း ဖြစ်သည်။ 'ဂုဏ်ယူတယ်ဟေ့' ဆိုသည်မှာ သူ့ကို အလင်းမား ဂိုဏ်းကြီး၏ အနှစ်တစ်ရာခန့် ပျောက်ကွယ်နေခဲ့သော အား ပြောင်းလွှဲ သိုင်းပညာကို ရန်ရောင် လေ့ကျင့်ရယူနိုင်သည်ဖြစ် ပြီး 'စေတနာနဲ့ လာကြတာပဲ' ဆိုသည့် စကားမှာလည်း ယ သူတို့ ကွမ်းမိန်တောင်သို့ လာခြင်းမှာ အချင်းချင်း ရန်ပြုတိုက် ခိုက်ရန် မဟုတ်ဘဲ ရန်သူတို့အား ကူညီတိုက်ခိုက်ကြရန် လာခြင်းသာ ဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်ပေသည်။ ရပ်လိုက် ကြပါဟု သူနောက်ဆုံး ပြောသည့် စကားအဓိပ္ပာယ်မှာမူ သူတို့ အားလုံး အချင်းချင်း တိုက်ခိုက်နေမှုကို ရပ်ဆိုင်းလိုက်ကြရန် အော်ဟစ် တားမြစ်လိုက်သည့် အဓိပ္ပာယ်ပင် ဖြစ်သည်။



လင်ချန်းသည် စကားပြောဆိုရာတွင် ဆိုခဲစေ မြဲစေ ဆိုသည့် စိတ်ထားမျိုး ရှိသူဖြစ်သည်။ စကားလည်း အလွန်နည်း သည်။ လင်ချန်း၏ စကား၌ မှသားမပါရှိကြောင်း၊ သဘောရိုး နှင့် ပြောလိုက်ခြင်းဖြစ်ကြောင်း ရန်ရောင် နားလည်လိုက်သည်။ ထို့ကြောင့် တဟားဟား ရယ်လျက် . . .

"ကဲ . . . ကောင်းပြီ၊ ဝေရီတို့ စောပုတာက်တို့၊ ငါက တစ်၊ နှစ်၊ သုံး အော်လိုက်မယ်၊ အားလုံး တစ်ပြိုင်နက် ကိုယ့် အားကိုယ်ရုပ်လိုက်ကြ၊ ရုပ်တာ မညီညာရင် အားလုံး ဒဏ်ရာ ရ ကုန်လိမ့်မယ်"

ဝေရီတို့ အားလုံး ခေါင်းညိတ်ပြလိုက်ကြသည်။

သို့နှင့် ရန်ရောင်က တစ်၊ နှစ်၊ သုံး ဟု အော်လိုက်တော့ သည်။ 'သုံး' ဟုဆိုပြီးသည်နှင့် ရန်ရောင်ကလည်း သူ၏ သိုင်းအားကို ပြန်ရုပ်သိမ်းလိုက်သည်။ သို့သော် ထိုအချိန်တွင် ရုတ်တရက် အေးစက်သော လက်ချောင်းများမှ အားတစ်ရပ် သူ၏ နောက်ကျောသို့ ထိုးစိုက်လာသည်ကို ခံစားလိုက်ရသည်။

ရန်ရောင် အကြီးအကျယ် တုန်လှုပ်သွားတော့သည်။ သူ၏ စိတ်ထဲတွင်လည်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလင်းဆွဲကြီးဟာ ဒီလောက် ကောက်ကျစ်ယုတ်မာလိမ့် မယ်လို့ မထင်ခဲ့ဘူး၊ အခုတော့ တကယ် ယုတ်မာပါကလား"

သူသည် နောက်ပြန်လှည့်၍ ဝေရီကို တိုက်ခိုက်ရန် ဟန်ပြင် လိုက်သည်။ သို့သော် သူ မတိုက်ခိုက်ရသေးမီပင် ဝေရီသည် ယိမ်းထိုးလဲကျသွားသည်ကို တွေ့လိုက်ရသည်။ သို့မှသာ ရန်ရောင် သဘောပေါက်သွားသည်။ ဝေရီသည်လည်း မိမိကဲ့သို့ပင် စာစ်စုံ တစ်ယောက်၏ ချောင်းမြောင်း လုပ်ကြံခြင်းကို ခံလိုက်ရပေပြီ။

ထိုအခြေအနေမျိုးတွင် ရန်ရောင်နှင့် အခြားသူများ အလွန် ကွာခြားသွားတော့သည်။

ရန်ရောင်သည် အတွေ့အကြုံများခဲ့သူ ဖြစ်သည်။ သူ့သက် တမ်းတစ်လျှောက်၌ တိုက်ပွဲများစွာကို ကြုံတွေ့တိုက်ခိုက်ဖူးသူ ဖြစ်သည်။ ထို့ကြောင့် ပျာယာခတ်ခြင်း၊ ခေါင်းပူခြင်း၊ အစိုး ရိမ်လွန်ခြင်း လုံးဝမရှိဘဲ ရန်သူကို ပြန်လည်တိုက်ခိုက်နိုင်ရန် ရှေ့သို့ တိုးထွက်လိုက်တော့လေသည်။

ထိုစဉ် စောမုတက်၊ ဖန်ဟိုစန့်၊ သံခမောက်နှင့် ချူထင်းတို့ လေးယောက်သည်လည်း လဲကျလျက် ရှိနေပြီဖြစ်ကြောင်း တွေ့လိုက်ရတော့သည်။ လင်ချန်း တစ်ယောက်မှာမူ လူတစ် ယောက်နှင့် အပြင်းအထန်တိုက်ခိုက်လျက် ရှိနေသည်။ လင်ချန်း က ထိုလူအား လက်ဝါးစောင်းဖြင့် ခုတ်ထည့်လိုက်သည်။ ထိုလူက လင်ချန်း၏ လက်ဝါးစောင်းကို လျင်မြန်စွာ ပြန်ကာ လိုက်သောအခါတွင်မူ လင်ချန်းခမျာ အင့်ခနဲ မြည်သွားပြီး



နောက်သို့ ယိုင်းဆင်းလာသည်။ လင်ချန်းသည်လည်း အခြေအနေ ဆိုးလျက်ရှိနေပြီ။

ရန်ရောင်သည် အသက်ကို မြည့်ဝစွာရှူလိုက်ပြီး လင်ချန်း ဘက်မှ ကူညီတိုက်ခိုက်ရန် ခုန်ဝင်သွားတော့သည်။ မိမိကူညီ တိုက်ခိုက်ခြင်းအားဖြင့် လင်ချန်းအတွက်များစွာ အကူအညီ ရသွားပေမည်။ သို့သော် ရန်ရောင်၏ နောက်ဘက် ကျောရိုးမှ နူးရှ အေးစက်သော အအေးလှိုင်းတစ်ခုသည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့ ဝင်ရောက်လျက် ရှိနေချေပြီ။

ထိုခံစားမှုကို သိရပြီးနောက် ရန်ရောင်သည်လည်း မိမိသည် လည်း အခြေအနေ မဟန်တော့ပြီဖြစ်ကြောင်း သိရှိလိုက်လေ ပြီ။ ရန်သူသည် သိုင်းပညာတော်ရုံမျှမကသေး၊ လွန်စွာ ကောက် ကျစ်သူတစ်ယောက်ဖြစ်သည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့ သို့ထင်ရှား လှချေသည်။ အဘယ်ကြောင့် ဆိုသော် ရန်သူသည် မိမိတို့နှင့် မျက်နှာချင်းဆိုင် ထင်သာမြင်သာ တိုက်ခိုက်သူ မဟုတ်။

မိမိသည် ဝေရီတို့နှင့် တိုက်ခိုက်ပြီးနောက် အမှားအယွင်း မရှိအောင် သတိကြီးစွာ ထားလျက် ကိုယ့်အား ကိုယ်မြဲန်ရုဇ သိမ်းနေကြစဉ် ရန်သူလူယုတ်မာသည် ရုတ်တရက် ခိုးကြောင် ခိုးဝှက် ဝင်တိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် သူ၏ တိုက်ခိုက် ချက်ကို ခံရပြီး ဝေရီ ကောက်ကျစ်စွာ တိုက်ခိုက်သည်ဟု ထင်ခဲ့မိသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရန်ရောင်သည် မိမိ၏ အတွင်းအားကို လှည့်ပတ်ကာ ကိုယ်အတွင်းသို့ ပျံ့နှံ့ဝင်ရောက်နေသည့် အအေးဓာတ်ကို ခုခံတိုက်ဖျက်နေရတော့သည်။

ထိုအချိန်တွင်ပင် လင်ချန်းက ထိုလူနှင့် သိုင်းကွက်နှစ်ဆယ်ကျော်မျှ တိုက်ခိုက်ခဲ့ပြီးလေပြီ။ ရန်ရောင် စိတ်အလွန်ပူနေပြီ။ မိမိသည် လင်ချန်းအတွက် ဝင်ရောက် ကူညီလိုသော်လည်း အကူအညီ မပေးနိုင်တော့။ မိမိကိုယ်တိုင် ဒုက္ခရောက်နေရပြီ မဟုတ်ပါလော။

ထိုစဉ် လင်ချန်းသည်လည်း ရန်သူ၏ လက်ညှိုးတစ်ချက်အထိုးခံလိုက်ရတော့သည်။ လင်ချန်းသည်လည်း သူ့လူများ၏ လမ်းစဉ်အတိုင်းလိုက်ရပြီ။ ယိမ်းထိုးလဲကျသွားတော့၏။

ရန်ရောင်မှာမူ တစ်ကိုယ်လုံး မလှုပ်နိုင်သဖြင့် မည်သို့မျှ မတတ်နိုင်တော့။ မြင်နေလျက်က မကူညီနိုင်တော့သည့် ဘဝသို့ ရောက်နေရပြီ။

အိတ်အတွင်း၌ ရှိနေသော ဟူကျင်းမှာမူ တစ်ချိန်လုံး အိတ်ထဲတွင် ရှိနေရာ အပြင်ဘက်တွင် ဖြစ်ပျက်နေသည့် အကြောင်းခြင်းရာများကို မြင်တွေ့နိုင်ခြင်း မရှိသော်လည်း အပြောအဆိုများကို ကြားနေရသဖြင့် ခန့်မှန်း၍တော့ သိနေရပေသည်။

နောက်ဆုံး လင်ချန်းနှင့် ရန်ရောင်တို့ လဲကျသွားသည့်အသံကိုလည်း ကြားလိုက်ရသည်။ အတန်ကြာ ငြိမ်သက်နေပြီးသည့်



နောက်ဝယ် အတွင်းဘက်အခန်းမှ ပြေးလာသော ခြေသံတစ်သံကို ရုတ်တရက် ကြားလိုက်ရပေသည်။

“ဖေဖေ ဘယ်မှာလဲဟင်၊ ဘယ်မှာလဲ”

ရန်ဝေနဲ့ တူတယ်၊ ဟူကျင်းက စိတ်ထဲတွင် ခန့်မှန်းလိုက်၏။ ထိုစဉ် ပင်ပန်းမောဟိုက်လွန်းသော အသံဖြင့် ရန်ရောင်က ပြောလိုက်သည်။

“သွားစမ်း၊ မြန်မြန်သွားစမ်း၊ ဒီကို မလာခဲ့နဲ့ သွားဆို မြန်မြန်သွားစမ်း”

အခန်းထဲသို့ ပြေးဝင်လာသော ရန်ဝေသည် သူ့ကို နှင်လွှတ်နေသော သူ့ဖခင်၏စကားများကို ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားရသည်။ သို့ရာတွင် လျှပ်တစ်ပြက်ပင် အတွင်းခန်းထဲမှ အခြေအနေအားလုံးကို သုံးသပ်မိသွားသည်။

“ဟင်–ဖေဖေ။ ဖေဖေ၊ ဒဏ်ရာရနေတယ် ဟုတ်လား၊ ဘယ်သူ လုပ်တာလဲ၊ ဘယ်သူ့လက်ချက်လဲ”

သူမသည် အနောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ မီးခိုးရောင်ဝတ်စုံနှင့်လူတစ်ယောက်ကို တွေ့လိုက်ရသည်။ အခန်းထဲတွင် မတ်တတ်ရပ်နေနိုင်သူဆို၍ ထိုလူတစ်ယောက်သာ ရှိနေတော့သည်။ ထို့ကြောင့် ရန်ဝေသည် တရားခံကို အဝေး၌ ပြေးရှာစရာ မလိုတော့။ မပြောသော် ကန်ရာရှိသည့် စကားအတိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူ့အဖေကို ဒဏ်ရာရအောင် လုပ်သူသည် သည်လူစိမ်းဖြစ်ဖို့ လမ်းအများ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြစ်ကြောင်း ရန်ဝေသိလိုက်သည်။ ဒေါသနှင့် အော်ဟစ်ပြောဆိုလိုက်သည်။

"ရှင်က ဘာဖြစ်လို့ ကျွန်မအဖေကို ဒုက္ခရာရအောင် လုပ်ရတာလဲ"

ထိုလူသည် ရန်ဝေ၏စကားကိုမဖြေ၊ ရန်ဝေအား ငေးအားစက်စွာ စိုက်ကြည့်လိုက်ပြီး ရယ်မောလိုက်သည်။ ရန်ရောင်က အရေးတကြီးလေသံဖြင့် –

"ရန်ဝေ၊ သူ့အဖေကို ပွေ့ထူလိုက်သည်။ သူ့အဖေ ဒုက္ခရာရနေခြင်းအတွက် ရန်ဝေ ကြေကွဲ ဝမ်းနည်းနေမိသည်။ ဒုက္ခရာရအောင်လုပ်သူ လူစိမ်းကိုလည်း ဒေါသအလွန် ထွက်နေမိသည်။ ထိုလူစိမ်းက အေးစက်သောလေသံနှင့် ပြောလိုက်သည်။

"ကလေးမ ထွက်သွားစမ်း၊ မြန်မြန်ထွက်သွားစမ်း"

ထိုလူစိမ်းက မည်သို့ပင် ပြောပြော ရန်ဝေကမှုလုံးဝဂရုမစိုက်ချေ။ ရန်ဝေသည် သူ၏ဖခင် ရန်ရောင်ကို ပွေ့ထူလိုက်ပြီး –

"ဖေဖေ ဒုက္ခရာတော်တော်ပြင်းထန်နေတယ် မဟုတ်လားဟင်၊ ဒီမှာဆိုရင် ဘယ်လိုမှ အနားယူလို့ ရမှာ မဟုတ်ဘူး၊ အပြင်ဘက်ကို သွားကြမယ်နော် ဖေဖေ"

ရန်ရောင် အလွန်စိတ်ပျက်နေမိသည်။ သူ့သမီး ရန်ဝေသည် ငယ်ရွယ်လှသူ မိန်းကလေးဖြစ်သဖြင့် အခြေအနေမှန်ကို



သုံးသပ်နိုင်စွမ်းမရှိကြောင်း ရန်ရောင်သိသည်။ ဤအခန်းတွင်း၌ သေခြင်း၏ အရိပ်အငွေ့များ ဖုံးလွှမ်းနေကြောင်း ရန်ဝေ မသိရှာပေ။ ထို့ကြောင့် ရန်ရောင်သည် ဝေဒနာခံစားနေရသည့်ကြားမှ တင်းတင်းမာမာ ရန်ဝေအား ပြောလိုက်ပြန်သည်။

"သမီး ဖေဖေ့စကား နားထောင်စမ်း၊ အပြင်ကို မြန်မြန်သွားလို့ ပြောနေတယ်မဟုတ်လား၊ သွားစမ်း မြန်မြန်"

သူ့ဖခင်၏ ထူးထူးခြားခြား တင်းမာသောစကားကြောင့် ရန်ဝေသည် လူစိမ်းဘက်သို့ လှည့်လိုက်သည်။

"ဘုန်းကြီး၊ ရှင်က ဘာဖြစ်လို့ ကျွန်မအဖေကို ဒုက္ခရာရအောင်လုပ်ရတာလဲ၊ ရှင်တော်တော် ရက်စက်ပါလား"

ထိုလူသည် လှိုက်လှဲမှုလုံးဝမပါသောမရယ်ချင့်ရယ်ချင့်အသံကြီးဖြင့် ရယ်မောလိုက်တော့သည်။

"ဩော်–မင်းက တယ်လဲ မျက်စိရှင်လိုက်ပါကလား၊ ငါ့ကို တော်ရုံတန်ရုံ ဘုန်းကြီးမှန်း မသိကြပါဘူး၊ မင်းက တော်တော်ကလေး မျက်စိရှင်တော့သိလိုက်တာပေါ့လေ၊ ဟုတ်လား၊ ဒီတော့ မင်းကို အသက်ရှင်လျက်ထားခဲ့လို့မဖြစ်တော့ဘူး၊ ကဲ–"

ပြောပြောဆိုဆိုနှင့်ပင် သူသည် ရန်ဝေကို လက်ညှိုးဖြင့် ထိုးလိုက်တော့သည်။

ရန်ရောင် သိလိုက်သည်။ ရန်ဝေကသာ ဤလက်ညှိုးဖြင့် အထိုးခံလိုက်ရပါက သူ့သမီး ပွဲချင်းပြီး သေဆုံးမည်ကို

www.burmeseclassic.com

www.burmeseclassic.com



တပ်အပ်သေချာစွာ သိလိုက်သည်။ ထို့ကြောင့် သူ့သမီး ရန်ဝေကို အခန်းအပြင်သို့ ရောက်သွားအောင် ရုတ်တရက် ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်တော့သည်။

ရန်ရောင်အနေဖြင့် အမြန်ဆုံးရန်ဝေ့ကို ကယ်ဆယ်လိုက်ခြင်းဖြစ်သော်လည်း ထိုသူ၏ လက်ညှိုးကမူ ရန်ဝေ့အား ထိုးဖြစ်မိအောင် ထိုးမိလိုက်သေးသည်။ သို့သော် အရေးကြီးသော သေတွင်းကို မထိုးမိသဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ရသည်။ ရန်ဝေ အခန်းအပြင်ဘက်သို့ဒဏ်ရာရလျက် ရောက်ရှိသွားခြင်းဖြစ်သော်လည်း လုံးဝစိတ်ချ၍ရနိုင်သေးသည် မဟုတ်သဖြင့်ရန်ရောင်သည် အံကြိတ် အားတင်းလျက် ရန်ဝေထွက်သွားရာ တံခါးကို ခုန်၍ ပိတ်ထားလိုက်ရသည်။

ထိုလူစိမ်းသည် မခိုးမခန့်အပြုံးနှင့် ပြောလိုက်သည်။

'ဟင်း ဟင်း ဟင်း၊ ဒီကောင်မလေး ငါ့ရဲ့ ရေခဲလက်ညှိုးဒဏ်ကို ကောင်းကောင်းခံသွားရပြီ၊ ဒီဒဏ်ရာနဲ့ သေရမှာမုချပဲ၊ သူ နောက်ထပ်သုံးရက်လောက်ပဲ အသက်ရှင်နိုင်တော့မှာ၊ရန်ရောင် မင်းကဘယ်ဆိုးလို့လဲ၊ ငါ့ရဲ့ ရေခဲလက်ညှိုးဒဏ်ကို ဒီလောက်ခံထားရလျက်နဲ့ မတ်တတ် ရပ်နေနိုင်သေးသကိုး"

ရန်ရောင်က –

"ခင်ဗျားဟာ ရှောင်လင်ကျောင်းရဲ့ ဘုန်းတော်ကြီးကိုး၊ ဘွဲ့နာမည်က – "

"ငါ့ဘွဲ့နာမည်က ရွှင်ကျင်းပဲ"



ထို အပြင်မှ ပြောနေသောစကားကို အိတ်အတွင်း၌ ရှိနေသော ဟူကျင်းက အသေအချာ နားထောင်နေရာမှ "ရွှင်ကျင်း" ဟူသည့် အမည်ကို ကြားလိုက်ရသောအခါတွင်မူ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားမိတော့သည်။ ထို့ကြောင့် သူ၏ စိတ်ထဲတွင် –

"ဒီဘုန်းကြီးဟာ ငါ့ကို ရှောင်လင်နေစဉ်ကသိုင်းကျင့်စဉ် သင်ပေးတဲ့ ဘုန်းကြီးပဲ၊ သူက ငါ့ကိုယ်ထဲမှာ အအေးဓာတ်အဆိပ်တွေမိနေတယ်ဆိုတာ သိလျက်သားနဲ့ ငါ့ရဲ့အပြင်က အကြောရှစ်ခုစလုံးကို ဖွင့်ပေးခဲ့တာလဲ ဒီဘုန်းကြီးပဲ၊ တော်တော်ကောက်ကျစ်ဆိုးရွားတဲ့ ဘုန်းကြီး၊ ဒီအကြောရှစ်ခုကို ဖွင့်လိုက်မှတော့ ငါ့ကိုယ်ထဲက အအေးဓာတ်အဆိပ် သင့်နေအောင်လုပ်တဲ့ ဘုန်းကြီး၊ ဒီဘုန်းကြီးဟာသိုင်းပညာကလဲ အလွန်တော်၊ ဆိုးရွားကောက်ကျစ်တဲ့ နေရာမှာလဲ ပြိုင်စံရှားဆိုတော့ အင်း – ဒီတစ်ခါတော့ အလင်းမာန်ဂိုဏ်း လုံးဝပြုကွဲရတော့မှာပါကလား"

ထိုစဉ် ရန်ရောင်က ပြောလိုက်သည်။

"ဒီကွမ်းမိန်တောင်ပေါ်ကို အလင်းဂိုဏ်းကြီး ခြောက်ဂိုဏ်း တက်လာကြပြီး၊ အလင်းမာန်ဂိုဏ်းနဲ့တရားမျှမျှတတ ပညာရှင် ပီပီသသ သိုင်းပညာ တိုက်ခိုက်ရအောင် လာကြတယ်လို့ ငါထင်တယ်၊ ဒီလို ခိုးကြောင်ခိုးဝှက်တိုက်မယ့်လူများပါလာလိမ့်မယ်လို့လဲ မမျှော်လင့်ခဲ့ဘူး၊ အခု မင်းတို့ ရှောင်လင်ဂိုဏ်းက–

ရန်ရောင်သည် သူ၏စကားကို ဆုံးအောင် မပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ ပျော့ခွေ လဲကျသွားတော့သည်။ အမှန်စင်စစ် ရန်ရောင်သည် သူ၏စိတ်ဓာတ်ကို အလွန်တင်းထားသဖြင့်သာ ဤမျှ ပြောနိုင်ခဲ့ခြင်းဖြစ်သည်။ သာမန်လူတစ်ယောက်အဖို့ ဤမျှ များပြားသော စကားလုံးများကို ပြောနိုင်တော့မည် မဟုတ်ချေ။

ရန်ရောင်၏ အဖြစ်ကိုကြည့်ပြီး ရှင်ကျင်းဘုန်းကြီးသည် တဟားဟားရယ်မောလျက်ရန်ရောင့်ကို မခိုးမခန့်ပြောပြနေတော့သည်။

"ဒီတစ်ခါတော့ မင်းတို့ အလင်းမာန်ဂိုဏ်းဟာ ငါတို့ရှောင်လင်ဂိုဏ်းရဲ့လက်ချက်နဲ့ လုံးဝပြိုကွဲသွားရတော့မယ်ကွ၊ သိုင်းလောကမှာ အလင်းမာန်ဂိုဏ်းဆိုတာ လုံးဝရှိမနေအောင် ငါတို့က ဖျက်ဆီးပြလိုက်မယ်၊ ဟင်း ဟင်း ဟင်း၊ တယ်လဲ တရားကျစရာ ကောင်းပါကလား၊ မင်းတို့ဂိုဏ်းမှာ လူတော်တွေ အများကြီး စုနေကြတာပဲ၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် သွေးစည်းညီညွတ်မှုဆိုတာ မရှိတော့ အင်း- နောက်ဆုံးတော့ ဒီလိုပဲ ပြိုကွဲပျက်စီးရတော့မှာပဲ၊ သိပ်တော့လဲ မဆန်းလှပါဘူးလေ၊ တစ်ယောက်နဲ့တစ်ယောက် ရန်ညိုးဖွဲ့ပြီး ကိုယ့်သေတွင်း ကိုယ်တူးနေကြတော့ ငါတို့က ဖြိုဖျက်ရတာ ဗိုလွယ်သွားတာပေါ့"

ဘုန်းကြီး ရှင်ကျင်း၏ စကားများသည် သေမင်းခံတွင်းဝသို့ ရောက်ရှိနေကြပြီဖြစ်သည့် ရန်ရောင်နှင့်ချူထင်းတို့၏



နားတွင်းသို့ ဝင်သွားတော့သည်။

မှန်လိုက်လေခြင်း။ မိမိတို့သည် ဤအနှစ်,နှစ်ဆယ်မျှသော အချိန်ကာလအတွင်း မည်သည့် လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ခဲ့ကြပါသနည်း။ မိမိတို့ လုပ်ကိုင်ခဲ့ကြသည့် အလုပ်သည် တစ်ခုတည်းသာရှိခဲ့သည်။ ထိုတစ်ခုတည်းမှာ အခြားမဟုတ်။ မိမိတို့အချင်းချင်း ရန်ညိုးဖွဲ့သွေးကွဲသတ်ဖြတ်နေကြခြင်းသာတည်း။

နောင်တဆိုသည်မှာ နောင်မှ ရတတ်သည့် အသိတရားပေတကား၊ ယခုမူ မိမိတို့အားလုံး သေလူဖြစ်နေကြတော့မှ မိမိတို့၏ အမှားများကို ပြန်မြင်မိကြတော့သည်။ ဘုန်းကြီးရှင်ကျင်း၏ စကားများသည် ခြွင်းချက်မရှိမှန်ကန်လှကြောင်း တစ်ညီတစ်ညွတ်တည်း အသိအမှတ်ပြုမိကြသည်။ ထို့ကြောင့် ချူထင်းသည် အော်ဟစ်၍ -

"ရန်ရောင်-ငါသေဖို့ပဲ ကောင်းတော့တာပဲ၊ ဘာမှ ဦးနောက်မရှိတဲ့ ငါ၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းသာ တို့ဂိုဏ်းချုပ်လုပ်ခဲ့ရင် ခုလို တစ်ကွဲတစ်ပြား ဖြစ်နေတာထက်တော့ ပိုကောင်းမှာပဲ"

သူတို့သည် အမှန်တရားများကိုလည်း သိမြင်လိုက်ကြပြီး သေလုနီးပါးလည်းဖြစ်နေကြပြီဖြစ်သည့်အလျောက် ကိုယ့်အမှား ကိုယ်ဝန်ခံကြလျက် ယူကျုံးမရ နောင်တရလျက် ရှိနေကြပေပြီ။ ရန်ရောင်ကမူ သဘောထားကြီးသူ ဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အလျောက် မချိုပြုံးကလေး ပြုံးလျက်ပြောလိုက်သည်။

"ငါ ဂိုဏ်းချုပ်လုပ်လို့ ဘယ်ဖြစ်မလဲချူထင်းရာ၊ ငါ့မှာ ဂိုဏ်းချုပ်အရည်အချင်းမှ မရှိတာ၊ ငါ့ကိုယ်ငါ သိပါတယ်၊ ငါတို့ အားလုံးမှားကြတဲ့ကိစ္စပဲ၊ အေး-တို့မှားခဲ့လို့ ဒီလိုဂိုဏ်းကြီး ပျက်စီးရတာဆိုတော့ တို့ရဲ့ ဂိုဏ်းချုပ်ကြီးကသေရွာကတောင် တို့အပေါ် ခွင့်လွှတ်တော့မှာ မဟုတ်ပါဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ရှင်ကျင်းသည် တဟားဟားရယ်မောလျက်

"ဒီခွေးကောင်-ရန်ဖောထင်း သေတာ နည်းနည်းစောသွားတယ်၊ ဟား-ဟား-ဟား- နို့မို့ရင် သူ့အလင်းမာန်ဂိုဏ်းကြီး ဘယ်နည်းဘယ်ပုံ ပျက်စီးပြီး ဘယ်လိုပြာပုံဖြစ်သွားရတယ်ဆိုတာ သူမြင်သွားနိုင်သေးတယ်၊ ဘယ်လောက်များ ရင်ကွဲသွားမလဲ မသိဘူး၊ ဟား-ဟား-ဟား"

ထိုစဉ် ချူထင်းက အော်လိုက်သည်။

"မင်းတို့ဂိုဏ်းချုပ်ကြီးကို သိက္ခာချမနေစမ်းနဲ့၊ တို့ဂိုဏ်းချုပ်ကြီးသာ ရှိနေရင် မင်းတို့ ရောင်လင်ဂိုဏ်းဟာ ဒီတောင်ထိပ် မပြောနဲ့၊ တောင်ခြေနားတောင် ကပ်ရဲမှာ မဟုတ်ဘူး"

ထိုအခါ ရှင်ကျင်းက ခနဲ့ပြုံးပြုံး၍ ဆက်ပြောလိုက်သည်။

"ရန်ဖော့ထင်း သေသည်ဖြစ်စေ၊ မသေသည်ဖြစ်စေ၊ ဒီကောင် တစ်သက်လုံး နာမည်ပျက်သွားအောင်"



ရုတ်တရက် "ဘန်း" ခနဲ အသံတစ်ချက် ကြားလိုက်ရပြီးသည့်နောက်ဝယ် ရှင်ကျင်းထံမှ "အား" ခနဲ အော်သံတစ်ချက် ထွက်လာသည်။

အဖြစ်မှာ ရှင်ကျင်း၏ နောက်ဘက်၌ ဒဏ်ရာဖြင့် လဲနေသော ဝေရိက နောက်ကျောကို လက်ဝါးစောင်းဖြင့်ရိုက်လိုက်ခြင်းကြောင့် ဖြစ်ပေသည်။ ဝေရိသည်လည်း ရှင်ကျင်း၏ ရေခဲလက်ညှိုးဒဏ် နောက်တစ်ချက် အထိုးခံလိုက်ရပြန်သည်။ နှစ်ယောက်စလုံး နောက်သို့ ယိမ်းယိုင် ဆုတ်ခွာသွားကြရသည်။

အမှန်စင်စစ် ဝေရိသည် အလွန်ဉာဏ်များသူ တစ်ယောက်ဖြစ်သည်။ ရှင်ကျင်း၏ နီးကြောင်နိုးဝှက် အတိုက်ခံရမှုကြောင့် ဒဏ်ရာရသွားသည့် မှန်သော်လည်း လုံးဝ မလှုပ်နိုင် မရှားနိုင်သည်အထိ ဒဏ်ရာရခဲ့ခြင်း မဟုတ်။ ရန်သူ၏ သိုင်းပညာ အလွန်မြင့်မားနေကြောင်း သိရှိထားသဖြင့် ပြန်မထနိုင်တော့သည့်ပမာ လဲလျောင်းနေလိုက်ခြင်းဖြစ်သည်။ လဲလျောင်းနေရာမှ ရှင်ကျင်းအား အလစ်တိုက်ခိုက်နိုင်မည့် အချိန်ကိုစောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်ပေသည်။

ထိုးမည့်ဆင် နောက်ဆုတ်တစ်လှမ်းဆုတ်သည့် ပမာတည်း။ ရှင်ကျင်း စကားများများပြောနေချိန်တွင် အခွင့်အရေးကိုချောင်းနေသော ဝေရိက သူ့၌ကျန်ရှိနေသေးသည့် အင်အား အကုန်ညစ်ထုတ်လိုက်ပြီး ရှင်ကျင်း၏ နောက်ကျောကိုတစ်ချက်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်လိုက်ခြင်းဖြစ်ပေသည်။ ရှင်ကျင်းသည် သိုင်းပညာလောက၌ အလွန်တော်သူဖြစ်သော်လည်း ရုတ်တရက် အလွန်ပြင်းထန်လှသည့် လက်သီးဖြစ်သည့် ဝေရှီ၏ ရေခဲလက်ဝါးဓာင်းကိုမူ မခံနိုင်တော့ဘဲ ယိုင်လဲကျသွားရတော့သည်။

သူသည် ချက်ချင်းပင် တင်ပျဉ်ခွေထိုင်လျက် သူ၏ အတွင်းအားကိုထုတ်ကာ ဝေရှီရိုက်သွင်းလိုက်သည့် အအေးဓာတ်ကို တိုက်ထုတ်နေရတော့သည်။ ထိုအခါ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်နေတော့သည်။ အဘယ်ကြောင့်ဆိုသော် ဤအခန်းအတွင်းရှိ သိုင်းသမားရှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီရလျက် ရှိနေကြပြီ မဟုတ်ပါလား။

ရှစ်ယောက်စလုံး မည်သူမျှ မလှုပ်ရှားနိုင်ဘဲ မိမိတို့၏ အတွင်းအားများကို ထုတ်လျက် ဒဏ်ရာများကို ကုစားနေကြရသည်။

ရန်ဝေမှာမူ အခန်းအပြင်ဘက်၌ လဲကျလျက် ရှိနေပေသည်။ သူသည် အခန်းအတွင်းရှိ သိုင်းသမားအားလုံးထက် အတွင်းအားလည်းနည်း၊ သိုင်းပညာလည်း နိမ့်ကျသဖြင့် ရေခဲလက်သီး၏ ဒဏ်ကို အားလုံးထက် အခံရဆုံးသူဖြစ်နေပေသည်။ သူ၏ ဒဏ်ရာသည် အပြင်းထန်ဆုံးဖြစ်နေပေသည်။ ကျန်သိုင်းသမား ရှစ်ယောက်စလုံးသည် မိမိတို့၏ သိုင်းအားအမြန်ပြည့်ဝလာရန် ကြိုးစားနေကြပေသည်။ အရင်ဦးဆုံး သိုင်းအားပြည့်ဝလျက် အရင်ဦးဆုံး လှုပ်ရှားနိုင်သောသူသည် အသက်



ချမ်းသာရာရသူ ဖြစ်ပေလိမ့်မည်။

အကယ်၍ ရှင်ကျင်းသာ အရင်ဦးဆုံး လှုပ်ရှားနိုင်ခဲ့လျှင် ကျန်အလင်းမာန်ဂိုဏ်းသားအားလုံး အသက်ဆုံးရှုံးကြရပေတော့မည်။ သူတို့အားလုံးသည် ထိပ်သီးသိုင်းသမားများဖြစ်ကြသည့် အလျောက် အတွင်းအား အကောင်းဆုံးဖြစ်သည့်ရှင်ကျင်းသည်သာ မိမိတို့ထက်စောပြီး လှုပ်ရှားနိုင်မည်ကို သိလိုက်ကြရသည်။

ဟူကျင်းအနေဖြင့်မူ ဘာကိုမျှ မမြင်၊ ဘာကိုမျှ မကြားဖြစ်နေရသည်။ သူ့အနေဖြင့် အိတ်ထဲတွင် နေနေရသူ မဟုတ်ပါလား။ သို့သော် တစ်ခန်းလုံး ငြိမ်သက်နေသွားကိုမူ ဟူကျင်းခံစားသိရှိလိုက်မိသည်။ မုန်တိုင်းမတိုက်မီ ငြိမ်သက်နေခြင်းမျိုးပေတည်း။ အခြေအနေသည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းနေသော အခြေအနေဖြစ်နေသည်။

ထိုစဉ် စောပုတက်သည် စကားပြောလိုက်၏။

"အိတ်ထဲက မိတ်ဆွေလေး၊ ဒီတစ်ခါတော့ မင်းငါတို့ကို ကယ်ရတော့မယ့်အချိန် ဖြစ်လာပြီ၊အခြေအနေအားလုံး မင်း ခန့်မှန်းမိတယ် မဟုတ်လား"

ထိုအခါ ဟူကျင်းက -

"ကျွန်တော်က ဘယ်လိုကယ်ရမှာလဲ၊ နည်းလမ်းရှိရင်ပြောပါ၊ ကျွန်တော် ကယ်ပါ့မယ်"

ထိုအချိန်တွင် ရှင်ကျင်းသည် သူ၏အတွင်းအားကို တဖြည်းဖြည်း ပြန်လည်စုမိလာနိုင်သည်ကို တွေ့လိုက်ကြရသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရှင်ကျင်းသည် သူ့အခြေအနေကို သူ အလွန်အားရဝမ်းသာဖြစ်နေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အခန်းတွင်းဝယ် မျှော်လင့်မထားသည့် အိတ်အတွင်းမှ တစ်စုံတစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရသောအခါ ရုတ်တရက်ဖြစ်သဖြင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။ သူ၏အတွင်းအားလှိုင်းများလည်း ပြန်လည်ရှုပ်ထွေးသွားကာ စုစည်းထားသည့် အတွင်းအားများ ပြိုကွဲသွားပြန်တော့သည်။

အအေးဓာတ်များသည် ရှင်ကျင်း၏ တစ်ကိုယ်လုံး၌ ပြန်လည်ကြီးစိုးလာသဖြင့် တဆတ်ဆတ် တုန်ယင်နေတော့သည်။

"အိတ်ထဲက မိတ်ဆွေလေး၊ အိတ်ထဲကအတိုင်းပဲ ထရပ်လိုက်ပေတော့၊ အိတ်ကို ချည်ထားတဲ့ကြိုးကို ဖြေပေးဖို့ကတော့ မလွယ်တော့ဘူး၊ ဒီကြိုးကို ငါကလွဲလို့ ဘယ်သူကမှ မဖြေတတ်ဘူး၊ ငါကလဲ အခုအချိန်မှာ ဘယ်လိုမှ ဖြေမပေးနိုင်တော့ဘူး"

စောပုတက်က အိတ်ထဲက ဟူကျင်းအား လှမ်းပြောလိုက်ရာ ဟူကျင်းသည် သူ့စကားအတိုင်း မတ်တတ် ရပ်လိုက်သည်။

စောပုတက်က ဆက်ပြောသည်။

"ဟုတ်ပြီ-ဟုတ်ပြီ၊ အခုအတိုင်းပဲ အိတ်ထဲကနေ ဘုန်းကြီးနားအထိ ရောက်အောင် လျှောက်သွားလိုက်၊ ဘုန်းကြီးနားရောက်ရင် လက်သီးနဲ့ တစ်ချက်တည်းနဲ့ ထိုးသတ်လိုက်၊ ဒါမှ မင်း ငါ့ကို ကယ်တင်ရာ ရောက်မှာပဲ"



ဟူကျင်း တွေဝေသွားသည်။ လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ပြီးသည်အထိတော့ မဆောင်ရွက်လို၊ ထို့ကြောင့် စောပုတက်၏စကားအတိုင်း ဆောင်ရွက်ရန် တုံ့ဆိုင်းနေခြင်းဖြစ်သည်။

စောပုတက်က ဟူကျင်း ဘာတွေးနေသည်ကို သိလိုက်သဖြင့် -

"မိတ်ဆွေလေး-ဒီဘုန်းကြီး ဘယ်လောက် ရက်စက်ဆိုးဝါးတယ်ဆိုတာ မင်းအသိ မင်းအကြားပဲ မဟုတ်လား၊ ဒီလို လူမျိုးမှ သတ်သင့် မသတ်သင့် မင်းပဲ သေသေချာချာ စဉ်းစားကြည့်ပါဦး၊ ဒီဘုန်းကြီးဟာ လူတွေကို ကောင်းကျိုးပေးဖို့ထက် ဆိုးကျိုးပေးဖို့ ဒီလောကထဲ ရောက်လာတဲ့ ဘုန်းကြီးပါ၊ အခု လောလောဆယ်တော့ သူ့အမြန်ဆုံးပြန်ကောင်းလာရင် အားလုံးကို သတ်တော့မှာပါ၊ မင်းသူ့ကို သတ်လို့ ငရဲမကျနိုင်ပါဘူး၊ ကုသိုလ်တောင် ရဦးမှာပါ"

ဟူကျင်းက ပြန်ဖြေလိုက်သည်။

"ကျွန်တော်က ခင်ဗျားတို့ကိုလဲ ကူညီချင်ပါတယ်၊ ဒါပေမယ့် ဒီဘုန်းကြီးကို သတ်ပစ်တဲ့အလုပ်ကို လုပ်ပြီးမှ ကူညီရတာမျိုးတော့ မလုပ်ပါရစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဟိုစန့်က ဝင်ပြောသည်။

"ညီလေး–ခုထက်ထိ မင်း သဘောမပေါက်သေးဘူးလား ဟင်၊ အခု ညီလေးလုပ်ရမယ့် အလုပ်က သတ်မလား၊ သေမလားဆိုတဲ့ အလုပ်တစ်ခုခုကို လုပ်ရမှာ၊ သူ့ကို ခုအချိန်မှာ သတ်ရင်သတ်၊ မသတ်ရင် သူက ငါတို့ကို သတ်တဲ့အပြင် မင်းကိုပါ သတ်ပစ်မှာအသေအချာပဲ"

ရှင်ကျောင်းက ကမန်းကတန်း ဝင်ရှင်းသည်။

"ငါက ဒီကောင်လေးနဲ့ ဘယ်လိုမှ ရန်ညိုးရှိတာ မဟုတ်ဘူး၊ ဘာဖြစ်လို့ ငါက သတ်ရမှာလဲ၊ မင်းတို့က ငါ့ကို ရှင်းချင်တာနဲ့ သက်သက် ရန်တိုက်မပေးပါနဲ့၊ မင်းတို့ ဒီကောင်လေးကို အိတ်ထဲထည့်ပိတ်ထားတာကိုကြည့်တာနဲ့ ဒီကောင်လေးဟာ မင်းတို့ဂိုဏ်းက မဟုတ်မှန်း အသိသာကြီးပဲ၊ မင်းတို့ ဖမ်းလာမှန်း သိတာပဲ၊ ငါက ဘာဖြစ်လို့ မင်းတို့ဖမ်းလာတဲ့ လူကို သတ်ရမှာလဲ"

အလင်းမာန်ဂိုဏ်းသားများနှင့် ရှင်ကျောင်းသည် အလွန်မောဟိုက် ပင်ပန်းစွာဖြင့် စကားပြောနေကြရသည်။

သူ၏ အတွင်းအားကို အမြန်ဆုံး ပြန်လည်စုစည်းနိုင်ရန် ကြိုးစားနေသည့်ကာလ အတွင်းဝယ် ဟူကျင်း တစ်ဘက်ဘက်ပါလာအောင် သွေးဆောင်ပြောကြားရခြင်းသည် အမှန်ပင် အားအင်ကုန်ခန်းသော လုပ်ရပ်တစ်ခုပင် ဖြစ်သည်။

ဤသို့ မဆွဲဆောင်နိုင်၍ ဟူကျင်း တစ်ခုခု လုပ်လိုက်

သည်နှင့် ရှင်ကျောင်းအ
အလွန်အကြံရခ
ဘုန်း
မှန်း ဟူကျင်း သ
ထိတော့ သူမ
အကယ်၍ ဤဘုန်း
မိသည့် အလင်းမာန်ဂိုဏ်းဘက်မှ
တော့မည်။ ဤကဲ့သို့ ရပ်တည်ရမည့်
မှု အကြံရခက်နေခြင်းဖြစ်သည်။ အဘယ့်ကြော
မိ၏ဆရာ ဘိုးဘိုးက ဤကဲ့သို့သော ဂိုဏ်းမျိုး
ခါမျှ မဝင်ရန် အတန်တန် ဆုံးမစကား ပြော
ကြောင့်ပေတည်း။

BURMESE CLASSIC

တရုတ်သူများ၏ မေဝ
တက္ကသိုလ်

www.burmeseclassic.com